ဓါ[illegible]ပါဠိတို့

အသင်ဝိ[illegible]ရှိ ရေးကြိုးစေ

ကြံ့ခိုင်သော-[illegible] စော် ဓမ္မမိရှင်

မှန်တို့ [illegible]ပြီးသော စာဖြစ်သော

# [illegible]

# အလင်းပြကျမ်း

ဝိဇ္ဇာသိမ်း[illegible]ပြုစုသည်

ဦးသီလဝံသ (ပါဠိပါရဂူ)

စီ[illegible]ဆည်

၇၉၀၂

မိမိတို့ ပြုသော အမှု (ကံ) သာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏’ ဟု
ယုံကြည်ကြစေရန် (ဝါ) ကမ္မဿကတာဝါဒီ ဖြစ်ကြစေရန်
ရည်ရွယ်၍ ရေးသား ထုတ်ဝေလိုက်သော

# ကမ္မဿကတာဉာဏ်
## အလင်းပြကျမ်း

‘ပိဋကလမ်းညွှန်’ ကျမ်းပြုအသျှင်
ဦးသီဟမလ (ပါဠိပါရဂူ)
စီစဉ်ရေးသားသည်

၂၅၁၅-ခု ၁၃၃၃-ခု ၁၉၇၁-ခု

No A. မင်္ဂလာ

ပဌမအကြိမ် ရိုက်နှိပ်ခြင်း
၁၉၇၁-ခု၊ မေလ
အုပ်ရေ ၁၀၀၀

ပုံနှိပ်သူ—ဦးကြီးခင်
မင်္ဂလာပုံနှိပ်တိုက် (၀၇၉၆)
၁၃၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ—ဒေါ်ကြည်ကြည်
၃၉၊ ၄၁၊ မပိုလမ်း၊ မြေနီကုန်း
ရန်ကုန်မြို့။

# ဤကျမ်းငယ်သည်

(က) ကမ္မဿကတာဉာဏ် အလင်းရောင် မရသေးသူများအား အလင်းရောင်ကို ပေးပါလိမ့်မည်။

(ခ) အလင်းရောင် မှုံဝါးဝါး ဖြစ်နေသူများအား ထိန်ထိန်လင်းလင်း ထွန်းတောက်စေပါလိမ့်မည်။

(ဂ) ထိန်ထိန် လင်းလင်း ထွန်းတောက်ပြီးသူများအား ၎င်း ကမ္မဿကတာ သမ္မာဒိဋ္ဌိကို အခြေခံ၍ ဈာနသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ အလင်းရောင်များကို ပေးပါလိမ့်မည်။

## ဆက်လက် - ထွက်ပေါ်လာမည့်

# ကျမ်းစာများ

၁ - ပိဋကလမ်းညွှန်ကျမ်းကြီး ( ပါဠိအတွက် ) ဒုတိယအကြိမ်။

၂ - ပိဋက လမ်းညွှန်ကျမ်း ( မြန်မာပြန်များ အတွက် )

၃ - ရဟန်းသံဃာ ကိုးကွယ်နည်း။

၄ - အရိယာစစ်တန်း။

၅ - ကောင်းမှုအကျိုးပြ စာတမ်း။

အထက်ပါ ကျမ်းစာများ ဆက်ကာ ဆက်ကာ ပေါ်ထွက် လာနိုင်အောင် စာပေကို ချစ်မြတ်နိုးကြသော ဓမ္မမိတ်ဆွေ အပေါင်းတို့က ဝိုင်းဝန်း ကူညီ အားပေးကြရန် လေးနက်စွာ တိုက်တွန်းလိုက်ပါကြောင်း။

'ပိဋကသိမ်းညွှန်' ကျမ်းပြု အသျှင် ဦးသီဟဗလ-အမှူးပြုသော
ဓမ္မဒါနအဖွဲ့ကြီးမှ

# လှူဒါန်းပြီးသော ကျမ်းစာများ

| | စဉ်ရေ | ကျမ်းစာအမည် | အုပ်ရေ | ကုန်ကျငွေပေါင်း |
|---|---|---|---|---|
| | ၁ | ပဋ္ဌာန်းပါဠိ ဇယားပုံ ကျမ်းငယ် | ၁၀၀၀ | ၁၅၇၄ |
| * | ၂ | ယမိုက်ပါဠိ ဇယားပုံကျမ်းငယ်နှင့် ဓာတုကထာ ဇယားပုံ ကျမ်းငယ် | ၁၀၀၁ | ၂၇၃၀ |
| | ၃ | ဗုဒ္ဓလမ်းစဉ် ကျမ်းငယ် | ၅၀၀ | ၄၅၀ |
| | ၄ | ဓမ္မာစရိယ ပါဠိကျမ်း | ၁၀၀၀ | ၁၇၀၀ |
| * | ၅ | ဘောင်လှိုင်ကျောင်း ဆရာတော်ကြီး ထေရုပ္ပတ္တိ | ၁၀၀၀ | ၂၈၅ |
| * | ၆ | ကျောင်းထိုင်ဘုန်းကြီး ကိုးကွယ်နည်း | ၁၀၀၀ | ၈၄၂ |
| * | ၇ | ပိဋကသိမ်းညွှန်ကျမ်းကြီး (ပထမတွဲ) | ၁၀၀၀ | ၈၁၁၅ |
| * | ၈ | ၎င်း (ဒုတိယတွဲ) | ၁၀၀၀ | ၉၅၀၀ |
| | | စုစုပေါင်းကုန်ကျငွေ | | ၂၅၁၉၆ |
| * | ၉ | ကမ္မဿကတာဉာဏ်အလင်းပြကျမ်း | ၁၀၀၀ | ၅၄၁၄ |

မှတ်ချက်။ ။ ဤခရေပွင့် အမှတ်ပြ ကျမ်းစာများကား ကိုယ်တိုင်ရေးသား စီရင်သော ကျမ်းစာများ ဖြစ်၍ ကျန် ကျမ်းစာများကား တဆင့် ကူးယူ ဖြန့်ချိသော ကျမ်းစာများ ဖြစ်သည်။

# ကျေးဇူးတင်လွှာ

## ဤ 'ကမ္မဿကတာဥာဏ် အလင်းပြကျမ်း' ပေါ်ထွက် လာနိုင်အောင် ကူညီကြသော ပုဂ္ဂိုလ်များ

(၁) မန္တလေးမြို့ တောင်ပြင် အောင်မြေရွှေဘုံတိုက် သာသနာ့ ဗိမာန်ကျောင်း အသျှင် သုဇနပဏ္ဍိတ- ဤပုဂ္ဂိုလ်ကား ကျမ်းစာရေးသားရာ၌ အကြံဥာဏ်ပေးခြင်း, 'ပိဋကလမ်းညွှန်ကျမ်း' ကို ဖြန့်ချိ၍ ဓမ္မဒါနရံပုံငွေ ရအောင် ကြံဆောင် လုပ်ကိုင်ပေးခြင်း စသည်ဖြင့် ကူညီတော်မူသည်။

(၂) မေမြို့ ကျောက်ဘောင်ရပ် ရန်မျိုးအောင်ကျောင်း ဆရာတော် ဦးဣန္ဒက, ဦးသာသနတို့၏ အရိပ်ကို ခိုလှုံကာ ဤဥာဏ်အလင်းပြကျမ်းကို (၈) သတိုင် ရေးသား ပြုစုနေစဉ် နေထိုင်ရေး စားသောက်ရေးတို့၌ မငြီးမငြင် ကြည်ဖြူစွာ ကူညီစောင့်ရှောက်တော်မူကြသည်။ (၃၀-၁-၄-၁၂-ရက်မှ စ၍ ၂၀-၁၂-၁၅-ရက်ထိ။)

(၃) ၎င်းကျောင်း၌ အတူ နေထိုင်ကြသော ထားဝယ်မြို့နယ် ဇာတိ ဦးဥက္ကံသ, မေမြို့နယ် ပိန္နဲကုန်းရွာ ဇာတိ ကိုရင်ကြီး ရှင်ဝိဇယ, တိဘက်အမျိုးသား ကိုရင်ကြီး ရှင်ဝိမလ, ထီးလှိုင် ရွာမှ ပါလာကြသော ကိုရင်မောင်သိန်း, ကိုရင်ဖိုးရှင်, မေမြို့ ဇာတိ မောင်ခင်အောင်, မောင်ငွေးအောင်, ရွှေတောင်ရွာ

ဇာတိ ကိုရင်ကျော်ဌေး, ကိုရင်ဘိုးမူ, ကိုရင်မောင်ဝင်း, သရက်ပင် အင်းရွာ ဇာတိ မောင်စောအောင်, မောင်လှအောင် စသော ကိုရင် ကျောင်းသားများကလည်း အမှုကိစ္စများကို ကူညီဆောင်ရွက်ပေးကြသည်။

( ၄ ) မေမြို့ ညံတောရပ် ရတနာမာရ်အောင်ကျောင်းတိုက်ဆရာတော် ဦးကေလာသ, စာချဘုန်းကြီး ဦးပညာသီဟ(ပါဠိပါရဂူ) အသျှင်မြတ်တို့က စာရေးသူ ကြည့်ရှုလိုသော ကျမ်းစာအုပ်များကို ရှာဖွေပေးခြင်း, ပို့ဆောင်ပေးခြင်းဖြင့် ကူညီတော်မူကြသည်။

( ၅ ) မေမြို့ ပြည်တော်သာရပ်ကွက် ၄-လမ်း အိမ်နံပါတ် ၁၆၇-ဦးလှမောင်-ဒေါ်မှုံ, ကျောက်တောင်ရပ် ဦးလူကလေး ဒေါ်သိန်းခင်-သား မောင်ကံချွန် သမီး-မတူး, ကိုအေး, မအေးစိန်, ဦးကြည်ဝင်း နှင့် သားများ စသော ဒကာ ဒကာမများက ဖွစ္စည်းလေးပါးတို့ဖြင့် ကူညီထောက်ပံ့ကြသည်။

( ၆ ) မန္တလေးမြို့ အနောက်ပြင် တောင်ခွင်တိုက် ပဋ္ဌာမြားကျောင်းနေ တောင်သာမြို့နယ် ဇာတိ ဦးဇ္ဇန္တက ကူညီဆက်သွယ်ပေးသော ( တောင်ပြင် ညောင်ကန်ကျောင်းတိုက် အရှေ့ဘက် သိတာအေး ရပ်ကွက်နေ ) တောင်တွင်းကြီး မြို့နယ် ကျောင်းတော်ရာရွာ ဇာတိ ရုံးစာရေး ကိုသောင်းရှိန်က ငွေကြေးအပြားတချပ်မျှ မယူဘဲ စာမျက်နှာ ၂၀၀-တိတိ သက်နိုင်စက်ဖြင့် ရိုက်နှိပ်၍ လေးမှု ပွားပေးသည်။

( ၇ ) ပတ္တာမြားကျောင်း ဘုန်းတော်ကြီး ဦးပဏ္ဍိစ္စ, ရှမ်းပြည်နယ် ရေဦးရွာ ဇာတိ ဦးဇာဂရ, ပျော်ဘွယ်မြို့နယ် ဝဲလောင်ရွာ ဇာတိ ဦးဥက္ကံသ, ဦးနန္ဒိယ, ဦးနန္ဒမာလာ, ဦးပညိန္ဒ, ဦးဇဝန, ဦးပညာသိရိ, မိတ္ထီလာမြို့နယ် ဦးဏန္ဒက, ဦးဝေပုလ္လ, တပ်ကုန်းမြို့နယ် ရွှေးစုရွာ ဇာတိ ပန်းတိန်ဆရာ မောင်ကျော်, ပျော်ဘွယ်မြို့နယ် မဲကုန်းရွာဇာတိ မောင်ကျော်မွေး, မောင်ကျော်မြင့်, မိတ္ထီလာမြို့နယ် မောင်လှရွှေ, မောင်အောင်တင်, ရမည်းသင်းမြို့နယ် မောင်ဝင်းမြင့် စသော ချစ်ဆွေတစုတို့ကလည်း စာရေးသူ မန္တလေးမြို့တွင် ၂-လကျော် ဆေးဝါးကုသနေစဉ်ဌ္ဌ ဧင်း, ခေတ္တ တည်းခိုနေထိုင်စဉ်ဌ္ဌရင်း နေထိုင် စားသောက်ရေး များ အတွက် မငြီးမငြူ ကြည်ဖြူစွာ ကူညီ စောင့်ရှောက်ကြ ဘည်။

( ဂ ) မန္တလေးမြို့ အနောက်ပြင် ချမ်းသာရာဘုရား အရှေ့ မုခ် မြောက်ဘက် မင်္ဂလာသိရိကျောင်းနေ ဦးသုန္ဒရ (ညောင်လွန့်တောရအနီး ပတောက်ကုန်းရွာ ဇာတိ ) အသျှင် မြတ်ကလည်း စာရေးသူဌ္ဌ စွဲကပ်နေသော သွေးဒူလာ လိပ်ခေါင်း ရောဂါကို ငွေကြေး လုံးဝ မယူဘဲ စေတနာ သဒ္ဓါတရား သန့်သန့်ဖြင့် ရှင်းရှင်း ပျောက်ကင်းသည့် တိုင်အောင် အဆင်းရဲအပင် ပန်းခံကာ ကုသပေးခဲ့သည်၊ ( သူနာပြု တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည် )။

( ၉ ) ရမည်းသင်း ခရိုင် တပ်ကုန်းမြို့နယ် အရှေ့ဘက် နောင်ဗိုလ်အိုးရွာကျောင်း ဦးပညာသိရိ အထံတွင် ၁-လနီးပါး

ဆက်လက် ဆေးဝါးကုသရာ အစစ အရာရာ လိုလေသေး မရှိအောင် စေတနာ ကြည် လင်စွာဖြင့် ကူညီ စောင့်ရှောက်တော်မူသည်၊ တပ်ကုန်းမြို့ အမှတ် ၃-ရပ်ကွက် မြသီတာသန်စက်အနီး နေ ဦးတင်မောင် ဒေါ်လေးစိန် တို့ကလည်း ကူညီ ထောက်ပံ့ ခဲ့လေသည်။

( ၁၀ ) ရန်ကုန်မြို့ ပြန်ကြားရေးဌာနသို့ စာမူတင်ရန် ကိစ္စတွင် ဗဟန်း နန္ဒဝန်လမ်း မဟာ ဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဦးဝါသဝါဘိဝံသ, စာချ ဦးစန္ဒာသိရီ, ဦးပဏ္ဍိတ, ပုဇွန်တောင် ရွှေဘုန်းပွင့် ကျောင်းတိုက် ဆရာတော်ကြီးကျောင်း ဆရာတော် ဦးဂန္ဓမာ, ညောင်လွန့် ဦးဝါယမ, ဦးတေဇာနု, ဦးဝဇီရဗုဒ္ဓိ စသော အရှင်မြတ်များက နေ့ထိုင်ရေး စားသောက်ရေး များ၌ ချမ်းသာအောင် ကူညီ ပေးတော်မူကြသည်၊ သွားရေး လာရေး၌ကား ဦးစန္ဒာသိရီ, ဦးဝါယမတို့ ၂-ပါးက အထူးအ ပင်ပန်းအဆင်းရဲခံကာ လိုက်ပါဆောင်ရွက်ပေးတော်မူကြသည်။

( ၁၁ ) ရန်ကုန်မြို့ မြေနီကုန်း မပိုလမ်း အိမ်နံပါတ်-၃၉-၄၁-နေ အမြတ်ခွန် ဝန်ထောက် ဦးခင်မောင်ဝင်း ဇနီး ဒေါ်ကြည်ကြည်တို့ မိသားစုများ ဆွေမျိုးစုများ လက်ဝယ်သို့ 'ဉာဏ် အလင်းပြကျမ်း' စာမူတင်ရေး ကိစ္စ, ထုတ်ဝေသူ မှတ်ပုံတင်ရရေး ကိစ္စများကို ဆောင်ရွက်ပေးရန် လွှဲအပ်ထားခဲ့ရာ ပြီးမြောက် အောင် ဆောင်ရွက်ပေးကြပါမည်ဟု ဝန်ခံလိုက်ကြသည်။

(၁၂) [က] ရှမ်းပြည် မြောက်ပိုင်း ကျောက်မဲ ခရိုင် နောင်ချိုမြို့နယ် ဗန့်ပွေးဒိုင်အတွင်း ရေညှုးရွာ ဒကာ ဒကာမများ, [ခ] ဤ 'ဉာဏ်အလင်းပြကျမ်း' နောက်ပိုင်း၌ ပါသော အလှူရှင်များ, [ဂ] မေမြို့ ရန်မျိုးအောင် ကျောင်း ပစ္စည်းလေးပါး ဒကာ ဒကာမများ, [ဃ] ရမည်းသင်းမြို့နယ် ထီးလှိုင်ရွာ ဒကာ ဒကာမများ- ဤဆိုခဲ့ပြီးသော ပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း တင်လိုက် ရပေသည်။

# မာတိကာ


၁ နိဒါန်း ၇

၂ ဒိဋ္ဌိသုံးပါး (အကျဉ်း) ၂၁

၃ (၁) ပုဗ္ဗေကတဟေတု ဒိဋ္ဌိဝါဒကို နှိပ်နင်းခြင်း ၂၃

၄ ကမ္မဿကတာကို ရှင်းပြခြင်း ၃၁

၅ သာမနိယဋ္ဌာနကြီး သုံးပါး ၃၃

၆ ကမ္မဿကတာ စသောပုဒ် ၅-ပါးအနက်အဓိပ္ပါယ် ၄၇

၇ (၂) ဣဿရနိမ္မာနဒိဋ္ဌိဝါဒကို နှိပ်နင်းခြင်း ၅၅

၈ (၃) အဟေတုကဒိဋ္ဌိဝါဒကို နှိပ်နင်းခြင်း ၆၂

၉ ကမ္မဿကတာဝါဒကို ပြဆိုခြင်း ၆၇

၁၀ ၅-ပါးသီလ အဓိပ္ပါယ် (အကျဉ်း) ၇၈

၁၁ ပါဏာတိပါတ လွန်ကျူးပြစ် နှင့် ရှောင်ကြဉ်ရကျိုး ၁၀၃

၁၂ အဒိန္နာဒါနသိက္ခာပုဒ်၌ ခိုးခြင်း ၂၅-ပါးကို ပြဆိုခြင်း ၁၀၆

၁၃ အဒိန္နာဒါန လွန်ကျူးပြစ် နှင့် ရှောင်ကြဉ်ရကျိုး ၁၁၅

၁၄ ကာမေသုမိစ္ဆာစာရ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး ၁၁၇

၁၅ မုသာဝါဒ လွန်ကျူးပြစ် နှင့် ရှောင်ကြဉ်ရကျိုး ၁၂၀
၁၆ သုရာမေရယ လွန်ကျူးပြစ် နှင့် ရှောင်ကြဉ်
ရကျိုး ၁၂၂
၁၇ မုသာဝါဒအပြစ်ကြောင့် သမီးချည်းမွေးဖွား
တတ်ကြောင်း ၁၂၅
၁၈ ဒုစရိုက်-သုစရိုက် ( ၄၀ ) စီပွားပြပုံ ၁၂၆
၁၉ ကံ၊ ကံ၏အကျိုးအဖွင့် ( သုဘသုတ်မြန်မာပြန် ) ၁၃၁
၂၀ မဟာပုရိသလက္ခဏာတော်ကြီး ( ၃၂ )ပါး ၁၅၇
၂၁ ၎င်း ဘုရားရှိခိုးလင်္ကာများ ၁၉၁
၂၂ ကံ-ဉာဏ်-ဝိရိယနှင့်စပ်၍ မှတ်သားဘွယ်
လင်္ကာများ ၂၀၀
၂၃ လူ ၄-မျိုး ကွဲပြားပုံ( ၄-နည်း ) ၂၁၇
၂၄ တမောတမသုတ် မြန်မာပြန် ( အကျယ် ) ၂၂၇
၂၅ ဘယ်ဘဝမှ လာကြသနည်း ၂၃၂
၂၆ ဘယ်ဘဝသို့ သွားကြမည်နည်း ၂၃၄
၂၇ သုဂတိဘဝ မြဲစေရန် ကျင့်ဝတ်များ ၂၃၇
၂၈ အဆင်းလှခြင်း,မလှခြင်း စသည်အကြောင်းများ ၂၅၀
၂၉ သပ္ပုရိသဒါန ၅-မျိုး ( ကောင်းကျိုး ) ၂၅၃
၃၀ အသပ္ပုရိသဒါန ၅-မျိုး ( မကောင်းကျိုးလည်း
ပါ၏ ) ၂၅၅

၃၁ စေတနာသုံးတန် နှင့် ချွတ်ယွင်းပြစ်များ ၂၆၀
၃၂ ကုသိုလ်ပြုရာ၌ ဒွိဟိတ်-တိဟိတ်ခွဲပြပုံ ၂၇၆
၃၃ ကုသိုလ်ကံ ၄-မျိုး အကျိုးပေးပုံ ( လူ ၃-မျိုး ) ၂၈၁
၃၄ အကုသိုလ်ကံ အကျိုးပေးပုံများ ၂၈၇
၃၅ စွဲလမ်းခြင်း အပြစ်များ ၂၉၁
၃၆ ဆုတောင်းမှုနှင့် စပ်၍ မှတ်သားဘွယ်များ ၃၀၁
၃၇ ဆုကြီး ၅-မျိုးနှင့် ဆုတောင်းနည်း ၃၀၈
၃၈ မောနေယျအကျင့်ကို ပြဆိုခဏ်း ( အကျဉ်း ) ၃၂၆
၃၉ ဧတဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ်များ ၃၃၀
၄၀ သာဝက ( ၈ )ကျိပ်ကို ရေတွက်ပြပုံ ၃၅၃
၄၁ ၎င်းမထေရ်တို့၏ ထူးခြားချက်များ ၃၅၇
၄၂ ဝိပါက်တော် ( ဝဋ်တော် ) ၁၂-ပါး ၃၇၀
၄၃ ဝဋ်ခံရသော ပုဂ္ဂိုလ်များ ၃၈၄
၄၄ ဒဏ် ၁၀-မျိုးပါဠိအနက် ( ပြစ်မှားခြင်းအပြစ် ) ၄၅၈
၄၅ ဤကျမ်းစာ ကောင်းမှုရှင်များ စာရင်း ၄၇၃

# ကမ္ဘသကတာဥာဏ်
# အလင်းပြကျမ်း

နမော ကမ္ဘသကတာ ဝါဒိနော

(က) ကောင်းစွာ ဆိုးစွား၊ ဤနှစ်
ပါးကား၊ အခြားနတ်လူ၊မည်
သူမပြု၊ မိမိမှုတည်း၊ ယခု
ဝတ္တမာန်၊ ပစ္စုပ္ပန် နှင့်၊ ရှေးလွန်
ကြမ္မာ၊ အကြောင်းသာရှင့်။ ။

နံပါတ်- ၁၀၆

(ခ) ခပင်းလောက၊ လူထိုမျှကား၊
ပြုက အသစ်၊ ဖြစ်က အဟောင်း၊
ကျိုး နှင့် ကြောင်းတည့်၊ ဆိုး
ကောင်း ဟူထ၊ ဤနှစ်ဝကို၊
ကမ္ဘသကာ၊ မှတ်တို့ရာ၏၊ သည်
သာမှန်ဘိ၊ ယွင်းမရှိဘူး။ ။

နံပါတ်- ၁၇၁

No. 1 မင်္ဂလာ

၁။ ကောင်းသော အမှုကို ပြုလျှင်....
ကောင်းသော အကျိုးကို ခံစား ရမည်။ ။

၂။ မကောင်းသော အမှုကို ပြုလျှင်....
မကောင်းသော အကျိုးကို ခံစား ရမည်။ ။

ဤသို့ သိသော ဉာဏ်သည်

# ကမ္မဿကတာ ဉာဏ်မည်၏။

ပြုလုပ်သော အမှုကို ကံ (ကမ္မ) ဟု ခေါ်၏။
အတိတ်ကံ ပစ္စုပ္ပန်ကံ ၂-ပါး လုံး ပါဝင်၏။

# ဒိဋ္ဌိ-၃ မျိုး

၁ - တွေ့ကြုံ ခံစားရသော အကောင်း အဆိုး ဟူသမျှတို့သည် ရှေးရှေးသော အတိတ်ဘဝ များက ပြုလုပ်ခဲ့ဘူးသော အကြောင်း သက် သက်ကြောင့် သာ ဖြစ်၏၊ ဤသို့ မှားယွင်း စွာ လက်ခံ ယုံကြည် ယူဆထားလျှင် အသင် သည် **ပုဗ္ဗေကတဟေတုဒိဋ္ဌိ** ဖြစ်နေလေပြီ။

၂ - တွေ့ကြုံ ခံစားရသော အကောင်း အဆိုး ဟူ သမျှတို့သည် လောကကို အစိုးရသော(ဝါ) ကမ္ဘာလောကရှိ သက်ရှိ သက်မဲ့ အားလုံး ကို ဖန်ဆင်းတတ်သော ဘုရား ဗြဟ္မာ ဝိဿနိုး စသော တန်ခိုးသျှင်တို့ ဖန်ဆင်းမှုကြောင့် သာ ဖြစ်၏၊ ဤသို့ မှားယွင်းစွာ လက်ခံ ယုံ ကြည် ယူဆထားလျှင် အသင်သည် **ဣဿရ နိမ္မာနဟေတုဒိဋ္ဌိ** ဖြစ်နေလေပြီ။

၃ - တွေ့ကြုံ ခံစားရသော အကောင်း အဆိုး ဟူ သမျှတို့သည် ဖြစ်စေတတ်သော အကြောင်း, ထောက်ပံ့ တတ်သော အကြောင်းများ လုံးဝ မရှိဘဲ ပကတိ အလိုလို သာ ဖြစ်ပေါ် လာကြ၏၊ (ဝါ) ဘာအကြောင်းကြောင့် မျှ ဖြစ်သည် မဟုတ်၊ သူ့အလိုလို ဖြစ်လာ ကြ၏၊ ဤသို့ မှားယွင်းစွာ လက်ခံ ယုံကြည် ယူဆထားလျှင် အသင်သည် **အဟေတုက အပစ္စယဒိဋ္ဌိ** ဖြစ်နေလေပြီ။

# ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ဆိုခဲ့ပြီးသော မိစ္ဆာဒိဋ္ဌိ ၃-မျိုးမှ လွတ်ကင်းအောင် အောက်ပါအတိုင်း မှန်ကန်စွာ လက်ခံ ယုံကြည်ထားရမည်။

(က) မိမိတို့ ကိုယ်တိုင် ကောင်းသော အမှုကို ပြုလျှင် မိမိတို့ ကိုယ်တိုင် ကောင်းသော အကျိုးကို တွေ့ကြုံ ခံစားရမည်။

(ခ) မိမိတို့ ကိုယ်တိုင် မကောင်းသော အမှုကို ပြုလျှင် မိမိတို့ ကိုယ်တိုင် မကောင်းသော အကျိုးကို တွေ့ကြုံ ခံစားရမည်။

ထိုသို့ တွေ့ကြုံ ခံစားရခြင်းသည်လည်း—

၁ - ရှေးရှေးသော အတိတ်ဘဝများက ပြုလုပ်ခဲ့သော အကြောင်း (ကံ) ကြောင့်ရှင်း,

၂ - ယခု ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ခဲ့သော အကြောင်း (ကံ) ကြောင့် ရှင်း-

ဤအကြောင်း ၂-ပါးတို့တွင် တပါးပါး ကြောင့် သာ ဖြစ်သည် ဟု လက်ခံ ယုံကြည် ယူဆထားမှ သာလျှင် အသင်သည် **ကမ္မဿကတာ သမ္မာဒိဋ္ဌိ** အစစ် ဖြစ်ပေမည်။

အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ ပါဠိ- ၃၉၇ (အဋ္ဌကထာ ၃၂၁)၌ ဟောထားတော်မူသော တမောတမသုတ် အရ

# စကား ၄- ခွန်း

၁- ရှေးက ကောင်းလို့၊ ခု ကောင်းတယ်၊ ခု ကောင်းရင်၊ နောင် ကောင်း ပါလိမ့်မယ်။

၂- ရှေးက ဆိုးလို့၊ ခု ဆိုးတယ်၊ ခု ဆိုးရင်၊ နောင် ဆိုးပါလိမ့်မယ်။

၃- ရှေးက ကောင်းလျက်၊ ခု ဆိုးတယ်၊ ခု ဆိုးရင်၊ နောင် ဆိုးပါလိမ့်မယ်။

၄- ရှေးက ဆိုးလျက်၊ ခု ကောင်းတယ်၊ ခု ကောင်းရင်၊ နောင် ကောင်းပါလိမ့်မယ်။

# နိဒါန်း

---

## ဘယ်သူမပြု - မိမိမှု

ကမ္မဿကာ ဘိက္ခဝေ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ယံ ကမ္မံ ကရောန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒါ ဘဝန္တိ။

အံ- ၁၀၊ ပါ- ၄၉၅။ (၄၅ - ၂၀)

ဘိက္ခဝေ၊ ရဟန်းတို့။

သတ္တာ၊ သတ္တဝါတို့သည်။

ကမ္မဿကာ၊ မိမိတို့ ပြုသော အမှု (ကံ) သာလျှင် ကိုယ်ပိုင် ဥစ္စာ ရှိကုန်၏။

ကမ္မဒါယာဒါ၊ မိမိတို့ပြုသော အမှု (ကံ) ကို သာလျှင် အမွေ ခံရကုန်၏။

ကမ္မယောနီ၊ မိမိတို့ ပြုသော အမှု (ကံ) သာလျှင် အကြောင်း ရှိကုန်၏။

ကမ္မဗန္ဓူ၊ မိမိတို့ ပြုသော အမှု (ကံ) သာလျှင် ဆွေမျိုး ရှိကုန်၏။

ကမ္မပ္ပဋိသရဏာ၊ မိမိတို့ ပြုသော အမှု (ကံ) သာလျှင် ကိုးကွယ်ရာ ရှိကုန်၏၊ (ဝါ) တည်ရာ ရှိကုန်၏။

ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။

| | |
|---|---|
| ပါပကံ ဝါ၊ | မကောင်းသည်လည်း ဖြစ်သော။ |
| ယံ ကမ္မံ၊ | အကြောင်းအမှု (ကံ) ကို။ |
| ကရောန္တိ၊ | ပြုကြလေကုန်၏။ |
| တဿ၊ | ထို မိမိတို့ပြုသော အမှု (ကံ)၏။ |
| ဒါယာဒါ၊ | ကောင်းမှု ဆိုးမှုကို ခံယူကြရကုန်သည်။ |
| ဘဝန္တိ၊ | ဖြစ်ကုန်၏။ ။ |

—

ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

ပဏ်-၃၊ ပါ-၂၄၄၊ ဋ္ဌ- ၁၇၇။

ယဒိဒံ ယာယ ဟီနပ္ပဏီတတာယ၊ အကြောင်း ယုတ်ညံ့သည် အဖြစ် မြတ်သည် အဖြစ်သည်။ အတ္ထိ၊ ဤလောက၌ ထင်ရှား ရှိ၏။ တာယ ဟီနပ္ပဏီတတာယ၊ ထိုယုတ်ညံ့သည် အဖြစ်, မြတ်သည် အဖြစ်၌။ ကမ္မံ၊ မိမိတို့ ပြုသော အမှု (ကံ)သည်။ ဝါ - မိမိတို့ ပြုသော အမှု (ကံ)က။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ဝေဘန်၏၊ ဝါ - ပိုင်းခြား၍ ပေး၏။

**အမှာစကား။** ။မိမိတို့ ပြုသော ကောင်းသော အမှု (ကံ) မကောင်းသောအမှု (ကံ) က ဝေဘန်ပေးပုံ, ပိုင်းခြား ပေးပုံကို ဤ "ဥဒါဏ်အလင်းပြကျမ်း" ၌ ပါသော စူဠ ကမ္မဝိဘင်္ဂသုတ် အဓိပ္ပာယ် ကံ-ကံ၏ အကျိုးကို ပြဆိုခဏ်း တွင် ကြည့်ရှုပါလေ၊ ၎င်းပြင် ဤဥဒါဏ်အလင်းပြကျမ်း၌

ပါသမျှ အခဏ်းများမှာ ကံက ဝေဘန်ပေးပုံ ပိုင်းခြား ပေးပုံများကိုချည်း ပြထားခြင်းဖြစ်လေသည်။

—

ကိုယ်, နှုတ်, စိတ် သုံးပါးတွင် တပါးပါးဖြင့် ပြုလုပ်သော အမှုကို ပါဠိလို ကမ္မ ဟု ခေါ်၏၊ ထိုကမ္မ ဟူသော ပါဠိကို လူအများတို့က ကမ် (ကံ) ဟု အတိုချုပ် ခေါ်ဝေါ် ကြလေ သည်။ ထို့ကြောင့်—

ကံ သာလျှင်....မိမိတို့ ကိုယ်ပိုင် ဥစ္စာ။

ကံ သာလျှင်....မိမိတို့ အမွေ။

ကံ သာလျှင်....မိမိတို့ အကြောင်းရင်း။

ကံ သာလျှင်....မိမိတို့ ဆွေမျိုး။

ကံ သာလျှင်....မိမိတို့ ကိုးကွယ်ရာ အားထားရာ။

ဤသို့ စွဲမြဲစွာ ယုံကြည်ထားကြပါလေ။

—

## အချုပ်မှတ်ရန်

**လူကောင်းလျှင် .... ကံကောင်းသည်။**

**လူဆိုးလျှင် .... ကံဆိုးသည်။**

ပဋ္ဌဝေါကာရ ၂၆ ဘုံ-တွင် ရုပ် နှင့် နာမ် တွဲစပ်နေသည် ကို လူဟူ၍၎င်း, နတ်ဟူ၍၎င်း, ဗြဟ္မာဟူ၍၎င်း, တိရစ္ဆာန် ဟူ၍

ရင်း, ပြိတ္တာဟူ၍ရင်း, ရေသားဟူ၍ရင်း ဤသို့ စသည်ဖြင့် အမျိုးမျိုး ပညတ် ခေါ်ဝေါ် ကြလေရာ ဤဥာဏ်အလင်းပြ ကျမ်း၌ လူကို အဓိက ထား၍ ပြလိုသောကြောင့် အထက်ပါ စကားနှစ်ရပ်ကို ဆိုခဲ့ခြင်း ဖြစ်လေသည်။

ရုပ် နှင့် နာမ် နှစ်ပါးတွင်လည်း နာမ် သာ ပြဋ္ဌာန်းလေသည်၊ ရုပ်တရားကား နာမ်တရား၏ ခြယ်လှယ်ရာ သာတည်း၊ နာမ် တရား ဟူသည်ကား စိတ် နှင့် စေတသိက်ကို ခေါ်ဆို၏၊ ထိုစိတ် နှင့် စေတသိက်တွင် စေတသိက်တရားက သာ နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်တတ်သော တရား ဖြစ်၍ စိတ်ကား စေတသိက် တရား၏ အခြယ်လှယ်ခံ သာ တည်း၊ ထို့ကြောင့် ဆရာတော် အသျှင်ဇနကာဘိဝံသက အောက်ပါ လင်္ကာကို စပ်ဆိုထားခြင်း ဖြစ်လေသည်။

> စိတ်၏ တံထွာ၊ ဓမ္မတာကား၊ ကြုံရာ အာရုံ၊ ရမိရုံမျှ၊ ဖုံဖုံ ကောင်း ဆိုး၊ မကွဲရိုးတည်း၊ တမျိုး တွဲဘက်၊ စေတသိက်တွက်ကြောင့်၊ သက်သက် ဆိုး ကောင်း၊ အရောင်ပြောင်း၍၊ မကောင်းလည်း စိတ်၊ ကောင်းလည်း စိတ်ဟု၊ ခွဲစိပ်စမြဲ၊ ဥဒါန်းကဲသည်၊စိတ်လဲ စေတသိက်ကြောင့်သာကို။

စိတ်၏ သဘောကား....အာရုံကို ယူကာမျှ သိကာမျှ သာ ဖြစ်၏၊ အကောင်း ဟူ၍ရင်း, အဆိုး ဟူ၍ရင်း မကွဲပြားလေ၊ စေတသိက်များတွင် သာ မကောင်းသော စေတသိက်- ( အကုသိုလ် စေတသိက် ၁၄-ပါး ) ကောင်းသော စေတသိက်-

(ကုသိုလ် စေတသိက် ၂၅-ပါး)ဟူ၍ နှစ်မျိုး ကွဲပြား လေရာ မကောင်းသော စေတသိက်နှင့် တွဲမိသော စိတ်မှာ မကောင်း ဖြစ်ရလေသည်၊ ကောင်းသော စေတသိက်နှင့် တွဲမိသော စိတ်မှာ အကောင်း ဖြစ်ရလေသည်၊ စေတသိက်ကြောင့် သာ စိတ်မှာ အကောင်း အဆိုး ကွဲပြားရသည်၊ ထို့ကြောင့် —

**စိတ်ကောင်းလျှင် .... လူကောင်းသည်**

**လူ ကောင်းလျှင် .... ကံကောင်းသည်။**

**စိတ် ဆိုးလျှင် .... လူဆိုးသည်။**

**လူ ဆိုးလျှင် .... ကံဆိုးသည်။**

စိတ်ကောင်းရှိသော လူသည် ကောင်းသော အမှု (ကံ)ကို သာ ပြုလုပ်ပေမည်။

စိတ်မကောင်းသော လူသည် မကောင်းသော အမှု(ကံ)ကို သာ ပြုလုပ်ပေမည်။

ဤကား....ဖြစ်တတ်သော သဘာဝတည်း။

ကံကောင်းသည် ကံဆိုးသည် ဆိုခြင်းကား မိမိတို့ ပြုလုပ်ခဲ့ပြီး ပြုလုပ်ဆဲ အမှု သာတည်း။

အတိတ်( ဖြစ်ပြီး)ကို ပြုပြင်ရန် မလွယ်ကူ လှသော်လည်း ပစ္စုပ္ပန်(ဖြစ်ဆဲ)၌ကား ပြုပြင်လျှင် ရနိုင်သည် သာ၊ ထို့ကြောင့်—

ကံကောင်းလိုလျှင်....လူကောင်း ဖြစ်ပါစေ။
လူကောင်း ဖြစ်လာလျှင်....ကံကောင်း ဖြစ်လာမည်။

အကြောင်း( ကံ ) မကောင်းလျှင်.... မကောင်းကျိုးကို တွေ့ ရမည်။

အကြောင်း( ကံ ) ကောင်းလျှင်....ကောင်းကျိုး တွေ့ရမည်။

ကောင်းကျိုး တွေ့လိုလျှင် .... ကောင်းသော အမှု ကံ ကို ပြု လုပ်ရမည်။

ဤကား ကျမ်းပြုအသျှင်၏ ရည်ရွယ်ချက်တည်း။

---

## ကမ္မဿကတာဉာဏ်

ဤကမ္မဿကတာဉာဏ် အလင်းရောင်သည် အနမတဂ္ဂ သံသရာ၌ ကျင်လည်၍ နေကြရကုန်သေးသော သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာကြီးပေတည်း၊ ဤကမ္မဿကတာဉာဏ် အလင်းရောင် ရရှိကြမှ သာလျှင် ဒါန သီလ ဘာဝနာ ကုသိုလ်တရားမျိုးကို ပွားများအားထုတ်ကြ၍ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာ တို့ကို ရနိုင်ကြကုန်၏။

ဤကမ္မဿကတာဉာဏ် အလင်းရောင်ကို မရရှိကြကုန်သော သတ္တဝါတို့ကား ကမ္မသမ္မောဟ အမိုက်မှောင်အတွင်း၌ နေကြရကုန်၏၊ ထိုအမိုက်မှောင် အတွင်း၌ နေကြရကုန်သော သတ္တဝါတို့သည် သံသရာ၌ ချမ်းသာလမ်းမျိုး, အထက်ဖြစ်သော လူ နတ် ဗြဟ္မာ ချမ်းသာလမ်းမျိုး, နိဗ္ဗာန် ချမ်းသာလမ်းမျိုး အလုံးစုံ ကွယ်ပျောက် ပိတ်ဖုံး၍ နေကြသောကြောင့် အောက်သံသရာ အပါယ်လမ်းကြီး တလမ်း သာလျှင် ဟင်းလင်း ပွင့်လျက် ရှိကြ

ကုန်၏၊ ဘဝအထောင်, ဘဝအသောင်း, ဘဝအသိန်း လွန်သော်လည်း အလင်းနယ်သို့ တခေါက် တခါမျှ ရောက်လာဘို့ရန် လွန်စွာ ခဲယဉ်းလှချေပြီ။

ဤကမ္ဘာဿကတဘာဉာဏ် အလင်းရောင်ကို ရရှိကြမှ သာလျှင် အောက်ပါချမ်းသာမျိုးကို ရရန် အသီးအသီး ပြုလုပ်အားထုတ်ကြပေမည်။

(က) လူချမ်းသာ နတ်ချမ်းသာကို အလိုရှိလျှင် ဒါန သီလကို ပြုလုပ်ကြပေမည်။

(ခ) ဗြဟ္မာချမ်းသာကို အလိုရှိလျှင် သမထ ဘာဝနာကို အားထုတ်ကြပေမည်။

(ဂ) မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာကို အလိုရှိလျှင် ဝိပဿနာ ဘာဝနာကို အားထုတ်ကြပေမည်။

## ကံကို မသိခြင်း

**ကံကို မသိခြင်း ဆိုသည်ကား** .... အလုံးစုံသော သတ္တဝါတို့သည် မိမိတို့ ပြုကြသော အမှု(ကံ) သာလျှင် ကိုယ်ပိုင် ဉစ္စာ ရှိကုန်၏၊ ကံ သာလျှင် အမွေခံ ဉစ္စာ ရှိကြကုန်၏၊ ကံ သာလျှင် အကြောင်းရင်း ရှိကြကုန်၏၊ ကံ သာလျှင် မိဘ ဆွေမျိုး အစစ် ဖြစ်ကြကုန်၏၊ ကံ သာလျှင် ကိုးကွယ်ရာ အစစ် ရှိကြကုန်၏ ဟု မသိခြင်း။

မိမိတို့ ပြုကြသော ကိုယ်အမှု နှုတ်အမှု စိတ်အမှုတို့တွင် ဘယ်အမှု ဘယ်အမှုမျိုးတို့ကား .... အကုသိုလ်အမှုမျိုး တို့ ဖြစ်ကြကုန်

၏၊ ဤအမှုမျိုးတို့သည် နောက်နောက် ဘဝတို့၌ မကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏၊ အပါယ်လေးပါးသို့ ပြစ်ချတတ်ကုန်၏ ဟု မသိခြင်း။

ဘယ်အမှု ဘယ်အမှုမျိုးတို့ကား ... ကုသိုလ်အမှုမျိုးတို့ ဖြစ်ကြကုန်၏၊ ဤအမှုမျိုးတို့သည် နောက်နောက် ဘဝတို့၌ ကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏၊ လူ့ပြည် နတ်ရပ် မြတ်သော ဘဝတို့သို့ ပို့ဆောင်ပေးတတ်ကုန်၏ ဟု မသိခြင်း။

ဤကဲ့သို့ ကံ၏ သဘာဝ ကံ၏ လက္ခဏာတို့ကို မသိခြင်းဟူသမျှတို့သည် ကံကို မသိခြင်း မည်ကုန်၏။

## ကံ၏ အကျိုးကို မသိခြင်း

**ကံ၏အကျိုးကို မသိခြင်းဆိုသည်ကား....**သတ္တဝါတို့မည်သည် (ရဟန္တာမဖြစ်သေးသမျှ) သေရာ၌ ဘဝဆုံးကြကုန်သည် မဟုတ်သေး၊ ကံပြစ်ချရာ ကံပို့ဆောင်ရာ ကံဆွဲငင်ရာ ကံစီရင်ရာ ကံချထားရာ ဘဝတပါး၌ ဖြစ်ကြရကုန်၏ ဟု မသိခြင်း, လူတို့၏ ပကတိမျက်စိဖြင့် မမြင်ကောင်းသော ငရဲအမျိုးမျိုး ပြိတ္တာ အမျိုးမျိုး အသုရကာယ်အမျိုးမျိုး တိရစ္ဆာန် အမျိုးမျိုး ရှိကြကုန်၏ ဟု မသိခြင်း, မကောင်းသော အမှု (အကုသိုလ်ကံ)ကို ပြုခဲ့လျှင် ထိုထို အပါယ်ဘဝတို့၌ ဖြစ်ကြရကုန်၏ ဟု မသိခြင်း။ ။လူတို့ပကတိမျက်စိဖြင့် မြင်ကောင်းသော လူသတ္တဝါ အမျိုးမျိုး မမြင်ကောင်း မမြင်နိုင်သော နတ်ဆိုး အမျိုးမျိုး နတ်ကောင်း အမျိုး

မျိုး အထက်ကောင်းကင်ဘုံတို့၌ နတ်ပြည် ခြောက်ထပ် ရူပဗြဟ္မာ အရူပဗြဟ္မာတို့ အဆင့်ဆင့် ရှိကြကုန်၏ ဟု မသိခြင်း။

ဒါန သီလ ဘာဝနာ ကုသိုလ်ကံ အမျိုးမျိုးတို့ကို အားထုတ်ကြ ပွားများကြလျှင် ထိုပြုလုပ် အားထုတ်ကြသော အမှု(ကံ) အား လျော်စွာ ထိုထိုလူမျိုး နတ်မျိုး ဗြဟ္မာမျိုး နိဗ္ဗာန်ချမ်းသာ မျိုးတို့ကို ရကြကုန်၏ ဟု မသိခြင်း။ ။ အတိတ် ကာလ၌လည်း အစ မရှိ- နောင် အနာဂတ်ကာလ၌လည်း အဆုံးမရှိသော သံသရာကြီး ရှိ၏ ဟု မသိခြင်း။ ။သတ္တဝါဟူသမျှတို့သည် ထိုသံသရာကြီးအတွင်း၌ မိမိတို့ ပြုကြသော ကုသိုလ်ကံ အကုသိုလ်ကံတို့က ပို့ဆောင်ရာ ဖြစ်ချရာ ဆွဲငင်ရာ စီရင်ရာ ယူဆောင်ရာ ချထားရာသို့ မရပ်မနား ပြေးသွား ကျင်လည်၍ နေကြကုန်သည် ဟု မသိခြင်း။

ဤမသိခြင်း အလုံးစုံတို့ကို ကမ္မသမ္မောဟ အမိုက်မှောင်ကြီး ဟု ဆိုသည်။

---

### ကမ္မဿကတာဉာဏ်အလင်းရောင်

ကမ္မဿကတာဉာဏ် အလင်းရောင်ဆိုသည်ကား .... ကံကိုရင်း ကံ၏အကျိုးကိုရင်း သိခြင်းတည်း။

**ကံကို သိခြင်း ဆိုသည်ကား** .... အလုံးစုံသောသတ္တဝါတို့သည် မိမိတို့ ပြုသော အမှု(ကံ)သာလျှင် ကိုယ်ပိုင် ဥစ္စာ ရှိကြကုန်၏၊

ကံ သာလျှင် အမွေခံဥစ္စာ ရှိကြကုန်၏၊ ကံ သာလျှင် အကြောင်းရင်း ရှိကြကုန်၏၊ ကံ သာလျှင် မိဘ ဆွေမျိုး အစစ် ရှိကြကုန်၏၊ ကံ သာလျှင် ကိုးကွယ်ရာအစစ် ရှိကြကုန်၏ ဟု သိခြင်း။

မိမိတို့ ပြုကြသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့တွင် ဤအမျိုးတို့ကား အကုသိုလ် အမှုမျိုးတို့ ဖြစ်ကြကုန်၏၊ နောက်နောက် ဘဝတို့၌ မကောင်းကျိုးများကို စင်စစ် ပေးတတ်ကုန်၏၊ အပါယ်လေးပါးသို့ ပြစ်ချတတ်ကုန်၏ ဟု သိခြင်း, ဤအမှုမျိုးတို့ကား ကောင်းမှုကုသိုလ်မျိုးတို့ ဖြစ်ကြကုန်၏၊ နောက်နောက်ဘဝတို့၌ ကောင်းသော အကျိုးများကို စင်စစ်ပေးတတ်ကုန်၏၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် နိဗ္ဗာန်ချမ်းသာတို့သို့ ပို့ဆောင်တတ်ကုန်၏ ဟု သိခြင်း- ဤသို့ ကံ၏ အကျိုးကိုသိခြင်း။

ဤသိခြင်း အလုံးစုံတို့ကို ကမ္မဿကတာဉာဏ် အလင်းရောင် ဟု ဆိုသည်။

ဤကမ္မသမ္မောဟ အမိုက်မှောင်သည် အလွန် ကြောက်လန့်ဘွယ် ကောင်းလှ၏၊ လောက၌ အလုံးစုံသော မိစ္ဆာဒိဋ္ဌိကြီးတို့သည် ဤကမ္မသမ္မောဟ အမိုက်မှောင်ကြီးမှ ဖြစ်ပွားလာကြကုန်၏၊ ကမ္မဿကတာဉာဏ် အလင်းရောင် ရမှ သာလျှင် ဒါန သီလ ဘာဝနာ တရားတို့ကို ကြိုးစားအားထုတ်ကြ၍ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာတို့တွင် မိမိတို့ ရလိုသော ချမ်းသာတို့ကို ကေန်မုချ ရကြပေမည်။ (ရကြပါစေ)။

## စတုသစ္စ ပဋိဝေဓ အလင်းရောင်

ဤကမ္မဿကတာဉာဏ် အလင်းရောင်သည် ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ များစွာ လာရှိသော်လည်း ဘုရား မပွင့်သောကမ္ဘာ, ဘုရား မပွင့်သော အနန္တစကြာဝဠာမှာ ပင် သမ္မာဒိဋ္ဌိလူမျိုးတို့၌ တည်ရှိလေသောကြောင့်ရင်း, လောက၌ မြတ်စွာဘုရားတို့သည် ဤကမ္မဿကတာဉာဏ် အလင်းရောင်ကို ဖော်ပြလို၍ ပွင့်တော်မူကြသည် မဟုတ်ကုန်၊ စတုသစ္စ ပဋိဝေဓအလင်း (သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း) ကို သာ ဖော်ပြလို၍ ပွင့်တော် မူကြသောကြောင့်ရင်း, ထိုကမ္မဿကတာဉာဏ်အလင်းရောင်ကို ဗုဒ္ဓဘာသာ သာသနာ့အလင်းရောင် ဟူ၍ မဆိုလောက်၊ မဆိုရသေး၊ သံသရာ့အလင်း ကမ္ဘာ့အလင်း ဟူ၍ သာ ဆိုရပေသည်။

ယခုအခါ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြကုန်သော ပညာရှိတို့သည် မြတ်စွာဘုရား ပွင့်လာတော်မူရာ ရည်ရွယ်တော်မူရင်း အလင်းရောင် မဟုတ်သောကြောင့် ဤကမ္မဿကတာဉာဏ် အလင်းရောင်ဘက်သို့ ရောက်ရကာမျှနှင့် အားရ တင်းတိမ်၍ မနေကြကုန်ရာ၊ ပညာရှိတို့ သတိပြုကြရန် အလွန် ကောင်းသော အချက်ကြီး တခုပေတည်း။

သစ္စာလေးပါးကို ထိုးထွင်း၍ သိသော သစ္စပဋိဝေဓ အလင်းရောင် ရကြရန် နည်းလမ်းမှာ မဟာသတိပဋ္ဌာနသုတ်၌ ထင်ရှားစွာ ဟောထားတော်မူလေသည်၊ နိဗ္ဗာန် ရွှေပြည်သို့ဝင်ရန် တံခါးပေါက် ၄၄-ပေါက်တွင် မိမိတို့ နှစ်သက်ရာ တံခါးပေါက်မှ ဝင်ရောက်နိုင်ကြပေသည်။ (ဒီဃ- ၂၊ ၄၅- ၃၄၆)

| | | | |
|---|---|---|---|
| ကာယာနုပဿနာ | ဘာဝနာ | တံခါးပေါက် | ၁၄-ပေါက် |
| ဝေဒနာနုပဿနာ | ။ | ။ | ၉ ။ |
| စိတ္တာနုပဿနာ | ။ | ။ | ၁၆ ။ |
| ဓမ္မာနုပဿနာ | ။ | ။ | ၅ ။ |
| | | | ပေါင်း ၄၄ ပေါက် |

—

## ဤဥာဏ်အလင်းပြကျမ်း

အောက်ပါ အချက်များကို ရည်ရွယ်၍ ဤဥာဏ်အလင်းပြကျမ်းကို ရေးသားရခြင်း ဖြစ်ပေသည်။

၁ - 'ဘယ်သူမပြု-မိမိမှု' ဟူသော စကားအတိုင်း အရာရာ၌ မိမိတို့၏ ချွတ်ယွင်းမှု အမျိုးမျိုးကြောင့် သူတပါးတို့ အပေါ်၌ စိတ်မကျေနပ်ခြင်း, စိတ်ဆင်းရဲခြင်း စသည် ဖြစ်ခဲ့သော် မိမိတို့ ပြုခဲ့သော အတိတ်အကြောင်း, ပြုလုပ်ဆဲ ပစ္စုပ္ပန်အကြောင်းကြောင့် သာ ဖြစ်ရသည်၊ သူတပါးတို့နှင့် မည်သို့မျှ မသက်ဆိုင်ပါတကား ဟု နှလုံးသွင်းခဲ့သော် စိတ်ဆင်းရဲခြင်း, ကိုယ်ဆင်းရဲခြင်း, သူတပါးတို့ အပေါ်၌ စိတ်မကျေနပ်ခြင်း( ဒုက္ခ ဒေါမနဿ ) အကုသိုလ်တရားများကို ကင်းပျောက်စေလိုခြင်း။

၂ - ကောင်းမှု ကုသိုလ်များကို ပြုလုပ် အားထုတ်ကြရာ၌ စနစ်တကျ ဖြစ်စေလိုခြင်း။

၃ - ဆုတောင်းမှုနှင့် ပတ်သက်၍ စနစ်တကျ တောင်း တတ်စေလိုခြင်း။

၄ - မကောင်းကျိုးများကို မတွေ့ကြုံ မခံစားလိုလျှင် ရှောင်ကြဉ်နိုင်ရန် အကြောင်း နည်းလမ်းများကို ညွှန်ပြလိုခြင်း။

၅ - ကောင်းသော အကျိုးများကို တွေ့ကြုံ ခံစား လိုလျှင် ရနိုင်ရန် အကြောင်းနည်းလမ်းများကို ညွှန်ပြလိုခြင်း။

၆ - ပဋိသန္ဓေ နေရမှု, အိုရမှု, နာရမှု, သေရမှု စသော ဒုက္ခ အဖုံဖုံမှ မကင်းလွတ်သေးသော လူ နတ် ဗြဟ္မာ ချမ်းသာများကို စွန့်လွှတ်နိုင်ကြ၍ နိဗ္ဗာန်ချမ်းသာတိုင် အောင် ခံစားကြစေနိုင်ရန် ဆုတောင်းခန်း, ဆုကြီး ၅ - မျိုး စသော အခဏ်းများဖြင့် ညွှန်ပြလိုခြင်း။

ဗုဒ္ဓဘာသာ မှန်သမျှ များသောအားဖြင့် ဤကမ္မဿကတာ ဉာဏ်အလင်းရောင် ရရှိကြသူတွေချည်း သာတည်း၊ သို့သော် ပို၍ပို၍ အလင်းရောင် လင်းသည်ထက် လင်းလာစေရန် ဤ '**ကမ္မဿကတာဉာဏ် အလင်းပြကျမ်း**' မီးရှူး တန်ဆောင်ကို ညှိထွန်း လိုက်ရပေသတည်း။

**ဦးသီဟဗလ (ပါဠိပါရဂူ)**
ပိဋကလမ်းညွှန်ကျမ်းပြုအသျှင်
ဓမ္မဒါန အဖွဲ့တာဝန်ခံ အကျိုးဆောင်
၁၃၃၀ - ပြည့်နှစ်၊ တပို့တွဲလ။

# ကမ္မဿကတာဉာဏ်

## အလင်းပြကျမ်း

### ဒိဋ္ဌိ ၃ - ပါး

ဤလောက၌ မှားယွင်း ချွတ်ချော်သော အမြင်ရှိသော ဒိဋ္ဌိတို့သည် ၃ - ပါး ရှိကုန်၏၊ ၃ - ပါး ဆိုသည်ကား—

၁ - ပုဗ္ဗေကတဟေတုဒိဋ္ဌိ။
၂ - ဣဿရနိမ္မာနဟေတုဒိဋ္ဌိ။
၃ - အဟေတုကအပစ္စယဒိဋ္ဌိ

### ၁ - ပုဗ္ဗေကတဟေတုဒိဋ္ဌိမျိုး

ဤ ၃ - ပါးတို့တွင် အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤသို့ ထင်မြင် မှတ်ယူ ပြောဆိုလေ့ ရှိကြကုန်၏၊ ဤလောက၌ အလုံးခုံသော သတ္တဝါ ဟူသမျှတို့သည် ချမ်းသာမှု သုခကိုရင်း, ဆင်းရဲ

မှု ဒုက္ခကိုရင်း, ချမ်းသာလည်း မဟုတ် ဆင်းရဲလည်း မဟုတ်သော ဥပေက္ခာဝေဒနာကိုရင်း ခံစားကြကုန်၏၊ ထိုသို့သော အလုံးစုံ ခံစားရမှု ဟူသမျှသည် ရှေးရှေးသော အတိတ် ဘဝများက ပြုခဲ့ဘူးသော အကြောင်း သက်သက်ကြောင့် သာ ဖြစ်၏၊ ဤသို့ ထင်မြင်ယူမှတ် ပြောဆိုလေ့ ရှိကြကုန်၏၊ ဤအယူဝါဒသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒ မည်၏။

## ၂ ဣဿရနိမ္မာနဟေတုဒိဋ္ဌိမျိုး

အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ ရှိကြကုန်၏၊ ဤလောက၌ အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ချမ်းသာမှု သုခကိုရင်း, ဆင်းရဲမှု ဒုက္ခကိုရင်း, ချမ်းသာ ဆင်းရဲ မဟုတ်သော ဥပေက္ခာဝေဒနာကိုရင်း- ခံစားကြရကုန်၏၊ ထိုသို့သော အလုံးစုံ ခံစားရမှု ဟူသမျှသည် လောကကို အစိုးရသော ဣဿရ အရှင် ဖန်ဆင်းမှုကြောင့် သာ ဖြစ်၏၊ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ ရှိကြကုန်၏၊ ဤအယူဝါဒသည် ဣဿရနိမ္မာနဟေတုဒိဋ္ဌိ ဝါဒ မည်၏၊

## ၃ - အဟေတုအပစ္စယ ဒိဋ္ဌိမျိုး

အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤသို့ ထင်မြင် မှတ်ယူ ပြောဆိုလေ့ ရှိကြကုန်၏၊ ဤလောက၌ အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ချမ်းသာမှု သုခကိုရင်း, ဆင်းရဲမှု ဒုက္ခကိုရင်း, ချမ်းသာ ဆင်းရဲ မဟုတ်သော ဥပေက္ခာဝေဒနာကိုရင်း- ခံစားကြကုန်၏၊ ထိုသို့သော အလုံးစုံ ခံစားရမှု ဟူသမျှသည် တစုံ

တခုသော ဇနက ဟိတ်အကြောင်း, ဥပတ္ထမ္ဘက ပစ္စည်း အကြောင်း ဟူ၍ မရှိ၊ ပကတိအလိုလို သာ ဖြစ်၏၊ ဤသို့ ထင်မြင်မှတ်ယူ ပြောဆိုလေ့ ရှိကြကုန်၏၊ ဤအယူဝါဒသည် အဟေတုအပစ္စယဒိဋ္ဌိဝါဒ မည်၏။

ဤဝါဒ ၃ - မျိုးကား **အင်္ဂုတ္တရနိကာယ တိကနိပါတ တိတ္ထာယတနသုတ်** ပါဠိ ၁၇၄၊ **အဋ္ဌကထာ** ၁၅၅ ၌ လာ၏။ ။**ပညာသနိပါတ မဟာဗောဓိပရိဗ္ဗာဇကဇာတ်** ၌လည်းဤဝါဒများလာ၏၊ ဣဿရနိမ္မာနဝါဒကို ဣဿရကာရဏဝါဒ ဟူ၍၎င်း, ဣဿရကုတ္တိဝါဒ ဟူ၍၎င်း အချို့ နေရာ၌ လာ၏၊ ဤဝါဒ ၃ - မျိုးကို အနည်းနည်းအားဖြင့် နှိပ်နင်းတော်မူ၍ မြတ်စွာဘုရားသည် သတ္တဝါ အများတို့အား လမ်းမှန် ရောက်အောင် ဆုံးမဟောကြားတော်မူ၏၊ ထို့ကြောင့် ဤဝါဒ ၃ - မျိုးတို့ကို နှိပ်နင်းရာ နှိပ်နင်းကြောင်း စကားရပ်များကို အစဉ်အတိုင်း ပြဆိုပေအံ့။

—

## ပုဗ္ဗေကတဟေတုဝါဒ နိဂ္ဂဟ

### ရှေးကံကြောင့် သာ ဟု ယုံမှတ်မှားပုံ

ပုဗ္ဗေကတဟေတုဝါဒ၌ ပုဂ္ဂိုလ် သတ္တဝါတို့သည် အလုံးစုံသော ချမ်းသာမှု, ဆင်းရဲမှု, ချမ်းသာဆင်းရဲ မဟုတ်သောလျစ်လျူရှုမှု ကိုခံစားကြကုန်၏၊ ထိုမှတပါးသော လောက၌ ထင်ရှားရှိကုန်သော အယုတ် အမြတ် မိုက်မှု လိမ္မာမှု ပြည့်စုံမှု မပြည့်စုံမှု အစိုးရမှု

အစိုးမရမှု အစရှိကုန်သော အရာဌာန အမျိုးမျိုးတို့ကိုလည်းခံစား တွေ့ကြုံ ကြရကုန်၏၊ထိုသို့ အမျိုးမျိုးသော သုခ ဒုက္ခ သမ္ပတ္တိ ဝိပ္ပတ္တိ မှုတို့ကို ခံစား တွေ့ကြုံရမှုသည် ရှေးရှေးသော ဘဝများက မိမိ တို့ ပြုခဲ့ဘူးသော ကံ၏ အစွမ်းကြောင့် သာလျှင် ဖြစ်၏၊ တစုံတ ယောက်သော အရှင်သခင် ဖန်ဆင်းမှုကြောင့် ဖြစ်သည်လည်း မဟုတ်၊ ပစ္စုပ္ပန် ဘဝ၌ ပြုလုပ် အားထုတ်အပ်သော လုံ့လ ပယောဂကြောင့် ဖြစ်သည်လည်း မဟုတ်၊ အကြောင်းကင်း၍ ဖြစ်သည်လည်း မဟုတ်၊ ဤသို့ ပုဗ္ဗေကတဝါဒီ ပုဂ္ဂိုလ်တို့ ယူကြ ကုန်၏၊ ဤအယူ ဝါဒသည် အလုံးစုံသော ပစ္စုပ္ပန်ဘဝ၌ ရှိသော အကြောင်းစုကို ပယ်မြစ်ဟန့်တား၏၊ ဤအယူဝါဒသည် အ ကြောင်းအကျိုး မသင့်၊ တဖြင့်တပါး မှားယွင်းသော အယူ ဖြစ် ၍ ဒိဋ္ဌိဝါဒ မည်လေသည်။

အကယ်၍ ထိုပုဗ္ဗေကတဟေတုဝါဒသည် မှန်ကန်ခိုင်မြဲသည် ဖြစ်အံ့၊ ဤလောက၌ သူတပါး အသက်ကို သတ်လေ့ရှိသော သူတို့သည် ရှေးက ကံအတွက်ကြောင့် သာလျှင် သူတပါး၏ အ သက်ကို သတ်ကြရကုန်၏၊ အကြင်မျှလောက် ကာလပတ်လုံး ရှေးက မိမိ ပြုခဲ့ဘူးသော ကံသည် သုစရိုက် အမှုတို့ကို ပြုလုပ်ရန် စီမံ တိုက်တွန်းဆဲ ဖြစ်၏၊ ထိုမျှလောက်သော ကာလပတ်လုံး သုစ ရိုက် အမှုတို့နှင့် ပြည့်စုံကြကုန်လျက် ရဟန်း ပုဏ္ဏားတို့ ဖြစ်၍ နေကြကုန်၏။

အကြင် အခါ၌ မူကား ရှေးက ပြုခဲ့သော ကံသည် အကုသိုလ် ဒုစရိုက် အမှုတို့ကို ပြုလုပ်ရန် တိုက်တွန်း၏၊ ထိုအခါ၌ မူကား

ထိုရဟန်း ပုဏ္ဏားတို့သည် ထိုရှေးကံ အတွက်ကြောင့် သူတပါး၏ အသက်ကို သတ်ကြရကုန်၏၊ သူတပါး၏ ဥစ္စာကို ခိုးကြရကုန် ၏၊ ကာမဂုဏ်တို့၌ မှားယွင်းသော မေထုန်အကျင့်ကို ကျင့်ကြ ရကုန်၏၊ မုသားစကား ပြောဆိုကြရကုန်၏၊ ဂုံးတိုက်ကြရကုန် ၏၊ ဖရုသဝါစာကို ပြောဆိုကြရကုန်၏၊ အကျိုးမရှိ သိမ် ဖျင်း ပေါ့ပျက်သော စကားကို ပြောဆိုကြရကုန်၏၊ သူတ ပါးပစ္စည်းကို မတရား လိုချင်စိတ် ရှိကြရကုန်၏၊သူတပါးကို ညှဉ်း ပန်း နှိပ်စက်လိုသောစိတ် ရှိကြရကုန်၏၊ မှားယွင်းသော အယူကို ယူကြရကုန်၏။

ဤသို့ ကောင်းမှု မကောင်းမှု အလုံးစုံတို့သည် ရှေးကံ၏ အ တွက်ကြောင့် သာလျှင် ဖြစ်သည် စင်စစ် မှန်ခဲ့သည် ရှိသော် လောက၌ သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း, အသင့် အတင့် နှလုံးသွင်းခြင်း, တရားအား လျော်စွာ ကျင့်ခြင်း အစရှိ ကုန်သော တရားတို့သည် သူတော်ကောင်း ပညာရှိ ဖြစ်ကြရန် အကြောင်းတို့ ပေတည်း ဟု လောက၌ ထင်ရှားကုန်၏၊ ထိုတ ရားတို့သည်လည်း အကျိုးမရှိ အလကားတရားတို့ သာ ဖြစ်ကုန် ၏၊ အဘယ့်ကြောင့်နည်း ဟူမူ သူတော်ကောင်း ပညာရှိ ဖြစ် ရန်, သူယုတ်မာ ပညာမဲ့ ဖြစ်ရန် အကြောင်းများသည် ရှေးက ပြုခဲ့သော ကံ သာလျှင် အကြောင်းရှိ၏၊ အခြား တပါး အ ကြောင်း မရှိ ဟု ယုံကြည်ကြသောကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာတကျ မူကား .... ဤလောက၌ သူ တော်ကောင်းကို မှီဝဲခြင်း, သူတော်ကောင်း တရားကို ကြားနာ

ခြင်း- စသောအမှုတို့ကို ပြုကျင့်အားထုတ်သော သူတို့မှ သာ လျှင် သမဏ ဗြာဟ္မဏ ဟု ဆိုအပ်သော သူတော်ကောင်း အ ဖြစ်သို့ ရောက်နိုင်ကြကုန်၏၊ မပြုမကျင့် အားမထုတ်ဘဲ နေသူ တို့ မူကား သူတော်ကောင်း အဖြစ်သို့ မရောက်နိုင်ကြကုန်၊ ဤသို့ ဖြစ်နေမှုများသည် လောက၌ မျက်မြင်အားဖြင့် အထင်အရှား ဖြစ်၏၊ ထို့ကြောင့် ပစ္စုပ္ပန် ကာလ၌ ပြုလုပ် အားထုတ်ခြင်း, ပစ္စုပ္ပန် လုံ့လပယောဂ အကြောင်းကို ပယ်သော ပုဗ္ဗေကတဝါဒီ ပုဂ္ဂိုလ်တို့၏ ပုဗ္ဗေကတဝါဒ အယူကို မိစ္ဆာဝါဒ ဟု ဆိုအပ် သ တည်း။

ဤကား နိဂ္ဂဟ ( နှိပ်နင်းခြင်း ) တမျိုးတည်း။

---

## ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် စိတ်ဆန္ဒ ဝီရိယကောင်းများ မဖြစ်နိုင်ပုံ

အကြင် ပုဂ္ဂိုလ်တို့သည် ပုဗ္ဗေကတဟေတုဝါဒ အယူကို အ မြတ်တနိုး အားကိုးကြီး တခုပြု၍ ယုံကြည်ကြကုန်၏၊ ဤပုဗ္ဗေ ကတဟေတုဝါဒသည် သာလျှင် အမှန်ဆုံး ဖြစ်၏၊ အခြားသော အယူဝါဒသည် အချည်းနှီး အလကား အမှားတို့ သာတည်း ဟူ၍ မြဲမြံစွာ နှလုံးသွင်းကြကုန်၏၊ ဤသို့ ပုဗ္ဗေကတဝါဒကို သာ အမြတ်အနိုး အားကိုးကြီးတခုပြု၍ ယုံကြည်ကြသော သူတို့ အား အကြင်အမှုကို ငါတို့ မချွတ်မယွင်း ပြုသင့်ပြုထိုက်၏၊ ထို အမှုကို ငါတို့ ပြုကျင့် အားထုတ်ကြကုန်အံ့ ဟူ၍ငှင်း- အကြင် အမှုကို ငါတို့ မပြုသင့် မပြုထိုက်ချေ၊ ထိုအမှုမျိုးကို ငါတို့ မပြု

ဘဲ ရှောင်ကြဉ်ကြကုန်အံ့ ဟူ၍ငင်း- စိတ်ထား ဆန္ဒ ဝီရိယတို့ မဖြစ်နိုင်ကြကုန်ရာ၊ အဘယ့်ကြောင့်နည်း ဟူမူ .... ပြုထိုက်သည်ကို ပြုခြင်း, မပြုထိုက်သည်ကို မပြုဘဲ ရှောင်ကြဉ်ခြင်းများသည် ရှေးကံ သာလျှင် အကြောင်း ရှိ၏၊ ရှေးကံကြောင့် သာလျှင် ဖြစ်၏၊ စိတ် ဆန္ဒ ဝီရိယတို့ကြောင့် ဖြစ်သည် မဟုတ် ဟု ယုံကြည်ကြသော ကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာတကျ မူကား .... ဤလောက၌ ကုသိုလ် ဆန္ဒ သမ္မာဝါယာမတို့ ရှိကုန်မှ သာလျှင် ပြုသင့်သည်ကို ပြုခြင်း, မပြုသင့်သည်မှ ရှောင်ကြဉ်ခြင်းများ ဖြစ်မြောက် ပြီးစီးနိုင်ကြ၏၊ ကုသိုလ် ဆန္ဒ သမ္မာဝါယာမတို့မရှိခဲ့လျှင် မဖြစ်မြောက် မပြီးစီးနိုင်ကြချေ၊ ဤသို့ ဖြစ်နေမှုများသည် လောက၌ မျက်မြင်အားဖြင့် ပင် ထင်ရှားလှ၏၏၊ ထိုကြောင့် အလုံးစုံ ပစ္စုပ္ပန် အကြောင်းဖြစ်သော စိတ် ဆန္ဒ လုံ့လပယောဂတို့ကို ပယ်၍ ရှေးကံကိုသာလျှင် အမြဲ ယုံကြည်သော သူတို့၏ ဝါဒကို မိစ္ဆာဝါဒ ဟု သိအပ်သတည်း။

ဤကား နိဂ္ဂဟ ( နှိပ်နင်းခြင်း ) တမျိုးတည်း။

—

## ပုဗ္ဗေကတဟေတုဒိဋ္ဌိကြောင့် သူတော်ကောင်းတရား ပျက်ပြားနိုင်ပုံ

ပြုသင့် ပြုထိုက်သော အမှုကို ပြုခြင်း, မပြုသင့် မပြုထိုက်သော အမှုကို မပြုခြင်း၎ာ စိတ် ဆန္ဒ ဝီရိယတို့ မဖြစ်နိုင်ကြကုန်

သည် ရှိသော် ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိ ပုဂ္ဂိုလ်တို့အား ပြုသင့်သည်, မပြုသင့်သည် ဟူသော အမှတ်သညာမှ ကင်းကြကုန်သဖြင့် ပြုသင့် ပြုထိုက်သော ပုညကိရိယာ ဝတ္ထုများကို မပြုဘဲနေခြင်း, မပြုသင့် မပြုထိုက်သော ဒုစရိုက်အမှုတို့ကို ပြုခြင်း အမှုကိုသည် ဖြစ်ကုန်ရာ၏။

ဤသို့ ပုဗ္ဗေကတဝါဒကို သာ မြဲစွာ ယူ၍ သတိလွတ်ကင်းလျက် အစောင့်အရှောက် မရှိဘဲ နေကြကုန်သော သူတို့အား တရားနှင့် လျော်သော သမဏဝါဒ မဖြစ်နိုင်ကြကုန်ရာ၊ ပြုသင့်ပြုထိုက်သော အမှုကို ပြည့်စုံစွာ ပြုလေ့ ရှိသောကြောင့်၎င်း, မပြုသင့် မပြုထိုက်သော အမှုတို့ကို ဝေးစွာ ရှောင်ကြဉ်လေ့ ရှိသောကြောင့်၎င်း- လောက၌ သမဏ ( ရသေ့-ရဟန်း ) ဟူ၍ ခေါ်ဝေါ် ပြောဆိုမှု, ဗြာဟ္မဏ (ကိလေသာမှ အပပြုအပ်ပြီးသူ ) ဟူ၍ ခေါ်ဝေါ် ပြောဆိုမှု, သူတော်ကောင်းသူမြတ်လောင်း ဟူ၍ ခေါ်ဝေါ် ပြောဆိုမှုများသည် ရှိကြ၏။

ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိတို့၏ အယူ၌ကား တရားနှင့် လျော်သော ထိုသမဏ ဗြာဟ္မဏ သပ္ပုရိသ ဟူသော ဝေါဟာရသည် မရှိနိုင်၊ အဘယ့်ကြောင့်နည်းဟူမူ....ပကတိဖြစ်သော အဂါရိက လူတို့၏၎င်း, သမဏ ဗြာဟ္မဏ သပ္ပုရိသဟူ၍ သမုတ်အပ်ကုန်သော သူတို့၏၎င်း- ပြုသင့် ပြုထိုက်သော အမှု, မပြုသင့် မပြုထိုက်သော အမှုကို စွဲ၍ ထူးထွေဘွယ် မရှိသောကြောင့်တည်း။

စင်စစ်ကေန် အမှန်နေရာတကျ မူကား ... လောက၌ ပြုသင့် ပြုထိုက်သော အမှု, မပြုသင့် မပြုထိုက်သော အမှုမည်သည် ရှိ၏၊

အကြင် သူတို့သည် ပြုသင့် ပြုထိုက်သော သုစရိုက် ပုညကိရိယာ ဝတ္ထု အမှုများကို မပြုကြကုန်၊ မပြုသင့် မပြုထိုက်သော ဒုစရိုက် အမှုများကို မှုကား ပြုလေ့ ရှိကြကုန်၏၊ ထိုသူတို့သည် ပကတိ မနုဿ (ပကတိလူ) မည်ကုန်၏၊ အကြင် သူတို့သည်ကား မြဲမြံ စောင့်ရှောက်အပ်သော သတိတရားနှင့် ပြည့်စုံ ကုန်သည် ဖြစ်၍ ပြုသင့် ပြုထိုက်သော သုစရိုက် ပုညကိရိယာဝတ္ထု အမှု များကို ပြည့်စုံစွာ ပြုကြကုန်၏၊ မပြုသင့် မပြုထိုက်သော ဒုစ ရိုက်အမှုများကို ဝေးစွာ ရှောင်ကြဉ်ကြကုန်၏၊ ထိုသူတို့သည် သမဏ ဗြာဟ္မဏ သပ္ပုရိသ မည်ကုန်၏။

ဤသို့ ခွဲခြမ်း၍ ယူခြင်းသည်သာ အကြောင်းတရားနှင့် လျော် သော သမဏဝါဒ ဗြာဟ္မဏဝါဒ မည်၏၊ ပုဗ္ဗေကတဟေတုဒိဋ္ဌိ တို့သည်ကား သတိတရားဖြင့် မြဲစွာ စောင့်ရှောက်ခြင်း စသော ပစ္စုပ္ပန် အကြောင်းစုကို ပယ်ရှား၍ ရှေးက ပြုခဲ့ဘူးသော ကံ အကြောင်းကို သာလျှင် စွဲမြဲစွာ ယုံကြည်ကြကုန်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ ဝါဒကို 'မိစ္ဆာဝါဒ' ဟု သိအပ် ကုန်သတည်း။

ဤကား နိဂ္ဂဟ တမျိုးတည်း။

—

## ပြုလုပ်ဘွယ်မရှိ အကိရိယ ဖြစ်နိုင်ပုံ

ဤပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒကို ပညာရှိတို့၏ ဉာဏ်ဖြင့် သေ ချာစွာ စိစစ်အပ်သည် ရှိသော် လောက၌ ရှိရှိသမျှသော အခွင့် ကိစ္စ အရာဌာနတို့ကို မပြုမလုပ်ဘဲ အလကား နေဘို့ရန် အကိရိယ

ဖြစ်ဘွယ် သာ ရှိလေတော့၏၊ အဘယ်သို့ အကိရိယ ဖြစ်ဘွယ် ရှိသနည်းဟူမူ.... ဤပုဗ္ဗေကတဝါဒကို မြဲမြံစွာယူသော သူတို့သည် သူတော်တကာတို့ ပြုအပ်သော အမှု, သူတော်တကာတို့၏ စွမ်းအန်လုံ့လ ဝီရိယ ဟူသမျှကို အလုံးစုံ ပယ်ကြကုန်၏၊ ဝီရိယ အရာဌာနပညာ၏ အရာဌာနတို့ကိုလည်း ပယ်ကြကုန်၏၊မျက်မှောက်ဘဝနှင့် စပ်ယှဉ်သောအကျိုး, တမလွန် ဘဝနှင့် စပ်ယှဉ်သော အကျိုး ဤသို့ စသည်ဖြင့် ပညာရှိတို့ သမုတ်ပညတ်ထားအပ်သော အကျိုးစီးပွား ဟူသမျှကိုလည်း မဟုတ်မမှန် ဟု မှတ်ယူ စွဲမြဲကြကုန်၏။

ထိုပုဗ္ဗေကတဟေတုဒိဋ္ဌိတို့အား လောက၌ ပြုသင့် ပြုထိုက်သော သူတော်တကာတို့၏ အမှုကိစ္စ ဟူသမျှကို ပြုလုပ် အားထုတ်ကြရန် စိတ်ထားသည်ရင်း, ဆန္ဒသည်ရင်း, ဝီရိယသည်ရင်း မဖြစ်နိုင်ကုန်ရာ၊ ဤသို့လျှင် ဤပုဗ္ဗေကတဝါဒသည် အကိရိယ ဖြစ်ဘွယ် ရှိလေသတည်း။

အကြင် သူတို့သည် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိကို စွဲလမ်း၍ ကျင့်ကြံ လိုက်နာကြကုန်၏၊ ထိုသူတို့သည် လောက၌ အချည်းနှီး အကျိုးမမျှား အလကား မောဃ တုစ္ဆ နိရတ္ထကတို့ သာ ဖြစ်ကုန်ရာ၏၊ အမှိုက် သရိုက် ဖွဲ ပြာ သစ်သား ထင်းကုလား တုံးတို့နှင့် သာ တူကုန်ရာ၏၊ ထို့ကြောင့် မြတ်စွာ ဘုရားသည် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိ ဝါဒကို ကောင်းကောင်း နှိပ်နင်း၍ ပယ်ရှားတော်မူခဲ့၏။

## ကမ္မဿကာကို ရှင်းပြခြင်း

ဤနေရာ၌ စကားဝင်ဘွယ်ရှိသည်ကား .... မြတ်စွာ ဘုရားသည် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒကို ကောင်းကောင်းကြီး နှိပ်နင်းပယ်ရှား၍ တားမြစ်တော်မူသည် မှန်ခဲ့ငြားအံ့၊ ထိုသို့ တားမြစ်ရိုး မှန်ခဲ့ပါလျှင်—

> ကမ္မဿကာ မာဏဝ သတ္တာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ ကမ္မဗန္ဓူ၊ ကမ္မပ္ပဋိသရဏာ။

ဟူသော **သုဘသုတ်ပါဠိတော်**ကို အဘယ် အကျိုးငှာ မြတ်စွာဘုရားဟောကြားတော်မူပါသနည်း၊ ဤကား စကားဝင်ပုံဘည်း။

၁ - ပုဗ္ဗေကတ အယူကို ယူလေ့ ရှိကုန်သော သူတို့သည် ရှေး၌ ပြုခဲ့ဘူးသော အတိတ်ကံသည် သာလျှင် ခပ်သိမ်းသော သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှု၏ အကြောင်း သာတည်း ဟူ၍ သာ ယုံကြည်ကြကုန်၏၊ အလုံးစုံသော ပစ္စုပ္ပန် အကြောင်း ဖြစ်သော ဝီရိယအရာ ပညာအရာတို့ကို ပယ်ရှားတားမြစ်ကြကုန်၏၊ ဤပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒသည် ပစ္စုပ္ပန်အကြောင်း တဖက်ကို ပြစ်ပယ်သောကြောင့် ဧကပက္ခဟီနဝါဒ မည်၏။

၂ - လောကကို အစိုးရသော အရှင်သခင် ဖန်ဆင်းမှုကို ယုံကြည်ကြကုန်သော ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့သည် အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှု ဟူသမျှသည် လောကကို အစိုးရသော အရှင်သခင် ဖန်ဆင်းခြင်းလျှင် အကြောင်းရင်း ရှိ၏ ဟု ယုံကြည်ကြကုန်၏၊ အလုံးစုံတော အတိတ်ကံ အ

ကြောင်းကိုရင်း, ပစ္စုပ္ပန်ကံအကြောင်းကိုရင်း တားမြစ်ကြကုန်၏၊ ဤဣဿရနိမ္မာနဝါဒသည် အတိတ်ကံ အကြောင်း,ပစ္စုပ္ပန်ကံအကြောင်း နှစ်ပါးစုံကို ပြစ်ပယ်သောကြောင့် ဥဘယပက္ခဟိနဝါဒ မည်၏။

၃ - အကြောင်း ဟူသမျှကို ပြစ်ပယ်သော အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့သည်ကား.... အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု, ဆင်းရဲမှုများသည် အကြောင်းမရှိ၊ ပကတိ အလိုလို သာဖြစ်၏ ဟု အလုံးစုံသော အကြောင်း ဟူသမျှကို ပယ်ရှား တားမြစ်၏၊ ဤအဟေတုကဝါဒသည်ကား အလုံးစုံ အကြောင်း ချို့တဲ့သောကြောင့် သဗ္ဗဟိနဝါဒ မည်၏။

ထိုသို့ ဝါဒသုံးပါးရှိသည့် အနက် ဣဿရနိမ္မာနဝါဒ, အဟေတုက ဝါဒ နှစ်ပါးတို့ကို မြဲမြံစွာ နှိပ်နင်း ပယ်ရှားတော်မူလိုသောကြောင့် ငါတို့ မြတ်စွာ ဘုရားသခင်သည် 'ကမ္မဿကာ မာဏဝသတ္တာ၊ ကမ္မဒါယာဒါ' စသည်ဖြင့် ဟောတော်မူလေသတည်း။

## ဆိုဘွယ် တနည်းကား

ယခင်ပါဠိတော်၌ 'ကမ္မဿကာ မာဏဝသတ္တာ၊ ကမ္မဒါယာဒါ' ဟူ၍ သာလျှင် သာမညအားဖြင့် ဘုရား ဟောတော်မူ၏၊ 'ပုဗ္ဗေကတ ကမ္မဿကာသတ္တာ၊ ပုဗ္ဗေကတ ကမ္မဒါယာဒါ' ဟူ၍ မြတ်စွာဘုရားသည် ထူးခြားသီးသန့်၍ ဟောတော်မမူချေ၊ ထိုသို့ မဟောလေသောကြောင့် 'ကမ္မဿကာ ကမ္မဒါယာဒါ' ဟူသော

ပုဒ်၌ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးလုံးကို ပင် ရသင့်၏၊ ဤသို့ အနက် ယူလိုက်သည် ရှိသော် ကမ္မဿကာ ဟူသော နေရာ၌ သတ္တဝါတို့သည် အတိတ်ကံ တည်းဟူသော မိမိဥစ္စာလည်း ရှိကြကုန်၏၊ ပစ္စုပ္ပန်ကံ တည်းဟူသော မိမိဥစ္စာလည်း ရှိကြကုန်၏၊ ဤသို့ ထင်ရှားသန့်ရှင်းသော အနက်ကို ရအပ်၏။

—

## သာဓနီယဋ္ဌာနကြီး ၃-ပါး

ဤနေရာ၌ အတိတ် ပစ္စုပ္ပန် ကံ နှစ်ပါးတို့၏ အကြောင်းကို ကောင်းစွာ နည်းပြဆွန်ကြားပေအံ့။ ။ဤလောက၌ သုံးပါးသော အရာဋ္ဌာနကြီးတို့သည် ထင်ရှားရှိကြကုန်၏၊ ဋ္ဌာနကြီး ၃-ပါးကား—

၁ - ကမ္မသာဓနီယဋ္ဌာန,

၂ - ဝီရိယ သာဓနီယဋ္ဌာန,

၃- ပညာ သာဓနီယဋ္ဌာန—

ကံ၏ အတွက် ပြီးစီးသော အရာဋ္ဌာနသည် ကမ္မသာဓနီယဋ္ဌာန မည်၏။

ဝီရိယ အတွက် ပြီးစီးသော အရာဋ္ဌာနသည် ဝီရိယ သာဓနီယဋ္ဌာန မည်၏။

ပညာ အတွက် ပြီးစီးသော အရာဋ္ဌာနသည် ပညာသာဓနီယဋ္ဌာန မည်၏။

ထိုသုံးပါးတို့တွင် ၁. ကမ္မသာဓနီယဌာနသည်လည်း အောက်ပါအတိုင်း နှစ်ပါး ရှိပြန်၏။

၁ - အတီတကမ္မသာဓနီယဌာန,

၂ - ပစ္စုပ္ပန္နကမ္မသာဓနီယဌာန,

အတိတ်ကံ၏ အတွက် ပြီးစီးသော အရာဌာနသည် အတီတကမ္မသာဓနီယဌာန မည်၏။

ပစ္စုပ္ပန်ကံ၏ အတွက် ပြီးစီးသော အရာဌာနသည် ပစ္စုပ္ပန္နကမ္မသာဓနီယဌာန မည်၏။

## အတီတကမ္မသာဓနီယဌာန

သုဂတိဘုံဘဝ ဒုဂ္ဂတိဘုံ ဘဝတို့၌ လေးပါးသော ပဋိသန္ဓေတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေတည်နေရခြင်းသည်၎င်း, သုဂတိဘဝ တို့တွင်လည်း မြင့်မြတ်သော အမျိုး၌ ပဋိသန္ဓေနေရခြင်း- ယုတ်ညံ့သော အမျိုး၌ ပဋိသန္ဓေနေရခြင်း များသည်၎င်း, ပဋိသန္ဓေ တည်နေသော အခါမှ စ၍ စက္ခုသောတ(မျက်စိ,နား) ဝသည်တို့၏ ပြည့်စုံမှု ချွတ်ယွင်းမှုသည်၎င်း, ပဋိသန္ဓေဉာဏ်ပညာ၏ ပြည့်စုံမှု ချွတ်ယွင်းမှုသည်၎င်း, ကြွင်းသော အင်္ဂါကြီးငယ် တင့်တယ်သော ရုပ်လက္ခဏာတို့၏ ပြည့်စုံမှု ချွတ်ယွင်းမှု စသော သမ္ပတ္တိ ဝိပ္ပတ္တိ ဟူသမျှတို့သည်၎င်း အတိတ်ဘဝက ပြုခဲ့သော သုစရိုက်ကံ ဒုစရိုက်ကံ အတွက် ပြီးစီးဖြစ်ပေါ်လာရသောကြောင့် အတီတကမ္မသာဓနီယဌာနတို့ မည်ကုန်၏။

ထိုဆိုခဲ့ပြီးသော အရာဌာနတို့ကို ပစ္စုပ္ပန်ကံဖြင့် ပြီးစီး ဖြစ်ပေါ်လာအောင် မတတ်နိုင်ကြကုန်၊ ထိုစကားမှန်၏၊ အတိတ်ကံ အတွက်ကြောင့် သုဂတိဘုံ၌ ဖြစ်သော သတ္တဝါတို့သည် ထိုသုဂတိ အတ္တဘောကို မစွန့်ဘဲ ပစ္စုပ္ပန်၌ ဉာဏ်စွမ်း ဝီရိယစွမ်း တည်းဟူသော ပစ္စုပ္ပန်ကံဖြင့် ဒုဂ္ဂတိအတ္တဘော ဖြစ်အောင် ပြုလုပ်ခြင်းငှာ မတတ်နိုင်ကြကုန်၊ အတိတ်ကံ အတွက်ကြောင့် ဒုဂ္ဂတိဘုံ၌ ဖြစ်သော သတ္တဝါတို့သည် ထိုဒုဂ္ဂတိ အတ္တဘောကို မစွန့်ဘဲ ပစ္စုပ္ပန်ကံဖြင့် သုဂတိ အတ္တဘောဖြစ်အောင် ပြုလုပ်ခြင်းငှာ မတတ်နိုင်ကြကုန်။

အတိတ်ကံ အတွက်ကြောင့် ပဋိသန္ဓေ တည်နေစဉ် အခါကပင် စက္ခုချို့တဲ့ကုန်သော ဇစ္စန္ဓပုဂ္ဂိုလ်တို့အား ပဝတ္တိကာလ၌ တစုံတယောက်သော လူ နတ် ဗြဟ္မာတို့သည်၎င်း, ဣဿရအရှင်သခင်သည်၎င်း, ပစ္စုပ္ပန်ဖြစ်သော ဉာဏ်စွမ်း ဝီရိယစွမ်း တန်ခိုးအစွမ်းဖြင့် စက္ခုပသာဒကို ဖြစ်ပေါ်လာအောင် မတတ်နိုင်ကြကုန်။

အတိတ်ကံ အတွက်ကြောင့်ဖြစ်ရသော ကမ္မဇ စက္ခုပသာဒသည် ပစ္စုပ္ပန် ဖြစ်သော ပဝတ္တိကာလ၌ တစုံတခုသော ဘေးအန္တရာယ်ကြောင့် အကြွင်းမဲ့ ပျက်စီးလေသည် ရှိသော် ထိုပျက်စီးသွားသော စက္ခုပသာဒကို တစုံတယောက်သော လူ နတ် ဗြဟ္မာ တို့သည်၎င်း, ဣဿရအရှင်သည်၎င်း, ဉာဏ်စွမ်း ဝီရိယစွမ်း တန်ခိုးအစွမ်းဖြင့် တဖန် ပြန်ဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်းငှာ မတတ်နိုင်ကြကုန်။ ။အတိတ်ကံ အတွက်ကြောင့် ပြီး

စီးဖြစ်ပေါ်လာသော သောတပသာဒ စသည်တို့ကိုလည်း ဤစက္ခုအတိုင်း ပင် သိပါလေ။

အတီတကမ္မသာဓနီယဋ္ဌာန အမြွက် ပြီး၏။

---

## ပစ္စုပ္ပန္နကမ္မသာဓနီယဋ္ဌာန

ပစ္စုပ္ပန္နကမ္မသာဓနီယ အရာ၌ ရှေးဦးစွာ ပစ္စုပ္ပန်ကံကို ဆိုအပ်၏၊ အကျဉ်းအားဖြင့် ပစ္စုပ္ပန်ကာလ၌ ချမ်းသာမှု ဆင်းရဲမှု၏ အလို့ငှာ ကြံစည် အားထုတ် ပြုလုပ်အပ်ကုန်သော သုစရိုက် ဒုစရိုက်ဖြစ်သော ကာယကံမှု ဝစီကံဝိမှု မနောကံမှု တို့သည် ပစ္စုပ္ပန်ကံ မည်ကုန်၏၊ ( ကံဆိုသော စကား နှင့် အမှုဆိုသော စကား အတူတူ ဟူ၍ မှတ်။ )

အကျယ်အားဖြင့် ဤလောက၌ ထွန်ယက် စိုက်ပျိုးခြင်း, ကျွဲ နွား ဆိတ် သိုး စသည်တို့ကို မွေးမြူ စောင့်ရှောက်ခြင်း, ကူးသန်း ရောင်းဝယ်ခြင်း စသည်ဖြင့် များလှစွာသော ကမ္မာယတန အမှုမျိုး တို့သည်လည်း ထင်ရှား ရှိကုန်၏၊ အဋ္ဌာရသသိပ္ပ ဟု ဆိုအပ်ကုန်သော အတတ်မျိုး ၁၈ ပါး စသည်ဖြင့် များလှစွာသော သိပ္ပာယတန အတတ်မျိုးတို့သည်လည်း ထင်ရှား ရှိကုန်၏။

ဗေဒင် သုံးပုံလျှင် အရင်းရှိကုန်သော မြေကြီး၏ ကြန်အင်လက္ခဏာတို့ကို သိသော ဘူမိဝိဇ္ဇာအတတ်, လူတို့၏ ကြန်အင်လက္ခဏာကို မြင်လျှင် အကျိုးပေး မပေး စသည်ကို သိနိုင်သော

အင်္ဂဝိဇ္ဇာအတတ်, ကြယ်နက္ခတ်တို့ကို မြင်လျှင် မည်သို့ ဖြစ်မည်ဟု သိမြင်နိုင်သော နက္ခတ္တ ဝိဇ္ဇာအတတ် - ဤသို့ စသည်ဖြင့် များလှစွာသော ဝိဇ္ဇာဌာနမျိုးတို့သည်လည်း ထင်ရှား ရှိကုန်၏။

ထိုမှတပါး အကြား အမြင်ဖြင့် ပြီးသော ပညာဌာနမျိုး, အကြံအစည်ဖြင့် ပြီးသော ပညာဌာနမျိုး, ဘာဝနာဖြင့် ပြီးသော ပညာဌာနမျိုး တို့သည်လည်း ထင်ရှား ရှိကုန်၏၊ ထိုပြဆို အပ်ကုန်ပြီးသော ကမ္မာယတန, သိပ္ပာယတန, ဝိဇ္ဇာဌာန, ပညာဌာန တို့ကို ပြုလုပ်အားထုတ်ခြင်း, စီရင်ခြင်း, ဖြစ်စေခြင်း များသည် ပစ္စုပ္ပန်ကံ မည်၏။

ထိုမှ တပါးလည်း ဤလောက၌ အကျိုးမများ အလကား အချည်းနှီး ဖြစ်ကုန်သော စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း, အသက်ချမ်းသာ ပျက်စီးကြောင်း, ကျန်းမာမှု၏ ဆုတ်ယုတ်ကြောင်း, ပျက်စီးကြောင်း, ဂုဏ်ကြက်သရေ ပျက်စီးကြောင်း, သီလ ပျက်စီးကြောင်း, အသိ အလိမ္မာ ဉာဏ်ပညာ ပျက်စီးကြောင်းများကို ဖြစ်စေတတ်ကုန်သော အထောင် မကသော မိုက်မဲမှု, ဖျင်းအမှု, ပျင်းရိမှု, အလေလိုက်မှု စသည်တို့သည်လည်း ထင်ရှား ရှိကုန်၏၊ ထိုအမှုတို့ကို ပြုလုပ် အားထုတ်ခြင်းသည်လည်း ပစ္စုပ္ပန်ကံ ပင် မည်၏။

ထိုသို့ ဆိုခဲ့ပြီးသော ပစ္စုပ္ပန်ကံတို့ အတွက်ကြောင့် ပစ္စုပ္ပန်ကာလ၌ ပြည့်စုံ ထွန်းကားမှု အမျိုးမျိုး, ပျက်စီး ဆုတ်ယုတ်မှု အမျိုးမျိုးတို့သည်လည်း ထင်ရှား ရှိကုန်၏၊ ထိုပစ္စုပ္ပန် ကာလ၌

ပြည့်စုံမှု, ပျက်စီးမှုများသည် ပစ္စုပ္ပန္နကမ္မဿာဓနိယဌာနတို့ မည်ကုန်၏။

ပစ္စုပ္ပန္နကမ္မဿာဓနိယဌာန အမြွက် ပြီး၏။

—

## မိဿကနယ

အတိတ်ကံသည်လည်း အောက်ပါအတိုင်း သုံးပါး ရှိပြန်၏...

၁ - မဟန္တ....ကြီးသော အတိတ်ကံ။

၂ - မဇ္ဈိမ ....အလတ်ဖြစ်သော အတိတ်ကံ။

၃ - အပ္ပက....အနည်းငယ်သော အတိတ်ကံ။

ပစ္စုပ္ပန်ကံသည်လည်း အောက်ပါအတိုင်း သုံးပါး ပင် ရှိပြန်၏။

၁ - ဝုဒ္ဓိဘာဂိယ....ကြီးပွားရန် အဘို့ရှိသောကံ။

၂ - ဌိတိဘာဂိယ.... တည်တံ့ရုံမျှ အဘို့ရှိသောကံ။

၃ - ဟာနဘာဂိယ....ယုတ်လျော့ရန် အဘို့ရှိသောကံ။

## အတိတ်ကံ ကြီးသူ ၃-ယောက်

၁ - အကြင် သူတို့သည် ကြီးမားသော အတိတ်ကံ အတွက် ကြောင့် များသော စည်းစိမ် ဥစ္စာ ရှိသော မင်းမျိုး, သူဌေး သူကြွယ်မျိုးတို့၌ ဖြစ်ကုန်၏၊ ထိုသို့ ကြီးမားသော အတိတ်ကံ အတွက် မြင့်မြတ်သော အမျိုး၌ ဖြစ်သော သူတို့တွင် အကြင် သူတို့

သည် ပဝတ္တိကာလ၌ ကြီးပွားရန် အဘို့ ရှိသော ဝုဋ္ဌိဘာဂိယ ပစ္စုပ္ပန်ကံ အမှုကို မှီဝဲ ပြုလုပ်ကြကုန်၏၊ ထိုသူတို့အား လောကီ စီးပွားချမ်းသာတို့သည်၎င်း, အစိုးရခြင်းဂုဏ်တို့သည်၎င်း ကြီးပွား တိုးတက်ကုန်၏၊ တည်တံ့ရှိ သာမနေကြကုန်၊ ဆုတ်ယုတ်ခြင်း လည်း မရှိကြကုန်။

၂- အကြင် သူတို့သည် တည်တံ့ရုံမျှ အဘို့ရှိသော ဌီတိ ဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲ ပြုလုပ်ကြကုန်၏၊ ထိုသူ တို့အား စီးပွားချမ်းသာ ဂုဏ်ကြက်သရေတို့သည် မတိုးမပွားကုန်၊ တည် တံ့ရုံမျှ သာ ရှိကုန်၏၊ ဆုတ်ယုတ်ခြင်းသို့ မူကား မရောက် ကုန်။

၃- အကြင် သူတို့သည် ယုတ်လျော့ရန် အဘို့ရှိသော ဟာနဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲ ပြုလုပ်ကြကုန်၏၊ ထိုသူတို့ အား စည်းစိမ်ချမ်းသာ ဂုဏ်ကြက်သရေတို့သည် ဆုတ်ယုတ် ပျက်စီးလေကုန်၏၊ တည်တံ့နိုင်ရုံမျှ မရှိလေကုန်၊ တိုးပွားရန် မူကား ဝေးလေကုန်၏။

ဤကား မဟန္တ ဖြစ်သော အတိတ်ကံကို မူတည်ပြီးလျှင် ပစ္စုပ္ပန်ကံ သုံးမျိုးကို မူလီသွင်း၍ နှိုးနှော၍ပြပုံတည်း။

—

## အတိတ်ကံ အလတ်ရှိသူ ၃-ယောက်

၁- အကြင် သူတို့သည် အလယ်အလတ် ဖြစ်သော အ တိတ်ကံ အတွက်ကြောင့် အလယ်အလတ်မျှ စည်းစိမ်ဥစ္စာ ရှိ

ကုန်သော သူကြွယ်မျိုးတို့၌ ဖြစ်ကုန်၏၊ ထိုသူတို့တွင် အကြင် သူတို့သည် ကြီးပွားရန် အဘို့ရှိသော ဝုဒ္ဓိဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်ကြကုန်၏၊ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရိုန် အဝါ ဂုဏ်ကြက်သရေတို့သည် တိုးပွားကြကုန်၏။

၂ - အကြင် သူတို့သည် တည်တံ့ရုံမျှ အဘို့ ရှိသော ဌိတိဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲ ပြုလုပ်ကြကုန်၏၊ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရှိန်အဝါ ဂုဏ်ကြက်သရေတို့သည် တည်တံ့ရုံ သာ ရှိကုန်၏၊ တိုးပွားခြင်း မရှိ၊ ဆုတ်ယုတ်ခြင်းလည်း မရှိကုန်။

၃ - အကြင် သူတို့သည် ယုတ်လျော့ရန် အဘို့ရှိသော ဟာနဘာဂိယ ပစ္စုပ္ပန်ကံကို မှီဝဲ ပြုလုပ်ကြကုန်၏၊ ထိုသူတို့အား စည်းစိမ်ဥစ္စာ အရှိန်အဝါ ဂုဏ်ကြက်သရေတို့သည် ဆုတ်ယုတ် ပျက်စီးကုန်၏၊ တည်တံ့ရုံမျှ ပင် မရှိလေ၊ တိုးပွားရန် မူကား ဝေးလေစွ။

ဤကား မဇ္ဈိမ ဖြစ်သော အတိတ်ကံကို မူတည် ပြီးလျှင် ပစ္စုပ္ပန်ကံ သုံးမျိုးကို မူလီသွင်း၍ နှိုးနှော့ပြပုံတည်း။

---

## အတိတ် ကံငယ်သူ ၃ - ယောက်

၁ - အကြင် သူတို့သည် သေးနုပ် သိမ်ငယ်လှစွာသော အတိတ်ကံ အတွက်ကြောင့် သူဆင်းရဲ အမျိုးတို့၌ ဖြစ်ကုန်၏၊ ထိုသူတို့သည် ကြီးပွားရန် အဘို့ရှိသော ဝုဒ္ဓိဘာဂိယ ပစ္စုပ္ပန်

ကံကို မှီ၍ ပြုလုပ်ကြကုန်၏၊ ထိုသူတို့အား စည်းစိမ်ဉစ္စာ ဂုဏ် အရှိန်အဝါတို့သည် တိုးပွားကုန်၏။

၂ - အကြင် သူတို့သည် တည်တံ့ရုံမျှ အဘိုရှိသော ဌိတိဘာဂိယ ပစ္စုပ္ပန်ကံကို မှီ၍ အားထုတ်ကုန်၏၊ ထိုသူတို့အား စည်းစိမ်ဥစ္စာတို့သည် နဂိုရ်အတိုင်း တည်တံ့ရုံ သာ ရှိကုန်၏၊ မတိုးမပွား မဆုတ်ယုတ်ကုန်။

၃ - အကြင် သူတို့သည် ယုတ်လျော့ရန် အဘိုရှိသော ဟာနဘာဂိယ ပစ္စုပ္ပန်ကံကို မှီ၍ အားထုတ်ကုန်၏၊ ထိုသူတို့အား စီးပွားဥစ္စာတို့သည် နဂိုရ်အတိုင်း မတည်နိုင်ဘဲ ဆင်းရဲသည် ထက် ဆင်းရဲကြကုန်၏။

ဤကား အပွက ဖြစ်သော အတိတ်ကံကို မှုတည်ပြီးလျှင် ပစ္စုပ္ပန်ကံ သုံးမျိုးကို မှုလီသွင်း၍ နှီးနှောပြပုံတည်း။

ဤသို့လျှင် လောက၌ အတိတကမ္မသာဓနီယဋ္ဌာန, ပစ္စုပ္ပန္နကမ္မသာဓနီယဋ္ဌာန ဟူ၍ ကြီးကျယ်သော အရာဋ္ဌာနကြီး နှစ်ပါး ရှိလေသတည်း။

ကမ္မသာဓနီယဋ္ဌာနကို
အမြွက်မျှ ပြဆိုသော စကားရပ် ပြီး၏။

---

## ဝီရိယသာဓနီယဋ္ဌာန - ပညာသာဓနီယဋ္ဌာန ၂ - ပါးကို ပြဆိုခြင်း

ဝီရိယစွမ်း ဉာဏ်စွမ်းတို့ မည်သည်ကား ဆိုခဲ့ပြီးသော အတိတ်ကံ ပစ္စုပ္ပန်ကံ ၂ - ပါးကို ပြီးစီးစေရန် အလို့ငှာ သာ

ဖြစ်ကြကုန်၏၊ ဝီရိယစွမ်း ဉာဏ်စွမ်းတို့သည် ကြီးမားကုန်သည် ဖြစ်အံ့၊ ကြီးမားသော မဟဂ္ဂုတ်ကံတို့သည် ပြီးစီးလေကုန်၏။ ။ ဝီရိယစွမ်း ဉာဏ်စွမ်းတို့သည် အလယ်အလတ် မျှသာ ဖြစ်ကုန်အံ့၊ အလယ်အလတ် ဖြစ်သော မဇ္ဈိမကံတို့သည် ပြီးစီးလေကုန်၏။ ။ဝီရိယစွမ်း ဉာဏ်စွမ်းတို့သည် သေးသိမ် နုပ်ဖွဲ့ကုန်သည် ဖြစ်အံ့၊ သေးသိမ်သော အပွကကံတို့သည် ပြီးစီးလေကုန်၏၊ ထို့ကြောင့် နှစ်ပါး အပြားရှိတော ကမ္မသာဓနီယဌာနသည် ကြီးကျယ်သည် ဖြစ်အံ့၊ ဝီရိယသာဓနီယဌာန ပညာသာဓနီယဌာနများသည်လည်း ကြီးမားလေတော့သည် သာတည်း။

ဝီရိယသာဓနီယဌာန - ပညာသာဓနီယဌာန ၂ - ပါးကို အမြွက်မျှ ပြဆိုသော စကားရပ် ပြီး၏။

---

## အတိတ် ပစ္စုပ္ပန်ကံ ၂ - ရပ် နှင့် ဉာဏ် ဝီရိယ ဆက်စပ်နေပုံ

ဤသို့လျှင် အနမတဂ္ဂ သံသရာ၌ ကျင်လည်ကြရကုန်သော သတ္တဝါတို့အား နှစ်ပါး အပြားရှိသော အတိတ်ကံ ပစ္စုပ္ပန်ကံများသည် သာလျှင် ချမ်းသာမှု ဆင်းရဲမှု၏ ပဓာန အကြောင်းရင်းကြီး ဖြစ်၏၊ ဆိုခဲ့ပြီးသောကံ နှစ်ပါးမှ တပါးကုန်သော ကာလ ဒေသ စသော အကြောင်းတို့သည်ကား အပဓာန အကြောင်းတို့ သာတည်း၊ ထို့ကြောင့် သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှု၏ ပဓာန အကြောင်းရင်း ဖြစ်ကုန်သော အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးတို့ကို တပေါင်းတည်း ပြတော်မူ

၍ "ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ" စသော စကားကို မြတ်စွာဘုရား ဟောကြားတော်မူသတည်း။

ပဓာန အကြောင်းရင်းကို ထုတ်ဖော်၍ ဟောကြားတော်မူလိုက်သည် ရှိသော် အပဓာန အကြောင်းများသည်လည်း ဟောခြင်းကိစ္စ ပြီးလေတော့၏၊ ထို့ကြောင့် ထိုကမ္မဿကာ စသော ပါဠိ၌ ပဓာန ဖြစ်သော ကံနှစ်ပါးတို့ကို သချုပ်အားဖြင့် ဟောကြားတော်မူလိုက်သည် ရှိသော် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း, သူတော်ကောင်းတို့၏ တရားတော်ကို ကြားနာခြင်း, တရားအား လျော်စွာ ကျင့်ခြင်း စသော သမ္ဘာရအကြောင်းတို့ကြောင့် ဆိုခဲ့ပြီးသော ကံ နှစ်ပါးတို့သည် ပြီးစီးကုန်၏၊ ထို့ကြောင့် ဆိုခဲ့ပြီးသော သမ္ဘာရ အကြောင်းတို့ကိုလည်း ထိုကမ္မဿကာ ဟူသော ပါဠိတော်၌ ဟောတော်မူခြင်းကိစ္စ ပြီးစီးလေတော့သည် သာ ဟု မှတ်အပ်၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော အခါ၌ သုဘလုလင် အစရှိသော အကြင်သူတို့သည် အတိတ်ကံကို စွဲ၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏၊ ထိုသူတို့အား ဥပရိပဏ္ဏာသ ပါဠိတော်လာ စူဠကမ္မဝိဘင်္ဂသုတ်, မဟာကမ္မဝိဘင်္ဂသုတ် စသည်တို့၌ အတိတ်ကံကို ဝေဘန်၍ မြတ်စွာဘုရား ဟောကြား ဖြေဆိုတော်မူ၏။

သိင်္ဂါလသူဌေးသား စသော အကြင်သူတို့သည် ပစ္စုပ္ပန်ကံကို အစွဲပြု၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏၊ ထိုသူတို့အား ဒီဃနိကာယ ပါထိကဝဂ်လာ သိင်္ဂါလသုတ် စသည်

တို့၌၎င်း, သုတ္တနိပါတ် ဝါသေဋ္ဌသုတ်, ဝသလသုတ် စသည်တို့၌၎င်း ပစ္စုပ္ပန်ကံကို ဝေဘန်၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတ် စသည်တို့၌ ဥဋ္ဌာနသမ္ပဒါ, သဒ္ဓါသမ္ပဒါ စသည်တို့ကို ဝေဘန်သဖြင့် အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

အကြင်သူတို့သည် ဝီရိယ၏ အကျိုးကို၎င်း, ပညာ၏အကျိုးကို၎င်း ကောင်းစွာ မသိမမြင်ကြကုန်၊ ထိုသူတို့အား အရာမကသော ဇာတ်တော်တို့၌၎င်း, သုတ္တန်ပါဠိတော် အရပ်ရပ်တို့၌၎င်း ဝီရိယ၏ အကျိုး ဉာဏ်ပညာ၏ အကျိုးကို ဝေဘန်၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

သတ္တဝါ အပေါင်းတို့အား ချမ်းသာသုခကို ဖြစ်စေတတ်သော အတိတ်ကံ ပစ္စုပ္ပန်ကံတို့ မည်သည် ဝီရိယစွမ်း ဉာဏ်စွမ်းတို့နှင့် ကင်း၍ မဖြစ်နိုင်ကြကုန်၊ ထို့ကြောင့် အကြင်အရာဌာနတို့၌ အတိတ်ကံ ပစ္စုပ္ပန်ကံများကို ဟောကြားတော်မူ၏၊ ထိုအရာဌာနတို့၌ ဉာဏ် ဝီရိယတို့သည်လည်း အကျုံးဝင်ကုန်သည် ဟူ၍ သိမှတ်အပ်ကုန်၏။

ဝီရိယ နှင့် ဉာဏ်တို့ မည်သည် ထိုထိုကံအမှု အမျိုးမျိုးကို ပြီးစီးစေရန် အလို့ငှာ သာ ဖြစ်ကြကုန်၏၊ တပါးသော အလို့ငှာ ဖြစ်ကုန်သည် မဟုတ်၊ ထိုစကား မှန်၏၊ အားထုတ်သင့် အားထုတ်အပ်သော အမှု မရှိခဲ့လျှင် ဝီရိယသည် အဘယ်အမှုကို

အားထုတ်လိမ့်မည်နည်း၊ သိသင့် သိအပ်သော ဥေယျတရား မရှိခဲ့လျှင် ဉာဏ်သည် အဘယ်ကို သိနိုင်တော့မည်နည်း၊ ထို့ကြောင့် အကြွင်းအရာဌာနတို့၌ ဉာဏ် ဝီရိယကို ဟောတော်မူ၏၊ ထိုအရာတို့၌ ဝီရိယ ဉာဏ်တို့ အတွက် ပြီးစီးသော ကံနှစ်ပါးသည်လည်း အကျုံးဝင်တော့၏ ဟု မှတ်အပ်၏။

အကျဉ်းအားဖြင့် သတ္တဝါတို့၏ အကျိုး စီးပွားတို့သည် အောက်ပါအတိုင်း ၃ -ပါး အပြားရှိကုန်၏။

၁ - ဒိဋ္ဌဓမ္မိကတ္ထ .... မျက်မှောက် အကျိုးစီးပွား။

၂ - သမ္ပရာယိကတ္ထ .... တမလွန် အကျိုးစီးပွား။

၃ - ပရမတ္ထ .... လောကုတ္တရာ အကျိုးစီးပွား။

မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော ပိဋကသုံးပုံသည်လည်း ဤအကျိုးစီးပွား သုံးပါးကို စွဲ၍ ဖြစ်ရ၏၊ အကြင်ပိဋကတော်တို့၌ ဒိဋ္ဌဓမ္မအကျိုးကို ဟောတော်မူ၏၊ ထိုပိဋကတော်တို့၌ ပစ္စုပ္ပန်ကံသည် ပါဝင်၏ ဟု သိအပ်၏၊ အကြင်ပိဋကတော်တို့၌ တမလွန်အကျိုးကို ဟောတော်မူ၏၊ ထိုပိဋကတော်တို့၌ အတိတ်ကံသည် ပါဝင်၏ ဟု သိအပ်၏၊ အကြင်ပိဋကတော်တို့၌ သုညတနှင့် စပ်သော ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောတော်မူ၏၊ ထိုပိဋကတော်တို့၌ ပရမတ္ထ ဖြစ်သော လောကုတ္တရာ အကျိုးစီးပွား ပါဝင်၏ ဟု သိအပ်၏။

ထိုလောကုတ္တရာ အကျိုးကိုလည်း ရှေ့ဖြစ်သော ဒိဋ္ဌဓမ္မ အကျိုး, သမ္ပရာယိက အကျိုးတို့၌ ရေတွက်အပ်၏၊ ထို့ကြောင့် သုညတနှင့် စပ်သော တရားကို ဟောတော်မူရာ ပိဋကတော်တို့ ၌လည်း အတိတ်ကံ, ပစ္စုပ္ပန်ကံ ၂ ပါး ပါဝင်၏ ဟု သိအပ်၏၊ ထို့ကြောင့် ပိဋက သုံးပုံသည်လည်း အတိတ်ကံ ပစ္စုပ္ပန်ကံ ၂ - ပါးအတွက်ကြောင့် ဖြစ်ရ ပြီးစီးရ၏ ဟု သိအပ်၏။

ဤသို့ ဖြစ်သောကြောင့် 'ကမ္မဿကာ သတ္တာ၊ ကမ္မဒါယာဒါ' ဟူ၍ ဟောတော်မူလျှင် 'ဉာဏဝီရိယဿကာ သတ္တာ ဉာဏဝီရိယ ဒါယာဒါ' ဟူ၍ ဟောတော်မူခြင်း ကိစ္စ ပြီးစီးလေ၏ ဟု ပညာ ရှိတို့ သိလေတော့သည် သာတည်း။

အနက်ကား—သတ္တာ၊ သတ္တဝါတို့သည်။ ဉာဏ ဝီရိယဿ ကာ၊ ဉာဏ် ဝီရိယ ဟု ဆိုအပ်သော မိမိဥစ္စာ ရှိကုန်၏၊ ဉာဏ ဝီရိယဒါယာဒါ၊ ဉာဏ်ဝီရိယ၏ အမွေကို ခံရကုန်၏။

ဤ ဆိုအပ်ပြီးသည်ကား ကုသိုလ်ကံ အရာ၌ ပြဆိုလိုက် သော နည်းအမြွက်နှင့် တကွ မြတ်စွာဘုရား ဟောကြားတော်မူ သော ပါဠိတော်တို့၏ အနက်ကို နှိုးနှော၍ပြပုံတည်း။

သာဓနီယဋ္ဌာနကြီး ၃ - ပါး ပြီး၏။

# ကမ္မဿကာ စသော ၅-ပါး

## ကမ္မဿက

ယခုအခါ၌ 'ကမ္မဿကာ သတ္တာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ ကမ္မဗန္ဓူ၊ ကမ္မပ္ပဋိသရဏာ' ဟူသော ပါဠိ၏ အနက် အဓိပ္ပာယ်ကို အမြွက်မျှ ပြဆိုပေအံ့။

အတ္တနော ကမ္မဒန္တိ သကံ။ ။အတ္တနော၊ မိမိ၏။ ကမ္မံ၊ ဥစ္စာ ဘည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သကံ၊ သက မည်၏။ သကံ၊ မိမိဥစ္စာ။ (သတ္တဝါတို့၏ အသီးအသီး ကိုယ်ပိုင်ဥစ္စာ ဟု ဆိုလို သည်။)

ကမ္မံ ဧဝ သကံ ဧတေသန္တိ ကမ္မဿကာ။ ။ဧတေသံ၊ ထိုသတ္တဝါတို့အား။ ကမ္မံ ဧဝ၊ ကံသည် သာလျှင်။ သကံ၊ မိမိကိုယ်ပိုင် ဥစ္စာသည်။ အတ္ထိ၊ ရှိ၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဿကာ၊ ကမ္မဿက မည်ကုန်၏။

အဓိပ္ပာယ်ကား လောက၌ မိမိတို့နှင့် စပ်သောအနက်, သူတပါးတို့နှင့် မဆက်ဆံသော အနက်ကြောင့် မိမိတို့ သိမ်းဆည်း အပ်ကုန်သော ရွှေငွေ ဘဏ္ဍာ ရတနာတို့ကို မိမိကိုယ်ပိုင် ဥစ္စာ ဟူ၍ ဆိုအပ်ကုန်၏။

အကယ်၍ သာ မိမိနှင့် စပ်သော အနက်သဘော, သူတပါး တို့နှင့် မဆက်ဆံသော အနက်သဘောကြောင့် မိမိကိုယ်ပိုင်

ဥစ္စာ မည်ခဲ့ပါလျှင် ထိုရွှေ ငွေ ဘဏ္ဍာ ရတနာတို့ကို မိမိကိုယ်ပိုင် ဥစ္စာ ဟူ၍ မဆိုထိုက်ကုန်သေး၊ ထိုစကား မှန်၏၊ ထိုရွှေ ငွေ ဘဏ္ဍာ ရတနာတို့သည် တခုတည်းသော ဘဝ၌ သာလျှင် မိမိတို့နှင့် ဆက်စပ် ပိုင်ဆိုင်ကုန်၏၊ ဘဝတပါးသို့ ပြောင်းသွားရသည် ရှိသော် မဆက်မစပ် မပိုင်မဆိုင်ကြကုန်၊ ဘဝတပါးသို့ မလိုက်ကုန်။

တခုတည်းသော ပစ္စုပ္ပန်ဘဝ၌သော်လည်း မိမိ တဦးတည်းနှင့် သာ ဆက်ဆံသည် မဟုတ်ကုန်၊ ရေ, မီး, မင်း, ခိုးသူ စသည်တို့နှင့်လည်း ဆက်ဆံလျက် ရှိကြကုန်၏၊ ထို့ကြောင့် ထိုရွှေ ငွေ ဘဏ္ဍာ ရတနာတို့ကို မိမိကိုယ်ပိုင် ဥစ္စာ ဟူ၍ ကေန် မပြောဆိုနိုင်ကြကုန်။

စင်စစ် ကေန် အမှန်နေရာတကျမူကား....မိမိပြုအပ်သော သုစရိုက် ဒုစရိုက်ကံစုသည် သာလျှင် ဆိုခဲ့ပြီးသော မိမိနှင့် စပ်သော အနက်,သူတပါးတို့နှင့် မဆက်ဆံသော အနက်ကြောင့် မိမိကိုယ်ပိုင်ဥစ္စာတို့ မည်ကုန်၏၊ထိုစကား မှန်၏၊ မိမိပြုအပ်သော သုစရိုက်ကံ ဒုစရိုက်ကံစုသည် ဘဝအရာ, ဘဝအထောင်တို့ တိုင်အောင် ၎င်း, ကမ္ဘာအရာ ကမ္ဘာအထောင်တို့ တိုင်အောင် ၎င်း မိမိနှင့် စပ်လျက် ရှိကြကုန်၏၊ သူတပါးတို့နှင့် မစပ်ကုန်၊ ရေ, မီး, မင်း, ခိုးသူ စသော တပါးသော သူတို့နှင့်လည်း မဆက်ဆံကုန်၊ ဤသို့သော အနက်သဘောကို ရည်၍ 'ကမ္မဿကာ သတ္တာ' ဟူ၍ ဟောတော်မူ၏။

'ကမ္မဒါယာဒါ' စသော နောက်ပုဒ်တို့၌လည်း ဤနည်းအတိုင်း သိလေ။

ကမ္မဿကပုဒ် ပြီး၏။

---

## ကမ္မဒါယာဒ

'ကမ္မဒါယာဒါ'ဟူသော ပုဒ်၌—ကမ္မဿ ဒါယံ အာဒိယန္တီတိ ကမ္မဒါယာဒါ။ ။ယေ၊ အကြင်သတ္တဝါ အပေါင်းတို့သည်။ ကမ္မဿ၊ ပြုပြု သမျှသော ကံ၏။ ဒါယံ၊ အမွေကို။ အာဒိယန္တိ၊ ခံယူ ကြရကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဒါယာဒါ၊ ကမ္မဒါယာဒ မည်ကုန်၏။

ဤလောက၌ မိခင် ဘခင်တို့၏ အမွေကို ခံယူသော သားသမီးတို့ကို အမွေခံဒါယာဒ ဟူ၍ ဆိုအပ်ကုန်၏၊ ထိုသို့သော အမွေခံတို့ကို စင်စစ် အမွေခံတို့ ဟူ၍ မဆိုထိုက်ကုန်သေး၊ အဘယ့်ကြောင့်နည်း ဟူမူ....အမွေ ဖြစ်သော ရွှေ ငွေ ဘဏ္ဍာ ရတနာ တို့သည် အမြဲထာဝရ မဟုတ်၊ တာဝကာလိက ခေတ္တခဏ ဥစ္စာမျှသာ ဖြစ်ကြကုန်၏၊ ထိုသို့ တာဝကာလိက ခေတ္တခဏ မျှသော ဥစ္စာကို သာ အမွေခံရသောကြောင့် စင်စစ် အမွေခံ ဟု မဆိုထိုက်လေသတည်း။

စင်စစ်တမူကား....အကြင်သတ္တဝါအပေါင်းတို့သည် သူစရိုက်ကံ ဒုစရိုက်ကံများကို ပြု၍ ထိုမိမိပြုသော ကံ၏ အမွေကို သာလျှင် ခံကြရကုန်၏၊ ထိုသတ္တဝါတို့သည် သာလျှင် ဘဝတိုင်း

ဘဝတိုင်း အစဉ်လိုက်သော အမွေကို သာ ခံကြရသော ကြောင့် စင်စစ်ကေန် အမွေခံတို့ မည်ပေကုန်၏။

ကမ္မဒါယာဒပုဒ် ပြီး၏။

—

## ကမ္မယောနိ

ချမ်းသာခြင်း၏ အကြောင်း, ဆင်းရဲခြင်း၏ အကြောင်းကို ယောနိ ဟူ၍ ဆိုအပ်၏။ ။ကမ္မမေဝ ယောနိ ဧတေသန္တိ ကမ္မယောနီ။ ။ဧတေသံ၊ ထိုသတ္တဝါတို့အား။ ကမ္မမေဝ၊ ကံသည် သာလျှင်။ ယောနိ၊ ချမ်းသာကြောင်း ဆင်းရဲကြောင်း သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထို သတ္တဝါတို့သည်။ ကမ္မယောနီ၊ ကမ္မယောနိ မည်ကုန်၏။ ။ ဒဓိပ္ပာယ် သိသာပြီ။

ကမ္မယောနိပုဒ် ပြီး၏။

—

## ကမ္မဗန္ဓု

ဤလောက၌ မိမိနှင့် စပ်နွယ်သော ဆွေမျိုးမိတ်ရင်း သူငယ်ချင်းတို့ကို ဗန္ဓု ဟူ၍ ဆိုအပ်ကုန်၏။ ။ ကမ္မမေဝ ဗန္ဓု ဧယသန္တိ ကမ္မဗန္ဓူ။ ။ဧယသံ၊ အကြင်သတ္တဝါတို့အား။ ကမ္မမေဝ၊ ကံသည် သာလျှင်။ ဗန္ဓု၊ အဆွေအမျိုးသည်၊ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဗန္ဓူ၊ ကမ္မဗန္ဓု မည်ကုန်၏။

ဤလောက၌ အခိုက်အတန့်မျှ ဖြစ်သော တာဝကာလိက မိတ်ဆွေတို့ကို စင်စစ် မိတ်ဆွေ မဆိုထိုက်ကုန်၊ ဘဝအဆက်ဆက် မိတ်ဘက်ဆွေရင်း သူငယ်ချင်း အဖော်သဟဲ ဖြစ်သော ကံကို သာလျှင် စင်စစ် မိတ်ဆွေ ဟူ၍ ဆိုထိုက်ချေသည်။

ကမ္မဗန္ဓုပုဒ် ပြီး၏။

—

## ကမ္မပ္ပဋိသရဏာ

ဤလောက၌ ထိုထိုနတ်တို့ကို ကိုးကွယ်သော အမျိုးသားတို့အား ထိုကိုးကွယ် အားထားရာ ဖြစ်သော နတ်တို့သည် ပဋိသရဏ မည်ကုန်၏၊ ဗိဿနိုးနတ်ကို ကိုးကွယ်သော သူတို့အား ထိုဗိဿနိုးနတ်သည် ပဋိသရဏ မည်၏၊ ယာမနတ်ကို ကိုးကွယ် သော သူတို့အား ထိုယာမနတ်သည် ပဋိသရဏ မည်၏၊ ရတနာ သုံးပါးကို ကိုးကွယ်သော သူတို့အား ထိုရတနာ သုံးပါးသည် ပဋိသရဏ မည်၏။

ကမ္မံ ဧဝ ပဋိသရဏံ ယေသန္တိ ကမ္မပ္ပဋိသရဏာ။ ။ယေသံ၊ အကြင်သတ္တဝါတို့အား။ ကမ္မံ ဧဝ၊ ကံသည် သာလျှင်။ ပဋိသရဏံ၊ ကိုးကွယ်ရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မပ္ပဋိသရဏာ၊ ကမ္မပ္ပဋိသရဏာ မည်ကုန်၏။

အမြဲမပြတ် ကိုးကွယ်ရာ တည်ရာ မှီရာ လည်းလျောင်းရာ ဟူသော အနက်ကြောင့် အသီးအသီး ကိုးကွယ်ကြသော ဗိဿ

နိုးနုတ် ယာမနုတ် စသည်တို့သည် ပဋိဿရဏ မည်ကုန်၏။ အကယ်၍ ကိုးကွယ်ရာ တည်ရာ မှီရာ လည်းလျောင်းရာ ဟူးသော အနက်ကြောင့် ပဋိဿရဏ မည်လျှင် ကံမှ တပါးသော ကိုးကွယ်ရာ တည်ရာ မှီရာ လည်းလျောင်းရာ ဖြစ်သော တာဝကာလိက အရာ ဟူသမျှတို့ကို ပဋိဿရဏ ဟူ၍ မဆိုထိုက် ကုန်သေး။

စင်စစ်မူကား ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အမြဲလျှင် ကိုးကွယ်ရာ တည်ရာ မှီရာ လည်းလျောင်းရာ ဖြစ်သောကံကို သာလျှင် ဧကန် စင်စစ် ပဋိဿရဏ ဟူ၍ ဆိုထိုက်ချေသည်၊ ထိုစကား မှန်၏၊ လောက၌ လူအပေါင်းတို့သည် သဗ္ဗညုမြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ကြကုန်၏၊ ထိုသို့ ကိုးကွယ်ဆည်းကပ်ခြင်း အမှုသည်လည်း ကုသိုလ်ကံကို ရကြရန် အသိအလိမ္မာ ဉာဏ်ပညာ တည်းဟူသော ပညာပဋိသံယုတ္တကံကို ရကြရန် အလို့ငှာ သာ ဖြစ်၏၊ စင်စစ်အားဖြင့် ထိုဘုရားကို ကိုးကွယ်ဆည်းကပ်မှု အတွက်ကြောင့် ရအပ်သော ကုသိုလ်ကံ ပညာကံတို့သည် သာလျှင် မိမိတို့၏ ကိုးကွယ်ရာ အစစ် ဖြစ်ကြကုန်၏။

ဤကား အတိတ်ကံ အဘို့၌ ကမ္မဿကာ စသော ပါဠိတော်မြတ်၏ အနက်အဓိပ္ပာယ်ပေတည်း။

## ပစ္စုပ္ပန်၌ ကမ္မဿကာ ဝသည် ၅-ပါး

ပစ္စုပ္ပန်ကံ အဘို့၌ကား သတ္တဝါ အပေါင်းတို့သည် ပစ္စုပ္ပန်ဘဝ၌ ကုန်သွယ်ခြင်း, လယ်ယာလုပ်ခြင်း စသော မိမိတို့၏ ထိုက်သင့်ရာ အမှုအမျိုးမျိုးတို့ဖြင့် အသက်မွေးမြူကြကုန်၏၊ ထိုသို့ မိမိပြုသော ပစ္စုပ္ပန်ကံ ဟု ဆိုအပ်သော ဥစ္စာရှိသော ကြောင့် ကမ္မဿကာ မည်ကုန်၏။ ။ထိုပစ္စုပ္ပန်ကံ၏ အမွေကို ခံရသောကြောင့် ကမ္မဒါယာဒ မည်ကုန်၏။ ။ထိုပစ္စုပ္ပန်ကံလျှင် ချမ်းသာကြောင်း ဆင်းရဲကြောင်း ရှိသောကြောင့် ကမ္မယောနိ မည်ကုန်၏။ ။ထိုပစ္စုပ္ပန်ကံလျှင် အဆွေခင်ပွန်း ရှိသောကြောင့် ကမ္မဗန္ဓု မည်ကုန်၏။ ။ ထိုပစ္စုပ္ပန် ကံလျှင် ကိုးကွယ်ရာ တည်ရာ မှီရာ လည်းလျောင်းရာ ရှိသောကြောင့် ကမ္မပ္ပဋိသရဏာ မည်ကုန်၏။

ပဓာနအကြောင်းရင်း ဖြစ်သော ကံကို ဟောတော်မူအပ်သည် ရှိသော် ထိုကံပြည့်စုံ ပြီးစီးရန် အကြောင်း ဖြစ်ကုန်သော အဆွေခင်ပွန်းကောင်း ရှိခြင်း, ပညာရှိကို မှီဝဲ ဆည်းကပ်ခြင်း, လောကုတ္တရာ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း စသည်တို့သည်လည်း ထိုပါဠိတော်၌ အတွင်းဝင်လေကုန်၏။

ဆိုဘွယ်အထူးကား—'ကမ္မဿကာ သတ္တာ၊ ကမ္မဒါယာဒါ' ဟူသော ပါဠိတော် စကားဖြင့် ဤ ဆိုလတံ့သော အနက် အဓိပ္ပာယ်ကိုလည်း မြတ်စွာဘုရား သိစေတော်မူ၏၊ မိမိ တကြိမ် တခါ ပြုအပ်သော သုစရိုက်ကံ ဒုစရိုက်ကံများသည် ဘဝ အရာ အထောင်တို့၌ရင်း, ကမ္ဘာ အရာ အထောင်တို့၌ရင်း, ထိုထက်

မကသော ကာလတို့၌ရှင်း အကြင်အခါ၌ အကျိုးပေးခွင့်ကို ရ၏၊ ထိုအခါ၌ သုစရိုက်ကံသည် ချမ်းသာခွင့်ကို ပေးလျက် ဒုစရိုက်ကံသည် ဆင်းရဲခွင့်ကို ပေးလျက် အစဉ်တစိုက် လိုက်လေ ၏။

ထို့ကြောင့် ကောင်းမြတ်သော သုစရိုက်ကံကို မိမိ၏ အ သက်ထက် ပင် ကောင်းစွာ ချစ်ခင်သင့် ချစ်ခင်ထိုက် စောင့် ရှောက်သင့် စောင့်ရှောက်ထိုက်လှချေ၏၊ ယုတ်မာသော ဒုစ ရိုက်ကံကိုကား မိမိ၏ သေရအံ့သော ဘေးထက် ပင် အရေး တကြီး ကြောက်သင့် ကြောက်ထိုက် ရှောင်ရှားသင့် ရှောင် ရှားထိုက်လှချေ၏။

ဤကား ဗုဒ္ဓဘာသာ ဟု ဆိုသော စတုတ္ထကမ္မဿကာဝါဒ ၌ အမြွက်မျှ ဆုံးဖြတ်ချက်ပေတည်း။

ကမ္မဿကာ စသော ၅ - ပါး ပြီး၏။

# ဣ သ ရ နိ မ္မာ န ၀ါ ဒ နိ ႆ ယ

## ဖန်ဆင်းသူကို ယုံမှတ်မှားပုံ

ဣဿရနိမ္မာနဝါဒ အရာ၌ ငါတို့ မြတ်စွာ ဘုရားသခင် ဟောကြားတော် မူအပ်သော ဒီဃနိကာယ ဗြဟ္မဇာလသုတ် ကေဝဋ္ဋသုတ္တဝါဒ အရာ၌၎င်း, မဇ္ဈိမနိကာယ မူလ ပဏ္ဏာသ ဗြဟ္မနိမန္တနသုတ်၌၎င်း, ထိုမှတပါး ဗြဟ္မသံယုတ် ပါဠိတော် စသည်တို့၌၎င်း- 'ဗြဟ္မာ ဟောတိ မဟာဗြဟ္မာ' ဤသို့ စသည်ဖြင့် လာသော ပဌမစျာန်ဘုံ မဟာဗြဟ္မာ မည်သည် ရှိ၏။

ထိုသို့လာသော မဟာဗြဟ္မာကို သာလျှင် ဤဣဿရနိမ္မာန ဝါဒ၌ လောကကို အစိုးရသော အရှင်သခင် ဟူ၍ ဆိုကြ ကုန်၏၊ ထိုမဟာဗြဟ္မာသည် ပင်လျှင် အလုံးစုံသော သြကာသ လောက သတ္တလောက သင်္ခါရလောက ဟူသမျှကို ဖန်ဆင်း၏၊ အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှု များနှင့် ပြည့်စုံမှု ပျက်စီးမှုများကိုလည်း ဖန်ဆင်း၏၊ထိုအရှင်သည် နိစ္စ ထာဝရ ဖြစ်၏၊ အလုံးစုံကို မြင်နိုင်၏၊ အလုံးစုံကို သိနိုင်၏၊ မိမိ အလို သို့ လိုက်စေနိုင်၏၊ ကြီးမားသော တန်ခိုးအာနုဘော် ရှိ၏၊ စင်စစ် အမြဲ တည်သော ဘုရားကြီးတဆူ ဖြစ်တော်မူ၏၊ ဤကား ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့၏ အယူဝါဒတည်း။

ဤဣဿရနိမ္မာနဝါဒသည် ကမ္ဘာဦးကာလ၌ ဗြဟ္မာဘုံမှ စ၍ ဖြစ်ပြီးလျှင် လူဘုံ နတ်ဘုံတို့၌ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ် ( ရှေးရှေး၌ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို ပြန်၍ အောက်မေ့ နိုင်သောဉာဏ်) ကို ရကုန်သော ဧကစ္စဿတဝါဒီ (အချို့သော မြဲ၏၊ အချို့ကား မမြဲ ဟု ယူလေ့ ရှိကြ ကုန်သော) ရဟန်း ပုဏ္ဏားတို့ အတွက် လောက၌ ဖြစ်ထွန်းလာ၏၊ ဤဣဿရ နိမ္မာနဝါဒ ဖြစ်ပေါ်လာပုံသည် ဗြဟ္မဇာလသုတ်၌ ထင်ရှား ၏။

ငါတို့ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မမူမီ ဣန္ဒိယတိုင်း တို့၌ ထိုဣဿရနိမ္မာနဝါဒကို ဗြာဟ္မဏ လူမျိုးတို့သည် စွဲမြဲ၍ ချီးမြှောက်ကြကုန်၏၊ ငါတို့မြတ်စွာဘုရား ထင်ရှားပွင့်တော် မူ လာသောအခါ၌ကား ထိုဣဿရနိမ္မာနဝါဒသည် ဣန္ဒိယတိုင်း တို့၌ ထွန်းကားခွင့်ကို ကောင်းစွာ မရလေ။ ။ဤဣဿရ အ ရှင် ဖန်ဆင်းမှုကို ယုံကြည်သော သူတို့သည် ဣဿရနိမ္မာန ဝါဒီ တို့ မည်ကုန်၏။

ဤဣဿရနိမ္မာနဝါဒ၌ နိဂ္ဂဟ ( နှိပ်နင်းခြင်း ) သုံးမျိုးကို ပုဗ္ဗေကတဝါဒ၌ ပြခဲ့ပြီးသော နိဂ္ဂဟသုံးမျိုးကို မှီ၍ သိလော အစိပ္ပာယ်တူပြီ။

## ကိုယ်ပြုမှသာ ကိုယ့်ဥစ္စာ

ဣဿရအရှင် ဖန်ဆင်းမှုကို ယုံကြည်ကြကုန်သော ဣဿရ နိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့သည်ကား.... 'ကမ္မဿကာ သတ္တာ ကမ္မဒါ ယာဒါ' ဟူသော ပါဠိတော်ကို အမြဲအစွဲပြု၍ ပယ်ရှား ကြကုန်

၏၊ ထိုသို့ ပယ်ရှားကြကုန်သော်လည်း မိမိတို့၏ ကမ္မဿကာ အဖြစ် ကမ္မဒါယာဒါ အဖြစ်ကို မသိကြကုန်၊ ထိုစကား မှန်၏၊ ဂူဿရအရှင် ဖန်ဆင်းမှုကို ယုံကြည်ကြကုန်သော ဂူဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့သည်လည်း ကမ္မဿကာသမား ကမ္မဒါယာဒါ သမားတို့ သာ ဖြစ်ကြကုန်၏။

ထင်ရှားစေအံ့....ပစ္စုပ္ပန္နကမ္မသာဓနီယ အရာ၌ ဂူဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့တွင် အံကြွင်သူတို့သည် ထွန်ယက် စိုက်ပျိုးမှုဖြင့် အသက်မွေးကြကုန်၏၊ ထိုသူတို့သည် မိမိတို့ ပြုအပ်သော ထွန်ယက်စိုက်ပျိုးမှု အတွက် ပင် ကမ္မဿကာသမား ဖြစ်ကြကုန်၏၊ ( ထွန်ယက်စိုက်ပျိုးမှု တည်းဟူသော ဥစ္စာ ရှိကုန်၏ ဟူလို)။ ။ အကြွင်သူတို့သည် ကူးသန်းရောင်းဝယ်မှုဖြင့် အသက်မွေးကြ ကုန်၏၊ ထိုသူတို့သည် မိမိတို့ပြုအပ်သော ကူးသန်းရောင်းဝယ်မှု အတွက် ပင် ကမ္မဿကာသမား ဖြစ်ကုန်ကြ၏၊ ( ကူးသန်းရောင်းဝယ်မှု ပင်လျှင် ဥစ္စာရှိကုန်၏ ဟူလို)။ ။အကြွင် သူတို့သည် အစိုးရအမှုထမ်းကံဖြင့် အသက် မွေးကြကုန်၏၊ ထိုသူတို့သည် မိမိတို့ ပြုအပ်သော အစိုးရ အမှုထမ်းကံ အတွက် ပင် ကမ္မဿကာသမား ဖြစ်ကြကုန်၏၊ (အစိုးရအမှုထမ်းကံသည် ပင်လျှင် ဥစ္စာရှိကုန်၏ ဟူလို)။ ။ကြွင်းသော ကမ္မာယတနအမှုမျိုး, သိပ္ပာယတနအမှုမျိုး, ဝိဇ္ဇာဌာန အမှုမျိုး, ပညာဌာန အမှုမျိုးတို့၌လည်း ကမ္မဿကာ ဖြစ်ပုံကို အကျယ်သိပါလေ။

အကြွင် သူတို့သည် ဂူဿရအရှင်ကို ယုံကြည် ကြကုန်၏၊ ဂူဿရ အရှင်ကို ကိုးကွယ်အားထားရာ ဟူ၍ ဆည်းကပ်ကြ

ကုန်၏၊ ထိုသူတို့သည်လည်း အမှုအမျိုးမျိုးတို့ကို ပြုလုပ်ကုန်ကြမူ သာလျှင် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ကြက်သရေ အမျိုးမျိုးတို့ကို ရ နိုင်ကြကုန်၏၊ အမှုအမျိုးမျိုးတို့ကို မပြုမလုပ်ကြကုန်ဘဲ ထို ဣဿရအရှင်ကို ကြည်ညိုယုံကြည်၍ နေရုံကာမျှနှင့် စည်းစိမ် ဥစ္စာ ဂုဏ်သိရ် ကြက်သရေတို့ကို မရနိုင်ကြကုန်။

အကြင် သူတို့သည် ဣဿရအရှင်ကို မယုံကြည်ကြကုန်၊ ပြစ် ပယ် ကဲ့ရဲ့ ကြကုန်၏၊ ထိုသူတို့သည်လည်း အမှု အမျိုးမျိုးတို့ ပြုလုပ်ကုန်ကြမူ သာလျှင် ဥစ္စာစည်းစိမ် ဂုဏ်သိရ် ကြက်သရေ အမျိုးမျိုးတို့ကို ရနိုင်ကြကုန်၏၊ အမှုအမျိုးမျိုး တို့ကို မပြု မ လုပ်ဘဲ နေကြလျှင် ဥစ္စာစည်းစိမ် ဂုဏ်သိရ် ကြက်သရေတို့ကို မရနိုင်ကြကုန်၊ ထို့ကြောင့် ဤလောက၌ မိမိပြုအပ်သော အမှု (ကံ)သည် သာလျှင် မိမိအား စည်းစိမ်ချမ်းသာ အမျိုးမျိုးကို ပေး၏၊ ဣဿရအရှင်က တစုံတခုသော စည်းစိမ် ချမ်းသာကို မှ မပေးနိုင် ဟု ပညာရှိတို့ ရိပ်မိကြ သိမြင်ကြကုန်၏။

## မိမိပြုမှု ကံကြောင့် အကယ်ခံရပုံ

ထိုမှတပါး အကြင်သူတို့သည် ဣဿရအရှင်ကို အကြွင်းမဲ့ ယုံကြည် မြတ်နိုး ကိုးကွယ် ဆည်းကပ် ကြကုန်၏၊ အသက် ရှည် သမျှ ကာလပတ်လုံး ချစ်ခင် မြတ်နိုးကြကုန်၏၊ ထိုသူတို့ သေသော အခါ ကာလ၌ ဣဿရအရှင်၏ ကယ်တင်ခြင်း ကို ခံကြရကုန်၏၊ အကြင် သူတို့သည် ဣဿရအရှင်ကို မယုံ ကြည်ကြကုန်၊ ပြစ်ပယ် ကဲ့ရဲ့ကြကုန်၏၊ ထိုသို့ မယုံကြည်သော သူတို့ သေသောအခါ ကာလ၌ ထိုဣဿရအရှင်၏ ကယ်တင်

ခြင်းကို မခံကြရကုန်၊ ဤကား ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့၏ အယူဝါဒပေတည်း။

ထိုစကားရပ်၌ ဣဿရအရှင်ကို ယုံကြည်ခြင်း အမှု, ကိုး ကွယ်ခြင်း အမှု, ချစ်ခင်မြတ်နိုးခြင်း အမှုကို ပြုလုပ်သော သူတို့ ကို သာလျှင် ထိုဣဿရအရှင်က ကယ်တင်ခြင်းငှာ စွမ်းနိုင်၏၊ ထိုအရှင်ကို မယုံကြည် မကိုးကွယ်သော သူတို့ကိုမူ ကယ်တင် ခြင်းငှာ မစွမ်းနိုင်၊ ဤသို့သော အနက် အဓိပ္ပာယ်သည် ထို ဣဿရ နိမ္မာနဝါဒ၌လည်း ထင်ရှားပြီးစီးပြန်၏။ ။ထို့ကြောင့် မိမိပြုလုပ်သော ဣဿရအရှင်ကို ယုံကြည်မှု ကိုးကွယ်မြတ်နိုးမှု များသည် သာလျှင် မိမိကိုယ်ကို ကယ်တင်နိုင်၏၊ ထိုဣဿရ အရှင်ကမူ ကယ်တင်တော် မမူနိုင်၊ ဤသို့သော အနက်အဓိပ္ပာယ် သွားသည်လည်း ထင်ရှား ပေါ်လာပြန်၏။

ထင်ရှားစွာ ပြဆိုဦးအံ့.... ဤပစ္စုပ္ပန် လောက၌ ထိုဣဿရ အရှင်ကို ယုံကြည်ကြကုန်သော ဣဿရနိမ္မာနဝါဒီ ပုဂ္ဂိုလ်တို့ သည်ရင်း, တပါးသော ပုဂ္ဂိုလ်တို့သည်ရင်း ပစ္စုပ္ပန္နကမ္မသာဓနီ ယ အရာ၌ တစုံတခုမျှ အထူးအပြား မရှိကုန်၊ အလုံးစုံ ရှိရှိ သမျှသော သတ္တဝါတို့သည် မိမိတို့၏ အသီးအသီးသော ပစ္စုပ္ပန် ကံ ( အမှု ) အမျိုးမျိုးတို့ကို ကြိုးပမ်းလုပ်ဆောင်ကြ၍ အသက် ကို မွေးကြရကုန်၏၊ ပစ္စုပ္ပန်ကံ အတွက်နှင့်လည်း ကမ္မဿကာ သမားတို့ ဖြစ်၍ နေကြသည်ကို မျက်မြင်ဒိဋ္ဌ ပင် ဖြစ်ကြကုန်၏။

အတီတကမ္မသာဓနီယ ဌာနတို့၌လည်း တစုံတခု အထူး အပြား မရှိကြကုန်၊ အတိတ်ကံ အတွက်နှင့်လည်း ကမ္မဿကာ

သမားတို့ သာ ဖြစ်၍ နေကြသည်ကို မျက်မြင်ဒိဋ္ဌ ပင် ဖြစ်ကြကုန်၏၊ ဣဿရအရှင်ကို ကိုးကွယ် အားထားကြရသည့် အတွက် အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးကို လွှတ်၍ တစုံတရာ ထူးထွေသော အကျိုးစီးပွား ဖြစ်ထွန်းသည်ကို မတွေ့ရ မမြင်ကြရကုန်။

## မြတ်သူ နည်းပါး၍ ယုတ်သူ ပေါများသော လောက

ဤလောက၌ အမျိုးမြတ်သော သတ္တဝါတို့လည်း ရှိကြကုန်၏၊ အမျိုးယုတ်ညံ့သော သတ္တဝါတို့လည်း ရှိကြကုန်၏၊ ဥစ္စာစီးပွား များစွာရှိသော သတ္တဝါ, ဆင်းရဲနွမ်းပါး ရိရွား ပင်ပန်းသော သတ္တဝါ, အသက်ရှည်သော သတ္တဝါ, အသက်တိုသော သတ္တဝါ, အနာရောဂါ နည်းပါးသော သတ္တဝါ, အနာရောဂါ များသော သတ္တဝါ, အဆင်းလှသော သတ္တဝါ, အရုပ်ဆိုးသော သတ္တဝါ, သီလရှိသော သတ္တဝါ, သီလမရှိသော သတ္တဝါ, ပညာရှိသော သတ္တဝါ, ပညာမဲ့သော သတ္တဝါ, မိုက်မဲသူ, ရှုးသွပ်သူ, ခိုးသူ, ခေါးပြ, နူနာရှိသူ, ကာဏသူ, နားပင်းသူ, ဆွံ့အသူ, အမိကို သတ်သူ, အဘကို သတ်သူ, လူကိုသတ်သူ, ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်သူ, မမြတ်သော မေထုန် အကျင့်ကို ကျင့်သူ, လိမ်လည် လှည့်ဖြားတတ်သူ, ဂုံးတိုက်တတ်သူ, ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆိုတတ်သူ, အကျိုးမရှိ သိမ်ဖျင်း ပေါ့ပျက်သော စကားကို ပြောဆိုတတ်သူ, ငြူစူစောင်းမြောင်းတတ်သူ, သူတပါးတို့ကို ညှင်းဆဲနှိပ်စက်တတ်သူ, အယူမှားသော မိစ္ဆာဒိဋ္ဌိ အစရှိသော သတ္တဝါတို့သည်လည်း သင်ရှား ရှိကြကုန်၏၊ ဤလောက၌ မွန်မြတ်ပြည့်စုံသော အဘို

ရှိသော သတ္တဝါတို့သည်ကား အလှန်တရာ နည်းပါးကြကုန်၏၊ ယုတ်ညံ့ သိမ်ဖျင်းသော အဘို့ရှိသော သတ္တဝါတို့သည် သာလျှင် များစွာ အားကြီးကြကုန်၏။

## ကမ္မဝါဒီတို့ ယူမှတ်ပုံ

ဤအရာ၌ အတိတ်ကံ ပစ္စုပ္ပန်ကံ ၂-ပါးကို ယုံကြည်ကြကုန်သော ကမ္မသကဝါဒီ ပုဂ္ဂိုလ်တို့သည် ဤသို့ ယုံကြည်ရင်း ရှိကြကုန်၏၊ အတိတ်ကံ အတွက် ပြီးစီးသော အတီတကမ္မသာဓနီယ အရာတို့၌ မွန်မြတ်သော အတိတ်ကံ အထူးထူးတို့ကြောင့် မွန်မြတ်ပြည့်စုံသော အဘို့ရှိသော သတ္တဝါ အထူးထူးတို့ ဖြစ်လာကြကုန်၏၊ ယုတ်ညံ့သော အတိတ်ကံ အထူးထူးတို့ကြောင့် ယုတ်ညံ့သော အဘို့ရှိသော သတ္တဝါ အထူးထူးတို့ ဖြစ်လာကြကုန်၏။

ထိုမှတပါး ပစ္စုပ္ပန်ကံ အတွက် ပြီးစီးသော ပစ္စုပ္ပန္နကမ္မသာဓနီယ အရာဌာနတို့၌လည်း ကောင်းမွန်စွာ ပြုလုပ်အားထုတ်အပ်သော မွန်မြတ်သော ပစ္စုပ္ပန်ကံ အထူးထူးတို့ကြောင့် မွန်မြတ်သော အဘို့ရှိသော သတ္တဝါ အထူးထူးတို့ ဖြစ်လာကြကုန်၏၊ မကောင်းသဖြင့် ပြုအပ်သော ယုတ်ညံ့သော ပစ္စုပ္ပန်ကံ အထူးထူးတို့ကြောင့် ယုတ်ညံ့သော အဘို့ရှိသော သတ္တဝါ အထူးထူးတို့ ဖြစ်လာကြကုန်၏၊ ဤကား ကမ္မသကဝါဒီ ပုဂ္ဂိုလ်တို့၏ ထင်မြင် မှတ်ယူပုံတည်း။

ဣဿရနိမ္မာနဝါဒ နိဂ္ဂဟ ပြီး၏။

# အဟေတုကဝါဒနိဂ္ဂဟ

## အတိတ် ပစ္စုပ္ပန်ကံ နှစ်ပါးကို ပြစ်ပယ်ပုံ

အဟေတုကဝါဒ၌ အောက်ပုဗ္ဗေကတဝါဒ နိဂ္ဂဟ အခဏ်းဝယ် အတိတ်ကံ အတွက်ကြောင့် ပြီးစီးသော အတီတကမ္မသာဓနီယဋ္ဌာနကို ပြဆိုခဲ့၏၊ ထိုအတီတကမ္မသာဓနီယ အရာဋ္ဌာနများသည် ပြဆိုခဲ့ပြီးသော အတိုင်း အတိတ်ကံ ဟု ဆိုအပ်သော ဟေတုအကြောင်းကြောင့်လည်း ဖြစ်သည် မဟုတ်၊ ဥာဏ်စွမ်း ဝီရိယစွမ်း ဟု ဆိုအပ်သော ပစ္စယ အကြောင်းကြောင့်လည်း ဖြစ်သည် မဟုတ်၊ တစုံတရာ အကြောင်း မရှိဘဲ မိမိအလိုလို ဓမ္မတာအတိုင်း သာ ဖြစ်ကြ၏၊ ဓမ္မတာအားဖြင့် ပြီး၍ ဓမ္မတာသိဒ္ဓိ ဖြစ်၏။

ထိုအတီတကမ္မသာဓနီယဋ္ဌာနမှ တပါး ပစ္စုပ္ပန်ကံ အတွက် ပြီးစီးသော ပစ္စုပ္ပန္နကမ္မသာဓနီယ ဋ္ဌာနကိုလည်း အောက်ပုဗ္ဗေကတဝါဒနိဂ္ဂဟတွင် ပင် ပြဆိုခဲ့၏၊ ထိုပစ္စုပ္ပန္နကမ္မသာဓနီယ ဋ္ဌာနများသည်လည်း ဆိုခဲ့ပြီးသော အတိုင်း ဖြစ်စေတတ်သော ဟေတုအကြောင်း, ထောက်ပံ့တတ်သော ပစ္စယအကြောင်းတို့ကြောင့် ဖြစ်သည် မဟုတ်၊ အကြောင်းမဲ့ သက်သက် သာ ဖြစ်ကြကုန်၏။

အလုံးစုံသော သတ္တဝါ ဟူသမျှသည် အခန့်သင့်၍ ဖြစ်ခွင့်ရှိသည်အား လျော်စွာ အလုံးစုံ ကိုင်းရှိုင်းသော သဘောရှိကြကုန်၍ ဘာဝပရိဏာတတို့ သာ ဖြစ်ကြကုန်၏၊ ဖြစ်စေတတ်သော ဇနက အကြောင်းကြောင့်လည်း ဖြစ်သည် မဟုတ်၊ အထောက်အပံ့ အဆောက်အဦ ဖြစ်သော ပစ္စယ အကြောင်းကြောင့်လည်း ဖြစ်သည် မဟုတ်၊ တစုံတယောက်က ဖန်ဆင်းမှုကြောင့်လည်း ဖြစ်သည် မဟုတ်၊ မိမိ၏ သဘော ဓမ္မတာအားဖြင့် ဖြစ်ခွင့်ရှိရာသို့ ကိုင်းရှိုင်းကြရကုန်၏၊ ချမ်းသာခြင်း, ဆင်းရဲခြင်း, ပြည့်စုံခြင်း, ပျက်စီးခြင်း, မိုက်မဲခြင်း, လိမ္မာခြင်း စသော လောက၌ များပြားလှစွာသော အခိုက်အတန့် အထူးထူးသို့ အကြောင်းမဲ့ အလိုလို ကျရောက်ကြရကုန်၏၊ ဤကား အဟေတုကဝါဒတည်း၊ ဤအဟေတုက ဝါဒ၌လည်း နိဂ္ဂဟ (နှိပ်နင်းခြင်း) သုံးမျိုးကို ပုဗ္ဗေကတဝါဒ၌ ပြဆိုခဲ့ပြီးသော နိဂ္ဂဟ သုံးမျိုးကို မှီ၍ သိပါလေ။

## အလိုအလျောက် မဖြစ်နိုင်ပုံ

မြတ်စွာဘုရား ပွင့်တော် မမူမီ နာရဒဇာတ်တော်၌ ကဿပ စသော တိတ္ထိတို့သည် ထိုအဟေတုကဝါဒကို စွဲမြဲစွာ မှတ်ယူကြကုန်၏၊ မြတ်စွာဘုရားသခင်၏ လက်ထက်တော်၌လည်း မက္ခလိဂေါသာလ အစရှိသော အစေလက တက္ကဒွန်းတို့သည်လည်း ဤအဟေတုကဝါဒကို စွဲမြဲစွာ မှတ်ယူကြကုန်၏၊ ဤသို့ အဟေတုက အယူရှိကုန်သော အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ အလိုတော် ဖြစ်သော ကမ္မဿကဝါဒကို ပယ်

ရှားကြကုန်၏၊ ထိုသို့ ပယ်ရှားကြကုန်သော်လည်း ထိုအဟေတုကဝါဒီ ပုဂ္ဂိုလ်တို့သည် မိမိတို့ ကိုယ်တိုင် ပင် ကမ္မဿကာသမားများ ဖြစ်နေကြသည်ကို မသိကြကုန်။

အကယ်၍ အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့ဆိုတိုင်း အလုံးစုံသော သတ္တဝါတို့သည် တစုံတရာ အကြောင်းမရှိဘဲ ဖြစ်ကြကုန်သည် ဖြစ်အံ့....ကမ္ဘာဦးကာလ ရှေးမဆွက ပင် အတီတကမ္မသာဓနီယ ဌာနတို့၌ အလုံးစုံသော သတ္တဝါတို့ မထူးမပြား တသားတည်းသာ တူကြကုန်ရာ၏၊ ပစ္စုပ္ပန္နကမ္မသာဓနီယ ဌာနတို့၌လည်း အလုံးစုံ တူမျှကုန်ရာ၏၊ သေးငယ်သော အမှုကို ပြုကြကုန်သော်၎င်း, ကြီးကျယ်သော အမှုကို ပြုကြကုန်သော်၎င်း, မိုက်မိုက်မဲမဲ ပြုကြကုန်သော်၎င်း, လိမ်လိမ်မာမာ ပြုကြကုန်သော်၎င်း အထူးမရှိကုန်ရာ၊ အဘယ့်ကြောင့်နည်း ဟူမူ....ပြုပြုသမျှ ကံအကြောင်းတို့ကြောင့် ဖြစ်ကြရသည် မဟုတ်၊ မိမိတို့ဘာသာ ဓမ္မတာအလျောက် ဖြစ်ကြသောကြောင့်တည်း။

## ကံ, ဉာဏ်, ဝီရိယ အလျောက် ထူးခြားကြပုံ

မိန်းမမြူတို့မှာ သားသမီး မပေါက်ဖွားနိုင်သကဲ့သို့ ထို့အတူ အဟေတုကဝါဒီ ပုဂ္ဂိုလ်တို့၏ အယူအားဖြင့် အလုံးစုံသော ဆန္ဒ ဝီရိယတို့၏၎င်း, အလုံးစုံသော ကံတို့၏၎င်း အကျိုး တစုံတရာမျှ မရှိ၊ မြူသည် ပင် မည်၏၊ ထို့ကြောင့် အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ဘယ်မျှလောက် ကြီးမား မြင့်မြတ်သော အမှု အမျိုးမျိုးကို ပြုလုပ်ကြကုန်သော်လည်း တစုံတရာ

အကျိုးထူး မရှိ၊ တစ်ုံတခုမျှ မပြုမလုပ်ဘဲ အလကား နေသော သူတို့နှင့် အတူအမျှ သာ ဖြစ်ကြကုန်ရာ၏။

စင်စစ်မူကား....ထိုဥာဏ် ဝီရိယတို့သည်ရင်း၊ ကံတရားတို့သည် ရင်း အကျိုးမပေးဘဲ မြုံသောတရားတို့ မဟုတ်ကြကုန်၊ စေကန် မုချ အကျိုးပေးကြသော သဖလတရားတို့ သာ ဖြစ်ကြကုန်၏၊ ဆန္ဒ ဝီရိယ ပညာတို့၏ အားရှိ အားမဲ့ ထူးထွေသည်၏ အဖြစ် ကြောင့် ပစ္စုပ္ပန်ကံ အမှုတို့၏ အကြီးအကျယ် အထူးထူး အ ပြားပြားသည် လောက၌ ထင်ရှား၏၊ ကံတို့၏ ထူးထွေသည် အဖြစ်ကြောင့် ကံ၏ အကျိုးတို့သည်လည်း အထူးထူး အထွေ ထွေ ထင်ရှားကြကုန်၏။

ထို့ကြောင့် ပစ္စုပ္ပန္နကမ္မသာမိနိယဌာနတို့၌ သတ္တဝါ တို့၏ ပြည့်စုံမှု၊ ပျက်စီးဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု စသည်တို့ သည် စင်စစ် ဟေတုအကြောင်း၊ ပစ္စယအကြောင်း ရှိသော သဟေတု သပစ္စယတို့ သာ ဖြစ်ကြကုန်၏၊ ဤသို့ ဖြစ်နေပုံသည် ပစ္စုပ္ပန်လောက၌ မျက်မြင်အားဖြင့် ထင်ရှားလှ၏။

ပစ္စုပ္ပန်၌ ထင်ရှားသကဲ့သို့ နောင်အနာဂတ်ဘဝတို့၌လည်း ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပြည့်စုံခြင်း၊ ပျက်စီးဆုတ်ယုတ်ခြင်း အလို့ငှာ ဖြစ်ကြကုန်သော ဆန္ဒ ဝီရိယ ပညာ စသော တရား တို့သည်ရင်း၊ သုစရိုက်ကံ ဒုစရိုက်ကံတို့သည်ရင်း မြုံခြင်း မရှိ၊ စင်စစ် အကျိုးပေးလတံ့သော တရားတို့ သာ ဖြစ်ကြကုန်၏၊ ထိုတရားတို့သည် မြုံခြင်း မရှိ၊ အကျိုးပေးလတံ့သော သဘော ရှိသောကြောင့် ထိုကံတရားတို့၏ အထူးထူးအထွေထွေသို့ လိုက်

၍ နေ့ခင် အနာဂတ်ဘဝတို့၌ အတီတကမ္မသာဓနီယ အရာ ဝယ် သတ္တဝါတို့၏ ချမ်းသာမှု အမျိုးမျိုး ဆင်းရဲမှု အမျိုးမျိုး တို့သည် ထင်ရှား ဖြစ်ကုန်လတံ့ ဟူ၍ ပညာရှိတို့ ယုံကြည်ကြ ကုန်၏။

## အကျိုးကိုမြင်က အကြောင်းကိုပါ သိသင့်ပုံ

ဥပမာအားဖြင့် ဤလောက၌ သစ်ပင်မျိုး မြက်ပင်မျိုးတို့၏ အထူးထူး အထွေထွေကို မြင်ရလျှင် ထိုသစ်ပင်မျိုး မြက်ပင်မျိုးတို့ ၏ မျိုးစေ့တို့သည်လည်း အထူးထူး အထွေထွေ ရှိ၏ ဟု သိကြရ ကုန်သကဲ့သို့ ထို့အတူ အတီတကမ္မသာဓနီယဌာနတို့၌ ပြည့်စုံမှု, ပျက်စီးမှု, ချမ်းသာမှု, ဆင်းရဲမှု စသော အထူးထူးအထွေထွေတို့ ကို မြင်ရ၍လည်း အတိတ်ကံတို့၏ ထူးထွေပုံ ထိုအတိတ်ကံတို့ ပြီးစီးရန် အဆောက်အဦတို့၏ ထူးထွေဟန်ကိုလည်း ကောန် သိ သင့်သိထိုက်လှ၏၊ ယုံကြည်သင့် ယုံကြည်ထိုက်လှ၏။

သဗ္ဗညုမြတ်စွာဘုရားသျှင်တို့သည်ကား အတိတ်ကံ အထူး ထူးတို့ အတွက်ကြောင့် အတီတကမ္မသာဓနီယ အရာ၌ ချမ်း သာ ဆင်းရဲ စသည် အထူးထူးကိုရင်း, ပစ္စုပ္ပန်ကံ အတွက် ကြောင့် ပစ္စုပ္ပန္နကမ္မသာဓနီယ အရာ၌ ချမ်းသာ ဆင်းရဲ စသည် အထူးထူးကိုရင်း မျက်မှောက်ထင်ထင် သိမြင်တော်မူကြကုန်၏၊ ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသျှင်တို့သည် ဤအဟေတုက ဝါဒကို မြဲမြံစွာ နှိပ်နင်း၍ အဘင်း ပယ်ရှားတော်မူ၏။

အဟေတုကဝါဒ နိဂ္ဂဟ ပြီး၏။

# ကမ္မသကာဝါဒ

## အကြောင်း ၃-ပါး

ပုဗ္ဗေကတဟေတုဝါဒ နိဂ္ဂဟအရာ၌လည်း ကမ္မသကာ အကြောင်းကို ကောင်းစွာ ပြဆိုခဲ့ပြီ၊ သို့ဖြစ်၍ ဤနေရာ၌ ရှေ့က မဆိုခဲ့သေးဘဲ ကြွင်းကျန်သော အရာမျှကို သာ ပြဆိုပေအံ့။ ။ဤလောက၌ ထွန်ယက်စိုက်ပျိုးခြင်း အမှုကို ပြုသောသူတို့အား ထိုထွန်ယက်စိုက်ပျိုးမှု၏ ပြည့်စုံဘို့ရန်, ပျက်စီးဘို့ရန်—

၁ - ဟေတု - အကြောင်း,

၂ - ပစ္စယ - အကြောင်း,

၃ - သမ္ဘာရ - အကြောင်း—

ဘို့သည် များစွာ ရှိကုန်၏၊ ထိုအကြောင်းတို့တွင်—

၁ - စပါး စသော မျိုးစေ့နှင့် လယ်ယာ လုပ်သမားတို့သည် ဖြစ်စေတတ်သော ဟေတုအကြောင်း မည်ကုန်၏။

၂ - စိုက်ပျိုးရာ လယ်ယာမြေ၌ တည်သော မြေဆီဩဇာတို့သည် ဖြစ်စေရန် ထောက်ပံ့တတ်သော ပစ္စယ အကြောင်း မည်ကုန်၏။

၃ - မိုးရွာခြင်းသည်၎င်း, လယ်ယာသို့ ကောင်းစွာ ဝင်ရန် ရေမြောင်းသည်၎င်း, မြစ်ချောင်းသည်၎င်း မိုးရွာရန် အကြောင်းဖြစ်သော မိုးတိမ်, မိုးသက်လေ တေဇော ဓာတ်ငွေ့တို့သည်၎င်း, နေ လ နက္ခတ်တာရာတို့သည် ၎င်း, တိုင်းနိုင်ငံ၌ နေထိုင်ကြကုန်သော လူတို့၏ အကျင့် အာစာရသည်၎င်း အဆောက်အဦ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော သမ္ဘာရ အကြောင်းတို့ မည်ကုန်၏။

## လောကမျက်မြင်

ဤအရာ၌ စပါး စသော မျိုးစေ့သည် အောင်အောင် မြင်မြင် အနှစ်အဆန် ရှိခဲ့ပါလျှင် လယ်ယာလုပ်မှု ပြည့်စုံ အောင်မြင်လေ၏၊ ကောင်းစွာ အသီးအနှံ ရှိ၍ လိုတိုင်းသော အကျိုးကို ပေး၏၊ နဂိုရ်ပကတိက မျိုးစေ့သည် မအောင်မမြင် အဖျင်းအသွန်တို့ သာ ဖြစ်ခဲ့ပါလျှင် လယ်ယာလုပ်မှု ပျက်စီး၍ အကျိုးမရှိ အချည်းနှီး ဖြစ်လေတော့၏။

အကယ်၍ ပင် မျိုးစေ့သည် အောင်အောင်မြင်မြင် အနှစ် အဆန် ရှိစေကာမူ တောင်သူယောကျ်ား လယ်ယာသမားသည် ထွန်ချိန်, ယက်ချိန်, စိုက်ချိန်, ပျိုးချိန် စသည်ကို ကောင်းစွာ သိ၍ ထွန်ယက်စိုက်ပျိုးမှု စသော ပြုသင့် ပြုထိုက်သမျှကို ပြည့်စုံ လုံလောက်စွာ ပြုလုပ်ပါမှ သာလျှင် လယ်ယာလုပ်မှု အောင် မြင် ပြီးစီး၏၊ ထိုသို့ မပြုလုပ်ခဲ့လျှင် မှုကား ပျက်စီးရပြန်လေ၏။

ထိုသို့ ပင် တောင်သူ ယောကျ်ား လယ်ယာ သမားသည် ကောင်းစွာ အားထုတ်ပြုလုပ် ပြန်ပါသော်လည်း မိုးမှန် လေမှန်မှ သာလျှင် လယ်ယာလုပ်မှု ပြည့်စုံ အောင်မြင်၏၊ မိုးလေ မကောင်းပြန်လျှင်လည်း ပျက်စီးရပြန်လေ၏။

မိုး ပင် ကောင်းပါသော်လည်း လယ်ယာ၏ အနီးအပါး၌ ရေလိုလျှင် သွင်းရန် ရေမြောင်း, ရေများလျှင် လွှတ်ရန် ထုတ်ရန် ရေမြောင်း- စုံလင်မှ သာလျှင် လယ်ယာလုပ်မှု ပြည့်စုံ ပြီးစီး၏၊ ရေမြောင်း မကောင်းလျှင်လည်း ပျက်စီးရပြန်၏။

မြစ်ရေ ချောင်းရေကို မှီရသော လယ်ယာတို့တွင် မြစ်ရေ ချောင်းရေ အယဉ်သည် အခါအခွင့် သင့်တင့်သော အခါတွင် စီးဝင်မှ သာ ပြည့်စုံ ပြီးစီး၏၊ ရေဝင်သင့်သော အခါ ရေ မဝင်၊ ရေမဝင်သင့်သော အခါ၌ များစွာ ရေဝင်ပြန်လျှင်လည်း ပျက်စီးရပြန်၏၊ မြစ်ရေ ချောင်းရေ မည်သည်လည်း အထက် အညာတွင် ရှိသော တောတောင်သမားတို့၌ မိုးရွာမှ သာလျှင် စီးဝင်နိုင်၏၊ အထက်အညာတွင်ရှိသော တောတောင်၌ မိုးမရွာလျှင်လည်း မြစ်ရေ ချောင်းရေ မလာနိုင်ပြီ။ ။မိုးမည်သည်လည်း မိုးရွာရန် အကြောင်းနှင့် ပြည့်စုံမှ သာလျှင် ရွာသွန်းနိုင်၏၊ မိုးရွာရန် အကြောင်းနှင့် မပြည့်စုံခဲ့လျှင်လည်း မိုး မရွာနိုင်ပေ၊

## မျက်မြင် ဥပမာ နှင့် ကံတရား

ဤသို့ စသည်ဖြင့် လယ်ယာစိုက်ပျိုး တခုမှာ ပင် အရာမက များလှစွာသော ပြည့်စုံရန်အကြောင်း, ပျက်စီးရန် အကြောင်း

တို့သည် ရှိကြကုန်သကဲ့သို့ ထို့အတူ အလုံးစုံသော ပစ္စုပ္ပန်ကံ တို့၏ ပြည့်စုံရန် ပျက်စီးရန် အကြောင်းတို့သည်လည်း အရာမက ရှိကြကုန်၏၊ အလုံးစုံသော အတိတ်ကံတို့၏ ပြည့်စုံရန်, ပျက်စီး ရန် အကြောင်းတို့သည်လည်း အရာမက များလှကုန်၏။

ဤ ဆိုအပ်ပြီးသည်တို့ကား လောကကြီး ဖြစ်နေပုံ၌ အ ကြောင်းရှိသည်ကို အမြွက်မျှ နည်းပြကြောင်း စကားရပ်တည်း။

## မုချ နှင့် နိသန္ဒ

နောင်ဘမလွန် ဘဝတို့၌ ချမ်းသာ ဆင်းရဲကို ဖြစ်စေတတ် သော အတိတ်ကံ၏ အကျိုးသည် ၁ - မုချအကျိုး, ၂ - နိသန္ဒ အကျိုး ဟူ၍ ၂ - ပါးအပြား ရှိ၏။

## ပစ္စုပ္ပန်ကံ နှင့် အကျိုး ၂ - ပါး

ဤအရာ၌ ပစ္စုပ္ပန်ကံကို ပြဆိုအံ့....တဦးသော သူသည် ကြီး ကျယ်သော အတတ်ပညာ တခုကို သင်ကြား၏၊ အကြင်မျှ လောက် ထိုအတတ် ပညာသည် ပြီးစီး အောင်မြင် ခြင်းသို့ မရောက်သေး၊ ထိုမျှလောက် ကာလပတ်လုံး ထိုအတတ် ပညာ ဟူသော အကြောင်းကြောင့် များစွာသော ဆင်းရဲဒုက္ခ အမျိုး မျိုးကို ခံစားရ၏၊ တရံတခါ၌ သာ ချမ်းသာကို တွေ့ရ၏၊ ထို အတတ်ပညာကြီးသည် ပြီးစီး အောင်မြင်ခဲ့သည် ရှိသော် များ စွာသော ဥစ္စာပစ္စည်း တို့ကိုလည်း ရလေ၏၊ အမျိုးမျိုးသော အစိုးရခြင်း ဂုဏ်တို့ကိုလည်း ရလေ၏၊ အမျိုးမျိုးသော စည်းစိမ်

ချမ်းသာ တို့ကိုလည်း ရလေ၏၊ ထို အဘတ်ပညာ တတ်သော သူတယောက်ကို အမှီပြု၍ တပါးသော မိတ်ဆွေ ခင်ပွန်း စသည် တို့သည်လည်း ချမ်းသာ အမျိုးမျိုးကို ရလေကုန်၏။

## နိသန္ဒ အကျိုး

ထိုစကားရပ်၌ သင်ကြားသော အတတ်ပညာ မပြီးစီးမီ ချမ်းသာ ဆင်းရဲ အမျိုးမျိုးကို ခံစားရခြင်း, ထိုအတတ်ပညာ ဟူသော အကြောင်းကြောင့် တပါးသော မိတ်ဆွေ ခင်ပွန်း အပေါင်းအသင်းတို့ ချမ်းသာကို ရခြင်းများသည် ထိုအတတ် ပညာ၏ အကျိုးရင်း မဟုတ်၊ အကျိုးဆက် အကျိုးဖျား ဖြစ်၍ ၂-နိသန္ဒ အကျိုး မည်၏။

## မုချ အကျိုး

ထိုအတတ်ပညာ ပြီးစီး အောင်မြင်သည် ရှိသော် အတတ် ပညာကို သင်ကြားတတ်မြောက်သော သူအား များစွာသော ပစ္စည်း ဥစ္စာတို့ကို ရခြင်း, အမျိုးမျိုးသော အစိုးရခြင်း ဂုဏ် တို့ကို ရခြင်း, အမျိုးမျိုးသော စည်းစိမ် ချမ်းသာတို့ကို ရခြင်း များသည် ထိုအတတ်ပညာ၏ လိုရင်း အကျိုးစစ် ဖြစ်သော ကြောင့် ၁-မုချအကျိုး မည်၏။

## အဆိုးကံ၌ အကျိုး ၂ တန်

ဤနည်း အတူ တဦးသော သူသည် တဦးသော သူကို သတ် လေ၏၊ အသတ်ခံရသော သူသည်လည်း သေ၏၊ သေလေသော

သူ၏ ရန်သူတို့သည် သတ်သောသူကို ပူဇော် မြတ်နိုးကြကုန်၏၊ ဥစ္စာစည်းစိမ် စသည်တို့ကိုလည်း ပေးကြကုန်၏။ ။သေလေသော သူ၏ အမျိုးအဆွေတို့သည်ကား ထိုသတ်သော သူကို မုန်းထား ကြကုန်၏၊ မိမိတို့ ကိုယ်တိုင်မူလည်း ပြန်လှန်၍ သတ်လိုသော် သတ်ကြကုန်ရာ၏၊ အစိုးရမင်းတို့အား တိုင်ကြား၍ သတ်စေ သော်လည်း သတ်စေကုန်ရာ၏၊ ဤသို့သော အကျိုးစုသည် သတ် ဖြတ်သော ကံ၏ ၂-နိသန္ဒ အကျိုးဆက် မည်၏။

ထိုသတ်သူသည် စုတိမနေ သေလွန်သော ကာလ၌ မိမိ သတ် ခဲ့သော ပါဏာတိပါတ အကုသိုလ်ကံကြောင့် အပါယ်ဘုံသို့ ကျ ရောက်၍ ကြီးကျယ်လှစွာသော ဆင်းရဲဝေဒနာကို ခံစား ရလေ ၏၊ ဤအပါယ်သို့ ကျသော အကျိုးသည် ၁-မုချ အကျိုးရင်း မည်၏။

ထိုသူသတ်သမားသည် တပါးသော ကုသိုလ်ကံ အတွက် ကြောင့် အပါယ်မှ လွတ်၍ တဖန် လူဖြစ်ပြန်ပါသော် အနာ ရော ဂါများခြင်း, အသက်တိုခြင်း, ရန်သူများခြင်း စသော ဒုက္ခ အ မျိုးမျိုးကို တွေ့ရ၏၊ ဤအကျိုးသည်လည်း ပါဏာတိပါတကံ ၏ ၁-မုချအကျိုးရင်း မည်၏။

ထိုပါဏာတိပါတကံ ရှိသော သူကို အကြောင်းပြု၍ ထိုသူ နှင့် စပ်သော ဆွေမျိုးတို့သည် အမျိုးမျိုးသော ဆင်းရဲ ဒုက္ခ တွေ့ကြုံခံစားကြရကုန်၏၊ ဤအကျိုးသည် ထိုပါဏာတိပါတ ကံ၏ ၂- နိသန္ဒ အကျိုးဆက် မည်၏။ ။ကုသိုလ်အရာ၌လည်း ဤ နည်းကို မှီ၍ သိလေ။

နိသန္ဒ အကျိုးဆက်သည်လည်း ကံပြုစဉ် အခါ၌ ပေးသော အကျိုး, ကံ ရင့်ကျက်၍ အကျိုးပေးချိန်တန်သော ကာလ၌ ပေးသော အကျိုး ဟူ၍ ၂-ပါး အပြား ရှိ၏။

## နိသန္ဒ အနုအရင့်

ထိုနှစ်ပါးတို့တွင် ကံပြုစဉ် အခါ၌ ပေးသော အကျိုးသည် ဖြောင့်မှန် ခိုင်မြဲသည် ဟူ၍ မရှိ၊ ကောင်းသော ကလျာဏကံကို ပြုစဉ် အခါ၌လည်း ဆင်းရဲ ဒုက္ခကို ခံစားရတတ်၏၊ မကောင်း ယုတ်မာသော ပါပကံကိုပြုစဉ် အခါ၌လည်း ချမ်းသာ သုခကို ခံစားရတတ်၏၊ ကံရင့်ကျက်၍ အကျိုးပေးချိန်တန်သော အခါ၌ ပေးသော အကျိုးသည်ကား ဖြောင့်မှန် ခိုင်မြဲလေ၏၊ ကောင်းသောကလျာဏကံ အတွက်ကြောင့် ချမ်းသာသုခကိုသာ ခံစားရ၏၊ ဆင်းရဲဒုက္ခကို မခံစားရ၊ မကောင်းယုတ်မာသော ပါပကံ အတွက်ကြောင့် ဆင်းရဲဒုက္ခကို သာ ခံစားရ၏၊ ချမ်းသာသုခကို မခံစားရ။

## မုချကျိုး နှင့် အဇ္ဈတ္တ

မုချ အကျိုးသည်ကား စင်စစ်အားဖြင့် ဖြောင့်မှန် ခိုင်မြဲ၏၊ ကောင်းသော ကလျာဏကံ၏ အကျိုးသည် သုခ သာ ဖြစ်၏၊ ဒုက္ခ မဖြစ်၊ မကောင်းသော ယုတ်မာသော ပါပကံ၏ အကျိုး သည် ဒုက္ခ သာ ဖြစ်၏၊ သုခ မဖြစ်နိုင်၊ မုချအကျိုးရင်း မည် သည် ကံပြုသော သူ၏ အဇ္ဈတ္တသန္တာန်၌ သာ ဖြစ်၏၊ ဗဟိဒ္ဓ ဖြစ်သော သူတပါးတို့ သန္တာန်၌ မဖြစ်၊ ထိုကြောင့် ထိုကံပြု

သော သူသည် ကံ၏ အကျိုးကို ခံစားပြီး၍ သေလေသည် ၎င်းသော် မချအကျိုးရင်းသည် ကုန်ခန်းလေတော့၏၊ ကျန်ရစ်သည်ဟူ၍ မရှိ။

## နိသန္ဒ နှင့် သန္တာန် ၂-ပါး

နိသန္ဒ အကျိုးဆက်သည် မူကား...ဗဟိဒ္ဓ ဖြစ်သော သူတပါးတို့၏ သန္တာန်၌လည်း ဖြစ်၏၊ ထို့ကြောင့် ထိုကံပြုသော သူ သေလေသော်လည်း ထိုနိသန္ဒ အကျိုးဆက်သည် မကုန်ခန်းလေ၊ ကြွင်းကျန်ရစ်၍ သူတပါးတို့ ချမ်းသာဘို့ရန် သော်၎င်း, ဆင်းရဲဘို့ရန် သော်၎င်း ဖြစ်လေ၏။

နိသန္ဒဖလကို ထင်ရှားစွာ ပြဆိုဦးအံ့...တစုံတခုသော အမျိုးအနွယ်၌ ရှေးရှေးဘဝက ဖြည့်ဆည်းပူးခဲ့သော ပါရမီသမ္ဘာရရှိသော ဘုန်းရှင် ကံရှင် သမ္ဘာရှင်သည် ပဋိသန္ဓေ တည်နေလာ၏၊ ထိုဘုန်းကံရှိသူ ပဋိသန္ဓေ တည်နေသော အခါမှ စ၍ ထိုအမျိုးသားတို့၏ အမှု အမျိုးမျိုးတို့သည် ပြည့်စုံ ပြီးစီးကုန်၏၊ ဥစ္စာ စီးပွား ကျွဲ နွား ဆင် မြင်း သင်းပင်းခြွေရံတို့သည် တိုးပွားကုန်၏၊ မင်းမျိုး ဖြစ်ခဲ့လျှင် ပညာရှိသော အမတ်ကြီးတို့ ပေါ်ပေါက်လာကုန်၏၊ ရဲရင့်သော ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံသော စစ်သူကြီးတို့သည်လည်း ပေါ်ပေါက်လာကုန်၏၊ ဆင်ထူး မြင်းထူး သမီးကညာ ရတနာထူးတို့သည်လည်း ပေါ်ပေါက်လာကုန်၏၊ မိုးတို့သည်လည်း ထိုသူငယ် ပဋိသန္ဓေ တည်နေရာ မြို့ရွာ နိုင်ငံ၌ ကောင်းစွာ ရွာသွန်းကုန်၏၊ ကောက်ပဲသီး

နံ့တို့သည်လည်း ကုံတံလောက်ငှာ သီးကြကုန်၏၊ ထိုတိုင်းနိုင်ငံ သည်လည်း ဝပြောစည်ပင် ကြည်လင် ချမ်းမြစွာ ဖြစ်၏၊ ဤကား ဘုန်းကံ ရှိသော သူတယောက်၏ နိသန္ဒ အကျိုးဆက်ပေ တည်း။

ဤကို ရည်၍ ဓမ္မပဒ အဋ္ဌကထာ ဒု-အုပ် ၁၆၁-၌--

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတေ ပေါသော၊ တံ ကုလံ သုခမေဓတိ။

ဟူ၍ ဟောတော်မူ၏။

ပုရိသာဇညော၊ ဘုန်းကံကြီးမားသော ယောကျ်ား အာဇာနည်ကို။ ဒုလ္လဘော၊ ရခဲလှစွာ၏။ သော၊ ထို ဘုန်းကံ ကြီးမားသော ယောကျ်ား အာဇာနည်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော မြို့ ရပ် ရွာ နှင့် ဝံသာကုလ ဟူသမျှ၌။ နဇာယတိ၊ ဖြစ်ပွား ပေါ် ပေါက်နိုင်သည် မဟုတ်။ ယတ္ထ၊ အကြင်အမျိုး၌။ သော ပေါ သော၊ ထိုဘုန်းကံကြီးမားသော ယောကျ်ား အာဇာနည်သည်။ ဇာယတေ၊ ဖြစ်ပေါ်လာ၏။ တံ ကုလံ၊ ထိုဖြစ်ပေါ်ရာ တမျိုး လုံးသည်။ သုခံ၊ ချမ်းချမ်းသာသာ။ ဧဓတိ၊ အမျိုးမျိုးသော ကြီး ပွားခြင်းဖြင့် အလျဉ်းကြီးပွားလေတော့၏။

## ပစ္စုပ္ပန်ကံ၌ နိသန္ဒအကျိုး

ပစ္စုပ္ပန်ကံ အရာ၌ ဥပမာဖြင့် ထင်စွာ ပြဦးအံ့.... စွမ်းအား နှင့် ပြည့်စုံသော ယောကျ်ားတယောက်သည် လက်ရုံးအားဖြင့် သော်၎င်း, ဉစ္စာအားဖြင့် သော်၎င်း, ဉာဏ်အားဖြင့် သော်၎င်း,

ခိုင်ခန့်ကောင်းမွန်စွာ ပြုပြင်၍ လုပ်ကိုင် ထားအပ်ကုန်သော လယ်ယာ, ဥယျာဉ်, ရေကန် ရေတွင်းတို့သည်လည်း ရှိကုန်၏၊ ကြီးကျယ်လှစွာသော တဘက် ဆည်းကန်ကြီးသည်ရင်း, ကြီးမားခိုင်လုံစွာသော တူးမြောင်း ချောင်းမြစ်တို့သည်ရင်း, ခိုင်ခန့်လှစွာသော လမ်းကြီး လမ်းငယ် အသွယ်သွယ် တို့သည်ရင်း ရှိကုန်၏၊ ထိုဆိုခဲ့ပြီးသော အဆောက်အဦတို့သည် ကမ္ဘာပတ်လုံး လောက်ပင်လျှင် သူတပါးတို့၏ အကျိုးစီးပွားကို ရှက်ဆောင်၍ အများချမ်းသာဘို့ရန် တည်နေကြကုန်၏၊ ထိုအဆောက်အဦကြီး တို့ကို မှီ၍ များလှစွာသော သတ္တဝါတို့သည် ချမ်းသာ အမျိုးမျိုးကို ရကြကုန်၏။

## အတိတ်ကံ၌ နိသန္ဒအကျိုး

ဤသို့ ဖြစ်နေပုံသည် ပစ္စက္ခ မျက်မြင်အားဖြင့် ဤလောက၌ သင်ရှားဘိ သကဲ့သို့ ထို့အတူ အတိတ်ကံ၏ အရာ ဌာနတို့၌လည်း ဘုန်းကံရှိသူ တဦး၏ ဘုန်းကံရှိန်စော် အာနုဘော်ကို တပါးသော သတ္တဝါတို့သည်လည်း မှီခို ခံစားကြရကုန်၏၊ ရှေးကံကြမ္မာ ဆိုးညစ်လှစွာသော သတ္တဝါ တဦး တယောက်၏ အကုသိုလ်ကံ အကျိုးဆက်ကြောင့် တပါးသော သတ္တဝါ အများတို့သည်လည်း အမျိုးမျိုးသော ဆင်းရဲဒုက္ခကို ခံစားကြရကုန်၏။

ဤသို့လျှင် ပစ္စုပ္ပန်ကံ အတိတ်ကံ ၂ - ပါးတို့၏ မုချအကျိုး, နိသန္ဒအကျိုး ကိုယ်စီ ရှိပုံကို ပညာရှိတို့ ကောင်းမွန်စွာ ယုံကြည်ကြကုန်၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား....ပစ္စုပ္ပန်ကံ အတိတ်ကံ ၂-ပါးတို့၏ အကျိုးပေး ထူးထွေ ဆန်းပြားပုံကို အမြွက်မျှ ပြဆိုခြင်းတည်း။

ကမ္မဿကာ ဝါဒ ပြီး၏။

---

**အမှာ။** ။ဒိဋ္ဌိ ၃ - ပါး ရှင်းပြခဏ်း, ကမ္မဿကာဝါဒ ရှင်းပြခဏ်းများကို လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ရေးသားသော '**သမ္မာဒိဋ္ဌိဒီပနီကျမ်း**' မှ ထုတ်နုတ်၍ ဖော်ပြခြင်း ဖြစ်သည်။

# ငါးပါးသီလအဓိပ္ပာယ်အကျဉ်း

## ပါဏာတိပါတ သိက္ခာပုဒ်

၁ - ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ပါဏာတိပါတာ၊ သူတပါးတို့၏ အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ စိတ်၌ မြဲစွာ ဆောက်တည် ပါ၏။

သူတပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

## အင်္ဂါ ၅ - ပါး

၁ - သတ္တဝါ ဖြစ်ခြင်း။

၂ - သတ္တဝါ ဟု အမှတ်ရှိခြင်း။

၃ - သတ်လိုသောစိတ် ရှိခြင်း။

၄ - လုံ့လပြုခြင်း။ ( ဝါ ) အားထုတ်ခြင်း။

၅ - ထိုလုံ့လကြောင့် သေခြင်း။

ဤအင်္ဂါ ၅ - ပါးလုံး ပြည့်စုံမှ ပါဏာတိပါတ အကုသိုလ်ကံ ဖြစ်၏၊ တပါးပါး ချွတ်ယွင်းလျှင် ကမ္မပထ မမြောက် တော့ပေ၊ ပါဏာတိပါတ အကုသိုလ်ကံ ဟူ၍ မဆိုရတော့ပေ၊ ထို့ကြောင့်

မတော်တဆ ခိုက်မိ တိုက်မိ၍ ဖြစ်စေ - နင်းမိ၍ ဖြစ်စေ- ပိုးရွ, ခြ ပုန်း, ပရွက်ဆိတ် စသော သေးငယ်သော အကောင်များ သေ ဘတ်ကြရာဝယ် နံပါတ် ၃-၄ အင်္ဂါများ ချွတ်ယွင်းသော ကြောင့် ပါဏာတိပါတ အကုသိုလ်ကံ လုံးဝ မဖြစ်ကြောင်း သိ မှတ်ကြရမည်၊ အထက်က အင်္ဂါလေးပါးစလုံး ဖြစ်ခဲ့သော်လည်း သတ္တဝါ မသေခဲ့သော် ပါဏာတိပါတကံ မထိုက်ပေ၊ (ဝါ) ကမ္မပထ မမြောက်ပေ၊ သို့သော် အကုသိုလ်ကား ဖြစ်သည် သာတည်း။

## ပယောဂ ၆-မျိုး

၁ - မိမိကိုယ်တိုင် သတ်ခြင်းသည် သာဟတ္ထိက ပယောဂ မည်၏။

၂ - သူတပါးတို့ကို အသတ်ခိုင်းခြင်းသည် အာဏတ္တိက ပယောဂ မည်၏။

၃ - မြှား, လှံ, သေနတ် စသည်ဖြင့် အဝေးမှ နေ၍ ပြစ် လွှတ် သတ်ခြင်းသည် နိဿဂ္ဂိယ ပယောဂ မည်၏။

၄ - သတ္တဝါများ သေစေရန် တွင်းတူးထားခြင်း, ညှောင့် ထောင်ထားခြင်း, ကျော့ကွင်းထောင်ထားခြင်း, ကုခင် ဆိုင်ခုံ စသည်ကို ဖျက်ဆီးထား၍ မူလအတိုင်း အ ကောင်းဖြစ်လေဟန် ပြုပြင်ထားခြင်း, လေ့ကားထစ် စသည်ကို ဖြုတ်ထားခြင်း, ဓား, လှံ, လေး, မြှား, သေ နတ် စသော လက်နက်များကို ပြုလုပ်ထားခြင်း, အ

ဆိပ်ဆေးကို ဖော်စပ်ထားခြင်း စသည်ဖြင့် အရှည်တည်တံ့နေ၍ သတ္တဝါများကို သေစေနိုင်သော အရာဝတ္ထုများကို ပြုလုပ်ထားခြင်းသည် ထာဝရပယောဂ မည်၏၊ (ဝါ) အရှည်တည်တံ့သော အရာဝတ္ထုများဖြင့် သတ္တဝါတို့ကို သတ်ခြင်း ဖြစ်၏ ဟူလို။

၅ - မန္တန်ဖြင့်သော်၎င်း, ဆေးဝါး အစီအရင် ဖြင့် သော်၎င်း, အင်းအစီအရင်ဖြင့် သော်၎င်း, အတတ်ပညာ အမျိုးမျိုးဖြင့် သတ္တဝါတို့ကို သတ်ခြင်းသည် ဝိဇ္ဇာမယ ပယောဂ မည်၏။

၆ - နဂါး, ဂဠုန်, ဘီလူး, နတ် စသည်တို့သည် မိမိတို့တန်ခိုး အသီးသီးဖြင့် သတ္တဝါတို့ကို သတ်ခြင်းသည်၎င်း, သီဟိုဠ်ကျွန်း၌ ပိတုမင်းသည် မိမိ၏ အစွယ်ကို ခေါက်ခြင်းဖြင့် စူဠသုမနသူကြွယ် သေရခြင်းကဲ့သို့၎င်း, မိမိတို့ ရသော တန်ခိုးအမျိုးမျိုးဖြင့် သတ္တဝါတို့ကို သတ်ခြင်းသည် ဣဒ္ဓိမယ ပယောဂ မည်၏။

သတ္တဝါတို့ကို သတ်ရာ၌ ဤ ၆ - နည်းတွင် တနည်းနည်းဖြင့် သတ်ကြသည် ဟူလို၊ မည်သည်နည်းနှင့်ပင် သတ်သည်ဖြစ်စေ- ဆိုခဲ့ပြီးသော အင်္ဂါ ၅ - ပါးနှင့် ပြည့်စုံက ပါဏာတိပါတ အကုသိုလ်ကံ ဖြစ်သည် သာတည်း။

အာဏတ္တိက ပယောဂ၌—

၁ - သတ်ရမည့် သတ္တဝါ။

၂ - သတ်ရမည့် အချိန်ကာလ နှင့် အရွယ်။
၃ - သတ်ရမည့် နေရာဌာန။
၄ - သတ်ရမည့် လက်နက်။
၅ - သတ်ရမည့် ဣရိယာပုထ်။
၆ - သတ်ပုံသတ်နည်း—

ဟူ၍ ၆ - မျိုး ရှိ လေသည်။

ဥပမာ အသတ်ခိုင်းသူက 'မောင်ဖြူကို သတ်ပါ'ဟု စေခိုင်းရာ အခိုင်းခံရသူက နားကြားလွဲ၍ သော်၎င်း, သံသယရှိ၍သော်၎င်း, တမင် ရှောင်လွှဲ၍ သော်၎င်း အခြား မောင်မဲကို သတ်မိသော် ခိုင်းသူမှာ ပါဏာတိပါတ အကုသိုလ်ကံ မဖြစ်ဘဲ သတ်သူမှာ သာ ၎င်းကံ ဖြစ်လေသည်၊ ခိုင်းသည့်အတိုင်း မောင်ဖြူကို သတ်ခဲ့သော် ခိုင်းသူ, သတ်သူ နှစ်ဦးစလုံး ပါဏာတိပါတ အကုသိုလ်ကံ ဖြစ်လေသည်၊ အချုပ်မှာ ခိုင်းလိုက်သည့် အတိုင်း တသွေမတိမ်း သတ်မှ သာ နှစ်ဦးစုံ ကံထိုက်လေသည်၊ ခိုင်းလိုက်သည့်အတိုင်း မဟုတ်ဘဲ တခုခု ချွတ်ယွင်းခဲ့သော် ခိုင်းသူမှာ ပါဏာတိပါတ အကုသိုလ်ကံ မမြောက်ဘဲ သတ်သူမှာ သာ မြောက်လေသည်၊ (ခိုင်းသူမှာ ပါဏာတိပါတ အကုသိုလ်ကံ မမြောက်သော်လည်း အကုသိုလ်ကား ဖြစ်သည် သာ တည်း။)

နံပါတ် ၆ - အရ ခိုင်းပုံမှာ ဥပမာ 'ခေါင်းဖြတ်၍ သတ်ပါ' ဟု စေခိုင်းရာ အခိုင်းခံရသူက ဝမ်းပိုက်ကို ထိုးဖောက်၍ သတ်

လေသော် ခိုင်းသူမှာ ကံမထိုက်၊ သတ်သူ သာ ကံထိုက် လေသည် ဟူလို။

'ဘယ်လိုဘဲ သတ်သတ် သေတာ သာ လိုရင်းပါ' ဟု ခိုင်းစေရာ သတ်သူကလည်း ဘယ်နည်းဖြင့် သတ်သတ် နှစ်ဦးစလုံး ပါဏာတိပါတ အကုသိုလ်ကံ ထိုက်ကြလေသည်။

## အပြစ်နည်း - အပြစ်ကြီး

တိရစ္ဆာန် စသည်တို့ကို သတ်ရာတွင် သေးငယ်သော သတ္တဝါများကို သတ်ရာ၌ လုံ့လ ပယောဂ နည်းပါးသောကြောင့် အပြစ်နည်း၏၊ ကြီးမားသော သတ္တဝါများကို သတ်ရာ၌ လုံ့လ ပယောဂ များစွာပြုရသောကြောင့် အပြစ်ကြီး၏၊ လူကို သတ်ရာ၌ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် နည်းပါးသူကို သတ်လျှင် အပြစ်နည်း၏၊ ဂုဏ်ကြီးမားသူကို သတ်လျှင် အပြစ် ကြီး၏။

---

## အဒိန္နာဒါန သိက္ခာပုဒ်

၂ - အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ၊ ဥစ္စာရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ပါ၏။

သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

သူတပါးတို့၏ ဥစ္စာ ဟူရာ၌ ခွန်အားဖြင့် စိုက်ထုတ်၍ တရားသဖြင့် ရှာဖွေ ရရှိထားသော ပစ္စည်းများ, ဘုန်းကံ အလျောက်

ချရှိထား၍ သူတပါးတို့ အပြစ်တင်စရာ ကဲ့ရဲ့စရာ မရှိသော ပစ္စည်းများကို ဆိုလိုသည်၊ ထိုသူတပါးတို့၏ ပစ္စည်းဥစ္စာများကို ခိုးခြင်း ၂၅-ပါးတွင် တပါးပါးဖြင့် ခိုးယူခြင်းသည် အဒိန္နာဒါန အကုသိုလ်ကံ ဖြစ်၏။

**အမှာ။** ။ခိုးခြင်း ၂၅-ပါး အကျယ်ကို ရှေ့အပြစ်ပြ အခဏ်း၌ ပြဆိုထားလျက် ရှိလေသည်။

## အင်္ဂါ ၅-ပါး

၁ - သူတပါးတို့ သိမ်းဆည်းထားသော ပစ္စည်း ဖြစ်ခြင်း,
၂ - သူတပါးတို့ သိမ်းဆည်းထားသည် ဟု အမှတ် ရှိခြင်း,
၃ - ခိုးယူလိုသော စိတ် ရှိခြင်း,
၄ - လုံ့လပြုခြင်း၊ (ဝါ) အားထုတ်ခြင်း,
၅ - ခိုးယူခြင်း—

ဤအင်္ဂါ ၅-ပါးလုံး ပြည့်စုံမှ အဒိန္နာဒါန အကုသိုလ်ကံ ဖြစ်၏၊ တပါးပါး ချွတ်ယွင်းလျှင် ၎င်းကံ မမြောက်တော့ပေ၊ ကံမမြောက်သော်လည်း အကုသိုလ်ကား ဖြစ်သည် သာ တည်း။ ( မိမိမှ တပါး အခြားသော လူ နတ် တိရစ္ဆာန် ဟူသမျှကို သူတပါး ဟူ၍ချည်း မှတ်၊ ထိုသူတပါးတို့၏ ပစ္စည်းဥစ္စာကို ကိုယ်ဖြင့်သော်ရင်း, နှုတ်ဖြင့်သော်ရင်း မပေးအပ်သည်ကို ယူခြင်းသည် ခိုးသည် မည်၏။)

## ပယောဂ ၆-မျိုး

၁ - မိမိကိုယ်တိုင် ခိုးယူခြင်းသည် သာဟတ္ထိက ပယောဂ မည်၏။

၂ - သူတပါး တို့ကို ခိုးယူ ခိုင်းခြင်းသည် အာဏတ္တိက ပယောဂ မည်၏။

၃ - ပေးသင့် ဆောင်သင့်သော အခကို မပေးမဆောင်ဘဲ ရှောင်လွှဲခြင်းသည် နိဿဂ္ဂိယ ပယောဂ မည်၏။ ( ခိုးခြင်း ၂၅ -ပါးခဏ်း၌ အကျယ် ရှိ၏။ )

၄ - မိမိက ပေးစရာရှိလျှင် ခွက်ငယ် တောင်းငယ် အလေးငယ် တိုသောအတိုင်းအရှည် ရှိသော အရာဝတ္ထုများဖြင့် ပေးခြင်း-မိမိက ယူစရာရှိလျှင် ခွက်ကြီး တောင်းကြီး အလေးကြီး ရှည်သော အတိုင်း အရှည် ရှိသော အရာဝတ္ထုများဖြင့် ယူခြင်း စသည်ဖြင့် အမြဲတမ်း ခိုးယူနိုင်အောင် ပြုလုပ်ထားသော အရာဝတ္ထုများဖြင့် ခိုးယူခြင်းသည် ထာဝရ ပယောဂ မည်၏။

၅ - မန္တန်ဖြင့်သော်၎င်း, ဆေးဝါး အစီအရင်ဖြင့် သော်၎င်း, အင်းအစီအရင်ဖြင့် သော်၎င်း အတတ်ပညာ အမျိုးမျိုးဖြင့် ခိုးယူ ခြင်းသည် ဝိဇ္ဇာမယပယောဂ မည်၏။

၆ - နဂါး, ဂဠုန်, ဘီလူး, နတ်, လူ စသည်တို့သည် မိမိတို့ ရရှိထားသော တန်ခိုး အသီးသီးဖြင့် ခိုးယူခြင်းသည် ဣဒ္ဓိမယ ပယောဂ မည်၏။

သူတပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးယူရာ၌ ဤ ၆ - နည်းတွင် ဘနည်းနည်းဖြင့် ခိုးယူတတ်ကြလေသည်၊ မည်သည့်နည်းဖြင့် ပင် ခိုးယူသည်ဖြစ်စေ ပြခဲ့သော အင်္ဂါ ၅ - ပါးနှင့် ပြည့်စုံက အဒိန္နာဒါန အကုသိုလ်ကံ ဖြစ်သည် သာ တည်း။

ဤပယောဂ ၆ - မျိုးမှာ အဋ္ဌကထာ၌ တိုက်ရိုက် စေ့စုံစွာ ပြဆိုထားခြင်း မရှိပေ။

> ဆ ပယောဂါ သာဟတ္ထိကာဒယော၀။ တေ စ ခေါ ယထာနုရူပံ ထေယျာ၀ဟာရော, ပသယှာ၀ဟာရော, ပရိကပ္ပါ၀ဟာရော,ပဋိစ္ဆန္နာ၀ဟာရော,ကုသာ၀ဟာရော တိ ဣမေသံ အ၀ဟာရာနံ ၀သေန ပ၀တ္တာ။

ဤစကားရပ်ကို ကြည့်၍ ပယောဂ ၆ - မျိုး စေ့စုံအောင် ရေတွက်ပြလိုက်သည်၊ ဤပယောဂ ၆ -မျိုးမှာ ခိုးခြင်း ၂၅-ပါး တွင် အတွင်း၀င်ပြီးသား ပင် ဖြစ်လေသည်။

## အပြစ်နည်း- အပြစ်ကြီး

သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် မရှိသူ နည်းပါး သူ၏ ပစ္စည်းဥစ္စာကို ခိုးယူလျှင် အပြစ် နည်း၏၊ ၎င်းဂုဏ် ကြီးမားသူ၏ ပစ္စည်းဥစ္စာကို ခိုးယူလျှင် အပြစ် ကြီး၏၊ တန်ဘိုး အနည်းငယ် ထိုက်သော ၀တ္ထုပစ္စည်းကို ခိုးယူလျှင် အပြစ် နည်း၏၊ တန်ဘိုး များစွာ ထိုက်သော ၀တ္ထုပစ္စည်းကို ခိုးယူလျှင် အပြစ် ကြီး၏။

## ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်

၃ - ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

ကာမေသုမိစ္ဆာစာရာ၊ မိမိတို့ ဇနီးမောင်နှံ ချင်းမှ တပါး အခြားသော ယောကျ်ား, အခြားသော မိန်းမ တို့နှင့် ဖောက်ပြား ကျူးလွန်ခြင်း ဟု ဆိုအပ်သော ကာမဂုဏ်တို့၌ ကဲ့ရဲ့ ထိုက်စွာ ယုတ်မာသော အကျင့်မှ။ ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိ ယာမိ၊ ပါ၏။

သူတပါး မယားကို ကျူးလွန်ခြင်း, မိမိလင်မှ တပါး အခြား ယောကျ်ားနှင့် ဖောက်ပြားခြင်းမှ ရှောင်ကြဉ် ပါ၏ ဟူလို။

မိမိတို့ လူမျိုးအလိုက် ဘာသာအလိုက် တရားဝင် အသိ အမှတ် ပြုထားကြသော လင် နှင့် မယားတို့ ကာမဂုဏ် ခံစားကြ ရာ၌ကား လောကဓမ္မတာ ထုံးတမ်းစဉ်လာ ဖြစ်သောကြောင့် ကဲ့ရဲ့ဘွယ်ရာ ယုတ်မာသော အကျင့် မဟုတ်ချေ၊ မိမိလင်မှ တ ပါး အခြားသော ယောကျ်ားတို့နှင့် ဖောက်ပြား ကျူးလွန် သော မိန်းမများ၏ အကျင့်, မိမိမယားမှ တပါး အခြားသော မိန်းမတို့နှင့် ဖောက်ပြား ကျူးလွန်သော ယောကျ်ား များ၏ အကျင့် သာ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာသော အကျင့် ဖြစ်လေ သည်။

ကာမဂုဏ် ခံစားမှုမှ ရှောင်ကြဉ်၍ ဖြူဖြူစင်စင် သူတော် သွင် အဖြစ်နှင့် မနေနိုင်က မိမိတို့ ကိုယ်ပိုင် ဇနီးမောင်နှံ ချင်း

သာ ဘင်းတိမ် ရောင့်ရဲသင့်ကြပေသည်၊ ထိုမှားယွင်းသော ယုတ်မာသော အကျင့်ကား လောကကြောင်းဖြင့် ဖြစ်စေ, ဓမ္မကြောင်းဖြင့် ဖြစ်စေ လွန်စွာ ကဲ့ရဲ့ဘွယ် ရှုံ့မုန်းဘွယ် ကြောက်လန့်ဘွယ် ကောင်းလှကြောင်းကို ကိုယ်တွေ့ အသိ အမြင် အကြားတို့ဖြင့် ထင်ရှားလှပေသည်။

### အင်္ဂါ ၄ - ပါး

၁ - မသွားမလာ အပ်သော ဝတ္ထု ဖြစ်ခြင်း,

၂ - ထိုဝတ္ထု၌ မေထုန်မှီဝဲလိုသောစိတ် ရှိခြင်း,

၃ - မှီဝဲနိုင်ရန် အားထုတ်ခြင်း,

၄ - သာယာခြင်း —

ဤအင်္ဂါ ၄ - ပါးနှင့် ပြည့်စုံလျှင် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ ဖြစ်၏။

မသွားမလာအပ်သော ဝတ္ထု (ဝါ) အဂမနိယ ဝတ္ထုမှာ ယောကျ်ားများအတွက် ၂၀ - ယောက်, မိန်းမများ အတွက် ၁၂ - ယောက် ရှိလေသည်၊ ယောကျ်ားများ အတွက် မသွားမလာကောင်းသော မိန်းမ ၂၀ - ယောက်ကို ရေတွက် ပြရသော်—

### မသွား မလာအပ်သော မိန်းမ-၂၀

၁ - မာတုရက္ခိတာ ....မိခင် စောင့်ရှောက်အပ်သော မိန်းမ။

၂ - ပိတုရက္ခိတာ .... ဘခင် စောင့်ရှောက်အပ်သော မိန်းမ။

၃ - မာတုပိတုရက္ခိတ .... မိဘ နှစ်ဦးစုံ စောင့်ရှောက် အပ်သော မိန်းမ။

၄ - ဘဂိနိရက္ခိတ .... အမ ညီမတို့ စောင့်ရှောက် အပ်သော မိန်းမ။

၅ - ဘာတုရက္ခိတ .... မောင်ကြီး မောင်ငယ်တို့ စောင့်ရှောက်အပ်သော မိန်းမ။

၆ - ဉာတိရက္ခိတ .... ဆွေမျိုးတို့ စောင့်ရှောက် အပ်သော မိန်းမ။

၇ - ဂေါတ္တရက္ခိတ .... အနွယ်တူ လူတို့ စောင့်ရှောက် အပ်သော မိန်းမ။ ( မြန်မာပြည်၌ကား အနွယ်ကို အရေးထားလေ့ မရှိကြပေ၊ သို့သော် လူမျိုးတူ တို့က စောင့်ရှောက် အပ်သော မိန်းမကို ဤ၌ ယူရသည်။ )

၈ - ဓမ္မရက္ခိတ .... တရားကျင့်ဖော်တို့ စောင့်ရှောက် အပ်သော မိန်းမ။ (ယခုကာလ သီလရှင် ရသေ့မ, ယောဂီမ စသည်တို့တည်း )။

၉ - သပရိဒဏ္ဍာ .... အစိုးရသူတို့က သူတို့သိမ်းပိုက်မည် ဖြစ်၍ ကျူးလွန်လျှင် ဒဏ်တပ်မည် ဟု ကြေညာထားသော မိန်းမ။

၁၀ - သာရက္ခာ .... မိတ်ဆွေအချင်းချင်း သားသမီး မရမီက ပင် အပြန်အလှန် ပေးကြစတမ်း ဟု

ဂတိ ပြုထား ဘူးသော မိန်းမ၊ စေ့စပ်ကြောင်းလမ်းပြီးသော မိန်းမ၊ စရံယူထားပြီးသော မိန်းမများတည်း။

၁၁ - ဓနက္ကီတာ.... ဥစ္စာဖြင့် ပေးဝယ်ထားသော မယား။

၁၂ - ဆန္ဒဝါသိနီ.... သဘောတူညီသဖြင့် လင့်အိမ်သို့ လိုက်နေသော မယား။

၁၃ - ဘောဂဝါသိနီ.... ဆင်းရဲကျပ်တည်းလှသဖြင့် ပစ္စည်းဥစ္စာ ရရန် အတွက် နေသော မယား။

၁၄ - ပဋဝါသိနီ.... အဝတ်အစား အဆင်တန်းဆာ ရရန် အတွက် နေသော မယား။

၁၅ - ဩဒပတ္တကိနီ.... ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားထားသော မယား။ (ယခုကာလ လက်ထပ်၍ ယူကြသော မယားများသည် ဤဩဒပတ္တကိနီ မယားချည်း သာတည်း)။

၁၆ - ဩဘတစုမ္ဗဋာ.... ဆင်းရဲလှ၍ ထင်း စသည် ရောင်းစားသော မိန်းမများကို ခေါင်းခု ချစေ၍ အတည်ယူထားသော မယား။

၁၇ - ဓဇာဟဋာ.... စစ်မြေပြင်မှ ခေါ်ဆောင်ခဲ့သော သုံ့ပန်းမိန်းမကို အတည်ယူထားသော မယား။

၁၈ - ကမ္မကာရီဘရိယာ.... အိမ်၌ ခိုင်းစေထားသော မိန်းမကို မယားပြုထားခြင်းတည်း။

၁၉ - ဒါသီဘရိယာ.... ကျွန်မကို မယားအဖြစ် ယူထား ခြင်းတည်း။

၂၀ - မုဟုတ္တိကာ.... တခဏ, တည, တရက်, ခုနစ်ရက် စသည်ဖြင့် ပေါင်းသင်းရန် ငွေပေး၍ ခေါ် ယူထားသော မယား။ (ဝါ) ပြည့်တန်ဆာမ။

ဤကား ယောကျ်ားတို့ မသွားမလာကောင်းသော မိန်းမ ၁၀ - ယောက်, မယား ၁၀ - ယောက် ပေါင်း ၂၀ တည်း၊ ဤ ၂၀ - သော မိန်းမတို့နှင့် ကျူးလွန်ဖောက်ပြားသော ယောကျ်ား တို့မှာ ကာမေသု မိစ္ဆာစာရ အကုသိုလ်ကံ ဖြစ်လေသည်။ (နံပါတ် ၂၀ ပြည့်တန်ဆာမတို့၌ မူလငွေပေးငှားထားသူ၏ ငှား ထားသည့် အချိန်ကာလ အတွင်း၌ အခြား ယောကျ်ားတို့က ကျူး လွန်ဖောက်ပြားမှ သာ အပြစ်ရှိလေသည်၊ ငှားထားသည့် အချိန် ကာလ ကုန်လွန်လျှင်ရင်း, အခြား ငှားထားသူ မရှိသောအချိန် တွင်ရင်း ပေါင်းသင်းဆက်ဆံလျှင် အပြစ် မရှိပေ။)

## မိန်းမများ အတွက် ၁၂ - ယောက်

မိန်းတို့ မသွားမလာကောင်းသော ယောကျ်ားမှာ ၁၂ ယောက် ရှိလေသည်၊ ယောကျ်ား ၂ - ယောက်, လင် ၁၀-ယောက် ပေါင်း ၁၂ - ယောက်တည်း၊ ရေတွက်ပြခဲ့သော မိန်းမ ၁၀ ယောက်, မယား ၁၀ ယောက် ပေါင်း ၂၀ - တွင် နံပါတ် ၉ မှ စ၍ ၂၀ - အထိ ဖြစ်လေသည်၊ ရေတွက်ပြသောနေရာတွင်

မိန်းမနေရာ၌ ယောကျ်ား, မယားနေရာ၌ လင် ဟူ၍ ပြောင်းလွဲ ရေတွက်ရသည်။

မာတုရက္ခိတ စသော ယောကျ်ား ၈ ‧ ယောက်တို့တွင် တ ယောက်ယောက်နှင့် ဖောက်ပြားကျူးလွန်သော မိန်းမတို့မှာ ကာ မေသုမိစ္ဆာစာရ အကုသိုလ်ကံ မဖြစ်သော်လည်း အရှက်တကွဲ အကျိုးနဲ ဖြစ်ရတတ်ခြင်း, အကယ်၍ ကိုယ်ဝန်ရှိလာလျှင် ထိုကိုယ် ဝန်ကို ဖျက်ဆီးပြစ်တတ်ခြင်း, ဖျက်မရ၍ မွေးဖွားလာသော် သား သမီးငယ်ကို စွန့်ပစ်ရခြင်း, သတ်ပြစ်ရခြင်း စသော နောက်ဆက် တွဲ အပြစ်များကား မရေမတွက်နိုင်အောင် ပေါ်လာတတ်၍ ထိုအပြစ်များ အတွက် အပါယ်လေးပါး၌ နစ်မြုပ်ရပြီးလျှင် ဘဝ ဆက်တိုင်း ဝဋ်ဒုက္ခများကို မလွဲမသွေ ခံကြရပေမည်၊ ထိုအပြစ် များကို တွေးမျှော် ကြည့်ပြီးလျှင် သတိပြု ရှောင်ကြဉ်သင့်ကြ ပေသည်။

## အပြစ်နည်း - အပြစ်ကြီး

သီလ သမာဓိ ပညာ မရှိသူ နည်းပါးသူတို့၌ ကျူးလွန်လျှင် အပြစ်နည်း၏၊ ၎င်းသုံးပါးသော ဂုဏ်ကြီးသူတို့၌ ကျူးလွန်လျှင် အပြစ်ကြီး၏၊ ၎င်းဂုဏ်များ မရှိသူ နည်းပါးသူတို့၌ ပင် အတင်း အဓမ္မ အနိုင်အထက် ပြု၍ ကျူးလွန်လျှင်လည်း အပြစ်ကြီးလှ ၏၊ နှစ်ဦးသဘောတူ ကျေကျေနပ်နပ် ကျူးလွန်ကြလျှင် အပြစ် နည်း၏။

ဤကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၌ မိမိကိုယ်တိုင် ကျူးလွန် ခြင်း သာဟတ္ထိက ပယောဂ တပါး သာ ရနိုင်လေသည်။

## မုသာဝါဒ သိက္ခာပုဒ်

၄ - မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ပါ၏။

မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

### အင်္ဂါ ၄ - ပါး

၁ - မဟုတ်မမှန်သော အကြောင်းအရာ ဖြစ်ခြင်း။

၂ - မဟုတ်မမှန်သည်ကို ပြောဆိုလိုသော စိတ် ရှိခြင်း။

၃ - ပြောဆိုရန် အားထုတ်ခြင်း။

၄ - သူတပါးတို့ သိခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် မုသာဝါဒ အကုသိုလ်ကံ ဖြစ်၏၊ အင်္ဂါတပါးပါး ချွတ်ယွင်းလျှင် မုသာဝါဒ အကုသိုလ် ကံ မဖြစ်ပေ။ ( ဝစီဒုစရိုက်ကား ဖြစ်၏။)

### အပြစ်နည်း- အပြစ်ကြီး

မိမိ၌ ရှိသော ပစ္စည်းကို မပေးလို၍ မရှိကြောင်း လိမ်ပြော သော မုသားမျိုး, ပြက်ရယ် ပြောင်လှောင်၍ ပြောဆိုသော မုသားမျိုး, သူတပါးတို့ အကျိုးစီးပွား ထိခိုက် ပျက်စီးမည်ကို စိုးရိမ်သောကြောင့် လိမ်လည် ပြောဆိုသော မုသားမျိုး - ဤမု

သားမျိုးသည် အပြစ်နည်း၏၊ (ဝါ) အပြစ်မကြီးလှပေ၊ သူတပါတို့ အကျိုးစီးပွား ပျက်စီးအောင် လိမ်ညာ ပြောဆိုသော မှုသားမျိုးသည် အပြစ် ကြီး၏။

တနည်း - ဂုဏ်မရှိသူ နည်းပါးသူတို့၏ အကျိုးစီးပွားကို ပျက်စီးအောင် လိမ်ညာသော မုသားမျိုးသည် အပြစ် နည်း၏၊ ဂုဏ်ရှိသူတို့၏ အကျိုးစီးပွားကို ပျက်စီးအောင် လိမ်ညာသော မုသားမျိုးသည် အပြစ် ကြီး၏။

—

## သုရာမေရယ သိက္ခာပုဒ်

၅ - သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည် အရက်ကို သောက်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

## သုရာ ၅-မျိုး

၁ - ပိဋ္ဌသုရာ .... ဆန်မှုန့်ဖြင့် ပြုလုပ်အပ်သော သေရည်။

၂ - ပူဝသုရာ .... မုယောမှုန့် ဂျုံမှုန့် စသည်ဖြင့် ပြုလုပ်အပ်သော သေရည်။

၃ - ဩဒနသုရာ .... ထမင်းဖြင့် ပြုလုပ်အပ်သော သေရည်။

၄ - ကိဏ္ဏပက္ခိတ္တသုရာ.... ထန်းရည် ပေရည် မနိရည် စသည် တို့၌ မူးယစ်စေတတ်သော အရာများ ထည့်၍ ပြုလုပ်အပ်သော သေရည်။

၅ - သမ္ဘာရ သံယုတ္တသုရာ .... သေရည် ဖြစ်စေတတ်သော အရာများကို စုပေါင်း၍ ပြုလုပ်အပ်သော သေရည်။

## မေရယ ၅ - မျိုး

၁ - ပုပ္ဖါသဝ .... အပွင့်မှ ချက်ထုတ်အပ်သော အရက်။

၂ - ဖလာသဝ .... အသီးမှ ချက်ထုတ်အပ်သော အရက်။

၃ - မဓွာသဝ .... မုဒရက်သီးရည် ပျားရည်မှ ချက် ထုတ် အပ်သော အရက်။

၄ - ဂုဠာသဝ .... တင်လဲရည်မှ ချက်ထုတ် အပ်သော အရက်။

၅ - သမ္ဘာရသံယုတ္တ .... အရက်ဖြစ်စေတတ်သောအရာများကို စုပေါင်း၍ ချက်လုပ်အပ်သော အရက်။

မူးယစ်စေတတ်သော အထက်ပါ သုရာ ၅-မျိုး, မေရယ ၅ မျိုးတွင် တမျိုးမျိုးကို သောက်သောသူမှာ ဤသိက္ခာပုဒ် ပျက်၏။

သုရာ=သေရည် + မေရယ=အရက်+ မဇ္ဇ=မူးယစ်စေတတ်+ ပမာဒ=မေ့လျော့ခြင်း၏ + ဌာန=အကြောင်း - ဤသို့ တပုဒ်စီ အနက်ခွဲ သိပါလေ။

## အင်္ဂါ ၄ - ပါး

၁ - မူးယစ်စေတတ်သော သေရည်အရက် ဖြစ်ခြင်း။

၂ - သောက်လိုသော စိတ် ရှိခြင်း။

၃ - သောက်ရန် အားထုတ်ခြင်း။

၄ - သောက်မြိုခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် သုရာမေရယပါန အကုသိုလ်ကံ ဖြစ်၏၊ ဤသေရည် အရက်ကို သောက်ရာ၌ မူးယစ်ရုံမျှ သာ သောက်ပြီး ပါဏာတိပါတ စသော အမှုများကို မပြုလုပ်လျှင် ကမ္မပထ မမြောက်ပေ၊ အကုသိုလ်ကား ဖြစ်သည်သာတည်း၊ ဤသေရည်အရက်ကို သောက်သောသူတို့သည် များသောအားဖြင့် ကုသိုလ်ကောင်းမှု၌ မမွေ့လျော်တတ်ခြင်း၊ ဒုစရိုက်အမှုများကို ပြုမိလွယ်တတ်ခြင်း စသည် အပြစ်များကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စဉ် အမည်ခံသူတို့မှာ အထူးသတိပြု ရှောင်ကြဉ်သင့်ကြပေသည်။

အချို့လူတို့မှာ မိမိတို့အပေါင်းအသင်းတွင် မသောက်တတ် မစားတတ်သူ တယောက်တလေရှိခဲ့သော် အတင်းအဓမ္မ မသောက် သောက်အောင် တိုက်တွန်းခြင်း၊ ကိုယ်တိုင်တိုက်ပေးခြင်း စသည် ကြောင့် သောက်ရသူများလည်း ရှိတတ်လေသည်၊ ထိုသို့ သောက်ရသောလူများမှာနံပါတ် ၂-၃ အင်္ဂါများချတ်ယွင်းသောကြောင့် အကုသိုလ်မဖြစ် ဟု မှတ်ရမည်၊ အတင်းအဓမ္မ တိုက်တွန်းသူ ကိုယ်တိုင်တိုက်သူတို့ကား မိတ်ဆွေကောင်း မဟုတ်တော့ဘဲ မိတ်

ဆွေယုတ် စာရင်းတွင် ပါဝင်လေတော့သည်၊ မိတ်ဆွေကောင်း ဟူသည်မှာ မကောင်းရာကို ရှောင်ကြဉ်စေ၍ ကောင်းရာကို သာ ပြုလုပ်စေရသည်၊ ထိုမိတ်ဆွေယုတ်များကို ဝေးစွာ ရှောင်ကြဉ်ပါမှ သာ မိမိလည်း စိတ်ချမ်းသာပေမည်၊ အမူးသမား အဖြစ်များမှလည်း ကင်းလွတ်ပေမည်၊ (မိမိ ကိုယ်တိုင် မိုက်လျှင် လူမိုက်, သူတပါးကိုပါ မိုက်စေလျှင် လူမိုက်ကြီး ဖြစ်၍ သတိပြု ရှောင်ကြဉ်နိုင်ကြပါစေ။)

## အပြစ်နည်း - အပြစ်ကြီး

အနည်းငယ် သောက်လျှင် အပြစ် နည်း၏၊ မိမိကိုယ်ကို မထိန်းနိုင် မသိမ်းနိုင်အောင် သောက်လျှင် အပြစ် ကြီး၏၊ ထို့ထက် မူးယစ်ပြီးလျှင် သူတပါးအသက်ကို သတ်ခြင်း, သူတပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း, သူတပါးတို့၏ သမီး နှင့် မယား- သူတပါးတို့၏ လင်နှင့် မှားယွင်း ဖောက်ပြန်ခြင်း, သူတပါးတို့ အကျိုးစီးပွား ပျက်စီးအောင် လိမ်ညာခြင်း စသော ဒုစရိုက်အမှု အမျိုးမျိုးကို ပြုလုပ်မိလျှင် အလွန် အပြစ်ကြီးလေသည်။

—

## အထူး မှတ်သားဘွယ်

[ပါစိတ္တျာဒိ အဋ္ဌကထာ သုရာပါနသိက္ခာပုဒ် ၁၂၇ - ၉]

၁ - အချို့လူတို့သည် ဟင်းချက်ရာ၌ အနံ့ကောင်းစေခြင်းငှာ သေရည် နှင့် အရက်ကို အနည်းငယ် ထည့်၍ ချက်တတ်ကြလေသည်၊ ထိုဟင်းကို ရဟန်းတော်များ စားသောက်လျှင်

အာပတ်မသင့်ကြောင်း မိန့်ဆိုထားလေသည်၊ ထို့အတူ ဆေးနှင့် ရော၍ ချက်ရာ၌လည်း သေရည် အရက်တို့၏ အဆင်း၊ အနံ့၊ အရသာ မပေါ်လွင်လျှင် ထိုဆေး ကိုလည်း စား သောက် ကောင်းကြောင်း မိန့်ဆို ထားလေသည်၊ ဟင်းချက်ရာ၌ရင်း၊ ဆေးချက်ရာ၌ရင်း၊ သေရည်အရက်တို့၏ အဆင်း၊ အနံ့၊ အရသာ ပေါ်လွင်လျှင်ကား မသောက်မစားကောင်းကြောင်း ဆက်လက် မိန့်ဆိုထားလေသည်။

## ဝိမ်ရည်တမျိုး

၂ - လောဏသောဝီရက ဆေးကြီး။

[ဝိနယ ၁၊ ဠ-၃-အုပ် ၇၂]

ဤဆေးကြီးကို ပြုလုပ်ပုံမှာ- စဉ်းအိုးကြီးတလုံးတွင် စပါးအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ထမင်း ငှက်ပျောသီး ပိန္နဲသီး စသော အသီးအမျိုးမျိုး၊ ဆီးဖြူ သျှစ်သျှား သဖန်းခါး စသော အသီးအမျိုးမျိုး၊ အညွန့် အညှောင့် အမျိုးမျိုး၊ ငါး အမဲ စသော အပ်သောအသားကျက် အမျိုးမျိုး၊ ပျားရည် တင်လဲ သိန္ဓော ကြိုက ဋ္ဌတ်သုံးပါး ဆား ရေ စသော ဆေးဘက်ဝင်သော အရာ အမျိုးမျိုးကို ထည့်၍ ပိတ်ပါ၊ အပေါ်မှ လုံအောင် ရွှံ့ မြေစေး စသည်ဖြင့် သုတ်လိမ်းပြီး လေမဝင်နိုင်အောင် ပိတ်၍ တနှစ် နှစ်နှစ် သုံးနှစ် စသည် ကြာအောင် ထားရ၏။

၎င်းစိမ်ရည် ကျက်လာသော အခါတွင် သပြေသီး အမှည့်ရောင် ဖြစ်လာလေသည်၊ ဤစိမ်ဆေးရည်သည် လေနာ၊ချောင်း

ဆိုးနာ, နူနာ, အသားဝါသောအနာ, မြင်းသရိုက်နာ စသော-အနာရောဂါများကို ပျောက်ကင်းစေတတ်သည်၊ နူးညံ့သောဘောဇဉ်လည်း ဖြစ်၏၊ မွန်မြတ်သော အဖျော်ရည်လည်း ဖြစ်၏၊ အစာကိုလည်း ကြေညက်စေတတ်၏၊ ၎င်းစိမ်ရည်ထက် ကောင်းသော အဖျော်ရည်လည်း မရှိ အစာကြေဆေးလည်းမရှိ ဟု မိန့်ဆိုထား၏၊ ၎င်းစိမ်ရည် ခေါ် လောဏသောဝီရက ဆေးရည်ကို ညနေချမ်း အခါ၌လည်း ရဟန်းတော်များ သောက်ကောင်း၏၊ မကျန်းမမာသောရဟန်းတို့အား ပကတိအတိုင်း သောက်ကောင်း၏၊ ကျန်းမာသောရဟန်းတို့အား ရေနှင့် ရော၍ သောက်ကောင်း၏ ဟု မိန့်ဆိုထားလေသည်။

အာသဝ သဒ္ဒါသည် 'ကြာမြင့်စွာ စိမ်ထားအပ်သော စိမ်ရည် အရက်' ဟူသော အနက်ကို ဟောရာ မမူးလျှင် စိမ်ရည်-မူးလျှင် အရက် ဟု ခွဲခြား မှတ်သား၍ မမူး မယစ်စေတတ်သော စိမ်ရည်ကိုမူ သောက်ကောင်းကြောင်း သံသယကင်းရှင်းစွာ မှတ်သားကြရမည်၊ မူးယစ်စေလျှင်ကား အရက် ဖြစ်သောကြောင့် မသောက်ကောင်းပေ။

၃ - ဤသိက္ခာပုဒ်၌ မူးယစ်စေတတ်သော သေရည်အရက်များသာ မက ဘိန်း ကဇော် လှော်ဇာ ဆေးခြောက် စသော အရာများကို သောက်ခြင်း, စားခြင်း, ရှူခြင်း များကိုလည်း ယူရသည်၊ ၎င်းတို့ကို သောက် စား ရှူခြင်းများကြောင့်လည်း ဤသိက္ခာပုဒ် ဆောက်တည်ချက် ပျက်၏။

ဆိုခဲ့ပြီးသော စကားရပ်များကို ကောက်ချက်ချသော်—

၁ - ၂ - အတွက်မှာ လုံးဝ အပြစ် မရှိပေ။

၃ - ၌ကား အချို့လူများမှာ ကျန်းမာရေးအတွက် အနည်းငယ်မသောက်လျှင် မဖြစ်သောကြောင့် သောက်နေကြရ၏၊ ထိုလူများအတွက်ကား သိက္ခာပုဒ် ပျက်သော်လည်း အပြစ်မကြီးလှပေ၊ အချို့လူများမှာ မူးပင် မမူးကြပေ၊ အချို့လူများကား တမင်သက်သက် မူးချင် ယစ်ချင်၍ သောက်ကြ၏၊ အချို့လူများကား မူးယစ်ပြီးလျှင် ဒုစရိုက် အမှုများကို ပြုလုပ်တတ်ကြ၏၊ ထိုလူတို့ သောက်ခြင်းကား အပြစ်ကြီးလေးလှပေသည်၊ ဒုစရိုက်အမှုများကို ပြုလုပ်ဝံ့ရန် ရဲဆေးအဖြစ်ဖြင့် သောက်ကြသည် ဟူလို။

—

## သီလ ၂ - မျိုး

[စရိယာ-ဌ-၃၀၁- ၃]

သီလ ဟူသော ပါဠိစကားမှာ မြန်မာလိုပြန်သော် အလေ့အကျင့် ဟူသော အနက်ကို ဟော၏၊ ထိုသီလသည် ဝါရိတ္တသီလ, စာရိတ္တသီလ ဟူ၍ ၂ - မျိုး ခွဲပြတော်မူကြသေး၏၊ ဤအမှုများကို မပြုအပ် မပြုထိုက် မပြုသင့် ဟူ၍ ပညတ် သတ်မှတ်ထားသော သီလသည် ဝါရိတ္တသီလ မည်၏။

ပြဆိုခဲ့သော ၅ - ပါးသီလသည် ဝါရိတ္တသီလမျိုးတွင် ပါဝင်သောကြောင့် ဆောက်တည်ပြီး ကျူးလွန်သည် ဖြစ်စေ,

မဆောက်တည်ဘဲ ကျူးလွန်သည် ဖြစ်စေ ကေန် အပြစ် ရှိလေသည်။

စာရိတ္တသီလကား ထင်ရှားအောင် ရေးရသော် အပိုအမို ဆောက်တည်သော သီလ ဖြစ်လေသည်၊ ဥပမာ - ရှစ်ပါးသီလ ဆောက်တည်ရာ၌ အဗြဟ္မစရိယသိက္ခာပုဒ် နှင့် ဝိကာလဘောဇန စသော နောက်ဆုံးသိက္ခာပုဒ် ၃ - ပါး - ပေါင်း လေးပါးသည် ဆောက်တည်၍ လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်လျှင် အကျိုးကြီးလှ၏၊ မဆောက်တည်နိုင်လျှင်လည်း အပြစ် မရှိပေ။

တနည်း - ဒုစရိုက် ၁၀ - ပါးသည် ဝါရိတ္တသီလ မည်၏၊ ပုညကိရိယာ ဝတ္ထု ၁၀ - ပါးသည် စာရိတ္တသီလ မည်၏၊ ဝါရိတ္တသီလမျိုးကား ဆောက်တည်သည် ဖြစ်စေ မဆောက်တည်သည် ဖြစ်စေ ကျူးလွန်ပါက အပြစ် ရှိသည် သာတည်း၊ ဆောက်တည်ပြီး ကျူးလွန်လျှင် သိက္ခာပုဒ်၌ မရိုသေမှု အဂါရဝ အကုသိုလ် အပို ဖြစ်လာပေမည်၊ စာရိတ္တသီလမျိုးကား ဆောက်တည်နိုင်လျှင် အကျိုးကြီးလှ၏၊ မဆောက်တည်နိုင်သော် အပြစ် မရှိပေ၊ ဤအမှုများကို ပြုလုပ် အားထုတ်နိုင်လျှင် အကျိုး ရှိ၏ ဟု ပညတ် သတ်မှတ်ထားသော သီလသည် စာရိတ္တသီလ မည်၏။

---

### အာမ ဘန္တေ

ရဟန်း သာမဏေ စသည်တို့ အထံ၌ သီလခံယူကြသောလူတို့သည် သုံးနေရာ၌ 'အာမဘန္တေ' ဟု ဆို၍ ဝန်ခံ ကြရလေသည်။

သီလပေးသော ပုဂ္ဂိုလ်က ....'ယမဟံ ဝဒါမိ တံ ဝဒေထ= ငါဆိုတာကို လိုက်ဆိုကြ' ဟု ဆိုလေသော်-

သီလယူသော ပုဂ္ဂိုလ်က....'အာမ ဘန္တေ=မှန်ပါ လိုက်၍ ဆို ပါမည်' ဟု ဝန်ခံ၏။

တဖန် သီလပေးသောပုဂ္ဂိုလ်က .... 'သရဏဂမနံ ပရိပုဏ္ဏံ= သင့်တို့ သန္တာန်၌ သရဏဂုံ တည်လေပြီ' ဟု ဆိုလေသော်-

သီလယူသော ပုဂ္ဂိုလ်က ... 'အာမ ဘန္တေ = မှန်ပါ၊ တပည့် တော်များ သန္တာန်၌ သရဏဂုံ တည်ပါပြီ' ဟု ဝန်ခံ၏။

တဖန် သီလပေးသော ပုဂ္ဂိုလ်က .... နောက်ဆုံး၌—'တိသရ ဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ= သရဏဂုံ သုံးပါး နှင့် တကွ ငါးပါးသီလကို လေးလေး စား စား ပြု၍ မမေ့မလျော့သော သတိတရား ဖြင့် ကောင်းစွာ ပြည့်စုံ ကြစေကုန် လော့' ဟု တိုက်တွန်းလေသော်-

သီလယူသောပုဂ္ဂိုလ်က....'အာမ ဘန္တေ=မှန်ပါ၊ ကောင်းစွာ ပြည့်စုံပါစေမည်ဘုရား' ဟု ဝန်ခံ၏။

ထို့ကြောင့် မိမိတို့ဘာသာ ဘုရားရှေ့တော် စသည်၌ သီလ ယူသော လူတို့သည် အထက်ပါ 'အာမ ဘန္တေ' သုံးချက်ကို ဆိုစရာ မလိုတော့ကြောင်း သဘောပေါက်သင့်ကြပေပြီ။

ငါးပါးသီလ အခိုပ္ပာယ် အကျဉ်း ပြီး၏။

# ငါးပါးသီလ ကျိုးလွန်သူတို့ တွေ့ကြုံခံစားရသော အပြစ်များ

ပါဏာတိပါတသိက္ခာပုဒ်

ဆောင်ပုဒ်။ ။ပါဏာတိပါတ်၊ သူ့သက် သတ်က၊ ချို့တတ် အင်္ဂါ၊ မွဲပြာ ရုပ်သွင်၊ အားအင် ယိုယွင်း၊ လျင်ခြင်းလည်း ဝေး၊ ဘေးကို ကြောက်တတ်၊ အသတ် ခံရာ၊ အနာ များ လျက်၊ ခြွေရံ ပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်- ရှောင်ကအပြန် အကျိုးတည်း။ ။

သူတပါးအသက်ကို သတ်ဖြတ်လေ့ရှိသော သူသည် ဖြစ်လေရာ ဘဝ၌—

၁ - မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက် တို့ ချွတ်ယွင်း တတ်ခြင်း။

၂ - ရုပ်အဆင်း အသွင် အပြင် မွဲပြာ ညှိုးခြောက်၍ စိုစို ပြေပြေ မရှိတတ်ခြင်း။

၃ - အင်အား နည်းပါးခြင်း။

၄ - လျင်မြန် ဖြတ်လတ်ခြင်းမှ ကင်းဝေးခြင်း။

၅ - ဘေးရန် ပေါ်ပေါက်လာလျှင် ကြောက်ရွံ့တတ်ခြင်း။

၆ - သူတပါးတို့က သတ်ဖြတ်သည်ကို ခံရတတ်ခြင်း၊ ကိုယ့်ကိုယ်တိုင် အဆိပ် စသည် စားသျက် သေရတတ်ခြင်း။

၇ - အနာရောဂါ များတတ်ခြင်း။

၈ - အခြွေအရံ ပျက်စီးတတ်ခြင်း။

၉ - အသက်တိုခြင်း။

ဤတို့ စသည်ဖြင့် အပြစ်တွေ များလှလေသည်။

မူရင်းအပြင်။ ။ပြခဲ့သော အပြင်တို့မှာ ဝင်ရှလိုက်သော အနေအားဖြင့် ဖြစ်လေရာ ဘဝများ၌ ခံရတတ်သော အဖျားအနား အပြစ်များပေတည်း၊ ဆိုခဲ့ပြီးသော အပြစ်များ အပြင် အပါယ်လေးပါး၌ ဖြစ်ရခြင်း စသော ကြီးလေးသော အပြစ်များလည်း ရှိသေး၏။

ကြွင်းသော သိက္ခာပုဒ် လေးပါး၌လည်း ပြလတံ့သော အပြစ်များမှာ ဖြစ်လေရာ ဘဝများ၌ ခံရတတ်သော အဖျားအနား အပြစ်များပေတည်း၊ ဆိုလတံ့သော အပြစ်များ အပြင် အပါယ်လေးပါး၌ ဖြစ်ရခြင်း စသော ကြီးလေးသော အပြစ်များလည်း ရှိသေး၏။

## သူတပါးအသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခဲ့သူတို့ ခံစားရသော ကောင်းကျိုးဘရားများ

[ခုဒ္ဒကပါဌ အဋ္ဌကထာ နံပါတ် ၂၃ - ၂၄]

၁ - မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက်တို့ ချွတ်ယွင်းမှု မရှိဘဲ ပြည့်စုံခြင်း။

၂ - အလုံး နှင့် အရပ် ပြည့်စုံ ညီညွတ်ခြင်း။

၃ - လျင်မြန် ဖြတ်လတ်ခြင်း။

၄ - ညီညွတ်သော ခြေဖဝါး အပြင် ရှိခြင်း။

၅ - ယဉ်ကျေးခြင်း, တင့်တယ်ခြင်း။

၆ - သိမ်မွေ့ နူးညံ့ခြင်း။

၇ - သန့်ရှင်း စင်ကြယ်ခြင်း။

၈ - ရဲရင့်ခြင်း။

၉ - ခွန်အား ကြီးမားခြင်း။

၁၀ - စကားပြောရာ၌ ပြိုပြိုသသ ရှိခြင်း။

၁၁ - လူအများတို့ ချစ်ခင်ခြင်း။

၁၂ - အပြစ်ကင်းသော စကား ရှိခြင်း။

၁၃ - အခြွေအရံများ မပျက်စီးတတ်ခြင်း။

၁၄ - မကြောက်ရွံ့ မတုန်လှုပ်တတ်ခြင်း။

၁၅ - သူတပါးတို့ ဖျက်ဆီးနိုင်ခဲခြင်း ( ဖျက်ဆီးရန် မလွယ်ကူခြင်း )။

၁၆ - သူတပါးတို့ လှံ့လ ပယောဂဖြင့် မသေနိုင်ခြင်း။

၁၇ - အခြံအရံ များခြင်း။

၁၈ - လှပသော အဆင်းသဏ္ဌာန် ရှိခြင်း။

၁၉ - အနာရောဂါ နည်းပါးခြင်း။

၂၀ - စိုးရိမ်မှုများ ကင်းတတ်ခြင်း။

၂၁ - ချစ်ခင် မြတ်နိုးသော သူတို့နှင့် မကွဲမကွာ နေရတတ်ခြင်း။

၂၂ - အသက်ရှည်ခြင်း —

စသော ကောင်းကျိုးများကို ခံစားရကြောင်း ပြဆို ထားလေသည်။

—

## အဒိန္နာဒါနသိက္ခာပုဒ်

ဤအဒိန္နာဒါနာ ဝေရမဏီ သိက္ခာပုဒ်၌ 'ကိုယ် နှုတ် နှစ်ပါးတွင် တပါးပါးဖြင့် မပေးအပ်သော သူတပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏' ဟုရာ၌ ခိုးယူခြင်း အမျိုးမျိုးရှိရာ ထိုခိုးယူခြင်း အမျိုးမျိုးကို သိစေရန် အောက်ပါ ခိုးခြင်း ၂၅ - ပါးကို အကျဉ်းမျှ ထုတ်ပြလိုက်သည်။

[ ပါရာဇိကကဏ္ဍ အဋ္ဌကထာ ပဌမအုပ် ၂၆၃ - ၃၁၀ ]

(က) နာနာဘက္လာ ပဥ္စက,
(ခ) ကေဘာဏ္ဍ ပဥ္စက,
(ဂ) သာဟတ္ထိက ပဥ္စက,
(ဃ) ပုဗ္ဗပယောဂ ပဥ္စက,
(င) ထေယျာဝဟာရ ပဥ္စက—

ဤအစုကြီး ၅-ခုတွင် တခုတခု၌ ၅-ပါးစီ ရှိရကား (၅×၅=၂၅) ၅-ကို ၅-ဖြင့် မြှောက်သော် ခိုးခြင်း ၂၅-ပါး ဖြစ်သတည်း။

(က) နာနာဘက္လာပဥ္စက၌—

၁ - အာရာမ် ဥယျာဉ် ခြံ မြေ လယ်ယာ အဆောက်အဦ စသော မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မတရား သက်သေဖြင့် တရားတွေ၍ အနိုင်ယူခြင်းသည် အာဒိယန္တ - ခိုးယူခြင်း မည်၏။

၂ - မိမိ ယူဆောင်လာသော သူတပါး ပစ္စည်းကို ပစ္စည်းရှင် အား မပေးအပ်ဘဲ ယူသွားခြင်းသည် ဟရန္တ - ခိုးယူ ခြင်း မည်၏။

၃ - မိမိလက်၌ အပ်နှံထားသော သူတပါး ပစ္စည်းကို (ရန်သူမျိုး ငါးပါးတို့ ဖျက်ဆီးခြင်းကြောင့် ပျက်စီးလေ ဟန် ဆောင်ပြီး) ပြန်မပေးဘဲ ယူသွားခြင်းသည် အဝ ဟရန္တ - ခိုးယူခြင်း မည်၏။

၄ - ကျွဲ နွား ဆိတ် သိုး ကြက် ဝက် စသော သက်ရှိ သတ္တဝါများကို မူလနေရင်း ဣရိယာပုထ်မှ ပြောင်း ရွှေ့ ခိုးယူခြင်းသည် ဣရိယာပထ ဝိကောပေယျ - ခိုင်း ခြင်း မည်၏။

၅ - သေတ္တာ ဘီဒို စသော လုံခြုံရာ၌ ထားသော ပစ္စည်း များကို ညအခါ စသည်တို့၌ မူလထားရင်းနေရာမှ ရွှေ့ ပြောင်း ခိုးယူခြင်းသည် ဌာနာစာဝေယျ - ခိုးခြင်း မည်၏။

**မှတ်ချက်။** ။အမျိုးမျိုးသော ပစ္စည်း ဥစ္စာသည် နာနာဘဏ္ဍ မည်၏၊ တမျိုးတည်းသော ပစ္စည်း ဥစ္စာသည် ကေဘဏ္ဍ မည်၏၊ ပြခဲ့ပြီးသော ခိုးခြင်း ၅ - ပါးကို နာနာဘဏ္ဍ, ကေဘဏ္ဍ ၂ - ပါးဖြင့် မြှောက်ပွားလျှင် ခိုးခြင်း ၁၀ ပါး ဖြစ်၏၊ ထို့ကြောင့် (ခ) ကေဘဏ္ဍ ပဉ္စကကိုလည်း ပြဆို ပြီး သည်ကို နည်းမှီ၍ သိရာ၏။

—

## (ဂ) သာဟတ္ထိက ပဉ္စကဒ္ဒ—

၁ - မိမိ ကိုယ်တိုင် ခိုးယူခြင်းသည် သာဟတ္ထိက - ခိုးခြင်း မည်၏။

၂ - သူတပါးအား ခိုးယူရန် ခိုင်းစေခြင်းသည် အာဏတ္တိ က - ခိုးခြင်း မည်၏။

၃ - အခွန် အကောက်ငွေ ပေးသင့်သော အရပ် အတွင်း၌ ရှိသော မိမိပိုင် ပစ္စည်းကို အခွန်အကောက်ငွေ မပေးဆောင်ရအောင် ကြံဆောင်၍ လွတ်အောင် ရှောင်တိမ်းပြီး ပြစ်ချထားခြင်းသည် နိဿဂ္ဂိယ - ခိုးခြင်း မည်၏။

မှတ်ချက်။ ။မီးရထား မော်တော် သင်္ဘော လေယာဉ် ကားစသည့် ယာဉ်အမျိုးမျိုးကို စီးရာ၌ ပေးသင့် ပေးထိုက်သော အခကြေးငွေကို လုံး၀ မပေးခြင်း, အတိအကျ မပေးခြင်း, တန်ဆာခ ပေးဆောင်သင့်လျက် မပေးဆောင်ခြင်း စသည်များလည်း ပါ၀င်သည်။

၄ - 'ဤမည်သော ပစ္စည်းကို ခိုးနိုင်စွမ်းရှိသောအခါ ခိုးပါလေ' ဟု သူတပါးအား အခိုးခိုင်း၏၊ အခိုင်းခံရသူသည် စွမ်းနိုင်သောအခါ၌ မချွတ်မယွင်း ခိုးလတံ့ ဖြစ်မူ မူလ အခိုးခိုင်းသူမှာ ခိုင်းဆဲခဏ၌ပင် အတ္ထသာဓက - ခိုးခြင်း ဖြစ်၏။

၅ - မိမိလက်၌ အပ်နှံထားသော ပစ္စည်းကို မူလပစ္စည်းရှင်က ပြန်တောင်းရာ၌ မပေးတော့အံ့ ဟု ဆုံးဖြတ်၍ ပြန်မပေးတော့ဘဲ ယူထားခြင်းသည် ဓုရနိက္ခေပ - ခိုးခြင်း မည်၏။

(ဿ) ပုဗ္ဗပယောဂ ပဥ္စကဌ—

၁ · သူတပါးကို အခိုး ခိုင်းရာ၌ စေခိုင်းသူမှာ (အခိုင်းခံရသူ မခိုးမီ) ရှေ့အဘို့ကပင် ခိုးခြင်း မြောက်လေသောကြောင့် ပုဗ္ဗပယောဂ-ခိုးခြင်း ဖြစ်၏။ ။အခိုင်းခံရသူကား ခိုးယူသောအခါမှ သာ ခိုးခြင်း မြောက်၏။ (အာဏတ္တိကနှင့် တူ၏)

၂ · မူလထားရင်း နေရာမှ ပြောင်းရွှေ့ ခိုးယူခြင်းသည် ပစ္စည်းနေရာ ရွှေ့သည်နှင့် တပြိုင်နက် ခိုးခြင်းမြောက်လေသောကြောင့် သဟပယောဂ-ခိုးခြင်း ဖြစ်၏။ (ဌာနာစာဝေယျနှင့် တူ၏။)

၃ · လူအများတို့ စုပေါင်း တိုင်ပင်၍ အများသဘောတူ တယောက်ယောက်ကို အခိုးခိုင်း၏၊ ထိုအခိုင်းခံရသူ တယောက်ယောက်သည် တနေ့နေ့၌ ခိုးယူ၏၊ သဘောတူ အခိုးခိုင်းသူတို့ အားလုံးမှာ သံဝိဒါဝဟာရ - ခိုးခြင်း ဖြစ်၏။

၄ - 'နံနက်အခါ၌ ခိုးလေ၊ ညဥ့်အခါ၌ ခိုးလေ၊ ယနေ့ ခိုးလေ၊ နက်ဖြန် ခိုးလေ' စသည်ဖြင့် ကာလအပိုင်းအခြား သတ်မှတ်၍ အခိုးခိုင်းခြင်းသည် ခိုင်းသူမှာ သင်္ကေတကမ္မ- ခိုးခြင်း ဖြစ်၏။ (မိမိ ခိုင်းသော အချိန်ကာလမှ လွဲ၍ အခြား အချိန်ကာလ၌ ခိုးလျှင် ခိုင်းသူမှာ အပြစ် မရှိ၊ ခိုးသူ သာ အပြစ် ရှိ၏။)

၅ - မျက်စိမှိတ်ပြခြင်း, ဦးခေါင်း ငြိမ့်ပြခြင်း, လက်လှုပ် ပြခြင်း စသည့်ဖြင့် နိမိတ် (အမှတ်အသား) ပြု၍ သူတပါးအား အခိုးခိုင်းခြင်းသည် ခိုင်းသူမှာ နိမိတ္တကမ္မ-ခိုးခြင်း ဖြစ်၏။

—

## (င) ထေယျာဝဟာရ ပဥ္စကဌ်—

၁ · နေ့အခါ၌ ဖြစ်စေ, ညဉ့်အခါ၌ ဖြစ်စေ, ကာရံထားသော ဖုံးကွယ်ထားသော အရာများကို ဖောက်ထွင်းချိုးဖျက်၍ သူတပါး ပစ္စည်းကို ခိုးယူခြင်း, မမှန်ကန်သော ချိန်ခွင် အလေး တင်းတောင်း ငွေတု ရွှေတု ပစ္စည်းအတု စသည်တို့ဖြင့် ကောက်ကျစ်စဉ်းလဲ၍ မရိုးမသား လဲလှယ်ရောင်းဝယ်ခြင်းသည် ထေယျာဝဟာရ-ခိုးခြင်း မည်၏၊ (ရေထိုးခြင်း, သဲ, ကျောက်စရစ်ခဲ, ဖွဲ့စသည်တို့ ရောနှော၍ ရောင်းခြင်း, ဝယ်ခြင်း, ပစ္စည်းကောင်းတွင် အညံ့များ ရောနှော၍ အကောင်းချည်းပြုလုပ်ကာ ရောင်းခြင်း, ဝယ်ခြင်း, ပစ္စည်းကောင်းတန်ဘိုးကို ပေးပါလျက် အညံ့များကို ရောနှော၍ ရောင်းခြင်း, ပစ္စည်းညံ့ တန်ဘိုးကို ပေးပြီး အကောင်းကို ရအောင် ဝယ်ယူခြင်း, လဲလှယ်ခြင်း, ရောင်းစဉ်အခါ ဈေးမြှင့်ထား၍ ဝယ်စဉ်အခါ ဈေးနှိမ့် ထားခြင်း, ယူသင့်သည်ထက် ပိုပြီး အဆမတန် အမြတ်တင် ရောင်းခြင်း, ယူသင့်သည်ထက် ပိုပြီး အဆမတန် အတိုး

ကြီးယူခြင်း, လာဘ်ယူခြင်း, အခ အနည်းငယ် သာ ပေး ပြီး အလုပ်ကို များများ ဖိခိုင်းခြင်း, အလုပ်ကို ညာ၀ါး ခိုကပ် အချိန်ဆွဲ၍ နည်းနည်း သာ လုပ်ပြီး အများ များယူခြင်း, အခြား သူတယောက် ရရှိမည့် အခွင့် အ ရေးကို ကိုယ်က အတင်းဝင်ပြီး ခြေထိုးကာ ဝင်ယူခြင်း, သူတပါး ရထိုက်သော ဂုဏ်အသရေကောင်း နာမည် ကောင်းကို ကိုယ်က ခြားဝင်၍ အချောင်ခံယူခြင်း, (ဝါ) ဂုဏ်ညှန့်နှုးစားခြင်း, သူတပါး ရေးသားထား သော စာပေကို ကိုယ့်နာမည်တပ်ပြီး ပညာညှန့် ခိုး စားခြင်း စသည်များသည် ထေယျာဝဟာရ - ခိုးခြင်း မည်သည် ချည်းသာတည်း။)

၂ - အတင်းအဓမ္မ လုယူခြင်း, ဓားပြတိုက်ခြင်း, ပြန်ပေး ဆွဲခြင်း, သူပုန်သိမ်းခြင်း, မသိမ်းသင့် မယူသင့်ပါဘဲ လျက် သိမ်းယူခြင်း, ပေးဆောင်သင့်သော အခွန် တော်ငွေထက် (အနိုင်အထက် နှိပ်စက်၍) အပိုအမို ကောက်ခံယူခြင်း, ခြိမ်းခြောက်၍ လာဘ်တောင်းခြင်း စသည်များသည် ပသယှာဝဟာရ- ခိုးခြင်း မည်၏။

၃ - ပစ္စည်းကိုရင်း, အရပ်ကိုရင်း- စိတ်ဖြင့် ပိုင်းခြား၍ ခိုး ယူခြင်းသည် ပရိကပ္ပါဝဟာရ - ခိုးခြင်း မည်၏၊ (အ မှောင်ခန်းတွင်းသို့ ဝင်၍ ရွှေ ငွေ ဖြစ်လျှင် ငါ ယူမည်၊ အဝတ်အစားဖြစ်လျှင် ငါ မယူ ဟု စိတ်ပိုင်း ဖြတ်၍

ခိုးရာ၌ ရွှေ ငွေ ဖြစ်က ခိုးခြင်းမြောက်၏၊ အ၀တ်အစား ဖြစ်နေက ခိုးခြင်း မမြောက်သေး၊ ဘာပစ္စည်း ဖြစ်ဖြစ် ရတာဘဲ ယူတော့မည် ဟု တဖန် စိတ်ထား ပြောင်း၍ ထိုအ၀တ် အစားကို ပင် ခိုးယူကလည်း ခိုးခြင်း မြောက်တော့၏၊ ဤသို့ စသည်ဖြင့် နည်းမှီ၍ သိပါလေ၊ ဤကား ပစ္စည်းကို ပိုင်းခြား၍ ခိုးခြင်းတည်း။

တနေရာရာ၌ ထားသော ပစ္စည်းကို ပစ္စည်းရှင် တို့ မေ့လျော့နေစဉ် ယူထားပြီး 'အကယ်၍ ပစ္စည်းရှင်တို့ မမြင်အံ့၊ ငါယူတော့မည်၊ ပစ္စည်းရှင်များ မြင်ပါက ကြည့်ရှုချင်ယောင်ဆောင်၍ ပြန်ပေးမည်' ဟူသော စိတ်ဆုံးဖြတ်ဖြင့် ထိုပစ္စည်းကို ယူထားခြင်းသည် ပရိကပ္ပါ၀ဟာရ- ခိုးခြင်း ဖြစ်၏၊ ဤကား အရပ်ကို ပိုင်း ခြား၍ ခိုးခြင်းတည်း၊ ထိုပစ္စည်းထားသော နေရာမှ လွန်လာခဲ့၍ မိမိကိုယ်၌လည်း ပစ္စည်းပါလာ ခဲ့သော် သာ ခိုးခြင်း မြောက်၏။

၄ - ရွှေ, ငွေ စသော ပစ္စည်းများကို ပစ္စည်းရှင်တို့ မေ့ လျော့နေစဉ် မြေမှုန့်, မြက်, သစ်ရွက် စသည်ဖြင့် ဖုံး ထားခြင်းသည် ပဋိစ္ဆန္နာ၀ဟာရ- ခိုးခြင်း မည်၏၊ ထို သို့ ဖုံးထားခြင်းကို ပစ္စည်းရှင်တို့ ရှာဖွေ မတွေ့တော့ ၍ 'ငါတို့ပစ္စည်း ဆုံးပါပြီ၊ ပြန်ရမည် မဟုတ်တော့' ဟု စိတ်နှလုံး ဒုံးဒုံးချ၍ ပြန်သွား ကြကုန်၏၊ ထို

အခါ မူလ ဖုံးထားသူက ထိုပစ္စည်းကို ယူမှ သာ ခိုး ခြင်း မြောက်၏။

၅ - ပစ္စည်းများကို မဲချ၍ ဝေငှရာ၌ရင်း, ရောင်းချရာ၌ ရင်း မိမိအမည်ပါ မဲလိပ်ကျနေသော ပစ္စည်းသည် ညံ့ ဖျင်းနေသောကြောင့် ပစ္စည်းကောင်းပေါ်တွင် ကျနေ သော သူတပါး မဲလိပ်နှင့် လဲလှယ်၍ ထားခြင်း သည် ကုသာဝဟာရ ခိုးခြင်း မည်၏၊ (ပစ္စည်း အညံ့ပေါ် တွင် ကျနေသော မိမိအမည်ပါ မဲလိပ်ကို ယူ၍ ပစ္စည်း ကောင်းပေါ်တွင် တင်ထားပြီး ပစ္စည်းကောင်းပေါ်မှ သူတပါးအမည်ပါ မဲလိပ်ကို ယူပြီး ပစ္စည်းအညံ့ပေါ် တွင် တင်ထားခြင်းသည် ကမ္ပည်းပြောင်း၍ ခိုးခြင်း တည်း၊ (ဝါ) ကုသာဝဟာရ- ခိုးခြင်းတည်း)။ ။ မဲစနစ်ဖြင့် ဝေငှရာ ရောင်းချရာ၌ မိမိ အဘို့ ပစ္စည်း ကောင်းချည်း ရအောင် နည်းအမျိုးမျိုးဖြင့် ပြုလုပ် ခြင်းသည် ကုသာဝဟာရ - ခိုးခြင်းသာတည်း။

မိမိမှ တပါး အခြားသော လူ နတ် တိရစ္ဆာန် ဟူ သမျှတို့၏ ပစ္စည်းကို ကိုယ်နှုတ် နှစ်ပါးတို့တွင် တပါး ပါးဖြင့် မပေးအပ်ဘဲ ဆိုခဲ့ပြီးသော ခိုးခြင်း ၂၅ - ပါးတို့တွင် တပါးပါးဖြင့် ခိုးယူခြင်းသည် အဒိန္နာ ဒါနချည်းတည်း၊ (ဝါ) သူတပါးပစ္စည်းကို ခိုးယူ သည် မည်သည်ချည်းတည်း။

## အဒိန္နာဒါန အပြစ်များ

**ဆောင်ပုဒ်**။ ။အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာ နည်းမွဲ၊ ဆင်းရဲ ငတ်ဘိ၊ လိုရိမရ၊ ဘောဂ ပျက်စီး၊ ရေ မီး သူခိုး၊ မွေး ခံဆိုးနှင့်၊ မင်းဆိုး အပြား၊ ရန်မျိုး ငါးကြောင့်၊ ပျက် ပြား ဥစ္စာ၊ ပြစ်များစွာသည် .. ရှောင်ခါအပြန် အကျိုး တည်း။

သူတပါးပစ္စည်းကို ခိုးယူခဲ့သော သူသည် ဖြစ်လေရာ ဘဝ များ၌--

၁ - ပစ္စည်းဥစ္စာ နည်းပါးတတ်ခြင်း၊ ( ဝါ ) မွဲတတ်ခြင်း။

၂ - ဆင်းရဲတတ်ခြင်း။

၃ - ငတ်မွတ်တတ်ခြင်း။

၄ - အလိုရှိသော ဝတ္ထုပစ္စည်းကို မရတတ်ခြင်း။

၅ - ကူးသန်းရောင်းဝယ်မှု စသည်တို့ကြောင့် ပစ္စည်းဥစ္စာ များ ပျက်စီးတတ်ခြင်း။

၆ - ရန်သူမျိုး ငါးပါးတို့ကြောင့် ပစ္စည်းဥစ္စာများ ပျက် ပြားတတ်ခြင်း—

-စသော မကောင်းကျိုးများကို တွေ့ကြုံရတတ်၏။

ဤအဒိန္နာဒါန သိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်း -ရှောက်ခဲ့သော သူသည် ဖြစ်လေရာ ဘဝများ၌—

၁ - အဘိုးတန် ပစ္စည်းများ ရရှိတတ်ခြင်း။

၂ - ပစ္စည်းဥစ္စာ ဆန့်ရေစပါး စသည်တို့ ပေါများတတ်ခြင်း။

၃ - ပစ္စည်းဥစ္စာများ မရေတွက်နိုင်အောင် ပေါများတတ်ခြင်း။

၄ - မဖြစ်ပေါ်ဘူးသေးသော ပစ္စည်းဥစ္စာများ အသစ်ဖြစ်ပေါ်လာတတ်ခြင်း။

၅ - ဖြစ်ပြီးသော စည်းစိမ်ဥစ္စာများ မြဲမြံခိုင်ခန့်တတ်ခြင်း။

၆ - လိုချင်သော ပစ္စည်းများ အလွယ်တကူ ရတတ်ခြင်း။

၇ - ရန်သူမျိုး ငါးပါးတို့ မဖျက်မဆီးနိုင်ခြင်း။

၈ - အခြားသူတို့ကလည်း မနှောင့်ယှက် မဖျက်မဆီးနိုင်ခြင်း။

၉ - တပါးသူတို့နှင့် မဆက်ဆံသော (ဝါ) မရောနှောသော ပစ္စည်းဥစ္စာကို ရတတ်ခြင်း။

၁၀ - မြင့်မြတ်သော အဆင့်အတန်း၌ ဖြစ်ရတတ်ခြင်း။

၁၁ - မရှိ ဟူသော စကားကို မကြားရ မသိရခြင်း။

၁၂ - ချမ်းသာစွာ နေထိုင်ရခြင်း—

စသော ကောင်းကျိုးများကို တွေ့ကြုံ ခံစားရတတ်ကြောင်း ပြဆိုထား၏။

## ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်

ကိုယ်ပိုင် ဇနီးမောင်နှံချင်းမှ လွန်ကျူးဖောက်ပြား၍ သူများပိုင် ဇနီးနှင့်၎င်း၊ ဆွေနီးမျိုးစပ်တို့ စောင့်ကြပ် ထိန်းသိမ်းထားသော အမျိုးသမီးများနှင့်၎င်း အချင်းချင်း သဘောတူသည် ဖြစ်စေ-မတူသည်ဖြစ်စေ- လွန်ကျူးဖောက်ပြားသောယောကျ်ား များ၏ အကျင့်။

မိမိပိုင်ဆိုင်သော ယောကျ်ားမှ ဖောက်ပြား လွန်ကျူး၍ ယောကျ်ားတပါးနှင့် ပျော်မြူးသော မိန်းမများ၏ အကျင့်သည် ကာမေသုမိစ္ဆာစာရ မည်၏၊ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာသော အကျင့်သာတည်း။

---

## ကာမေသုမိစ္ဆာစာရအပြစ်များ

**ဆောင်။** ။မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြ သူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာ မလှ၊ အရှက် ရလျက်၊ လက္ခဏာ ဂုန်ရှေ့၊ ယွင်းသွေ့ ချို့သိမ်၊ စိုးရိမ် များစွာ၊ ချစ်သူကွာသည်....ရှောင်ခါအပြန် အကျိုးတည်း။

ဤကာမေသုမိစ္ဆာစာရအမှုကို ကျူးလွန်ခဲ့သောသူသည် ဖြစ်လေရာ ဘဝများ၌—

၁ - မလိုမုန်းထားသူ ပေါများခြင်း။

၂ - မုန်းရိမျ မကာ ရန်သူလည်း ပေါများခြင်း။

၃ - ပစ္စည်း လာဘ်လာဘများ ရှားပါးခြင်း၊ တိတ်ဆိတ်ခြင်း။

၄ - ချမ်းသာသုခမှ ကင်းဆိတ်တတ်ခြင်း။

၅ - မိန်းမ ဖြစ်ရခြင်း

၆ - မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုက် ဖြစ်ရခြင်း။

၇ - ယောကျ်ားဖြစ်လျှင်လည်း ယုတ်ညံ့သော အမျိုး၌ဖြစ်ရခြင်း။

၈ - မျက်နှာပျက်၍ အရှက်ကွဲရတတ်ခြင်း။

၉ - မျက်စိ နား နှာ အင်္ဂါခြေလက် စသော ဣန္ဒြေများ ချွတ်ယွင်းခြင်း၊ သေးသိမ်ခြင်း။

၁၀ - စိုးရိမ်ကြောင့်ကြ အားကြီးတတ်ခြင်း။

၁၁ - ချစ်သူနှင့် ကွေကွင်း ကွဲကွာရခြင်း။

စသော မကောင်းကျိုးများကို တွေ့ကြုံရတတ်၏။ ။

---

**ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ရကျိုးများ**

၁ - ရန်သူ မရှိခြင်း။

၂ - လူအများတို့က ချစ်ခင်ခြင်း။

၃ - စားသောက်ဘွယ်ရာ ဝတ်ရုံစရာ စသည်တို့ကို ရလွယ်ခြင်း။

၄ - ချမ်းသာစွာ အိပ်ရခြင်း။

၅ - ချမ်းသာစွာ နိုးရခြင်း။
၆ - အပါယ်ဘေးမှ ကင်းဝေးရခြင်း။
၇ - မိန်းမ မဖြစ်ရခြင်း, နပုန်းပဏ္ဍုက် မဖြစ်ရခြင်း။
၈ - အမျက်ဒေါသ နည်းပါးခြင်း။
၉ - ထိုသူ ပြုလုပ်သမျှ ယုံကြည်လေ့ ရှိကြခြင်း။
၁၀ - လှပပြည့်ဖြိုးသော ပခုံးစွန်း ရှိခြင်း။
၁၁ - ပေါ်လွင် ထင်ရှားသော မျက်နှာ ရှိခြင်း။
၁၂ - ဇနီးမောင်နှံ အချင်းချင်း ချစ်ခင်ကြခြင်း။
၁၃ - မျက်စိ နား နှာလျှာ ခန္ဓာကိုယ်တို့ ပြည့်ပြည့်ဖြိုးဖြိုး ရှိခြင်း။
၁၄ - ခြေ လက် အင်္ဂါ စသည်တို့ ပြည့်စုံခြင်း။
၁၅ - ကြောက်ရွံ့ခြင်း ကင်း၍ ရဲရင့် တည်ကြည်ခြင်း။
၁၆ - စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းစွာ နေထိုင်ရခြင်း။
၁၇ - ချမ်းသာစွာ နေထိုင်ရခြင်း။
၁၈ - ဘေးရန်အန္တရာယ် မရှိခြင်း။
၁၉ - ချစ်သော သူတို့နှင့် မကွဲမကွာ နေရခြင်း—

စသော ကောင်းကျိုးများကို တွေ့ကြုံ ခံစားရကြောင်း ပြဆိုထား၏။

## မုသာဝါဒ အပြစ်များ

**ဆောင်**။ ။မုသားစကား၊ ပြောဆိုငြားမူ၊ စကား မပြီ၊ သွား မညီတည်း၊ ပုတ်သိုး ပါးစပ်၊ ခြောက်ကပ် ကိုယ်ရည်၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၍၊ မရောက် ဩဇာ၊ နှုတ်လျှာ ကြမ်းထော်၊ လျှပ်ပေါ် လော်လီ၊ စိတ်မတည် သည်....ရှောင်ကြဉ်အပြန် အကျိုးတည်း။

ရှေးက မုသားစကားကို ပြောဆိုအားကြီးခဲ့သော သူသည် ဖြစ်လေရာ ဘဝများ၌—

၁ - စကားကို ပြီပြီသသ မပြောတတ်ခြင်း။

၂ - သွားများ မညီမညွတ် ရှိခြင်း။

၃ - ခံတွင်း ပါးစပ် ပုတ်သိုးခြင်း။

၄ - ကိုယ်သား ကိုယ်ရေ ပူရှိန် ခြောက်ကပ်၍ စိုစိုဖတ်ဖတ် မရှိခြင်း။

၅ - မျက်စိ နား နှာ စသော ဣန္ဒြေများ မကြည်လင်ဘဲ နောက်ကျုကျုရှိခြင်း။

၆ - ပုံဟန် မလှပဘဲ ဆိုးဆိုးဝါးဝါး ရှိခြင်း၊ ချွတ်ယွင်း ဖောက်ပြန်ခြင်း။

၇ - သူတပါးအပေါ်၌ ဩဇာအာဏာ မတည်ခြင်း။

၈ - အပြောအဆို နှုတ်လျှာများ ထော်လော် ကြမ်းထမ်း ခြင်း။

၉ - စိတ်မတည်ငြိမ်ဘဲ လျှပ်ပေါ် လော်လီဘတ်ခြင်း။

စသော မကောင်းကျိုးများကို တွေ့ကြုံရတတ်၏။ ။( မုသား ပြောတတ်သူသည် ဘယ်ကိစ္စ၌မျှ မယုံကြည်ရသောကြောင့် အကြီးအကဲ မဖြစ်နိုင်။)

—

## မုသာဝါဒမှ ရှောင်ကြဉ်ရကျိုး

၁ - သန့်ရှင်း ကြည်လင်သော ဣန္ဒြေ ရှိခြင်း။
၂ - ရှင်းလင်းပြတ်သား ချိုသာသော စကား ရှိခြင်း။
၃ - သွားများ ညီညာခြင်း၊ ဖြူဖွေး စင်ကြယ်ခြင်း။
၄ - မဝလွန်း မပိန်လွန်း မပုလွန်း မရှည်လွန်းဘဲ တင့်တယ်သော ကိုယ်ကာယ ရှိခြင်း။
၅ - ချမ်းသာသော အတွေ့အထိ ရှိခြင်း။
၆ - ခံတွင်းမှ ကြာပန်းနံ့ သင်းပြန့်ခြင်း။
၇ - မိမိစကားကို နားထောင်သော အခြွေအရံ ရှိခြင်း။
၈ - နာယူချင်စဖွယ် ကောင်းသော စကား ရှိခြင်း။
၉ - နီမြန်း နူးညံ့၍ ပါးလွှာသော လျှာ ရှိခြင်း။
၁၀ - မပျံ့လွင့်တတ်ခြင်း၊ မတုန်လှုပ်တတ်ခြင်း။
၁၁ - လျှပ်ပေါ် လော်လီမှု မရှိခြင်း။

စသော ကောင်းကျိုးများကို တွေ့ကြုံ ခံစားရကြောင်း ပြဆို ထား၏။

## သေရည်အရက် စသည်ကို သောက်စားရာ၌ ရအပ်သော အပြစ်များ

မှုးယစ်စေတတ်သော အဆောက်အဦများ ထည့်ခတ်၍ စီရင်အပ်သော ထန်းရည် ပေရည် မနိရည် စသည်များကို 'သေရည်' ဟု ခေါ်၏၊ မှုးယစ်အောင် စီရင်ထားအပ်သော ပန်းပွင့်ရည် စပျစ်ရည် စသည်တို့ကို 'အရက်' ဟု ခေါ်၏။ ။သေရည်အရက် သာ မက ယခုကာလ သုံးနေကြသော ဘိန်း ကုတ်ကင်း ဆေးခြောက် မာဖိယား ကဇော် စသော အားလုံးကို ဤ သိက္ခာပုဒ်၌ ယူကြ၏။

**ဆောင်။** ။သေရည်သောက်လင့်၊ သင့် မသင့်၌၊ ရေးခွင့် မသိ၊ ပျင်းရိ မေ့ရှုး၊ ကျေးဇူး မဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါ အပြန် အကျိုးတည်း။

သေရည် အရက် စသည်ကို သောက်စားခဲ့သော သူသည် —

၁ - အရေးအခွင့်၌ သင့် မသင့်ကို မသိတတ်ခြင်း။

၂ - ပျင်းရိတတ်ခြင်း။

၃ - မေ့လျော့တတ်ခြင်း၊ မှုးရှုးတတ်ခြင်း၊ (နောက် ဘဝ အဆက်ဆက်၌ အရူးအနှမ်းလည်း ဖြစ်တတ်ခြင်း။)

၄ - သူတပါးတို့ ပြုဘူးသော ကျေးဇူးကို မသိတတ်ခြင်း။

၅ - ဟိရိ ဩတ္တပ္ပ ဟူသော အရှက်အကြောက်မှ ကင်းလွတ်ခြင်း။

၆ - သေရည် အရက် စသည်ကို သောက်စားမိလျှင် မည်သည့် အကုသိုလ်မျှ မရှောင်ကြဉ်ဘဲ မကောင်းမှု အားလုံးကို ပြုမိလွယ်တတ်ခြင်း။

ဤသို့ စသော မကောင်းကျိုးများကို တွေ့ကြုံရတတ်၏။

---

## သေရည် အရက် စသည်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရကျိုးများ

၁ - ကာလသုံးပါးတို့၌ ပြုဘွယ်ကိစ္စ ဟူသမျှကို လျှင်မြန်စွာ သိတတ်ခြင်း။

၂ - သတိ အမြဲ ရှိခြင်း။

၃ - မရူး မသွပ်ခြင်း။

၄ - ဉာဏ်ပညာ အမျိုးမျိုးနှင့် ပြည့်စုံခြင်း။

၅ - မပျင်းရိတတ်ခြင်း။

၆ - မိုက်မဲမှု မရှိတတ်ခြင်း။

၇ - မဆွံ့ မအခြင်း။

၈ - တွေတွေဝေဝေ မရှိခြင်း။

၉ - မကြောက်ရွံ့တတ် မချုပ်ချယ်တတ် မတုန်လှုပ်တတ်ခြင်း။

၁၀ - ဝစီဒုစရိုက် လေးပါးမှ ကင်းရှင်းတတ်ခြင်း။

၁၁ - သူ့ကျေးဇူးကို သိတတ်ခြင်း။

၁၂ - ဝန်တိုမှု မရှိဘဲ ဒါန သီလနှင့် ပြည့်စုံခြင်း။

၁၃ - မှန်ကန် ဖြောင့်မတ်ခြင်း။

၁၄ - အမျက်ဒေါသ နည်းပါးခြင်း။

၁၅ - အရှက်အကြောက် ရှိခြင်း။

၁၆ - မှန်ကန်သော အယူ ရှိခြင်း။

၁၇ - အကြောင်း ဟုတ် မဟုတ်- အကျိုး ဟုတ် မဟုတ် စဉ်းစား နိုင်းချိန်တတ်သော ဉာဏ်ပညာ ရှိခြင်း—

စသော ကောင်းကျိုးများကို တွေ့ကြုံခံစား ရတတ်ကြောင်း ပြဆိုထား၏။

**အမှာ။** ။ငါးပါးသီလ လွန်ကျူးပြစ်များကို မဇ္ဈိမလင်္ကာ သစ် မျက်နှာနံပါတ် ၁၇၄-၅-တို့၌ မိန့်ဆိုထား၏။ ၁၇၆-၇-၁၌ ကာမေသုမိစ္ဆာစာရ အပြစ်များကို ကျယ်ဝန်းစွာ ပြဆိုထား၏။

## သမီးချည်း မွေးဖွားသူတို့ သတိပြုစရာ

သားယောကျ်ား မမွေးဖွားဘဲ သမီး မိန်းကလေးချည်း မွေးဖွားသူတို့မှာ ရှေးရှေးသော အတိတ်ဘဝများက **မုသာဝါဒကံ အားကြီးခဲ့သောကြောင့်** ဟူ ဟောထားသောဂါထာ။

[ဇာတကပါဠိ ပဉ္စမအုပ် ၁၀၁၊ အဋ္ဌကထာ တတိယအုပ်- ၄၃၆]

ထိယော ဝ တဿ ဇာယန္တိ၊ န ပုမာ ဇာယရေ ကုလေ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာနံ ဝိယာကရေ။ ။

**မဃဒေဝ** လင်္ကာသစ် နံပါတ် ၁၀၄-၅-

"မသူတော်မှာ၊ သစ္စာ မကြိုက်၊ မုသားလိုက်၏၊
ဒုစရိုက်အမူ၊ လောကလူတွင်၊ ပြောထူ မုသား၊ ထိုသူ
အားကား၊ သားတိမဖွား၊ သမီးများ ဟူ၊ ထင်ရှား
ကျမ်း၌၊ မိန့်တော်ရိုက်၏"

ဟု မိန့်ဆိုထား၏။

ငါးပါးသီလ၌ အပြစ် အကျိုး ပြဆိုခဲ့ကြား ပြီး၏။

# ဒုစရိုက်, သုစရိုက် ၄၀ - ပါး စီ ပွားနည်း

### ဒုစရိုက် - ၄၀ ပွားပုံ

[အံ - ၁၀၊ ပါ- ၅၀၉၊ ၌-၂၃၂၊]

ဒုစရိုက် ၁၀ - ပါးကို အောက်ပါ အချက် ၄ - ချက်ဖြင့် ပွားလျှင် ဒုစရိုက်ပေါင်း - ၄၀ ရှိကြောင်း ဟောထားတော်မူ၏။

၁ - ကိုယ်တိုင် ပြုခြင်း ဟူသော....သာဟတ္ထိက။

၂ - သူတပါး တို့အား တိုက်တွန်း ခြင်း ဟူသော- အာဏတ္တိက။

၃ - တားမြစ် နိုင်ပါလျက် မတားမြစ်ဘဲ ဝမ်းမြောက်ခြင်း, သဘောတူခြင်း ဟူသော.... သမနုညာ။

၄ - ပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြခြင်း ဟူသော .... ဝဏ္ဏတာသန။

၁ - သူတပါးအသက်ကို ကိုယ်တိုင် သတ်လျှင် .. သာဟတ္ထိက ပါဏာတိပါတ မည်၏။

၂ - သူတပါးတို့အား အသတ်ခိုင်းလျှင် .... အာဏတ္တိက ပါဏာတိပါတ မည်၏။

၃ - သူတပါးတို့ သတ်ဖြတ် နေသည်ကို တားမြစ် နိုင်ပါလျက် မတားမြစ်ဘဲ ဝမ်းမြောက်ခြင်း, သဘောတူခြင်းသည် ... သမနုည ပါဏာတိပါတ မည်၏။

၄ - 'သူတပါး အသက်ကို သတ်လျှင် ဤမည် ဤမည်သော အကျိုး စီးပွားများ ဖြစ်ထွန်း နိုင်သည်' စသည်ဖြင့် ပြောဆို ခြင်းသည် .... ဝဏ္ဏဘာသန ပါဏာတိပါတ မည်၏။

ဤသို့ စသည်ဖြင့် ကျန် ဒုစရိုက် ၉ - ပါး၌လည်း လေးပါးစီ ဖြစ်ခြင်းကြောင့် ဒုစရိုက် ၁၀ - ပါး တည်၍ ၎င်းလေးမျိုးဖြင့် မြှောက်ပွားလျှင် ဒုစရိုက်ပေါင်း ၄၀ - ဖြစ်လေသည်။

ဣမေဟိ ခေါ ဘိက္ခဝေ စတ္တာရီသာယ ဓမ္မေဟိ
သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ ကေန် စင်စစ်။ စတ္တာရီသာယ၊ လေးဆယ်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤဒုစရိုက် တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ (အာဘတံ၊ ယူဆောင်လာခဲ့သော ဝတ္ထုကို။ နိက္ခိတ္တော ယထာ၊ ပြစ်ချလိုက်ဘိ သကဲ့သို့)။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ချမ်းသာကင်းသော ငရဲ၌။ နိက္ခိတ္တော၊ ပြစ်ချအပ်သည်။ ဟောတိ၊ ဖြစ်၏။ (မိမိတို့ပြုခဲ့သော မကောင်းသော အမှု (ကံ) က ပြစ်ချသည် ဟူလို။)

## သုစရိုက် - ၄၀ ပွားပုံ

သုစရိုက် ၁၀ - ပါးကိုလည်း သာဟတ္ထိက စသည် လေးပါးဖြင့် မြှောက်ပွားလျှင် သုစရိုက်ပေါင်း ၄၀ - ရှိကြောင်းလည်း ဆက်လက် ဟောထားတော်မူ၏။

၁ - သူတပါးအသက်ကို သတ်ခြင်းမှ ကိုယ်တိုင် ရှောင်ကြဉ်ခြင်းသည် သာဟတ္ထိက ပါဏာတိပါတ ဝိရတိ မည်၏။

၂ - သူတပါးတို့အား မသတ်ရန် မဖြတ်ရန် တိုက်တွန်းခြင်းသည် အာဏတ္တိက ပါဏာတိပါတ ဝိရတိ မည်၏။

၃ - သူတပါးတို့ သတ်ခြင်း ဖြတ်ခြင်း မပြုဘဲ နေသည်ကို ဝမ်းမြောက်ခြင်း သဘောတူခြင်းသည် သမနုညပါ ဏာတိပါတ ဝိရတိ မည်၏။

၄ - မသတ် မဖြတ်ဘဲနေလျှင် ရနိုင်သည့် ကောင်းကျိုးကို ဟောပြော ပြသခြင်းသည် ဝဏ္ဏဘာသန ပါဏာတိပါတ ဝိရတိ မည်၏။

ဤသို့ စသည်ဖြင့် ကျန်သုစရိုက် ၉ - ပါး၌လည်း လေးပါးစီ ဖြစ်ခြင်းကြောင့် သုစရိုက် ၁၀ - ပါးကို တည်၍ ၎င်းလေးမျိုးဖြင့် မြှောက်ပွားလျှင် သုစရိုက်ပေါင်း - ၄၀ ဖြစ်လေသည်။

ဣမေဟိ ခေါ ဘိက္ခဝေ စတ္တာရီသာယ ဓမ္မေဟိ
သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ ကေန် စင်စစ်။ စတ္တာရီသာယ၊ လေးဆယ်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤသုစရိုက်တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူကို။ (အာဘတံ၊ ဆောင်ယူခဲ့သော ဝတ္ထုပစ္စည်းကို။ နိက္ခိတ္တော ယထာ၊ ပြစ်တင်လိုက်ဘိ သကဲ့သို့)။ ဧဝံ ဟထာ၊ ထို့အတူ။ သဂ္ဂေ၊ နတ်ပြည်၌။ ဝါ-နတ်ပြည်သို့။ နိက္ခိတ္တော၊ ပြစ်တင်အပ်သည်။ ဟောတိ၊ ဖြစ်၏။

(မိမိတို့ ပြုခဲ့သော ကောင်းသော အမှု (ကံ) က ပြစ်တင်လိုက်သည် ဟူလို။)

ဤဒုစရိုက် ၄၀-ပွားပုံ သုစရိုက် ၄၀-ပွားပုံကို ပြဆိုရခြင်းမှာ ဤလောက၌ အချို့သော သူတို့သည် ဒုစရိုက် အမှုများကို ကိုယ်တိုင် ပြုမှသာ အကုသိုလ်ကံ ဖြစ်၏၊ သုစရိုက် အမှုများကို ကိုယ်တိုင် ရှောင်ကြဉ်မှသာ ကုသိုလ်ကံ ဖြစ်၏ ဟု ယူဆထားတတ်ကြသည်ကို အပြည့်အစုံ မမှန်ကန်သေးကြောင်း သိစေလို၍ ထုတ်ဆိုပြလိုက်သည်။

ထို့ကြောင့် ဒုစရိုက် အမှုများ၌ တိုက်တွန်းခြင်း, တားမြစ်နိုင်လျက် မတားမြစ်ခြင်း, ရမည့်အကျိုးကို ပြောပြခြင်းများကိုလည်း မပြောဆိုမိကြရန် သတိ ရှိကြစေလိုသည်၊ သုစရိုက်အမှုများ၌လည်း ဒုစရိုက် အမှုများကို ကိုယ်တိုင် ရှောင်ကြဉ်ကြရုံသာ မက သူတပါးတို့အား ရှောင်ကြဉ်ရန် တိုက်တွန်းခြင်း,

ဝမ်းမြောက်ခြင်း, သဘောတူခြင်း, ရှောင်ကြဉ်လျှင် ရနိုင်မည့် အကျိုးကို ဟောပြောပြသခြင်း ပြုကြရန်လည်း သတိ ရှိကြစေလိုသည်။

**မဃဒေဝလင်္ကာသစ်**

[ နံပါတ် ၁၄၄ ]

စေတနာ ဖရှသ်၊ လွန်ကြမ်းကြုတ်သား၊ ဆိုးယုတ်ဒုစရိုက်၊ သူ့မိုက် ကျင့်ရာ၊ ကံ ဆယ်ဖြာတွင်၊ ပါဏာတိပါတ်၊ သက်သတ် အမှု၊ ကိုယ်လိုပြု နှင့်၊ ပြုဟု သူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသောအား၊ မြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက် လူတွင်၊ သတ်သူ နိရယ၊ ငရဲကျ၏၊ သူက ခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန၊ ဖြစ်ထ မမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊ ပြိတ္တာဘုံ ဟု၊ အာဂုံ ဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်းရိုးလာ၏။ ။

[နေတ္တိ-ဌ-၁၆၂-၃]

**မှတ်ချက်။** ။ဤလင်္ကာ၌ သမနုည, ဝဏ္ဏဘာသန ၂-မျိုးကို တပေါင်းတည်း ယူ၍ မိန့်ဆိုထားခြင်း ဖြစ်၏၊ ကျန်သော ဒုစရိုက် ၉-ပါး၌လည်း နည်းတူ မှတ်ရာ၏။

# ကံ နှင့် ကံ၏အကျိုးကို ပြဆိုခဏ်း

## ဂူဠကမ္မဝိဘင်္ဂသုတ်၊ (မြန်မာပြန်)

[ပဏ္ဏာ ၃၊ ပါ-၂၄၃၊ ဌ-၁၇၅။]

### ဘခင် တောဒေယျ ပုဏ္ဏားကြီး ဝတ္ထု

၎င်းတောဒေယျ ပုဏ္ဏားကြီးကား သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်တည်း၊ သာဝတ္ထိပြည် အနီးတုဒိရွာကို ရွာစား အဖြစ်ဖြင့် စိုးမိုး အုပ်ချုပ်ရသောကြောင့် တောဒေယျ ဟူ၍ အမည်တွင်ခြင်း ဖြစ်၏၊ ၈၇- ကုဋေမျှကြွယ်ဝ ချမ်းသာ၏၊ ၎င်းပုဏ္ဏားကြီး၌ သုဘ အမည် ရှိသောသားတယောက် ရှိ၏၊ တင့်တယ်လှပ ရှုမဝသော ရုပ်အဆင်းအင်္ဂါ ရှိသောကြောင့် သုဘ ဟူ၍ နာမည်ပေးထားခြင်း ဖြစ်၏၊ ၎င်းတောဒေယျ ပုဏ္ဏားကြီးသည် လွန်စွာ နှမြောတတ်၏၊ လှူဒါန်း ပေးကမ်း စွန့်ကြဲလျှင် ဥစ္စာများ ကုန်ခန်းမည်ကို လွန်စွာ စိုးရိမ်သောကြောင့် မည်သူအားမျှ လှူဒါန်းခြင်း, ပေးကမ်းခြင်း, စွန့်ကြဲခြင်း မပြုလေ၊ ကိုယ်တိုင် မပြုရုံမျှ မက သားဖြစ်သူအားလည်း လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း မပြုရန် အမြဲတမ်း ဆုံးမတတ်လေသည်။

မျက်စဉ်းတောင့်ကို သွေးပါများလျှင် တဖြည်းဖြည်း
ကုန်ခန်းသွား သကဲ့သို့ရင်း, ခြကောင်များ တဖြည်း
ဖြည်း စုဆောင်းလျှင် တောင်ပို့ကြီး ဖြစ်လာ သကဲ့

> သို့ရင်း, ပျားကောင်များ တဖြည်းဖြည်း စုဆောင်းလျှင် ပျားအုံကြီး ဖြစ်လာ သကဲ့သို့ရင်း အိမ်၌ နေကြသော ပညာရှိတို့သည် ဤဥပမာများကို နမူနာ ယူကြ၍ ပစ္စည်း ဥစ္စာများကို မဖြုန်းတီးဘဲ စုဆောင်းကြရမည် ဟု အမြဲ တမ်း ဆုံးမလေ့ ရှိသည်။

သာဝတ္ထိပြည် အနီး ဇေတဝန်ကျောင်းတော်၌ ဘုရားသျှင် အ ကြာဆုံး သီတင်းသုံးနေတော်မူပါလျက် ယာဂုတမှုတ်မျှ ဆွမ်းတ ယောင်းမစာမျှ လှူဒါန်းခြင်း မပြုခဲ့ဘူးလေ၊ ပစ္စည်းလောဘဖြင့် သာလျှင် သေလွန်၍ မိမိအိမ်၌ ပင် ခွေးတိရစ္ဆာန် ဖြစ်ရလေ တော့သည်၊ သားဖြစ်သူ သုဘလုလင်သည် ဘဝ အလွန် နီးကပ် လှခြင်းကြောင့် ထိုခွေး အပေါ်၌ လွန်စွာ ချစ်မြတ်နိုးလေသည်၊ မိမိစားသော ထမင်းကို သာလျှင် စားစေ၏၊ ကောင်းမွန်လှသော အိပ်ရာ နေရာ၌ အိပ်စေ၏။

တနေ့သ၌ ဘုရားသျှင်သည် မိုးသောက်ထကာလ၌ လော ကကို ကြည့်ရှုဆင်ခြင်တော်မူသည် ရှိသော်... တောဒေယျပုဏ္ဏား ကြီးသည် ပစ္စည်းလောဘဖြင့် သေလွန်၍ မိမိအိမ်၌ ပင် ခွေး တိရစ္ဆာန် ဖြစ်နေသည်ကိုရင်း, ယနေ့ငါ ဘုရားသည် သုဘလုလင် အိမ်သို့ ကြွသွားသည် ရှိသော် ထိုခွေးသည် ငါဘုရားကို ဟောင် လတံ့၊ ငါဘုရားက 'အို-တောဒေယျပုဏ္ဏားကြီး အဘယ်ကြောင့် ငါဘုရားကို ဟောင်သနည်း၊ ရှေးဘဝကလည်း ငါဘုရားကို ကဲ့ရဲ့ ၍ ခွေးဖြစ်ရသည် မဟုတ်လော' ဟု မိန့်ဆိုခဲ့သော် ခွေးသည် အဖြစ်မှန်ကို သိ၍ ခုံလောက် ( ဖိုခနောက် ) ကြား၌ အိပ်လတံ့၊

ထိုသို့ ခွေး ခုံလောက် ကြား၌ အိပ်နေသည်ကို အကြောင်းပြု၍ ငါဘုရား နှင့် သုဘလုလင် စကားပြောရလတံ့၊ တရားစကားကို ကြားနာရသည် ရှိသော် ထိုသုဘလုလင်သည် သရဏဂုံ တည်လတံ့ ဟု မြင်တော်မူ၍ သုဘလုလင် အိမ်သို့ တပါးတည်း ဆွမ်းခံ ကြွတော်မူလေသည်။

ထိုသို့ ဘုရားသျှင် ဆွမ်းခံကြွတော်မူသော အခါ အိမ်၌သုဘလုလင် မရှိခိုက် ဖြစ်လေသည်၊ ဘုရားသျှင် ကြိုတင် သိမြင်ထားတော်မူသည့် အတိုင်း ခွေးသည် ဘုရားသျှင်ကို ဟောင်၏၊ ဘုရားသျှင်က နာမည်ကို ခေါ်၍ စကားပြောတော်မူလေသော် ခွေးသည် ခုံလောက်ကြား ပြာပုံ၌ သွား၍ အိပ်နေလေရာ မူလနေရာသို့ ပြန်အိပ်ရန် မည်သူမျှ ပြုလုပ်ပေး၍ မရတော့ချေ၊ ဘုရားသျှင်သည် ဤမျှ ပြောဆို၍ အခြား အိမ်များသို့ ဆက်လက်၍ ဆွမ်းခံ ကြွတော်မူလေသည်။

သုဘလုလင် ပြန်လာသောအခါ ပြာပုံ၌ အိပ်နေသော ခွေးကို မြင်၍ အကြောင်းကို မေးမြန်းရာ ကြားသိသော လူအပေါင်းတို့က ပြန်ပြောလေသော် လွန်မင်းစွာ အမျက်ထွက်၍ 'ငါ၏ ဖခင်သည် ဗြဟ္မာပြည်၌ ဖြစ်၏၊ တောဒေယျ အမည်ရှိသော ခွေး မဖြစ်နိုင်၊ ရဟန်းဂေါတမသည် ငါ၏ အဖေကို ခွေးဖြစ်၏ ဟု ပြောဆို၏၊ ယခု ပင် ကျောင်းသို့ သွား၍ မုသာဝါဒဖြင့် စွပ်စွဲ အပြစ်တင်အံ့' ဟု ကြိမ်းဝါးပြီး ကျောင်းတော်သို့ သွား၍ ထိုအကြောင်းကို မေးမြန်းလေတော့သည်။

ကျောင်းတော်သို့ ရောက်သောအခါ သုဘ လုလင်သည် ကြိမ်းဝါးလာသည့် အတိုင်း ဘုရားသျှင်အား မုသာဝါဒဖြင့် စွပ်စွဲ အပြစ်တင်လေသော် ဘုရားသျှင်က – ‘အို... လုလင်- သင့်ဘခင်က သင့်အား မပြောကြားခဲ့သော တစုံတခုသော ပစ္စည်းဥစ္စာများ ရှိပါသလော’ဟု မေးမြန်းရာ အဘိုးတန်ထိုက်သော ရွှေပန်းကုံး, အဘိုးတန်ထိုက်သော ရွှေခြေနင်း, အဘိုးတသိန်းထိုက်သော ရွှေခွက်, တသိန်းသော ငွေအသပြာ - ဤလေးမျိုးကို မပြောကြားခဲ့ကြောင်း လျှောက်ထားလေသည်၊ ‘သို့ဖြစ်လျှင် ရေအနည်းငယ်မျှ သာ ပါသော နို့ထမင်းကို ထိုခွေးအား ကျွေးမွေး၍ ကောင်းမွန်လှစွာသော အိပ်ရာ၌ အိပ်စေပြီးလျှင် အနည်းငယ် အိပ်ပျော်ခြင်းသို့ ရောက်သော ကာလ၌ အထက်က ဆိုခဲ့သော ပစ္စည်းများကို မေးမြန်းပါလေ၊ သင့်အား အလုံးစုံ ပြောကြားပါလိမ့်မည်၊ အကယ်၍ ပြောကြားနိုင်လျှင် ဤခွေးသည် ငါ၏ အဖေတည်း ဟု သင်သိလတံ့’ ဟု မိန့်ကြားတော်မူလိုက်လေသည်။

ထိုအခါ သုဘလုလင်သည် ရဟန်းဂေါတမ၏ စကားသည် အကယ်၍ မှန်သော် ငါသည် ဥစ္စာပစ္စည်းများကို ရလတံ့၊ အကယ်၍ မမှန်ခဲ့သော် ရဟန်းဂေါတမကို မုသာဝါဒဖြင့် စွပ်စွဲ အပြစ်တင်အံ့ ဟူ၍ ရှင်လန်း ဝမ်းမြောက်စွာ ဘုရားသျှင် မှာလိုက်သည့် အတိုင်း ပြုလုပ်၍ မေးမြန်းလေသော် ခွေးသည် ‘ဤလုလင်သည် ငါ့အကြောင်းကို သိလေပြီတကား’ ဟု ငိုကြွေးပြီးလျှင် အသံပြု၍ ပစ္စည်းဥစ္စာများ မြှုပ်ထားရာ အရပ်ကို ခြေဖြင့်

ယောက်ပြ၍ အမှတ်သညာကို ပြလေသည်၊ ထိုခွေး ခြေဖြင့် ယက်ပြရာအရပ်ကို တူးကြည့်လေသော် အထက်က ဆိုခဲ့သော ပစ္စည်းဥစ္စာများကို အကုန်ရလေသည်။

ထိုအခါ သုဘလုလင်သည် 'ရဟန်းဂေါတမအား ဘဝဖြင့် ဖုံးလွှမ်းသော သိမ်မွေ့လှသော ပင်္ဂသန္ဓေ အကြားသည် ထင်ရှား ဖြစ်ခဲ့လေသည်တကား၊ မချွတ်ကေန် ဤရဟန်း ဂေါတမသည် အလုံးစုံကို သိနိုင်ပေသည်တကား' ဟု ဘုရားသျှင်၌ ကြည်သို ယုံကြည်သော စိတ် ဖြစ်ပေါ်လာလေသည်။

ခွေးသည် နှလုံးမသာမယာခြင်း ပြင်းစွာ ဖြစ်ပြီးလျှင် သေလွန်၍ ငရဲ၌ ဖြစ်ရပြန်လေသည်။

သုဘလုလင်သည် မူလက ပင် အင်္ဂဝိဇ္ဇာ အတတ်၌ ကျွမ်းကျင်လိမ္မာသည်၊ ထိုသို့ ဘုရားသျှင်၌ ကြည်ညိုသောစိတ် ဖြစ်ပြီးလျှင် ၁၄ - ချက်သော အမေးပုစ္ဆာများကို ခမ္ဘလက်ဆောင်အဖြစ် ယူဆောင်လာပြီး ဒုတိယအကြိမ် ဘုရားသျှင် ထံတော်သို့ လာရောက်၍ မေးမြန်းလျှောက်ထားခြင်း ပြုလေသည်၊ မေးမြန်းလျှောက်ထားသော ပုစ္ဆာ ၁၄ - ချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁-၂- အို...ရဟန်းဂေါတမ- ဤလောက၌ လူတို့သည် လူချင်းတူကြပါလျက် အဘယ်အကြောင်းကြောင့် အချို့လူတို့မှာ အသက်တို၍ အချို့လူတို့မှာ အသက်ရှည်ကြပါသနည်း။

၃-၄ - အချို့လူတို့မှာ အနာရောဂါ များ၍ အချို့လူတို့မှာ အနာရောဂါ နည်းပါးကြပါသနည်း။

၅-၆ - အချို့လူတို့မှာ ရုပ်အဆင်း မလှကြဘဲ အချို့လူတို့မှာ ရုပ်အဆင်း လှကြပါသနည်း။

၇-၈ - အချို့လူတို့မှာ ဘုန်းတန်ခိုး သေးသိမ်ပြီး အခြံအရံ နည်းပါး၍ အချို့ လူတို့မှာ ဘုန်းတန်ခိုး ကြီးမား၍ အခြံအရံ ပေါများကြပါသနည်း။

၉-၁၀ - အချို့လူတို့မှာ ပစ္စည်းဥစ္စာ နည်းပါး ဆင်းရဲကြပ်တည်း၍ အချို့လူတို့မှာ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ကြပါသနည်း၊

၁၁-၁၂ - အချို့လူတို့မှာ ယုတ်ညံ့သော အမျိုး၌ ဖြစ်ကြ၍ အချို့ လူတို့မှာ မြင့်မြတ်သော အမျိုး၌ ဖြစ်ကြပါသနည်း။

၁၃-၁၄ - အဘယ်အကြောင်းကြောင့် အချို့လူတို့မှာ ပညာဉာဏ် နည်းပါးကြ၍ အချို့ လူတို့မှာ ပညာဉာဏ် ကြီးမားကြပါသနည်း။

ဤအမေး ၁၄ - ချက်ကို မေးလျှောက်လေသော် ဘုရားသျှင်က အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

အိုး...သုဘလုလင်- ဤလောက၌ သတ္တဝါတို့သည်—

မိမိတို့ပြုသော အမှု (ကံ) သာလျှင် ကိုယ်ပိုင် ဥစ္စာ ရှိကြကုန်၏။

။ (ကံ) ၏ အမွေကို သာလျှင် ခံယူကြကုန်၏။

။ (ကံ) သာလျှင် အကြောင်းရင်း ရှိကြကုန်၏။

။ (ကံ) သာလျှင် ဆွေမျိုးအစစ်ရှိကြကုန်၏။

။ (ကံ) သာလျှင် ကိုးကွယ် အားထားရာ ရှိကြကုန်၏။

မိမိတို့ပြုသော အမှု (ကံ) က သာလျှင် သတ္တဝါတို့ကို အယုတ် အမြတ် ခွဲခြား၍ ပေးလိုက်၏။

ဤသို့ ဘုရားသျှင်က ဖြေကြားတော်မူလိုက်သော အခါ သုဘလုလင်သည် ဖြေဆိုသော စကားတော်၏ အနက် အဓိပ္ပာယ် လိုရင်းကို မသိရှာလေ၊ ထူထဲလှသော ပုဆိုးပိုင်းဖြင့် မျက်စိကို ဖုံးအုပ်၍ ပျားရည်ခွက်ကို ရှေ့နား၌ ချထားသကဲ့သို့ ဖြစ်လေတော့၏၊ ဤသုဘလုလင်သည် ပင်ကိုယ်သဘာဝက ပင် မိမိကိုယ်ကို မိမိ ပညာရှိ'တယောက် ဟု မာနဖြင့် ထောင်လွှားခဲ့၏၊ မိမိနှင့် ပညာ အရည်အချင်း တူသူ ပင် မရှိခဲ့ ဟု မှတ်ထင် အောက်မေ့ခဲ့၏၊ ထိုမာနကို ချိုးဖဲ့ ဖျက်ဆီးခြင်းငှာ ဘုရားသျှင်သည် အစ၌ သာလျှင် သိနိုင်ရန် ခက်ခဲလှသော အဖြေစကား အကျဉ်းကို မိန့်ကြားတော်မူခြင်း ဖြစ်၏။

ထိုအဖြေစကား၌ လွန်စွာ တွေဝေလှသော သုဘလုလင်သည်–'အို ... ရဟန်းဂေါတမ- ဤမျှ ကျဉ်းလှသော အဖြေစကားဖြင့် အကျွန်ုပ် မသိနိုင်ပါ၊ ကျွန်ုပ်အား အကျယ်ဝေဘန်၍ ထင်ရှားအောင် ဟောပြတော်မူပါဦး' ဟု ထပ်မံ လျှောက်ထားတောင်းပန်သော အခါမှ ဘုရားသျှင်က အောက်ပါအတိုင်း အကျယ် ဝေဘန်၍ ဟောတော်မူပြန်လေသည်။

## နံပါတ် ၁-၂ - အတွက် အဖြေ

သုဘလုလင်.... ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် ကြမ်းကြုတ်ကြကုန်၏၊ သွေးစွန်းသော လက် ရှိကြကုန်၏၊ သတ္တဝါများ အပေါ်၌ သနား ကြင်နာခြင်း ကရုဏာတရား ကင်းမဲ့ကြကုန်လျက် သတ်လေ့ ဖြတ်လေ့ ရှိကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ ချမ်းသာကင်းသော ငရဲဘုံ၌ ပြုခဲ့သော ပါဏာတိပါတ အကုသိုလ်ကံက ပြစ်ချ ကြလေကုန်၏၊ (ဝါ) ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ အကယ်၍ တစုံတခုသော ကုသိုလ်ကံကြောင့် လူဖြစ်လာခဲ့သော် သက်တန်းစေ့အောင် မနေကြရဘဲ အသက် တိုကြရလေသည်။

ဤလောက၌ အချို့သော ယောကျ်ားမိန်းမတို့သည် သနားကြင်နာခြင်း ကရုဏာတရား အားကြီးစွာ ဖြစ်ကြပြီးလျှင် သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်လေ့ ရှိကြကုန်၏၊ သတ္တဝါတို့၏ ကောင်းကျိုးကိုလည်း လိုလားလေ့ ရှိကြ၏၊ ဒုတ်ဓား လှံ သေနတ် စသော လက်နက်များကိုလည်း ကိုင်စွဲလေ့

မရှိကြ၊ ထိုယောကျ်ား မိန်းမတို့ သေလွန်လျှင် နတ်ပြည်၌ ဖြစ်ကြရ၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာဖြစ်ခဲ့သော် သက်တန်းစေ့အောင် အသက်ရှည်စွာ နေကြရလေသည်။

## နံပါတ် ၃-၄- အတွက် အဖြေ

သုဘလုလင် ...ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် သနားကြင်နာခြင်း ကရုဏာတရား ခေါင်းပါးကြကုန်၏၊ သတ္တဝါများ အပေါ်၌ လက်ဖြင့်ရင်း, ခဲဖြင့်ရင်း, ဒုတ်ဖြင့်ရင်း, ဓား လှံ စသော လက်နက်များဖြင့်ရင်း ညှင်းဆဲလေ့ရှိကြကုန်၏၊ (သေအောင်ကား မသတ်ခဲ့ကြပေ) ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသောအခါ ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာဖြစ်ခဲ့သော် အနာရောဂါများတတ်ကြလေသည်။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် သနားကြင်နာခြင်း ကရုဏာတရား ရှိကြ၍ သတ္တဝါများအပေါ်၌ ထိုကဲ့သို့ ညှင်းဆဲလေ့ မရှိကြပေ၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသောအခါ နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာဖြစ်ခဲ့သော် အနာရောဂါ နည်းပါးတတ်ကြလေသည်။

## နံပါတ် ၅-၆ -အတွက် အဖြေ

သုဘလုလင်.... ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် အမျက်ဒေါသ အားကြီးကြကုန်၏၊ အနည်းငယ်မျှ

သာ ပြောဆိုအပ်သော်လည်း လွန်စွာ အမျက်ထွက်လေ့ ရှိကြကုန်၏၊ အရာ မဟုတ်သည်၌လည်း အမျက်ထွက်လေ့ ရှိကြကုန်၏၊ ကိုယ် နှုတ် စိတ် အမူအရာ သုံးပါးတို့ လွန်စွာ ကြမ်းကြမ်းထမ်းထမ်း ရှိတတ်ကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ တစုံ တခု သော ကုသိုလ်ကံကြောင့် လူလာ ဖြစ်ခဲ့သော် ရုပ် အဆင်း အင်္ဂါ မလှမပ ဆိုးဆိုးရွားရွား ဖြစ်ရတတ်လေသည်။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် အမျက်ဒေါသ နည်းပါးကြကုန်၏၊ လွန်လွန်ကဲကဲ နှိပ်နှိပ်စက်စက် ပြောဆိုအပ်သော်လည်း အမျက်ထွက်လေ့မရှိ- သည်းခံလေ့ ရှိကြကုန်၏၊ ကိုယ် နှုတ် စိတ် အမူအရာ သုံးပါးတို့ နူးညံ့ သိမ်မွေ့ကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန် ကြသော အခါ နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာ ဖြစ်ခဲ့သော် ရုပ်အဆင်းအင်္ဂါ လှလှပပ ဖြစ်ရတတ်လေသည်။

## နံပါတ် ၇ - ၈ အတွက် အဖြေ

သုဘလုလင်... ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် သူတပါးတို့ အပေါ်၌ မနာလိုမှု, ငြူစူမှု များတတ်ကြကုန်၏၊ သူတပါးတို့ လာဘ်ရခြင်း, အရိုအသေ အပူ ခံရခြင်း, အလေးအမြတ် အပူခံရခြင်း, မြတ်နိုးခံရခြင်း, ရှိခိုးခံရခြင်း, ပူဇော်ခံရခြင်း, ပညာရှိခြင်း, အခြွေအရံ များခြင်း, ပစ္စည်းဥစ္စာ ပေါများခြင်း, ရုပ်ရေလှပခြင်း, ကျော်စော ထင်ရှားခြင်း

စသည်တို့၌ အချောင်ဝန်တိုတတ်ကြ၏၊ မမြင်လို မကြားလို ရှိတတ်ကြ၏၊ ထိုကဲ့သို့ ဣဿာတရား အားကြီးသော ယောကျ်ားမိန်းမတို့သည် သေလွန်ကြသော အခါ ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာ ဖြစ်ခဲ့သော် ဘုန်းတန်ခိုး သေးသိမ်၍ အခြွေအရံ နည်းပါး တတ်ကြလေသည်။

ဤလောက၌ အချို့သော ယောကျ်ားမိန်းမတို့သည် သူတပါးတို့အပေါ်၌ မနာလိုမှု၊ ငြူစူမှု ဣဿာတရား မရှိကြကုန်၊ သူတပါးတို့ လာဘ်ရခြင်း, ကျော်စောထင်ရှားခြင်း, ပညာရှိခြင်း, ရုပ်ရေလှပခြင်း, ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝခြင်း, အရိုအသေ အပြုခံရခြင်း, မြတ်နိုးခံရခြင်း, ပူဇော်ခံရခြင်း, အလေး အမြတ် အပြုခံရခြင်း စသည်တို့၌ မနာလိုမှု, ငြူစူမှု မရှိကြဘဲ ဝမ်းမြောက်ခြင်း ဖြစ်လေ့ ရှိကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ အကယ်၍ နည်ပြည်၌ မဖြစ်ဘဲ လူလာ ဖြစ်ခဲ့သော် ဘုန်းတန်ခိုး ကြီးမား၍ အခြွေအရံ ပေါများတတ်လေသည်။

## နံပါတ် ၉ - ၁၀ အတွက် အဖြေ

သုဘလုလင်....ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် စွန့်ကြဲ ပေးကမ်း လှူဒါန်းလေ့ မရှိကြကုန်၊ ရသေ့ ရဟန်း စသော အလှူခံ ပုဂ္ဂိုလ်တို့အား ဆွမ်း စသော စားဘွယ်များ, ဖျော်ရည်စသော သောက်ဘွယ်များ, လှည်းယာဉ် လှေယာဉ် စသော စီးစရာယာဉ်များ, ပန်းနံ့သာမှုန့်- ခဲရည်-

အိပ်ရာ· နေရာ- ကျောင်း- မီး စသော လှူဘွယ် ဝတ္ထု ပစ္စည်းများကို ပေးကမ်း လှူဒါန်းလေ့ မရှိကြကုန်၊ ထို ယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာ ဖြစ်ခဲ့သော် ဆင်းရဲမွဲတေ၍ စားဝတ်နေရေး သုံးပါး၌ ချို့ချို့တဲ့တဲ့ ဖြစ်ရတတ်လေသည်။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ ရှိကြကုန်၏၊ ရသေ့ ရဟန်း စသော အလှူခံ ပုဂ္ဂိုလ်တို့အား ၎င်းတို့နှင့် ထိုက်တန် အပ်စပ်သော အလှူ ဝတ္ထုပစ္စည်းများကို အခါကာလအား လျော်စွာ ပေးကမ်းလှူဒါန်းလေ့ ရှိကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာဖြစ်ခဲ့သော် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာတတ်ကြလေသည်။

## နံပါတ် ၁၁-၁၂- အတွက် အဖြေ

သုဘလုလင်....ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် မာန်မာန အလွန် ကြီးကြကုန်၏၊ ရှိခိုးအပ်သောသူကိုလည်း ရှိခိုးလေ့ မရှိကြ၊ ခရီးဦးကြို ပြုသင့်သော သူကိုလည်း ခရီးဦးကြို ပြုလေ့ မရှိကြ၊ နေရာပေးခြင်းငှာ ထိုက်သောသူကိုလည်း နေရာပေးလေ့ မရှိကြ၊ ခရီးလမ်းမှ ရှောင်ဖယ်ပေးသင့် သူကိုလည်း ရှောင်ဖယ်ပေးလေ့ မရှိကြ၊ အရိုအသေ ပြုအပ်သော သူကိုလည်း အရိုအသေ ပြုလေ့ မရှိကြ၊ အလေးအမြတ်

ပြုသင့်သူကိုလည်း အလေးအမြတ် ပြုလေ့ မရှိကြ၊ မြတ်နိုးသင့်သူကိုလည်း မြတ်နိုးလေ့ မရှိကြ၊ ပူဇော်သင့်သူကိုလည်း ပူဇော်လေ့ မရှိကြ၊ (မိမိထက် အသက်ကြီးသောသူ၊ မိမိထက် သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာလွန်သောသူ (ဝါ) ဂုဏ်ကြီးသောသူ ဤသူများကို ဆိုလိုသည်) ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော အခါ ငရဲဘုံ၌ ဖြစ်ကြရကုန်၏၊ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာ ဖြစ်ခဲ့သော် ယုတ်ညံ့သော အမျိုး၌ ဖြစ်ရတတ်လေသည်။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် မိမိကိုယ်ကို နှိမ်ချသောအလေ့ ရှိကြကုန်၏၊ ရှိခိုးအပ်သော သူကိုလည်း ရှိခိုးလေ့ ရှိကြကုန်၏၊ ခရီးဦးကြို ပြုသင့်သော သူကိုလည်း ခရီးဦးကြို ပြုလေ့ ရှိကြကုန်၏၊ နေရာပေးထိုက် သူကိုလည်း နေရာပေးလေ့ ရှိကြကုန်၏၊ ခရီးလမ်းမှ ရှောင်ဖယ်ပေးသင့် သူကိုလည်း ရှောင်ဖယ်ပေးလေ့ ရှိကြကုန်၏၊ အရိုအသေ ပြုအပ်သော သူကိုလည်း အရိုအသေ ပြုလေ့ ရှိကြကုန်၏၊ အလေးအမြတ် ပြုသင့်သူကိုလည်း အလေးအမြတ် ပြုလေ့ ရှိကြကုန်၏၊ မြတ်နိုးသင့်သော သူကိုလည်း မြတ်နိုးလေ့ ရှိကြကုန်၏၊ ပူဇော်သင့်သူကိုလည်း ပူဇော်လေ့ ရှိကြကုန်၏၊ ထိုယောကျ်ား မိန်းမတို့ သေလွန်ကြသော် နတ်ပြည်၌ ဖြစ်ကြရကုန်၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာ ဖြစ်ခဲ့သော် မြင့်မြတ်သော အမျိုး၌ ဖြစ်ရတတ်လေသည်။

## နံပါတ် ၁၃-၁၄ - အတွက် အဖြေ

သုဘလုလင်....ဤလောက၌ အချို့သော ယောကျ်ား မိန်းတို့သည် ရသေ့ ရဟန်း စသော ပညာရှိများထံသို့ ချဉ်းကပ်၍ မေးမြန်းလေ့ မရှိကြ၊ အဘယ်တရားသည် ကုသိုလ်ပါနည်း၊ အဘယ်တရားသည် အကုသိုလ်ပါနည်း၊ အဘယ်အမှုသည် အပြစ်ရှိပါသနည်း၊ အဘယ်အမှုသည် အပြစ် မရှိပါသနည်း၊ အဘယ်တရားကို မှီဝဲသင့်ပါသနည်း၊ အဘယ်တရားကို မမှီဝဲသင့်ပါသနည်း၊ အဘယ်အမှုကို ပြုသည်ရှိသော် ဆင်းရဲခြင်း အကြောင်းဖြစ်ပါသနည်း၊ အဘယ်အမှုကို ပြုသည်ရှိသော် ချမ်းသာခြင်း အကြောင်း ဖြစ်ပါသနည်း၊ ဤသို့ စသည်ဖြင့် မေးမြန်းလေ့ မရှိကြ၊

ထိုသို့ မေးမြန်းလေ့ မရှိကြသော ယောကျ်ား မိန်းမတို့သည် ပြုအပ်သည် မပြုအပ်သည်ကို မသိကြတော့ဘဲ ပြုအပ် ပြုသင့် ပြုထိုက်သော ပုညကြိယာဝတ္ထု (၁၀) ပါးကို မပြုမိခြင်း-မပြုအပ် မပြုသင့် မပြုထိုက်သော ဒုစရိုက် (၁၀) ပါးကို ပြုလုပ်မိခြင်းကြောင့် သေလွန်ကြသောအခါ ငရဲဘုံ၌ ဖြစ်ကြရလေသည်၊ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာဖြစ်ခဲ့သော် အသိဉာဏ်ကင်း လူဖျင်း လူအ ဖြစ်ရတတ်လေသည်။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် ရသေ့ ရဟန်း စသော ပညာရှိများထံသို့ ချဉ်းကပ်၍ မေးမြန်းလေ့ ရှိကြ၏၊ ထိုသို့ မေးမြန်းလေ့ ရှိကြသော ယောကျ်ား မိန်းမတို့သည် ပြုအပ်သည် မပြုအပ်သည်ကို ခွဲခြား နားလည်ကြပြီးလျှင် ပြုအပ်

ပြုသင့် ပြုထိုက်သော ပုညကြိယာဝတ္ထု (၁၀) ပါးကို ပြုလုပ်အားထုတ်ခြင်း, မပြုအပ် မပြုသင့် မပြုထိုက်သော ဒုစရိုက် (၁၀) ပါးမှ ရှောင်ကြဉ်ကြခြင်းကြောင့် သေလွန်ကြသော အခါ နတ်ပြည်၌ ဖြစ်ရတတ်၏၊ အကယ်၍ နတ်ပြည်၌ မဖြစ်ဘဲ လူလာဖြစ်ခဲ့သော် ဉာဏ်ပညာ ကြီးမားတတ်ကြလေသည်။

ဤသို့ အကျယ်ထပ်မံ၍ ဘုရားသျှင်က ဖြေကြားတော်မူသော အခါ တောဒေယျပုဏ္ဏားကြီး၏ သား သုဘလုလင်သည်—'အို ရဟန်းဂေါတမ- အလွန် နှစ်သက်ဘွယ် ရှိပေစွ၊ အို ရဟန်းဂေါတမ- အလွန် နှစ်သက်ဘွယ် ရှိပေစွ၊ အို ရဟန်းဂေါတမ- မှောက်ထားသော အရာဝတ္ထုကို လှန်၍ ပြလိုက်ဘိသကဲ့သို့၎င်း, ဖုံးထားသော အရာဝတ္ထုကို ဖွင့်၍ ပြလိုက်ဘိ သကဲ့သို့၎င်း, ခရီးလမ်းမှားနေသူအား လမ်းမှန်ကို ညွှန်ပြလိုက်ဘိသကဲ့သို့၎င်း, မှောင်မဲနေသော အခန်းတွင်း၌ အလင်းရောင်ကို ထွန်းပြလိုက်သည် ရှိသော် မျက်စိအမြင် ရှိသူသည် အဆင်းအရောင်အမျိုးမျိုးကို မြင်ရဘိ သကဲ့သို့၎င်း - ဤဥပမာများ နည်းတူ အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ဟောကြားတော်မူအပ်ပါပေ၏၊ တပည့်တော်သည် အသျှင်ဂေါတမကို၎င်း, အသျှင်ဂေါတမ ဟောကြားတော်မူသော တရားတော်ကို၎င်း, အသျှင်ဂေါတမ၏ တပည့်သား သံဃာတော်များကို၎င်း ကိုးကွယ်ရာ ဟူ၍ မှီဝဲဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် တပည့်တော်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်တတ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ

ဘုရား’ ဟု အလွန် ရှင်လန်း ဝမ်းမြောက်စွာ လျှောက်ထားလေသည်။

—

## မဃာဒေဝလင်္ကာသစ်

[နံပါတ် ၂၆၄ - ၅]

၁ - ပါဏာတိပါတ်၊ သက်သတ် ရှေးဟို၊ အကုသိုလ်ကြောင့်၊ သက်တို လူ့ဝယ်၊ သေပျောက်လွယ်၏။

၂ - အကယ် ဆက်ဆက်၊ သူ့ သက် သတ်မှု၊ မပြု အစဉ်၊ မေတ္တာ ယှဉ်၍၊ ပယ်ကြဉ် တတ်ငြား၊ သက်ရှည်လျား ရှင့်။

၃ - သူနားမဲ့လျက်၊ တုတ် လက်နက်ဖြင့်၊ နှိပ်စက်တတ်သူ၊ ရောဂါ ထူ၏။

၄ - ကိုယ့် တူ မခြား၊ သူတပါးအား၊ သနားတတ်လျှင်း၊ ကင်း၏ အနာ။

၅ - များစွာ မျက်ရှု၊ ထွက်တတ်သူတို့၊ လူ နှင့် လူချင်း၊ မတူလျှင်းအောင်၊ အဆင်း မလှ။

၆ - မျက်နှည်းကလျှင်၊ ရုပ တင့်တယ်၊ ရှုဘွယ်မငြီး။

၇ - ဣဿာ ကြီးက၊ ကိုယ့် ထီး ချို့ တဲ့၊ ရှိန်စော် မဲ့၏။

၈ - ကဲ့ရဲ့ ပြုံစူ၊ ကင်းသူတို့ကား၊ ပေါများ ခြွေရံ၊ တံခိုး လျှံရှင့်။

၉ - လူ့ချမ်းတို့အား၊ ဆယ်ပါး ဒါန၊ လှူ မချသော်၊ အပ္ပ ဘောဂါ၊ ဖြစ်လေရာဝယ်၊ ချမ်းသာ မရ၊ မဝ ရေစာ၊ ဆင်းရဲစွာ၏။

၁၀ - ဆယ်ဖြာဝတ္တ၊ လှူကောင်းမှုကို၊ ရှေးပြုများသူ၊ ထိုထိုသူကား၊ လူတွင် လူနတ်၊ လူများ မှတ်အောင်၊ သမုတ် ရိပ်ငြိမ်၊ ဘုံနန်းအိမ်နှင့်၊ စည်းစိမ် ကြီးကျယ်၊ ပြည့်ဖြိုး ကြွယ်၏။

၁၁ - အကယ် ရှေးက၊ ကြီးမာနနှင့်၊ နှိမ့်ချ မကျိုး၊ ရှိခိုး ထိုက်စွာ၊ ဂုဏ်ဝါ ကြီးမား၊ သူတို့အားလျှင်၊ မပြား မဝပ်၊ မပျပ်မကိုင်း၊ မိုက်ရိုင်း မတော၊ ရှိသေ ကင်းထ၊ လူထိုမျှကား၊ ဟီန မျိုးနွယ်၊ ညှိုးငယ် ယုတ်မာ၊ ဖြစ်ဘုတ်စွာ၏။

၁၂ - သဂါရဝ၊ သက္ကာရဖြင့်၊ နှိမ်ချ ရှိကျွှံရော်၊ ပူဇော် လေးမြတ်၊ ပြုတတ်တုံက၊ သေဌ နွယ်ရိုး၊ လူမျိုး ရှိညွှတ်၊ မျိုးမြတ်ထွတ်၏။

၁၃ - သူမြတ်တို့ထံ၊ နာခံ တရား၊ မျှောက်ထား မေးခြင်း၊ အပြု ပျင်းက၊ ညံ့ဖျင်း ပညာ၊ နုံ့ထိုင်းစွာ၏။

၁၄ - ကြွားနာ မေ့မူ၊ သုတ ဘွေစပ်၊ ကျိုးပြစ် အရေး၊ လျှောက်မေးတတ်စွာ၊ သုတကာမူပညာ ကျယ်နက်၊ ဉာဏ်ထက်မြက်၏။

ဟောမြွက် မိန့်မှာ၊ ဒေသနာနှိုက်၊ သင်္ချာပေါင်းဘွဲ့၊
တဆဲ့လေးပါး၊ ဤအပြားကို၊ မှတ်သား ဝမ်းထဲ၊ သေ
ချာစွဲရှင့်၊ ချွတ်လွဲမိစ္ဆာ၊ ပေါ့ဖျင်းစွာသား၊ ဘာသာ
ယူရိုး၊ ပုဏ္ဏားမျိုးသို့၊ ရေချိုး ပြုက၊ အကုသလ၊ ကံပါ
ပတို့၊ တစ မကြွင်း၊ ရှင်း၏ ဟူငြား၊ မယူမှားနှင့်၊ ငါ့
သား ရတနာ၊ ဘာသည်းချာလျှင်၊ မကောင်းရာ ကြဉ်၊
ကောင်းရာ ယှဉ်ပြီး၊ သမ္ပဇဉ် မကင်း၊ ရိုးရင်း မပျက်၊
ဆောက်တည်လျက်တိ၊ အောက်ယက် မျော်ရှု၊ ဗုဒ္ဓကိုတို့၊
ရှေးသူ့ ကျင့်ထုံး၊ အစဉ်သုံးလော့ .... နှလုံးရှင်လှန်း
ပေပြီးရှ်။ ။

[ နံပါတ် ၃၂၈-၉ ]

ထို့ပြီ တသုတ်၊ ကျမ်းလာ ထုတ်ကာ၊ မြွတ် ယုတ် မျိုး
နွယ်၊ ကြီး ငယ် ဂုဏ်သိမ်၊ စည်းစိမ် နည်း များ၊ နာ
ဖျား ကင်းထူး သက်ဟူ ရှည် တို၊ ရုပ်ကိုယ် ရှုပ်၊ လှ
မလှက၊ ဉာဏ သို့ မွဲ၊ လွန်ထင်ပြဲ့သား၊ တဆဲ့လေး
ဖြာ၊ ဤခြင်းရာကား၊ ဗြဟ္မာ ဗိဿနိုး၊ နတ်အမျိုးတို့
တန်ခိုး ဖန်ဆင်း၊ မဟူလျှင်းတည့်၊ ခပင်း သတ္တဝါ၊ ကံ
ဖြင့် သာလျှင်၊ နာနာကာရ၊ ဖြစ်ကုန်ကြ၏။

## ကံ ၄ မျိုးကို ခွဲပြခက်း

[ ဋ္ဌ၊ ၁၇၇ မှ ၁၁၀ ]

၁ - ဥပပီဠကကံ။

၂ ဥပစ္ဆေဒကကံ။

၃ - ဇနကကံ။

၄ - ဥပထမ္ဘကကံ။

၁ - ကုသိုလ်ကံ အကျိုးပေးနေသည့် ခြားမှ ဝင်၍ ကပ်ရောက် နှိပ်စက်တတ် ဖျက်ဆီးတတ်သော ကံသည် ဥပပီဠကကံ မည်၏။

၂ ကုသိုလ်ကံ အကျိုးပေးနေသည်ကို ခြားမှ ဝင်၍ အပြီးအပြတ် ဖြတ်ပစ်တတ်သော ကံသည် ဥပစ္ဆေဒကကံ မည်၏။

၃ - ပဋိသန္ဓေကို ဖြစ်စေတတ်သောကံသည် ဇနကကံ မည်၏။

၄ - ကူညီထောက်ပံ့တတ်သော ကုသိုလ်ကံသည် ဥပထမ္ဘကကံမည်၏။

ဤလေးပါးသောကံတို့တွင် ရှေ့နှစ်ပါးသည် အကုသိုလ်ကံများသာတည်း၊ ဇနကကံသည်ကား ကုသိုလ်ဇနကကံ, အကုသိုလ်ဇနကကံ ဟူ၍ နှစ်မျိုး ရှိလေသည်၊ ဥပထမ္ဘကကံသည်ကား ကုသိုလ် တမျိုး သာတည်း။

သူတပါး အသက်ကို သတ်ဖြတ်ခဲ့ခြင်း, သူတပါး တို့အား ညှင်းဆဲနှိပ်စက်ခဲ့ခြင်း, အမျက်ဒေါသ အားကြီးခဲ့ခြင်း, သူတပါး တို့ အပေါ်၌ မနာလိုမှု ငြူစူမှု ဣဿာတရား များခဲ့ခြင်း, ပေး ကမ်းလှူဒါန်းမှု မရှိခဲ့ခြင်း, ပူသင့်သော ပုညကရိယာ ဝတ္ထုများ ကို မပြုလုပ်ဘဲ မပြုသင့်သော ဒုစရိုက်မှုများကို ပြုလုပ်ခဲ့ခြင်း - ဤမကောင်းမှု အကုသိုလ်ကံများ ရှိနေသောသူသည် တစုံတခု သော အားကြီးသော ဗလဝကုသိုလ်ကံက ခြားဝင်၍ အကျိုး ပေးခြင်းကြောင့် လူလာဖြစ်ခဲ့သော် ရှိနေသော အကုသိုလ်ကံ များက....

'ငါတို့သာ ရှေးဦးစွာ အကယ်၍ အခွင့်ရငြားအံ့၊ အသင့်ကို လူ့ပြည်၌ ဖြစ်ခွင့်မပေးဘဲ အပါယ်လေးဘုံ ၌သာ ဖြစ်စေအံ့၊ အသင်သည် ယခုမူ လူ့ဘုံ၌ ဖြစ်ခဲ့လေ ပြီ၊ သို့သော် ဖြစ်ချင်ရာဘုံ၌ ဖြစ်ပါစေ၊ ငါအကုသိုလ် ကံသည် သင်လူသားကို နှိပ်စက်ရပေဦးမည်' ဤသို့ မပြောဆိုသော်လည်း ပြောဆိုဘိ သကဲ့သို့ ပြုခဲ့သော အကုသိုလ်ကံများက အခွင့်သာသော အခါတွင် ကပ်၍ နှိပ်စက်လေတော့သည်၊ နှိပ်စက်ပုံကား....

၁ · ဆိုခဲ့ပြီးသော အကုသိုလ်ကံများကို ပြုလုပ်ခဲ့ဘူးသော လူသားသည် အမိဝမ်း၌ ဖြစ်သည်မှစ၍ မိဘနှစ်ပါးတို့အား · ကိုယ်စိတ်နှစ်ပါးတို့ မချမ်းမသာ ဖြစ်ကြရခြင်း, အိမ်၌ ရှိသော ပစ္စည်းဥစ္စာတို့သည် ရေနစ်သော ဆားကဲ့သို့ ရန်သူမျိုး ငါးပါး တို့ကြောင့် ပျက်စီးဆုံးရှုံးကြရခြင်း, နို့ရေထွက်နေကျ နွားမ

များမှ နို့ရေများ မထွက်တော့ခြင်း၊ လိမ္မာယဉ်ကျေးသော ကျွဲနွား မြင်း စသည်တို့သည် ကြမ်းတမ်းခက်ထန်၍ လူကိုရန်မူလာတတ်ခြင်း၊ မျက်စိများ ကန်းတတ်ခြင်း၊ ခြေကျိုးတတ်ခြင်း၊ ကျွဲနွား မြင်း စသည်တို့၌ ရောဂါကျရောက်၍ ပျက်စီးတတ်ခြင်း၊ အိမ်၌ရှိကြသော လူတို့သည် ရှေးက ကဲ့သို့ မိမိတို့ စကားကို မလိုက်နာကြခြင်း၊ နားမထောင်တော့ခြင်း၊ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ပျက်စီးကုန်တတ်ခြင်း၊ အိမ်၌ ရှိသော ပစ္စည်းများ အိမ်၌ပင် ပျက်စီးတတ်ခြင်း၊ တော၌ရှိသော ပစ္စည်းများ တော၌ ပင် ပျက်စီးတတ်ခြင်း၊ စားရရုံမျှ ဝတ်ရရုံမျှ ပင် ခဲခဲယဉ်းယဉ်း ရှာဖွေကြရခြင်း၊ ကိုယ်ဝန်ကို ချမ်းချမ်းသာသာ မလွယ်ရခြင်း၊ မွေးဖွားသော ကာလ၌လည်း မိခင်မှ နို့ရည်မထွက်ခြင်း၊ သားငယ်ကို ချမ်းသာအောင် မထားနိုင်ခြင်း-စသော အပြစ်များ ကပ်ရောက် နှိပ်စက်လေတော့သည်၊ ဤကား အကုသိုလ် ဥပပီဠကကံက ကပ်၍ နှိပ်စက်ပုံတည်း၊ လူ့ဘဝတလျှောက်လုံး အနာရောဂါများခြင်း၊ ရုပ်အဆင်းအင်္ဂါ မလှမပ ဖြစ်ရခြင်း၊ အခြွေအရံ နည်းပါးခြင်း၊ လုံ့ဝ မရှိခြင်း၊ ပစ္စည်းဥစ္စာ ဆင်းရဲငတ်မွတ်၍ မဝရေစာ စားသောက်နေရတတ်ခြင်း၊ အဖျင်း အအ လူရာမဝင် ဖြစ်ရခြင်း-စသည့် အပြစ်များနှင့် ဆိုခဲ့ပြီးသော အပြစ်များကို အကုသိုလ် ဥပပီဠက ကံက ဖြစ်စေတော့သည်။

၂ - တဖန် ထိုလူသားကို ဥပဃာတက အကုသိုလ်ကံက ဝင်ရောက်၍ အပြီးအပြတ် သတ်ဖြတ်လေတော့သည်၊ သတ်ဖြတ်ပုံ

ကား ပြုခဲ့ပြီးသော အကုသိုလ်ကံများတွင် သူတပါး အသက်ကို သတ်ဖြတ်ခဲ့ဘူးသော ပါဏာတိပါတ အကုသိုလ်ကံက အခွင့်သာသော အခါတွင် ထိုလူသားကို ကျယ်လှစွာသော ရေကန် မြစ်ချောင်း နက်လှစွာသော ရေတွင်း စသည်ထဲသို့ ခုန်ချစေခြင်း, အခြား အရာဝတ္ထုကို ပြစ်သော မြှား ဒုတ် ခဲ လှံ ကျည်ဆန် စသော လက်နက်များသည် ထိုလူသားကို ထိမှန်စေတတ်ခြင်း, သူခိုး ဓားပြ ပေါသော အရပ်သို့ သွားရောက်စေခြင်း, ခြင်္သေ့ သစ် ကျား စသော တောရိုင်းတိရစ္ဆာန်များ ပေါများသော တောအုပ်သို့ ဝင်ရောက်စေခြင်း, မိကျောင်း ငမိုး စသော ရေသတ္တဝါရိုင်းများ ပေါများရာ ရေကန် မြစ် ချောင်း ပင်လယ် စသည် ရေလမ်းခရီးသို့ သွားရောက်စေခြင်း - ဤသို့ စသည်ဖြင့် များလှစွာသော အသက် ဆုံးရှုံးစေတတ်သော အကြောင်းများကို ဖန်တီး ပေးလေ တော့သည်၊ နောက်ဆုံး ဘဝတခုသော အန္တရာယ်နှင့် တွေ့ကြုံ၍ အသက် ဆုံးရှုံးရခြင်းသည် အကုသိုလ် ဥပပီဠကကံ၏ လက်ချက်ပေတည်း၊ ဤကား အကုသိုလ် ဥပစ္ဆေဒက ကံက အပြီးအပြတ် သတ်ဖြတ်ပြစ်ပုံတည်း။

ဤကား လူဖြစ်လာသော လူသားအား ပြုလုပ်ခဲ့ဘူးသော အကုသိုလ်ကံများက ကပ်ရောက်၍ နှိပ်စက်တတ်ပုံ, အပြီးအပြတ် သတ်ဖြတ်ပြစ်တတ်ပုံတည်း၊ ပဋိသန္ဓေ အကျိုးကို မပေးရ၍ ပဝတ္တိ အခါ၌ မကောင်းကျိုးပေးပုံတည်း၊ ပဋိသန္ဓေအကျိုးကို ပေးရသော် အပါယ်လေးဘုံတွင် တဘုံဘုံ၌ ဖြစ်စေပေလိမ့်မည်။

၃ - လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ၌ ပဋိသန္ဓေကျိုးကို ပေးတတ်သော ကံသည် ကုသိုလ်ဇနကကံ မည်၏၊ အပါယ်လေးဘုံ၌ ပဋိသန္ဓေကျိုးကို ပေးတတ်သော ကံသည် အကုသိုလ်ဇနကကံ မည်၏။

၄ - သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်း, သူတပါးတို့အား မညှင်းဆဲ မနှိပ်စက်ခဲ့ခြင်း, အမျက်ဒေါသ နည်းပါး၍ သည်းခံဗတ်ခြင်း, သူတပါးတို့ ပြည့်စုံသည်ကို မနာလိုမှု ငြူစူမှု ဣဿာတရား မထားဘဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ခြင်း, ပေးကမ်း လှူဒါန်းခဲ့ခြင်း, ဒုစရိုက် အမှုများမှ ရှောင်ကြဉ်၍ စွမ်းအားရှိသမျှ ပုညကိရိယာဝတ္ထု ၁၀ - ပါးတို့ကို ပြုလုပ်အားထုတ်ခဲ့ခြင်း - ဤကောင်းမှု ကုသိုလ်ကံများ ရှိနေသော သူသည် နတ်ပြည်၌ မဖြစ်ဘဲ လူလာဖြစ်သော် ပြုခဲ့သော ကုသိုလ်ကံများက ...

'ငါတို့ သာ ရှေးဦးစွာ အကယ်၍ အခွင့် ရငြားအံ့၊ အသင့်ကို လူပြည်၌ ဖြစ်ခွင့်မပေးဘဲ နတ်ပြည်၌ သာ လျှင် ဖြစ်စေအံ့၊ အသင်သည် ယခုမူ လူ့ဘုံ၌ ဖြစ်ခဲ့လေပြီ၊ သို့သော် ဖြစ်ချင်ရာဘုံ၌ ဖြစ်ပါစေ၊ ငါကုသိုလ်ကံသည် အသင့်အား ကူညီထောက်ပံ့ခြင်း အမှုကို ပြုရပေတော့မည်' ဤသို့ မပြောဆိုသော်လည်း ပြောဆိုဘိသကဲ့သို့ ပြုခဲ့ပြီးသော ကုသိုလ်ကံများက အခွင့်သာသော အခါတွင် ကူညီ ထောက်ပံ့ကြလေတော့သည်၊ ကူညီ ထောက်ပံ့ပုံကား....

ဆိုခဲ့ပြီးသော ကုသိုလ်ကံများကို ပြုလုပ်ခဲ့ဘူးသော လူသားသည် အမိဝမ်း၌ ဖြစ်သည်မှ စ၍ မိဘ နှစ်ပါးတို့မှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြကုန်၏၊ လူမိုက် လူရမ်းကားဘေး ဘီလူးသရဲ ပြိတ္တာ စသော ဘေးအပေါင်းတို့ မကပ်မရောက်နိုင်ခြင်း, အိမ်၌ ပစ္စည်းဥစ္စာ ရတနာများ တိုးတက်လာတတ်ခြင်း, ရွှေအိုးငွေအိုးများ ပေါ်လာတတ်ခြင်း, သူတပါးတို့ သိုမှီးသိမ်းဆည်းထားသော ပစ္စည်းများ မိမိတို့ အိမ်သို့ ရောက်လာတတ်ခြင်း, နို့ရည်ထွက်သော နွားမတို့မှ နို့ရည် ပိုမို ထွက်လာတတ်ခြင်း, ကျွဲ နွား မြင်း စသော တိရစ္ဆာန်များ ရောဂါ ကင်းရှင်း၍ တိုးပွားလာတတ်ခြင်း, စိုက်ပျိုးထားသော ကောက်ပဲသီးနှံတို့ ပိုမိုထွက်ရှိလာတတ်ခြင်း, အတိုးအပွား ပေးထားသော ပစ္စည်းများ ချေးငှားထားသော ပစ္စည်းများ မတောင်းရဘဲ အလိုလို ပေးလာတတ်ခြင်း, အိမ်ရှိလူများတို့သည် မိမိတို့ စကားကို ရိုသေ လေးစားစွာ လိုက်နာတတ်ခြင်း, ပြုလုပ်သမျှ အမှုကိစ္စများ ချောချောမောမော အောင်မြင်လာတတ်ခြင်း, ကိုယ်ဝန်ကို ချမ်းချမ်းသာသာ လွယ်ရခြင်း, မိမိတို့ အရပ်သို့ ဆေးဆရာကောင်းများရောက်လာတတ်ခြင်း, ချမ်းချမ်းသာသာ မွေးဖွားရခြင်း, သူကြွယ်မျိုး၌ မွေးဖွားခဲ့သော် အရွယ်ရောက်သောအခါ သူဌေးကြီး အရာကို ရတတ်ခြင်း, အမတ်မျိုး စသည်၌ မွေးဖွားခဲ့သော် စစ်သူကြီးအရာကိုမူ- လူတို့၏ အရှင်သခင် ဘုရင်အရာကိုမူ ရတတ်ခြင်း,

လူ့ဘဝ တလျှောက်လုံး၌ အနာရောဂါ နည်းပါးခြင်း, အသက်ရှည်ခြင်း, ရုပ်အဆင်း အင်္ဂါ လှပခြင်း, အခြွေအရံ ပေါများ

ခြင်း, ဘုန်းတန်ခိုး ဩဇာအာဏာ ကြီးမားခြင်း, ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ ချမ်းသာခြင်း, ပညာရှိ လူလိမ္မာ ဖြစ်ရခြင်း စသော ကောင်းကျိုးများနှင့် ဆိုခဲ့ပြီးသော ကောင်းကျိုး အလုံးစုံတို့ ဖြစ်ပေါ်လာအောင် ပြုခဲ့ဘူးသော ကုသိုလ်ကံများက ဝိုင်းဝန်း၍ ထောက်ပံ့ကြလေတော့သည်။

ဤကား ကုသိုလ်ဥပထမ္ဘကကံက ကူညီထောက်ပံ့ပုံတည်း။

ပြုခဲ့သော ကုသိုလ်ကံများသည် နတ်ပြည်၌ ပဋိသန္ဓေကျိုးကို မပေးရ၍ လူလာဖြစ်သူအား ဆိုခဲ့ပြီးသည့် အတိုင်း ပဝတ္တိအခါ၌ ကောင်းကျိုးအဖုံဖုံကို ဝိုင်းဝန်း၍ ကူညီထောက်ပံ့ခြင်း ပြုတတ်ကြလေသည်။

အမေးပုစ္ဆာနံပါတ် ၁၁-၁၂ အတွက် မာန်မာန ခက်ထန်၍ အသက်ကြီးသူ ဂုဏ်ကြီးသူတို့အား (ဤ၌ မိမိထက် သီလ သမာဓိ ပညာကြီးသူများကို ဂုဏ်ကြီးသူ ဟု ဆိုသည်) ရိုသေ လေးစား မရှိခဲ့သူသည် အပါယ်လေးဘုံ၌ မဖြစ်ဘဲ တစုံတခုသော ကုသိုလ်ကံကြောင့် လူလာဖြစ်ခဲ့သော် ပဋိသန္ဓေအခါက ပင် ယုတ်ညံ့သောအမျိုး၌ ထိုမာန အကုသိုလ်ကံက ဖြစ်ချလိုက်လေသည်၊ ထိုမာန အကုသိုလ်ကံကား ပဋိသန္ဓေအခါက ပင် အကျိုးပေးလိုက်၍ ပဝတ္တိအခါ၌ အကျိုးပေးဘွယ် မရှိတော့ပေ၊ ထို့ကြောင့် ထိုမာန အကုသိုလ်ကံ၌ ဥပပီဠကကံ ဥပစ္ဆေဒကကံဟူ၍ မရှိတော့ဘဲ အကုသိုလ်ဇနကကံ တမျိုး သာ ရှိလေသည်။

မိမိထက် အသက်ကြီးသူ့ ဂုဏ်ကြီးသူတို့အား ရိုသေလေးစား ခဲ့သော အပစာယန ကုသိုလ်ကံ ရှိသူများသည် နတ်ပြည်၌မဖြစ်ဘဲ လူလာဖြစ်ခဲ့သော် ပဋိသန္ဓေအခါကပင် မြင့်မြတ်သော အမျိုး၌ ထိုအပစာယန ကုသိုလ်ကံက ဖြစ်စေသည်၊ ထိုသို့ ပဋိသန္ဓေအခါက ပင် ကောင်းကျိုး ပေးလိုက်၍ ပဝတ္တိ အခါ၌ အကျိုးပေးဘွယ် မလိုတော့ချေ၊ ထို့ကြောင့် ထိုအပစာယန ကုသိုလ်ကံ၌ ဥပထမ္ဘကကံ ဟူ၍ မရှိတော့ဘဲ ကုသိုလ် ဇနကကံ တမျိုး သာ ရှိလေသည်။

ကံ နှင့် ကံ၏ အကျိုးကို ပြဆိုခန်း ပြီး၏။

# မဟာပုရိသလက္ခဏာတော်

ဤလက္ခဏာ ဤလက္ခဏာ (အမှတ်အသား) များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်သော ပုဂ္ဂိုလ်တည်းဟု သိကြောင်းဖြစ်သော လက္ခဏာများသည် ၃၂-ပါး ရှိ၏၊ ထို ၃၂ ပါးသော လက္ခဏာတော်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်သော ပုဂ္ဂိုလ် ဖြစ်သောကြောင့် 'မဟာပုရိသ' မည်၏။

ထို ၃၂ ပါးသော လက္ခဏာတော်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကယ်၍ လူ့ဘောင် လူ့လောက၌ နေထိုင်ခဲ့လျှင် လေးကျွန်းလုံးကို အစိုးရသော စကြာဝတေးမင်း သာ ကေန်စင်စစ် ဖြစ်ရပေမည်၊ အကယ်၍ လူ့ဘောင်မှ ခွာရှောင်၍ ရဟန်းဘောင်၌ နေထိုင်ခဲ့လျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ကေန်ဖြစ်ရပေမည်။ ။ဤအဖြစ် ၂ မျိုးမှ လွဲ၍ အခြား သာမညဖြစ်ရိုး ဖြစ်စဉ် ပုဂ္ဂိုလ်များကဲ့သို့ မဖြစ်ကောင်းပေ။

စကြာဝတေးမင်းလောင်း, ပစ္ဆိမဘဝိက ဘုရားလောင်း- ဤပုဂ္ဂိုလ် ၂ ဦးတို့၌သာ ၃၂ ပါးသော လက္ခဏာတော်များ အပြည့်အစုံ ရရှိနိုင်လေသည်၊ အခြား ပုဂ္ဂိုလ်များ၌ကား အပြည့်အစုံ မရရှိစကောင်းပေ၊ တစိတ် တဒေသ သာ ရရှိနိုင်ကြလေသည်။

ရှေးရှေးသော အတိတ်ဘဝများက ဤကဲ့သို့သော ကောင်းမှု ကုသိုလ်များကို ဆည်းပူး အားထုတ်ခဲ့သောကြောင့် ဤလက္ခဏာတော်များကို ရတော်မူသည်၊ ဤလက္ခဏာ ဤလက္ခဏာများနှင့် ပြည့်စုံတော်မူသောကြောင့် ဤမည် ဤမည်သော ကောင်းကျိုးများကို ခံစားတော်မူရသည် ဟု အကျယ်တဝင့် ဟောထားတော်မူသော 'လက္ခဏာသုတ္တန်' ကို မြန်မာဘာသာဖြင့် အကျဉ်းမျှ ပြန်ဆိုရေးသားလိုက်သည်။

[ဒီဃနိကာယ၊ ပါထိကဝဂ္ဂ၊ လက္ခဏာသုတ်ပါဠိ ၁၀၁၊
အဋ္ဌကထာ ၁၁၇]

**အမှာ။** ။ ဤလက္ခဏာသုတ် မြန်မာပြန်ကို ဘတ်ရှုကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ ရလိုသော လက္ခဏာ (အမှတ်အသား) ရလိုသော ကောင်းကျိုးများ ရှိပါက ဆိုင်ရာ ဆိုင်ရာ ကောင်းမှု ကုသိုလ်များကို နှမ်းနှော့ပွားများ၍ ပြုလုပ် အားထုတ် ဆည်းပူးနိုင်ကြပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် တင်ပြလိုက်ရပေသတည်း။

## ၁- သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်

## ခြေဘဝါးတော် အပြင်တွင် ညီညာ ပြည့်ဖြိုးခြင်း

ဘုရားသျှင်၏ ခြေဘဝါးတော်သည် ရွှေခြေနင်း အပြင် ကဲ့သို့ ညီတညာတည်း ပြည့်ပြည့်ဖြိုးဖြိုး ရှိတော်မူသည်၊ မြေ၌ထိသောအခါ ညီညီညာညာ ပြည့်ပြည့်ဝန်းဝန်း ထင်၏၊ ခြေကြ

သော အခါ၌လည်း တပြိုင်နက်တည်း ခြေကြွတော်မူ၏၊ ဘယ်မျှ မြင့်စေကာမူ ဘယ်မျှ နိမ့်စေကာမူ ခြေချတော်မူလျှင် တညီတညာတည်း သာ ချတော်မူရ၏၊ ဆူး ငြောင့် ခလုတ် ကျောက် ခရစ်ခဲ အိုးခြမ်းကွဲ ကျင်ကြီး ကျင်ငယ် နှပ် တံထွေး စသည်တို့သည်လည်း အလိုလို လွင့်ပါး ပျောက်ပျက်ကာ သန့်ရှင်း ညီညာသော မြေတလင်း အပြင်၌ သာ နင်းချတော်မူရ၏။

ပကတိ လူသားတို့၏ ခြေဘဝါး အပြင်သည်ကား ခွက်ခြင်း ကောက်ခြင်း အနိမ့်အမြင့်ရှိခြင်း စသည်တို့ဖြင့် မညီမညာ ရှိတတ်ကြ၏။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် လောဘ ဒေါသ မောဟ ဝသော အတွင်းရန်သူ - လူ နတ် ဗြဟ္မာ စသော အပြင်ရန်သူ - ဘယ်ရန်သူမျှ တုန်လှုပ်ခြောက်ခြား ကြောက်လန့် သွားအောင် မပြုလုပ် နိုင်ကြကုန်၊ (အတွင်းရန်သူကား အလောင်းတော်ဘဝနှင့် သာ သက်ဆိုင်၏၊ ဘုရားဖြစ်တော်မူသော အခါ၌ကား ကိုယ်တွင်းရန်သူ ဟူသမျှ မြူမျှ မရှိတော့ပြီ။)

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်းဟူမူ ဒါန သီလ သုစရိတကမ္မများ၌၎င်း, မိဘ ဆရာ ရဟန်း အသက်ကြီးသူ ဂုဏ်ကြီးသူတို့၌၎င်း, သဗ္ဗညုတဉာဏ်တော် ရကြောင်း အဓိကုသိုလ်တရားတို့၌၎င်း ပြုသင့် ပြုထိုက်သော တာဝန်ဝတ္တရားများကို တုန်လှုပ်ခြင်း မရှိ ဖောက်ပြန် ပြောင်းလဲခြင်း မရှိဘဲ ခိုင်ခိုင်မြဲမြဲ ဆောက်တည် အားထုတ်ခဲ့သောကြောင့် ဤသုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်ကို ရတော်မူသတည်း။

## ၂ - ပါဒတလစက္က လက္ခဏာတော်

### ခြေဖဝါးတော် အပြင်၌ ၁၀၈ - ကွက် စက်လက္ခဏာ အစုံ ပါရှိခြင်း

ဘုရားသျှင်၏ ခြေဖဝါးတော် အပြင်၌ မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်း အကန့် ရှင်းပြန့် ပြည့်ကွက် ၁၀၈ - ချက်သော စက်လက္ခဏာ အစုံတို့ဖြင့် လွန်မင်းအံ့ဘွယ် တင့်တယ်တော်မူပါပေ၏။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် ဘုရားသျှင် အထံတော်၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ယောကျ်ား မိန်းမ အခြားသော လူ နတ် ဗြဟ္မာတို့ အမြဲ မပြတ် ဝန်းပတ် ခစား များသော အခြံအရံ ရှိတော်မူ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူ သနည်း ဟူမူ.... လူအပေါင်းတို့၏ ကောင်းကျိုး ချမ်းသာကို ဆောင်ရွက်ပေးခဲ့ခြင်း, ရန်သူမျိုးငါးပါး ကြမ်းတမ်းသော ဆင် မြင်း ကျွဲ နွား ကင်း မြွေ စသော ဘေးရန်များမှ ကင်းရှင်း အောင် ဆောင်ရွက်ပေးခဲ့ခြင်း, ဘေးရန်ရှိသော တောအုပ် စ သော အရပ်များ၌ ဇရပ် စသည်ကို ဆောက်လုပ်ထားပြီးလျှင် ရောက်လာသမျှ လူသူလေးပါးတို့ကို ကျွေးမွေး၍ တောအုပ် လွန်အောင် အစောင့်အရှောက် လူများ ထည့်ပေးခဲ့ခြင်း, တော အုပ်တွင်းသို့ ဝင်လာသူတို့ကိုလည်း နည်းတူ ကျွေးမွေး စောင့် ရှောက်၍ လိုရာ အရပ်သို့ ပို့ပေးခဲ့ခြင်း, ရွာတွင်း မြို့တွင်း

စသည်တို့၌လည်း ရန်သူချိုး ငါးပါး မြွေ ကင်း ဆင်ကြမ်း မြင်းကြမ်း စသော ဘေးအန္တရာယ်များမှ ကင်းရှင်းအောင် လမ်းဆုံ လမ်းခွတို့၌ အစောင့်အရှောက် ချထားပေးခဲ့ခြင်း, ဖွယ် ဖွယ်ရာရာ အခြံအရံနှင့် တကွ လှူဒါန်းပေးကမ်းခဲ့ခြင်း ဤကောင်း မှု ကုသိုလ်များကို ပြုလုပ် အားထုတ်ခဲ့သောကြောင့် ဤပါဒ တလစက္က လက္ခဏာတော်ကို ရတော်မူလေသည်။

အမှာ။ ။ဤ၌ ၁၀၀ ကွက် စက်လက္ခဏာကို နောက်ဆက် တွဲ အခဏ်း၌ ရေတွက် ပြထားသည်။

---

## ၃ - အာယတ ပဏှိ လက္ခဏာတော်

ဖနောင့်တော် ရှည်လျားခြင်း

## ၄ - ဒီဃင်္ဂုလိ လက္ခဏာတော်

လက်ချောင်း ခြေချောင်းတော် ရှည်လျားခြင်း

## ၅ - ဗြဟ္မုဇုဂတ္တ လက္ခဏာတော်

ဖြောင့်စင်းသော ကိုယ်တော် ရှိခြင်း

ဘုရားသျှင်၏ ဖနောင့်တော်သည် အချို့လူတို့၌ ကဲ့သို့ တိုခြင်း, အတွင်းသို့ ကောက်ဝင်ခြင်း, အပြင်သို့ ကောက်ဝင်ခြင်း, ကြက် ခြေထောက်ကဲ့သို့ ရှိခြင်း, အဖျား တုံးခြင်း, ဖနောင့် ပြားခြင်း စသော အပြစ်များ မရှိဘဲ ခြေဖဝါးကို လေးပုံ ပုံလျှင် နှစ်ပုံ သည် ခြေဖျား ဖြစ်၍ တတိယအပုံ၌ ခြေသလုံးတော် တည်ရှိ

ပြီးလျှင် စတုတ္ထအပုံ ဖနောင့်တော်သည် ကောင်းမွန်စွာ လုံးဝန်း၍ နီမြန်းသော ဂျင်လုံးသဘွယ် ရှိတော်မူသည်။

ဘုရားသျှင်၏ လက်ချောင်း ခြေချောင်းတော်များသည် အချို့လူတို့၌ ကဲ့သို့ တိုခြင်း, ကောက်ခြင်း, အဆစ်အမြစ်ကြီးခြင်း, မညီမညာရှိခြင်း စသော အပြစ်များ မရှိဘဲ အရင်း၌ အနည်းငယ် တုတ်၍ တဖြည်းဖြည်း အဖျား၌ သေးသွယ်သွားပြီးလျှင် အလွန် နူးညံ့ ပြေပြေပြောင်း၍ ရှည်လျားတော်မူ၏။

ဘုရားသျှင်၏ ခန္ဓာကိုယ်တော်သည် အချို့ လူတို့ကဲ့သို့ ကုန်းကွခြင်း, ပုကွခြင်း, ကော့လန်ခြင်း, ပျော့ညွတ်ခြင်း, ခါးကိုင်းခြင်း, ဒူးညွတ်ခြင်း, ပခုံးညွတ်ခြင်း စသော အပြစ်များ မရှိဘဲ နတ်မြို့ အဝင်ဝ၌ စိုက်ထူထားအပ်သော ရွှေတုရိုဏ်တိုင် ကဲ့သို့ ဖြောင့်စင်းစွာ ရှိတော်မူ၏။

ဤလက္ခဏာ ၃ - ပါး၏ တန်ခိုးအာနုဘော်ကြောင့် အသက်တန်းအား လျော်စွာ အသက်ရှည်တော်မူရ၏၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့တွင် တဦးတယောက်မျှ ဘုရားသျှင်၏ အသက်အန္တရာယ်ကို မပြုလုပ်နိုင်ကြကုန်၊ (ဒေဝဒတ် နှင့် ၎င်း၏ အသင်းအပင်းများက ဘုရားသျှင်၏ အသက်အန္တရာယ်ကို ပြုလုပ်ကြသော်လည်း မအောင်မြင်ကြကုန်။ )

ဤလက္ခဏာတော် ၃ - ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ....သက်ရှိသတ္တဝါ ဟူသမျှကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်း, နှိပ်စက်ညှင်းဆဲမှု မရှိခဲ့ခြင်း, သနား

ကြွင်နာ ကရုဏာ ပွားခဲ့ခြင်း, ထိုသို့ သတ်ဖြတ်ရမည် နှိပ်စက်ရမည်ကို ရှက်တော်မူခဲ့ခြင်း, အလုံးစုံသော သတ္တဝါတို့၏ ကောင်းကျိုးစီးပွားကို လိုလားခဲ့ခြင်း - ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော် ၃ - ပါးကို ရတော်မူလေသည်။

—

## ၆ - သတ္တုဿဒတာ လက္ခဏာတော်

### ခုနစ်ဌာနတို့၌ အသားတော်များ ပြည့်ပြည့်ဖြိုးဖြိုး ရှိခြင်း

ဘုရားသျှင်၏ လက်ဖမိုးတော် ၂ - ဘက်, ခြေဖမိုးတော် ၂ - ဘက်, ပခုံးတော် ၂ - ဘက်, လည်ကုပ်တော် - ဤ ၇ - ဌာနတို့၌ - တနည်း ညှပ်ရိုး ပခုံး လက်ရုံး ၂ - ဘက်စီ ရင်ဘတ်တော် ဤ ၇ - ဌာနတို့၌ ပြည့်ဖြိုးသော အသားတော် ရှိတော်မူ၏၊ အကြောများကို မမြင်ကြရကုန်၊ ဆိုခဲ့ပြီးသော ၇ - ဌာန နှစ်လီတို့၌ မို့မို့မောက်မောက် ရှိပြီးလျှင် လည်ကုတ်တော်မှာလည်း ဖြောင့်စင်း ညီညာ ဆန်းကြယ်စွာ ထုလုပ် ရေးသားအပ်သော ပန်းပု ပန်းချီရုပ် ကဲ့သို့ လှပ ပြေပြစ်စွာ ရှိတော်မူ၏။

အချို့ လူတို့မှာ လက်ဖမိုး ခြေဖမိုး လည်ပင်းတို့၌ အကြောများ အပြိုင်းအရိုင်း ရှိကြကုန်၏၊ ပခုံးစွန်း ၂ - ဘက်တို့၌ အရိုးစွန်းများ ထွက်လျက် ရှိကြကုန်၏၊ လူပြိတ္တာ သဖွယ် ဖြစ်ကြကုန်၏။

ဘုရားသျှင်ကား ထိုကဲ့သို့ မဟုတ်မူ၍ ဆိုခဲ့ပြီး အတိုင်း ထို ၇ - ဌာနတို့၌ အသားတော်များ ပြည့်ပြည့်ဖြိုးဖြိုး ရှိတော်မူ၏။

ဤလက္ခဏာတော်၏ တန်ခိုး အာနုဘော်ကြောင့်.... မွန်မြတ်သော အရသာရှိသော စားဘွယ် သောက်ဘွယ် အမျိုးမျိုးကို ရလွယ်တော်မူ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ... မွန်မြတ်သော အရသာရှိသော စားဘွယ်သောက်ဘွယ် အမျိုးမျိုးကို လှူဒါန်း ပေးကမ်း စွန့်ကြဲခဲ့သောကြောင့် ရတော်မူသည်။

---

## ၇ - မုဒုတလုနဟတ္ထပါဒ လက္ခဏာတော်
### အလွန် နူးညံ့သော လက်ဖဝါး ခြေဖဝါးတော် ရှိခြင်း

## ၈ - ဇာလဟတ္ထပါဒ လက္ခဏာတော်
### လက်ချောင်းတော် ၈- ချောင်း, ခြေချောင်းတော် ၁၀ - ချောင်း အတိုအရှည် မရှိဘဲ တညီတညာတည်း ရှိတော်မူခြင်း

ဘုရားသျှင်၏ ခြေဖဝါးတော် လက်ဖဝါးတော် များသည် ထောပတ်ကြည်၌ ထည့်၍ ထားအပ်သော အကြိမ်တရာ ဖတ်အပ်ပြီးသော ဝါဂွမ်းဆိုင် ကဲ့သို့ အမြဲ အလွန် နူးညံ့ပျော့ပြောင်းတော်မူကြ၏။

ဘုရားသျှင်၏ လက်ချောင်းတော် ၈ - ချောင်း, ခြေချောင်းတော် ၁၀ - ချောင်းတို့သည် သာမန် လူတို့၌ ကဲ့သို့ အတို အရှည် မဟုတ်ဘဲ တညီတည်း ရှိတော်မူကြ၏၊ တချောင်း နှင့် တချောင်း

အရေဖြင့် ပူးကပ်၍လည်း မနေ၊ လက်ချောင်း ခြေချောင်း တော်များ စေ့ထားလျှင် အကြား မထင်မမြင်ရ၊ ဖြောင့်စင်း ညီညာ ပိတ်သဲစွာ ရှိတော်မူကြ၏။

ဤလက္ခဏာ ၂ -ပါး၏ တန်ခိုးအာနုဘော်ကြောင့် ဘုရားသျှင် ကိုယ်တော်မြတ်က ခြီးမြှောက်သည် ဖြစ်စေ- မခြီးမြှောက်သည် ဖြစ်စေ- ဘုရားသျှင် အထံတော်၌ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, မိန်းမ, နတ်, လူ, ဗြဟ္မာ, အသုရာ, ဂဠုန်, နဂါး စသော ဝေနေယျသတ္တဝါတို့သည် အမြဲမပြတ် ဆည်းကပ်လျက် သာ ရှိကြကုန်၏၊ စုစည်း ခိုင်မာ စည်းလုံးစွာသော ပရိသတ် ရှိတော်မူသည် ဟူလို။

ဤလက္ခဏာတော် ၂ - ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ ... လူအပေါင်းတို့ကို သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် အမြဲမပြတ် ခြီးမြှောက် ခဲ့သောကြောင့် ရတော်မူလေသည်။

## သင်္ဂဟဝတ္ထုလေးပါး

၁ - ဒါန .... စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။

၂ - ပေယျဝဇ္ဇ .... ချစ်ဖွယ်သော စကားကို ပြောဆိုခြင်း။

၃ - အတ္ထစရိယ .... သူတပါး အကျိုး စီးပွားကို ဆောင်ရွက်ပေးခြင်း။

၄ - သမာနတ္တတာ .... ကိုယ်နှင့် တတန်းစားတည်း ထား၍ ပေါင်းသင်း ဆက်ဆံခြင်း။

## ၉ - ဉဿင်္ခပါဒ လက္ခဏာတော်
### မြင့်သော ခြေဖမျက်တော် ရှိခြင်း

## ၁၀ - ဥဒ္ဓဂ္ဂလောမ လက္ခဏာတော်
### အထက်သို့ အဖျားကော့သော မွေးညှင်းတော်များ ရှိခြင်း

ဘုရားသျှင်၏ ခြေဖမျက် ( ခြေမျက်စိ ) တော်သည် ယခု လူတို့ကဲ့သို့ ခြေဖမိုး၌ ကပ်လျက် မတည်ရှိဘဲ ခြေဖမိုးနှင့် အတန် ကွာလျက် မြင့်တက်စွာ တည်ရှိတော်မူ၏၊ အလိုရှိသလို ခြေထောက်တော်ကို လှည့်နိုင်၏၊ ရှေ့နောက် နံပါး ၂ - ဘက်၌ ရပ်တည်၍ ကြည့်ရှုသူတို့မှာ ဘုရားသျှင်၏ ခြေဖဝါးတော် အပြင်ကို ကောင်းစွာ မြင်ရကုန်၏။

ဘုရားသျှင်၏ မွေးညှင်းတော်များသည် ညိုသော အဆင်းရှိ၍ လက်ျာရစ် လည်ပြီးလျှင် အထက်သို့ အဖျား ကော့လျက် ရွှေမျက်နှာတော်ကို ဖူးမျှော်နေသည်ဟန် တည်ရှိကြကုန်၏။

ဤလက္ခဏာတော် ၂ - ပါး၏ တန်ခိုး အာနုဘော်ကြောင့် အလုံးစုံသော သတ္တဝါတို့ထက် ကြီးမြတ်ခြင်း, ချီးမွမ်းအပ်ခြင်း, အကြီးအမှူး ဖြစ်ခြင်း, မြင့်မြတ်ခြင်း, လွန်ကဲ ထူးမြတ်ခြင်း ရှိတော်မူ၏။

ဤလက္ခဏာတော် ၂ - ပါးကို အဘယ် ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ-လူအပေါင်းတို့အား ယခုလောက တမလွန်လောက၌ အကျိုးစီးပွားကို ဖြစ်စေတတ်သော စကား, ကုသလ

ကမ္မပထတရား ၁၀ - ပါး၌ မှီသောစကား, လူအပေါင်းတို့ ချမ်းသာပွားကြောင်း ကောင်းသောစကား, တရားတည်းဟူသော အလှူ ( ဓမ္မဒါန ) နှင့် စပ်ယှဉ်သော စကား - ဤစကားများကို ပြောဆိုခြင်း, တိုက်တွန်းခြင်း ပြုခဲ့သောကြောင့် ဤလက္ခဏာတော် ၂ - ပါးကို ရတော်မူသည်။

## ၁၁ - ဇော်ဇယ် လက္ခဏာတော်

### ဇေကိ မည်သော သားကောင်၏ မြင်းခေါင်း ( ခြေသလုံး ) ကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းတော် ရှိခြင်း

ဘုရားသျှင်၏ ခြေသလုံးတော်သည် ပြည့်ဖြိုးသော အသားတော်ရှိ၍ ကောင်းစွာ လုံးဝန်း၏၊ လူတို့ကဲ့သို့ တဖက်ပိန် တဖက်ဖောင်း မဟုတ်၊ ထက်ဝန်းကျင် အညီအမျှ အသားတော်ဖြင့် ခြံရံ အပ်သောကြောင့် ကောင်းစွာ လုံးဝန်းသော သလေး စပါးအိမ်, မုယောစပါးအိမ် ကဲ့သို့ ရှိတော်မူ၏။

ဤ လက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် ရဟန်းတော်တို့အား အပ်သော သင်္ကန်း သပိတ် စသော ပစ္စည်းများ, ပရိသတ်လေးပါး ရဟန်းတော်တို့၏ အသုံးအဆောင် ပရိက္ခရာများကို လျှင်မြန်စွာ ရလွယ်တော်မူ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ ရှေးရှေးသော အတိတ်ဘဝများက လူအပေါင်း

တို့အား လက်မှုပညာ အမျိုးမျိုး, နှုတ်မှုပညာ အမျိုးမျိုး, ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလ, ကမ္မဿကတာဉာဏ် ရင့်သန်စေရန် စသော အတတ်ပညာများကို သင်ကြားပေးရာ၌ ဆရာစား မချန်ဘဲ လေးလေးစားစား သင်ကြားပေးခဲ့ခြင်း, လျှင်မြန်စွာ သိလွယ် တတ်လွယ်ကြပါစေ- ကျင့်နိုင်ကြပါစေ- ကြာမြင့်စွာ မပင်ပန်းကြပါစေနှင့် ဟူသော စိတ်ထားဖြင့် သင်ကြားပေးခဲ့ခြင်း- ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

---

## ၁၂ - သုခုမစ္ဆဝိ လက္ခဏာတော်

### နူးညံ့သိမ်မွေ့သော အရေတော် ရှိခြင်း

ဘုရားသျှင်၏ အရေတော်သည် အလွန် နူးညံ့ သိမ်မွေ့ လှသောကြောင့် ပဒုမ္မာကြာရွက် အပေါ်၌ ရေပေါက် ရေစက်မတင်သကဲ့သို့ ကိုယ်တော် အပေါ်၌ မြူမှုန့်များ အညစ်အကြေးများ လုံးဝ မတင် မကပ် မငြိနိုင်ကြကုန်၊ ( မြူမှုန်များ ချေးအညစ်အကြေးများ ကင်းစင်စေရန် မည်သည့်အခါမျှ ရေချိုးတော် မမူရချေ၊ ကိုယ်ငွေ့တော် ရစေရန် သာ ရေချိုးတော်မူရလေသည်။)

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် မဟာပညာ, ပုထုပညာ, ဟာသပညာ ဇဝနပညာ, တိက္ခပညာ, နိဗ္ဗေဓိက

ပညာ ဟူသော ၆ - မျိုးသော ပညာနှင့် ပြည့်စုံတော်မူ၏၊ ပညာ အရာ၌ ဘုရားသျှင်နှင့် တူသူ မရှိ၊ သာလွန်သူကား ဆိုဘွယ်ရာ မရှိတော့ပြီ။ ( မရှိကောင်းသည် သာတည်း။ )

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော် မူသနည်း ဟူမူ.... ရှေးရှေးသော အတိတ်ဘဝများက ပညာရှိ ရသေ့, ရဟန်း, ပုဏ္ဏားတို့ အထံ၌ ချဉ်းကပ်၍ ကုသိုလ်, အကုသိုလ်, အပြစ်ရှိသော တရား, အပြစ် မရှိသောတရား, မှိုဝဲထိုက်သောတရား, မမှိုဝဲ ထိုက်သော တရား - ဤအမှုကို ပုလျှင် ဆင်းရဲကြောင်းလော ချမ်းသာကြောင်းလော စသည်ဖြင့် မေမြန်း စုံစမ်းလေ့ ရှိခဲ့၏၊ ဤကောင်းမှု ကုသိုလ်ကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

---

## ၁၃ - သုဝဏ္ဏဝဏ္ဏ လက္ခဏာတော်

### ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အသားအရေတော် ရှိခြင်း၊

ဘုရားသျှင်၏ အရေတော်သည် အချို့ လူတို့ ကဲ့သို့ မည်းနက်ခြင်း, ဖြူခြင်း, ညိုခြင်း, ပြာခြင်း, ခြောက် ကပ်ခြင်း - စသော အပြစ်များ မရှိဘဲ ဇမ္ဗူရာဇ် ရွှေ အဆင်း ကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူ၏၊ တခဲနက် သိပ်သည်း၍ နူးညံ့ သိမ်မွေ့ လှသော ကိုယ်တော် ရှိတော်မူ၏၊ အပေါ်ယံ အရေပါး တော်ကား ဇမ္ဗူရာဇ်ရွှေကို အပြားခတ်၍ ကပ်ထားသကဲ့သို့ မှည့်ဝင်းသော အဆင်း ရှိတော်မူ၏။

ဤလက္ခဏာတော်၏ တန်ခိုး အာနုဘော်ကြောင့် နူးညံ့ သိမ်မွေ့သော အတွေ့ရှိသော ပိုး ဖဲ ကတ္တီပါ သိုးမွေး ဝါဂွမ်း အစရှိသော အခင်း အခြုံ အရုံ အထည်တို့ကို ရတော်မူလေ့ ရှိ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်းဟူမူ သူတပါးတို့က ချီးဖွဲ့ နှိပ်စက်၍ ပြောဆိုသော်လည်း အမျက်မထွက်ခဲ့ခြင်း, ရန်ငြိုး မထားခဲ့ခြင်း, အကယ်၍ အမျက်ဒေါသ ရှိလာခဲ့ပြန်လျှင် လျှင်မြန်စွာ ပယ်ဖျောက်ပြစ်လေ့ ရှိခဲ့ခြင်း, စကားတုံ့ပြန် နှုတ်လုံ့ မထိုးခဲ့ခြင်း, စိတ်ဆင်းရဲမှုလည်း မရှိခဲ့ခြင်း, နူးသံ့ သိမ်မွေ့သော အတွေ့ ရှိသော ပိုး ဖဲ ကတ္တီပါ သိုးမွေး ဝါဂွမ်း စသော အခင်း အခြုံ အရုံ အဝတ်အထည်များကို စွန့်ကြဲ ပေးကမ်း လှူဒါန်းခဲ့ခြင်း- ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

—

## ၁၄ - ကောသောဟိတဝတ္ထဂုယ္ဟ လက္ခဏာတော်

### ရွှေပဒုမ္မာကြာချပ်နှင့် တူသော အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားမြတ်၏ နိမိတ် ရှိတော်မူခြင်း

ဘုရားသျှင်၏ ယောကျ်ားအင်္ဂါ (ပုရိသနိမိတ်) သည် ပကတိလူတို့ကဲ့သို့ ပေါ်လွင် ထင်ရှားစွာ တည်ရှိနေသည် မဟုတ်၊ နွားဆင် စသည်တို့၏ ပုရိသနိမိတ် ကဲ့သို့ အအိမ်ဖြင့် ဖုံးကွယ်စွာ တည်ရှိ၏၊ ရွှေပဒုမ္မာ ကြာချပ်နှင့် တူသော အအိမ်၏ အတွင်း၌ လျှိုဝှက်စွာ တည်ရှိတော်မူ၏။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် ရဲရင့်ခြင်း, တည်ကြည်ခန့်ငြားသော ရုပ်သွင်ရှိခြင်း, အတွင်း အပြင် ရန်စစ်သည် အပေါင်းကို ထောင်းထောင်း ညက်ညက် ဖျက်ဆီးနိုင်ခြင်း- ဤအင်္ဂါများနှင့် ပြည့်စုံကုန်သော ထောင်သောင်းမက များလှကုန်သော တပည့်သား အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်းဟူမူ ... ကွဲကွာနေကြသော မိဘ နှင့် သားသမီး, မောင် နှင့် နှမ, ညီ နှင့် အကို, အမ ညီမ ဦးကြီး ဦးလေး နှင့် တူ တူမ စသည်တို့ကို အချင်းချင်း ပြန်လည် တွေ့ဆုံရအောင် ရှာဖွေပေးခဲ့ခြင်း, ထိုသို့ ကွဲကွာနေသော သူများကို အချင်းချင်း ပြန်လည် မတွေ့ဆုံမီ ကောင်းမွန်စွာ ရေမိုးချိုးစေပြီး ကျွေးမွေးထားခဲ့ခြင်း, ဆွေမျိုး သားချင်း အပေါင်း၏ အပြစ်များကို ဖုံးကွယ်ပေးခဲ့ခြင်း, အချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်ကြ၍ တဦး၏ အပြစ်ကို တဦးက ပြောကြားလာလျှင် ဘက်မလိုက်ဘဲ နှစ်ဦး ကျေနပ်အောင် ဖြေရှင်းပေးခဲ့ခြင်း - ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

**အမှာ။** ။လူပျောက်ကို တွေ့အောင် ရှာဖွေပေးရသော အလုပ်ကား လွယ်ကူသော အလုပ် မဟုတ်ပေ၊ အဋ္ဌကထာ၌ကား (၁၁၇) မင်းဖြစ်သော် သာ ဤကောင်းမှုမျိုးကို ပြုလုပ်နိုင်ကြောင်း ဖွင့်ပြထား၏၊ မြို့တံခါး လေးပေါက်တို့၌ အစောင့်အရှောက်များ ချထားပြီးလျှင် မေးမြန်းစုံစမ်းလာသူကို ကောင်းမွန်စွာ ခေါ်ယူ ကျွေးမွေးထား

၍ အခြား တံခါးပေါက်များက စုံစမ်းလာသူတို့နှင့် တွေ့ဆုံစေကာ ပြန်လည် ပေါင်းဆုံမိကြစေသည် ဟူလို။

---

## ၁၅ - ပရိမဏ္ဍလ လက္ခဏာတော်

အရပ်တော် နှင့် အလံတော် ညီမျှသော ကိုယ်တော်ရှိခြင်း

## ၁၆ - အနောနမ ဇဏ္ဍုပရိမသန လက္ခဏာတော်

ရပ်တော်မူလျက် ရှေ့သို့ မကိုင်းညွတ်ဘဲ လက်တော် ၂-ဘက်ဖြင့် ပုဆစ် ဒူးဝန်း ၂ ဘက်ကို သုံးသပ်တော်မူနိုင်ခြင်း

ဘုရားသျှင်၏ ကိုယ်တော်သည် အရပ်တော် နှင့် အလံတော် အညီအမျှ ရှိတော်မူသောကြောင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းဝိုင်းတော်မူ၏၊ ပညောင်ပင်များသည် အမြင့် နှင့် ဘေး အဝန်း အဝိုင်းသည် တူညီကြသည် သာ များ၏၊ ထို့အတူ ဘုရားသျှင်၏ ကိုယ်တော်သည်လည်း အရပ်တော် ရှိသလောက် အလံတော် ရှိ၏၊ အလံတော် ရှိသလောက် အရပ်တော် ရှိ၏။ ။ အချို့ လူတို့မှာ အရပ် နှင့် အလံ မညီမျှကြပေ၊ အရပ်ရှည်ပြီး အလံတိုသူ၊ အလံရှည်ပြီး အရပ်ပုသူများ ရှိကြလေသည်၊ အရပ် နှင့်အလံ ညီမျှသူကား ရှားပါးလှလေသည်။

ဘုရားသျှင်သည် ရပ်နေတော်မူလျက် ပင် ရှေ့သို့ မကိုင်း မညွတ်ဘဲ ပုဆစ်ဒူးဝန်း ၂-ဘက်ကို လက်တော် ၂-ဘက်ဖြင့် သုံးသပ်တော်မူနိုင်၏၊ ဤစကားရပ်ဖြင့် ဘုရားသျှင်၏ ကိုယ်တော်

သည် ကုန်းကွခြင်း, ပုကွခြင်း မရှိကြောင်း ပြတော်မူ၏၊ ခန္ဓာကိုယ် အထက်ပိုင်း အောက်ပိုင်း ၂-ပိုင်းစလုံး ညီညီမျှမျှ ရှိသောကြောင့် ဤကဲ့သို့ သုံးသပ်တော် မူနိုင်ခြင်း ဖြစ်၏၊ (ကုန်းကွနေသူတို့မှာ ခန္ဓာကိုယ် အထက်ပိုင်း တို့၌ ပုကွသူတို့မှာ အောက်ပိုင်း တိုတတ် လေသည်။)

ဤလက္ခဏာတော် ၂-ပါး၏ တန်ခိုးအာနုဘော်ကြောင့် သဒ္ဓါ, သီလ, ဟိရိ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ – ဟူသော သူတော်ကောင်းဥစ္စာ ၇-ပါးနှင့် ပြည့်စုံတော်မူ၏၊ ၎င်း ၇-ပါးဖြင့် ကြွယ်ဝ ချမ်းသာတော်မူ၏။

ဤလက္ခဏာတော် ၂-ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ .... အယုတ် အလတ် အမြတ် ရွေးချယ်၍ ပုဂ္ဂိုလ်အလိုက် အကြိုက်ကို ဆောင်၍ ပြုလုပ်ပေးခဲ့ခြင်း, သူ့အဆင့်အတန်းနှင့် ညီမျှအောင်-သူ့အလိုကျနှင့် ကိုက်ညီအောင် စီစစ် ဝေဘန် ပညာဉာဏ်ဖြင့် ချိန်ဆ၍ ဆောင်ရွက်ပေးခဲ့ခြင်း, ပုဂ္ဂိုလ်အလိုက် ထိုက်တန်ရာရာကို ရွေးချယ် စီစစ်၍ ပြုလုပ်ပေးခဲ့ခြင်း, အလှူခံပုဂ္ဂိုလ်တို့ နှစ်သက်သော ပစ္စည်းဝတ္ထုကို သာရှာကြံ၍ စွန့်ကြဲ ပေးကမ်း လှူဒါန်းခဲ့ခြင်း- ဤကောင်းမှုကုသိုလ်များကြောင့် ဤလက္ခဏာတော် ၂ ပါးကို ရတော်မူ၏။

**မှတ်ချက်။** ။ သတ္တဝါတို့ သဘော်မှာ သူ၏ လက်ရှိ အဆင့်အတန်းနှင့် ညီမျှအောင် ချီးမြှောက်ခြင်း ပြုကြမှ သာ ကျေနပ်နှစ်သိမ့်တတ်ကြကြောင်း ထိုကဲ့သို့ ညီမျှအောင်

မခြီးမြှောက်လျှင် မကျေနပ် မနှစ်သိမ့် တတ်ကြောင်း သတိပြု၍ ခြီးမြှောက်နိုင်ကြပါစေ။

—

## ၁၇ - သီဟပုဗ္ဗဒ္ဓကာယ လက္ခဏာတော်

ခြင်္သေ့မင်း၏ ရှေ့ထက်ဝက် ကိုယ်သည် ပြည့်ပြည့်ဖြိုးဖြိုး ရှိသကဲ့သို့ ဘုရားသျှင်၏ ကိုယ်တော်သည် အထက် အောက် အားလုံး ပြည့်ပြည့် ဖြိုးဖြိုး ရှိတော်မူခြင်း

## ၁၈ - စိတန္တရံသ လက္ခဏာတော်

ဘုရားသျှင်၏ ကျောက်ကုန်းတော် (ကျောကုန်းတော်) သည် အလည်၌ ခွက်ရာ မထင်ဘဲ တပြင်တည်း ညီညီညာညာ ရှိတော်မူခြင်း

## ၁၉ - သမဝဋ္ဋက္ခန္ဓ လက္ခဏာတော်

ဘုရားသျှင်၏ လည်ပင်းတော်သည် ရွှေမုရိုးစည်ကဲ့သို့ လုံးဝန်းစွာ ရှိတော်မူခြင်း

ဘုရားသျှင်၏ ခန္ဓာကိုယ်တော်၌ ရှိသမျှသော အစိတ်အပိုင်းတို့တွင် ရှည်သင့်သော အစိတ်အပိုင်းများ၌ ရှည်လျားခြင်း, တိုသင့်သော အစိတ်အပိုင်းများ၌ တိုခြင်း, ပိန်သင့်သော အစိတ်အပိုင်းများ၌ ပိန်ခြင်း, ဝသင့်သော အစိတ်အပိုင်းများ၌ ဝခြင်း, လုံးဝန်းသင့်သော အစိတ်အပိုင်းများ၌ လုံးဝန်းခြင်း - စသည်

ဖြင့် အထက် အောက် အလုံးစုံ တင့်တယ်စွာ တည်ရှိတော်မူ၏၊ ဘုရားသျှင်၏ ခန္ဓာကိုယ် ပုံသဏ္ဌာန်တော်နှင့် တူအောင် ဘယ်မျှ တတ်ကြွမ်းသော ပန်းပုဆရာဖြစ်စေ မထုလုပ်နိုင်၊ ဘယ်မျှ တတ်ကြွမ်းသော ပန်းချီဆရာ ဖြစ်စေ မရေးချယ်နိုင်၊ ဘယ်မျှ တန်ခိုးရှိသော ပုဂ္ဂိုလ်ဖြစ်စေ မပန်ဆင်းနိုင်၊ ဤမျှ တင့်တယ် သပ္ပာယ်တော် မူပါပေ၏။

ဘုရားသျှင်၏ ကျောက်ကုန်းတော်သည် ခါးတော်မှ အထက်လည်ဂုတ်တော် အထိ ဤအတွင်း၌ ကောင်းစွာ ထောင်ထားအပ်သော ရွှေအင်းပျဉ် ကဲ့သို့ ညီညီညာညာ ရှိတော်မူ၏၊ ယခု လူတို့ကဲ့သို့ အလည်၌ ခွက်ရာမထင်၊ တပြင်တည်း သာ တည်ရှိတော်မူ၏။

ဘုရားသျှင်၏ လည်ပင်းတော်သည် အချို့ လူတို့ကဲ့သို့ ရှည်လျားခြင်း, ကောက်ကွေ့ခြင်း, ကြီးမားတုတ်ခိုင်ခြင်း မရှိဘဲ ရွှေမှုရိုးစည် ကဲ့သို့ ဖြောင့်စင်း လုံးကျစ် ပြေပြစ်စွာ တည်ရှိတော်မူ၏၊ စကားပြောရာ တရားဟောရာတို့၌ လည်ပင်းကြောများ ထောင်ထလာခြင်း မရှိ၊ အကြောများကို မမြင်ကြရကုန်။

ဤလက္ခဏာတော် ၃-ပါး၏ တန်ခိုး အာနုဘော်ကြောင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ - ဤငါးပြာမှ အခါခပ်သိမ်း ဆုတ်ယုတ်တော်မူခြင်း မရှိ၊ အခြားသော တရားတော် အပေါင်းမှလည်း ဆုတ်ယုတ်တော်မူလေ့ မရှိ၊ အမြဲ ပြည့်စုံတော်မူသည် ချည်းသာတည်း၊ ကိုယ် စိတ် နှစ်ပါးလည်း အမြဲတမ်း ချမ်းသာတော်မူလေသည်။

ဤလက္ခဏာတော် ၃ ပါးကို အဘယ်ကောင်းမှုကြောင့် ရ တော်မူသနည်း ဟူမူ ရှေးရှေးသော အတိတ်ဘဝများက လူအပေါင်းတို့၏ ကောင်းကျိုးစီးပွားကို ရစေရန်၎င်း, ချမ်းသာသုခ ရစေရန်၎င်း, အန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်၎င်း, အားထုတ်ပေးခဲ့ခြင်း သဒ္ဓါ သီလ သုတ စာဂ ကမ္မဿကတာ ပညာ လောကီကောင်းကျိုး စီးပွားများနှင့် အဘယ်သို့ ပြည့်စုံစေရပါအံ့နည်း ဟု ကြောင့်ကျ တောင့်တ၍၎င်း, ဆန်ရေ စပါး လယ်ယာ မိုး မြေ ကျွဲ နွား ဆင် မြင်း သား သမီး အခြွေအရံ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့ အဘယ်သို့ တိုးပွား စည်ပင်စေ ရပါအံ့နည်း ဟု ကြောင့်ကျ တောင့်တ၍၎င်း, ထိုသို့ ကြောင့်ကျ တောင့်တသည်အား လျော်စွာ စွမ်းအားရှိသမျှ ဆောင်ရွက်ပေး ခဲ့ခြင်း - ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော် ၃ - ပါးကို ရတော်မူ၏။

---

## ၂၀ - ရသဂ္ဂသဂ္ဂိတာ လက္ခဏာတော်

### အရသာဟူသမျှကို ကောင်းစွာပို့ဆောင်နိုင်သော ၇၀၀၀- သော အကြောများတို့သည် လည်ပင်းတော်၌ စုဝေးတည်ရှိတော်မူခြင်း

ဘုရားသျှင်၏ ခန္ဓာကိုယ်တော်၌ ၇၀၀၀ - သော အကြော တို့သည် နှမ်းစေ့ခန့်မျှသော အာဟာရကို ပင် လျှာဖျားပေါ်၌ တင်ထားသည်ရှိသော် တကိုယ်လုံး ပြန့်နှံ့အောင် ဆောင်ပို့တော်

မှုနိုင်ကြကုန်၏၊ ဆန်တစေ့ ပဲတစေ့၏ အရသာကိုပင် တကိုယ်လုံး ပြန့်နှံ့အောင် ဆောင်ပို့နိုင်ခြင်းကြောင့် မျှတတော်မူနိုင်၏၊ ပကတိ လူတို့၌ မူကား ထိုသို့ မဆောင်ပို့နိုင်ခြင်းကြောင့် ထိုမျှလောက်သော အာဟာရဖြင့် မမျှတနိုင်ကြကုန်။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် အနာရောဂါ နည်းပါးတော်မူ၏၊ အလွန် ကောင်းမွန်သော နတ်သုဓာ အာဟာရကိုပင် ကြေကျက်အောင် ချက်နိုင်သော ဝမ်းမီး ရှိတော်မူ၏၊ ပူလွန်းခြင်း, အေးလွန်းခြင်း - ဘယ်အခါမျှ မရှိဘဲ အပူအအေး မျှတစွာ နေထိုင်တော်မူရ၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ ရှေးရှေးသော အတိတ်ဘဝများက သတ္တဝါတို့ အပေါ်၌ လက် ခြေ ခဲ ဒုတ် ဓား စသော လက်နက်များဖြင့် ညှင်းဆဲနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

—

## ၂၁ - အဘိနီလနေတ္တ လက္ခဏာတော်

### အလွန် ညိုသော မျက်ဝန်းတော် ရှိခြင်း၊

## ၂၂ - ဂေါပခုမ လက္ခဏာတော်

### နွားညှို့သိမ်မွေ့၍ အလွန် ကြည်လင်သော မျက်တောင်မွေးတော် ရှိခြင်း

ဘုရားသျှင်၏ မျက်နက်ဝန်းတော်သည် အချို့ လူတို့ကဲ့သို့

ဖြူခြင်း, နီကြောင်ကြောင် ရှိခြင်း, ဝါခြင်း, မှဲ့ပြာခြင်း - စသော အပြစ်များ မရှိဘဲ အလွန် ညိုပြီးလျှင် ကြည်လင်လှပေသည်၊ ညိုသင့်သော နေရာ၌ အောင်မဲညိုပွင့် အဆင်းကဲ့သို့ရင်း, ဝါသင့်သော နေရာ၌ မဟာလှေကားပွင့် အဆင်းကဲ့သို့ရင်း, နီသင့်သော နေရာ၌ မိုးစွေပန်း အဆင်းကဲ့သို့ရင်း, ဖြူသင့်သော နေရာ၌ သောက်ရှုးကြယ်ရောင်ကဲ့သို့ရင်း, မည်းနက်သင့်သော နေရာ၌ ပိတုံးရောင် အဆင်းကဲ့သို့ရင်း - ဤ ၅ - မျိုးသော အရောင်တို့ဖြင့် အလွန် တင့်တယ်တော်မူ၏၊ လက္ခဏာ မိုးမှောင် တောတောင် အုပ်ဆိုင်း ညပိုင်းအလယ် လေးသွယ် အမိုက် ဤအခိုက် အတွင်းမှာ ပင် ပကတိ မျက်စိတော်ဖြင့် တယူဇနာတိုင်တိုင် မြင်စွမ်းနိုင်တော်မူ၏၊ (ဒိဗ္ဗစက္ခုအဘိညာဉ် အစွမ်း မဟုတ်။)

ဘုရားသျှင်၏ မျက်တောင်မွေးတော်များသည် လောလောဆယ် မွေးဖွားသော နွားငယ်၏ မျက်တောင်မွေးကဲ့သို့ အလွန် နူးညံ့ သိမ်မွေ့တော်မူ၏၊ မျက်လုံးတော် တခုလုံးသည်လည်း ပြူးကျယ်ခြင်း, တဖက်ကျဉ်း တဖက်ကျယ် ဖြစ်ခြင်း, ခွက်ဝင်ခြင်း, ပြူးထွက်ခြင်း, စွေခြင်း, စောင်းခြင်း, သေးသိမ်ခြင်း - စသော အပြစ်များ မရှိဘဲ လှပတင့်တယ် ရှုချင်စဖွယ် ရှိတော်မူ၏။

ဤလက္ခဏာတော် ၂ - ပါး၏ တန်ခိုးအာနုဘော်ကြောင့် လူ ရှင် ရဟန်း နတ် ဗြဟ္မာ အသုရာ ဂဠုန် နဂါး ဂန္ဓဗ္ဗနတ် - စသော သတ္တဝါ အားလုံးတို့က ချစ်ခင် နှစ်သက် စုံမက် မြတ်နိုး သဒ္ဓါဖြိုးသော စိတ်ဓာတ်ဖြင့် ဝိုင်းအုံ ကြည့်ရှု ဖူးမျှော်ခြင်းကို ခံတော်မူရ၏။

ဤလက္ခဏာတော် ၂-ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ.... ရှေးရှေးသော အတိတ်ဘဝများက သတ္တဝါများ အပေါ်၌ ဒေါသ ကောဓ ဒေါမနဿ ဣဿာ-စသော ယုတ်မာသော စိတ်ထားဖြင့် မကြည့်မရှုခဲ့ဘဲ စိတ်ထား ကြည်လင် ရွှင်လန်းသော စိတ်ထားဖြင့် ကြည့်ရှုခဲ့ခြင်း, (စူး စူးဝါးဝါး ကြည့်ရှုခြင်း, မျက်စောင်းထိုးခြင်း, မျက်မှောင်ကုတ် ခြင်း, မျက်နှာ လွှဲသွားခြင်း-စသော အမှုများကို မပြုခဲ့ ဟူလို) ကိုယ်နှင့် ထပ်တူ ကြည်ဖြူစွာ ကြည့်ရှုခဲ့သော ဤကောင်းမှု ကြောင့် ဤလက္ခဏာတော် ၂-ပါးကို ရတော်မူ၏။

—

## ၂၃- ဥဏှီသသီသ လက္ခဏာတော်

### နဖူးတော်၌ သင်းကျစ်ပြား ပါရှိတော်မူခြင်း

ဘုရားသျှင်၏ နဖူးတော်၌ လကျာ နားပန်စွန်းမှ လက်ဝဲ နားပန်စွန်းတော် အထိ ဤအတွင်း၌ သီးခြား အသားစိုင် ဖြစ် ပေါ်လာပြီးလျှင် ထိုအသားစိုင်ဖြင့် အထက် နဖူးစွန်းကို ရွှေ ပြားဖြင့် ကုပ်ထားသကဲ့သို့ ရှိတော်မူ၏၊ ယခုကာလ လူတို့က နဖူးသင်းကျစ်တော် ဟု ခေါ်ကြ၏၊ စကြာဝတေးမင်းလောင်း, ပစ္ဆိမဘဝိက ဘုရားလောင်းတို့၌ ပါလာသော ထိုနဖူး သင်း ကျစ်တော်ကို နမူနာ ယူ၍ မင်းများ၏ မကိုဋ်အောက်စွန်း၌ ရှင်းနဖူး သင်းကျစ်ပုံကို ထည့်လုပ်ထားကြခြင်း ဖြစ်လေသည်။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် ဘုရားသျှင်နောက်တော်သို့ စိုက်စိုက်

မကွာ လိုက်ပါကုန်ကြပြီးလျှင် ဟောဖော် ညွှန်ကြား တရား ဒေသနာတော် အတိုင်း လိုက်နာ ကျင့်ကြံကြကုန်၏။

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူ သနည်း ဟူမူ....ရှေးရှေးသော အတိတ်ဘဝများက လူအပေါင်း တို့၏ ရှေ့သွားခေါင်းဆောင် ပြုလုပ်ပြီးလျှင် သုစရိုက် တရား တို့၌၎င်း, ဒါန သီလ စသော ကောင်းမှု လုပ်ငန်းများ၌၎င်း, မိဘ နှင့် သားသမီး- တပည့် နှင့် ဆရာ- ညီ နှင့် အစ်ကို- မောင် နှင့် နှမ- လင် နှင့် မယား- မိတ်ဆွေ- ရသေ့- ရဟန်း စသည်တို့ အချင်းချင်း အပြန်အလှန် ပြုသင့် ပြုထိုက်သော ဝတ္တရားများ၌ ၎င်း, အသက်ကြီးသူ ဂုဏ်ကြီးသူတို့၌ ပြုသင့် ပြုထိုက်သော ဝတ္တရားများ၌၎င်း, ကုသိုလ် အဓိကုသိုလ်တရားများ၌၎င်း နည်း ပေးညွှန်ပြ ရှေ့မှုမတ်မတ် ရည်တည်ခဲ့သော ကောင်းမှုကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

---

## ၂၄- ဧကေကလောမတာ လက္ခဏာတော်

### တခုတခုသော မွေးတွင်း၊တော်၌ တချောင်းတချောင်း စီ သာ ပေါက်ရောက်တော်မူခြင်း

## ၂၅ - ဥဏ္ဏာလောမ လက္ခဏာတော်

### မျက်မှောင် နှစ်ခုတို့၏ အလယ် နှာတန်ရိုး တည့်တည့်၌ လက်ျာရစ်ခွေ တည်နေသော ဥဏ္ဏာလုံမွေရှင်တော် ရှိခြင်း

လူတို့ ကိုယ်၌ မွေးတွင်းပေါက် တခုတွင် မွေးညင်းပင်များ

များစွာ စုပြုံလျက် ပေါက်တတ် ကြလေသည်၊ ဘုရားသျှင်၏ ခန္ဓာကိုယ်တော်၌ကား မွေးတွင်းပေါက် တခုတခုတွင် မွေးညှင်း တပင်စီ တပင်စီ သာ ပေါက်တော် မူလေသည်။

မျက်မှောင်တော် ၂-ဖက် အလည် နှာခေါင်း အထက် တည့် တည့်၌ ခရုသင်းသဖွယ် လက်ျာရစ်ခွေ တည်နေသော ဥဏ္ဏာလုံ မွေရှင်တော်သည် သောက်ရှူးကြယ် ကဲ့သို့ ဖြူဖွေးသော အ ရောင် ရှိတော်မူ၏၊ အောက်ပိုင်းတွင် အခွေရစ် ကြီး၍ အထက်သို့ သေးသွယ်သွားကာ နဖူးတော် ထိအောင် တည်ရှိ၏၊ ငွေနန်းမြှင် သဖွယ် ရှိ၏၊ အရင်း အဖျားမှ ကိုင်၍ ဆွဲဆန့်လျှင် ၂-တောင် ခန့် ရှည်လျား၏၊ ပြန်လွှတ်လိုက်လျှင် မူလအတိုင်း လက်ျာရစ် ခွေ တည်နေပြန်လေသည်၊ ရွှေအင်းပျဉ်အလယ် တင်ထား အပ် သော ငွေပုက် ငွေမြှုတ်ကဲ့သို့ရင်း, ရွှေအိုးမှ ထွက်သော နို့ ရည် အယဉ်ကဲ့သို့ရင်း, ကောင်းကင်ပြင်၌ သောက်ရှူးကြယ်ရောင် ကဲ့ သို့ရင်း, အလွန် နှစ်လိုဘွယ်ရာ ကြက်သရေတော်ဖြင့် တည်ရှိ တော်မူ၏။

ဤဥဏ္ဏာလုံ မွေရှင်တော် လက္ခဏာကား စကြာဝတေး မင်း လောင်း, ပစ္စိမဘဝိက ဘုရားလောင်း ဤ ၂-ဦးတို့၌ သာ ရှိ ကောင်းသည်၊ အခြား အဘယ်ပုဂ္ဂိုလ်၌မျှ မရှိစကောင်းပေ။

ဤလက္ခဏာတော် ၂-ပါး၏ တန်ခိုး အာနုဘော်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဘုရားသျှင် အလိုတော် နှင့် ကိုက်ညီအောင် ပြောဆို နေထိုင် ကျင့်ကြံကြကုန်၏၊ (ဘုရား သျှင် အလိုသို့ လိုက်ပါကြကုန်၏ ဟူလို။)

ဤလက္ခဏာတော် ၂-ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ .... ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်၍ မှန်ကန်သောစကား, ယုံကြည်ကိုးစားထိုက်သော စကား, ကျိုးရှိဟုတ်မှန် သူတပါး နာခံလိုသော စကားကို သာ ပြောကြားခဲ့သော ကောင်းမှုကြောင့် ဤလက္ခဏာတော် ၂-ပါးကို ရတော်မူ၏။

---

## ၂၆ - စတ္တာလီသဒန္တ လက္ခဏာတော်

### သွားတော် - ၄၀ ပြည့်ပြည့်ဝဝ ရှိတော် မူခြင်း

## ၂၇ - အဝိရဠဒန္တ လက္ခဏာတော်

### သွားတော်များမှာ အကြားမထင်ဘဲ စိပ်စိပ် ရှိတော်မူခြင်း

ပကတိ လူတို့၌ သွား အပြည့်အစုံရှိသော သူတို့မှာ အထက် ၁၆-ချောင်း, အောက် ၁၆-ချောင်း-ပေါင်း ၃၂-ချောင်းသာ ရှိကြကုန်၏၊ ဘုရားသျှင်၌ကား အထက် သွားတော် အချောင်း ၂၀, အောက်သွားတော် အချောင်း ၂၀ - ပေါင် သွားတော် - ၄၀ တိတိ ရှိတော်မူလေသည်။

အချို့ လူတို့၏ သွားများမှာ အကြီး အသေး မညီ မမျှ ရှိတတ်ကြကုန်ပြီးလျှင် သွားများ တချောင်း နှင့် တချောင်း ကျဲ၍ နေသောကြောင့် စားသမျှသော ငါး အမဲ စသည် တို့သည် ၎င်းသွားကြားများ၌ တိုးဝင် ကပ်ငြိ နေတတ်ကြကုန်၏၊ ဘုရား

သျှင်၏ သွားတော်များကား အကြီးအသေး မရှိ၊ အားလုံး တညီ တည်း သာ ရှိတော်မူကြကုန်၏၊ အကြားလည်း မထင်၊ ပိတ် ပိတ် သဲသဲ ရှိကြပြီးလျှင် အရောင်မှာလည်း ဖြူဖွေး တောက် ပြောင် စိန်သားရောင် ရှိတော်မူကြကုန်၏၊ ရွှေနှယ်ဖြင့် သီကုံး ထားအပ်သော ဝဇိရစိန် အစဉ်အတန်း ကဲ့သို့ ဖြစ်ကြကုန်၏။

ဤလက္ခဏာတော် ၂-ပါး၏ တန်ခိုး အာနုဘော်ကြောင့် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာတို့မျှ ဘုရားရှင်၏ ပရိသတ်များ ကို ပြိုကွဲ ပျက်စီးသွားအောင် မဖျက်ဆီး နိုင်ကြကုန်။

ဤလက္ခဏာတော် ၂-ပါးကို အဘယ်ကောင်းမှုကြောင့် ရ တော်မူသနည်းဟူမူ .... ဂုံးတိုက်စကား ရန်တိုက် စကားများ (ပိသုဏာဝါစာ) ကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ခဲ့ခြင်း, သူ တပါးတို့ အချင်းချင်း ချစ်မေတ္တာ ပြယ်စေတတ်သော စကား များကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်း, မညီမညွတ် မသင့် မမျှ ဖြစ်နေသော သူများကို ညီညွတ်သွားအောင် သင့်မျှသွား အောင် ပြောဆိုပေးခဲ့ခြင်း, ညီညွတ် သင့်မျှနေသော သူများ ကို ပိုမို ခိုင်မြဲအောင် ပိုမို စည်းလုံးအောင် ပိုမို ချစ်ခင်အောင် ပြောဆိုပေးခဲ့ခြင်း, အစဉ်သဖြင့် ညီညွတ်ရေး စကားကို သာ ပြောဆိုပေးခဲ့ခြင်း- ဤကောင်းမှု ကုသိုလ်များကြောင့် ဤ လက္ခဏာတော် ၂-ပါးကို ရတော်မူ၏။

## ၂၈ - ပဟူတဇိဝှာ လက္ခဏာတော်

### ရှည်လျား နူးညံ့ ကျယ်ပြန့်သော လျှာတော် ရှိခြင်း

## ၂၉ - ဗြဟ္မဿရ လက္ခဏာတော်

### ဗြဟ္မာမင်း၏အသံကဲ့သို့သော အသံတော် ရှိခြင်း

ဘုရားသျှင်၏ လျှာတော်သည် နူးညံ့၏၊ ရှည်လျား၏၊ ကျယ်ပြန့်၏၊ လက္ခဏာတော်များကို လာ၍ စုံစမ်း ကြသော ဗြဟ္မာယုပုဏ္ဏား စသည်တို့၏ ယုံမှားသင်္ကာကို ပျောက်စေခြင်း ငှာ အဝတ်ချုပ်အပ် ပမာဏမျှ သေးငယ်စွာသော လျှာတော် ဖြင့် နှာခေါင်းတွင် နားတွင်းသို့ သွင်းပြတော်မူ၏၊ ရှည်လျား သည့် အဖြစ်ကို သိစေခြင်းငှာ နားတော် ၂ ဘက်ကို လျှာဖြင့် သုံးသပ်ပြတော်မူ၏၊ ကျယ်ပြန့်သည့် အဖြစ်ကို သိစေခြင်းငှာ ဆံတော်စ အဆုံး နဖူးပြင် တခုလုံးကို လျှာဖြင့် ဖုံးပြတော် မူ၏။

ဗြဟ္မာမင်း၏ အသံသည် သည်းခြေ သလိပ်တို့ မနှောက်ယှက် သည့် အဖြစ်ကြောင့် ပြိုပြိုသသဖြင့် သာယာနာပျော်ဘွယ် ရှိ သကဲ့သို့ ဘုရားသျှင်၏ အသံတော် သည်လည်း ပြိုပြို သသဖြင့် သာယာနာပျော်ဘွယ် ရှိတော်မူ၏၊ အသံတော်သည် အင်္ဂါ ၈ - ပါးနှင့် ပြည့်စုံတော်မူ၏၊ အင်္ဂါ ၈ - ပါးကား....

၁ - သန့်ရှင်း စင်ကြယ်ခြင်း။

၂ - သိလွယ်ခြင်း။

၃ - သာယာခြင်း။

၄ - နာချင်စဖွယ် ရှိခြင်း။

၅ - တလုံးတစည်းတည်း ရှိခြင်း။

၆ - ပရိသတ် အပြင်ဘက်သို့ ပြန့်မထွက်ခြင်း။

၇ - သိမ်မွေ့နက်နဲခြင်း။

၈ - ပဲ့တင်ထပ်ခြင်း။

ဤလက္ခဏာတော် ၂-ပါး၏ တန်ခိုးအာနုဘော်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့သည် ဘုရားသျှင်၏ စကားတော်များကို အကြွင်းမဲ့ ယုံကြည်၍ နာယူမှတ်သား လေးစားလိုက်နာ စွဲမြဲစွာ လက်ခံကြကုန်၏။

ဤလက္ခဏာတော် ၂ - ပါးကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ ကြမ်းထမ်းယုတ်မာ သူတပါး နားမချမ်းသာစေတတ်သော ဖရုသဝါစာမှ ရှောင်ကြဉ်ခဲ့ခြင်း, အပြစ်မရှိ သူတပါးတို့ နားတွင်လည်း ကြားရလျှင် ကြည်သာရွှင်ပြုံး စိတ်နှလုံးကို ပွားစေတတ်သော စကားကို သာ ပြောဆိုခဲ့ခြင်း, ကြားရသူတို့ စိတ်အစဉ်တွင် ကြည်လင်အေးမြ တသသ စွဲငြိစေသော စကားကို သာ ပြောဆိုခဲ့ခြင်း, အရွယ်ကို လိုက်၍ အမိ အဖ အကို အမ ညီလေး ညီမလေး ဦးကြီး ဦးလေး ကြီးတော် အဒေါ် စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုခဲ့ခြင်း - ဤကောင်းမှုကုသိုလ်များကြောင့် ဤလက္ခဏာတော် ၂-ပါးကို ရတော်မူ၏။

## ၃၀ - သီဟဟနု လက္ခဏာတော်

### ခြင်္သေ့မင်း၏ အောက်မေးဖျားနှင့် အတူ ပြည့်ဖြိုးသော မေးတော်ရှိခြင်း

ဘုရားသျှင်၏ မေးတော်သည် အချို့ လူတို့ကဲ့သို့ အတွင်းသို့ ငင်ခြင်း, ကောက်ခြင်း, ချိုင့်ဝှမ်းထင်ခြင်း စသော အပြစ်များ မရှိဘဲ အထက် အောက် ၂-ပါးစုံ ပြည့်ပြည့်ဖြိုးဖြိုး ရှိတော်မူ၏၊ ခြင်္သေ့မင် ၏ အောက်မေးဖျားသည် ပြည့်ပြည့်ဖြိုးဖြိုး ရှိသကဲ့သို့ ဘုရားသျှင်၏ မေးတော်သည်လည်း အထက်နှင့် အောက် ၂-ပါး စုံ ပြည့်ပြည့်ဖြိုးဖြိုး ရှိတော်မူ၏၊ လဆန်း ၁၂-ရက်နေ့ည ထွက်သော လမင်းကဲ့သို့ ပြုံးတော့မည့်ပုံ အလုံးစုံ ပြည့်ဖြိုးသော မေးတော် ရှိတော်မူ၏။

ဤလက္ခဏာတော်၏ တန်ခိုးအာနုဘော်ကြောင့် အတွင်းရန်သူ အပြင်ရန်သူ ဘယ်ရန်သူကမျှ ဂုဏ်တော် အပေါင်းမှငင်း, တည်နေရာဌာနမှငင်း, ရွေ့လျော့သွားအောင် ပျက်စီးသွားအောင် မတည်နေနိုင်အောင် မပြုလုပ်နိုင်ကြကုန်၊ မဖျက်ဆီးနိုင်ကြကုန်၊ (အတွင်းရန်သူကား လောဘ ဒေါသ မောဟ စသည်တို့တည်း၊ အလောင်းတော်ဘဝ၌ သာ ၎င်းရန်သူများရှိကြ၏၊ အပြင်ရန်သူကား မိစ္ဆာဒိဋ္ဌိ ဖြစ်ကြသော လူ နတ် ဗြဟ္မာ စသည်တို့တည်း။)

ဤလက္ခဏာတော်ကို အဘယ်ကောင်းမှုကြောင့် ရတော်မူသနည်း ဟူမူ ရှေးရှေးသော အတိတ်ဘဝများက အကျိုး မရှိ

အချည်းနှီးသော စကား ဟူသော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခဲ့ခြင်း, ဟုတ်မှန်သော စကား, အကျိုးရှိသော စကား, အကြောင်းတရားမှန်ကို ဖော်ထုတ်သော စကား, ဆုံးမခြင်းနှင့် စပ်ယှဉ်သော စကား, စိတ်နှလုံး၌ အမြဲ သိမ်းထားထိုက်သော စကားများကို သာ ပြောဆိုခဲ့ခြင်း - ဤကောင်းမှု ကုသိုလ်များကြောင့် ဤလက္ခဏာတော်ကို ရတော်မူ၏။

---

## ၃၁ - သမဒန္တ လက္ခဏာတော်

### လွှဖြင့် ဖြတ်ထား သကဲ့သို့ ညီညာသော သွားတော်များ ရှိခြင်း

## ၃၂ - သုသုက္ကဒါဠ လက္ခဏာတော်

### ဖြူဖွေး တောက်ပြောင် စိန်သားရောင် ကဲ့သို့သော စွယ်တော်များ ရှိခြင်း

အချို့ လူတို့၏ သွားများမှာ နိမ့်ခြင်း, မြင့်ခြင်း စသည်ဖြင့် မညီမညာ ရှိတတ်ကြကုန်၏၊ ဘုရားသျှင်၏ သွားတော်များကား လွှဖြင့် ဖြတ်ထားသကဲ့သို့ ညီညီညာညာ ရှိတော်မူကြကုန်၏၊ (နိမ့်ခြင်း မြင့်ခြင်း မရှိပေ။)

အချို့ လူတို့၏ အစွယ် ၄ ချောင်းသည် အဆင်းအားဖြင့် မည်းနက်ခြင်း, ကြောင်ကြောင်ကျားကျား ရှိခြင်း, ဝါခြင်း, ပုတ်ခြင်း, ပဲ့ခြင်း စသည့် အပြစ်များ ရှိတတ်ကြကုန်၏၊ ဘုရား

သျှင်၏ စွယ်တော် ၄ - ချောင်းကား သောက်ရှုး ကြယ်ရောင် ကဲ့သို့ ဖြူဖွေးတောက်ပြောင်လျက် ရှိတော်မူကြ၏၊ ပုတ်ခြင်း, ပဲ့ခြင်း စသော အပြစ်များလည်း မရှိကြကုန်။

**မှတ်ချက်။** ။ဘုရားသျှင်၏ သွားတော်များကား စွယ်တော် ၄ ချောင်း အပါအဝင် အားလုံး ၄၀- တိတိ ရှိတော်မူ၏၊ စွယ်တော် ၄ ချောင်း, အခြားသွားတော် ၃၆- ချောင်း ၂ - ရပ်ပေါင်း ၄၀ - တိတိ သာ ရှိ၏၊ သွားတော်- ၄၀, စွယ်တော် ၄- ဆူ ဟူသော စကားမှာ ကျမ်းဂန်၌ လာသော စကား မဟုတ်ပေ၊ ဤအလိုသော် ၄၄ ချောင်း ဖြစ်နေပေလိမ့်မည်၊ ၄၀ တိတိ သာ ရှိကြောင်း မှတ်သားကြရမည်။

ဤလက္ခဏာတော် ၂ - ပါး၏ တန်ခိုး အာနုဘော်ကြောင့် ဘုရားသျှင် အထံတော်၌ ဆည်းကပ် ခစား ခြံရံနေကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့သည် ကိုယ် နှုတ် နှလုံး သုံးပါးလုံး သန့်ရှင်းစင်ကြယ်ကြကုန်၏။

ဤလက္ခဏာတော် ၂ - ပါးကို အဘယ်ကောင်းမှုကြောင်း ရတော်မူသနည်း ဟူမူ တရားတော်နှင့် မညီသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခဲ့၍ တရားတော်နှင့် အညီ သာ အသက်မွေးခြင်း အမှု ပြုခဲ့ခြင်း, ( ၀၁ ) မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာ အာဇီဝဖြင့် သာ အသက်မွေးခဲ့ခြင်း, (မမှန်ကန်သော ချိန်ခွင် အလေး တင်း ဘောင်း ရွှေဘု ငွေတု အတိုင်းအတာ မမှန်ကန်

မှု စသော ခိုးခြင်း ၂၅ ပါးတို့တွင် တပါးပါးဖြင့် အသက်မွေး ခြင်း ) အသက်မွေးကြောင်း အဖြစ်ဖြင့် ကာယ ဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါး - ပေါင်း ၇ - ပါးတွင် တပါးပါးဖြင့် အသက်မွေးခြင်း - ဤအားလုံးသည် မိစ္ဆာဇီဝ မည်၏၊ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝဖြင့် သာ အသက်မွေးခဲ့သော ကောင်းမှု ကုသိုလ်ကြောင့် ဤလက္ခဏာတော် ၂ - ပါးကို ရတော်မူ၏။

—

## ၁၀၈ - ကွက် စက်လက္ခဏာ ဘုရားရှိခိုး လင်္ကာ

ထိုတရာ့ရှစ်ကွက် စက်လက္ခဏာ စက်တော်ရာ ဘုရားရှိခိုး လင်္ကာကို **တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး** ရေးသားတော်မူသည့် ဂုဏ္ဌတ္ထဒီပနီကျမ်း-ပဌမတွဲ၌ သေချာစွာ စီစစ်ပြီးလျှင် ဤဆိုလတ္တံ့သော အတိုင်း ထုတ်ဆို ရေးသားထား တော်မူခဲ့သည်။

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ် ကျစ်လစ်၊ တရာ့ရှစ်ကို၊ စီစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်၊ ။ ။ချီလေ အစ၊ (၁- ၂)လှံမအိမ်မွန်၊ ( ၃ ) သုံးတန်ပွင့်ချပ်၊ ဇလပ်ပျံ့မွှေး၊ (၄) လည်ရေး သုံးဆင့်၊ (၅)လှတင့် ထွန်းတောက်၊ ဦးဆောက်ပန်းက၊ ( ၆ ) ဖြူဆွရောင်မောင်း၊ ဦးဘောင်း မကွဲ၊ စားပွဲ တည်ခင်း၊ ( ၇ ) အင်

ပျဉ်ဝန်းနှင့်၊ (၈-၉) ချုန်းတောင်းပြာသာဒ်၊ (၁၀) အဒ- ထွတ် မြင့်ခိုင်၊ တံခါးတိုင်က၊ (၁၁-၁၂) ဖြူဆွပြိုးပြက်၊ ထီး သံလျက်နှင့်၊ (၁၃) ထန်းရွက် ယပ်ဝန်း၊ (၁၄) ရွှန်း ရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျပ် ရွှေပြား၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) စား ခွက်ရောင်ပြေး၊ (၁၈) မုလေး ပန်းဆိုင်း၊ (၁၉-၂၃) တန့်နိုင်း မရ၊ ပွင့်လှ အပြား၊ ငါးပါး ကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့် (၂၅) ပြည့်ဖြိုး ဖလား၊ (၂၆) ရေငြား သမုဒ္ဒရာ၊ (၂၇) စကြာဝဠာ တောင်မှန်၊ (၂၈) ဟိမ- ဝန်တောချောင်၊ (၂၉) မြင့်မိုရ်တောင်နှင့်၊ (၃၀-၃၁)၊ ထွန်းပြောင် နေ-လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပ လေးသွယ်၊ ကျွန်းငယ် ရံဆောင်၊ (၃၇) ဘုန်းခေါင် စကြာမင်း၊ (၃၈) ခရုသင်း ဖြူနစ်၊ ဗွေရစ် လကျာ၊ (၃၉) ရွှေဝါအဆင်း၊ ငါးမင်းစုံလျက်၊ (၄၀) လက်နက် စက်က၊ (၄၁-၄၇) ရေတွက် သချာ၊ ဂင်္ဂါ ခုနစ်တန်၊ (၄၈-၅၄) တောင်ရံ ခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံး ခုနစ်ကွက်၊ (၆၂) ငှက် ဂဠုံမင်း၊ (၆၃) မြစ်တွင်း ကိန်း အောင်း၊ မိကျောင်း ရေသား၊ (၆၄) တံခွန်လျှားနှင့်၊ (၆၅) ကုက္ကား တံခွန်၊ (၆၆) မင်းတန် သံလျင်း (၆၇) အဆင်း ရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေ တောင် ကေလာသ၊ (၆၉-၇၀) သီဟ ဗျဂ္ဃာ၊ (၇၁) ဝလာဟာမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထာ ယာဉ်မွန်၊ ဆဒ္ဒန်တူပြို၊ (၇၃) ဗာသုကီမည်ရင်း၊ နဂါး

မင်းနှင့်၊ (၇၄) ဟသ်ာရွှေလား၊ (၇၅) နွားဥသဘမှန်၊ (၇၆) ရောဝဏ်တခဏ်း၊ (၇၇) ရွှေမကာရ်းတထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ပြဟ္မာထွတ်ဖြား၊ (၈၀) သားနှင့်တကွ၊ နွားမနို့သုစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာဖိုမ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိတ် တွန်ညောင်း၊ (၈၃-၈၄) ဥဒေါင်း ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊ (၈၆) ခုံလျက်ဇီဝဇိုဝ်း၊ (၈၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၈) ပြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊ စကြာခြေမွှန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြား ပြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတူရခြိမ့်၊ အသမ-သမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သန္တာ အကွပ်၊ ထိန်လျှပ် ပုံတောင်း၊ ညှိမောင်းကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်။ ။အကျိုးကောင်းမွန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေသောဝ်။

---

## လက္ခဏာတော်ကြီး ၃၂-ပါး ဘုရားရှိခိုး လင်္ကာ

မန္တလေးမြို့ တောင်ပြင် ဘုံကျော်ကျောင်းတိုက် ဒေါင်းကျောင်း၌ သီဘင်းသုံးကာ စာချသဘင် ပွဲကြီးယင်တော်မူခဲ့သည့် (ယခုအခါ ကွယ်လွန်ပြီး ဖြစ်သော) ဆရာတော် ဦးဃောသိတ

ရေသားဖွဲ့ဆိုတော်မူခဲ့သည့် **'လက္ခဏာတော်ကြီး ၃၂ - ပါး ဘုရားရှိခိုးလင်္ကာ'** မှ ဆိုင်ရာ စာပိုဒ်တို့ကို အဆုံးသပ် ထည့်စွက်၍ အရကျက်ပြီး ဘုရားကို ကြည်ညိုနိုင်ကြရန် ဖော်ပြ ရေးသား သွားပေအံ့။

၁ - ဘဝထိုထို၊ ရှေးအဟိုဝယ်၊ ကုသိုလ် ပွားလူး၊ တရားထူး၌၊ စူးစိုက်မြဲလျက်၊ ဆောက်တည်ချက်ကို၊ တားဖျက်မနိုင်၊ ကြံ့ခိုင်ခဲ့ခြင်း၊ ကောင်းမှုရင်းကြောင့်၊ ရွှေခြေနင်းဟန်၊ နင်းပြန် အတူ၊ ကြွမူ မခြား၊ ဖဝါးတော်ညီညာ၊ လက္ခဏာတော်၊ အာနုဘော်ဖြင့်၊ ကျူးကျော်ဝန့်စား၊ လှုပ်ချောက်ချားအောင်၊ စွမ်းအား ရှိမူ၊ ဘယ်ရန်သူမျှ၊ မပြုဝန့်သော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၂ - သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရှယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာ ခြံရံ၊ လှူဒါန်းကြောင့်၊ ဝန်းရံပတ်လျက်၊ ရာ့ရှစ်ကွက်ဖြင့်၊ မြချက် ပုံတောင်း၊ အကွပ်ဆောင်း၍၊ ထောင်ပေါင်းအကန့်၊ ရှင်းသန့် ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော် ရတနာ၊ လက္ခဏာဖြင့်၊ မကွာ ခစား၊ ထံတော်ပါးဝယ်၊ များသော အခြံအရံ ရှိတော်မူသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၃-၄-၅ - ခြပုန်း ပိုးရွ၊ စသည် မကြွင်း၊ သတ်ဖြတ်ခြင်းကို၊ အလျင်းမပြု၊ ဤကောင်းမှုကြောင့်၊ဖနောင့် လက်ချောင်း၊

ခြေချောင်းသွယ်ရှည်၊ ဖြောင့်သည် ကိုယ်မှာ၊ လက္ခဏာ ဖြင့်၊ မေတ္တာမပွား၊ တဖက်သားတို့၊ တုတ် ခါး ဆောင်ယူ၊ သတ်လိုမှုလည်း၊ ဘယ်သူ မစွမ်း၊ ဘေး ဘျမ်းမရှိ၊ ပကတိအသက် ရှည်တော်မူသော မြတ်စွာ ဘုရား....မြတ်စွာဘုရား။

၆ - ချိုမြိန် ကောင်းမြတ်၊ ရသာခတ်ကို၊ ဆက်ကပ် ပူ ဇော်၊ လှူဘူးသော်ကြောင့်၊ ခြေတော် ဖမိုး၊ လက် ဖမိုးတော်၊ ပခုံးတော် နှင့်၊ ကုပ် (ဂုတ်) တော် ခုနစ် ချက်၊ စို့လျက် ဖြိုးဖြိုး၊ ညှပ်ရိုး ပခုံး၊ လက်ရုံးရင်တော်၊ ခုနစ်ဖော်လည်း၊ ရှုမြော် မညီး၊ ဆူဖြိုး တင့်စွာ၊ လက္ခ ဏာဖြင့်၊ အရသာခတ်၊ ထူးအမြတ်ကို၊ မပြတ် သုံး ဆောင်တော် မူရပါသော မြတ်စွာဘုရား.... မြတ်စွာ ဘုရား။

၇-၈ - ချစ်ဖွယ် စကား၊ ပေးကမ်းငြား၍၊ စီးပွား ဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊ လေးဆင့် သင်္ဂြိုဟ်၊ သူ့ကိုယ် ထောက် ထား၊ ကောင်းမှုအားကြောင့်၊ လက်ဖဝါး နှင့်၊ ခြေ ဖဝါးပါ၊ နူးညံ့စွာ၏၊ ရှစ်ဖြာ လက်ချောင်း၊ ဆယ် ချောင်း ခြေတော်၊ ညီမျှသော်ကြောင့်၊ မုယော်တွင် လစ်၊ အတွင်းဆစ်၌၊ ရေးရစ်ဖြောင့်လေ့၊ စပါးစေ့ များ၊ ပွတ်တံခါးသို့၊ ဖြောင့်သား ညီညာ၊ လက္ခဏာ ဖြင့်၊ ကောင်းစွာ သိမ်းဆည်း၊ လုံးစည်း ပေါင်းစု၊

လက်တွင်းပြုအပ်၊ ပရိသတ် သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၉-၁၀• ကြောင်းကျိုး ဖော်ပြ၊ မြတ်ဓမ္မကို၊ မိန့်ဟ ဟောကျူး။ ပြုခဲ့ဘူး၍၊ မြင့်စူး ဖမျက်၊ ရွှေမျက်ခွက်ကို၊ မော့လျက် ဖူးဟန်၊ မွေးညှင်းပံ့သည့်၊ နှစ်တန် ခြင်းရာ၊ လက္ခဏာ ဖြင့်၊ သတ္တဝါ အလုံး၊ လူတဖြုံးကို၊ လွှမ်းဖုံး ပိုမောက်၊ အခေါင်ရောက်သဖြင့်၊ ပါမောက်ဘဆူ၊ဖြစ်တော်မူပါ သော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၁၁ - နှုတ်မှုပညာ၊ လက်ပညာကို၊ ကောင်းစွာ ပို့ချ၊ သင်ခဲ့ ပြ၍၊ တောဝမြိုင်ဖျား၊ ဏေသား သို့၊ စပါး ဖုံးဟန်၊ လုံးလျား တင့်တယ်၊ သလုံး တော်ချယ်သဖြင့်၊ သုံးဖွယ် သုံးရာ၊ အဖြာဖြာကို၊ မြန်စွာ ခဏ၊ ရတော်မူပါသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၁၂ - ရဟန်း ပုဏ္ဏား၊ သူမြတ်များသို့၊ ခစား ဆည်းကပ်၊ သို့ ပြုအပ်မည်၊ မအပ် မည်ကို၊ စိတ်ကြည် ညွတ်နူး၊ မေးခဲ့ ဘူး၍၊ နူးညံ့ အရေ၊ ပိန်းကြာ ရွှေတွင်၊ ရေမတင်သို့၊ မြူလျှင် ကင်းဝေး၊ ညစ်ကြေး မလိမ်း၊ ခပ်သိမ်း သတ္တ ဝါ၊ လောကဓာဝယ်၊ ပညာ သာသူ၊ တုသူ ကင်းပြီး၊ ပညာရှိကြီးတဆူ၊ဖြစ်တော်မူပါသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၁၃ - ချီးဖွဲ့ နှိပ်စက်၊ ဆိုတုံ့လျက်လည်း၊ အမျက် မလို၊ စိတ် မတိုခဲ့၊ ကြည်ညို ချမ်းမြေ့၊ ချောမွေ့ နုံမွတ်၊ အဝတ်

အရုံ၊ အခြုံ အခင်း၊ လှူခဲ့ခြင်းကြောင့်၊ အဆင်း အရေ၊ ဇမ္ဗူရွှေသို့၊ လျှံဝေ ဝင်းဝါ၊ လက္ခဏာဖြင့်၊ ဖဲဝါ ကတ္တီ၊ သိုးမွေးထည် နှင့်၊ ပိုးထည် နုပျောင်း၊ ထည်လိပ် ကောင်းကို၊ လူပေါင်း ပြဟွာ၊ နတ်ဒေဝါတို့၊ များစွာ ကပ်လှူ၊ မပြတ်ရတော်မူပါသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၁၄ - မိသား အဖ၊ မောင်နှမ ဟု၊ သဟာယချင်း၊ ကွေကွင်း ခဲ့ရာ၊ တွေ့အောင်ရှာ၍၊ ကောင်းစွာ ထက်ကြပ်၊ ပေါင်း စပ်ခဲ့ဘူး၊ ကောင်းမှုထူးကြောင့်၊ ဆင်မျိုး ဆဒ္ဒန်၊ ပုံသဏ္ဌာန်သို့၊ နေဟန် တင့်ဆုံး၊ အိမ်ဖုံး စေ့စပ်၊ သပ် ယပ် ထင်ရှား၊ ယောကျ်ား နိမိတ်၊ တံဆိပ် ပြီးစွာ၊ လက္ခ ဏာဖြင့်၊ များစွာ စုပေါင်း၊ထောင်သောင်း မက၊ သား ကောင်း ရတော်မူပါသော မြတ်စွာဘုရား.... မြတ်စွာ ဘုရား။

၁၅-၁၆-ပုဂ္ဂိုလ် ယုတ် မြတ်၊ ရွေးချယ် လတ်၍၊ လျောက်ပတ် သင့်လျော်၊ ပူဇော် ခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊ အလံ အရပ်၊ ညီလတ်ရွှန်းရွှန်း၊ ပညောင် ဝန်းသို့၊ ဝန်းသော ကိုယ်တော်၊ ရုပ်သော် စူးစူး၊ မညွတ်ဦးပဲ၊ ရွှေဒူးဝန်း ပေါ်၊ လက်ဝါးတော်ဖြင့်၊ သုံးသော် မှီလောက်၊ ကိုယ် ထက်အောက်လည်း၊ အပေါက် အဆက်၊ ညီလျက် အမျှ၊ ကုန်းမကွတည့်၊ ပဏ္ဏကာယာ၊ လက္ခဏာဖြင့်၊ သဒ္ဓါသီလ၊ သုတ စာဂါ၊ ပညာ ဟိရီ၊ ဩတ္တပ္ပီ ဟု၊

ခုနစ်လီ ဥစ္စာ၊ ရတနာသာရ၊ မြတ်စနေဖြင့်၊ ကြွယ်ဝ ချမ်းသာတော်မူပါသော မြတ်စွာဘုရား .... မြတ်စွာ ဘုရား။

၁၇-၁၈-၁၉ - သူဘပါးကို၊ ကောင်းစေလို၍၊ ကုသိုလ် ပညာ၊ ဥစ္စာ မနေ၊ သဟာယများ၊ ဘယ်သို့ ပွားအံ့၊ သူ့ အား တောင့်တ၊ ကြောင့်ကြခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊ မြိုင်ယံ ပျော်မွေ့၊ ရွှေခြသေ့၏၊ ရှေ့ ထက် ဝက်ကိုယ်၊ ပမာလိုလျှင်၊ ကိုယ်တော်အောင်မောင်း၊ ရေစီးကြောင်း မထင်၊ ရွှေကျောပြင်နှင့်၊ စည်သွင် မုရိး၊ ပြည့်ဖြိုးလုံး ခြင်း၊ လည်ပင်း သပ္ပာယ်၊ ဤသုံးသွယ်ဖြင့်၊ ဤဝယ် လောကီ၊ ဤသည် လောကုတ်၊ ဂုဏ်ပေါင်း ထုတ်သော်၊ ယုတ်လျော့ခြင်းရာ၊ မထင်ပါသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၂၀ - သတ္တဝါခပင်း၊ မညင်းဆဲရှောင်၊ ကုသိုလ်ဆောင်၍၊ ခုနစ်ထောင်သော၊ ရသာကြောများ၊ အပွားချင်း အပ်၊ လည်မှာ စွပ်၍၊ မီးဓာတ် ဂဟဏီ၊ ဇီရဏီလည်း၊ အညီချက်ချေ၊ အစာကြေသဖြင့်၊ ထွေထွေရောဂါ၊ ကင်းရှင်းကွာသည်၊ ကျန်းမာတော် မူပါသော မြတ်စွာ ဘုရား ... မြတ်စွာဘုရား။

၂၁-၂၂ - မျက်စောင်း မထိုး၊ မကျိုး မျက်မှောင့်၊ ဖြောင့်ဖြောင့် ချစ်ကြည်၊ ကြည့်ခဲ့သည်ကြောင့်၊ ညိုကြည်မျက်လုံး၊ အံ့မဆုံးအောင်၊ ရွှေမျက်တောင်မွေး၊ သွယ်သေးနုစွာ၊

လက္ခဏာဖြင့်၊ ပီယာသိဒ္ဓိ၊ နတ်ဆေးရှိသို့၊ တြိဘုံခန်း၊ ရဟန်း လူများ၊ သိကြွား ဗြဟ္မာ၊ နတ် သူရာ ဟူ၊ သတ္တဝါ ထိုထို၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်ပါသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၂၃ - ကုသိုလ်တရား၊ ဟူသည်များ၌၊ ရွှေ့သွား အမူး၊ ဦးစီး ခေါင်းခံ၊ ဆော်စီမံဘူး၊ ကောင်းမှုထူးကြောင့်၊ နဖူး တော်ဝယ်၊ ရွှေပြားချယ်သို့၊ တင့်တယ်လှစ်လှစ်၊ အသားစစ်မှ၊ သင်းကျစ်တော်လှ၊ လက္ခဏာဖြင့်၊ သတ္တဝါထိုထို၊ များလူဗိုလ်တို့၊ ကိုယ်တော်နောက်၌၊ စိုက်စိုက် မကွာ၊ လိုက်ရပါသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၂၄-၂၅ - မလိမ်မထောင့်၊ သစ္စာစောင့်၍၊ ရိုးဖြောင့် မှန်စင်း၊ တရားရင်းကြောင့်၊ မွေးတွင်း တခု၊ မွှာမစုပ်၊ တခုစီ တွင်၊ တပင်စီ သာ၊ ရှင်းစွာ သင့်လျော်၊ မွေးညှင်း တော်နှင့်၊ မျက်မှောင်တော် နှစ်ဖက်၊ အလယ်ချက် ဝယ်၊ လံဝက်လောက်မျှ၊ ဆွဲက ရှည်လာ၊ လွှတ်လိုက် ခါမူ၊ လက်ျာရစ်ခွေ၊ ဖြူရောင်ဝေသည့်၊ ရွှေနဖူး ဝယ်၊ သောက်ရှူးကြယ်သို့၊ နနယ်ဂွမ်းပုံ၊ ဥဏ္ဏာလုံဖြင့် သုံးဘုံ လူ ဗိုလ်၊ ကိုယ်တော်စိတ်ကြိုက်၊ အလိုလိုက် ခါ၊ ပါရပါသော မြတ်စွာဘုရား ....မြတ်စွာဘုရား။

၂၆-၂၇ - ဂုံးတိုက်စကား၊ ကြဉ်ရှောင်ရှား၍၊ ကဲ့ပြား မကပ်၊ ကြားစေ့စပ်သဖြင့်၊ စေ့စပ်ပြီးကို၊ မြဲအောင်ဆို၍၊ ထို

ကုသိုလ်တော်၊ နှိုးပင့်ဆော်၍၊ သွားတော် လေးဆယ်၊ ပြည့်ဖွံ့ဖြိုးကြွယ်လျက်၊ သေးသွယ် စိပ်စိပ်၊ သိပ်သိပ် ထူသဲ၊ မကွဲ သွားမှာ၊ လက္ခဏာဖြင့်၊ ညီညာ မြဲစွဲ၊ သူပင်ခွဲလည်း၊ မကွဲပြိုနိုင်၊ ကြံ့ခိုင်စေ့စပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၂၇-၂၉ - သူ့နား မချမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်၊ အယုတ်တမာ၊ မဆိုပါပဲ၊ ချိုသာ အေးကြည်၊ ဆိုခဲ့သည်ကြောင့်၊ လျှာရှည် ကြီးပြန့်၊ လျှာနူးသန့်လျက်၊ ရှင်းသန့် ချိုသာ၊ သိသာနာဖွယ်၊ ပွဲလယ် မသွက်၊ လုံးနက် ပွဲ့တင်၊ အင်္ဂါ ရှစ်တန်၊ ဗြဟ္မာ့ကရဝိတ်၊ ကောင်းဟိတ် သံသာ၊ လက္ခဏာဖြင့်၊ ဆိုခါငြင့်ကျူး၊ စကားစူး၍၊ အထူး လိုက်နာ၊ သြဇာပြန့်သွင်၊ အာဏာထူးပိုင်တော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၃၀ - အနှစ်မဆံ၊ ယူရန်ကင်းလျော၊ အသောအပုင်း၊ ပြောခြင်း မလေ့၊ ကုသိုလ်ငွေ့ကြောင့်၊ ခြင်္သေ့မင်းလို၊ ရှန်းစိုပ့်ပုံ့၊ ဖြိုးစုန့်စုန့်လျှင်၊ ပြုံးဘော့မည့် ပုံ၊ ဆန်းတုံ ဆယ့်နှစ်ရက်၊ စန်းယုန်စက်သို့၊ ရောင်ယှက်ထွန်းပေါ်၊ မြတ်မေးတော်ဖြင့်၊ ကျူးကျော်ဘယ်သူ၊ တယောက်လူမျှ၊ ကလူနိုင်ထက်၊ မချိုးဖျက်နိုင်ပါသော မြတ်စွာဘုရား ...မြတ်စွာဘုရား။

၃၁-၃၂ - ကြီး ငယ် တောင်းလျှင်၊ ချိန်ခွင် တို ရှည်၊ လိမ်လည်လုယက်၊ ခိုးနှိပ်စက်၍၊ အသက်မွေးခြင်း၊ ကင်းခဲ့

လျှင်းကြောင့်၊ မခေါ မသိ၊ စိန်ကို စီသို၊ ပြေညီသွား တော်၊ စွယ်တော်လေးဆူ၊ ဆွတ်ဆွတ်ဖြူသား၊ ကိုယ်တော်သွား၏၊ နှစ်ပါး ခြင်းရာ၊ လက္ခဏာဖြင့်၊ ယုတ်မာ ကောက်ကျစ်၊ ဆိုးညစ်သောသူ၊ မပါမူ၍၊ ဖြောင့်ဖြူ သပ္ပာယ်၊ လ၌ ကြယ်သို၊ စင်ကြယ်သော အခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား .... မြတ်စွာဘုရား။

ဤသို ကောင်းမှု၊ ကိုယ်တော်ပြု၍၊ ယခုခါဝယ် သုံးဆယ့် နှစ်ပါး၊ ယောကျ်ား အင်္ဂါ၊ လက္ခဏာဖြင့်၊ စကြာသခင်၊ ဖြစ်မည်လျှင်တည့်၊ စက်, ဆင်, မြင်း, မြ, မ, ဌေး, သား, ဟု၊ ခုနစ်ပါးရတနာ၊ သားမှာတထောင်၊ လေးကျွန်းဘောင်ဝယ်၊ ဘုန်းခေါင် စက္ကဝတ်၊ မချွတ်ဖြစ်မည်၊ လျှောက်တင်သည့်ကို၊ မထီမလေး၊ တံထွေးပေါက်နှယ်၊စွန့်ပစ်ပယ်၍၊ သောင်းနယ် လောကဓာတ်၊ လွှမ်းပတ်ကျော်ညာ၊ မဟာဓမ္မရာဇ်၊ မင်းဆုံးဖြစ်လျက်၊ ရေစစ် တွက်ကျူး၊ အံ့မဆုံးအောင်၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော် ဖြာဖြာ၊ လက္ခဏာ နိသင်၊ အမြဲ ဆင်သော၊ ရှင်ပင်ဘုရား၊ ကိုယ်တော်အားကို၊ ကိုးစား ကြပ်ကြပ်၊ မြဲဆည်းကပ်လျက်၊ တံ့ဝပ် ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာဘုရား....မြတ်စွာဘုရား။

မဟာပုရိသလက္ခဏာတော် ၃၂-ပါး ပြီး၏။

## ကံ ဥာဏ် ဝီရိယနှင့် စပ်၍

# မှတ်သားဖွယ်လင်္ကာများ

ညွှန်ပြသော နံပါတ်များမှာ မဃဒေဝလင်္ကာသစ် ကျမ်းစာအုပ်မှ မူက်နှာနံပါတ်ချည်း ဖြစ်၏။

ကံ ဥာဏ် ဝီရိယ နှင့် စပ်၍ ဆိုင်ရာဆိုင်ရာ လင်္ကာ များကို ကျက်မှတ်လိုပါက ( ၎င်းကျမ်းစာအုပ် မရှိသော သူများ အတွက် ) ရည်ရွယ်၍ ပြည့်ပြည့် စုံစုံ ဖော်ပြလိုက်ခြင်း ဖြစ်၏။

၁၃၁၅ ခု နှစ် (၁၉၅၃ ခုနှစ်) တွင် ပြည်ကြီးမဏ္ဍိုင် ပိဋကပုံနှိပ်တိုက်မှ ရိုက်နှိပ်သော စာအုပ်နံပါတ် ဖြစ်၏။

ဆိုင်ရာ ဆိုင်ရာ လင်္ကာများကို အဓိပ္ပာယ် ပေါ်လွင်အောင် မြန်မာစကားပြေ ရေးသား ထည့်သွင်းပါက အလွန် ကျယ်ဝန်းသော ကျမ်းစာအုပ်ကြီး ဖြစ်သွားပါလိမ့်မည်၊ ထိုမျှလည်း အင်အား မရှိပါ၊ ထို့ကြောင့် လင်္ကာသက်သက် သာ ကူးထည့် လိုက်ရခြင်း ဖြစ်၏၊ (တနည်း) လင်္ကာသွား အတိုင်း ပင် အဓိပ္ပာယ် ပေါ်လွင် နေသောကြောင့် အကျယ်ချဲ့ ရေးသားရန် မလိုတော့ပေ။

### နံပါတ် - ၉၄

ဋ္ဌုင္ဓနိုဋ္ဌာ၊ ခြောက်ဖြာ အာရုံ၊ တွေ့ကြုံ မရွေ့၊ ပျော်
စလေ့သား၊ ထိုရွေ့သတ္တာဝါ၊ များဗိုလ်ပါတို့၊ ဝိပါက
ဝဋ်၊ ကမ္မဝဋ် နှင့်၊ မလွတ်နိုင်ကြ၊ ဤကိစ္စကြောင့်။

လောဘ သဟာယ်၊ ကံဆန်းကြွယ်တိုင်း၊ ကြီး ငယ် လုံး ချွန်း၊ ဝိုင်းဝန်း ရှည် တို၊ ဖြူ ညို နီ ရွှေ၊ အခြေ ယှိ မဲ့၊ တွက်ဖွဲ့ များစွာ၊ မရေသာအောင်၊ သညာကေတ်၊ နာ နတ် ကာယ၊ ထူးပြားစွန့်၊ လေး၀ အောက်ခွင်၊ ဘုံ တပြင်ဝယ်၊ အရှင်ယမမင်း၊ နိုင်ငံတွင်းက၊ စာရင်းမ ပျက်၊ ၀ - မက္ကက်ဘဲ၊ တက် သက် ကုံ့ ပယ်၊ ယက်ကန်း ရှယ်သို၊ သွယ်လှယ် မနား၊ ဘ၀အားဖြင့်၊ မခြား စပ် လျက်၊ စဉ်ကာ ဆက်၍၊ ဝင် ထွက် လူးလာ၊ တချာ ချာလျှင်၊ ပေါ်ကာ ငုတ်ဆင်း၊ ကျင်လည်ခြင်းဖြင့်၊ ပါယ် တွင်းလည်ကာ....ရှည်ကြာ မငြိမ်း နိုင်သတတ်။ (၁)

| | |
|---|---|
| ဣဋ္ဌ | အလိုရှိအပ်သော အာရုံ။ |
| အနိဋ္ဌ | အလိုမရှိအပ်သော အာရုံ။ |
| ဝိပါကဝဋ္ဋ | အပါယ်သံသရာ ဆိုင်ရာ၌ အပါယ်ဘုံသားတို့၏ ဝိပါက်ကဋ္ဌတ္တာ ခန္ဓာ ၄ါးပါးသည် ဝိပါကဝဋ္ဋ မည်၏။ ။ကာမသုဂတိ သံသရာ ဆိုင်ရာ၌ လူနတ်တို့၏ ဝိပါက်ကဋ္ဌတ္တာ ခန္ဓာ ၅ - ပါးသည် ဝိပါကဝဋ္ဋ မည်၏။ |
| ကမ္မဝဋ္ဋ | အပါယ်သံသရာ ဆိုင်ရာ၌ အကုသလ ကမ္မပထတရား ၁၀ - ပါးသည်ရင်း, ကာမသုဂတိ သံသရာ ဆိုင်ရာ၌ ကာမာဝစရ ပုညာကိရိယာဝတ္ထု ၁၀ - ပါးသည်ရင်း ကမ္မဝဋ္ဋ မည်၏။ |

လောဘသဟာယ် လောဘ+သဟာယ။ (သဟာယ= အတူတကွ ဖြစ်ခြင်း) လောဘမူစိတ်၌ ယှဉ်သော အကုသိုလ်စေတနာ။ ။ တဏှာ လောဘ ရှေ့သွား ရှိသော ကာမာဝစရကုသိုလ်စိတ်၌ ယှဉ်သော ကုသိုလ်စေတနာ - ဤစေတနာ ၂ - မျိုး ဆန်းကြယ်ခြင်းကြောင့် - ဟူလို။

---

နံပါတ် - ၁၇၁

ဖြင်ညီး များစွာ၊ သတ္တဝါနှင့်၊ ကမ္ဘာ ဖြစ်ဟန်၊ ပြဟ္မာဖန် ဟု၊ ဘောက်ပြန် ချွတ်ယွင်း၊ မမှတ်လျှင်းနှင့်၊ ခပင်း လောက၊ လူထိုမှုကား၊ ပြုက အသစ်၊ ဖြစ်က အဟောင်း ကျိုး နှင့် ကြောင်းတည့်၊ ဆိုး ကောင်း ဟူ ထေ ဤနှစ်ဝကို၊ ကမ္မဿကာ၊ မှတ်တို့ရာ၏၊ သည်သာ မှန်ဘိ၊ ယွင်း မရှိဘူး၊ မိမိ ကမ္မ၊ ကိလေသဖြင့်၊ သုခ လိုငြား၊ ဒုက္ခပွား၏၊ ရှေ့ကား သုခ၊ နောက် ဒုက္ခနှင့်၊ စိတ်က လိုရေး၊ အအေး တောင့်တ၊ အပူ ရလျက်၊ ပူက အေးမြဲ၊ မှန်မလွဲငြင့်၊ ဆင်းရဲ ရှေးရှိ၊ နောက်ပြီ ချမ်းသာ၊ ဖြစ်မြဲစွာတည့်၊ ခမ္မတာ အပြီး၊ လူ့ထုံးတီးကို၊ ဘုန်းမီး တောက်ပ၊ ချစ်မဝတည့်၊ သားလှ ရွှေချည်၊ မောင်မှတ်တည်လော့။ ။ (၂)

(ခက်ဆစ်အဓိပ္ပာယ် မရှိ၊ သိလွယ်ပြီ)

## နံပါတ် - ၁၈၆

တရား မရှု၊ ကောင်းပြု မမူ၊ မိုက်သွေးထူသည့်၊ လူ မလိမ္မာ၊ ဟူသည်မှာလည်း၊ ချမ်းသာ နည်းပါး၊ ဒုက္ခ များ၏၊ ကောင်းစား ဆိုးစား၊ ဤနှစ်ပါးကား၊ အခြားနတ် လူ၊ မည်သူ မပြု၊ မိမိမှုတည့်၊ ယခု ဝတ္တမာန်၊ ပစ္စုပ္ပန်နှင့်၊ ရှေးလွန် ကြမ္မာ၊ အကြောင်းသာရှင့်၊ ကိုယ့် ဟာ ကေန်၊ မမှန့် မြွေဆိုး၊ မှန်ရွှေအိုး ဟု၊ ဆိုရိုးစကား၊ ယှိထင်ရှား၏၊ ငါ့သား လိမ္မာ၊ အရာရာ၌၊ ပညာလည်း ယှိ၊ သတိလည်းမြဲ၊ ယူစွဲတရား၊ လွတ်မမှားနှင့်၊ စီးပွား အရာ၊ ချမ်းသာ၊ မချွတ်၊ ဖြစ်စေတတ်လျက်၊ သင့်မြတ် လျော်ကန်၊ တော်ဖြောင့် မှန်သည့်၊ အပဏ္ဏက၊ ကျင့် ကိစ္စ၌၊ လုံ့လကို သာ၊ ဖြစ်စေရာ၏၊ မိစ္ဆာဝါဒ၊ ကျင့် ယွင်းခွလျက်၊ တက္ကဂါဟီ၊ မမှီ ဉာဏ်လွတ်၊ တချက် လွတ်ဖြင့်၊ ဖွတ် ခား မပြစ်၊ မဖြစ် ကောင်းစွာ၊ ဖြစ်စေ ပါက၊ ငါးရာ လှည်းသား၊ ဘီလူးစားသို့၊ ပျက်ပြား တတ်ချေ၊ မောင်မှတ်လေလော့၊ ပုဗ္ဗေကတ၊ ရှေးဘဝ က၊ ပုည မပါ၊ ဉာဏ်မဲ့စွာသည့်၊ ကြမ္မာ မကောင်း၊ ထို သူပေါင်းကား၊ ဆီးစောင်း တခွက်၊ ပျား တစက်သို့၊ အပျက်ဘို့ သာ၊ ကြံစည်ပါ၏၊ ပညာ မယှိ၊ ဒုစိန္တိ တို့၊ မိုက်မိ မိုက်မဲ၊ ကံ ဉာဏ် မဲ့ သည် .... ဆင်းရဲ ပူဆိ ပူဆာတည်း။ ။ (၃)

အပဏ္ဏက မချွတ်မယွင်း (ဝါ) မှန်ကန်ခြင်း။

တဏှာဂါဟီ  တဏှာ=မိမိကိုယ်တိုင် ကြံစည်သည်ကို + ဂါ
ဟီ=စွဲစွဲ လမ်းလမ်း ယူခြင်း။
ပုည  ကောင်းမှုကုသိုလ်။
ဒုစ္စိန္တိ  ဒု = မကောင်းသော + စိန္တိ = အကြံ
အစည်။

---

## နံပါတ်-၁၈၈

ကျိုး ကြောင်း နက်တံ၊ နှိုင်းထောက် စံလော့၊ အကြံနှင့် မေး၊ အတွေးနှင့် ဖြေ၊ ဟူသော ထွေကား၊ ထဲနေ အာဘော်၊ ရည်ရော် ကြံရင်း၊ နှလုံးသွင်းတိုင်း၊ မှန်ခြင်း လည်း ယို၊ မှားခြင်း ယိုခဲ့၊ မမိ တခါ၊ မိ တခါတည့်၊ ထင်ရာ မဆိုင်း၊ ထင်မလှိုင်းနှင့်၊ ထင်တိုင်း မမှန်၊ ဤလူ့ဌာန်ဝယ်၊ ကံ ဉာဏ် မွဲက၊ အလွဲထင်တတ်၊ ထင်မှား ချွတ်၏၊ သူမြတ်ပဏ္ဍိ၊ ပညာယှဉ်နှင့်၊ မညှိ မဆ၊ ပြုသမျှ ကား၊ မလှစီးပွား၊ ရေနစ် ဆားသို့၊ ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး၊ ဆရာ မိဘ၊ ဩဝါဒဖြင့်၊ ဆုံးမစကား၊ မ လိုက်ငြားဘဲ၊ မြင် ကြား သုတ၊ မရ နည်းနာ၊ ပညာမျက်စိ၊ မြော် မယှိက၊ မိမိအတတ်၊ ကိုယ့်ကို သတ်၏။ (၄)

---

## နံပါတ်-၁၈၉

ပုည မင်္ဂလာ၊ ချို့ခဲ့ပါ၍၊ ချမ်းသာ မထိုက်၊ ကံ လျှင်မိုက်က၊ ဉာဏ်မိုက်တတ်စွာ၊ ဤ လူ့ရွာဝယ်၊ ကံ သာ အရင်း၊ မှတ်တုံ လျင်းလော့၊ ကံဖျင်း လူမိုက်။

ကံမလိုက်က၊ တခိုက်မဟုတ်၊ အားထုတ် ရာရာ၊ လုပ်ပါသမျှ၊ ထိခိုက်ရ၏၊ ခေတ်ကလည်း ခိုက်၊ နတ် အတိုက်နှင့်၊ အကြိုက် သင့်ကြုံ၊ ကျားနှင့် ဆုံသို့၊ အထုံမကောင်း၊ အကြောင်း မလှ၊ ဖြစ်တတ် ကြ၏၊ ပုဗ္ဗကာလ၊ ရှေးမဆွ၌၊ မိတ္တဝိန္ဒက၊ ဗာလ ယုတ်မာ၊ ဆိုးကြမ္မာကြောင့်၊ ကုန်းမှာ သွားလေ၊ ဘေးသခေါ်နှင့်၊ ရေမှာ သွားလည်း၊ ပေါ်များ ရေဝယ်၊ အန္တရာယ်ဘယ၊ အနန္တတည့်၊ ယက္ခကန်လှင့်၊ ကောင်းကင်မြင့်သို့၊ စဉ်လှင့်ပျံဝဲ၊ ကြမ္မာဆွဲ၍၊ ဆိတ်ထဲကျလစ်၊ ဆိတ်ခိုး ဖြစ်လျက်၊ အပြစ်ကြီးစွာ၊ မင်းအာဏာဖြင့်၊ ဖမ်းကာ ချီနှောင်၊ သုဿာန်ဘောင်သို့၊ ထုတ်ဆောင်ကုန်ကြ၊ ဤသို့စသား၊ ပါပ ဆိုးညစ်၊ ကံအပြစ်ကား၊ မနစ်စဉ်စိုက်၊ တောခွေး လိုက်သို့၊ ကိုယ်၌ မကွာ၊ နောက်ထပ်ပါ၏။ (၅)

—

## နံပါတ် - ၁၈၉

အန္ဓဗာလ၊ လူထိုမျှတို့၊ ကမ္မ ဝီရိယ၊ မယုံကြဘူး၊ သီဝမဟော၊ ပရပေ သူရာ၊ ဗြဟ္မာ ဗိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်ခိုး ကြီးမား၊ နတ်ဘုရားတို့၊ ပေးစား ဘန်ဆင်း၊ ဖြစ်တုံလျှင်း ဟု၊ ချွတ်ယွင်းသမှု၊ အမှား ရှုသည်၊ တောင်သူ့ ယူလေ့ ယူလာတည်း။ (၆)

| | |
|---|---|
| အန္ဓ | ပညာမျက်စိ ကာဏ်းသူ။ |
| ဗာလ | သူမိုက်။ |
| တောင်သူ | အရိုင်းအစိုင်း။ |

## နံပါတ် - ၁၉၄

ရှေးခါ ယခု၊ အားထုတ်ပြုသား၊ ကောင်းမှု အလို၊ ကုသိုလ် မယို၊ သိရိ မင်္ဂလာ၊ ကောင်းကြန်စာနှင့်၊ ကြမ္မာ မှဲ့ငြား၊ထိုသူအားကို၊ လူသား မက၊ သိကြား မှ လည်း၊ မရနိုင်စွာ၊ သတ္တဝါတို့၊ ကံ သာ ဘ မိ၊ ယှို မရှိက၊ ဉာဏ်ချိတိုင်း မွဲ၊ ကြံတိုင်း လွဲ၏၊ ဆင်းရဲဘို့ သာ၊ ကြံရာ ရာလျှင်၊ မိစ္ဆာ နတ်စုန်း၊ ပိုင်း၍ မုန်းသို့၊ ပျက်ပြုန်းရခြင်း၊ အယွင်းယွင်းတည့်၊ ကံရင်း မသန့်၊ နတ်မဘန်ဘူး၊ကေန် မှတ်ဘိ၊ ချစ်သား သိလော့၊ ကံယှိုသူမှာ၊ သမုဒ္ဒရာလယ် ချက်၊ သဘော်ပျက်လည်း၊ အသက် မသေ၊ ရေမှာ မမွန်း၊ သောင်ကျွန်း လှေကြီး၊ ကပ်နီး ရှေ့ရှု၊ ဆယ် ယူ အမှန်၊ နတ်တို့ ဘန်၍၊ ရပ်ဌာန် ဆောင်ပို့၊ လိုရာသို့ လျှင်၊ မချို့ ရောက်ကာ၊ ရချမ်းသာ၏၊ ကြမ္မာမကောင်း၊ အကြောင်းမလှ၊ လူ့ပါပကား၊ ဗာလမနော၊ ပရာ ဘောကို၊ မြတ်သောအလား၊ တရားမင်္ဂလာ၊ ထင်တာဘ် စွာ၏၊ မင်္ဂလာ မည်ငြား၊ ဤတရားလည်း၊ မကောင်း စားထိုက်၊ ဒုစရိုက် နှင့်၊ လူမိုက်တို့မှာ၊ မုန်းဘို့သာတည်း၊ ထောင်ရာ မက၊ မိုးကြိုး ချသို့၊ ဆုံးမ တပဲ၊ ခြင်းကြား ထဲနှင့်၊ သောင်သဲ ပေါ်တွင်၊ ရေမတင်သို့၊ အမြင် နည်း ပါး၊ သူမိုက် နား၌၊ တရား ဘယ်ခါ၊ မတည်ရာဘူး၊ မိစ္ဆာ ဖုံးသုန်း၊ တရား မုန်းက၊ ပျက်ပြုန်းကြောင်း သာ၊ မချွတ်စွာတည့်၊ သမ္မာ စင်စစ်၊ တရား ချစ်မှု၊ ဆန်းသစ်

လနှယ်၊ ပွားစီး ကယ်ရှင့်၊ ပေါယယ် များစွာ၊ သတ္တဝါ
အား၊ ချမ်းသာ ဆင်းရဲ၊ ဖြစ်မြဲ အမျိုး၊ ပြစ် အကျိုး
ဖြင့်၊ ကောင်းဆိုး ခေါ်မူ၊ ထိုနှစ်ခုကား၊ ကိုယ်ပြု ကိုယ်
ကံ၊ မြောက်မြီခံ၏၊ ထုံးစံ ဖြစ်ရှောင်း၊ အကြောင်း နှစ်
သွယ်၊ လူဝယ် မချို့၊ မှန်လှတို့၏၊ ဤသို့ သားလှ၊ မွေး
ချစ်ဘလျှင်၊ ကမ္မဿကာ၊ ဒါယဒါကို၊ သမာဒိဋ္ဌိ၊ ဉာဏ်
လက်ရှိဖြင့်၊ အသိ မြဲစွာ၊ ခိုင်စေပါ၍၊ မိစ္ဆာ ပယ်ရှား၊
ကျင့်တည်ကြားသည်၊ အမှားမလိုက် မပါဘည်း။ (၇)

ပရာဘော ပရာဘဝ=ပျက်စီးခြင်း

---

## နံပါတ်-၂၀၉

နည်းပါးပုည၊ ဒုကမ္မ နှင့်၊ ဘဝ လူ့ရွာ၊ လူဖြစ်ပါ
ယည်း၊ ပညာယှိထံ၊ နည်းမခံဘဲ၊ ကံလည်း တကွဲ၊ ဉာဏ်
တလွဲနှင့်၊ကံမွဲဉာဏ်မွဲ၊ အကြံမွဲတို့၊ ဆင်းရဲ ညှိုးပိန်၊မိတ္တာဝိန်
သို့၊ ကောင်းချိန်ကောင်းရာ၊ ကောင်းအခါကို၊ ဘယ်ခါ
မရ၊ ဖြစ်တတ်စွတည့်။ (၈)

ဒုကမ္မ ဒု=မကောင်းသော+ကမ္မ = အမှု၊
မိတ္တဝိန်သို့ မိဘကို ပြစ်မှားသော မိတ္တဝိန္ဒက ကဲ့သို့၊

## နံပါတ် - ၂၂၂

သုခ ဒုက္ခ၊ ဝိပါက ဟု၊ ကမ္မ နှစ်ခု၊ ရှေးက ပြုသား၊ ကုသိုလ် အကုသိုလ်၊ အကျိုးကိုမူ၊ မလိုလည်း ရ၊ လိုမရ ဘူး၊ တောင့်တအားလျှင်း၊ ကြံစည်တိုင်းလည်း၊ ကြံတိုင်း မပြီး၊ ရှေးအတီးက၊ ရင်းနှီးပုညာ၊ ကုသလ သာ၊ ကမ္မမူလ၊ ကြောင်းရင်းစတည့်၊ ရှေးက ကောင်းကံ၊ ကြောင်း မခံ ၍၊ အကြံပျက်စီး၊ ကြံ မပြီးက၊ ချည်းနှီး ပညာ၊ မလိမ္မာ သည့်၊ လူမှာ စင်စစ်၊ သူမိုက် ဖြစ်၏၊ တဆစ် မဘောက်၊ ကြံတိုင်းမြောက်သော်၊ အံ့လောက် ထိုသူ၊ ပဏ္ဍိတ် ဟူ၏၊ မှတ်ယူ မှန်စွာ၊ ကံရင်းပါမှ၊ ကြံရာ ပြီးတတ်၊ အမြဲ မှတ် လော့၊ မရွတ် ထို့ကြောင့်၊ တရား စောင့်လျက်၊ ဖြောင့်ဖြောင့် သည့်အလို၊ ဤသည့် ကိုယ်၌၊ ကုသိုလ်ဓမ္မ၊ ယှဉ်းမခွ နှင့်၊ ရှေးက အယူ၊ သမ္မာဖြူ၍၊ လူ ဟု ဖြစ်ရှောင်း၊ အ လာ ကောင်း၏၊ မစောင်း နောက်ပြန်၊ လမ်းဟောင်းမှန် အောင်၊ မြင်ဉာဏ် မျက်စိ၊ နှစ်ဘက်ယှိလော့၊ သတိ ပညာဉ်၊ အမြဲယှဉ်မှ၊ အစဉ်မပျက်၊ ကိုယ်ကျိုး နက် လိမ့်။ ( ၉ )

---

## နံပါတ် - ၂၂၆

တန်ခိုး ပေါ်ထင်၊ ကုသိုလ်ရှင်မှ၊ လူတွင် မညှိုး၊ စည်း စိမ် ဖြိုး၏၊ ကျမ်းရိုး အယှိ၊ လမ်းမှန် သိလော့၊ လောကီ ချမ်းသာ၊ နောင်ဘို့ရှာသည့်၊ ပညာရှိပေါင်း၊ သူမြတ်

ကောင်းတို့၊ နှစ်ထောင်းဝမ်းသာ၊ ပြုအပ်စွာရှင့်၊ လူ့ရွာ နောက်နောင်၊ ကြံတိုင်းအောင်လိမ့်၊ သားမောင် သက် နှင်း၊ ကျင့်မပျင်းနှင့်၊ ကြောင်းရင်း ကြမ္မာ၊ ကံ မပါ လျှင်၊ ကြံရာ မပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးတတ်စွာ၊ မချွတ်ရာဘည့်၊ ကလျာဏာ - ကလျာဏ၊ ကျင့်ကမ္မဖြင့်၊ ပုည ပါ၊ ကိစ္စ အမှု၊ ခဲ့ဝေရှုသော်၊ အကုသိုလ် ကုသိုလ်၊ နှစ်ခုကိုလည်း၊ မပြုလိုခဲ၊ မပြုလိုရဲ၏၊ ကံမှဲ့ မပြောင်၊ ကံ မဆောင်လျှင်၊ ဂုဏ်ရောင်မလှ၊ မထွန်းပဘူး၊ ဒုက္ခ လူ့ ဘောင်၊ ဆင်းရဲ ခေါင်လိမ့်၊ ကျင့်ဆောင် မယုတ်၊ စောင့် ကိုယ်နှုတ်နှင့်၊ ဥပုသ် ဗြဟ္မ၊ စရိယလည်း၊ ကာလ အစဉ်၊ အမြဲယှဉ်လော့။ (၁၀)

ကလျာဏ....ကောင်းသောအမှု၊ (ပုည)

အကလျာဏ....မကောင်းသော အမှု၊ (ပါပ)

---

## နံပါတ် - ၃၂၈

## သဘာလုလင် အမေး ၁၄ ချက်

ထို့ပြီ တသုတ်၊ ကျမ်းလာထုတ်က၊ မြတ် ယုတ် မျိုး နွယ်၊ ကြီး ငယ် ဂုဏ်သိရ်၊ စည်းစိမ် နည်း များ၊ နာဖျား ကင်းထူ၊ သက်ဟူ ရှည် တို၊ ရုပ်ကို ရှုပ၊ လှ မလှက၊ ဥာဏ ယို မွဲ့၊ လှန် ထင် ပြွသား၊ တဆဲ့ လေးဖြာ၊ ဤ ခြင်းရာကား၊ ဗြဟ္မာ ဗိဿနိုး၊ နင်အမျိုးတို့၊ တန်ခိုး

ဘန်ဆင်း၊ မဟူလျှင်းတည့်၊ ခပင်း သတ္တဝါ၊ ကံဖြင့် သာလျှင်၊ နာနာကာရ၊ ဖြစ်ကုန်ကြ၏။ (၁၁)

နာနာ - အထူးထူး အထွေထွေ။

အာကာရ - အခြင်းအရာ။

---

## နံပါတ် - ၁၉၄

ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုည ဆင်းရဲ၊ ကံမွဲချို့တဲ့၊ ဘုန်းမဲ့သသူ၊ များ ဗိုလ်လူတို့၊ ချမ်း ပူ မနေ၊ ရှာဖွေကြိုးကုတ်၊ အားထုတ် အထူး၊ ဆည်းပူး လုံ့လ၊ ပြုသမျှကား၊ ရှေ့က ကောင်းမှု၊ အပြုများလှ၊ ပုည သိရိ၊ ပြည့်စုံဘိသည့်၊ ဘုန်းယှိသူတို့၊ ခံစားဘို့တည်း၊ ထိုသို့စင်စစ်၊ ဖြစ်၏ လူတွင်၊ အမြင် မျက်စိ၊ ရှုမျှော်သိလော့၊ ဘုန်းယှိကား စံ၊ ဘုန်းမဲ့ ရံ၍၊ ကြောင်းခံ ပြည့်ဝ၊ အကျိုးလှလျက်၊ ကြယ်များ အလယ်၊ လ၏ နှယ်သို့၊ တင့်တယ်ပထွန်း၊ ဘုန်းရောင် ရွှန်း၍၊ ရွှေဝန်း ရံခြုံ၊ သောင်းသောင်းအုံနှင့်၊ ကုံလုံ မချို့၊ ဂုဏ်မညှိုးဘူး၊ ကုသိုလ်သဘော၊ အလယ်ဇောကို၊ ရှင်စော အားလုံး၊ ဟောမတုံးသည်....သက်ဆိုးအာယု ကမ္မာတည်း။ (၁၂)

## နံပါတ် - ၁၅၇

## ဉာဏ် ဝီရိယ အကျိုး

ထိုမှ တပုံ၊ စေ့စုံ မှတ်ချက်၊ ခမည်း မြွက်ပိမ့်၊ ကြံ ထက် ပညာ၊ ဘွေရှာ စူးစား၊ သတိထား၍၊ ငါ့သား မှတ်ယူ၊ နှလုံးမူလော့၊ လူတို့ ကိစ္စ၊ လူလောက၌၊ ပြုသမျှမျိုး၊ ပြစ် အကျိုးတို့၊ ကောင်း ဆိုး အတိ၊ မြဲ မယိုဘူး၊ လောကီ ထုံးစံ၊ လောကဓံကား၊ မကြံလည်းဖြစ်၊ ကြံလည်း နစ်၏၊ စစ်စစ် မှတ်သား၊ မယုံမှားနှင့်၊ ယောကျ်ားတကာ၊ အားထုတ်ရာသည့်၊ ကြီးစွာ လုံ့လ၊ ဝါယမမူ၊ မချကောင်းချေ၊ မသေ့မချင်း၊ ပြုအပ်လျင်း၏၊ မယွင်း မှန်လှ၊ ဤလောက၌၊ လုံ့လ မမူ၊ နတ် မကူဘူး၊ လူလည်း လုံ့လ၊ နတ်လည်း မ၊ ၏။ (၁၂)

---

## နံပါတ်-၁၈၈ - ၉

ကံ ဟု မူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်း သာ ရှင့်၊ ဉစ္စာ ဘောဂ၊ ဇီဝိတ နှင့်၊ သုခ ပွားရန်၊ ဤ လူထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည့်၊ ကာလ ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကို ယုံ၍၊ မီးပုံ အတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာ အကြောင်း၊ မရိုးကောင်းတည့်၊ သူဟောင်း ရှေးက၊ ဆိုဘူး ကြ၏၊

လုံ့လ မထူ၊ ဉာဏ် မကူဘဲ၊. အယူ တချောင်း၊ ကံ တကြောင်းမျှ၊ မကောင်းလည်း ကံ၊ ကောင်းလည်း ကံ ဟု၊ ကံကိုချည်း သာ၊ မကိုးရာဘူး၊ ပညာ ဉာဏ်ဖြင့်၊ သင့် မသင့်ကို၊ အခွင့် ရှု၍၊ အပြု လုံ့လ၊ ယှဉ်အပ်စွ တည်း၊ တံငါ့ လက်တွင်း၊ ရောက်လျင်းတုံငြား၊ သုံး ကောင် ငါးကို၊ မှတ်သား ဝမ်းထဲ၊ နည်းယူစွဲလော၊ ကံမွဲ ဉာဏ်နု့၊ မလုံ့ မလ၊ နတ် မမ,ဘူး၊ အလသ မျိုး၊ အကျိုး ယွင်းယို၊ အလို ရှော့ရည်း၊ မကျော့ ကျည်းနှင့်၊ ကိုယ်လည်း လုံ့လ၊ နတ်လည်း မ,၍၊ တောင့်တ ကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာ ကိစ္စ၊ ပြီးနိုင်ကြ၏၊ စိတ်က မလျော့၊ အားမလျော့နှင့်။ ။
(၁၃)

အလသ....ပျင်းရိသူ။

—

## နံပါတ် - ၁၉၃

ဟောင်း သစ် အလို၊ အကုသိုလ် နှင့်၊ ကုသိုလ် အကျိုး၊ ထိုနှစ်မျိုး၏၊ အဆိုး အကောင်း၊ အကြောင်း နှစ်ဖြာ၊ မသိသာဘူး၊ ကောင်းရာ ကျင့်ပြု၊ ကောင်း စွာ ရှု၍၊ ကောင်းမှု ကုသိုလ်၊ မငြင်ငြိုနှင့်၊ ကြည်ညို မြတ်နိုး၊ ဘုန်းပွင့်နိုးလော့၊ မကြိုး မကုတ်၊ အားမထုတ် မူ၊ လူ မလုံ့လ၊ နတ်မ,မဘည့်၊ ပပေါဂစက်၊ ပျက်

သည့် သူအား၊ လူကို ထား၍၊ ဘုရားသော်မှ၊ ကယ် မရဘူး၊ ဘဝ ရှေးက၊ ပုည အားကြီး၊ ကြမ္မာမျိုးနှင့်။ ကောင်းကျိုး ပေးလို၊ ဤလူကိုယ်၌၊ ကုသိုလ် ဥပထံ၊ အခံ တရား၊ ကံ ကြီးမား၍၊ ကောင်းစားမည့်သူ၊ ဖြစ် ဘိမူကား၊ ထိုသူ ထင်ရှား၊ မကောင်းစားဘဲ၊ မသေမြဲ တည့်၊ ဆင်းရဲ တဆစ်၊ ခိုက်တန့် ဖြစ်လည်း၊ မနစ် မနာ၊ ဒုက္ခ ကွာ၍၊ ချမ်းသာ စေငြား၊ ထိုသူအားကို၊ သိကြားမ ရမည်သာတည်း။ (၁၄)

ပယောဂစက်၊ ပျက်—အသိအလိမ္မာ ဉာဏ် ပညာချို့တဲ့၍ သတိ ဝီရိယ မရှိခြင်းကို ပယောဂစက် ပျက် သည် ဟု ဆို၏၊ (ပယောဂဝိပ္ပတ္တိ)

ဥပထံ—ဥပထမ္ဘက= ရှေးကုသိုလ် အားရှိအောင် နောက် ထပ် ပြုသောကုသိုလ်ကို ကုသိုလ်ဥပထမ္ဘက ဟု ဆို၏။

—

## နံပါတ်-၁၉၃

သိကြား နတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင် ရှောင် ကာ၊ မနေသာတည်း၊ မြင်ပါလျက်ကဲ့၊ ကုသိုလ် မဲ့က၊ တိမ်းငဲ့ မျက်နှာ မရှုသာတည့်၊ လကျာ ပညပ်၊ ဇမ္ဗူ ရပ်၌၊ အပွက လူ၊ နည်းငယ်သူမျှ၊ ကြီးထူ ဖြိုးလျှံ၊ ဘုန်း ကျိုး စံ၏၊ နိုင်ငံ အယှိ၊ များဘိ အဟို၊ လူထိုထိုကား၊ ကုသိုလ် ရှေးပြု၊ ကံ ကောင်းမှုနှင့်၊ ယခု ဘဝ၊ ပစ္စက္ခ၌၊

လုံ့လ သမ္မာ၊ ပညာ နှစ်ပါး၊ ကျိုးခံစား၏၊ ဘုန်းယှားကံယှား၊ ထိုသူများကား၊ အုဋ္ဌကြား မြက်ပေါက်၊ တယောက် စာရင်း၊ မသင်းသောလား၊ နည်းပါး ဂုဏ်အင်၊ လူ မမြင်ဘူး၊ အသင် ရှုပ၊ မလှသည့်ငှက်၊ ဇီးကွက်စုန်းထင်၊ ဟူသောသွင်သို့၊ မြင်လည်း မကောင်း၊ အကြောင်းမသန့်၊ လူဘုန်းကြံ့တို့၊ ဆွန့်ဆွန့် ယှားယှား၊ ချမ်းသာပါး၏၊ ဘုန်းထား ဘုန်းတန်၊ ဘုန်းရင်း သန်က၊ လာဘ်မွန် မညောင်း၊ ရတတ်ရှောင်း၏၊ ဘုန်းကောင်းတာသင့်၊ ဆိုင်းမလင့်နှင့်၊ အခွင့်တော်ကြိုက်၊ အခိုက် ကြုံလှည့်၊ ရသည့်အခါ၊ မင်္ဂလာတည့်။ (၁၅)

---

## နံပါတ်- ၂၂၆

အကုသလ၊ ကုသလ၏၊ ကမ္မဿကာ၊ လက္ခဏာကို၊ မြဲစွာ ဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မပျင်း ကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား၊ ကိုယ့်ကို ချစ်သူ၊ မည်သောဟူ၏၊ အယူမယွင်း၊ ဆောက်တည်ခြင်းဖြင့်၊ ကံရင်း မူလ၊ ဝီရိယ နှင့်၊ ဉာဏ ထောက်ကူ၊ ယှိသည့်သူမှ၊ လူတွင် လူလွန်၊ လွှားတံခွန်သို့၊ လူမွန် တယောက်၊ တစ်ခေါ် လောက်အောင်၊ ခါရောက်ချိန်ဆုန်း၊ တုမဲ့နှုန်း၍ .... ရွှေဘုန်းမော် ရမည်ကိုကား။

## နံပါတ် ၂၂၇

လူ့ဘောင် ရပ်ဌာနီ၊ လူ့သန္တာန်၌၊ ကံ ဉာဏ် ဝီရိယ၊ ဤသုံးဝတွင်၊ ဝီရိယ ဉာဏ်၊ ကျိုးပေးဟန်ကား၊ သင့်တန် ရုံမျှ၊ ခံရစရိုး၊ ကံ အကျိုးမူ၊ ပြည့်ဖြိုး လွန်စွာ၊ မကြုံသာခဲ့၊ ကြမ္မာမထောက်၊ ဉာဏ်မလျောက်ဘဲ၊ မောင်းကျောက် ဖျာယက်၊ ဂယောက် ဂယက်တိ၊ အချက်မဟုတ်၊ လွန်ကြိုးကုတ်၍၊ အားထုတ်သဖြင့်၊ ကျိုးမပွင့်ဘူး၊ ကိုယ်နှင့် စွမ်းအန်၊ မတန် မနီး၊ အကြံ ကြီးက၊ ပျက်စီးကြမြဲ၊ မချွတ်လွဲရှင့်၊ ဆင်းရဲဘို့ သာ၊ ဤလူ့ရွာဝယ်၊ အနာ နှင့် ဆေး၊ မသင့်ရေးကြောင့်၊ ဘေးဖြစ်တတ်စွာ၊ ဟူစပါ၏၊ ပညာ မဘက်၊ ကြက်နှယ် ယက်၍၊ နေ့ ရက် ကုန်ကာ၊ အရာမထင်၊ အသက်ရှင်ရုံ၊ နေဝင်နေထွက်၊ လုပ်လက် ရှုရှု၊ ဝမ်းမဝတည့်၊ လုံ့ သန့် နှယ်၊ အကြံငယ်သော်၊ မကြွယ် မဝ၊ ရေးကမ္မထက်၊ သုံ့သပညာ၊ နှစ်ဖြာပင့်ထောက်၊ သမ္မာ လျောက်၍၊ မီးတောက်လေကူ၊ ဟူ၏ ပမာ၊ များမကြာခင်၊ ကာကဏိက၊ ကြွက်သေမျှနှင့်၊ လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်ရှင့်၊ အကယ် ဘတ်ပွန်၊ ထိုသူမွန်ကား၊ ကံ ဉာဏ် ဝီရိယ၊ ဤကိစ္စဖြင့်၊ လူများအခေါင်၊ မှန်ကင်းတောင်၏၊ နောင်တမလွန်၊ ချမ်းသာမွန်လည်း၊ မိုးစွန် ဖြိုးမောက်၊ တံခွန်ဆောက်သို့၊ နတ်ခြောက်ဌာနေ၊ ရမြဲပေတည်း။ (၁၆)

ကာကဏိက- တမြင်းရွေးမျှ တန်သော (ကြွက်သေကို) အရင်ပြုပြီး စီးပွားရှာသည် ဟူလို။

မိုး မြေ စကြာဝဠာ၊ သတ္တဝါ လောက၊ ဟူသမျှနှင့်၊
သုခဒုက္ခာ၊ ခံစားရာကို၊ ဗြဟ္မာ နတ်ဘင်၊ ဆိုကြဟန်
ကား၊ မမှန်မိစ္ဆာ၊ ဒိဋ္ဌိသာရှင့်၊ သမ္မာ ရှေ့သား၊ သဒ္ဒါ
ပွားလော့၊ ဆယ်ပါး ကုသိုလ်၊ မပြုလိုမူ၊ နှောင်းစို ကာလ၊
ဖြစ်သမျှ၌၊ ဘဝ မမြတ်၊ယုတ်မာတတ်၏၊ လူ နတ် ချမ်း
သာ၊ မရရာဘူး၊ တဏှာ လိုက်စား၊ မေ့ပျော်ပါးလျက်၊
တရားမကျင့်၊ လိုလိုရင့် ဟု၊ မသင့် ယူငြား၊ဆောက်တည်
မှားက၊ လေးပါး ပါယ်ဘုံ၊ လားတုံတုံတည့်၊ မြုံခဲ့ ချမ်း
သာ၊ ဘဝကြာတိုင်း၊ သမ္ဘာ မရင့်၊ တဏှာ ဆင့်၍၊ ရှည်
မြင့် ကြာညောင်း၊ ဝဲ ခနှောင်းသို့၊ တပြောင်း ပြန်ပြန်၊
သာမဆန်ဘဲ၊ နိဗ္ဗာန် ဝေးဘိ၊ သုဂတ်မျှ၊ မသိတို့စွာ၊
ပါယ်လေးရွာဝယ်၊ ဖိလာ အမြဲ၊ လူ့ နတ်ပွဲနှင့်၊ ချွတ်လွဲ
ချော်ရမည်ကိုကား။ (၁၇)

# လူ ၄-မျိုး ကွဲပြားပုံ

[ဝိမာနအဋ္ဌကထာ-၁၉-၂၀]

ဤ လူ ၄-မျိုး ကွဲပြားပုံကား အတိတ်ဘဝများက ပြုခဲ့သော အကြောင်းများကြောင့် ကွဲပြားခြင်း မဟုတ်၊ ပစ္စုပ္ပန် လက်ရှိ ဘဝ၌ မိမိတို့ ကိုယ်တိုင် ပြုကြသော အမှုများကြောင့် ကွဲပြားခြင်း ဖြစ်သည်၊ သို့သော် ဗဟုသုတ တိုးပွားစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဤလူ ၄-မျိုး ကွဲပြားပုံကိုလည်း ထုတ်ပြလိုက်သည်။

၁ - လူငရဲသား

၂ - လူပြိတ္တာ

၃ - လူတိရစ္ဆာန်

၄ - လူအစစ်

၁ - **လူငရဲသား** ဆိုသည်မှာ....မပြုသင့် မပြုထိုက်သော ဒုစရိုက်အမှုများကို ပြုလုပ် ကျူးလွန်မိသောကြောင့် အုပ်စိုးသူတို့က လက်ဖြတ်ခြင်း, ခြေဖြတ်ခြင်း, ချုပ်နှောင်ခံရခြင်း စသော ၃၂-ပါးသော ကမ္မကရဏ (ကံကြမ္မာ) အမှုတို့ကို ပြုလုပ်ခံရ၍ ဆင်းရဲကြီးစွာ ခံစားနေရသော လူသည် ငရဲသားနှင့် တူသောကြောင့် ထိုလူကို 'လူငရဲသား' ဟူ၍ ခေါ်ဆိုရလေသည်။

ထိုသို့အုပ်စိုးသူက သတ်ဖြတ် ညှင်းဆဲခြင်း စသည် ပြုလုပ်မခံရသော်လည်း မိမိတို့ ပြုလုပ်သော မကောင်းမှု ဒုစရိုက်များက မကောင်းကျိုး ပေးချိန် တန်လာသော အခါ မိမိတို့ ပယောဂကြောင့် ဖြစ်စေ၊ တစုံတခုသော ရောဂါဝေဒနာကြောင့် ဖြစ်စေ လက်ကို ဖြတ်ရခြင်း၊ ခြေကို ဖြတ်ရခြင်း၊ နှာခေါင်း ဖြတ်ရခြင်း၊ မျက်စိကွယ်ခြင်း၊ ကြီးကျယ်သော ရောဂါဝေဒနာကို ခံစားရခြင်း - စသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားနေရသော လူသည်လည်း ငရဲသားနှင့် တူသောကြောင့် ထိုလူကိုလည်း 'လူငရဲသား' ဟူ၍ ခေါ်ဆို ရလေသည်။

၂ - **လူပြိတ္တာ** ဆိုသည်ကား.... အချို့လူတို့မှာ လူဖြစ်လာပါသော်လည်း ဝမ်းဝရုံ စားရဘို့၊ လုံခြုံအောင် ဝတ်ရဘို့၊ လုံလုံခြုံခြုံ နေထိုင်ရဘို့မျှ မရှိရှာလေ၊ အမြဲတမ်းလိုလို ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း ပြင်းပြစွာ ဖြစ်လျက် နေထိုင်ရန် အိုးအိမ်လည်း အတည်တကျ မရှိ၊ အရပ်တကာ လှည့်လည်လျက် တောင်းရမ်းစားသောက် နေထိုင်တတ်၏၊ ထိုလူကို ပြိတ္တာနှင့် တူသောကြောင့် 'လူပြိတ္တာ'ဟူ၍ ခေါ်ဆိုရလေသည်၊ (ဤ လူပြိတ္တာ ခေါ်ရသူကား ပစ္စုပ္ပန် အကြောင်းသာ မက အတိတ်ဘဝက ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း 'ဒါန' မရှိခဲ့မှုလည်း အကြောင်းတခု အဖြစ်ဖြင့် ပါဝင်လေသည်။)

၃ - **လူတိရစ္ဆာန် ဆိုသည်ကား....**လူဖြစ် လာပါသော်လည်း

သူတပါးကို မှီခို၍ သာ သူတပါးတို့ ခိုင်းသမျှ စေသမျှ လုပ်ကိုင်ပေးရပြီးလျှင် ဝမ်းဝရုံမျှ စားသောက်ရသူ့ မလုံမခြုံ ဝတ်ရသူ့ နေထိုင်ရသူ့ မပြုသင့် မပြုထိုက်သော ဒုစရိုက် အမှုများကို ပြုလုပ်မိခြင်းကြောင့် နှိပ်စက် ခံရမည်- သတ်ဖြတ်ခံရမည်ကို ကြောက်လန့်၍ တောကြို တောင်ကြား၌ ပုန်းအောင်း နေရပြီးလျှင် စားဝတ်နေရေး ကြပ်တည်း ဆင်းရဲသူ့အကြောင်း ဟုတ် မဟုတ် အကျိုး ဟုတ် မဟုတ် ခွဲခြား မသိတတ်ဘဲ စားဝတ်နေရေး ကြပ်တည်း ဆင်းရဲလှသူ - ဤလူအားလုံးကို တိရစ္ဆာန် နှင့် အလား တူသောကြောင့် 'လူတိရစ္ဆာန်' ဟူ၍ ခေါ်ဆိုရလေသည့်။

**လူအစစ်ဆိုသည်ကား**....အကျိုးစီးပွား ရှိသော အရာ ဟုတ်သည် မဟုတ်သည်ကို ခွဲခြား သိတတ်ပြီးလျှင် ကံ (အမှု) ကံ၏ အကျိုးကိုလည်း ယုံကြည်လျက် ဒုစရိုက် အမှုများကို ပြုလုပ်ရမည်မှ ရှက်တတ်ခြင်း, ကြောက်တတ်ခြင်း ဖြစ်ကာ သတ္တဝါများ အပေါ်၌လည်း သနား ကြင်နာတတ်၍၊ ဒုစရိုက် အမှုများကိုလည်း မပြုလုပ်မိအောင် သတိထား ရှောင်ကြဉ် တတ်၍၊ ပုညကိရိယာဝတ္ထု ၁၀ - ပါးကိုလည်း စွမ်းအား ရှိသမျှ ဆည်းပူး အားထုတ်၍၊ အခြား အခြားသော လူကျင့်ဝတ် တရားများကိုလည်း လိုက်နာ၍၊ စောင့်စည်းရမည့် အရာများကို စောင့်စည်း၍၊ ပြုလုပ် ရ

မည့် အရာများကို ပြုလုပ်၏၊ အပါယ်လေးပါး၌ ကျ ရောက်ခံစားရမည့် ဒုက္ခ, ဝဋ်၌ ကျင်လည်၍ တွေ့ကြုံ ရမည့် ဒုက္ခများကိုလည်း ထိတ်လန့်ခြင်း, ကြောက်ရွံ့ ခြင်း သံဝေဂဉာဏ်လည်း ရှိ၏၊ ဤဆိုခဲ့ပြီးသော ဂုဏ် အပေါင်းနှင့် ပြည့်စုံသူကား 'လူအစစ်' ဖြစ်လေ သည်၊ ထို့ကြောင့် မိမိကိုယ်ကို မိမိပြန်လည် စစ်ဆေး ၍ လူအစစ် ဖြစ်ကြရလေအောင် ကြိုးစား ပြုပြင် နိုင် ကြပါစေ။

—

## လူ ၄ - မျိုး ကွဲပြားပုံ ( ၁ )

### ဗိဋ္ဌာလပါဒကသေဋ္ဌိဝတ္ထု

[ ဓမ္မပဒအဋ္ဌကထာ ဒု-အုပ် ၁၁-၁၂၊ ပ-အုပ် ၄၉-၃၅၉ ]

၁ - မိမိကိုယ်တိုင်က လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း အမှု ကို ပြုလုပ်၏၊ သူတပါးကို မူကား မတိုက်တွန်း သူသည် ဖြစ် ရာဖြစ်ရာ ဘဝများ၌ ပစ္စည်းဥစ္စာနှင့် ပြည့်စုံ၏၊ အခြံအရံကား မရှိတတ်ပေ။

၂ - မိမိကိုယ်တိုင်ကမူ လှူဒါန်း ပေးကင်း စွန့်ကြဲခြင်း မပြု၊ သူတပါးကို မူကား လှူဒါန်း ပေးကမ်း စွန့်ကြဲရန် တိုက်တွန်း နိုးဆော်သူသည် ဖြစ်ရာဖြစ်ရာ ဘဝများ၌ အခြံအရံနှင့် ပြည့် စုံ၏၊ ပစ္စည်းဥစ္စာကား မရှိတတ်ပေ။

၃ - မိမိကိုယ်တိုင်လည်း လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း မပြု၊ သူတပါးကိုလည်း လှူဒါန်း ပေးကမ်း စွန့်ကြဲရန် မတိုက်

တွန်း မနှိုးဆော်သူသည် ဖြစ်ရာဖြစ်ရာ ဘဝများ၌ ပစ္စည်း ဥစ္စာလည်း မရှိ၊ အခြံအရံလည်း မရှိတတ်ပေ။

၄ - မိမိကိုယ်တိုင်လည်း လှူဒါန်း ပေးကမ်းစွန့်ကြဲလေ့ ရှိ၏၊ သူတပါးကိုလည်း လှူဒါန်း ပေးကမ်း စွန့်ကြဲရန် တိုက်တွန်း နှိုးဆော်သူသည် ဖြစ်ရာဖြစ်ရာ ဘဝများ၌ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံ၏၊ အခြံအရံလည်း ရှိ၏။

ဤသို့ လူ ၄-မျိုး ကွဲပြားပုံကို ဟောထားကြောင်း ဖွင့်ပြထား၏။

၁ - ပစ္စည်း ဥစ္စာနှင့် ပြည့်စုံသော်သည်း အခြံအရံမရှိသူ။

၂ - အခြံအရံနှင့် ပြည့်စုံသော်လည်း ပစ္စည်းဥစ္စာ မရှိသူ။

၃ - အခြံအရံလည်း မရှိ၊ ပစ္စည်းဥစ္စာလည်း မရှိသူ။

၄ - အခြံအရံနှင့်လည်း ပြည့်စုံ၍ ပစ္စည်း ဥစ္စာလည်း ပေါများသူ။

---

## လူ ၄-မျိုး ကွဲပြားပုံ ( ၂ )

### မာဃဒေဝ လင်္ကာသစ်

[နံပါတ် ၂၂၅]

၁ - ရဟန်း ပုဏ္ဏား၊ သူမြတ်များအား၊ လေးပါး ပစ္စည်း၊ ထံကပ်ဆည်း၍၊ ဘိတ်လည်း ဘိတ်လျက်၊ ဖောက်ပျက် စေတနာ၊ နောက်အခါသော်၊ သဒ္ဓါမရှေး၊ မစွေ့မေး

ရှိ၊ မပေးလိုတတ်၊ မကြည်မြတ်ဘဲ၊ ယှင်းချွတ်သသူ၊ ထိုမျိုလူကား၊ နောင်မူ များစွာ၊ ဖြစ်လေရာ၌ ၊ကြမ္မာ မကူ၊ ညှိုးကြုံပူလျက်၊ ကိုယ်ထူ ကိုယ်ထ၊ ဝီရိယဖြင့်၊ လုံ့လ ကြိုးစား၊ စီးပွားဖြစ်မှု၊ အားထုတ်ပြုလည်း၊ တခုက ယွင်း၊ တခု ဟင်း၍၊ တိမ်းပင်း ဆုတ်ဆိုင်း၊ အပိုင်းပိုင်းနှင့်၊ လုပ်တိုင်း မအောင်၊ ဆောင်တိုင်း မမြောက်၊ ဆားလေ့မှောက်သို့၊ ဘောက်ဘောက် ပြားပြား၊ မပွားမဖြိုး၊ အချည်းနှီးလျှင်၊ ပျက်စီး တတ်စွာ၊ ထက်ချည်းခါ၏။

၂ - သဒ္ဒါ မလှိုင်း၊ ဘိတ်တိုင်း ကြည်ညို၊ မပေးလိုဘဲ၊ ဝန်တို ခြိုက်ချယ်၊ အနည်းငယ်မျှ၊ အကယ် ချီချီ၊ ပေးသူတို့မူ၊ နှစ်လို့လိုအင်၊ မပြည့်လင်ရှင့်။

၃ - အကြင် တယောက်၊ ဘိတ်ကိုင်း လောက်သာ၊ မဘောက်ရုံမျှ၊ ပေးတတ်ကလျှင်၊ ကိစ္စလိုရုံ၊ ပြီးပြည့်စုံ၏။

၄ - အပုံ အဖိုး၊ မြောက်ချီး၊ ဖြိုးဝှန်၊ ဘိတ်တိုင်း လှုန်အောင်၊ သွန်သွန်မှောက်မှောက်၊ ရှင်ဝမ်းမြောက်၍၊ မောက်မောက် လျှမ်းလျှမ်း၊ လွှေ့လွှေ့ ရမ်းဖြင့်၊ ပေးကမ်းတတ်သူ၊ ထိုလူများကား၊ စီးပွား လုပ်ဆောင်၊ ကြံတိုင်းအောင်လျက်၊ တောင်နှယ်ဖြိုးဖြိုး၊ ပွားတက်တိုး၍ တန်ခိုးပေါ်ရမည်ကိုကား။ ။

## ငှင်းလက်ာအရ ဝဏိဇ္ဇာသုတ်

[အံ- ၄၊ ပါ- ၃၉၃၊ ဋ္ဌ- ၃၂၀၊]

၁ - အကြင်သူသည် ရဟန်း သံဃာတော်များထံ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့အား အပ်သော ပစ္စည်းလေးပါး စသည်ကို တောင်းရန် (ဝါ) အလှူခံရန် ဖိတ်၏၊ သို့သော် နောက်ကာလ၌ သဒ္ဓါတရားပျက်၍ လုံးဝ ပေးလှူခြင်း မရှိခဲ့၊ ထိုသူသည် ပင်ပင်ပန်းပန်း ဆင်းရဲစွာ လုပ်ကိုင်စားသောက် နေထိုင်ရတတ်၏၊ လုပ်ဆောင်သမျှ လုပ်ငန်းများလည်း ပျက်စီးသည် ချည်း သာ များတတ်၏။

၂ - အကြင်သူသည် ဖိတ်ထားခဲ့သလောက် မလှူမဒါန်းဘဲ အနည်းငယ်မျှ သာ ပေးလှူတတ်၏၊ ထိုသူသည်သည် စီးပွားဥစ္စာ ရှာဖွေရာ၌ လုံလုံလောက်လောက် မရတတ်၊ ချို့ချို့ငဲ့ငဲ့ ဝတ်ရ စားရ နေရတတ်၏။

၃ - အကြင်သူသည် မိမိ ဖိတ်ထားခဲ့သလောက် သာ လှူဒါန်းပေးကမ်းလေ့ ရှိ၏၊ ထိုသူသည် စီးပွားဥစ္စာ ရှာဖွေရာ၌ မိမိ အဘို့ လုံလောက်ရုံ သာ ရ၍ ပိုပိုမိုမို မရရှိတတ်ပေ။

၄ - အကြင်သူသည် မိမိ ဖိတ်ထားခဲ့သည်ထက် ပိုပိုလျှံလျှံ လှူဒါန်းလေ့ ရှိ၏၊ ထိုသူသည် ဖြစ်လေရာရာ ဘဝများ၌ စီးပွားဥစ္စာ ရှာဖွေရာတွင် ကြံတိုင်း အောင်၍ ဆောင်တိုင်းမြောက်လေ့ ရှိ၏၊ ပိုပိုလျှံလျှံ ရတတ်၏၊ ပစ္စည်းဥစ္စာများ ဒီရေအလား တနေ့တခြား တိုးသည်ထက် သာ တိုးလာတတ်၏။

၁ - ဖိတ်ပြီး မလှူဒါန်းခဲ့သူသည် လုပ်ဆောင်သမျှ ပျက်စီးသည် သာ များတတ်၏။

၂ - ဖိတ်ပြီး အနည်းငယ်မျှ သာ လှူဒါန်းခဲ့သူသည် ချို့ချို့ငဲ့ငဲ့ ဖြစ်တတ်၏။

၃ - ဖိတ်ပြီး ဖိတ်သမျှ သာ လှူဒါန်းခဲ့သူသည် လိုလောက်ရုံမျှ သာ ရှိတတ်၏။

၄ - ဖိတ်ပြီး ပိုပိုမိုမို လှူဒါန်းခဲ့သူသည် ပိုပိုလျှံလျှံ ရတတ်၏။

**တူသောအကျိုး။** ။မိမိတို့ ပြုလုပ်ခဲ့ပြီး ပြုလုပ်ဆဲ ဖြစ်သော အမှု (ကံ) အား လျော်စွာ အကျိုးပေးတတ်ပုံကို မျက်ဝါးထင်ထင် သိမြင်ကြသော ဓမ္မမိတ်ဆွေ အပေါင်းတို့သည် တူသော အကျိုးပေးတတ်ပုံကို သတိပြုလျက် ပြုပြင်နိုင်ကြပါစေ။

---

## လူ ၄ - မျိုး ကွဲပြားပုံ (၃)

## မဟာကမ္မဝိဘင်္ဂသုတ်

[ဥပရိပဏ္ဏာသပါဠိ ၂၄၉ (အဋ္ဌကထာ ၁၀၁) ၌]

၁ - ဒုစရိုက်အမှု ပြုပြီးနောက် အပါယ်လေးဘုံသွားသူ။

၂ - ,, ,, သုဂတိဘုံ သွားသူ။

၃ - ပုညာဘိရိယာ၀တ္ထု ၁၀ - ပါးကို ပြုပြီးနောက်
သုဂတိဘုံ သွားသူ။

၄ - ၎င်း အပါယ်လေးဘုံ သွားသူ။

ဤပုဂ္ဂိုလ် ၄ - မျိုးကို အကျယ် ဟောထားတော်မူ၏။

**နံပါတ် ၂ အရ ဖြေရှင်းရသော်**....ဒုစရိုက်အမှု အမျိုးမျိုးကို ပြုလုပ် အားထုတ်ခဲ့သော သူသည် သေခါနီး ကာလ၌ မိတ်ဆွေကောင်းကို ရ၍ ထိုမိတ်ဆွေကောင်း၏ ပြုပြင်ပေးမှုကြောင့် သုဂတိ ဘ၀သို့ ရောက်ရသူတည်း၊ တမ္ဗဒါဌိက ခိုးသူသတ်ယောကျ်ားသည် သေခါနီး၌ အသျှင်သာရိပုတ္တရာ မထေရ်မြတ်၏ တရားတော်ကို နာရခြင်းကြောင့် နတ်ပြည်သို့ ရောက်သွားလေသည်၊ ပြုခဲ့သော အကုသိုလ်ကံတို့ကား နောင် အခွင့်သာလျှင် ပြန်၍ မကောင်းကျိုးများကို ပေးမည်မှာ မလွဲ ဧကန်တည်း။ ။မဋ္ဌကုဏ္ဍလီဝတ္ထု စဏ္ဍာလီဝတ္ထု စသည်တို့လည်း နည်းတူပင်တည်း။

မိမိ ကိုယ်တိုင် သတိသံဝေဂ ရ၍ သေခါနီး၌ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အောက်မေ့ ဆင်ခြင်သော်၎င်း, တစုံတခု ပြုခဲ့ဘူးသော ကောင်းမှု ကုသိုလ်ကံကို အမှတ်ရ ဆင်ခြင်သော် ၎င်း ထိုသူလည်း သုဂတိဘ၀သို့ ရောက်နိုင်ပေသည်၊ ကုသိုလ်အာသန္နကံ ကြား၀င်၍ အကျိုးပေးမှုပေတည်း။

ပဋ္ဌာနန္တရိယကံ လွန်ကျူးထားသူ အတွက်ကား မည်သည့်

ကုသိုလ်ကံမျှ ကြားဝင်၍ အကျိုးမပေးနိုင်ပေ၊ ထိုသူ သေလွန်လျှင် ကေန်မလွဲ ငရဲသို့ သာ ကျရောက်တော့သည်။

**နံပါတ် ၄ - အရ ဖြေရှင်းရသော်....** ဒုစရိုက် အမှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀- ပါးကိုကြိုးစား အားထုတ်ခဲ့သော ပုထုဇဉ်ပုဂ္ဂိုလ်သည် သေခါနီးကာလ၌ တစုံတခုသော အကုသိုလ်ကံကို အောက်မေ့ဆင်ခြင်မိသောကြောင့် အပါယ်လေးဘုံသို့ ရောက်ရသူတည်း၊ အကုသိုလ် အာသန္နကံ ကြားဝင်၍ အကျိုးပေးမှုပေတည်း။

ပြုခဲ့သော ကုသိုလ်ကံတို့ကား နောင်အခွင့်သာလျှင် ပြန်၍ ကောင်းကျိုးများကို ပေးမည်မှာ မလွဲ ကေန်တည်း။

ကဿပဘုရားသျှင် လက်ထက်တော် အခါ အနှစ် ၂- သောင်း ကာလပတ်လုံး ရဟန်းတရားကို ကြိုးစားအားထုတ်နေသော ရဟန်းတော် တပါးသည် တနေ့သော အခါ လှေဖြင့် ခရီးသွားစဉ် (ဗြိတ်) မြက်ရွက်ကို ဖြတ်မိခဲ့ပြီး သင့်သော အာပတ်ကို မကုစားမိရကား သေခါနီးကာလ၌ နှလုံးမသာမယာ (ဒေါမနဿ) ဖြစ်ခဲ့သောကြောင့် ဧရကပတ္တ နဂါးမင်း (တိရစ္ဆာန်) ဖြစ်ရလေသည်။

ငါတို့ ဘုရားသျှင် လက်ထက်တော် အခါ တိဿ မည်သော ရဟန်းတော်တပါးသည် သေခါနီးကာလ သင်္ကန်း၌ စွဲလမ်းမှု တဏှာဥပါဒါန်ကြောင့် (၇) ရက်မျှ သန်းပိုးတွား ဖြစ်ရလေသည်၊ (၇) ရက်စေ့၍ တဖန် စုတေပြန်သော အခါ တုသိတာ နတ်ပြည်သို့ ရောက်သွားတော့သည်။

စျာန် အဘိညာဉ်ရသူ ပုထုဇဉ်တို့မှာ ထိုစျာန် အဘိညာဉ်တို့ မကွယ်မပျောက်ဘဲ စုတေခဲ့သော် အဘယ် အကုသိုလ်ကံမျှ ကြားဝင်၍ အကျိုးမပေးနိုင်ပေ၊ ကေန်မုချ ဗြဟ္မာ့ဘုံသို့ သာ ရောက်ကြရလေသည်။

နံပါတ် ၁။ ၃ - တို့ကား ဖြေရှင်းဘွယ် မလိုပေ။

---

## တမောတမသုတ် အကျယ်

### လူ ၄ မျိုးကွဲပြားပုံ ( ၂ )

အမှာ။ ။ရှေ့နောက်ပြင်ထားသည်၊ အဓိပ္ပာယ်မထူးခြား။

၁ - ဇောတိ ဇောတိ ပရာယနပုဂ္ဂိုလ် .... လူပြည် နတ်ပြည် ဗြဟ္မာပြည်ဟု ဆိုအပ်သော သုဂတိဘုံဘဝမှ လူလာ ဖြစ်ပြီးလျှင် တဖန် လူ နတ် ဗြဟ္မာ ဟူသော သုဂတိ ဘုံဘဝသို့ ပြန်သွားရသောသူ။

ဤသို့ လူဖြစ်လာသော ဘဝတွင် ဒုစရိုက်အမှုများ ကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယဝတ္ထု ၁၀ ပါးတို့ကို ပြုလုပ်အားထုတ်ခြင်းကြောင့် ဘဖန် လူ နတ် ဗြဟ္မာ ဟူ သော သုဂတိဘုံဘဝတွင် တဘုံဘုံသို့ ပြန်လည်ရောက်ရှိ သွားသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ (ရှေးက ကောင်းလို့၊ ခုကောင်းတယ်၊ ခုကောင်းရင်၊ နောင် ကောင်းပါလိမ့် မယ်) ဟူ၍ ဆိုခဲ့ခြင်း ဖြစ်၏။ ။

၂ **တမော တမ ပရာယနပုဂ္ဂိုလ်** .... အပါယ်လေးဘုံ ဟူသော ဒုဂ္ဂတိဘုံဘဝမှ လူဖြစ်လာပြီးလျှင် တဖန် ၎င်းအပါယ်လေးဘုံသို့ ပြန်သွားရသောသူ။

ဤသို့ လူဖြစ်လာပြီးလျှင် အသိအလိမ္မာ ဉာဏ်ပညာ မရှိခြင်း, ဉာဏ်ပညာ ရှိရန် အားမထုတ်ခြင်း, ပညာမဲ့ သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်း စသော အကြောင်း များကြောင့် ဒုစရိုက်အမှု အမျိုးမျိုးတို့ကို ပြုလုပ်အားထုတ်ပြန်၏၊ ထိုသူ သေလွန်သောအခါ တဖန် အပါယ်လေးဘုံတွင် တဘုံဘုံသို့ ပြန်လည် ရောက်ရှိသွား၏၊ ထိုပုဂ္ဂိုလ်ကို ရည်ရွယ်၍ (ရှေးကဆိုးလို့ ခုဆိုးတယ်၊ ခုဆိုးရင် နောင် ဆိုးပါလိမ့်မယ်) ဟူ၍ ဆိုခဲ့ခြင်း ဖြစ်၏။

၃ - **ဇောတိ တမ ပရာယနပုဂ္ဂိုလ်**.... သုဂတိ ဘုံဘဝမှ လူဖြစ်လာပြီးလျှင် ဒုဂ္ဂတိဘဝသို့ ရောက်သွားသောသူ။

ဤသို့ လူဖြစ်လာပြီးလျှင် နံပါတ် ၂-၌ ဆိုခဲ့သော အကြောင်းများကြောင့် ဒုစရိုက်မှု အမျိုးမျိုးတို့ကို ပြုလုပ်အားထုတ်၏၊ ထိုသူ သေလွန်သောအခါ အပါယ်လေးဘုံတွင် တဘုံဘုံသို့ ရောက်ရှိသွား၏၊ ထိုပုဂ္ဂိုလ်ကို ရည်ရွယ်၍ (ရှေးကကောင်းလျက်၊ ခုဆိုးတယ်၊ ခုဆိုးရင်၊ နောင်ဆိုးပါလိမ့်မယ်) ဟူ၍ ဆိုခဲ့ခြင်း ဖြစ်၏။

၄ - **တမော ဇောတိပရာယနပုဂ္ဂိုလ်** .... ဒုဂ္ဂတိဘုံ ဘဝမှ လူဖြစ်လာပြီးလျှင် သုဂတိဘုံဘဝသို့ရောက်သွားသောသူ။

ဤသို့ လူဖြစ်လာလျှင် အသိအလိမ္မာ ဉာဏ်ပညာ ရရှိအောင် အားထုတ်ခြင်း, ပညာရှိ သူတော်ကောင်းတို့ နှင့် ပေါင်းသင်းဆက်ဆံခြင်း ဝသော အကြောင်းများ ကြောင့် ဒုစရိုက် ၁၀-ပါးမှ ရှောင်ကြဉ်ပြီးလျှင် ပုည ကိရိယာဝတ္ထု ၁၀-ပါးတို့ကို ကြိုးစားအားထုတ် ဖြည့် ကျင့်၏၊ ထိုသူ သေလွန်သောအခါ သုဂတိဘုံဘဝသို့ ရောက်ရှိသွား၏၊ ထိုပုဂ္ဂိုလ်ကို ရည်ရွယ်၍ (ရှေးကဆိုး လျက်၊ ခုကောင်းတယ်၊ ခုကောင်းရင်၊ နောင်ကောင်း ပါလိမ့်မယ်) ဟူ၍ ဆိုခဲ့ခြင်း ဖြစ်၏။ ။

၁ - အလင်းမှ လာ၍ အလင်းသို့ ပြန်သွားသူ။

၂ - အမှောင်တွင်းမှ လာ၍ အမှောင်တွင်းသို့ ပြန် သွားသူ။

၃ - အလင်းမှ လာ၍ အမှောင်တွင်းသို့ ဝင်ရောက် သွားသူ။

၄ - အမှောင်တွင်းမှ လာ၍ အလင်းသို့ ဝင်ရောက် သွားသူ။

ဤသို့လည်း မှတ်သားနိုင်၏။

သုဂတိဘဝကို အလင်း, ဒုဂ္ဂတိဘဝကို အမှောင်တွင်း ဟု ဟောထား၏။

ရှေးက ကောင်းသို့ ⎫ သုဂတိဘဝမှ စုတေပြီး လာသူ
ရှေးကကောင်းလျက် ⎭ ကို ပြဆို၏။

| | |
|---|---|
| ရှေးကဆိုးလို့<br>ရှေးကဆိုးလျက် | ဒုဂ္ဂတိဘဝမှ စုတေပြီး လာသူကို ပြဆို၏။ |
| ခု ကောင်းတယ်<br>ခုကောင်းရင် | ဤစကားကား ယခု ပစ္စုပ္ပန်ဘဝ၌ ဒုစရိုက် အမှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀-ပါးကို ပြုလုပ် အားထုတ်ခြင်းကို ပြဆို၏။ |
| ခု ဆိုးတယ်<br>ခု ဆိုးရင် | ဤစကားကား ယခုပစ္စုပ္ပန်ဘဝ၌ ဒုစရိုက် ၁၀-ပါးကို ပြုလုပ် အားထုတ်ခြင်းကို ပြဆို၏။ |
| နောင်ကောင်းပါလိမ့်မယ် | ပစ္စုပ္ပန် ဘဝ၌ ဒုစရိုက်မှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀-ပါးကို ပြုလုပ်အားထုတ်သော သူသည် နောင် အနာဂတ် ဘဝ၌ သုဂတိ ဘဝကို ရလိမ့်မည် ဟု ပြဆို၏။ |
| နောင် ဆိုးပါလိမ့်မယ် | ပစ္စုပ္ပန်ဘဝ၌ ဒုစရိုက်အမှု အမျိုးမျိုးကို ပြုလုပ် အားထုတ်သော သူသည် နောင် အနာဂတ်ဘဝ၌ ဒုဂ္ဂတိဘဝကို ရလိမ့်မည် ဟု ပြဆို၏။ |

## ပါဠိတော်ရင်း အခ်ပ္ပာယ်

၁ - **တမော တမပရာယဏော ပုဂ္ဂိုလ်။** ။ယခု လူဖြစ်လာသော ဘဝ၌ အောက်တန်းစား အလုပ်ကြမ်းသမား အမျိုး၌ ဖြစ်ရပြီးလျှင် ရုပ်ဆင်းအင်္ဂါလည်း ဆိုးဝါး၏၊ လက် ခြေ အင်္ဂါ စသည်တို့လည်း အခြားလူကောင်းများနှင့် မတူဘဲ ချွတ်ယွင်း၏၊ ဖောက်ပြန်၏၊ စားဝတ်နေရေး သုံးပါးလည်း မပြည့်စုံ၊ ထိုသို့ ဖြစ်ပါလျက် သတိတရား မရဘဲ ဒုစရိုက်မှု အမျိုးမျိုးကို ပြုလုပ်ပြန်၏၊ ထိုသူသည် အမှောင်တွင်းမှာ နေရ၍ အမှောင်တွင်းသို့ ပင် သွားရမည့်သူ ဖြစ်၏ ဟူလို။

၂ - **တမောဇောတိ ပရာယဏောပုဂ္ဂိုလ်။** ။ယခုဘဝ၌ ဆိုခဲ့ပြီးသူ ကဲ့သို့ ဖြစ်ရသော်လည်း နောင်တတရား ရကာ ဒုစရိုက် အမှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀ - ပါးကို စွမ်းအား ရှိသမျှ ပြုလုပ် အားထုတ်၏၊ ထိုသူသည် အမှောင်တွင်းမှာ နေရသော်လည်း နောင်အခါတွင် အလင်းသို့ သွားရမည့်သူ ဖြစ်၏ ဟူလို။

၃ - **ဇောတိ တမ ပရာယဏောပုဂ္ဂိုလ်။** ။ယခု လူဖြစ်လာသော ဘဝ၌ အထက်တန်းစား အမျိုး၌ ဖြစ်ရပြီးလျှင် ရုပ်ဆင်း အင်္ဂါလည်း လှပ၏၊ စား ဝတ် နေရေးလည်း ပြည့်စုံ၏၊ ထိုသို့ ဖြစ်ပါလျက် မေ့မေ့လျော့လျော့ ဖြစ်ကာ ဒုစရိုက်အမှု အမျိုးမျိုးကို ပြု

လုပ်၏၊ ထိုသူသည် အလင်း၌ နေရသော်လည်း နောင်အခါတွင် အမှောင်တွင်းသို့ သွားရမည့်သူ ဖြစ်၏ ဟူလို။

၄ - **ဇောတိ ဇောတိပရာယဏပုဂ္ဂိုလ်။** ။ယခု ဘဝ၌ ဆိုခဲ့ပြီးသူ ကဲ့သို့ ဖြစ်ရပြီးလျှင် သတိတရား လက်ကိုင်ထားကာ ဒုစရိုက် အမှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀ - ပါးကို စွမ်းအား ရှိသမျှ ပြုလုပ် အားထုတ်ပြန်၏၊ ထိုသူသည် အလင်းမှာ နေရ၍ နောင်အခါတွင်လည်း အလင်းသို့ သွားရမည့်သူ ဖြစ်၏ ဟူလို။

၁ - အမှောင်တွင်းမှာ နေရ၍ အမှောင်တွင်းသို့ ပင် သွားမည့်သူ။

၂ - အမှောင်တွင်းမှာ နေရသော်လည်း အလင်းသို့ သွားမည့်သူ။

၃ - အလင်း၌ နေရသော်လည်း အမှောင်တွင်းသို့ သွားမည့်သူ။

၄ - အလင်းမှာ နေရ၍ အလင်းသို့ ပင် သွားမည့်သူ။

---

## ဘယ်ဘဝမှ လာကြသနည်း

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဉာဏ်ရသူ၊ ဇာတိဿရ ဉာဏ်ရသူတို့မှ တပါး အခြားသူတို့မှာ မိမိတို့ အဘယ်ဘုံဘဝ

မှ စုတေ၍ ဤဘဝ၌ ဖြစ်လာကြသည် ဟု တပ်အပ်သေချာစွာ မသိနိုင်ကြပေ၊ အထက်ပါ ဉာဏ် ၂-ပါးတွင် တပါးပါးကို ရကြသော ပုဂ္ဂိုလ်တို့ကား မိမိတို့ အဘယ်မည်သော ဘုံဘဝမှ စုတေ၍ ဤဘဝ၌ ဖြစ်လာကြသည် ဟု တပ်အပ်သေချာစွာ သိနိုင်ကြပေသည်။

ရှင်းဉာဏ် ၂-ပါး မရသူတို့ မှန်းဆ၍ သိနိုင်သော နည်းကို မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၁၆၀, ၁၀၄၊ ဒီဃနိကာယ, သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ ၁၄၇၊ ခန္ဓဝဂ္ဂသံယုတ္တ အဋ္ဌကထာ ၃၁၄ -တို့၌....

ဒုဂ္ဂတိဘဝမှ လာသော ကလေးသူငယ်တို့မှာ မပြတ်မလတ် ငိုတတ်ကြောင်း, လန့်၍ အော်တတ်ကြောင်း, သုဂတိ ဘဝမှ လာသော ကလေးသူငယ်တို့မှာ အမြဲလိုလို ပြုံးရွှင်နေဘတ်ကြကြောင်း ဖွင့်ပြထားတော်မူကြ၏။

မိမိတို့ ဘယ်ဘဝကဘဲ လာသည် ဖြစ်စေ လွန်ခဲ့ပြီး အတိတ်ဘဝ ဖြစ်ခြင်းကြောင့် ပြန်လှန်တွေးတော ပူပန်နေစရာ မလိုတော့ချေ၊ ပူပန်နေ၍လည်း အကျိုးမထူးတော့ပေ။

ငရဲမှ လာသူတို့၏ ကိုယ်မှာ ပူပြင်းလှကြောင်း သုတ္တနိပါတ အဋ္ဌကထာ ပ-အုပ် ၆၀။ ။အပဒါနအဋ္ဌကထာ ပ-အုပ် ၁၇၉ တို့၌ ဖွင့်ပြထားသည်မှာ— 'နိရယတော အာဂတာနံ ဂတ္တာနိ ဥဏှာနိ ဟောန္တိ' ဟူသည်ဘည်း၊ အနက်ကား— နိရယတော၊

ငရဲဘုံမှ။ အာဂတာနံ၊ လာကုန်သော သူတို့၏။ ဂတ္တာနံ၊ ကိုယ်တို့သည်။ ဥဏှာနိ၊ ပူပြင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

—

## ဘယ်ဘဝသို့ သွားကြမည်နည်း။

**ဘုရား ရဟန္တာ အသျှင်မြတ်တို့ကား** ဘဝပြတ်ပြီ ဘဝကုန်ဆုံးပြီ ဖြစ်ခြင်းကြောင့် အထက်ပါ မေးခွန်းအတွက် ဖြေကြားစရာ မလိုတော့။

**ကျန် အရိယာပုဂ္ဂိုလ် သုံးယောက် တို့မှာလည်း** အပါယ်လေးဘုံသို့ လုံးဝ မကျရောက်နိုင်တော့ဘဲ လူ နတ် ဗြဟ္မာ ဟူသော သုဂတိဘုံသို့သာ ကေန် မချွတ် ရောက်ကြလတံ့ ဖြစ်ခြင်းကြောင့် ထူးထူးထွေထွေ ဖြေကြားစရာ မလိုတော့။

**လူသေ လူဖြစ်ဝါဒီ။** ။လူသေလျှင် ကေန် လူဘဲ ပြန်ဖြစ်မည် ဟု စွဲမြဲစွာ ယူထားကြသော လူသေ လူဖြစ်ဝါဒီ ပုဂ္ဂိုလ်တို့ အတွက်လည်း အထက်ပါ မေးခွန်းမှာ မသက်ဆိုင် လှပေ၊ ဤဝါဒ အလိုသော် ၃၁ ဘုံ မရှိနိုင်တော့ဘဲ လူဘုံတဘုံ သာလျှင် ရှိတော့သည်၊ ရုပ်နာမ်တရားတို့ ချုပ်ဆုံးရာ နိဗ္ဗာန်လည်း မရှိကောင်းတော့ပြီ၊ အရိယာဖြစ်ခွင့်လည်း မရှိတော့ပြီ၊ အနာဂါမ်ဖြစ်လျှင် သုဒ္ဓါဝါသဗြဟ္မာဘုံသို့ ရောက်ရမည်၊ လူသေ လူဖြစ်ဝါဒ အလိုသော် ထိုသို့ မရောက်နိုင်တော့ပြီ ဖြစ်ခြင်းကြောင့် အရိယာပုဂ္ဂိုလ် ဖြစ်ခွင့် မရှိတော့ကြောင်း သိသာလှ၏။ ။ဒုစရိုက် အမှုများကို ပြုလျှင်လည်း အပါယ်လေးဘုံသို့ ကျ

ရောက်ရန် မရှိတော့၊ ထိုသို့ သာ မကျရောက်ရိုး မှန်ခဲ့လျှင် အလွန် ဟန်ရသော ဝါဒပေတကား။ ။ဒုစရိုက် အမှုများကို ရှောင်ကြဉ်ပြီးလျှင် ပုညကိရိယာဝတ္ထု ၁၀ - ပါးကို ပြုလုပ် အားထုတ်သော သူသည်လည်း နတ်ဘုံ ဗြဟ္မာဘုံသို့ရင်း, နိဗ္ဗာန် သို့ရင်း မရောက်နိုင်တော့၊ ဤအလိုသော် ၎င်းဝါဒမှာ လက်ခံ ယူသားစရာ မကောင်းလှသေး။

လူသေလျှင် လူဘဲ ပြန်ဖြစ်မည် ဆိုသော် ဘယ်သို့ ပြန်ဖြစ် မည်နည်း ဟု စာရေးသူ တွေးကြည့်မိသည်၊ ဆင်းရဲသူ သေလျှင် ဆင်းရဲသူဘဲ ပြန်ဖြစ်မည်လော၊ နူနာရောဂါရှိသူ သေလျှင် နူ နာရောဂါရှိသူဘဲ ပြန်ဖြစ်မည်လော - ယောကျ်ား သေလျှင် ယောကျ်ားဘဲ ပြန်ဖြစ်မည်လော - မိန်းမသေလျှင် မိန်းမဘဲ ပြန် ဖြစ်မည်လော-စသည်ဖြင့် မေးခွန်းထုတ် မေးရလျှင် လူသေ လူ ဖြစ် ဝါဒီတို့ မည်သို့ ဖြေကြမည်နည်း။

**ဥစ္ဆေဒဒိဋ္ဌိ**—ဤဘဝမှ သေလျှင် ပြတ်၏၊ နောက်ဘဝ မရှိတော့ ပြီ ဟု စွဲမြဲစွာ ယူထားကြသော ဥစ္ဆေဒဒိဋ္ဌိဝါဒီ ပုဂ္ဂိုလ် တို့ အတွက်လည်း အထက်ပါ မေးခွန်းမှာ- ဖြေစရာ မလိုတော့ပေ။

ဖြေစရာလိုသော ပုဂ္ဂိုလ်ကား—

ဘုရား ရဟန္တာ မဖြစ်သေးသမျှ ၂၆ - ဘုံ၌ ( သုဒ္ဓါဝါသ ၅ - ဘုံ ကြဉ်ထားသည်) စုံဆန်အောက်ထက် ကျင်လည်နေကြ

ရသည် ဟု စွဲမြဲစွာ ယူဆထားသော ပုဂ္ဂိုလ် များတည်း၊ ထိုပုဂ္ဂိုလ် များ အတွက် လွယ်လွယ် အဖြေပေးရသော်—

ခု ကောင်းလျှင် နောင်ကောင်းမည် သာတည်း
ခု ဆိုးလျှင် နောင်ဆိုးမည် သာတည်း။

တမောတမသုတ် အကျယ် ပြခဏ်း၌ ပြန်ကြည့်ပါလေ။

# သုဂတိဘဝ မြဲစေရန် ကျင့်ဝတ်များ

အရိယာပုဂ္ဂိုလ် မဖြစ်သေးသမျှ ပုထုဇဉ် ပုဂ္ဂိုလ် တို့ကား ဂတိ ၅ - ပါးတွင် တပြောင်းပြောင်း ပြန်ပြန် စုံဆန် အောက်ဆက် ရောက်ယက်ခတ် ပြေးသွားကျင်လည် နေကြ ရကြောင်း အများအသိ ပင် ဖြစ်တော့သည်၊ ထိုကြောင့် ထွင်ခေါင်ကမ္ဗဒွာန်း သံပေါက်၍—

" ဂတ် ငါးပါး၊ ဆုံလည်နွား၊ သွား၍ မဆုံးပြီ"

ဟူ၍ မိန့်ဆိုထားပေသည်၊ ထိုဂတိ ၅ - မျိုးတွင်လည်း မနုဿဂတိ ဒေဝဂတ် နှစ်မျိုးမှ စုတေ သေလွန်ကြသော ပုဂ္ဂိုလ်တို့သည် ငရဲဂတ် နှစ်မျိုး၌ ပြန်ဖြစ် ရသူကား အလွန့်အလွန် နည်းပါးလှကြောင်း **သံယုတ္တနိကာယ နခသိခသုတ် ကာဏကစ္ဆောပမာသုတ်** စသည်တို့၌ အကျယ်တဝင့် ဟောထားတော်မူလေသည်၊ ဆိုခဲ့ပြီး ဂတိနှစ်မျိုးမှ စုတေ သေလွန် ကြသော ပုထုဇဉ်ပုဂ္ဂိုလ် တို့ကား တိရစ္ဆာနဂတိ, နိရယဂတိ, ပေတဂတိ ဤဂတိ သုံးမျိုးတို့၌ သာ အဖြစ်များ ကြကြောင်း ဟောထားတော်မူ၏။

## ဂတိ ၅ - မျိုး

၁ - လူပြည်သို့ ရောက်ရခြင်းသည် မနုဿတိဂတိ မည်၏။

၂ - နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ရခြင်းသည် ဒေဝဂတိ မည်၏။

၃ - တိရစ္ဆာန်ဘုံသို့ ရောက်ရခြင်းသည် တိရစ္ဆာနဂတိ မည်၏။
၄ - ငရဲဘုံသို့ ။ နိရယဂတိ မည်၏။
၅ - ပြိတ္တာ အသုရကာယ်ဘုံသို့ ရောက်ရခြင်းသည် ပေတဂတိ မည်၏။

ထိုသို့ ပုထုဇဉ်တို့မှာ ဂတိ မမြဲသေးသောကြောင့် ပုထုဇဉ်အဖြစ်မှ လွန်မြောက်၍ အရိယာ အဖြစ်သို့ ရောက်အောင် ဝိပဿနာတရားကို လွန်စွာကြိုးကုတ် အားထုတ်သင့်ကြပေသည်၊ ပုထုဇဉ်အဖြစ်နှင့် ပင် ဂတိကောင်း မြဲစေလိုသော် အင်္ဂုတ္တရနိကာယ နဝကနိပါတ အဋ္ဌကထာ ၂၆၅ ၌လာသော ကျင့်ဝတ်များကို ကြိုးစားအားထုတ်ကြရန် စေတနာ ကောင်း ဖြင့် တိုက်တွန်းလိုက်ရပေသည်၊ ၎င်းအဋ္ဌကထာ၌—

ယေသံ ပန ကုလာနံ တိဏ္ဏံ သရဏာနံ ပဉ္စသီလာနံ ဧကံ သလာကဘတ္တံ ဧကံ ပက္ခိယဘတ္တံ ဧကံ ဝဿာဝါသိကံ ဧကာ ပေါက္ခရဏီ ဧကော အာဝါသော ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္န သဒိသာနေဝ တာနိ ကုလာနိ။

ဟူ၍ မိန့်ဆိုထားတော်မူ၏။

အနက်

ယေသံကုလာနံ၊ အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးတို့အား။ တိဏ္ဏံသရဏာနံ၊ သရဏဂုံ သုံးပါးတို့သည် ၎င်း။ ပဉ္စသီလာနံ၊ ငါးပါးသီလတို့သည်၎င်း။ ဧကံသလာကဘတ္တံ၊ ဘုံ

သော စာရေးတန် ဆွမ်းကျွေးခြင်းသည်ငှင်း။ ကော် ပက္ခိယဘတ္တံ၊ တခုသော လဆန်းပက္ခ လဆုတ်ပက္ခ၌ ကျွေးမွေးခြင်းသည်ငှင်း။ ကော် ဝဿဝါသိကံ၊ တခုသော ဝါဆိုသင်္ကန်းကို လှူဒါန်း ခြင်းသည်ငှင်း။ ကော ပေါက္ခရဏီ၊ တခုသော ရေကန် ရေတွင်းသည် ငှင်း။ ကော အာဝါသော၊ တခုသော ကျောင်း ဇရပ် သိမ် ဂူ စသော အရိပ်အာဝါသသည်ငှင်း။ ဧဝရူပါနိ၊ ဤသို့သဘော ရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ အမြဲမပြတ် ပြုအပ်သော ကောင်းမှု ကုသိုလ်တို့သည်။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။ တေသမ္ပိ၊ ထိုအမျိုး ကောင်းသား အမျိုးကောင်းသမီးတို့အားလည်း။ ဂတိ၊ သုဂတိ ဘဝသို့ ရောက်ရခြင်းသည်။ နိဗဒ္ဓါ၊ မြဲကြလေကုန်၏၊ တာနိ ကုလာနိ၊ ထိုအမျိုးကောင်းသား အမျိုးကောင်း သမီး တို့သည်။ သောတာပန္နာဒိသာနေဝ၊ သောတာပန်အရိယာ ပုဂ္ဂိုလ်တို့နှင့် အလားတူကုန်သည် သာလျှင်တည်း။

အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် —

၁ - ရတနာသုံးပါးကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ်၏။

၂ - ငါးပါးသီလ လုံခြုံ၏၊

၃ - စာရေးတန်ဆွမ်းကို အမြဲ ကျွေးမွေးလေ့ ရှိ၏၊

၄ - လဆန်းပက္ခ လဆုတ်ပက္ခ၌ အမြဲ ဆွမ်းကျွေးလေ့ ရှိ၏၊

၅ - ဝါဆိုသင်္ကန်းကို အမြဲ လှူဒါန်းလေ့ ရှိ၏၊

၆ - ရေကန် ရေတွင်း တူး၍ လှူဒါန်း၏၊

၇ - အရိပ်အာဝါသကို ပေးတတ်သော ကျောင်း ဇရပ် သိမ် ဂူ စသည်ကို လှူဒါန်း၏၊

ဤကောင်းမှု ကုသိုလ် ၆-မျိုးတွင် တမျိုးမျိုးကို စွဲမြဲစွာပြုလုပ် အားထုတ်လေ့ရှိသော ထိုအမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် လူဘဝ နတ်ဘဝ ဟူသော ဂတိကောင်းသို့ ရောက်မည် မချွတ်ကေန် အမှန် ဟူ၍ မှတ်ရမည်၊ သောတာပန် အရိယာတို့ ကဲ့သို့ ဂတိကောင်းရရန် မလွဲတော့ပေ။

ထို့ကြောင့် လူဘဝ နတ်ဘဝ ဟူသော ဂတိကောင်း မြဲလိုကြ သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဆိုခဲ့ပြီးသော ကျင့်ဝတ် ၆-မျိုးတွင် တမျိုးမျိုးကို စွဲစွဲမြဲမြဲ အားထုတ်သင့်ကြပေသည်။

---

## တနည်း ၅ - မျိုး

[ဥပရိပဏ္ဏာသ၊ သင်္ခါရုပပတ္တိသုတ် ပါဠိ ၁၄၀၊ အဋ္ဌကထာ ၁၄၀]

အကြင် အမျိုးကောင်း သား အမျိုးကောင်းသမီး တို့သည် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဟူသော ဤတရား ၅-ပါးနှင့် လည်းပြည့်စုံ၏၊ သုဂတိဘဝသို့ ရောက်ရန်လည်း အမြဲ ဆုတောင်း ၏၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဧကန် မုချ မိမိတို့ ရောက်လိုသော သုဂတိဘုံဘဝသို့ ရောက်ရကြောင်း ဟောထားတော်မူ၏။

ဆိုခဲ့ပြီးသော သဒ္ဓါ စသည် ၅-ပါးနှင့် ပြည့်စုံသော်လည်း ရောက်လိုသော သုဂတိဘုံဘဝကို ဆုတောင်းခြင်း မပြုခဲ့သော် ထိုသုဂတိဘုံဘဝသို့ ရောက်ရန် စိတ်မချရသေး၊ (ဝါ) သုဂတိဘဝ မမြဲသေး ဟူလို။

သုဂတိဘဝ ရောက်ရန် ဆုတောင်းခြင်းအမှုကို ပြုနေသော်လည်း ဆိုခဲ့ပြီးသော သဒ္ဓါစသည် ၅-ပါးနှင့် မပြည့်စုံခဲ့သော် ထိုသူသည်လည်း သုဂတိဘဝ ရောက်ရန် ဝေးကွာလှပေသည်။

ကောင်းကင်၌ ပြစ်လွှင့်လိုက်သော ဒုတ်ချောင်းသည် အဖျားဖြင့် သော်၎င်း, အရင်းဖြင့် သော်၎င်း, အလည်ဖြင့် သော်၎င်း, ကျလာလိမ့်မည် ဟု တန်ခိုးသျှင်တို့မှ တပါး မည်သူ တဦး တယောက်မျှ အတိအကျ မပြောနိုင်သကဲ့သို့ ထို့အတူ ပုထုဇဉ် သတ္တဝါတို့သည်လည်း သေပြီးနောက်၌ ဒုဂ္ဂတိဘဝသို့ ကျရောက်လိမ့်မည်- သုဂတိဘဝသို့ ကျရောက်လိမ့်မည် ဟူ၍ တပ်အပ်သေချာ မပြောနိုင်ကြပေ။

ထို့ကြောင့် တစုံတခုသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ပြီးသော် မိမိတို့ ရောက်လိုသော သုဂတိဘုံဘဝကို စွဲမြဲစွာ ဆုတောင်းခြင်း အမှု ပြုရပေမည်။

ထို့ကြောင့် အဋ္ဌကထာ၌—

ယဿ ဟိ ပဋ္ဌမွာ အတ္ထိ၊ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ၊ ယဿ ပတ္ထနာ အတ္ထိ၊ န ပဋ္ဌမွာ၊ တဿပိ အနိဗဒ္ဓါ၊ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။ ပ။ တသ္မာ

ကုသလံ ကမ္မံ ကတွာ ကေသိ့ ဌာနေ ပတ္ထနံ ကာတုံ
ဝဋ္ဋတိ။

ဟူ၍ မိန့်ဆိုထား၏။

အနက်

ဟိသစ္စံ၊ ထိုစကားသည် မမှားကေန် စင်စစ်မှန်၏။ ယဿ၊ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ပဉ္စဓမ္မာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော ငါးပါးသော တရားတို့သည်၊ အတ္ထိ၊ ရှိကုန်၏။ ပတ္ထနာ၊ ရောက်လိုသော သုဂတိဘုံဘဝ သို့ ရောက်ရန် ဆုတောင်းမှုသည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ဂတိ၊ သုဂတိဘဝသို့ ရောက်ခြင်းသည်။ အနိဗဒ္ဓါ၊ မမြဲသေး။ ယဿ၊ အား။ ပတ္ထနာ၊ သည်။ အတ္ထိ၊ ရှိ၏။ ပဉ္စဓမ္မာ၊ သဒ္ဓါ စသော ငါးပါးသောတရားတို့သည်။ နတ္ထိ၊ မရှိကုန်။ တဿ ပိ၊ အားလည်း။ ဂတိ၊ သည်။ အနိဗဒ္ဓါ၊ မမြဲသေး။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ဥဘယံ၊ သဒ္ဓါစသည် ငါးပါးနှင့်လည်း ပြည့်စုံ- ရောက်လိုသော သုဂတိဘုံဘဝကိုလည်း ဆုတောင်း- ဤအကြောင်းနှစ်ပါးသည်၊ အတ္ထိ၊ ရှိ၏။ တေသံ၊ တို့အား။ ဂတိ၊ သည်။ နိဗဒ္ဓါ၊ မြဲကြလေကုန်၏။ (ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေနဝါ မဇ္ဈေနဝါ မူလေနဝါ နိပတိဿတီတိ နိယမော နတ္ထိ)။ ဟိ၊ မှန်၏။ အာကာသေ၊ ကောင်းကင်၌။ ခိတ္တဒဏ္ဍော၊ ပြစ်လွှင့်အပ်သော ဒုတ်တံသည်။ အဂ္ဂေနဝါ၊ အဖျားဖြင့်သော်၎င်း၊ မဇ္ဈေနဝါ၊ အလယ်ဖြင့်သော်၎င်း၊ မူလေနဝါ၊ အရင်းဖြင့်သော်၎င်း၊ နိပတိဿ

တိ၊ ကျလတံ့။ ဉလတိ၊ ဤသို့။ နိယမော၊ မှတ်သားနိုင်ခြင်းသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့တည်း။ တသ္မာ၊ ထို့ကြောင့်။ ကုသလံ၊ ကောင်းသော။ ကမ္မံ၊ အမှုကို။ ကတ္ဝာ၊ ပြုလုပ်ပြီးသည်ရှိသော်။ ဧကသ္မိံ၊ တခုသော။ ဌာနေ၊ မိမိရောက်လိုရာ သုဂတိဘုံဘဝ၌။ ပတ္ထနံ၊ တောင်းတခြင်းကို။ (ဝါ) ဆုတောင်းခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ။

## ပြည့်စုံရမည့်တရား ၅-ပါး

၁ - သဒ္ဓါ .... ရတနာ သုံးပါး၏ ဂုဏ်ကို ယုံကြည်ခြင်း ကောင်းမှု မကောင်းမှု နှင့် ကောင်းမှု၏ အကျိုး မကောင်းမှု၏ အပြစ် ရှိကြောင်းကို ယုံကြည်ခြင်း။

၂ - သီလ .... ငါးပါးသီလ အမြဲ လုံခြုံ၍ စွမ်းနိုင်သော အခါ၌ ၈-ပါး, ၉-ပါး, ၁၀-ပါး· သီလ စသည်ကို စောင့်ထိန်းခြင်း။

၃ - သုတ .... ကောင်းသောအရာ၌ အကြား အမြင် များခြင်း။

၄ - စာဂ .... စွန့်ကြဲ ပေးကမ်း လှူဒါန်းလေ့ ရှိခြင်း။

၅ - ပညာ.... အရာရာ၌ အမှားအမှန်ကို ခွဲခြား ဝေဘန်၍ သိတတ်ခြင်း။

## တနည်း ၄-မျိုး

နေတ္တိ-ပါ- ၁၆၁၊ အဋ္ဌကထာ-၂၆၅။
သဂါထာ-သံ-ပါ-၄၀၊ ဋ္ဌ- ၉၂၊ ဘီတာသုတ်။

မဃဒေဝလင်္ကာသစ် ၂၂၂ ၌—

လောကီ ဓမ္မတာ၊ လူတို့ရွာတွင်၊ အိမ်ရာ ထောင်ပြု၊ လူဟာဗုဒ္ဓဘာသား၊ ကောင်းမှု ကောင်းကြံ၊ အရင်းခံ၍၊ သစ္စံ ဓမ္မ၊ ဟိရိယနှင့်၊ စာဂ ဓိတိ၊ လေးပါး ရှိက၊ ကင်းဘိ အပါယ်၊ နောင်ဝယ်နတ်လူ၊ စိုးမပူတည့်၊ တမူ ထိုပြို၊ သံဝိဘာဂါ၊ သဒ္ဓါမုဒ္ဒ၊ ဝဒညူ ဟု၊ လေးခု ထင်ရှား၊ ဤပြားများလည်း၊ ပြည့်ငြားတုံမြောက်၊ သေပြီးနောက်၌၊ ထိတ်ကြောက် မပူ၊ ရဲဆေးဟူ၏။ ။

ဤလင်္ကာ၌ ပါသော နည်း ၂-မျိုးတွင် နောက်နည်းကို အထက်ပါ ပါဠိ အဋ္ဌကထာတို့၌ ဟောဆိုထားလေသည်။

(၁) သဒ္ဓါ... .ရေးခဲ့ပြီ။

(၂) မုဒ္ဒ စိတ်နေစိတ်ထား နူးညံ့ ပျော့ပျောင်းခြင်း။

(၃) သံဝိဘာဂ.... ဝေခြမ်း မျှဘ၍ သာ သုံးဆောင်ခြင်း။
မည်သည့်ပစ္စည်းကို မဆို မဝေဘဲ မခွဲခြမ်းဘဲ မသုံးဆောင်ခြင်း ဟူလို။

(၄) ဝဒညူ.... အလှူခံ ပုဂ္ဂိုလ်တို့၏ ကိုယ်အမူအရာ နှုတ် အမူအရာကို သိတတ်ခြင်း။

မူလ အခြေခံ အနေဖြင့် ဒုစရိုက် ၁၀ ပါးကို လုံခြုံစေပြီးမှ သာ အထက်ပါ အင်္ဂါလေးပါးနှင့် ပြည့်စုံစေရမည်ဟု ဟော ထားတော်မူ၏၊ ထိုသို့ ဒုစရိုက် ၁၀ ပါးကို ရှေးဦးစွာ လုံခြုံ စေ၍ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် (အရိယာပုဂ္ဂိုလ် မဖြစ်သေးစေ ကာမူ) အပါယ်လေးပါးမှ ကင်းလွတ်ကြပြီးလျှင် မိမိတို့ရောက် လိုသော သုဂတိဘုံဘဝသို့ မလွဲမသွေ ကေန် ရောက်ကြရပေမည်၊ ထိုကြောင့် သေလွန်ပြီးသည့်နောက် "ငါတို့မှာ ဒုဂ္ဂတိဘဝသို့ မကျရောက်နိုင်၊ ကေန်မုချ သုဂတိဘဝသို့သာ ရောက်ရပေမည်" ဟု အတတ်သိထားနှင့်ရကား သေခြင်းတရား၌ မကြောက်လန့် ကြတော့ဘဲ ရဲဆေး သောက်ထားသည်နှင့် တူကော့သည် ဟူလို။

---

## မဃဒေဝလင်္ကာသစ် ၄၃၂ —

ခုနစ်မဟာ၊ ရတနာတိ၊ သဒ္ဓါပတ္တမြား၊ ဘိုးများ နဂ္ဃ၊ သီလပုလဲ၊ မျက်ရွဲသုတ၊ စာဂသန္တာ၊ ပညာ စိန်ကျောက်၊ ထိန်တောက်ဝင်းညို၊ ဟိရိကျော့ငွေ၊ ဩတ္တပ်ရွှေဟု၊ မသွေပြည့်နှံ၊ ဥစ္စာမှန်နှင့်၊ ဂုဏ်ဝန် ကျော်၊ အို-သူတော်တို့..ရှုမျှော်ပညိန်၊ နှိုင်းချိန်မမေ့၊ တရားမွေ့၍၊ စွေ့စေ့ဆင်ခြင်၊ သိစေချင်၏၊ ကိုယ်ပင် တရား၊ အခြားမဟုတ်၊ မုချမှန်ဘိ၊ သုတရှိက၊ သပ္ပုရိ ခေါ်၊ မြတ်သူတော်ကား၊ အကျော်ခုနစ်ပါး၊ ဥစ္စာ များ၍၊ တရားယုံလစ်၊ သီလချစ်လျက်၊ ခုနစ်သုစရိုက်၊

ကိုယ်ဦးဖြူဆုတ်၊ အာဇီဝဌ္ဌနှင့်၊ မချွတ်ပြည့်ငြား၊ ပြီးသော
အားဖြင့်၊ မလား ပါယ်ရင်၊ မကပ် ဝေးကွာ၊ ကျင့်သမ္မာ
နှင့်၊ အရိယာ သူမွန်၊ သောတာပန်သို့၊ လမ်းမှန်ဖြောင့်
စွာ၊ မထောင့်ရာသည်၊ နတ်ရွာရောက်ရေး ကွာမဝေး။

ဤလောကအရသော် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်း ဥစ္စာ ၇ ပါးနှင့် ပြည့်စုံစေခြင်း, အာဇီဝဋ္ဌမက သီလကို လုံခြုံစေခြင်းဖြင့် စုတေမနေသောလွန်သော အခါ သောတာပန် အရိယာ ပုဂ္ဂိုလ်တို့ကဲ့သို့ အပါယ်လေးဘုံ (ဒုဂ္ဂတိ)သို့ မရောက်ရတော့ဘဲ ကောန်မုချ မိမိတို့ ရောက်လိုသော သုဂတိဘုံဘဝသို့ သာ ဖြောင့်ဖြောင့် တန်းတန်း ရောက်ရပေသည် ဟူလို။

(၆) ဟိရိ....မကောင်းမှုကို ပြုလုပ်ရမည်မှ ရှက်ခြင်း။

(၇) ဩတ္တပ္ပ.... မကောင်းမှုကို လုပ်ရမည်မှ ကြောက်လန့်ခြင်း။

ကျန် ၅ - ပါး နောက်က ရေးခဲ့ပြီ။

## အာဇီဝဋ္ဌမက သီလ

အာဇီဝဋ္ဌမကသီလ ဟူသည်မှာ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄ ပါး ဤ ခုနစ်ပါးကို အသက်မွေး ဝမ်းကြောင်း မဟုတ်ဘဲ ရံခါရံခါ ပြုလုပ်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း, အသက်မွေး ဝမ်းကြောင်းအတွက် ဤခုနစ်ပါးကို ပြုလုပ် ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။

သိက္ခာပုဒ် အဖြစ်နှင့် ဆောက်တည်သော်—

၁ - ပါဏာတိပါတာ ဝေရမဏီ။
၂ - အဒိန္နာဒါနာ ။
၃ - ကာမေသု မိစ္ဆာစာရာ ။
၄ - မုသာဝါဒါ ။
၅ - ပိသုဏာဝါစာ ။
၆ - ဖရုသဝါစာ ။
၇ - သမ္ဖပ္ပလပါ ။
၈ - မိစ္ဆာဇီဝါ ဝေရမဏီ - ဟူသတည်း။

( အဓိပ္ပာယ် သိလွယ်၍ အကျဉ်းမျှ သာ ပြလိုက်သည် )

---

ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။

အံ - ၉၊ ဌ ၂၆၅ ၌— ပြထားသော ကောင်းမှုကုသိုလ် ၆-မျိုး သာ မက နေ့စဉ်မှန်မှန် ဝတ်ထား၍ ပြုအပ်သော ဆွမ်းလှူခြင်း, ရေလှူခြင်း, ပန်းလှူခြင်း, တံမြက်လှည်းခြင်း, မီးလှူခြင်း, ဂုဏ်တော် တပါးပါးကို ပွားမျှားခြင်း, မေတ္တာကို ပွားမျှားခြင်း, ဘုရားရှိခိုးခြင်း, ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ခြင်း, စာပေကျမ်းဂန်ကို သင်အံခြင်း, ပို့ချခြင်း စသော ကောင်းမှုကုသိုလ်များကိုလည်း "နိဗဒ္ဓပုည" အမြဲ ပြုအပ်သော ကောင်းမှု ကုသိုလ် ဟူ၍ ဆိုရပေသည်။

ဤသို့ နေ့စဉ်မှန်မှန် ဝတ်ထား၍ ကောင်းမှုကုသိုလ် တခုခုကို ပြုလုပ်အားထုတ်သော ပုဂ္ဂိုလ်သည် နေ့စဉ်နှင့်အမျှ မိမိတို့ သန္တာန်တွင် ကုသိုလ်စိတ် အစဉ် ကိန်းအောင်းနေလေသည်၊ မကျန်းမမာ ဖြစ်နေသော အခါ၌ရင်း၊ ခရီးသွားနေဆဲ အခါ၌ရင်း အချို့ ကောင်းမှုကုသိုလ်များကို ကာယကံမြောက် ဝစီကံမြောက် မပြုလုပ်နိုင်သော်လည်း ပြုချိန်တန်လျှင် မနောကံ ကုသိုလ်ကား မုချ ကေန် ဖြစ်တတ်လေသည်၊ ထို့ကြောင့် နေ့စဉ်မှန်မှန်ဝတ်ထား၍ ပြုလုပ်အပ်သော ကောင်းမှုကုသိုလ်ရှိသူများသည်လည်း သောတာပန် အရိယာပုဂ္ဂိုလ်တို့ကဲ့သို့ အပါယ်လေးပါးသို့ မကျမရောက်ရတော့ဘဲ မိမိတို့ ရောက်လိုသော သုဂတိဘုံဘဝသို့သာ မလွဲမသွေ ရောက်ကြရပေမည်။

ယေသံ၊ အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးတို့အား။ ဝေရူပါနိ၊ ဤသို့ သဘော ရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ အမြဲမပြတ် ပြုလုပ်အပ်သော ကောင်းမှု ကုသိုလ် တို့သည်။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။ တေသမ္ပိ၊ ထိုအမျိုးကောင်းသား အမျိုးကောင်း သမီးတို့အားလည်း။ ဂတိ၊ သုဂတိ ဘုံဘဝသို့ ရောက်ရခြင်းသည်။ နိဗဒ္ဓါ၊ မြဲလေတော့၏၊ ကာနိ ကုလာနိ၊ ထို အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်။ သောတာပန္န သဒိသာနေဝ၊ သောတာပန် အရိယာပုဂ္ဂိုလ်နှင့် တူကုန်သည် သာလျှင် တည်း။

## သစ်ပင် စိုက်ရကျိုး

[ မဃဒေဝလင်္ကာ ၄၀၄-၅ ]

တဖြာ ထိုမှ၊ မနုဿ ဟု၊ ဘဝ အိမ်ဆောင်၊ လူတို့
ဘောင်တွင်၊ ညောင်ဗုဒ္ဓဟော၊ စိုက်လေ တမော၊ တပင်
သာနှင့်၊ မွေးစွာ ပျိုးရှား၊ စကား နှစ်ပင်၊ ထို့ပြင် ကံ့
ကော်၊ စိုက်သော် မခွ၊ သုံးပင်မျှရှင့်၊ ထို့မှ တချက်၊
သရက် ပန္နု၊ သတ္တရ ဥသျှစ်၊ ထန်း၊ ပေ ရှစ်တည့်၊ စင်စစ်
မှန်လှ၊ ဤရွေ့မျှဖြင့်၊ စိုက်ရသသူ၊ ထိုသည့် လူကား၊
နှောင်မူ အမြဲ၊ ဘဝလွှဲသော်၊ ငရဲမချ၊ မကျနိုင်ရာ၊
မချွတ်စွာ ဟု၊ ကျမ်းလာ အမှန်၊ ဟောပြ ညွှန်သည်....
ပုရာဏ်ဇောတိ သံပိုဏ်းတည်း။

တိရစ္ဆာန်မှ စ၍ ရဟန်း ရှင် လူ ခပ်သိမ်းသူတို့ အရိပ်ခိုရန် စားသုံးရန် အလို့ငှာ သစ်ပင်စိုက်သူ့ကို အဘွက် အလှန် အား တက်စရာ ကောင်းလှပေသည်၊ ထို့ကြောင့် သက်ရှိ သတ္တဝါ အားလုံးတို့ အရိပ်ခိုရန် စားသုံးရန် အလို့ငှာ မိမိတို့ စွမ်းအား ရှိသလောက် သစ်ပင်များကို စိုက်ပျိုးသင့်ကြပေသည်. သူ တပါးတို့ စိုက်ပျိုးထားသော ထိုကဲ့သို့သော သစ်ပင်များကိုလည်း မဖျက်ဆီး မိကြရလေအောင် အထူးသတိပြုကြရပေမည်။

# အဆင်းလှခြင်း မလှခြင်းစသည် အကြောင်းများ

( ၁ ) ခန္ဓဝဂ္ဂသံယုတ္တ အဋ္ဌကထာ ၃၀၀၊ ပါဠိ ၁၂၄-၌—

အကုသိုလ် ကံကြောင့်ရှင်း, ဉာဏ်မပါသော ကုသိုလ်ကံကြောင့်ရှင်း, လူဖြစ်ရသူတို့သည် မျက်စိ, နား, နှာ စသော အင်္ဂါများ ချွတ်ယွင်းလျက် ရုပ်အဆင်း မလှမပ ဖြစ်ကြရကြောင်း - ဉာဏ်ပါသော ကုသိုလ်ကံကြောင့် လူဖြစ်လာရသူတို့ကား မျက်စိ နား နှာ စသော အင်္ဂါများ မချွတ်ယွင်းဘဲ ရုပ်အဆင်း လှလှပပ ဖြစ်ကြရကြောင်း ဖွင့်ပြထား၏။

( ၂ ) အင်္ဂုတ္တရ နိကာယ စတုက္ကနိပါတ မလ္လိကဒေဝီသုတ် ပါဠိ ၅၂၃၊ အဋ္ဌကထာ ၃၇၂-၌

( က ) ဒေါသကြီးသူသည် အဆင်းမလှ ဖြစ်ရတတ်၏။

( ခ ) အမျက်မထွက် သည်းခံတတ်သူသည် ရုပ်အဆင်း လှပတတ်၏။

( ဂ ) မလှူမဒါန်း မပေးကမ်းတတ်သူသည် ဆင်းရဲတတ်၏။

( ဃ ) လှူဒါန်း ပေးကမ်း တတ်သူသည် ချမ်းသာ တတ်၏

ဟု ဟောထားတော် မူ၏။

(၃) ဒီဃနိကာယ ပါထိကဝဂ္ဂအဋ္ဌကထာ- ၁၁၆၊ ပါဠိ ၁၃၀ ၌ရှင်း, ဇာတိဋ္ဌကထာ အဋ္ဌကထာ ၃၀၀၊ ပါဠိ ၂၆၂-၌ရှင်း ပြဆိုထား သည်မှာ—

(က) စားဘွယ် သောက်ဘွယ်ကို ပေးကမ်း လှူဒါန်းခြင်း။

(ခ) အဝတ်အထည်ကို ပေးကမ်း လှူဒါန်းခြင်း။

(ဂ) တံမြက်လှည်းခြင်း။

(ဃ) အမျက်မထွက်ဘဲ သည်းခံတတ်ခြင်း။

ဤ အင်္ဂါလေးတန်နှင့် ပြည့်စုံသော သူတို့သည်လည်း ဖြစ်လေရာ ဘဝများ၌ ရုပ်ဆင်းအင်္ဂါ လှပ ပြေပြစ် တတ်ကြောင်း ဖွင့်ဆိုထား၏။

**(၄) ယထာကမ္မူပဂဉာဏ် ပုဒ် အဖွင့်တိုင်း၌—**

(က) မောဟ အကျိုးဆက်ကြောင့် ယုတ်ညံ့သိမ်ဖျင်းသော အမျိုး၌ ဖြစ်ရတတ်ကြောင်း။

(ခ) အမောဟ (ဉာဏ်) အကျိုးဆက် ကြောင့် ဂုဏ်ရှိန် မြင့်မားသော အမျိုး၌ ဖြစ်ရတတ်ကြောင်း။

(ဂ) ဒေါသ အကျိုးဆက်ကြောင့် မနှစ်သက်ဘွယ် ရွံရှာဘွယ်သော ရုပ်အဆင်း အင်္ဂါဖြင့် မလှမပ ဖြစ်ရတတ်ကြောင်း။

(ဃ) အဒေါသ (မေတ္တာ) အကျိုးဆက်ကြောင့် နှစ်သက်ဘွယ် ကြည်ညို မြတ်နိုးဘွယ် ကောင်းလှသော ရုပ်အဆင်းအင်္ဂါဖြင့် လှလှပပ ဖြစ်ရတတ်ကြောင်း။

( င ) လောဘ အကျိုးဆက်ကြောင့် ဆင်းဆင်းရဲရဲ စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ချို့ချို့တဲ့တဲ့ ဖြစ်ရ တတ်ကြောင်း။

( စ ) အလောဘ ( ဒါန ) အကျိုး ဆက်ကြောင့် ကြွယ်ဝချမ်းသာ ပြည့်စုံလှစွာ ရှိရတတ်ကြောင်း—

ဖွင့်ပြထား၏။

( ၅ ) ပစ္စုပ္ပန်အကြောင်းကို သဂါထာဝဂ္ဂသံယုတ္တ အရညသုတ်ပါဠိ ၅၊ အဋ္ဌကထာ ၂၇ ၌—

အတီတံ နာနု သောစန္တိ၊ နပ္ပဇပ္ပန္တိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။

ဖြစ်ပြီးသည်ကိုလည်း တွေး၍ မပူပန်၊ လာလတံ့ ကိုလည်း မမျှော်လင့်-မတောင်တ၊ ဖြစ်ဆဲဖြင့် သာ ရောင့်ရဲ တင်းတိမ်လွယ်သူမှာ ရုပ်အဆင်း ကြည်လင်ကြောင်း ဟောထားတော် မူ၏၊ (ရှိသမျှနှင့် ရောင့်ရဲ-ထိုသူ ချမ်းသာမြဲ) ဟူသော စကားမှာလည်း ဤဂါထာ အရ စကားပင်တည်း၊ စိတ်ချမ်းသာသူမှာ ရုပ်အဆင်းလည်း ကြည်လင်တတ်ကြောင်း မိန့်ဆိုထား၏။

## သပ္ပုရိသ ဒါန ၅ - မျိုး

### စိတ်ထားကောင်းသူတို့ ပြုတတ်ကြသော ဒါန ၅ - မျိုး

[အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ၊ သပ္ပုရိသဒါနသုတ်ပါဠိ ၁၅၁၊ အဋ္ဌကထာ ၅၃]

၁ - **သဒ္ဓါယ ဒါနံ ဒေတိ။** ။ရေတွင်း တူးသော သူသည် မချွတ်ကေန် ရေကို ရလတံ့ ဟု ယုံကြည်ကဲ့သို့၎င်း, ကောက် ပဲ သီးနှံကို စိုက်ပျိုးသော သူသည် မချွတ်ကေန် အသီးအနှံကို ရလ တံ့ ဟု ယုံကြည်သကဲ့သို့၎င်း ဒါနပြုသူသည် မချွတ်ကေန် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရလတံ့ ဟု ယုံကြည်၍ ပြုအပ်သော ဒါနသည် 'သဒ္ဓါယဒါန' မည်၏။

ဤဒါန အကျိုးပေးသော အခါ အထူးသဖြင့် လှပတင့် တယ် ရှုချင်စဘွယ်သော ရုပ်အဆင်း ရှိတတ်၏။

၂ - **သက္ကစ္စံ ဒါနံ ဒေတိ။** ။အလှူဝတ္ထု ပစ္စည်းကို၎င်း, ထည့်ရာ အိုးခွက် ဇွန်း ပန်းကန် စသည်တို့ကို၎င်း, လက်ကို၎င်း စင်ကြယ်စွာ ဆေးကြော သုတ်သင်၍ အလှူခံ ပုဂ္ဂိုလ်ကို မြင့် သောနေရာ, ကောင်းမြတ်သော နေရာ၌ နေစေပြီးလျှင် လက် နှစ်ဘက်ဖြင့် ကိုင်၍ ရိုသေစွာ ပေးလှူအပ်သော ဒါနသည် 'သက္ကစ္စဒါန' မည်၏။

ဤဒါန အကျိုးပေးသော အခါ ရိုသေစွာပြု၍ လှူဒါန်း ပေးကမ်းခဲ့ခြင်းကြောင့် အထူးအားဖြင့် သား သမီး မယား

ကျေးကျွန် အမှုလုပ် တပည့်တပန်း စသည်တို့က ရှိသေကြကုန်၏၊ ပြောဆိုတိုင်း နားထောင်ကြကုန်၏၊ ကရုဏာ ပညာနှင့် ပြည့်စုံသော အရှင်စိုးမင်း ကဲ့သို့ ချစ်ခကြောက် ရှိသေကြကုန်၏။

၃ - **ကာလေန ဒါနံ ဒေတိ**။ ။မမောမပန်းစေခြင်းငှာ ခရီးသွားလတ့ံသော ဧည့်သည်အာဂန္တုက ရဟန်း ရှင် လူတို့အား ပေးကမ်း လှူဒါန်းခြင်း, ခရီးသွားရာမှ ပြန်ရောက်စ ပုဂ္ဂိုလ်, မကျန်းမာသော ပုဂ္ဂိုလ်, ကျန်းမာလာကာစ ပုဂ္ဂိုလ်များအား ပေးကမ်းလှူဒါန်းခြင်း, ရှားပါး ပြတ်လတ်နေသော အခါ၌ ပေးကမ်းလှူဒါန်းခြင်း, သစ်သီးဦး ကောက်ဦး စသည်ဖြင့် အဦးပေါ်စ အခါ၌ ပေးကမ်း လှူဒါန်းခြင်း ဤအလုံးစုံသည် 'ကာလဒါန' မည်၏။

ဤဒါန အကျိုးပေးသော အခါ အထူးအားဖြင့် ငယ်ရွယ်စဉ် ကာလက ပင် ကြွယ်ဝ ချမ်းသာတတ်၏။

၄ - **အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ**။ ။ခြိုးခြံချောက်လိုသော စိတ်ဖြင့် ပေးကမ်းလှူဒါန်းခြင်း, တနည်း- မတွန့်မဆုတ် လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်း လှူဒါန်းခြင်းသည် 'အနုဂ္ဂဟိတစိတ္တဒါန' မည်၏။

ဤဒါန အကျိုးပေးသော အခါ အထူးအားဖြင့် များသော ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝ၏၊ ၎င်းပစ္စည်း ဥစ္စာများကို အကြောင်းအား လျော်စွာ မိမိလည်း သုံးစွဲစားသောက်နိုင်၏၊ သူတပါးတို့အားလည်း ပေးကမ်း စွန့်ကြဲ လှူဒါန်းနိုင်သည် ဖြစ်၍ ဘဝအဆက်ဆက် ချမ်းသာ ကြွယ်ဝကြောင်း ဖြစ်၏။

၅ - **အတ္တာနုဒ္ဒ ပရဒ္ဒ အနုပဟာစ္စ ဒါနံ ဒေတိ။** ။ငါသည် သိကြား လိမ့်မည်၊ ငါ၏ အလှူ သာ မြတ်၏၊ တပါးသော သူတို့သည် မသိ မလိမ္မာကြကုန်၊ တပါးသော သူတို့၏ အလှူကား မမွန်မြတ်၊ ဤသို့ စသည်ဖြင့် မိမိကိုယ်ကို ချီးမြှောက်ခြင်း, သူတပါးတို့ကို နှိမ့်ချခြင်း မပြုမူ၍ ဟုတ်မှန်သော သူတပါးတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျက် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် 'အနုပဟစ္စဒါန' မည်၏။

ဤဒါန အကျိုးပေးသော အခါ အထူးအားဖြင့် ရန်သူမျိုး ၅ - ပါးတို့ကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးခြင်း မရှိဘဲ မြဲမြံစွာ တည်ရှိကြကုန်၏။

—

## အသပ္ပုရိသ ဒါန ၅ မျိုး

ယုတ်ညံ့သော စိတ်ထားရှိသူတို့ ပြုတတ်ကြသော ဒါန ၅-မျိုး ဟူလို—

[အင်္ဂုတ္တရနိကာယ နဝကနိပါတ-ဝေလာမသုတ်၊ ပါဠိ ၁၉၅၊ အဋ္ဌကထာ-၂၆၇]

(၁) **အသဒ္ဓါယ ဒါနံ ဒေတိ။** ။လှူဒါန်း ပေးကမ်း စွန့်ကြဲသော သူသည် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မချွတ်ဧကန် အမှန်ရလတံ့ ဟု မယုံကြည်မူ၍ (ဝါ) ယုံမှားခြင်း ရှိ၍ ပြုအပ်သော ဒါနသည် 'အသဒ္ဓါယဒါန' မည်၏၊ ဤဒါန အကျိုးပေးသော အခါ ရုပ်အဆင်းမလှ ဖြစ်တတ်၏။

( ၂ ) **အသက္ကစ္စ ဒါန် ဒေတိ။** ။အလှူဝတ္ထု ပစ္စည်းကိုရင်း, ယည့်ရာ အိုးခွက်, ဇွန်း, ပန်းကန် စသည်ကိုရင်း, လက်ကိုရင်း, ဝင်ကြယ်စွာ မဆေးကြော မသုတ်သင်ခြင်း, အလှူခံပုဂ္ဂိုလ်ကို နှိမ့်သောနေရာ မသန့်ရှင်းသော နေရာ စသည်များ၌ နေထိုင်စေခြင်း, လတ်တဘက်ဖြင့် သာ ကိုင်၍ ပေးခြင်း- ဤသို့ စသည်ဖြင့် မရိုမသေ မလေးမစား ပြုအပ်သော ဒါနသည် ' အသက္ကစ္စဒါန ' မည်၏၊ ဤဒါန အကျိုးပေးသော အခါ သား သမီး မယား တပည့် ကျေးကျွန် အမှုလုပ် စသည်တို့က မိမိကို မရိုသေကြကုန်၊ မိမိပြောဆိုသော စကားကို နားမထောင်ကြကုန်၊ ချစ်ခင်မှုလည်း နည်းပါးကြကုန်၏။

( ၃ ) **အကာလေန ဒါန် ဒေတိ။** ။မစားသောက်နိုင် မသုံးစွဲနိုင်သည်ကို သိလျက် တမင်အရွဲ့တိုက်သော အနေဖြင့် ပေးကမ်းလှူဒါန်းခြင်း, မစားသောက်ကောင်းသော အချိန် ကာလ၌ ပေးကမ်းလှူဒါန်းခြင်း, အဦးအဖျားကို မိမိတို့ ရှေးဦးစွာ စားသောက်သုံးစွဲပြီးမှ အလှူခံ ပုဂ္ဂိုလ်တို့အား ပေးကမ်း လှူဒါန်းခြင်း ဤသို့ ပြုအပ်သော ဒါနသည် ' အကာလဒါန ' မည်၏၊ ဤဒါန အကျိုးပေးသော အခါ သက်ရှယ်ကြီး ရင့်ချိန် ပစ္စည်း ဥစ္စာများကို မခံစားနိုင် မသုံးစွဲနိုင်သော အချိန် ရောက်မှ ချမ်းသာ ကြွယ်ဝတတ်၏။

( ၄ ) **နိဂ္ဂဟိတစိတ္တော ဒါန် ဒေတိ။** ။သူတပါး အပေါ်၌ ပေးနိုင်သူ ထောက်ပံ့နိုင်သူ လှူဒါန်းနိုင်သူ အဖြစ်ဖြင့် ဂုဏ်ယူလို၍ရင်း, အလှူခံ ပုဂ္ဂိုလ်တို့ အပေါ်၌လည်း အထက်စီး

ယူလိုသော စိတ်ဖြင့်ရင်း ပေးကမ်းလှူဒါန်းခြင်း၊ ဘနည်း ဘွန်း တွန့် ဆုတ်ဆုတ် မပြတ်မသား ပေးကမ်းလှူဒါန်းခြင်း - ဤသို့ ပြုအပ်သော ဒါနသည် 'နိဂ္ဂဟိတစိတ္တဒါန' မည်၏၊ ဤဒါန အကျိုးပေးသော အခါ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ သော်လည်း ထိုပစ္စည်းဥစ္စာများကို မိမိကိုယ်တိုင်လည်း မသုံးစွဲရက် မစားသောက်ရက်၊ သူတပါးတို့အားလည်း မပေးရက် မကမ်းရက် မလှူဒါန်းရက် ဖြစ်တတ်၏၊ ထိုသို့ မပေးရက် မကမ်းရက် မလှူဒါန်းရက်ခြင်းကြောင့် ဘဝ အဆက်ဆက် ကြွယ်ဝချမ်းသာဘို့လမ်း ပိတ်လေတော့သည်။

(၅) **အတ္တာနုဥ္ပရဥ္ဥပဟာစ္စ ဒါနံ ဒေတိ။** ။မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးအား နှိမ်ချ၍ရင်း၊ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆို၍ရင်း စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် 'ဥပဟာစ္စဒါန' မည်၏၊ ဤဒါန အကျိုးပေးသော အခါ အထူးအားဖြင့် မိမိတို့ ရရှိပြီးသော စည်းစိမ် ဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့ နှောက်ယှက်ခြင်း၊ ဖျက်ဆီးခြင်း ခံရတတ်လေသည်။

---

## ဘနည်း အသပ္ပုရိသဒါန ၅ - မျိုး

[ ပါဠိတော် - လာရင်း ]

(၁) **အသက္ကစ္စ ဒါနံ ဒေတိ။** ။အခိပ္ပာယ် ပြခဲ့ပြီ။

(၂) **အသဟတ္ထာ ဒါနံ ဒေတိ။** ။မိမိလက်ဖြင့် မပေးမလှူဘဲ အခြားသူများအားပေးလှူစေခြင်း၊ ( ယခုကာလ အချို့

သူတို့မှာ ဆွမ်းကျွေးရာ သင်္ကန်း လှူရာ စသည် တို့၌ အလှူရှင် တို့ ကိုယ်တိုင် အလှူခံ ပုဂ္ဂိုလ်တို့၏ လက်သို့ ထိထိရောက်ရောက် မကပ်မလှူဘဲ ဝေယျာဝစ္စ ပြုသူတို့အား လွှဲထားတတ်ကြ လေ သည်၊ ဤသို့ ပြုလုပ်ကြ ခြင်းသည် အသပ္ပုရိသဒါန ၅ -မျိုး တွင် တမျိုး အပါအဝင် ဖြစ်၍သတိပြုသင့်ကြပေသည်၊ အလှူ ခံ ပုဂ္ဂိုလ်တို့၏ လက်ထဲသို့ အလှူရှင် ကိုယ်တိုင် ထိထိ ရောက် ရောက် ကပ်လှူမှု သာ သူတော်ကောင်းတို့ ပြုလုပ်သော သပ္ပုရိသ ဒါနတွင် ပါဝင် ပေမည်၊ အလှူရှင် ပါယာသိ ဘုရင်ခံထက် ဝေယျာဝစ္စ ပြုလုပ်သူ ဥတ္တရလုလင်က နောင်အခါတွင် အကျိုး ပေး သာလွန်သွားပုံကို ထောက်ဆ၍ သိအပ်၏၊ ထို့ကြောင့် အ လှူရှင်တို့ ကိုယ်တိုင် အလှူခံပုဂ္ဂိုလ်တို့၏ လက်ထဲသို့ ထိထိ ရောက် ရောက် ကပ်လှူကြရန် မမေ့သင့် ကြပေ။)

( ၃ ) အစိတ္တီကတွာ ဒါနံ ဒေတိ။ ။အလှူခံ ပုဂ္ဂိုလ်၌ လေး မြတ်ရိုသေမှု မရှိဘဲ ပေါ့ပေါ့ဆဆ ပေးလှူခြင်း၊ ( ဤအဖြစ်မှ ရှောင်လိုကြသဖြင့် ရှေးသူမြတ်တို့သည် မိမိထက် အသက် ဂုဏ် ငယ်သော သူအားပေးရာ၌ နေရာမင်းပေးပြီးလျှင် တင်ပလ္လင်ခွေ ထိုင်စေ၍ မိမိကမူ သေချာစွာ ဒူးတုပ်၍ လက်နှစ်ဘက်ဖြင့် ပေး ကမ်း တတ်ကြ လေသည်။) ( သတိပြုဘွယ် )

( ၄ ) အပဝိဒ္ဓံ ဒါနံ ဒေတိ။ ။စွန့်ပြစ်သလို ဘဘော ထား ၍ ပေးလှူခြင်း၊ ( များသော အားဖြင့် အသက် ကြီးသူ ဂုဏ် ကြီးသူက အသက်ငယ်သူ ဂုဏ်ငယ်သူအား ပေးလှူရာ၌ အချို့ ဤသို့ ပေးလှူ တတ်ကြသည်၊ ဤသို့ ပေးလှူသော သူသည်

သူယုတ်မာတို့ ပေးလှူနည်း ဖြစ်ခြင်းကြောင့် ဆင်ခြင်သင့် ကြ ပေသည်။ )

( ၅ ) **အနာဂမနဒိဋ္ဌိကော ဒါနံ ဒေတိ။** ။အဿာဒ္ဓါယ ဒါနံ ဒေတိ ပုဒ် အဓိပ္ပါယ်နှင့် အတူတူပင်တည်း။

အသိဉာဏ် ကြွယ်ဝသော ပုဂ္ဂိုလ်တို့မှာ ပေးကမ်း လှူဒါန်း ရာ၌ အသပ္ပုရိသဒါနမျိုး မဖြစ်စေဘဲ သပ္ပုရိသဒါန ဖြစ်အောင် ပြုလုပ်နိုင်ကြစေရန် ဖော်ပြလိုက်သည်။

# စေတနာသုံးတန်

အလှူ တမျိုးကို လှူဒါန်းရာ၌ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ ဟု ၃ -မျိုး ရနိုင်၏ ထိုတွင် အလှူ ပေးမည်ဟု ကြံစည်၍ ထိုအလှူနှင့် ဆိုင်သော ပစ္စည်းများကို ရှာဖွေစုဆောင်း နေသည့် အခါမှ စ၍ မလှူမီ ရှေ့အဘို့၌ ဖြစ်သမျှ ကုသိုလ် စေတနာတွေသည် ပုဗ္ဗစေတနာ မည်၏။

ထိုကဲ့သို့ ပုဗ္ဗစေတနာ နယ်အတွင်း၌ ဤအလှူဒါနကို အကြောင်းပြု၍ အလှူဒကာ အလှူ အမ- ကျောင်းဒကာကျောင်း အမ- ဘုရား ဒကာ ဘုရားအမ စသည်ဖြင့် ထင်ရှားကျော်စေ လိုသော စိတ်, မိမိ လှူဒါန်းနိုင်ကြောင်း ကြွားလိုသော စိတ် များ မဖြစ်စေရ၊ လှူဘို့ရာ ပစ္စည်းစုခိုက်မှာ အိမ်သား အချင်း ချင်း အလှူနှင့် ပတ်သက်၍ မကြေမနပ် ဒေါသဖြစ်ခြင်း မရှိစေ ရ၊ ထောင်လွှားခြင်း မာန စသော အကုသိုလ်များ မဖြစ်စေရ၊ အလှူကို ပေးလှူမည် ဟု ကြံစည်ခဲ့ပြီးမှ တစုံ တခုသော အကြောင်းကြောင့် စိတ်ပျက်ပြီး တွန့်ဆုတ်သော စိတ်, မလှူ လိုသော စိတ်, အလှူပေးသော နေ့၌ ရှင်, လူ, ရဟန်းတို့ စား သောက်ဘို့ရာ ကြက်, ဝက်, ကျွဲ နွား စသည်ကို သတ်ဖြတ်ခြင်း သတ်ဖြတ်စေခြင်း စသည် မပြုရ၊ ခိုးခြင်း ၂၅-ပါးတို့တွင် တပါး ပါးဖြင့် ရထားသော ပစ္စည်းများလည်း မဖြစ်စေရ၊ ထိုသို့ မဖြစ် စေဘဲ ပျော်ရွှင် ဝမ်းမြောက်စွာ အရာရာ ကြေနပ်လျက် လှူ ဘွယ် အရပ်ရပ်ကို စီမံနိုင်လျှင် ပုဗ္ဗစေတနာတွေ အလွန် စင် ကြယ်စွာ ဖြစ်နေပြီ ဟု မှတ်။

**မုဉ္စစေတနာ**။ ။မုဉ္စသဒ္ဒါသည် စွန့်လွှတ်ခြင်း ဟူသော အနက်ကို ဟော၏ ထို့ကြောင့် စွန့်လွှတ်တုန်း လှူဒါန်းတုန်းဆဲဆဲမှာ ဖြစ်သော စေတနာသည် မုဉ္စစေတနာ မည်၏၊ ( ဆွမ်း စသည် လှူရာ၌ ထိုဆွမ်း စသည်ကို အလှူခံပုဂ္ဂိုလ်အား ကပ်လှူတုန်းမှာ ဖြစ်သော စေတနာနှင့် ကိုယ်ထိလက်ရောက် မကပ်ဘဲ နှုတ်ဖြင့် လျှောက်ထား၍ လှူရာ၌ လှူပါ၏ ဟု ဆိုခိုက်မှာ ဖြစ်သော စေတနာတည်း။ )

ဤမုဉ္စစေတနာ အခိုက်မှာလည်း ပြခဲ့သော အကုသိုလ် စိတ်များ မဖြစ်စေဘဲ အလှူခံမည့် ပုဂ္ဂိုလ်၌လည်း ကပ်ငြိတွယ်တာသော တဏှာလောဘစိတ် မဖြစ်စေဘဲ ယခုလို လှူဒါန်း လိုက်သည့် အတွက်ကြောင့် ငါ၏ ကိစ္စများကို ကူညီဆောင်ရွက် ပေးလိမ့်မည် ဟု တစုံတခုသော လောကီအကျိုးကို မမြော်လင့်ဘဲ ရက်ရက်ရောရော လှူဒါန်းနိုင်ပါလျှင် မုဉ္စစေတနာတွေ အလွန်စင်ကြယ်စွာ ဖြစ်နေပြီ ဟု မှတ်။

**အပရစေတနာ**။ အလှူအထမြောက်ပြီးနောက် ထိုကုသိုလ်နှင့် စပ်၍ ဖြစ်သမျှ စေတနာကို အပရစေတနာ ဟုခေါ်၏၊ထို့ကြောင့် ဒါနပွဲပြီးနောက် ထိုဒါနကို အမှတ်ရတိုင်း အလှူ အထမြောက်ပေပြီ၊ ဝမ်းမြောက်ဘွယ် ကောင်းလှသည်၊ နောက်ထပ် လှူချင်ပါသေးသည် ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်နေလျှင် အပရစေတနာ နယ်၌ ကုသိုလ်များ ထပ်ခံတိုးပွားပြန်တော့၏။

အလှူ ပေးပြီးနောက် ပစ္စည်းဥစ္စာ ပျက်ပြားသွား၍ ဖြစ်စေ၊ ကျောင်းဆောက် ကိုးကွယ်ပြီးနောက် ကျောင်းထိုင်ဘုန်း

ကြီးကို မကျေနပ်၍ ဖြစ်စေ- မိမိလှူဒါန်းထားသော ပစ္စည်းကို သူတပါးတို့က ဖျက်ဆီးခြင်းကြောင့် မကျေနပ်၍ ဖြစ်စေ- မိမိ ရည်မှန်းရာသို့ မရောက်ခြင်းကြောင့် မကျေနပ်၍ ဖြစ်စေ- လှူဒါန်း မိတာ မှားလေခြင်း ဟု အပရစေတနာ ပျက်ကွက်လျှင် စိတ်မကျေ နပ်ခြင်း ဟူသော ဒေါသအကုသိုလ်တွေ ပင် ဖြစ်တတ်သေးသည်။

ကျန်သော ပုညကြိယာဝတ္ထု ၉ - ပါးတို့ကို ပြုလုပ်သော အခါတို့၌လည်း စေတနာသုံးတန် ဖြူစင်ရန် သတိပြုကြရမည်၊ စေတနာ သုံးတန်လုံး ဖြူစင်ပါမှ အရှယ် သုံးပါးစလုံး ညီ အောင် ကောင်းကျိုးပေးပေလိမ့်မည်။

---

## စေတနာသုံးတန် ချို့ယွင်းပြစ်

[ မဃဒေဝ လင်္ကာသစ် နံပါတ် ၂၂၃ ]

ဒါန ဟူသည်၊ ပြုအံ့ရည်သော်၊ မလည်မသန်၊ သဒ္ဓါဟုန် ဖြင့်၊ မတုန် မလှုပ်၊ ထိန်းအုပ် မစွေ၊ မတွန့်စေနှင့်၊ လှူ ထွေ ရှေးဘို့၊ ဥဒာန်မဲ့ချို့၍၊ တွန့်တိုတုံက၊ ပဌမရှယ်၊ နောင်ခါဝယ်၌၊ နွမ်းနယ် ချမ်းသာ၊ ဆိုး ရုပ်ဝါနှင့်၊ မဟာကုသ၊ ပဋ္ဋပါပီ၊ မဟောသီသို့၊ ယက္ခိ ယက္ခ၊ တူတ မျှဖြင့်၊ ရှုပလက္ခဏာ၊ ပျက်တဘ်စွာ၏။ ( ယက္ခိ-ဘီလူး မ၊ ယက္ခ - ဘီလူးထီး )

နောက်မှာ တွန့်ငြား၊ သားသမီး မဲ့၊ ချို့တဲ့ ယွင်း ယိုး၊ ထန်းငုတ်တိုသို့၊ အိုခါ ဒုက္ခ ရသည် ဆင်းရဲ၊ တိမ်း

လဲ့ စည်းစိမ်၊ ဂုဏ်သိရ် နိမ့်ကျ၊ ဖြစ်တတ်ကြ၏၊ ပဒုမ
ဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေနတ်နှင့်၊ ပညတ်မည်ထုတ်၊
အပုတ္တက၊ သူဌေး စသည့်၊ ထိုမျှဝတ္ထု၊ အစုစုကို
မျှော်ရှု နှိုင်းဆ၊ ထောက်အပ်စွရှင့်။

မုဥ္စအခါ၊ တုန့်တိုပါသော်၊ အင်္ဂါ ချို့တဲ့၊ ဂုဏ်မဲ့
မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏ တန်ခိုး၊ မပြည့်ဖြိုး
သည်...နွမ်းညှိုးယော်ရမည်ကိုကား။ ။

၁ - ပုဗ္ဗစေတနာ ပျက်ကွက်ခဲ့သော သူသည် ပဌမ အရွယ်၌ ဆင်းရဲနွမ်းပါးစွာ စားသောက် နေထိုင်ရတတ်၏၊ ရုပ် အဆင်း အင်္ဂါလည်း မလှမပ ဖြစ်ကြရပြီးလျှင် သူတပါးတို့ မြင်လျှင် စက်ဆုတ်ဘွယ် ကြောက်လန့်ဘွယ် ရှိတတ်လေသည်၊ ဘုရားလောင်း မဟာကုသမင်း နှင့် ပဥ္စပါပီ မိဖုယား ဝတ္ထုတို့ကို ထောက်ဆ၍ သိအပ်ပေသည်။

၃ - အပရစေတနာ ပျက်ကွက်ခဲ့သော် တတိယ အရွယ်၌ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံရတတ်၏၊ သား သမီး စသည် အခြွေအရံ ကင်းမဲ့ပြီးလျှင် ဘကိုယ်တည်း အထီးကျန် ဘဝနှင့် နေတိုင်ရတတ်၏၊ ရပြီးသား စည်းစိမ် ဂုဏ်သိမ်များလည်း ပျက်စီးတတ်၏၊ ပဒုမဝတီမိဖုယား အပုတ္တကသေဋ္ဌေး စသော ဝတ္ထုများကို ထောက်ဆ၍ သိအပ်ပေသည်။

၂- မုဥ္စစေတနာ ပျက်ကွက်ခဲ့သော် မျက်စိ နား နှာ စသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချွတ်ယွင်းတတ်၏၊ ယုတ်ညံ့သော အမျိုး၌ ဖြစ်တတ်၏၊ တန်ခိုးဂုဏ်သိရ် မေးမှိန်တတ်၏။

## ပုဗ္ဗစေတနာ ပျက်ကွက်ခဲ့သော မဟာကုသမင်း အကြောင်း

### ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင်း တံခါးအနီးရွာကရွာတွင် တခုသော အိမ်ဝယ် သားနှစ်ယောက် ရှိကြ၏၊ ဘုရားလောင်းကား ညီငယ် ဖြစ်၏၊ အစ်ကိုသည် အမျိုးသမီး တယောက်နှင့် အိမ်ထောင်ပြု၏၊ ညီငယ်ကား အိမ်ထောင်မပြုဘဲ အစ်ကိုနှင့်အတူ လုပ်ကိုင်နေထိုင်၏၊ တနေ့သ၌ ထိုအိမ်တွင် အလွန် အရသာရှိသော မုန့်ကို ကျော်၏၊ ညီငယ်ကား တောသို့ သွားခိုက်ဖြစ်၍ သူ့အတွက် ချန်ထားပြီးလျှင် အိမ်ရှိလူများ ဝေခြမ်း၍ စားသောက်ကြ၏။

ထိုသို့ စားသောက်ပြီးသောအခါ ပစ္စေကဗုဒ္ဓါ အသျှင်မြတ်ကပါးသည် အိမ်ရှေ့၌ ဆွမ်းရပ်လာ၏၊ ထိုအခါ မရီးဖြစ်သူသည် ညီငယ် အတွက် နောက်မှ ကျော်ပေးတော့မည် ဟူသော ရည်ရွယ်ချက်ဖြင့် ညီငယ်အတွက် ချန်ထားသော မုန့်တို့ကို ယူ၍ လောင်းလှူလိုက်၏၊ ထိုသို့ လောင်းလှူပြီး၍ မကြာမီပင် ညီငယ်သည် တောမှပြန်လာ၏၊ ထိုအခါ မရီးဖြစ်သူက "အို မောင်ငယ်-စိတ်ကြည်လင်ပါစေ၊ သင့်အတွက် ချန်ထားသော မုန့်တို့ကို အသျှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်ပါသည်" ဟု ပြောဆိုလေသည်။

ထိုအခါ ညီငယ်က "သင်တို့ အဘို့တော့ စားကြသည်၊ ငါ့အဘို့ကိုတော့ လှူလိုက်သည်၊ ငါဘာစားရမလဲ" ဟု ပြောဆိုပြီး

လျှင် စိတ်ဆိုးမာန်ဆိုးဖြင့် အသျှင်ပစ္စေကဗုဒ္ဓါ နောက်သို့ အမှီ လိုက်သွားကာ သပိတ်ထဲမှ မုန့်တို့ကို ပြန်ယူလေတော့သည်။

မရိုးသည် မိဘအိမ်သို့ သွားကာ ချက်သစ်စ ထောပတ်ကို ယူလာပြီးလျှင် အသျှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ အပြည့် လောင်းလှူ၍ "အသျှင်ဘုရား- ဤဒါနအစွမ်းကြောင့် ဖြစ်လေ ရာရာ ဘဝ၌ တပည့်တော်မ၏ ကိုယ်မှ အရောင်အဝါ ထွက်ပါ စေသတည်း၊ လှပသော အဆင်းလည်း ရှိရပါလို၏၊ ဤသူယုတ် မာနှင့်လည်း တနေရာ၌ အတူတကွ မနေရပါလို" ဤသို့ ဆုတောင်းလေသည်၊ ထိုအမျိုးသမီးကား ပဘာဝတီ မင်းသမီး အလောင်းတည်း၊ ပဘာဝတီမင်းသမီး ဖြစ်သောအခါ၌ ထိုဆု တောင်းကြောင့် မဟာကုသမင်းကို မကြည့်လို မမြင်လိုခြင်း ဖြစ် လေသည်။

ဘုရားလောင်း ညီငယ်သည်လည်း နောင်တရကာ ပြန်ယူခဲ့ သော မုန့်တို့ကို ထိုထောပတ် သပိတ်ထဲသို့ လောင်းလှူပြီးလျှင် "အသျှင်ဘုရား ဤအမျိုးသမီးကို ယူဇနာပေါင်း အရာမက ဝေးပါစေ- ယူဆောင်၍ တပည့်တော်၏ ခြေရင်း အလုပ်အကျွေး မယားပြုရပါလို၏"ဟု ဆုတောင်းပြန်လေသည်၊ ထိုဆုတောင်း ကြောင့် ပင် နောက်ဆုံး၌ ပဘာဝတီမင်းသမီးကို မယားအဖြစ် သိမ်းပိုက်ရလေသည်။

မဟာကုသမင်းအလောင်း ညီငယ်သည် ထိုကဲ့သို့ ပစ္စေကဗုဒ္ဓါ ပျက်ကွက် ခဲ့ဘူးသောကြောင့် မဟာကုသမင်း ဖြစ်သောအခါ လွန်စွာ အရုပ်ဆိုး အကျည်းတန်လေသည်။

( ဇာတက အဋ္ဌကထာ မ-အုပ်-၃၀၆ )

## ပဥ္စပါပိမိဖုယား ဝတ္ထု

လွန်လေပြီးသောအခါ သူဆင်းရဲမ သမီးတယောက်သည် မြေကို ကျေညက်အောင် နင်းနယ်၍ နံရံများကိုလိမ်းကျံနေစဉ် အသျှင် ပစ္စေကဗုဒ္ဓါတပါးသည်လည်း မိမိသီတင်းသုံးရာ လိုဏ်ဂူကို မြေညက်ဖြင့် လိမ်းကျံလို၍ သပိတ်ပိုက်ကာ ထိုသူငယ်မ ရှိရာသို့ ကြွလာတော်မူ၏၊ ထိုသူငယ်မသည် ပစ္စေကဗုဒ္ဓါ အသျှင်မြတ်ကို မြင်လေသော် စိတ်ဆိုးဆိုးဖြင့် ကြည့်လျက် "မြေညက်ကို ပင် တောင်းရသလော" ဟု ပြောဆိုလေသည်၊ အသျှင်ကား မလှုပ်မရှား ရပ်လျက် သာ နေလေသည်။

ထိုသို့ မလှုပ်မရှား ရပ်လျက် နေသည်ကို မြင်လေသော် မိမိ စိတ်ကို ကြည်လင်စေ၍ "အသျှင် ရဟန်း- မြေညက်ကို ပင် မရ လေသလော" ဟု ပြောဆိုပြီး ကောင်းစွာ ကြေညက်ပြီးသော မြေစိုင်ခဲကို ယူ၍ သပိတ်၌ လောင်းထည့်လှူလိုက်လေသည်။

ထိုသူငယ်မ သေလွန်သောအခါ ဗာရာဏသီပြည် အရှေ့ တံခါးအနီး ရွာငယ်တရွာ၌ သူဆင်းရဲ အမျိုးအိမ်ဝယ် အမျိုးသမီး သွားဖြစ်လေသည်၊ မြေညက်ဆိုင်ခဲကို လှူခဲ့သော ကောင်းမှု

ကြောင့် ထိုသူငယ်မ၏ ကိုယ်အတွေ့ (ဖဿ)သည် နတ်တို့၏ ကိုယ်အတွေ့(ဖဿ)ကဲ့သို့ လွန်စွာ သာယာတပ်မက်ဘွယ် ရှိလေသည်၊ ထိုကိုယ်အတွေ့ ကောင်းလှန်ခြင်းကြောင့် ပင် နောင်အခါဝယ် ဗာရာဏသီပြည် ဗကမင်းကြီး၏ မိဖုယားကြီး ဖြစ်ရလေသည်။

အလှူခံကြွလာသော အသျှင် ပစ္စေကဗုဒ္ဓါအား စိတ်ဆိုးဆိုးဖြင့် ကြည့်ခဲ့သောကြောင့် (ဝါ- ပဗ္ဗစေတနာ ပျက်ကွက်ခဲ့သောကြောင့်) လက် ခြေ မျက်နှာ မျက်စိ နှာခေါင်း စသည်တို့သည် သူတပါးတို့နှင့် မတူဘဲ လွန်စွာ ချွတ်ယွင်း ဖောက်ပြန်လှလေသည်၊ ထို့ကြောင့် ထိုပဥ္စပါပီ သူငယ်မမှာ မျက်စိ အမြင်ဖြင့်သော် ဘီလူးမကြီးသဘွယ် လွန်စွာ ကြောက်မက်ဘွယ် ရှိလေသည်။

(ဇာတက ဌ-မ-အုပ်-၄၇၅-၆။)

---

**အပရစေတနာ ပျက်ကွက်ခဲ့သော**
**ပဒုမဝတီမိဖုယားဝတ္ထု**

ဥပ္ပလဝဏ်ဘောရီအလောင်း သူငယ်မသည် တခုသော ဘဝဝယ် တောင်သူ လုပ်ကိုင် စားသောက်သော အမျိုး၌ ဖြစ်လေသည်၊ တနေ့သ၌ လယ်တောသို့ သွားစဉ် ရေအိုင်တခုမှ ပဒုမ္မာကြာပန်းတို့ကို ချိုး၍ ယူခဲ့၏၊ သလေးစပါးနှံတို့ကို ဖြတ်၍ ပေါက်ပေါက် လှော်ထား၏၊ ဂန္ဓမာဒနတောင်၌ သီတင်းသုံး

တော်မူသော ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တပါးသည် နိရောဓ သမာပတ်မှ ထတော်မူပြီးနောက် ထိုသူငယ်မ ရှိရာသို့ ဆွမ်းရပ် လာ၏၊ သူငယ်မသည် တဲတွင်းမှ ထွက်လာကာ ဝမ်းမြောက် ဝမ်းသာ လှော်ထားသော ပေါက်ပေါက်ပွင့် ငါးရာတို့ကို သပိတ် ၌ လောင်းလှူပြီးလျှင် သပိတ်ပေါ်၌ ပဒုမ္မာကြာပန်းကို တင်၍ လှူလိုက်၏။

ထိုသို့ လှူဒါန်းပြီး၍ ပစ္စေကဗုဒ္ဓါ အသျှင်မြတ် အနည်းငယ်မျှ လှမ်းကြွသွားစဉ် သူငယ်မအား ဤသို့ အကြံအစည်း ဖြစ်ပေါ် လာသည်၊ "ရဟန်းတော်ဘို့မည်သည် ပန်းကို အလို မရှိတန်ရာ၊ ငါပြန်ယူပြီး ပန်ဆင်တော့အံ့ "ဟု ကြံစည်ပြီး လှူပြီးသား ပဒုမ္မာ ကြာပန်းများကို ပြန်ယူလေသည်၊ ထိုသို့ ပြန်ယူပြီးနောက် တဖန် ကြံစည်ပြန်သည်မှာ"အသျှင်အား ပန်းဖြင့် အလိုမရှိသော် သပိတ် ပေါ်၌ အဘင်မခံရာ၊ သပိတ်ပေါ်၌ အတင်ခံခြင်းကြောင့် အသျှင်အား ပန်းကို အလိုရှိရာ၏ " ဤသို့ ကြံစည် ပြီးနောက် တဖန် ကြာပန်းများကို ထပ်၍ လှူပြန်ပြီးသော် တောင်းပန် ကန်တော့ကာ အောက်ပါအတိုင်း ဆက်လက်၍ ဆုတောင်းလေ သည်။

"ဤပေါက်ပေါက် ငါးရာ လှူဒါန်း ရခြင်းကြောင့် သား ယောကျ်ား ငါးရာ ရ-ရပါလို၏၊ ပဒုမ္မာ ကြာပန်းကို လှူဒါန်း ရခြင်းကြောင့် ဖြစ်လေရာရာ ဘဝ၌ ခြေလှမ်းတိုင်း ခြေလှမ်း တိုင်း မြေမှ ပဒုမ္မာကြာပန်းများ ပေါ်ထွက်၍ ခံလာ ပါစေ သတည်း။"

ဤကောင်းမှု ကုသိုလ်ကံကြောင့် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ရလေသည်၊ ထိုမှ တဖန် တခုသော ရေအိုင် အတွင်း ပဒုမ္မာကြာပွင့်၌ သံသေဒဇ ပဋိသန္ဓေ တည်နေကာ ရသေ့ဘပါးက ကောက်ယူကျွေးမွေး၍ ကြီးပြင်းသော အခါ ဗာရာဏသီ မင်း၏ မိဖုယားကြီး ဖြစ်ရလေသည်၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပဒုမ္မာ ကြာပန်း ခံလာသောကြောင့် ပဒုမဝတီ ဟု နာမည် မှည့်ထား လေသည်။

အခြား မိဖုယားတို့၏ လည်ဆယ်ဂုံးတိုက်မှုကြောင့် မိဖုယား အရာမှ လျှောကျကာ မထင်မရှားသော အသွင်ဖြင့် သူဆင်းရဲ အိုမကြီးအိမ်တွင် မှီခိုကပ်ရပ် နေရလေသည်၊ (ဤကား အပရစေတနာ ပျက်ကွက်ခဲ့မှုကြောင့်တည်း။) ထိုအချိန်တွင် ကိုယ်အဆင်းအရောင်လည်း မှေးမှိန်၍ ပဒုမ္မာကြာပန်း တို့လည်း မြေမှ ပေါ်ထွက်လာခြင်း မရှိတော့ပေ။

ကောင်းကျိုးပြန်၍ ပေးချိန်တန်သော အခါ၌ကား မူလမိဖုယားကြီး အရာကို ပြန်ရပြီးလျှင် ပဒုမ္မာကြာပန်း တို့လည်း မြေမှ ပေါ်ထွက်၍ ခံလာကြပြန်သည်။

မဟာပဒုမ မင်းသားကြီး တယောက် သာ ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေ၍ ကျန် ၄၉၉ ယောက်တို့ကား သံသေဒဇ ဖြစ်ကြသော သားတို့တည်း၊ ၅၀၀ လုံး ပစ္စေကဗုဒ္ဓါ ဖြစ်ကြ၍ ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။

[ ထေရီအဋ္ဌကထာ ၁၉၀ ]

## အပုတ္တက သူဌေး ဝတ္ထု

(က) စည်းစိမ်ကို ခံစားလိုစိတ် မရှိခြင်းအကြောင်း။
(ခ) သားသမီး မရခြင်း အကြောင်း။

[ ဓမ္မပဒ ဒု-၃၅၃၊ ၃၅၅ ]

ငါတို့ဘုရားသျှင် လက်ထက် သာဝတ္ထိပြည်၌ အပုတ္တက အမည် ရှိသော သူဌေးကြီး နှင့် သူဌေးကတော်တို့ သေလွန်ကြသည် ရှိသော် အမွေခံ အမွေစား သားသမီး မရှိသောကြောင့် ပသေနဒီ ကောသလမင်းကြီးသည် ၇-ရက်တိုင်တိုင် သူဌေးကြီး အိမ်မှ ပစ္စည်းများကို သယ်ယူ၍ မင်းဘဏ္ဍာတိုက်သို့ သွင်းရလေသည်၊ ထိုသို့ ကြီးကြပ်၍ သွင်းနေရသောကြောင့် ဘုရားသျှင် အထံတော်သို့ မသွားဖြစ်ခဲ့ပေ၊ ပစ္စည်းများ အားလုံးကုန် ဘဏ္ဍာတိုက်သို သွင်းပြီးမှ ဘုရားသျှင် အထံတော်သို့ သွားလေသော် "မင်းကြီး- ယခု အဘယ်အရပ်မှ မွန်းတည့်ချိန်တွင် လာသနည်း" ဟု မေးတော်မူလေ၏။ ထိုအခါ မင်းကြီးက အထက်ပါ အကြောင်းအရာကို စေ့စုံစွာ လျှောက်ထားလေသည်။

ထိုအပုတ္တက သူဌေးကြီး အသက်ထင်ရှား ရှိစဉ် အခါက ရွှေခွက်ဖြင့် ကောင်းမွန်သော ထမင်း ဟင်း ခဲဘွယ်တို့ကို သူ့ထံသို့ သွားပို့သော် "သင်တို့ ငါ့အိမ်၌ နေပြီးသော် ငါ့ကို ပြောင်လှောင်ကြကုန်သလော" ဟု မာန်မဲခြိမ်းခြောက် ပြီးလျှင် ခဲ ဒုတ် စသည်ဖြင့် ပြစ်ခတ် ရိုက်ပုတ်၍ ပြေးစေကာ မိမိကိုယ်တိုင် မြေခွက်တွင် ဆန်ကွဲထမင်း နှင့် ပုန်းရည်ဟင်းကို သာ

ထည့်၍ စားသောက်လေသည်၊ "ယခုငါစားသည်ကား လူတို့အစာတည်း" ဟု အလုပ်အကျွေးတို့အား ပြောဆိုထားလေသည်၊ ကောင်းမွန် နူးညံ့လှသော အဝတ်အစား ထီး, ဘိနပ်, ယာဉ်, ရထား စသည်တို့ကို သူဌေးကြီး သုံးဆောင်ရန် အခိုင်းအစေ တို့က ပို့လာသော် ခဲ့ဒုက္ခ စသည်ဖြင့် ပြစ်ခက် ရိုက်နှက်၍ ပြေးစေပြီး ပိုက်ဆံကျော်မြင်ဖြင့် ယက်သော အဝတ်ကို သာ ဝတ်၏၊ သာရေ လွှာကြိုး ဘိနပ်ကို သာ စီး၏၊ သစ်ရွက်ဖြင့် ပြုလုပ်ထားသော ထီးကို သာ ဆောင်း၏၊ အိုမင်းနေသော ရထားကို သာ စီး၏။

အပုတ္တက သူဌေးကြီးသည် ကုဋေ(၈၀) ကြွယ်ဝ ချမ်းသာပါလျက် အကောင်း အမွန် ဟူသမျှကို သုံးစွဲလိုစိတ် မရှိဘဲ ညံ့ဖျင်းသော အစားအသောက် အဝတ်အထည် စသည်များကို သာ သုံးစွဲ၏၊ လှူဒါန်း ပေးကမ်းခြင်း ဆိုသည်ကား ပြုလုပ်ဖို့ ဝေးစွ၊ ကြားမျှ မကြားလိုသော စကား ဖြစ်၏။

ဤမျှထိ ကြွယ်ဝချမ်းသာပါလျက် အကောင်းအမွန် ဟူသမျှကို သုံးစွဲလိုစိတ် မရှိဘဲ ညံ့ဖျင်း လှသော ပစ္စည်းကို သာ သုံးစွဲခြင်း, သားသမီး မရှိခြင်း အကြောင်းတို့ကို ကောသလမင်းကြီးက ဘုရားသျှင်အား မေးလျှောက်သောအခါ ဘုရားသျှင်က အောက်ပါအတိုင်း ပြန်လည် ဟောကြားတော်မူ၏။

**၎င်း၏ အတိတ်အကြောင်း**

လွန်လေပြီးသော အခါ တဂရသိခိ အမည်ရှိတော် ရှိသော ပစ္စေကဗုဒ္ဓါအသျှင်မြတ်တပါးသည် ဆွမ်းခံကြွလာသော် သူကြွယ်

တယောက်သည် အိမ်ရှင်မအား ဆန်းလောင်းရန် မှာကြားပြီးလျှင် တနေရာသို့ ထွက်သွား၏၊ အိမ်ရှင်မသည် ရတနာသုံးပါးကို ကြည်ညိုသော ဒါယိကာမ ဖြစ်၍၊ "ဤယောကျ်ားပါ ပါးစပ်မှ လှူလိုက်ပါ ဟူသော စကားကို ကြားရခဲ့ခြင်း ယခုမှ ကြားရလေပြီ၊ ယနေ့ ငါ၏ နှလုံးအလို ပြည့်တော့အံ့" ဟု အလွန်ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ကောင်းမွန်စွာ ချက်ပြုတ်ပြီးလျှင် အသျှင်ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကို လှမ်းယူ၍ သပိတ်အပြည့် လောင်းလှူလိုက်လေသည်။

သူကြွယ်ယောကျ်ားသည် အိမ်သို့ ပြန်လာခဲ့သော် လမ်းတွင် အသျှင်ပစ္စေကဗုဒ္ဓါနှင့် တွေ့လေရာ "အို ရဟန်း- အကျွန်ုပ် အိမ်မှ တစုံတခုသော စားသောက်ဘွယ်ကို ရခဲ့ပါသလော" ဟု မေးမြန်းပြီးလျှင် သပိတ်ကို ယူ၍ ကြည့်လေသည်၊ ကောင်းမွန်လှသော ဆွမ်း နှင့် ဟင်းကို မြင်ရလေသော် စိတ်နှလုံး မသာမယာ ဖြစ်ပြီးလျှင် "ဤသို့ ကောင်းမွန်လှသော ဆွမ်း နှင့် ဟင်းကို ငါ၏ ကျေးကျွန်နှင့် အမှုလုပ်တို့အား ကျွေးရလေသော် ငါ၏ အမှုလုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ကိုင်ပေးကြပေလိမ့်မည်၊ ဤရဟန်းမှုကား စားပြီး အိပ်နေပေလိမ့်မည်၊ ငါ့အား ဘာကျေးဇူးမျှ ရှိမည် မဟုတ်၊ ဤဆွမ်းနှင့် ဟင်းသည် အချည်းနှီး ဖြစ်လေစွတကား" ဟု ကြံစည်မိလေ၏။

ထိုသူကြွယ်သည် အစ်ကို ဖြစ်သူနှင့် စီးပွားဥစ္စာ မခွဲမဝေဘဲ အတူတကွ လုပ်ကိုင် စားသောက်နေကြရာ အစ်ကိုရော မယားပါ သေဆုံးသွားပြီးနောက် သားငယ် တယောက် ကျန်ရစ်ခဲ့လေ

သည်၊ ထိုသူကြွယ်၏ ဟူတော်ပေတည်း၊ ထိုတူငယ်သည် တနေ့သ၌ ပစ္စည်းများကို လက်ညှိုးထိုးကာ "ဤသည်ကား ငါ့အဘ၏ လှည်းတည်း၊ ဤသည်ကား ငါ့အဘ၏ နွားတည်း" စသည်ဖြင့် ပြောဆိုလေသော် သူကြွယ်က "ဤသူငယ်သည် ယခုကပင် ဤသို့ ပြောဆိုဘိ၏၊ အရွယ်ရောက်သော အခါ အမွေ ခွဲဝေပေးရန် ကေန်မုချ တောင်းဆိုလတံ့" ဟု ကြံစည်ပြီးလျှင် တူဖြစ်သူကို တောသို့ ခေါ်သွားကာ ခြုံပုတ် ကောင်းကောင်း၌ ယည်ပင်းကို လိမ်ချိုး၍ သတ်ဖြတ်ပြီးလျှင် မြှုပ်နှံ၍ ထားခဲ့လေသည်။

ပစ္စေကဗုဒ္ဓါ အသျှင်မြတ်အား ဆွမ်းလောင်းလှူရန် ခိုင်းစေခဲ့သော ကောင်းမှု ကုသိုလ်ကြောင့် နတ်ပြည်၌ (၇) ကြိမ် မြစ်ရပြီးလျှင် ကံကြွင်းကံကျန် အနေဖြင့် ဤသာဝတ္ထိပြည်၌ (၇) ကြိမ် သူဌေးကြီး အရာကို ရလေသည်၊ ပေးလှူစေပြီးနောက် နှလုံး မသာမယာ ဖြစ်ခဲ့ခြင်းကြောင့် (ဝါ) အပရစေတနာ ပျက်ခဲ့ခြင်းကြောင့် အကောင်းအမွန်တွေ စုံလျှံရှိနေပါလျက် သုံးဆောင်လိုစိတ်၊ စားသောက်လိုစိတ် မရှိခြင်း ဖြစ်ရ၏၊ ဤသို့ သုံးဆောင်လိုစိတ် မဖြစ်ခြင်းမှာ ရှံခေါ်သာ မဟုတ်၊ အမြဲပင် ဖြစ်နေလေသည်။

စည်းစိမ်ဥစ္စာကို ခွဲဝေပေးရမည်မှ ကြောက်သောကြောင့် တူဖြစ်သူကို သတ်မိခဲ့၏၊ ဤမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ဆင်းရဲဒုက္ခ မျိုးစုံကို ခံခဲ့ရပြီးလျှင် ကံကြွင်း အနေဖြင့် (၇) ဘဝပတ်လုံး သားသမီး လုံးဝ မရ

ဘဲ သူတို့ သေလွန်သော အခါ ရှိသမျှ ပစ္စည်းများကို မင်းဘဏ္ဍာ အဖြစ် အသိမ်းခံရလေသည်၊ မြတ်သောမင်းကြီး- ဤအပုတ္တက သူဌေးကြီးအား ကုသိုလ်ကံဟောင်းသည် ကုန်လေပြီ၊ ကုသိုလ်ကံ အသစ်ကိုလည်း မဆည်းပူး မပြုလုပ်၊ ထို့ကြောင့် ဤအပုတ္တက သူဌေးကြီးသည် သေလွန်ပြီးနောက် ယခုအခါ မဟာယောရုဝ ငရဲ၌ ကျရောက်လေ၏ -ဟု မိန့်တော်မူ၏။

ကောသလမင်းကြီးသည် ဘုရားသျှင်၏ စကားတော်ကို ကြားရသော အခါ "အသျှင်ဘုရား- သူဌေးကြီး ပြုခဲ့သော အမှုသည် အလွန် ဝန်လေးစွတကား၊ ကုဋေ (၈၀) မျှ ကြွယ်ဝချမ်းသာပါလျက် မိမိကိုယ်တိုင်လည်း မသုံးဆောင်ရက်၊ ဇေတဝန်ကျောင်းတော်၌ ဘုရားသျှင်နှင့် သံဃာတော်များ အမြဲ သုံးနေပါလျက် အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုကိုမျှ မပြုရက်၊ အံ့ဩဘွယ် ရှိပါပေစွတကား" ဟု လျှောက်ထားလေသော် "မြတ်သောမင်းကြီး- ပညာမဲ့သော သူတို့သည် စည်းစိမ်ဥစ္စာပေါများပါသော်လည်း နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်းကောင်းမှု ကုသိုလ်ကို မရှာမှီးကြကုန်၊ ထိုစည်းစိမ် ဥစ္စာတို့ကိုအကြောင်းပြု၍ တဏှာလောဘ တရားတို့ တိုးပွားသည်ထက်တိုးပွားကာ ထိုစည်းစိမ်ဥစ္စာရှင်ကို ပင် ပြန်၍ သတ်ဖြတ် ညှင်းဆဲကြကုန်၏" ဟု ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ တရားနာ ပရိသတ်တို့သည် ပါဠိမိအား လျော်စွာ မဂ်ဖိုလ်ကို ရကြလေကုန်၏။

**အမှာ။** ။ဇာတက ၄ - တ - အုပ် ၂၈၁ - ၌ လာသော အာဂန္တုက သေဋ္ဌေးဝတ္ထုလည်း ဤအပုတ္တက သေဋ္ဌေးဝတ္ထုနှင့် တူလေသည်၊ ကွဲပြားသည်ကား တူကို သတ်ရာ၌ ရေနှစ်သတ်ခြင်း သာ ထူးလေသည်၊ ၎င်းသေဋ္ဌေးလည်း အပရစေတနာ ပျက်ကွက်ခဲ့သောကြောင့် စည်းစိမ်ဥစ္စာများကို သုံးဆောင်လိုစိတ် မရှိကြောင်း, သူတပါးတို့အားလည်း ပေးကမ်း လှူဒါန်းခြင်း မပြုရကြောင်း, တူဖြစ်သူကို သတ်ခဲ့သောကြောင့် သားသမီးမရကြောင်း ဖွင့်ပြထားလေသည်။

## ကုသိုလ်ဖြစ်ရာ၌ ဒွိဟိတ် တိဟိတ်အခွဲ

စေတသိက် အခန်း၌ အလောဘ အဒေါသ အမောဟ ဟု စေတသိက် ၃-မျိုး ရှိ၏။

၁ - အလောဘ—လောကီအာရုံ ကာမဂုဏ်ကို မလိုချင်မှု မစုံမက်မှု။

၂ - အဒေါသ— မခက်ထန် မကြမ်းထမ်းမှု။ ( မေတ္တာ ဟူသည်လည်း ဤအဒေါသ စေတသိက်ပင် တည်း။ )

၃ - အမောဟ—ပညာ ( ခွဲခြမ်း ဝေဘန်၍ သိတတ်မှု ) ၎င်းကို ဉာဏ် ဟူ၍၎င်း, ဝိဇ္ဇာ ဟူ၍၎င်း သုံးနှုန်းကြ၏။

ထိုစေတသိက် ၃-ပါးသည် ပါဠိလို 'ဟေတု' မြန်မာလို ဟိတ် မည်၏၊ ဤနေရာ၌ ဟေတုသဒ္ဒါသည် 'အခြေအမြစ်' ဟုသော အနက်ကို ဟော၏၊ သစ်ပင်၌ ရေသောက်မြစ်သည် သစ်ပင် တပင်လုံးကို ခိုင်မြဲ စည်ကား ကြီးပွားအောင် ပြုသကဲ့သို့ ထိုဟိတ်တရားများသည်လည်း မိမိတို့နှင့် ယှဉ်ဘက်စိတ်ကို ခိုင်မြဲ စည်ကား အကျိုးများအောင် ပြုကြလေသည်။

ထို့ကြောင့် ကုသိုလ်စိတ်များကို အလောဘ, အဒေါသ ဟိတ် နှစ်ပါးနှင့် ယှဉ်သော ဒွိဟိတ် ကုသိုလ်စိတ်- အလောဘ,

အဒေါသ, အမောဟ ဟိတ် သုံးပါးနှင့် ယှဉ်သော တိဟိတ် ကုသိုလ်စိတ် ဟု ခွဲခြား မှတ်သားရမည်။

**ဒွိဟိတ်ကုသိုလ်စိတ်**။ ။ကောင်းသော အမှုကို ပြုလျှင် ကောင်းသော အကျိုးကို ခံစားရမည်၊ မကောင်းသော အမှုကို ပြုလျှင် မကောင်းသော အကျိုးကို ခံစားရမည် ဟု ယုံကြည် သက်ဝင်သော ဉာဏ်ကို ကမ္မဿကတာဉာဏ် ဟု ခေါ်၏၊ (သုစရိုက် ၁၀ - ပါးတွင် သမ္မာဒိဋ္ဌိတည်း။ )

ကလေးသူငယ် ဖြစ်စေ ကံ ကံ၏ အကျိုးကို နားမလည် သော အရိုင်းအစိုင်း ဖြစ်စေ တစုံတခု ပစ္စည်းဝတ္ထုကို ပေးကမ်း ရာ၌ ဝမ်းမြောက် ဝမ်းသာ ကုသိုလ်စိတ်ကား ဖြစ်၏၊ ယခု ပြု သော ကုသိုလ်ကံသည် မိမိသန္တာန်မှာ အဖတ် တင်ရစ်၏၊ နောက်နောင် အခါ၌ အကျိုးခံစားရမည် ဟု နားလည်သော သမ္မာဒိဋ္ဌိ (ကမ္မဿကတာ ဉာဏ်) မပါချေ၊ ထိုကုသိုလ်စိတ်၌ ဉာဏ်ပညာ ( အမောဟဟိတ် ) မပါ၊ အလောဘ အဒေါသ ဟိတ်နှစ်ပါး သာ ပါသောကြောင့် ထိုကုသိုလ်စိတ်မျိုးကို ဒွိဟိတ် ကုသိုလ်စိတ် ဟု မိန့်ဆိုကြ၏။

ယခုကာလ ဗုဒ္ဓဘာသာဝင် အချို့တို့မှာလည်း ကံ-ကံ၏ အကျိုးကို နားမလည်ဘဲ သူများယောင်လို့ ရောယောင်ကာ သူများလှူလို့ လှူသူတွေလည်း များစွာ ရှိ၏၊ ထိုသူများ၏ ကုသိုလ်စိတ်သည်လည်း ဒွိဟိတ်ကုသိုလ် ပင် တည်း၊ ပင်ကိုယ် ဉာဏ်ရှိသူ ( တတ်သိနားလည်သူ ) ဖြစ်သော်လည်း အမှတ်တမဲ့ ပေးကမ်းလှူ ဒါန်းရာ၌ ဒွိဟိတ်ကုသိုလ် ပင် ဖြစ်ပေလိမ့်မည်၊

အချုပ်မှာ ကုသိုလ်ပြုတုန်း၌ ဉာဏ်ပညာ မပါလျှင် ဒွိဟိတ် ကုသိုလ်ချည်း သာ တည်း။

**တိဟိတ်ကုသိုလ်စိတ်။** ။ကုသိုလ်ပြုစဉ် အခါ၌ ကံကိုရင်း, ကံ၏ အကျိုးကိုရင်း, နားလည်သော ကမ္မဿကတာဉာဏ် ပါ လျှင် တိဟိတ် ကုသိုလ်စိတ် ဖြစ်၏၊ ယခုကာလ၌ အတော် အ တန် ဉာဏ်ရှိသော အမျိုးသား အမျိုးသမီးတို့သည် ဘုရားကိစ္စ, တရားကိစ္စ, သံဃကိစ္စ, မိဘကိစ္စ, လူကြီးသူမများ ကိစ္စ၌ စိတ် စေတနာ ဖြူစင်စွာနှင့် ပြုလုပ် တတ်ကြလေသည်၊ ထိုကုသိုလ် များ၌ သံသရာအကျိုးကို နားလည်သော ဉာဏ်ပါရှိ ရကား တိဟိတ်ကုသိုလ်မျိုး ဖြစ်ကြလေသည်။

တစုံတခုသော ပစ္စည်းကို လှူဒါန်းရာ၌ ထိုပစ္စည်းသည် ရုပ် ကလာပ် အပေါင်း ဖြစ်၏၊အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ်တို့ကား ရုပ် နာမ် နှစ်ပါး အစုသာတည်း၊ ထိုရုပ်နာမ်တရား အစုတို့ကား အနိစ္စ ဒုက္ခ အနတ္တပါတကားဟု ဝိပဿနာ တင်၍ လှူ ဒါန်းရာ၌ ဉာဏ်ပညာ ပါကြောင်း တိဟိတ် ကုသိုလ်စိတ်ဖြစ် ကြောင်းမှာ အထူး ပြောဘွယ်မလို၊ အလွန်ကောင်းသော တိဟိတ် ကုသိုလ် ပေတည်း။

**ဆောင်။** ။ကုသိုလ် ပြုစဉ်၊ ကံကျိုး မြင်သိ၊ ဉာဏ် ယှဉ်ဘိ၊ တိဟိတ် ကုသိုလ်ခေါ်။

ကုသိုလ်ပြုစဉ်၊ ကံကျိုး မြင်သိ၊ ဉာဏ် မရှိ၊ ဒွိဟိတ် ကုသိုလ်ခေါ်။

## ဥက္ကဋ္ဌ ဩမက အခွဲ

ဆိုခဲ့ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ် တိဟိတ်ကုသိုလ်တို့၌ (စေတနာ သုံးတန်၌ ရေးခဲ့သည့်အတိုင်း ) ရှေးပုဗ္ဗစေတနာ အခိုက်ဟုံးက ဖြစ်စေ လှူပြီးနောက် အပရစေတနာ အခိုက်မှာ ဖြစ်စေ ကုသိုလ်စေတနာများ ခြံရံနေလျှင် ( အကုသိုလ်မဖြစ်ဘဲ ကုသိုလ် စိတ်တွေ ရှေ့နောက်ပါနေလျှင် ) မြင့်မြတ်သော ဥက္ကဋ္ဌကုသိုလ် ဖြစ်၏၊ မလှူမီ ရှေးအဘို့ လှူပြီး နောက်အဘို့တို့၌ အကုသိုလ် များ ခြံရံနေလျှင် ညံ့ဖျင်းသော ဩမက ကုသိုလ် ဖြစ်၏၊ ဤ စကားအရ ဒွိဟိတ် တိဟိတ်ကုသိုလ် နှစ်မျိုးကို ဥက္ကဋ္ဌ ဩမက နှစ် မျိုးနှင့် မြှောက်ပွားသော် ၄-မျိုး ဖြစ်၏။

၁ - တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်။
၂ - တိဟိတ် ဩမက ကုသိုလ်။
၃ - ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်။
၄ - ဒွိဟိတ် ဩမက ကုသိုလ်။

“ရှေ့နောက် ကုသိုလ် အကုသိုလ် ခြံရံ” ဟူရာ၌ ထိုကုသိုလ် နှင့် စပ်၍ ပုဗ္ဗစေတနာ အပရစေတနာတို့ အခိုက်မှာ ကုသိုလ် စိတ် ဖြစ်မှု အကုသိုလ်စိတ် ဖြစ်မှုကို ခြံရံသည် ဟု ဆိုသည်၊ ထိုကုသိုလ်နှင့် မစပ်ဘဲ အလွတ်သက်သက် ဖြစ်သော ကုသိုလ် အကုသိုလ်ကို ခြံရံသည် ဟု မဆိုရ။

ဥပမာ...အလှူပေးခါနီး ရှေးအဘို့၌ ကြွေးတောင်း၍ ရ၍ မြီစားကို ဘရားစွဲကာ ဒေါသ အကုသိုလ် ဖြစ်၏၊ သို့သော်

အလှူပေးဘို့ ကိစ္စ၌ကား စိတ်မပျက်၊ အလှူ ပေးပြီးနောက်လည်း အလှူကို ဝမ်းမြောက်၏၊ အပရစေတနာ ထက်သန်၏၊ သို့သော် အလှူနှင့် မဆိုင်သော ကိစ္စ၌ကား လောဘ ဒေါသ ဖြစ်ရ၏၊ ဤသို့ အလှူနှင့် မဆိုင်သော အရာဝယ် ဖြစ်သမျှ အကုသိုလ်ကား အလှူကုသိုလ်ကို ယုတ်ညံ့အောင် မနှောက်ယှက်ပါ။

ဤစကားစဉ် အရ အချုပ်ကား ပုဗ္ဗစေတနာ အပရစေတနာ ထက်သန်သော တိဟိတ်ကုသိုလ်သည် တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဖြစ်၏၊ ပုဗ္ဗစေတနာဖြစ်စေ အပရစေတနာ ဖြစ်စေ တခုခု ချို့တဲ့လျှင် တိဟိတ်ဩမက ကုသိုလ် ဖြစ်၏၊ နှစ်ခုလုံး ချို့တဲ့လျှင်မူ သာ၍ ညံ့ဖျင်းသော တိဟိတ်ဩမက ကုသိုလ် ဖြစ်၏။

ဒွိဟိတ်ဥက္ကဋ္ဌ ဒွိဟိတ်ဩမက ဖြစ်ပုံကိုလည်း ဤနည်း အတိုင်း မှတ်။ ။ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးမျိုး, တိဟိတ် ကုသိုလ် ဒွိဟိတ်ကုသိုလ် နှစ်မျိုး, ဥက္ကဋ္ဌကုသိုလ် ဩမကကုသိုလ် နှစ်မျိုး အခွဲများသည် သီလ ဝေယျာဝစ္စ စသော ကုသိုလ် များ၌လည်း ရနိုင်ကြ၏။

ဆောင်။ ။ရှေ့နောက် နှစ်ရပ် ကုသိုလ် ညှပ်၊ ဥက္ကဋ္ဌ အမြတ်ခေါ်။
ရှေ့နောက် နှစ်တန်၊ အကုခြံ၊ ညံ့ဟန် ဩမကခေါ်။

## ကုသိုလ်ကံ ၄ -မျိုး အကျိုးပေးပုံ

နံပါတ် ၁ - တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ အကျိုး ပေးပုံကို အောက်ပါလင်္ကာဖြင့် မှတ်သားအပ်၏။

[ မဃဒေဝ လင်္ကာသစ်- ၃၇၇-၈ ]

ကာမာဝစရ၊ ကုသလ၏၊ ဘေဒအပြား၊ ဝတ္ထုအားဖြင့်၊
ဖြင့်၊ ဆယ်ပါး အာဒိ၊ စယို့ အစု၊ ထိုကောင်းမှုကို၊
အပြုထူးတိုင်း၊အလှိုင်းကြီးကျယ်၊မြတ်မျိုးနွယ်၌၊သူကြွယ်
သူဌေး၊ ပုဏ္ဏေး ပုဏ္ဏား၊ မင်းသား မင်းဆွေ၊ ပဒေ
သရာဇ်၊ ကေရာဇ်က၊ စကြာ့ဝတေး၊ ကောင်းကျိုးပေး
လျက်၊ တရေး ထို့ထက်၊ လွန်ထူးတက်မူ၊ နောက်ဘက်
ဂေါယာန်၊ တဘာန် ပြုဗ္ဗာ၊ ဥတ္တာရာဠ်၊ ပဒေသာသား၊
ဘဝအားဖြင့်၊ ကြီးမားချမ်းသာ၊ လွန်ကဲစွာ၏၊ တဖြာ
ထူးလတ်၊ ကုသိုလ်မြတ်သော်၊ နတ်မဟာရာဇ်၊ ငါးဆစ်
အာလိန်၊ တောင်နာဂိန်ထက်၊ ဝတိန် ယာမာ၊ တုသိတာ
နှင့်၊နိမ္မာဝသ၊ ဘုံသို့ ကျအောင်၊ ကာမကုသိုလ်၊ ပစ္စည်း
ကြိုသည်....၍ကိုယ်အဖြစ် အဖြစ်တည်း။

နံပါတ် ၂ - တိဟိတ်ဩမကကုသိုလ်

နံပါတ် ၃ - ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်

၍ကုသိုလ်ကံ ၂-မျိုး အကျိုးပေးပုံကား လူဖြစ်သော် လူအလတ်တန်းစား, နတ်ဖြစ်သော် နတ်အလတ်တန်းစား, အဖြစ်မျိုး

သာ အကျိုးပေး၏၊ ကောင်းလွန်းသည်လည်း မဟုတ်၊ ဆိုးဝါးလွန်းသည်လည်း မဟုတ်၊ သင့်တင့်ရုံ သာ အကျိုးပေးလေသည်။

နံပါတ် ၄ ဒွိဟိတ်ဩမက ကုသိုလ်ကံ အကျိုးပေးပုံကို အောက်ပါလင်္ကာဖြင့် မှတ်သားအပ်၏။

[ မဃဒေဝလင်္ကာသစ် ၃၇၇ ]

မဟာ့မဟာ၊ ကြီးမြတ်စွာသား၊ ကာမာဝစရ၊ ကုသလ၏၊ ကမ္မ ဆယ်ဖြာ၊ ပြုကျင့်ရာ၌၊ သဒ္ဒါ ကိလိဋ်၊ ဉာဏ် မဲ့ဆိတ်၍၊ ဒွိဟိတ် ကမ္မ၊ ဒုဗ္ဗလဖြင့် ဟီနစေတနာ၊ ကဋတ္တာ ကြောင့်၊ နံ့စွာ ညံ့သူ၊ ကျွန်းဇမ္ဗူထက်၊ လူဟု ဖြစ် လည်း၊ နွမ်းညစ်မပြောင်၊ လက်ခြေ ပျောင်၍၊ ကုန်းခေါင် မြေကျုတ်၊ ဝါကြွတ်ကြွတ်၌၊ ပေါက်လတ် တုံကျင်၊ မြက် သစ်ပင်တို့၊ ရှင်ရုံ ရှင်ဆန်း၊ မလန်းမကြည်၊ မပွားစည်သို့၊ လူမည်ကာမျှ၊ နေသာဒနှင့်၊ စဏ္ဍာလ ကျွန်၊ ပန်းသွန် ဘင်ကျုံး၊လူဆုံး လူယုတ်၊ သားမြေးပြုတ်လျက်၊ သစ်ငုတ် အတူ၊ လူတွင် အထီး၊ မပွားစည်းသား၊ လုံးသီး လုံးပေါ၊ သဘော ယုတ်မာ၊ တမ်းစေ့ကာတည်း၊ လူရာ မဝင်၊ တောတွင်ပွားကြီး၊ မြို့မနီးဘဲ၊ ဖားရီးဖားရား၊ အိပ်ဘယား နှင့်၊ လေးမြားတောင့်လွယ်၊ တောဝယ် ပျော်ပိုက်၊ တော စရိုက်ဖြင့်၊ သားလိုက် ပျားဖွပ်၊ လူသွပ် လူရိုင်း၊ လူရှုန့် ထိုင်းတို့၊ ယိုင်းယိုင်းပင်းပင်း၊ တရားသွင်းလည်း၊ ဗူးနား ပင်းတွင်၊ ရေမဝင်သို့၊ နားပြင် မကြား၊ အလွတ်သွား၍၊ ကျွဲပါး စောင်တီး၊ ငြီးသာငြီး၏၊ မနီးသုစရိုက်၊ မကြိုက်

ကုသိုလ်၊ မိုက်အလိုဖြင့်၊ သက်ကို မွေးခြင်း၊ ဇာတိဖျင်း လျက်၊ ဆင်ခြင်ဉာဏ်မဲ့၊ ချိုတဲ့ဘောဂ၊ မဝ ရေစာ၊ လူပြိတ္တာကဲ၊ ချမ်းသာမစုံ၊ မကုံမင့်၊ ဂုဏ်သိမ်ညံ့သား၊ အဆွံ့အအ၊ ဇစ္စန္ဓနှင့်၊ မမ္မပဏ္ဍုက်၊ သွင်ယုတ်ကာဏ်းကျိုး၊ ဘုန်းကြွန့်မျိုးတွင်၊ တန်းခိုး မပေါ်၊ ဖြစ်ညှိုးယော်၏၊ လူစော်နံကာ၊ လူဖြစ်လာသည်....လူ့ရွာ အညစ် အညစ် ဘည်း။

## ခက်ဆစ်အဓိပ္ပာယ်

| | | |
|---|---|---|
| ကမ္မဆယ်ဖြာ | - | ပုညကိရိယာဝတ္ထုဆယ်ပါး။ |
| သဒ္ဓါကိလိဋ္ဌ | - | ကိလိဋ္ဌ=ညစ်နွမ်းခြင်း။ |
| ဒုဗ္ဗလ | - | ဒု=နည်းသော+ဗလ=ခွန်အား။ |
| ဟီန | - | ယုတ်ညံ့သော (စေတနာ) |
| ကဋ္ဌဇ္ဈာ | - | ပြုလုပ်ခြင်း။ |
| နေသာဒ | - | မုဆိုး။ |
| စဏ္ဍာလ | - | အလုပ်ကြမ်း လုပ်ကိုင်စားရသူ၊ |
| ဘောဂ | - | စည်းစိမ်ဥစ္စာ။ |

ဇစ္စန္ဓ။ ။ပဋိသန္ဓေနေစဉ်အခါ စက္ခုပသာဒ (မျက်စိ အကြည်ဓာတ်) ဖြစ်ပေါ်လာချိန်မှာ မဖြစ်ပေါ်လာဘဲ ကာဏ်းသူကို ပဋိသန္ဓေအားဖြင့် ကာဏ်းသူ၊ (၀၁) သန္ဓေကာဏ်းကို ဇစ္စန္ဓ ဟု ခေါ်၏၊ စက္ခုပသာဒ ဖြစ် ပေါ်လာချိန်မှာ ဖြစ်ပေါ်လာပြီးမှ ပိုးကြောင့်ရင်း, ခလကြောင့်ရင်း, ဆေးဝါးကြောင့်ရင်း တစုံဟာခုသော

အကြောင်းကြောင့် ကာဏ်းလာသူကို သန္ဓေကာဏ်း ဟု မဆိုရ၊ (၀၁) ဇစ္စန္ဓ ဟု မဆိုရ၊ (နောက်ဆိုလတံ့သော ၅ - မျိုး၌လည်း ဤနည်းအတိုင်း မှတ်ရမည်)

ဇစ္စဗဓိရ။ ။သောတပသာဒ (နားအကြည်ဓာတ်) ဖြစ်ချိန်မှာ သောတပသာဒ ဖြစ်ပေါ်လာခြင်း မရှိသူကို ပဋိသန္ဓေအားဖြင့် နားပင်းသူ ဟု ခေါ်၏၊ နောက်ကာလမှ တစုံတခုသော အကြောင်းကြောင့် နားပင်းသူကို ဇစ္စဗဓိရ ဟု မဆိုရ။

ဇစ္စဃာနက။ ။ဃာနပသာဒ (နှာခေါင်း အကြည်ဓာတ်) ဖြစ်ချိန်မှာ ဃာနပသာဒ ဖြစ်ပေါ်လာခြင်း မရှိသူကို ပဋိသန္ဓေအားဖြင့် အနံ့မရသူ ဟု ခေါ်၏။ နောက်ကာလမှ တစုံတခုသော အကြောင်းကြောင့် ဃာနပသာဒ ပျက်စီးသူကို ဇစ္စဃာနက ဟု မဆိုရ။

ဇစ္စမူဂ။ ။ပဋိသန္ဓေနေစဉ်က ပင် စကားပြီးသစွာ ပြောဆိုနိုင်သော ကံမရှိ၍ စကား ပြီးသအောင် မပြောနိုင်သူကို ပဋိသန္ဓေအားဖြင့် ဆွံ့အသူ ဟု ခေါ်၏၊ နောက်ကာလမှ တစုံတခုသော အကြောင်းကြောင့် ဆွံ့သူကို ဇစ္စမူဂ ဟု မဆိုရ။

ဇစ္စဠေ။ ။အရှေ့ အနောက် တောင် မြောက် ကျပ်ပြား စသည်ကိုမျှ သင်ပြ၍ နားမလည်နိုင်အောင် ထိုင်းမှိုင်း ဖျင်းအသူကို ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်း ဖျင်းအသူ ဟု ခေါ်၏၊ နောက်လာမှ တစုံတခုသော အကြောင်းကြောင့် ထိုင်းမှိုင်း ဖျင်းအသူကို ဇစ္စဠေ ဟု မဆိုရ။

ဇစ္စုမ္မတ္တက။ ။ပဋိသန္ဓေအားဖြင့် ရူးနှမ်းနှမ်း ဖြစ်သူကို ဇစ္စုမ္မတ္တက ဟု ခေါ်၏၊ ပဝတ္တိကာလမှ တစုံတခု သော အကြောင်းကြောင့် ရူးနှမ်းနှမ်း ဖြစ်သူကိုမူ ဇစ္စုမ္မတ္တက ဟု မဆိုရ။

မမ္မ။ ။စကား တလုံးတလုံးကို အဖော် အားထုတ်၍ ပြောရပြီးလျှင် ပြောပြန်လျှင်လည်း အမြွင်မပြတ်နိုင် ဘဲ ဒရွတ်ဆွဲ၍ ပြောရသူကို မမ္မ=မန်းဃွ ဟု ခေါ်၏။

ပဏ္ဍုက်။ ။ပဏ္ဍုက်သည် ၅-မျိုး ပြား၏၊

(၁) ညခုကာလ ပန်းစုတ်ကုလားကဲ့သို့ သူတပါး တို့၏ သုက်သွေးကို စုတ်ယူသော အခါ ကိလေသာ အပူငြိမ်းသော အာသိတ္တပဏ္ဍုက်။

(၂) သူတပါးတို့ မေထုံသံဝါသ ပြုနေသည်ကို ချောင်းမြောင်း ကြည့်ရှုရလျှင် ကိလေသာ အပူငြိမ်း သော ဥဿုယ ပဏ္ဍုက်။

(၃) နန်းတော်တွင်း၌ မိန်းမဆောင်ကို အုပ်ထိန်း ရသော အမတ်များကဲ့သို့ တမင် ထုတ်ပစ်အပ်သော ဝှေးစေ့ရှိသူကို ဩပက္ကမိက ပဏ္ဍုက်။

(၄) လဆန်းပက္ခ၌ ဖြစ်စေ လဆုတ်ပက္ခ၌ ဖြစ်စေ တပက္ခတပက္ခ၌ ကာမစိတ်ဓာတ် အထူး ထကြွလျက် သံဝါသပြုရမှ ကြေနပ်သူကို ပက္ခပဏ္ဍုက်။

(၅) ယောကျ်ား အင်္ဂါဇာတ်, မိန်းမ အင်္ဂါဇာတ် ၂-မျိုးလုံး ပင် အထင်အရှား မရှိသူကို နပုံးပဏ္ဍုက်။

ဤသို့လျှင် ပဏ္ဍုက်သည် ၅-မျိုး ရှိ၏။

ဥဘတောဗျည်း၊ ။ယောက်ျားတလှည့် မိန်းမတလှည့် ဖြစ်သူကို ဥဘတောဗျည်း ဟု ခေါ်၏၊ ယောက်ျားကို မြင်၍ မိန်းမစိတ် ဝင်လာသည့် အခါ မိန်းမအင်္ဂါဇာတ် ထင်ရှားလာ၍ ယောက်ျားအင်္ဂါဇာတ် မြုတ်ကွယ်နေသည်၊ မိန်းမကို မြင်၍ ယောက်ျားစိတ် ဝင်လာသည့် အခါ ယောက်ျားအင်္ဂါဇာတ် ထင်ရှားလာ၍ မိန်းမအင်္ဂါဇာတ် မြုတ်ကွယ်နေပြန်သည်။

ယောက်ျားဥဘတောဗျည်း, မိန်းမဥဘတောဗျည်း ဟု ၂-မျိုး ရှိရာ ဝတ်ပုံ စားပုံ သွားပုံ လာပုံ စသည်ကို မှာ ရိုးရိုးယောက်ျား မိန်းမတို့နှင့် အတူတူ ပင် တည်း၊ ဆိုခဲ့ပြီးအတိုင်း ရာဂစိတ် ထကြွလာမှ သာ အင်္ဂါဇာတ်တခု ထင်ရှားပေါ်လာ၍ အင်္ဂါဇာတ် တခု မြုတ်ကွယ်နေခြင်း ဖြစ်၏၊ ယောက်ျား ဥဘတောဗျည်း မှာ သူတပါးကို ပဋိသန္ဓေ တည်စေနိုင်သော်လည်း မိမိ ကိုယ်တိုင်မူကား သန္ဓေလွယ်ရခြင်း မရှိပေ၊ (ဝါ) ကိုယ်ဝန် မဆောင်နိုင်ပေ၊ မိန်းမဥဘတောဗျည်းကား အခြားမိန်းမတဦးကိုလည်း ပဋိသန္ဓေ တည်စေနိုင်၍ မိမိကိုယ်တိုင်လည်း သန္ဓေလွယ်နိုင်လေသည်။

ဝိနိပါတိက အသုရာ။ ။ဘုမ္မဇိုး ရုက္ခဇိုး နတ်တန်ခိုးကြီးများကို မှီခို၍ အစား အသောက် အိပ်ရာ နေရာ ကောင်းမွန်စွာ မရှိဘဲ ဖောက်ပြန် ပျက်စီး၍ နေကြသော နတ်သေး နတ်မွှား နတ် အငယ်စားများကို ဝိနိပါတိက အသုရာ ဟု ဆိုကြ၏၊ ၎င်းနတ်တို့မှာ လည်း ဒွိဟိတ်သြမက ကုသိုလ်ကံကြောင့် ဤသို့ နုံနုံချာချာ ဖြစ်ကြရလေသည်။

**အမှာ။** ။ကုသိုလ်ကောင်းမှု ပြုရာ၌ အမျိုးမျိုး ပြုလုပ်တတ်ကြခြင်းကြောင့် နတ်ပြည် ၆-ထပ်၌ အမျိုးမျိုး အကျိုးပေးတတ်ပုံကို အကျယ် သိလိုလျှင် မဃာဒေဝလင်္ကာသစ်၌ နံပါတ် ၃၇၀-မှ ၃၀၅-ထိ ကြည့်ရှုကြပါလေ။

---

## အကုသိုလ်ကံ အကျိုးပေးပုံ

ကုသိုလ်ကံ အကျိုးပေးပုံ အခန်းနှင့် မသက်ဆိုင်သော်လည်း ကမ္မဿကတာဉာဏ် ရင့်သန်သည်ထက် ရင့်သန်စေရန် အကုသိုလ်ကံ အကျိုးပေးပုံ အချို့ကိုလည်း ထုတ်ပြလိုက်သည်။

[ မဃဒေဝလင်္ကာသစ် ၃၆၀ ]

ဟောဆို ပြပိမ့်၊ မူလပါဠိ၊ ကျမ်းလာ ယှိတိုင်း၊ သိ
လော့ အလွယ်၊ မျိုးလေး အပါယ်၊ ပါယ် သုဂတိ၊ ဘူမိ
ကာမ၊ ရူပ အရူပ၊ ကံကောင်း ကြောင့်၊ ပါပကမ္မ၊ အကုသလ
၌၊ လောဘမူဟိတ်၊ ဒေါသ ပိဋကျ်၊ ပြိတ္တာ အသုရကာယ်၊
ဘုံ အပါယ်သို့၊ လားဘုယ်မှုဘ်ယူ၊ ဒေါသမူကား၊ ငြူ
စူ ပြစ်မှား၊ အမျက် များငြ၊ သားခွား၏ ငရဲ၊ မလွဲ အနေ၊
တွေဝေ မောဟ၊ ဟိတ်မူလကြောင့်၊ သုနခ, သုနခီ၊
သုကရီ, သုကရ၊ ခွေး ဝက် ပသား၊ နိမ့်ကျ ယုဘ်မာ၊
မိုက်မဲစွာဖြင့်၊ နှာနှာ သတ္တဝါန်၊ တိရစ္ဆာန်ဘုံ၊ ဖြစ်တုံ
မှတ်ဘိ၊ ကြောင်းရင်း သိလော့၊ ထို့ပြင် တခြား၊ တစိတ်

အားဖြင့်၊ တပေါ်း ကျမ်းလာ၊ စွဲစိပ်ဖြာ၍၊ ကမ္မာနုရူပ၊
ဂတိပြကား၊ ကာမရာဂ၊ ဗဟုလကြောင့်၊ ဝနစရကာ၊
ညစ်ညူးစွာတီ၊ ဟသ်ာ ဝမ်းဘဲ၊ ချိုးမွဲ ခိုကြက်၊ ကျေး
ဆက်ရက်နှင့်၊ ကျက်ကျက် နှေညာ၊ တရွှရွှဖြင့်၊ ရာဂ
ကြီးမား၊ တပ်မက်များသား၊ မြည်း လား သိုး ဆိတ်၊
အဟိတ်ဇာတိ၊ ဖြစ်ဘိတုံထ၊ မောဟမိုက်ကံ၊ ပြုစီမံ
သော်၊ ပိုးနှံလောက်ရွ၊ ဘိ မျှော့ စသည်၊ ဖြစ်ကြ အထု၊
အစုစုတည့်၊ ကောမပနာ၊ ပြင်းစွာ ဖြိုးထား၊ ဖွဲ့သော
အားဖြင့်၊ ကြီးမား မျက်သက်၊ ကံပျက်ကျိုးပေး၊ မြွေ
ပွေး မြွေဟောက်၊ မထိစောက်အောင်၊ ဆိပ်တောက် လွှန့်
ဆိုး၊ လူတိုင်းဖြိုး၍၊ သိမ်ချိုး ကြမ်းကြုတ်၊ သတ်ပုတ်
ခံရ၊ ဆင်းရဲကြ၏၊ မာနခက်ထန်၊ သမင္ဘာန်မူ၊ အလှန်
ကြမ်းလေ့၊ ဆိုးမာန် ငွေ့နှင့်၊ ခြသေ့် ယောနိ၊ ဖြစ်တုံ
ဘိ၏၊ အတိမာန၊ သနခနှင့်၊ ဂဒြဘဇာတ်၊ မမြတ်
ညစ်တော၊ မငွှေ ဣဿာ၊ ယုတ်မာ ငြူစူ၊ ကံမူ
မျောက်မျိုး၊ နှုတ်ဆိုး ပရယ်၊ ကံ ကြမ်းကြုတ်ကား၊
ငှက်ယုတ် ကာက၊ ဘင ရုန့်ရင်း၊ ဖြစ်သ်မ်ဖျင်း၏၊ ဆင်
မြင်း ကျွဲ နွား၊ စသည်များကို၊ သနားမဲ့လတ်၊ ပုတ်ခတ်
ရိုက်နှက်၊ နှိပ်စက် ထန်ပြင်း၊ ပြုကြခြင်း ကြောင့်၊ ကင်း
နှင့် ပုဇွန်၊ ဖြစ်မမွန်တည့်၊ လျှာ့ကျန် လိုက်၍၊ မိုက်မိုက်
ရူးရူး၊ သားစားကြူးနှင့်၊ ရှူးရှူးမျက်လို၊ ဝန်တိုကြီး
မား၊ ထိသူများကား၊ သစ်ကျား အောင်း ဝံ၊ ကြောင်
ဖျံ မြွေ ခွေး၊ ဖြစ်နှုပ်သေး၏၊ လှူပေး မျက်ထွက်၊

ဒေါသ ဘက်၌၊ နှစ်ချက်ကမ္မ၊ မိဿကဖြင့်၊ ဒွယကာရိ၊ လေ့ ငသိကြောင့်၊ နာဂီ နာဂ၊ သုပဏ္ဏ ဟု၊ သုခကြီး ကျယ်၊ တန်ခိုးကြွယ်လျက်၊ မျိုးနွယ် အဟိတ်၊ အပါယ် ဟိတ်နှင့်၊ မဂ်ပိတ် စျာန်ကင်း၊ ဘဝဖျင်းသား၊ အလင်း မယှိ၊ ဇာတိ ယုတ်တန်၊ တိရစ္ဆာန်၌၊ သဏ္ဌာန်အသွား၊ အကျင့် အားဖြင့်၊ သုံးပါး ကန့်လန့်၊ ဖီလာဆန့်သည်၊ ဘုန်းကြန့် ယုတ်မာ၊ သညာ ကေတ်၊ နာနတ် သဏ္ဌာန်၊ ဟန်ပန်ကြမ်းရှ ထွေပြားတည်း။

## ခက်ဆစ် အဓိပ္ပာယ်

သုန္ဒ - ခွေးထီး၊ သုန္ဒီ- ခွေးမ၊ သုကရီ- ဝက်မ၊ သုကရ- ဝက်ထီး။

နာနာသဏ္ဌာန်- နာနာ = အထူးထူး အထွေထွေ၊ သဏ္ဌာန်= ရုပ်ဆင်းအမျိုးမျိုး၊ အသံမျိုးမျိုး၊ အမူအရာအမျိုးမျိုး စသည်ဖြင့် ပုံအမျိုးမျိုး ရှိခြင်း။

ဝနစရက - ဝန=တော၌၊ စရက=ကျက်စားခြင်း၊ နေထိုင်စားသောက်ခြင်း။

ဆက်ရက် - ချေးအခေါ်၊ဇရက်-ယခုကာလအခေါ်။

ဘောဓုပနာ - ဘောဓ+ဥပနာဟ-ပုဒ်ခွဲ၊ ပြင်းထန်စွာ ရန်ငြိုးထားခြင်း။

အတိမာန - အတိ=အလွန်၊ မာန=ထောင်လွှားသူ။

ဂဒြဘ - မြည်း၊ မခွေ့- မခွေ့ရ- နှစ်ခုမြောခြင်း၊ ဝန်တိုခြင်း။

ဣဿာ - မနာလိုတတ်သူ၊ သူတပါးတို့ ပြည့်စုံသည်ကို မမြင်လို မကြားလိုသူ။

ဖရုသ - ဖရုသ-ကြမ်းတမ်းယုတ်မာသောစကား။

ကာက - ကျီး၊ (ဝါ) ကျီးကန်း။

မိဿကာဖြင့်၊ ဒွယကာဒိ - ကုသိုလ် အကုသိုလ် ၂ ပါး ဖုံ့ခရောထွေး၍ဖြစ်တတ်သော အခေသ့ ၁သိကြောင်း။

နာဂ - နဂါးမ၊နာဂ-နဂါးထီး၊သုပဏ္ဏ-ဂဠုန်။

အမှာ။ ။ဤပြဆိုခဲ့သည်တို့ကား တိရစ္ဆာန်ဘ၀၌ အကျိုးပေးပုံ တစိတ်တဒေသအားဖြင့် သာ ပြဆိုခြင်းတည်း၊ ကျန် သောပြိတ္တာ အသုရကာယ်ဘုံငရဲဘုံတို့၌ အကုသိုလ်ကံ အကျိုးပေးပုံများကို အကျယ် သိလိုလျှင် မဃဒေဝ လင်္ကာသစ်၌ နံပါတ်-၃၆၁ မှ ၃၇၆-ထိ ဤအတွင်း ကြည့်ရှုကြပါလေ။

# စွဲလမ်းခြင်း အပြစ်များ

[မဃဒေဝ လင်္ကာသစ် နံပါတ် ၃၂၂]

ထိုထိုပြောစည်၊ အတည်တည်ဖြင့်၊ တိုင်းပြည် နိုင်ငံ၊
အရံ ထီးနန်း၊ ပြာသာဒ်ကွန်းနှင့်၊ ကြငှန်း ရဝေ၊ ရွှေငွေ
ရတနာ၊ ဥစ္စာ ခမ်းနား၊ သား မယားကား၊ လေးပါး
ပါယ်ရွာ၊ လားကြောင်း သာတည်း၊ ရတနာ ရွှေ ငွေ၊
လယ်မြေ ဝတ္ထု၊ စုစု တင်းပြင်၊ လှန်ချစ်ခင်သည့်၊ လင်
နှင့် မယား၊ သား နှင့် သမီး၊ အသီးသီးကို၊ တပ်မြိုး
ငဲ့ထွေ၊ စွဲလမ်း သေသော်၊ မသွေ မှန်စွာ၊ တပ်ရာရာ၌၊
ပြိတ္တာ ပြိတ္တိ၊ ဖြစ်ဘိ မလွဲ၊ ငရဲ တိရစ္ဆာန်၊ အတန်တန်ဖြင့်၊
ဘောက်ပြန် မရှိ၊ ဂတိယုတ်မာ၊ မှားကြောင်းသာတည့်၊
(၁) ရှေးခါသော်က၊ သူကြွယ်မလျှင်၊ နာထ တုံရှောင်း၊
ကြေးတောင်း တောရွာ၊ သား သွားရာသို့၊ တမ်းကာ
သောက၊ ခဏ စင်စစ်၊ ခွေးမ ဖြစ်၍၊ သားချစ် လာရာ၊
လမ်းမှာ မျှော်စား၊ နေရငြားဧ်၊ (၂) မယား၌ပေ၊
တပ်လျက် သေ၍၊ မြွေ နှင့် ခွေး နွား၊ ထံပါး ဝဲရစ်၊
သုံးကြိမ် ဖြစ်ပြီး၊ တဆစ် ထိုမှ၊ လေးကြိမ် ကျသော်၊
မယား ဝမ်းခေါင်း၊ ဝင်ကာ အောင်းရှင့်၊ (၃) ၎င်း ထိုမှ၊
ဗာရာဏဝယ်၊ မနေ ကုဋ္ဌေ၊ လေးဆယ် တွေ့ကို၊ မြေဝယ်
သိုဝှက်၊ ထိုရမ္မက်ဖြင့်၊ တပ်လျက် သေကြ၊ မြွေ ကျေး

စသား၊ ကြွက်မ ကြွက်ထီး၊ သူဌေးကြီးတို့၊ ဖြစ်ပြီး
နေကုန်၊ မဟာဝုန်တွင်၊ အောက်စုန်ဘဝ၊ အပါယ်
ကျ၏။ (၄) ထိုမျှ အထု၊ ဥစ္စာစုကို၊ မဆိုထားလွတ်၊
ကိုယ်ဝတ် ခြုံလွမ်း၊ ပုဆိုးနွမ်းက၊ သက်န်းမျှ၌၊ လောဘ
ဤဟိတ်၊ ငဲ့သည့်စိတ်ကြောင့်၊ ဘုတ်ပြိတ်သန်းဖြ၊
ဖြစ်ကုန်ကြ၏။ (၅) ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊ အင်္ဂါ
အဆင်း၊ ကိုယ့်အတွင်းဝယ်၊ မွေးညှင်းဆံစု၊ ချပ်
ဝတ္ထု၌၊ တခုခုတပ်၊ စွဲကပ်စွန်းငြိ၊ ဇောဝီထိဖြင့်၊ စုတိ
ပဋိသန္ဓေ၊ မိမိကိုယ်တွင်၊ ထိုထိုပိုးလောက်၊ စားသောက်
ပြန်ကာ၊ ဖြစ်တတ်စွာ ဟု၊ ကျမ်းလာမုချ၊ ဤသို့
ပြ၏။ လောဘတရား၊ တဏှာအားဖြင့်၊ အလား
မဖြောင့်၊ ဂတိထောင့်ခွဲ၊ ထို့ကြောင့် ငါကို၊ ငဲ့ပါ
ဆိုသော်၊ မလို အကျိုး၊ ငရဲအိုးနှင့်၊ အမျိုးယုတ်မာ၊
ပါယ်လေးရွာ၌၊ ကျပါစေလို၊ ဆိုလတ်တုံသည်၊ သဘော
မည်၏။ အရှည်နောင်ရေး၊ ဖြစ်မည့်ဘေးကို၊ မတွေး
မဆ၊ ချစ်လောဘနှင့်၊ နန်းမဧကီ၊ ဒေဝီသနင်း၊
ငါသည့်မင်းကို၊ ပါယ်တွင်းနှစ်သည် မဟုတ်လော။ ။

## သား၌ စွဲလမ်းသေ၍ ခွေးမ ဖြစ်ရပုံ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး
ပိုးစံအုပ်ချုပ် မင်းလုပ်နေသော အခါ ငါတို့ ဘုရားအလောင်း
တော်သည် ခိုးသားငါးရာတို့၏ အကြီးအမှူး ဓားပြဗိုလ်ကြီး
လုပ်ကာ အသက်မွေးမှုလျက် ရှိလေသည်၊ ထိုဗာရာဏသီပြည်၌

သူကြွယ် တယောက်သည် တောရွာမှ လူတယောက်အား ငွေ ၁၀၀ဝိ - ချေးငှားလိုက်ပြီးနောက် ပြန်မဆပ်မီ ကွယ်လွန်ခဲ့လေသည်၊ တဖန် သူကြွယ်ကတော်သည် အသဲအသန် မကျန်းမမာ ဖြစ်လာပြန်သော အခါ သားကို ခေါ်၍ "ချစ်သားသင့်အဖေ မကွယ်လွန်မီက ပေးထားသော ငွေ ၁၀၀ဝိ ကို ငါ့အသက် ရှင်နေတုန်း သွားတောင်းပါ၊ အကယ်၍ ငါ များကွယ်လွန်ခဲ့သော် ထိုငွေ ရတော့မည် မဟုတ်" ဟု ပြောဆို၍ ထိုတောရွာ သို့ ကြွေးတောင်း သွား ရန် သား ကို ခိုင်း လိုက်လေသည်။

သားဖြစ်သူ ကြွေးတောင်းသွား၍ မပြန်လာမီ မိခင် သူကြွယ်ကတော်သည် ကွယ်လွန်နှင့်လေရာ သား၌စွဲလမ်းသော တဏှာ ဥပါဒါန်ကြောင့် မြွေပြတ္တိုး နေသော တောအုပ် အတွင်းဝယ် ဥပပါတ် (ချက်ခြင်း ခန္ဓာကိုယ် ထင်ရှားဖြစ်သော) ခွေးမ ဖြစ်ရလေသည်၊ ငွေ ၁၀၀ဝိ ရ၍ သားပြန်လာသော အခါ မြွေပြတ္တိုး နေထိုင်သော တောအုပ်သို့ ဝင်မည် ပြုသော် ထို ခွေးမသည် ရှေ့မှ ကာဆီးကာ ထိုတောအုပ်သို့ မဝင်ရန် တားရှာလေသည်၊ သား ဖြစ် သူ သည် ခွေးမက ငါ့ကို နှောက်ယှက်ရသလော ဟု စိတ်ဆိုးကာ ခဲ ဒုတ် တို့ဖြင့် ပြစ်ခတ်၍ ထိုမြွေပြတ္တိုး ရှိရာ တောအုပ်သို့ တိုးဝင်လေသည်၊ သို့သော် ဘုရားလောင်း မြွေပြ ဗိုလ်ကြီးက ထိုအခြင်းအရာကို သိခြင်းကြောင့် သနားစိတ်ရှိရကား ထိုအကြောင်းခြင်းရာကို ပြောပြပြီး လျှင် ငွေများကို လည်း မ ယူ လိုက် ဘဲ နေ ရပ် သို့ ကောင်းမွန်စွာ ပြန်လွှတ်လိုက်လေသည်။

အကျဉ်းချုံး ပြလိုက်သည်၊ အကျယ် သိလိုမူ ငါးကနိပါတ် သတပတ္တဇာတ်မှာ ကြည့်ရှုပါလေ။ ။

(ဇာတက-ဋ္ဌ- ဒု အုပ် ၃၄၈)

—

မယားခွဲ စွဲလမ်းသေ၍ တိရစ္ဆာန် သုံးဘဝ ဖြစ်ရပုံ

[အံ ၃၊ ဋ္ဌ- ၁၈၉]

ရှေးအခါ ရွာတရွာတွင် ညီအစ်ကို နှစ်ယောက် ရှိရာ အစ်ကိုသည် အိမ်ထောင်ပြု၏၊ ညီငယ်ကား အိမ်ထောင် မပြုဘဲ အစ်ကိုနှင့် အတူ နေထိုင် လုပ်ကိုင် စားသောက်၏၊ ကာလ အတန်ကြာသော အခါ အစ်ကို မယားသည် ညီငယ်နှင့် ဖောက်ပြန်လေသည်၊ အစ်ကို လင်ကြီးထက် ပင် ညီလင်ငယ်ကို ပိုမို၍ ချစ်၏၊ ညီလင်ငယ်အား အစ်ကို လင်ကြီးကို သတ်ရန် မယားက ခိုင်းစေတော့သည်၊ တကြိမ် နှစ်ကြိမ် ငြင်းဆိုသေး၏၊ သုံးကြိမ် ပြောဆိုသော အခါ၌ကား သတ်ရန် ဝန်ခံလေသည်။

ညီလင်ငယ်အား အချိန်းအချက် ပေး၍ အစ်ကို လင်ကြီးကို သူသူ အရောက်အပေါက် နည်းသော ရေဆိပ်၌ မယားဖြစ်သူက ခေါင်းလျှော် ခိုင်းရာ ငုံ့၍ ခေါင်း လျှော် နေခိုက် ညီ ငယ်က ခါးဖြင့် ခုတ်သတ်၍ ရေ၌ မျှောလိုက်လေသည်။

ထိုသို့ အစ်ကိုလင်ကြီး သေဆုံးသောအခါ မယား၌ စွဲလမ်းသော တဏှာ ဥပါဒါန် ကြောင့် မိမိနေခဲ့သော အိမ်၌ မြွေ သွား ဖြစ်လေသည်၊ ထိုမြွေသည် မယားဟောင်း ကိုယ်ပေါ်သို့ မကြာ

မကြာ ကျလာတတ်၏၊ ကျဖန် များလတ်သော် မယားသည် ဤမြွေကား သေသွားသော လင်ကြီး ဖြစ်တန်ရာ၏ဟု အောက်မေ့၍ တဖန် ဒုတိယအကြိမ် ထိုမြွေကို သတ်ပစ်ပြန်လေသည်။

ထိုမြွေ သေဆုံးပြန်သောအခါ မယားဟောင်း၌ စွဲလမ်းမှုကြောင့် ထိုအိမ်၌ ပင် ခွေးဖြစ်ပြန်လေသည်၊ သွားတတ်သောအရွယ်မှ စ၍ ထိုမယားဟောင်း နောက်သို့ သာ တကောက်ကောက် လိုက်နေတတ်လေသည်၊ ကြွသော် လူအပေါင်းတို့က "ခွေးမုဆိုး ထွက်ပြီဟေ့၊ ယနေ့ ဘယ်အရပ် သွားလိမ့်မည်နည်း" စသဖြင့် ပြောင်လှောင်ကြလေသည်၊ ထိုမယားဟောင်းသည် ရှေးနည်းတူ အောက်မေ့မိရကား တဖန် တတိယကြိမ် ထိုခွေးကို သတ်ပစ်ပြန်လေသည်။

ထိုခွေး သေဆုံးပြန်သောအခါ စွဲလမ်းမှု မကုန်သေးခြင်းကြောင့် ထိုအိမ်၌ပင် နွားဖြစ်ပြန်လေသည်၊ သွားတတ်သောအရွယ်မှ စ၍ ထိုမယားဟောင်း နောက်သို့ သာ တကောက်ကောက် လိုက်နေလေရာ လူအပေါင်းတို့က "နွားကျောင်းသား ထွက်ပြီဟေ့၊ ယနေ့ ဘယ်အရပ်မှာ နွားကျောင်းလတံ့နည်း" စသည်ဖြင့် ပြောင်လှောင် ကြပြန်လေသည်၊ ထိုမယားဟောင်းသည် ရှေးနည်းတူ အောက်မေ့မိရကား တဖန် စတုတ္ထအကြိမ် ထိုနွားငယ်ကို သတ်ပြစ်ပြန်လေသည်။

ထိုသို့ လေးကြိမ်တိုင်တိုင် အသတ်ခံရသော်လည်း စွဲလန်းမှု ပြင်းထန်ကေ ား ဤအကြိမ်၌မူ ထိုမယားဟောင်း ဝမ်း၌ ပဋိသန္ဓေ တည်နေလေသည်၊ အချိန်တန်၍ မွေးဖွားလာသောအခါ ထို

ကလေးမှာ ဇာတိဿရဉာဏ် ( အဖြစ်ဟောင်းကို သိသောဉာဏ် ) ရလေရကား “ ရန်သူ၀မ်း၌ ဖြစ်ရလေခြင်း ” ဟု ဆင်ခြင်အောက်မေ့မိသည့် အခါမှ စ၍ ထိုမယားဟောင်းမိခင်၏ အကိုင်အတွယ်ကို လုံး၀ မခံတော့ပေ၊ ထိုမိန်းမ ကိုင်တွယ် ပွေ့ဖက်လျှင် သည်းထန်စွာ ငိုကြွေးလေသည်။

မိခင်ရင်းက အကိုင်အတွယ် မခံခြင်းကြောင့် အဖိုးအဖွားတို့က ကောက်ယူ မွေးမြူရလေသည်၊ ကြီးပြင်းလာသောအခါ ထိုအကြောင်းကို အဖိုးက မေးလေသော် မြေးသူငယ်က လွန်ခဲ့ပြီးလေးဘ၀ ဇာတ်ကြောင်းကို ပြန်ပြောပြလေသော် မြေးအဖိုး နှစ်ဦးစလုံး လွန်စွာ သံဝေဂ ဖြစ်ကြပြီးလျှင် သာသနာတော်တွင်းသို့ ဝင်ကာ သံသရာနိဂုံး အဆုံးသတ် သွားကြလေသည်။ ( ဝါ ) ရဟန္တာ ဖြစ်သွားကြလေသည်။

---

ပစ္စည်း၌ စွဲလမ်းသေ၍ မြွေ ကြက် ဝသည်တို့ ဖြစ်ရပုံ

[ ဇာတက ဋ္ဌ-ပ-အုပ် ၁၄၂ ]

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ကုဋေ ၈၀ ကြွယ်ဝသော သေဌေးတဦးသည် ပစ္စည်းများကို မြေ၌ မြှုပ်ထားခဲ့သည်၊ နောင် သေလွန်သော အခါ ထိုပစ္စည်းများ၌ စွဲလမ်းမှုကြောင့် ထိုပစ္စည်းများ မြှုပ်ထားရာ အရပ်၌ မြွေ ဖြစ်လေသည်။

ကုဋ္ဌေ ၃၀ ကြွယ်ဝသော သေဋ္ဌေးတဦးသည်လည်း အထက်က သေဋ္ဌေးနည်းတူ မြေ၌ မြှုပ်ထားလေရာ သေလွန်သောအခါ ထိုမြှုပ်ထားရာ အပေါ်၌ ကြွက် ဖြစ်လေသည်။ ( အကျဉ်းမျှ သာ ပြလိုက်သည်။ )

[ ပ-အုပ်-၅၀၄ ]

ကုဋ္ဌေ ၄၀ ကြွယ်ဝသော သေဋ္ဌေးတဦးသည် အထက်က နည်းတူ မြေ၌ မြှုပ်ထားရာ သေဋ္ဌေးကတော်သည် သေလွန်သော အခါ ပစ္စည်း၌ စွဲလမ်းမှုကြောင့် ထိုမြှုပ်ထားရာ ပစ္စည်းအပေါ် ၌ ကြွက်မ ဖြစ်လေသည်။

[ ဇာတက ဠ-ဒု-အုပ် ၃၀၁ ]

ငါတို့ ဘုရားသျှင် လက်ထက်တော်အခါ ဘဒ္ဒဇိ မထေရ်သည် ဘုရားသျှင်နှင့် အတူ ဂင်္ဂါမြစ်၌ သင်္ဘောစီး၍ သွားကြရာ သဒ္ဒဇိ မထေရ် အပေါ်၌ သံသယရှိကြသော ရဟန်းတို့အား သံသယ ကင်းပျောက်စေရန် မဟာပနာဒမင်း ဖြစ်စဉ် အခါ နေထိုင်ခဲ့ သော ပြာသာဒ်ကို ဂင်္ဂါမြစ်တွင်းမှ ထုတ်၍ ပြစေတော်မူသည်၊ ဘဒ္ဒဇိမထေရ်အလောင်း မဟာပနာဒမင်း ဖြစ်စဉ် နေထိုင်ခဲ့သော ပြာသာဒ် ဖြစ်သည်၊ ခြေမဖြင့် ပြာသာဒ် ထုပိကာကို ညှပ်တင်၍ ယူဇနာ ၂၀ မြင့်တက်အောင် ထုတ်ပြလေသော် ထိုပြာသာဒ်၌ မှီတွယ်နေကြသော ငါး လိပ် ဖား မြွေ စသော သတ္တဝါတို့ သည် ထက်အောက် ပြောင်းပြန် ပက်လက်လံ၍ ရေသို့ ကျလေ ကုန်၏။

ထို ငါး လိပ် ဖား မြွေ စသည်တို့ကား မဟာပနာဒမင်း၏ ဆွေတော် မျိုးတော်တို့တည်း၊ သေလွန်သောအခါ ပြာသာဒ်၌ စွဲလမ်းမှု တဏှာဥပါဒါန်ကြောင့် ထိုပြာသာဒ် အတွင်း၌ ဤသို့ သော တိရစ္ဆာန်များ ဖြစ်နေကြရခြင်း တည်း။

[ အပဒါန ဋ္ဌ-၃ အုပ် ၂၉၆ ၌လည်း ရှိ၏ ]

—

## သင်္ကန်း၌ စွဲလမ်းမှုကြောင့် သန်းဖြစ်ရပုံ

[ ဓမ္မပဒ ဋ္ဌ ၃ အုပ် ၂၁၉ ]

ငါတို့ ဘုရားသျှင် လက်ထက်တော် အခါ သာဝတ္ထိပြည်၌ နေသော အမျိုးကောင်းသား တယောက်သည် ရဟန်းပြုပြီးလျှင် တိဿ ဟူသော အမည်ဖြင့် ထင်ရှားလေသည်၊ နှမတော်သူသည် မောင်တော် ရဟန်း အတွက် နူးညံ့ ကောင်းမွန်သော သင်္ကန်းကို ယက်လုပ်စေ ချုပ်လုပ်စေရော အလုံးစုံ သင်္ကန်း၌ ပြုဘွယ်ကိစ္စ ပြီးသောအခါ ကောင်းမွန်စွာ ချက်ပြုတ်၍ ကျွေးမွေး ဆက်ကပ် လိုက်လေသည်၊ အလွန် နူးညံ့ ကောင်းမွန်သော သင်္ကန်း ဖြစ် ခြင်းကြောင့် သင်္ကန်း၌ စွဲလမ်းမှု အားကြီး နေလေသည်။

ထိုညမှာ ပင် အစာမကြေ ရောဂါဖြင့် ကွယ်လွန်ခဲ့လေရာ ထိုသင်္ကန်း၌ ပင် သန်း ဖြစ်ရလေသည်၊ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးဆုံး သောအခါ ထိုသင်္ကန်းကို သံဃာတော်များက ဝေယူရန် ပြင် ဆင်ကြလေသည်၊ ထိုအခါ သန်းသတ္တဝါက "ငါ့ပစ္စည်းကို လုယူကုန်ကြပြီ"ဟု မြည်တမ်းလျက် အမြီးထောင်ကာ ထိုမှ ဤမှ ပြေးသွားနေလေသည်၊ ထိုအခြင်းအရာကို ဘုရားသခင်က မြင်

တော်မူလေသော် "ချစ်သားတို့-(၇)ရက်ကျော်လွန်မှ ဤသင်္ကန်း ကို ကြွေလော့ "ဟု မိန့်တော်မူလေသည်။

(၇)ရက် မြောက်သော အခါ ထိုသန်းသည် သေလွန်ခဲ့၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်၊ သဒ္ဓါတရားစစ်စစ်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သော အမျိုးကောင်း ဖြစ်ပါလျက် ထိုသင်္ကန်း၌ ဖြစ်သော စွဲလန်းမှု တဏှာဥပါဒါန်ကြောင့် (၇)ရက်မျှ ဒုဂ္ဂတိဘဝ၌ သန်းဖြစ်ရလေသည်၊ စွဲလမ်းမှုတဏှာဥပါဒါန်ကား ဤမျှအထိ ကြောက်လန့်ဘွယ် ကောင်းလှပေသည်။

ဘုရားရှင်က မဝေသေးရန် မတားမြစ်ခဲ့ဘဲ သံဃာတော်များ ကလည်း သတိမမူကြသဖြင့် (၇) ရက် မစေ့မီ ဝေယူကြသော် ထိုသန်းသည် သံဃာတော်များ၌ ပြစ်မှားမိကာ ထိုသန်းဘဝမှ စုတေလျှင် ငရဲ၌ ကျရောက်ရပေမည်၊ ယခုမူကား ထိုသန်းဘဝမှ ကျွတ်လွတ်ပြီးမှ သာ ဝေယူရန် ဘုရားသျှင် အမိန့်တော်ကြောင့် များစွာ သက်သာရာ ရခဲ့လေသည်။

သာပေက္ခကာလကိရိယာ ဟိ အတ္တနော ယေဝ ဂေဟေ ယက္ခ ကုက္ကုရ အဇ ဂေါဏ မဟိံသ မူသိက ကုက္ကုဋ္ဌ ဉီဏမင်္ဂုလာဒိ ဘာဝေန နိဗ္ဗတ္တကာရဏံ ဟောတိ။

[ ဒီဃ ၂- ၄-၂၂၆ ]

သာပေက္ခကာလကိရိယာ၊ ငဲ့ကွက်ခြင်းဖြင့်။ (ဝါ) စွဲလမ်း ခြင်းဖြင့် သေလွန်သည်ရှိသော်။ အတ္တနော ယေဝ ဂေဟေ၊ မိမိ

၏ အိမ်၌ သာလျှင်။ ယက္ခ-ကုက္ကုရ-အဇ-ဂေါဏ-မဟိံသ-မူသိက-ကုက္ကုဋ-ဥဠုက-မင်္ဂလာဒိဘာဝေန၊ အိမ်စောင့်နတ်, ခွေး, ဆိတ်, နွား, ကျွဲ, ကြွက်, ကြက်, သန်း, ကြမ်းပိုး စသော တိရစ္ဆာန်တို့၏ အဖြစ်ဖြင့်။ နိဗ္ဗတ္တကာရဏံ၊ ဖြစ်ခြင်း အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

စသည် ဟူသော စကားဖြင့် သိုး, မြင်း, အိမ်မြှောင်, ပိုးဟပ်, ပိုး, လောက်, ကြောင် စသော တိရစ္ဆာန် အမျိုးမျိုး ဖြစ်နိုင်ကြောင်းလည်း နည်းယူ သိပါလေ။

ထို့ကြောင့် ပစ္စည်းဥစ္စာ၌ ဖြစ်စေ သား, သမီး, မယား, လင် စသော သက်ရှိ သတ္တဝါများ၌ ဖြစ်စေ မိမိခန္ဓာကိုယ်၌ ဖြစ်စေ သေခါနီးကာလ၌ စွဲလမ်းခြင်း မဖြစ်ကြစေရန် အထူး သတိပြုကြရပေမည်၊ ဘဝမဆုံးသေးလျှင် ဤရောဂါဝေဒနာမှ ပျောက်ကင်းထမြောက်တော့မည် မဟုတ် ဟု ထင်လျှင် ဘဝကိုမျှ စွဲလမ်းမှု မဖြစ်စေဘဲ မိမိ ပြုခဲ့ဘူးသော ကောင်းမှု ကုသိုလ်များကို ပြန်လည် တွေးတောနေရမည်၊ သို့မဟုတ် မိမိ ပွားများ အားထုတ်နေကျ ကမ္မဋ္ဌာန်းဘာဝနာကို အားသွင်း နေရမည်၊ သို့မှသာ ဘဝပြောင်းသော် သုဂတိဘဝသို့ ကောင်းစွာ ရောက်ရ ပေမည်။

# ဆုတောင်းမှုနှင့်စပ်၍ မှတ်သားဘွယ်များ

အပ္ပမတ္တကံ တိဏမူလမတ္တဒါနကုသလံ ဝါ ဟောတု၊ မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ၊ 'ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ'တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိ ယေဝ။ ။

[ အံ-၁-ပါ ၇၊ ဋ္ဌ-၄၃ ]

### အနက်

အပ္ပမတ္တကံ၊ အနည်းငယ်မျှ ဖြစ်သော၊ တိဏမူလမတ္တဒါနကုသလံ ဝါ၊ မြက်ဆုပ်မျှကို ပေးလှူခြင်း ဒါန ကုသိုလ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်မွန်မြတ်လှသော။ ဝေလာမဒါနာဒိကုသလံ ဝါ၊ ထမင်းရေချောင်းစီးအောင် လှူသော ဝေလာမပုဏ္ဏားကြီး အလှူနှင့် တူသော ဒါန ကုသိုလ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်၌ ပြည့်စုံခြင်းကို။ (ဝါ) လူ့ဘုံ နတ်ဘုံ၌ ဖြစ်သော စည်းစိမ်ချမ်းသာကို။

ပတ္တေတွာ၊ ခေါင့်တာ၍။ ( ဝါ ) ဆုတောင်း၍။ ဝဋ္ဋသန္နိဿိတ ဝသေန၊ ဝဋ်၌ မှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာ၊ မှားမှားယွင်းယွင်း။ ဌပိတံ၊ ထားအပ်သည်။ ( ဝါ ) ဆုတောင်းအပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့အံ့။ ဝေံသတိ၊ ဤသို့ ဖြစ်ခဲ့သည် ရှိသော်။ ) ဝဋ္ဋမေဝ၊ ဝဋ်ဆင်းရဲသို့ သာလျှင်။ အာဟရိတုံ၊ ပို့ဆောင်ခြင်းငှာ၊ သက္ကောတိ၊ စွမ်းနိုင်၏၊ ဝိဝဋ္ဋံ၊ ဝဋ်ဆင်းရဲမှကင်းရာ နိဗ္ဗာန်သို့။ အာဟရိတုံ၊ ပို့ဆောင်ခြင်းငှာ၊ နော သက္ကောတိ၊ မစွမ်းနိုင်။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤဒါနသည်။ အာသဝက္ခယာ ဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ခမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ ပို့ဆောင် နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိဝေံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်ဒုက္ခမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တခြင်းဖြင့်။ ( ဝါ ) ဆုတောင်း ခြင်းဖြင့်။ ဝိဝဋ္ဋာသေန၊ ဝဋ်ဆင်းရဲ၏ ကင်းရာ နိဗ္ဗာန်၏ အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ( ဝါ ) မှန်မှန်ကန်ကန်၊ ဌပိတံ၊ ထားအပ် သည်ရှိသော်။ ( ဝါ ) ဆုတောင်းအပ်သည် ရှိသော်၊ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ဉာဏ်ကိုရင်း။ ပစ္စေက ဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိ ဉာဏ်ကိုရင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိ ယေဝ၊ စွမ်းနိုင်သည် သာလျှင်တည်း။

အနည်းငယ်သော ဒါန ပင် ဖြစ်စေ အလွန် ကြီးကျယ်လှ သော ဒါန ပင် ဖြစ်စေ ဝဋ်ဆင်းရဲကို သာ တောင့်တလျှင် ( ဝါ ) လူ့စည်းစိမ်, နတ်စည်းစိမ်ကို သာ ရရန် ဆုတောင်းလျှင် ဝဋ်ဆင်းရဲကို သာ ရစေလိမ့်မည်၊ ဝဋ်ဆင်းရဲမှ လွတ်ရာ နိဗ္ဗာန် မဂ်

ဖိုလ်ကို ကေန် မုချ မရနိုင်၊ ထို့ကြောင့် ဒါနပြုသော အခါ မဂ် ဖိုလ် နိဗ္ဗာန်ကို သာ တောင့်တ၍ ဆုတောင်း၍ ပြုကြရမည်၊ ထိုသို့ ပြုမှ သာ မိမိတို့ အလိုရှိသော ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ ဟူသော ဗောဓိ ၅ - ပါးတွင် တပါးပါးကို ကေန်မုချ ရပေမည်။

ဒါနပြုရာ၌ သံသရာရှည်သည် တိုသည်ကား မိမိတို့ ဆုတောင်းမှုအပေါ်မှာ သာ တည်လေသည်၊ "**ဒါန ပြုခြင်းကြောင့် သံသရာရှည်သည်**" ဟု အချို့လူတို့ ပြောဆိုကြခြင်းကား ကျမ်းဂန်၌ အပါးမဝ၍ ပြောဆိုကြခြင်းသာတည်း၊ ဒါနကြောင့် သံသရာရှည်သည် ဆိုလျှင် "ဝေဿန္တရာမင်းကြီးမှာ ယခုထက်တိုင် သံသရာဝဋ်ဆင်းရဲမှ မလွတ်သေးသလော" ဟု ထိုသူတို့ကို ပြန်မေး သင့်လေသည်။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ - ဤတရား ၅-ပါးနှင့်လည်း ပြည့်စုံစေ၍ ဆုတောင်းမှုလည်း ရှိက (ဝါ) တောင့်တမှုလည်း ရှိက မိမိတို့ ရောက်လိုသော သုဂတိ ဘုံဘဝများသို့ ကေန်မုချ ရောက်နိုင်ကြောင်း (သုဂတိဘဝ မြဲစေရန် ကျင့်ဝတ်များ အခဏ်း) သင်္ခါရုပပတ္တိသုတ် မြန်မာပြန်၌ ပြခဲ့လေပြီ၊ ထိုအခဏ်းကို ပြန်လည် ကြည့်ရှုကြပါကုန်။

ကုသိုလ်ကောင်းမှုများတွင် ဘာတခုမျှ မပြုလုပ်ဘဲ ဆုတောင်းနေရုံနှင့်လည်း ကောင်းကျိုး မရနိုင်ကြောင်း၊ ထပ်မံ သတိ ပြုကြရမည် အထက်ပါ အတိုင်း အင်္ဂါ နှစ်ချက်နှင့် ပြည့်စုံမှ သာ

လိုအပ်သော ကောင်းကျိုးကို ကေန် မုချ တွေ့ကြုံ ခံစား ကြရ ပေမည်။

> ပတ္ထနာယ ပဋိဗဒ္ဓိတဿ သဗ္ဗကာမဒဒတ္တံ န ဝိနာ ပတ္ထနံ ဟောတိ။
>
> [ ခုဒ္ဒကပါဠ ပါ ၁၀၊ ဋ္ဌ-၁၉၁ ]

ပတ္ထနာယ၊ ဆုတောင်းခြင်းနှင့်၊ ပဋိဗဒ္ဓိတဿ၊ စပ်သောပုဂ္ဂိုလ်အား၊ သဗ္ဗကာမဒဒတ္တံ၊ အလုံးစုံ အလိုရှိအပ်သော ကောင်းကျိုးကို ပေးတတ်သည် အဖြစ်သည်၊ ဟောတိ၊ ဖြစ်၏။ ပတ္ထနံ၊ ဆုတောင်းခြင်းကို၊ ဝိနာ၊ ကြဉ်ထား၍၊ (ဂါ) ကြဉ်ထားသည်ရှိသော်၊ သဗ္ဗကာမဒဒတ္တံ၊အလုံးစုံ အလိုရှိအပ်သော ကောင်းကျိုးကို ပေးတတ်သည် အဖြစ်သည်၊ န ဟောတိ၊ မဖြစ်။

တစုံတခု ကောင်းမှုကုသိုလ်ကို ပြုလုပ်ပြီးလျှင် မိမိတို့ အလိုရှိအပ်သော ကောင်းကျိုးများကို တွေ့ကြုံ ခံစားနိုင်ရန် ဆုတောင်းခြင်း ပြုသူအား ဆုတောင်းသည့် အတိုင်း ပြည့်စုံတတ်ကြောင်း- ဆုတောင်းခြင်း မပြုသူအား မပြည့်စုံတတ်ကြောင်း- မိန့်ဆိုထား၏၊ ထို့ကြောင့် မိမိတို့ ရလိုသော ကောင်းကျိုးကို ဆုတောင်း ကြရပေမည်။

လောကီနယ်ပယ်၌ အခြားသော လူ နတ် တို့ထက် ထူးထူး ချွန်ချွန် ဖြစ်လိုလျှင် ဆုတောင်းမှု ရှိရပေမည်၊ ဥပမာ-ဇောတိက သေဋ္ဌေး စည်းစိမ်ကို ရန်သူမျိုးငါးပါးတို့ လုယူဖျက်ဆီးခြင်း မပြုနိုင်သကဲ့သို့ရင်း, စဏ္ဍပဇ္ဇောတမင်း ယာဉ် ၅-မျိုး ရသကဲ့သို့ရင်း,

သီရိမင်္ဂလာကမင်းကြီး ဒုဋ္ဌကတ်တယ္ဟူဇနော အာဘက်တယ္ဟူဇနော တိုင်အောင် အစိုးရခြင်းကဲ့သို့၎င်း, အဂ္ဂသာဝက မဟာသာဝက အသျှင်မြတ်တို့ ရကြသော ရာထူးဌာနန္တရတို့ကဲ့သို့၎င်း မိမိတို့ ရလိုကြသော ကောင်းကျိုးများကို စွဲစွဲမြဲမြဲ တောင့်တကြရမည်၊ (၀၁)ဆုတောင်းကြရမည်။

## ဆုတောင်းမမှားကြရန်

မိမိလင် ဆဒ္ဒန်ဆင်မင်းကို ပြန်သတ်နိုင်ရန် ဆုတောင်းမှားခဲ့သော စူဠသုဘဒ္ဒါ ဆင်မ မိဖုယားကဲ့သို့၎င်း, မိမိ ရုပ်အဆင်းကို မြင်သော ယောကျ်ားများ မူးယစ်ကြစေရန် ဆုတောင်းမှားခဲ့သော ဥမ္မာဒန္တီ အမျိုးသမီးကဲ့သို့၎င်း, မိမိ၏ဆွေမျိုး မိန်းမများမှ တပါး အခြား မိန်းမတို့က မိမိကို မြင်လျှင် ဣန္ဒြေမဆယ်နိုင် အောင် ချစ်ကြိုက်စေရန် ဆုတောင်မှားခဲ့သော အနာထပိဏ် သူဌေးကြီးတူ နန္ဒလုလင်ကဲ့သို့၎င်း, အပြန်အလှန် သတ်ဖြတ် ညှင်းဆဲနိုင်ရန် ဆုတောင်းမှားခဲ့ကြသော သူတို့ကဲ့သို့၎င်း ဆုတောင်း မမှားကြစေရန်လည်း အထူး သတိပြု ရှောင်ကြဉ် ကြရပေမည်။

---

## ဆုမတောင်းသော်လည်း ရနိုင်သော ကောင်းကျိုးများ

လောကီနယ်ပယ်၌ အခြားသော လူနတ်တို့ထက် ထူးထူး ချွန်ချွန် ဖြစ်လိုလျှင်သာ ဆုတောင်းခြင်း ပြုကြရပေသည်၊ တစုံ တခု ကောင်းမှုကုသိုလ်ကို ပြုလုပ်ပြီးနောက် အထူးအထွေ ဆုတောင်းခြင်း မပြုသော်လည်း ပြုလုပ်သော ကောင်းမှုကုသိုလ်

အား လျော်စွာ တူသော ကောင်းကျိုးများကိုကား ကေန် မုချ ခံစားကြရပေမည်။

ဥပမာ—ဆွမ်း စသော စားဘွယ် သောက်ဘွယ်ကို ပေးလျှင် လှူလျှင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ချမ်းသာကြီးခြင်း, ဉာဏ်ပညာ ထက်မြက်ခြင်း စသော ကောင်းကျိုး များကိုရင်း သင်္ကန်း အဝတ် စသည်ကို ပေးလျှင် သှုလျှင် အဆင်းလှခြင်း, အချမ်းအပူတို့ မနှိပ်စက်နိုင်ခြင်း, အဝတ်အထည် များ ရလွယ်ခြင်း စသော ကောင်းကျိုး များကိုရင်း ဤသို့ စသည်ဖြင့် တူရာတူရာ ကောင်းကျိုးများကိုကား အထူးအထွေ ဆုမတောင်းသော်လည်း ရနိုင်သည် သာ ဟူ၍ စွဲမြဲစွာ မှတ်သား ကြပါလေ။

**အမှာစကား။** ။ဆွမ်း လှူရကျိုး, သင်္ကန်း လှူရကျိုး, ကျောင်း လှူရကျိုး, ဆေး လှူရကျိုး, ရေတွင်း ရေကန် ထီး ဘိနပ် သပိတ် စသော အလှူဝတ္ထု အမျိုးမျိုးတို့ကို ပေးလှူ ခြင်းကြောင့် ရနိုင်သော ကောင်းကျိုးများကို ဤကျမ်း၌ ရေးသား ဖော်ပြလိုသော်လည်း အင်အားတတ်နိုင်မည် မဟုတ်သေးသောကြောင့် ချန်လှပ်ထားခဲ့ ရပေဦးမည်၊ နောင် အကြောင်း ညီညွတ်သော အခါတွင် '**ပုညာ နိသံသဒီပနီကျမ်း**' ဟူသော အမည်ဖြင့် ကျမ်းစာတစောင် ရေးသား ထုတ်ဝေ လှူဒါန်းရန် စိတ်ကူးထားလျက် ရှိသေးကြောင်း သတင်းကောင်း ပေးလိုက်ပါသည်။

## ဆုတောင်းကြပုံ ၂-မျိုး

[ ဇာတ် ၄ ၅၇၊ ပါ-၂၀၁ ]

တဏှာပတ္ထနာ, ကုသလစ္ဆန္ဒပတ္ထနာ ၂-မျိုး၊ တဏှာရာဂ၏ အစွမ်းဖြင့် တောင့်တခြင်း, ကုသိုလ်ဆန္ဒ၏အစွမ်းအားဖြင့် တောင့်တခြင်း (ဝါ) ဆုတောင်းခြင်း ဟူ၍ ၂-မျိုး ရှိကြောင်း မိန့်ဆိုထား၏။

လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို ရရန် ဆုတောင်းခြင်း, ဤလင် ဤမယား ဤသားသမီး စသည်တို့နှင့် မကွဲမကွာ အတူဖြစ်ကြရန် ဆုတောင်းခြင်းစသည်များသည် တဏှာပတ္ထနာ မည်၏၊ (ဝါ) တဏှာ၏ အစွမ်းဖြင့် တောင့်တခြင်း, ဆုတောင်းခြင်း မည်၏၊ ပုညကိရိယာဝတ္ထု ၁၀-ပါးတွင် တပါးပါးကို ပြုလုပ် အားထုတ်ပြီးနောက် အထက်ပါအတိုင်း ဆုတောင်းလျှင် ဝဋ္ဋနိဿိတကုသိုလ်မျိုး ဖြစ်သောကြောင့် ဝဋ်ဆင်းရဲ၌သာ ကျင်လည်ရပေမည်၊ အို နာ သေရေး ဒုက္ခဘေးတို့မှ မလွတ်ကင်းနိုင်လေ။

ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို ရရန် ဆုတောင်းခြင်း, အခြားသူတို့ အပေါ်၌ ကောင်းကျိုးကို ဆောင်ပေးနိုင်ရန် ဆုတောင်းခြင်း, ကောင်းမှု ကုသိုလ်များကို ပြုလုပ်နိုင်ရန် ဆုတောင်းခြင်း စသည်များသည် ကုသလစ္ဆန္ဒပတ္ထနာ မည်၏၊ (ဝါ) ကုသိုလ်ဆန္ဒ၏ အစွမ်းဖြင့် တောင့်တခြင်း, ဆုတောင်းခြင်းမည်၏၊ ပုညကိရိယာဝတ္ထု ၁၀ ပါးတွင် တပါး

ပါးကို ပြုလုပ်အားထုတ်ပြီးနောက် အထက်ပါအတိုင်း ဆုတောင်းလျှင် ဝိဝဋ္ဋနိဿိတကုသိုလ်မျိုး ဖြစ်သောကြောင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရပေမည်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင် သော် သာ အို နာ သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရပေမည်၊ သတိပြု မိကြပါစေ။

---

## ဆုကြီး ၅-မျိုး

ဒုက္ခခပ်သိမ်းတို့ အေးငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရန် ဆုတောင်းကြရာ၌ အောက်ပါအတိုင်း ၅ - မျိုး ရှိလေသည်။

၁ - သမ္မာသမ္ဗောဓိ ဆု။
၂ - ပစ္စေကဗောဓိ ဆု။
၃ - အဂ္ဂ သာဝက ဆု။
၄ - မဟာ သာဝက ဆု။
၅ - ပကတိ သာဝက ဆု။

၁ - မိမိ တကိုယ်တည်း သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ် သည်ကို မလိုလားဘဲ အများသော ဝေနေယျ သတ္တဝါတို့ကို လည်း ငါကဲ့သို့ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေမည် ဟု ဆု တောင်းသော ပုဂ္ဂိုလ်သည် သမ္မာသမ္ဗောဓိဆုကို (ဝါ) ဘုရား ဆုကို တောင်းသည် မည်၏။

၂ - ဆရာမရှိဘဲ မိမိအလိုလို သာလျှင် သစ္စာ လေးပါးကို သိပြီး နိဗ္ဗာန်ဝင်စံရန် ဆုတောင်းသော ပုဂ္ဂိုလ်သည် ပစ္စေက

ဗောဓိ ဆုကို တောင်းသည်မည်၏၊ ထိုအသျှင် ပစ္စေက ဗုဒ္ဓါတို့သည် သစ္စာလေးပါးကို ကိုယ်တိုင် သာ သိတတ်၏၊ သူတပါးအား နားလည်အောင် မဟောတတ် မပြောတတ်လေ။

၃ - မဟာပညာ အရာ၌ ဧတဒဂ်ရသော အသျှင်သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့ငှင်း, ဣဒ္ဓိမန္တ အရာ၌ ဧတဒဂ်ရသော အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ် ကဲ့သို့ငှင်း ဖြစ်ရပါလို၏ ဆုတောင်းသော ပုဂ္ဂိုလ်သည် အဂ္ဂသာဝက ဆုကို တောင်းသည်မည်၏၊ ဘုရားသျှင် တဆူ လက်ထက်တော်တွင် ထိုအဂ္ဂသာဝကမှာ ၂-ပါး သာ ရှိလေသည်။

(ပဌမ အဂ္ဂသာဝက, ဒုတိယ အဂ္ဂသာဝက ဟူလို)။

၄ - အသျှင်ကောဏ္ဍည မထေရ်ကဲ့သို့ သစ္စာလေးပါးကို ဦးစွာ သိမြင်ရပါလို၏- အသျှင် မဟာကဿပ မထေရ်ကဲ့သို့ ဓုတင် ဆောင်နိုင်ရပါလို၏ စသည်ဖြင့် မိမိတို့ ရလိုသော အရာကို ဆုတောင်းသော ပုဂ္ဂိုလ်သည် မဟာသာဝက ဆုကို တောင်းသည် မည်၏။

၅ - နိဗ္ဗာန် မဂ် ဖိုလ်ကို ရ-ရပါလို၏ ဟု သာမည ဆုတောင်းသော ပုဂ္ဂိုလ်သည် ပကတိသာဝကဆုကို တောင်းသည် မည်၏။

## ဘုရားလောင်း ပုဂ္ဂိုလ် ၃-မျိုး

တဆူသော ဘုရားသျှင်က ဘုရားလောင်းပုဂ္ဂိုလ်အား ကေန်ဘုရားဖြစ်မည် ဟု မိန့်ကြားသော စကားတော်ကို နိယတဗျာဒိတ်

ပေးသည်ဟု ခေါ်စမှတ်ပြုကြ၏၊ ထိုသို့ နိယတဗျာဒိတ် ရပြီး နောက်—

၁ - ပညာဓိက ဘုရားလောင်း ပုဂ္ဂိုလ်မှာ ၄-သင်္ချေနှင့် ကမ္ဘာ တသိန်း

၂ - သဒ္ဓါဓိက 〃 ၈- 〃 〃

၃ - ဝီရိယာဓိက 〃 ၁၆ 〃 〃

ကာလပတ်လုံး ပါရမီ ၁၀ - ပါး- အပြား - ၃၀- စရိယသုံးပါး စွန့်ခြင်းကြီး ၅ - ပါးတို့ကို မနေမနား ကြိုးစား အားထုတ်ရလေသည်။

[ စရိယာပိဋက ဋ္ဌ-၃၂၀ ]

[ အပဒါန-ဋ္ဌ-ပ-အုပ် ၁၅၅ ]

ပညာဓိကဘုရားလောင်း ပုဂ္ဂိုလ်တို့အား သဒ္ဓါတရား အားနည်း၏၊ ပညာ ထက်မြက်၏၊ သဒ္ဓါဓိက ဘုရားလောင်း ပုဂ္ဂိုလ်တို့အား ပညာ အလယ်အလတ်မျှ ရှိ၏၊ သဒ္ဓါတရား ထက်သန်လှ၏။

ဝီရိယာဓိကဘုရားလောင်း ပုဂ္ဂိုလ်တို့အား သဒ္ဓါ ပညာ ၂-ပါး အားနည်း၏၊ ဝီရိယ ထက်သန်လှ၏။

**တနည်း**။ ။တပါးသော ဆရာမြတ်တို့ အလိုအားဖြင့် ဝီရိယ ထက်သန်မှု, အလတ်တန်းစားမျှ ရှိမှု, အားနည်းမှု သုံးမျိုး ကွဲပြားခြင်းကြောင့် အထက်ပါ အတိုင်း ဘုရား

လောင်းပုဂ္ဂိုလ်  သုံးမျိုး ကွဲပြားရကြောင်း  မိန့်ဆိုထား
တော်မူကြ၏။

အထက် ဖော်ပြပါ ပိုင်းခြားထားသော  ကာလ  ပြီးပြည့်စုံမှ သာလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူကြ၏၊  ပိုင်းခြား  ထား သောကာလ  မတိုင်မီ အတွင်း  ဥာဏ်ပညာ  မရင့်ကျက်  သေး သောကြောင့် မည်သည့် ဘုရားလောင်း ပုဂ္ဂိုလ်မျှ ဘုရား  အဖြစ် သို့ ရောက်တော်မမူကြကုန်၊ ဥပမာ သုံးလ  လေးလရှိမှ  ပွင့်သီး သော သစ်ပင်ကို  တလ  နှစ်လနှင့် ပွင့်အောင့် သီးအောင် မတတ် နိုင်သကဲ့သို့ ဟူ၍ ဥပမာပေးထားတော်မူကြ၏။

**အမှာ။** ။အကျဉ်းမျှ သာ ပြဆိုလိုက်သည်၊ အကျယ်ကို  သိလို
သော ပုဂ္ဂိုလ်တို့သည်  နိုင်ငံတော်  ဗုဒ္ဓသာသနအဖွဲ့မှ  ပုံ
နှိပ်ထုတ်ဝေထားသော ‘မဟာဗုဒ္ဓဝင်’ ကျမ်း၌  ကြည့်ရှု
ကြပါလေ။

---

တဆူသော  ဘုရားသျှင်က  ပစ္စေကဗုဒ္ဓါ  ဖြစ် လိမ့် မည် အဂ္ဂသာဝက  ဖြစ်လိမ့်မည်-  မဟာသာဝက  ဖြစ်လိမ့်မည်  ဟု နိယတဗျာဒိတ်စကား  မိန့်ကြားတော် မူပြီးနောက်—

| | | | |
|---|---|---|---|
| ပစ္စေကဗုဒ္ဓါ အလောင်းတို့မှာ | ၂-သင်္ချေနှင့် | ကမ္ဘာ တသိန်း။ | |
| အဂ္ဂသာဝက | ။ | ၁-သင်္ချေနှင့် | ။ |
| မဟာသာဝက | ။ | × | ။ |

အသီးသီး ပါရမီဘို့ကို ကြိုးစား အားထုတ်ကြရလေသည်။

ဘုရားသျှင်၏ ခမည်းတော် မယ်တော် သားတော် အလုပ်အကျွေးပုဂ္ဂိုလ်တို့သည်လည်း ကမ္ဘာတသိန်း တိုင်တိုင် ပါရမီတို့ကို ကြိုးစားအားထုတ်ကြရလေသည်၊ ပါရမီ ၁၀-ပါးတို့ကို ဖြည့်ကျင့်ကြရရုံမျှ မက အောက်၌ ပြလတ့်သော 'ဂတပစ္စာဂတ' ကျင့်ဝတ်များကိုလည်း ကျင့်ရ အားထုတ်ရကြောင်း မိန့်ဆို ထားတော်မူကြ၏။

## ဂတပစ္စာဂတ ကျင့်ဝတ်

## ပစ္စေကဗုဒ္ဓါအလောင်း နှင့် မဟာသာဝက အလောင်းတို့ ပြုကျင့်အားထုတ်ရပုံ

အယံ ကိရ ပစ္စေကဗုဒ္ဓေါ ပစ္စေကဗောဓိသတ္တဘူမိံ ဩဂါဟန္တော ဒွေ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ပါရမိယော ပူရေတွာ ကဿပဿ ဘဂဝတော သာသနေ ပဗ္ဗဇိတွာ အာရညိကော ဟုတွာ ဂတပစ္စာဂတ ဝတ္တံ ပူရေန္တော သမဏဓမ္မံ အကာသိ၊ ဧတံ ကိရ ဝတ္တံ အပရိပူရေတွာ ပစ္စေကဗောဓိံ ပါပုဏန္တာ နာမ နတ္ထိ။

ဤဂတပစ္စာဂတ ကျင့်ဝတ်ကို မကျင့်လျှင် ပစ္စေကဗောဓိဉာဏ်ကို မရနိုင်ကြောင်း တိကျစွာ မိန့်ဆိုထားတော်မူပုံ။

အယံ ပစ္စေကဗုဒ္ဓေါ၊ ဤပစ္စေကဗုဒ္ဓါ အသျှင်မြတ်သည်။ ပစ္စေကဗောဓိသတ္တဘူမိံ၊ ပစ္စေကဗုဒ္ဓါ အလောင်းအရာသို့၊ ဩဂါဟန္တော၊ သက်ရောက်သည် ရှိသော်၊ ဒွေ အသင်္ချေယျာနိစ၊ နှစ်သင်္ချေတို့ ကာလပတ်လုံးလည်း၊ ကပ္ပသတသဟဿဉ္စ၊ ကမ္ဘာတသိန်း ကာလ

ပတ်လုံးရှင်း၊ ပါရမီယော၊ ပါရမီ ၁၀-ပါးတို့ကို၊ ပူရေတွာ၊ ဖြည့်ကျင့် အားထုတ်ပြီးသည် ရှိသော်၊ ကဿပဿ ဘဂဝတော၊ ကဿပအမည်တော် ရှိသော ဘုရားသျှင်၏၊ သာသနေ၊ သာသနာတော်၌၊ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍၊ အာရညိကော၊ တောရကျောင်း၌၊ နေထိုင်သည်၊ ဟုတွာ၊ ဖြစ်၍၊ ဂတပစ္စာဂတဝတ္တံ၊ ဂတပစ္စာဂတ ကျင့်ဝတ်ကို၊ ပူရေန္တော၊ ဖြည့်ကျင့် ပြည့်စုံစေလျက်၊ သမဏဓမ္မံ၊ ရဟန်းတရားကို၊ အကာသိ၊ ပြုလုပ်အားထုတ်၏။ ဧတံဝတ္တံ၊ ဤဂတပစ္စာဂတ ကျင့်ဝတ်ကို၊ အပရိပူရေတွာ၊ မဖြည့်ကျင့် အားမထုတ်သည် ရှိသော်၊ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်သို့၊ (ဝါ) အသျှင်ပစ္စေကဗုဒ္ဓါ အဖြစ်သို့၊ ပါပုဏန္တာနာမ၊ ရောက်ကုန်သော ပုဂ္ဂိုလ်တို့ မည်သည်၊ နတ္ထိ၊ မရှိကုန်။

[ သုတ္တ-ဋ္ဌ-ပ-အုပ် ၄၇ ]

## လေးချက်လှည့် ပြပုံ

(၁) အသွား ဆောင်၍ အပြန် မဆောင်သော ပုဂ္ဂိုလ်၊
(၂) အပြန် ဆောင်၍ အသွား မဆောင်သော ပုဂ္ဂိုလ်၊
(၃) အသွား အပြန် နှစ်ဌာနလုံး၌ ဆောင်သော ပုဂ္ဂိုလ်၊
(၄) အသွား အပြန် နှစ်ဌာနလုံး၌ မဆောင်သော ပုဂ္ဂိုလ်၊

ဤပုဂ္ဂိုလ် ၄-မျိုးတွင် ပစ္စေကဗုဒ္ဓါအလောင်း မဟာသာဝက အလောင်းတို့မှာ နံပါတ်-၃ ပုဂ္ဂိုလ်မျိုး သာ ဖြစ်စေကြရမည်။

## အားထုတ်ရပုံ အစီအစဉ်

နံနက်စောစော အိပ်ရာမှ ထ၍ စေတီတော်၌ရင်း, ဗောဓိပင်၌ ရင်း တမြက်လှည်းခြင်း, မီးလှူခြင်း, ရေလှူခြင်း စသည် ပြုလုပ်ရမည်၊ ဗောဓိပင်ကို ရေလောင်းရမည်၊ သောက်ရေ သုံးရေကို ခပ်ထည့်ရမည်၊ ရေချမ်းစင်၌ ရေဖြည့်ရမည်၊ ဥပဇ္ဈာယ်ဆရာ၌ ပြုသင့် ပြုထိုက်သော ဝတ်များကို ပြုရမည်၊ ဆရာလေးပါး၌ လည်း နည်းတူ ပြုလုပ်ရမည်၊ ၈၂ ပါးသော ကျင့်ဝတ်ငယ်များ, ၁၄ ပါးသော ကျင့်ဝတ်ကြီးများကိုလည်း ပြုလုပ်အားထုတ်ရမည်၊ ကိုယ် လက် သုတ်သင် ရှင်းလင်းပြီးနောက် ကျောင်းခန်း တွင်းသို့ ဝင်၍ ဆွမ်းခံချိန်မတိုင်မီ အားထုတ်နေကျ ကမ္မဋ္ဌာန်းကို အားထုတ်ရမည်။

ဆွမ်းခံချိန်ရောက်သော အခါ သင်းပိုင်ပြင်ဝတ် ခါးပန်းကြိုး စည်း၍ နှစ်ထပ်သင်္ကန်းကြီးကို ပခုံးပေါ်တင် သပိတ်ကို ပခုံး၌ လွယ်၍ အားထုတ်နေကျ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီးလျှင် စေတီတော်,ဗောဓိပင်သို့ ရောက်သော် ၎င်းတို့ကို ရှိခိုးရမည်၊ လမ်းသွားလျှင် အားထုတ်နေကျ ကမ္မဋ္ဌာန်းကို ဆက်လက် အားထုတ်ရမည်၊ ရွာနီးသော် သင်္ကန်းရုံပြီး ဆွမ်းခံဝင်ရသည်။

ရွာတွင်း၌ ဒကာဒကာမတို့က ပုစ္ဆာမေးလျှင် ဖြေကြား, တရားဟောရန် တောင်းပန်လျှင် တရားဟောကြားရမည်၊ ရွာတွင်းမှ ပြန်လာသော အခါ၌လည်း အားထုတ်နေကျ ကမ္မဋ္ဌာန်းကို ဆက်လက် အားထုတ်ရမည်၊ ကျောင်းသို့ ပြန်ရောက်သော အခါ၌ ပြုသင့်ပြုထိုက်သော ဝတ္တရားများကို ပြုလုပ်ရမည်၊ ထို

ဝတ္တရားများ ပြုလုပ်ပြီးလျှင် နေ့အခါ၌၎င်း, ညအခါ ပုရိမယာမ် (ညဦးယာမ်) မဇ္ဈိမယာမ် (ညလယ်ယာမ်) ၌၎င်း အားထုတ်နေကျ ကမ္မဋ္ဌာန်းကို ဆက်လက် အားထုတ်ရမည်၊ (ပစ္ဆိမယာမ် ခေါ် ည နောက်ပိုင်း၌ သာ အနည်းငယ် အိပ်စက်ရသည်) နံနက်စောစော ထပြီး ရှေ့နည်းတူ ပြုလုပ် အားထုတ်ရမည်၊ ဤသို့ ပြဆိုခဲ့သည့် အတိုင်း အသွား အပြန် နှစ်ဌာနလုံး၌ တရားလက်လွှတ် မဖြစ်စေဘဲ စွဲမြဲစွာ ကြိုးစားအားထုတ်တော် မူကြရသည်၊ ဤသို့ အားမထုတ်ခဲ့လျှင် ပစ္စေကဗောဓိဉာဏ်ကို မရနိုင်၊ (ဝါ) အသျှင်ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်။

---

## မဟာသာဝက အလောင်းတို့လည်း နည်းတူ

[ အပဒါန်-ဋ္ဌ-ဒု-အုပ် ၃၄ ]

ဧတံ ဂတိရ ဝတ္တံ အပရိပူရေတွာ မဟာသာဝက
ဘာဝံ ပါပုဏန္တာနာမ နတ္ထိ။

[ လိုရင်း သာ ဖော်ပြလိုက်သည် ]

ဧတံ ဝတ္တံ၊ ဤဂတပစ္စာဂတ ကျင့်ဝတ်ကို၊ အပရိပူရေတွာ၊ မဖြည့်ကျင့် အားမထုတ်သည် ရှိသော်၊ မဟာသာဝကဘာဝံ၊ မဟာသာဝက အဖြစ်သို့၊ ပါပုဏန္တာနာမ၊ ရောက်ကုန်သော ပုဂ္ဂိုလ်တို့ မည်သည်၊ နတ္ထိ၊ မရှိကုန်။

ဤစကား အရ မဟာသာဝက အလောင်း တို့သည်လည်း ပစ္စေကဗုဒ္ဓါ အခဏ်း၌ ပြခဲ့သော ဂတပစ္စာဂတ ကျင့်ဝတ်ကို

ဖြည့်ကျင့် အားထုတ်ကြမှ သာလျှင် မဟာသာဝက အဖြစ်သို့ ရောက်နိုင်ကြောင်း တိတိကျကျ မိန့်ဆိုထားတော်မူသောကြောင့် ဤဂတပစ္စာဂတ ကျင့်ဝတ်ကို ဖြည့်ကျင့် အားထုတ်ကြရမည်။

မဟာသာဝက အလောင်းတို့ အတွက် ဤသို့ မိန့်ဆိုထားသော် အဂ္ဂသာဝက နှစ်ပါး အတွက်ကား ဆိုဘွယ်ရာ မရှိတော့ပြီ၊ ကေန်စင်စစ် ဤဂတပစ္စာဂတ ကျင့်ဝတ်ကို ဖြည့်ကျင့် အားထုတ်ကြရမည်သာတည်း။

---

## ပကတိ သာဝက

နိဗ္ဗာန် မဂ် ဖိုလ်ကို လျှင်မြန်စွာ ရရပါလို၏ ဟု သာမညဆုတောင်းသော ပကတိ သာဝကအလောင်းတို့မှာ ကမ္ဘာပေါင်း မည်ရွေ့ မည်မျှ ကြာအောင် ပါရမီတရားကို ဖြည့်ကျင့် အားထုတ်ရသည် ဟု ကျမ်းဂန်တို့၌ ပြဆိုထားသည်ကို မတွေ့ရဘူးပေ၊ အကယ်၍ တွေ့ရှိထားဘူးသော ပုဂ္ဂိုလ်ရှိက တိတိကျကျ ညွှန်ပြကြရန် တောင်းပန်လိုက်ပါသည်။

---

## ကုသိုလ်ပြုတိုင်း ပါရမီ မဖြစ်

[ စရိယာ ဋ္ဌ-၂၆၉- ၂၇၀ ]

နိဗ္ဗာန် မဂ် ဖိုလ်ကို ရရန် ရည်မှန်း၍ ဒါန သီလ နေက္ခမ္မ စသော တရား ၁၀-မျိုးကို ပြုလုပ်အားထုတ်ခြင်းသည် သာ ပါရမီကုသိုလ် ဖြစ်၏၊ လူ နတ် ဗြဟ္မာ တို့၏ စည်းစိမ်ချမ်းသာ

ကို တောင့်တ၍ လှူဒါန်း ပေးကမ်းခြင်း, သီလ ဆောက်တည်ခြင်း, ကာမဂုဏ်ကို စွန့်လွှတ်၍ တောထွက်ခြင်း စသော ကုသိုလ်ကောင်းမှု ၁၀-မျိုးကို ပြုလုပ်အားထုတ်ခြင်းကား ပါရမီ ကုသိုလ် မဖြစ်၊ (ရိုးရိုး ကုသိုလ် သာ ဖြစ်၏ ဟူလို)

ရှင်းအဋ္ဌကထာ၌—

ပရံ ဝါ သေဋ္ဌံ နိဗ္ဗာနံ ဝိသေသေန မယတိ ဂစ္ဆတီတိ ပါရမီ။

ဝါ၊ တနည်းကား။ ပရံ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဝိသေသေန၊ အထူးသဖြင့်။ မယတိ ဂစ္ဆတိ၊ ရောက်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ပါရမီ၊ ပါရမီ မည်၏။

တနည်း—

ကိလေသစောရဂဏံ မိနာတိ ဟိံသတီတိ ပရမော။ မဟာသတ္တော။ ။ပရမဿ အယံ ပါရမီ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ကိလေသစောရဂဏံ၊ ကိလေသာ တည်းဟူသော ခိုးသား ဓားပြ အပေါင်းကို။ မိနာတိ ဟိံသတိ၊ ညှင်းဆဲ သတ်ဖြတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်၊ ပရမော၊ ပရမ မည်၏။ မဟာသတ္တော၊ မြတ်သော ဆု ၅ - မျိုးကို တောင့်တတတ်သော ပုဂ္ဂိုလ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ပရမဿ၊ မြတ်သော ဆု ၅-မျိုးကို တောင့်တတတ်သော ပုဂ္ဂိုလ်၏။ အယံ၊ ဉစ္စာတည်း။ ပါရမီ၊ မြတ်သောဆု ၅ - မျိုးကို တောင့်တတတ်သော ပုဂ္ဂိုလ်၏ ဉစ္စာ။

ဤသို့ စသော ဝိဂ္ဂိုဟ်ပေါင်း မြောက်မြားစွာဖြင့် ပါရမီပုဒ်ကို ဖွင့်ပြထားတော်မူ၏။

ထို့ကြောင့် နိဗ္ဗာန်ကို မျှော်မှန်း တောင့်တ၍ ပြုလုပ်သော ကောင်းမှုကုသိုလ် သာ ပါရမီ ဖြစ်ကြောင်း စွဲမြဲစွာ မှတ်သားကြပါလေ။

---

## ဘုရားဆု တောင်းပုံ အကျဉ်း

[ စရိယာ ၌-၂၃ ]

တေန ဒါနေန လာဘသက္ကာရသိလောကံ န
စက္ကဝတ္တိသမ္ပတ္တိံ န သက္ကသမ္ပတ္တိံ န ဗြဟ္မသမ္ပတ္တိံ န
သာဝကဗောဓိံ န ပစ္စေကဗောဓိံ ပတ္ထေမိ၊ အပိ စ
' ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတူ '
တိ ယထာဓိကာရံ စိတ္တံ ဌပေသိ။

တေန ဒါနေန၊ ထိုသို့ ပေးလှူရသော ဒါနကြောင့်။ လာဘသက္ကာရသိလောကံ၊ လာဘ် ပူဇော် သက္ကာရ ကျော်ဇောခြင်းကို၊ န ပတ္ထေမိ၊ မတောင့်တ။ စက္ကဝတ္တိသမ္ပတ္တိံ၊ စကြာဝတေးမင်းစည်းစိမ်ကို။ န ပတ္ထေမိ၊ မတောင့်တ။ သက္ကသမ္ပတ္တိံ၊ သိကြားမင်း စည်းစိမ်ကို။ န ပတ္ထေမိ၊ မတောင့်တ။ ဗြဟ္မသမ္ပတ္တိံ၊ ဗြဟ္မာမင်း စည်းစိမ်ကို။ န ပတ္ထေမိ၊ မတောင့်တ။ သာဝကဗောဓိံ၊ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက ဗောဓိဉာဏ်ကို။ န ပတ္ထေမိ၊ မတောင့်တ။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိ

ဉာဏ်ကို။ နပတ္တေမိ၊ မတောင့်တ။ အပိ စ၊ စင်စစ်သော်ကား။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ယခုပြုအပ်သော ဤဒါနသည်။ သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ ပစ္စယော၊ ရမှု ရကြောင်း ကောင်းသော အထောက်အပံ့ သည်။ ဟောတု၊ ဖြစ်ပါစေသ တည်း။ ဣတိ၊ ဤသို့။ ယထာဓိကာရံ၊ တောင့်တမြဲ တိုင်းသော။ စိတ္တံ၊ စိတ်ကို။ ဌပေယိ၊ ထားလေပြီ။

ဤဆုတောင်း၌ လိုရင်းကား— 'ဣဒံ မေ ဒါနံ သဗ္ဗညုတ ဉာဏဿ ပစ္စယော ဟောတု' ဤပါဠိသာတည်း။

တနည်း—

ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏပဋိဝေဓဿ ပစ္စယော ဟောတု။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ယခု ပြုအပ်သော ဤဒါနသည်။ သဗ္ဗညုတဉာဏပဋိဝေဓဿ၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိခြင်း၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ် ပါစေသတည်း။

တနည်း—

ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏပဋိဝိဇ္ဈနတ္ထာယ ပစ္စယော ဟောတု။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ သည်။ သဗ္ဗညုတဉာဏပဋိဝိဇ္ဈနတ္ထာယ၊ သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း၍ သိခြင်းငှာ။ ပစ္စယော၊ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**ပစ္စေကဗုဒ္ဓါဆုတောင်းပုံ**

ဣဒံ မေ ဒါနံ ပစ္စေကဗောဓိဉာဏဿ ပစ္စယော
ဟောတု။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ယခု ပြုအပ်သော ဤဒါနသည်။
ပစ္စေကဗောဓိဉာဏဿ၊ ပစ္စေကဗောဓိဉာဏ်၏။ ပစ္စယော၊ ရရန်
အကြောင်း အထောက်အပံ့ကောင်းသည်။ ဟောတု၊ ဖြစ်ပါစေ
သတည်း။

အထက်၌ ပြခဲ့သော နောက် ၂ - နည်း အတိုင်း သည်း
ပြောင်းလဲ ဆုတောင်းနိုင်သည်။

**အဂ္ဂသာဝက ဆုတောင်းပုံ**

[ အံ ၁၊ ၄-၁၁၉ ]

အသျှင်သာရိပုတ္တရာအလောင်းဆုတောင်းခဲ့ပုံ။ ။လွန်ခဲ့သော
အသင်္ချေနှင့် ကမ္ဘာတသိန်း ထက်က အနောမဒဿီ ဘုရားသျှင်
ပွင့်တော်မူစဉ် အသျှင်သာရိပုတ္တရာ မထေရ်မြတ် အလောင်းသည်
သရဒ ဟူသော အမည်ဖြင့် ရသေ့ ပြု၍ နေ၏၊ ၎င်း အနောမ
ဒဿီ ဘုရားသျှင်ကို ဖူးတွေ့ရသော အခါ ပန်းပလ္လင်၊ ပန်းထီး၊
ပန်းမဏ္ဍာပ်ဖြင့် ကြီးကျယ်စွာ ပူဇော်လေသည်၊ ၎င်းပန်းပလ္လင်
၌ ၇ - ရက်တိုင်တိုင် နိရောဓသမာပတ်ကို ဝင်စားတော် မူပြီး
သမာပတ်မှ ထတော်မူသော အခါ လက်ျာရံ ပဌမအဂ္ဂသာဝက

နိဿဘမထေရ်အား တရားဟောခိုင်းရာ သရဒ ရသေ့သည် ထို မထေရ်ကဲ့သို့ ဖြစ်လိုကြောင်း အောက်ပါအတိုင်း ဆုတောင်း ခဲ့ လေသည်။

အနာဂတေ ပန အယံ နိသဘတ္ထေရော ဝိယ ကေဿ ဗုဒ္ဓဿ အဂ္ဂသာဝကော ဘဝေယျံ။

အနာဂတေ၊ နောင်သော အခါ၌။ အယံနိသဘတ္ထေရော ဝိယ၊ ဤနိသဘ အမည်ရှိသော မထေရ်မြတ် ကဲ့သို့။ ကေဿ ဗုဒ္ဓဿ၊ တဆူသော ဘုရားသျှင်၏။ အဂ္ဂသာဝကော၊ လက်ျာရံ ပဌမ အဂ္ဂသာဝကသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ယခုလက်ရှိ ပုဂ္ဂိုလ်တို့ ဆုတောင်းလိုသော် အောက်ပါအတိုင်း ပြင်၍ ဆုတောင်းကြရပေမည်။

အဟံ ဣမဿ ဖလေန အညံ့ သက္ကတ္တံ ဝါ ဗြဟ္မတ္တံ ဝါ န ပတ္ထေမိ၊ အနာဂတေ ပန အယံ သာရိပုတ္တ ထေရော ဝိယ ကေဿဗုဒ္ဓဿ အဂ္ဂသာဝကော ဘဝေယျံ။

အဟံ၊ တပည့်တော်သည်။ ဣမဿ၊ ဤကောင်းမှု၏။ ဖလေန၊ အကျိုးကြောင့်။ အညံ့၊ တပါးသော။ သက္ကတ္တံ ဝါ၊ သိကြားမင်း အဖြစ်ကိုငှင်း။ ဗြဟ္မတ္တံ ဝါ၊ ဗြဟ္မာမင်း အဖြစ်ကိုငှင်း။ န ပတ္ထေမိ၊ မတောင့်တပါ။ ပန၊ စင်စစ်သော်ကား။ အနာဂတေ၊ ၌။ အယံသာရိပုတ္တထေရော ဝိယ၊ ဤအသျှင်သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့။ ကေဿဗုဒ္ဓဿ၊ ၏။ အဂ္ဂသာဝကော၊ သည်။

ဘဂဝေယျ၊၏။ ။ဤ၌ လိုရင်းကား 'အနာဂတော။ ပ ။ ဘဂဝေယျံ' ဤပါဠိသာတည်း။

---

## ဒုတိယ အင်္ဂသာဝက ဆုတောင်းပုံ ( ၁၂၁ )

သရဒရသေ့၏သူငယ်ချင်း သိရိဝဍ္ဍနသူကြွယ်(အသျှင်မဟာမောဂ္ဂလ္လာန်အလောင်း ) သည် သရဒ ရသေ့၏ တိုက်တွန်းချက်ဖြင့် ၇-ရက်ပတ်လုံး ကြီးကျယ်စွာ အလှူကြီး ပေးလှူပြီးနောက် အောက်ပါ အတိုင်း ဆုတောင်းခဲ့လေသည်။

> ဘန္တေ မမ သဟာယော သရဒတာပသော ယဿ သတ္ထု အဂ္ဂသာဝကော ဟောမိ တိ ပတ္ထေသိ၊ အဟမ္ပိ တဿေဝ ဒုတိယသာဝကော ဘဝေယျံ။

ဘန္တေ၊ မြတ်စွာဘုရား။ မမ၊ တပည့်တော်၏။ သဟာယော၊ အဆွေခင်ပွန်း ဖြစ်သော။ သရဒတာပသော၊ သရဒ ရသေ့သည်။ ယဿသတ္ထု၊ အကြင် မြတ်စွာဘုရား၏။ အဂ္ဂသာဝကော၊ ပဌမ အဂ္ဂသာဝကသည်။ ဟောမိ၊ ဖြစ်ရပါလို၏၊ ဣတိ၊ ဤသို့။ ပတ္ထေသိ၊ ဆုတောင်းခဲ့လေပြီ။ အဟမ္ပိ၊ တပည့်တော်သည်လည်း။ တဿေဝ၊ ထိုဘုရားသျှင်၏ သာလျှင်။ ဒုတိယ သာဝကော၊ ဒုတိယ လက်ဝဲရံ အဂ္ဂသာဝကသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ယခုလက်ရှိ ပုဂ္ဂိုလ်တို့ ³ ဆုတောင်းလိုသော် အောက်ပါ အတိုင်း ပြင်၍ ဆုတောင်းကြရပေမည်။

အနာဂတေ အယံ မဟာမောဂ္ဂလ္လာနထေရော ဝိယ
ကောယာ ဗုဒ္ဓဿ ဒုတိယ အဂ္ဂသာဝကော ဘဝေယျံ။

အနာဂတေ၊ ၌။ အယံ မဟာမောဂ္ဂလ္လာနထေရော ဝိယ၊ ဤ အသျှင် မဟာမောဂ္ဂလ္လာန် မထေရ်မြတ် ကဲ့သို့။ ကောယာဗုဒ္ဓဿ၊ ၏။ ဒုတိယ အဂ္ဂသာဝကော၊ လက်ဝဲရံ ဒုတိယ အဂ္ဂသာဝက သည်။ ဘဝေယျံ၊ ၏။

## မြန်မာလို ဆုတောင်းပုံ

၁ - နောင်အခါ၌ အသျှင်သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့ လက်ျာရံ ပဌမ အဂ္ဂသာဝက ဖြစ်ရပါလို၏။

၂ - နောင်အခါ၌ အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ် ကဲ့သို့ လက်ဝဲရံ ဒုတိယ အဂ္ဂသာဝက ဖြစ်ရပါလို၏။

ဤသို့ ဆို၍လည်း ဆုတောင်းနိုင်သည်။

---

## မဟာသာဝက ဆုတောင်းပုံ

အညာသိကောဏ္ဍညမထေရ်အလောင်း ဆုတောင်းခဲ့ပုံ

[ အံ - ၁ - ၄ - ၁၀၆-၇ ]

လွန်ခဲ့သော ကမ္ဘာ တသိန်းထက်က ပဒုမုတ္တရ ဘုရားသျှင် ပွင့်တော်မူစဉ် အခါ ၎င်းကောဏ္ဍည မထေရ်အလောင်းသည် ဟံသာဝတီပြည်၌ ဂဟပတိ မဟာသာလ အမျိုးတွင် ဖြစ်လေ

သည်၊ တခုသော တရားသဘင်၌ ပဒုမုတ္တရ ဘုရားသျှင်သည် ရဟန်းတော်တပါးအား ပဋမဦးဆုံး တရားထူးကို သိသော အရာ၌ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်ကို ထိုသူကြွယ် ကြားရလေသော် "ငါလည်း ဤရဟန်းကဲ့သို့ ဖြစ်ရပါလို၏" ဟု စိတ်ဖြင့် တောင့်တပြီးလျှင် ၇ - ရက်တိုင်တိုင် ကြီးကျယ်စွာ အလှူကြီး ပေးလှူပြီးနောက် ဘုရားရှေ့တော်တွင် အောက် ပါအတိုင်း ဆုတောင်းလေသည်။

ဘန္တေ ယော တုမေ့ဟိ ဣတော သတ္တမဒိဝသမတ္ထ
ကေ ဘိက္ခု ဧတဒဂ္ဂေ ဌပိတော၊ အဟမ္ပိ သောဘိက္ခု ဝိယ
အနာဂတေ ဥပ္ပဇ္ဇနကဗုဒ္ဓဿ သာသနေ ပဗ္ဗဇိတွာ ပဌမံ
ဓမ္မံ ပဋိဝိဇ္ဈိတုံ သမတ္ထော ဘဝေယျံ။

ဘန္တေ၊ မြတ်စွာဘုရား။ တုမေ့ဟိ၊ အသျှင်ဘုရားတို့သည်။ ဣတော၊ ဤနေ့မှ။ သတ္တမ ဒိဝသမတ္ထကေ၊ ၇-ရက်မြောက်သော နေ့ထက်၌။ ယော ဘိက္ခု၊ အကြင်ရဟန်းကို။ ဧတဒဂ္ဂေ၊ ဧတဒဂ် အရာ၌။ ဌပိတော၊ ထားတော်မူအပ်၏။ အဟမ္ပိ၊ တပည့်တော် သည်လည်း။ သောဘိက္ခု ဝိယ၊ ထိုရဟန်းကဲ့သို့။ အနာဂတေ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနကဗုဒ္ဓဿ၊ ပွင့်တော်မူလတံ့သော ဘုရား သျှင်၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ပဌမံ၊ ရှေးဦးစွာ။ ဓမ္မံ၊ မဂ်ဖိုလ် တရားကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း ၍ သိခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါ လို၏။

ဤဆုတောင်း၌ လိုရင်းကား- ‘အနာဂတေ။ ပ။ ဘဝေယျံ’ ဤပါဠိသာတည်း။

ယခုလက်ရှိ ပုဂ္ဂိုလ်တို့ ဆုတောင်းလိုသော် အောက်ပါ အတိုင်း ပြင်၍ ဆုတောင်းကြရမည်။

အနာဂတေ အဟံ အညာသိ ကောဏ္ဍညထေရော
ဝိယ ကေဿ ဗုဒ္ဓဿ သာသနေ ပဌမံ ဓမ္မံ ပဋိဝိဇ္ဈိတုံ
သမတ္ထော ဘဝေယျံ။

အနာဂတေ၊ ၌။ အဟံ အညာသိ ကောဏ္ဍညထေရော ဝိယ၊ ဤ အသျှင်အညာသိကောဏ္ဍည မထေရ်မြတ် ကဲ့သို့။ ကေဿ ဗုဒ္ဓဿ၊ ၏။ သာသနေ၊ ၌။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။ ပဋိဝိဇ္ဈိတုံ၊ ငှာ။ သမတ္ထော၊ သည်။ ဘဝေယျံ၊ ၏။

‘နောင်အခါ၌ အသျှင်အညာသိကောဏ္ဍည မထေရ်မြတ်ကဲ့သို့ ရှေးဦးစွာ မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်တဲ့ ကိုယ် ဖြစ်ရပါလို၏....’ ဤသို့ မြန်မာလို ဆို၍လည်း ဆုတောင်း နိုင်၏။

နောင်အခါ၌ အသျှင်မဟာကဿပ မထေရ်မြတ်ကဲ့သို့
ဓုတင်ဆောင်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏။

နောင်အခါ အသျှင်ဥပါလိ မထေရ်မြတ်ကဲ့သို့ ဝိနည်း
ကို ဆောင်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏။

နောင်အခါ အသျှင်ရာဟုလာ မထေရ်မြတ်ကဲ့သို့
သိက္ခာသုံးပါးကို အလိုရှိသောကိုယ် ဖြစ်ရပါလို၏။

ဤသို့ စသည်ဖြင့် အင်္ဂုတ္တရနိကာယ ဧကကနိပါတ ပါဠိ ၂၃-မှ ၂၇-အထိ၌ လာသော ဧတဒဂ်ရရဟန်းတော် ၄၁-ပါး, ဘိက္ခုနီ (ရဟန်းမ) ၁၃-ပါး, ဥပါသကာယောကျ်ား ၁၀-ယောက်, ဥပါသိကာမ ၁၀-ယောက်တို့ ကဲ့သို့ မိမိတို့ ရယူလိုသော ဆုတမျိုး နှစ်မျိုးကို နမူနာယူ၍ တောင်းယူနိုင်ကြ လေသည်။

အသျှင်စူဠပန္ထက မထေရ်မှာ ဧတဒဂ် ၂-မျိုး ရတော်မူ၏။
အသျှင်သုဘူတိ ။ ။ ၂-မျိုး ။
အသျှင်အာနန္ဒာ ။ ။ ၅-မျိုး ။
ကျန်သော မထေရ်များမှာ ဧတဒဂ် ၁-မျိုး စီ သာ အသီးအသီး ရတော်မူကြ၏။

---

## မောနေယျ အကျင့်

တဆူသော ဘုရားသျှင် လက်ထက်တော်တွင် ဤမောနေယျ အကျင့်ကို ကျင့်နိုင်သော ပုဂ္ဂိုလ်ကား တပါး သာ ရှိလေသည်၊ ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် နာလကမထေရ်မြတ် တပါးတည်း သာ ရှိလေသည်၊ ၎င်းနာလကမထေရ် အလောင်း သည် ကမ္ဘာတသိန်း ကာလ ပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့် အားထုတ်ခဲ့ရကြောင်း ဟောထားတော်မူ၏၊ ၎င်းနာလက

မထေရ်မြတ်သည် မဟာသာဝကတွင် တပါးအပါအဝင် ဖြစ်တော်မူ၏။

[ မောနေယျ အကျင့်ကို အကျယ်တဝင့် ဟောသားသော နာလကသုတ်၊ သုတ္တနိပါတ ပါ ၃၀၀၊ ဠ-၃-အုပ် ၂၀၉ ]

**လို ရင်း အ ကျဉ်း ချုပ် မှတ် ရန် မှာ။** ။ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ - ဤသီလလေးပါးကို ကောင်းမွန် လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရ သည်၊ (ပုထုဇဉ်ဘဝက ပင် ညစ်နွမ်း သောစိတ်ကို မဖြစ်စေရ) ဤအချက်ကား အခက်ခဲဆုံး ဖြစ်လေသည်၊ အကောင်း လောကဓံ လေးပါးကြောင့်လည်း ပီတိသောမနဿဖြင့် မတုန်လှုပ်စေရ၊ အဆိုး လောကဓံ လေးပါးကြောင့်လည်း ဒုက္ခ ဒေါမနဿဖြင့် မတုန်လှုပ်စေရ၊ ဣဋ္ဌာရုံဖြစ်စေ အနိဋ္ဌာရုံဖြစ်စေ ထူးခြား ဖောက်ပြန်မှု မရှိစေရ။

အပ္ပိစ္ဆတာ ၄-ပါးနှင့်လည်း ပြည့်စုံစေရမည်၊ ဓုတင် ၁၃-ပါးကိုလည်း အားလုံး ကျင့်ဆောင်ရမည်၊ အိမ်၌ ပင့်ဖိတ်ကျွေးမွေးသည်ကိုလည်း လက်မခံရ၊ ကြိုတင်စီစဉ်ထားသောဆွမ်းခဲဘွယ်ကိုလည်း အလှူမခံရ၊ အမှန် စင်စစ်ကား အိမ်စဉ်ရပ်၍ သာ ဆွမ်းခံရမည်၊ ဣရိယာပုထ်လေးပါးတို့၌ ဘပါးတည်းသာ ဖြစ်ရမည်၊ မည်သည့်အခါမျှ ၂-ပါး အတူ မနေရ၊ နောက်က ဆိုခဲ့ပြီးသော "ဂတာဂတ" ကျင့်ဝတ်ကိုလည်း မပျက်ကွက်စေရ။

ဤသို့ မောနေယျကျင့်ဝတ်ကို ကြားနာပြီးနောက် နာလကမထေရ်မြတ်သည် ဘုရားသျှင်ကို ရှိခိုးကန်တော့ကာ တောသို့ဝင်တော်မူသည်၊ ဤသို့ ဘုရားသျှင်ကို တကြိမ်မျှ ဖူးမျှော်ပြီးနောက် နောက်ထပ်မဖူးမျှော်တော့ပေ၊ ဤသို့ တရားတော်ကို တကြိမ်မျှ ကြားနာပြီးနောက် နောက်ထပ် တရားမနာတော့ပေ၊ ဤသို့ မောနေယျကျင့်ဝတ်ကို တကြိမ်မျှ မေးမြန်း လျှောက်ထားပြီးနောက် နောက်ထပ် မေးမြန်းလျှောက်ထားခြင်း မရှိတော့ပေ။

တောအုပ်တခု၌ နှစ်ရက် မနေ၊ တရက် သာ နေတော်မူ၏၊ သစ်ပင်တပင် ရင်း၌ နှစ်ရက်မနေ၊ တရက် သာ နေတော်မူ၏၊ ရွာတရွာ၌ နှစ်ရက် ဆွမ်း မခံ၊ တရက် သာ ဆွမ်းခံတော်မူ၏၊ အိပ်ခြင်း ဣရိယာပုထ်လည်း မရှိ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း ဣရိယာပုတ် သုံးမျိုးဖြင့် သာ အချိန်ကို ကုန်လွန်စေတော်မူ၏။

ဤသို့ ၇ - လ တိုင်တိုင် တတောဝင် တတောထွက် တရွာဝင် တရွာ ထွက်ဖြင့် လှည့်လည်နေထိုင်တော်မူရင်း အရဟတ္တဖိုလ်ဉာဏ်ကို ရတော်မူ၏၊ ဤနာလကမထေရ်မြတ်မှာ မောနေယျကျင့်ဝတ်ကို ပြင်းပြင်းထန်ထန် ကျင့်သော ဥက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်သောကြောင့် ( ၇ ) လမျှ သာ အသက်ရှည်တော်မူ၏၊ အလယ်အလတ်ကျင့်သော ပုဂ္ဂိုလ်မှာ ( ၇ ) နှစ် အသက်ရှည်နိုင်၏၊ ပေါ့ပေါ့လျော့လျော့ ကျင့်သော ပုဂ္ဂိုလ်မှာ ( ၁၆ ) နှစ် အသက်ရှည်နိုင်၏။

နာလကမထေရ်မြတ်မှာ (၇) လ စေ့၍ ပရိနိဗ္ဗာန်စံမည့် နေ့တွင် ရေချိုးပြီးလျှင် သင်းပိုင် ကေသီတို့ကို ကောင်းမွန်စွာ ဝတ်ရုံ၍ ဘုရားသျှင် သီတင်းသုံးတော်မူရာ အရပ်မျက်နှာသို့ လှည့်ကာ ထိခြင်းကြီး ၅-ပါးဖြင့် ရှိခိုးပြီးလျှင် တဖန် ရပ်လျက် လက်အုပ်ချီပြီး ဟိင်္ဂုလကတောင်ကို ကျောမှီကာ ပရိနိဗ္ဗာန် စံတော်မူလေသည်။

နာလကမထေရ်မြတ် ပရိနိဗ္ဗာန်စံကြောင်း ဘုရားသျှင် သိတော်မူသောအခါ သံဃာတော် အပေါင်း ခြံရံလျက် ကြွသွား တော်မူကာ ကောင်းမွန်စွာ သင်္ဂြိုဟ်စေတော်မူပြီး ဓာတ်တော် များကို ဌာပနာသွင်း၍ စေတီ တည်ထားတော်မူခဲ့လေသည်။

## ဆုတောင်းလိုသော်

အနာဂတေ အယံ နာလကတ္ထေရော ဝိယ ကေဿ ဗုဒ္ဓဿ သာသနေ မောနေယျပဋိပဒံ ပဋိပဇ္ဇိတုံ သမတ္ထော ဘဝေယျံ။

အနာဂတေ၊ ၌။ အယံ နာလကတ္ထေရော ဝိယ၊ ဤနာလက မထေရ်မြတ် ကဲ့သို့။ ကေဿ ဗုဒ္ဓဿ တဆူသော ဘုရားသျှင်၏။ သာသနေ၊ သာသနာတော်၌။ မောနေယျ ပဋိပဒံ၊ မောနေယျ အကျင့်ကို။ ပဋိပဇ္ဇိတုံ၊ ကျင့်ခြင်းငှာ၊ သမတ္ထော၊ စွမ်းနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

နှောင်းအခါ၌ ဤနာလကမထေရ်မြတ် ကဲ့သို့
မောနေယျ အကျင့်ကို ကျင့်နိုင်ရပါလို၏။
ဤသို့ မြန်မာလို ဆို၍လည်း ဆုတောင်းနိုင်၏။

—

## ဧတဒဂ်ရ ပုဂ္ဂိုလ်များ

[ အံ ၁ - ပါ ၂၃ - မှ ၂၀ - အထိ ]

| | | |
|---|---|---|
| ရဟန်းယောကျ်ား | ( ဘိက္ခု ) | ၄၁ ပါး |
| ရဟန်းမ | ( ဘိက္ခုနီ ) | ၁၃ ။ |
| ဥပါသကာယောကျ်ား | | ၁၀ ယောက် |
| ဥပါသိကာမ | | ၁၀ ။ |
| | ပေါင်း | ၇၄ ဦး |

**အမှာ။** ။မဟာသာဂကေ ဆုတောင်းလိုသော ပုဂ္ဂိုလ်များ နမူနာယူ၍ ဆုတောင်းနိုင်ကြရန် ဤဧတဒဂ်ရ ပုဂ္ဂိုလ်များ စာရင်းကို ဖော်ပြလိုက်သည်။

( ၁ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိ ကောဏ္ဍညော။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သား ဖြစ်ကုန်သော။ ရတ္တညူနံ၊ ရှည်မြင့်စွာသော ညဉ့်အပိုင်းအခြားကို သိတတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ-

ဒယာအယံ အညာသိကောဏ္ဍညော၊အကြင်အညာသိကောဏ္ဍည မထေရ်သည်။အတ္ထိ၊ရှိ၏။ တော် - ဧသော အညာသိကောဏ္ဍညော၊ ထိုအညာသိကောဏ္ဍညမထေရ်သည်။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံး ပေတည်း။

"ရှည်မြင့်စွာသော ညဥ့်အပိုင်းအခြားကို သိတတ်သည်" ဟူသည်မှာ သာသနာတော်၌ လက်ဦးစွာ ရဟန်းပြုရသည် ဟူလို၊ ပဉ္စဝဂ္ဂီ ၅-ဦးတွင်လည်း အဦးဆုံး သောတာပတ္တိမဂ်ဉာဏ်ကို ရတော်မူသည်။

**အမှာ။** ။ဆိုလတံ့သော ပုဂ္ဂိုလ်များ၌ အနက် မပေးတော့ပြီ၊ ပေးခဲ့သော အနက်ကိုနည်းမှီ၍ ပေးတတ်လောက်ပေပြီ။

( ၂ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာ ပညာနံ ယဒိဒံ သာရိပုတ္တော။

ကြီးကျယ်သော ပညာရှိသော ရဟန်းတို့တွင် သာရိပုတ္တရာ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၃ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိ မန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော။

တန်ခိုးကြီးသော ရဟန်းတို့တွင် မဟာမောဂ္ဂလ္လာန် မထေရ် သည် အမြတ်ဆုံး ဖြစ်၏။

( ၄ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခုတ္တဝါဒါနံ ယဒိဒံ မဟာကဿပေါ။

ခုတင်ဆောင်သော ရဟန်းတို့တွင် မဟာကဿပ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၅ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ။

ဒိဗ္ဗစက္ခု အဘိညာဉ် ရသော ရဟန်းတို့တွင် အနုရုဒ္ဓါမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၆ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥစ္စာကုလိကာနံ ယဒိဒံ ဘဒ္ဒိယော ကာဠိဂေါ ဓာယပုတ္တော။

အမျိုးမြတ်သော ရဟန်းတို့တွင် ကာဠိဂေါဓာ မည်သော မိဖုယား၏သား သာကီဝင်မင်း ဖြစ်ခဲ့သော ဘဒ္ဒိယမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၇ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဉ္ဇုဿရာနံ ယဒိဒံ လကုဏ္ဍက ဘဒ္ဒိယော။

အသံသာယာသော ရဟန်းတို့တွင် အလွန် ပုကွသော ဘဒ္ဒိယ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၈) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ သီဟနာဒိကာနံ ယဒိဒံ ပိဏ္ဍောလ ဘာရဒွါဇော။

မင်္ဂဖိုလ်နှင့် စပ်သော ပြဿနာကို ဖြေဆိုခြင်းငှာ ရဲရင့်စွာ ကြုံးဝါးတတ်သော ရဟန်းတို့တွင် ပိဏ္ဍောလဘာရဒွါဇ မထေရ်သည် အမြတ်ဆုံး ဖြစ်၏၊ နာမည်ရင်းကား ဘာရဒွါဇတည်း။ (မင်္ဂဖိုလ်မရမီက ဆွမ်း စသော စားသောက်ဘွယ်၌ လျှပ်ပေါ်သော သဘော ရှိသောကြောင့် ပိဏ္ဍောလ ဟူ၍ အပိုထည့်ခေါ်ကြခြင်း ဖြစ်၏။)

(၉) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာဏိပုတ္တော။

ဓမ္မကထိက ရဟန်းတို့တွင် မန္တာဏိပုဏ္ဏေးမ၏ သား ပုဏ္ဏမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၁၀) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော။

အကျဉ်းအားဖြင့် ဟောတော်မူအပ်သည်ကို အကျယ်အားဖြင့် အနက် အဓိပ္ပာယ်ကို ဝေဘန်သိတတ်သော ရဟန်းတို့တွင် မဟာကစ္စည်းမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၁၁) (က) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ မနောမယံ ကာယံ အဘိနိမ္မိနန္တာနံ ယဒိဒံ စူဠပန္ထကော။

စိတ်ဖြင့် ပြီးသော ကိုယ်ကို ဖန်ဆင်းနိုင်သော ရဟန်းတို့တွင် စူဠပန္ထကမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ခ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
စေတောဝိဝဋ္ဋကုသလာနံ ယဒိဒံ စူဠပန္ထကော။

ရူပါဝစရစျာန်၌ ကျွမ်းကျင်လိမ္မာသော ရဟန်းတို့တွင် စူဠပန္ထက မထေရ်သည် အမြတ်ဆုံး ဖြစ်၏။ (နှစ်ကြိမ်ရ)

(၁၂) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
သညာဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော။

အရူပါဝစရစျာန် ဝိပဿနာ အရာ၌ ကျွမ်းကျင်လိမ္မာသော ရဟန်းတို့တွင် မဟာပန္ထက မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၁၃) (က) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
အရဏဝိဟာရီနံ ယဒိဒံ သုဘူတိ။

ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို မပြုဘဲ တရားဟောလေ့ရှိသဖြင့် ကိလေသာကင်း၍ နေတတ်သော ရဟန်းတို့တွင် သုဘူတိမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ခ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ။

မေတ္တာစျာန်ကို ဝင်စား၍ အကျိုးကြီးမြတ်အောင် ပြုသဖြင့် မြတ်သော အလှူကို ခံထိုက်သော ရဟန်းတို့တွင် သုဘူတိမထေရ်သည် အမြတ်ဆုံး ဖြစ်၏။ (၂-ကြိမ်ရ)

(၁၄) တေဒင်္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ အာရညကာနံ ယဒိဒံ ရေဝတော ခဒိရဝနိယော။

တောရကျောင်း၌ နေသော ရဟန်းတို့တွင် ရွာတော၌ နေသော ရေဝတမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ခဒိရဝနိယ=ရွာတော)

(၁၅) တေဒင်္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဈာယီနံ ယဒိဒံ ကင်္ခါရေဝတော။

ဈာန်ဝင်စားတတ်သော ရဟန်းတို့တွင် ကင်္ခါရေဝတမထေရ်သည် အမြတ်ဆုံး ဖြစ်၏၊ အမည်ရင်းကား ရေဝတတည်း၊ (ဝိနည်း၌ အပ်သော အရာကိုလည်း ယုံမှားသံသယ ရှိတတ်သောကြောင့် ကင်္ခါ ဟူ၍ အပို ထည့်ခေါ်ကြခြင်း ဖြစ်၏။)

(၁၆) တေဒင်္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော ကောဠိဝိသော။

အားထုတ်အပ်သော ဝီရိယရှိသော ရဟန်းတို့တွင် ကောဠိဝိသအနွယ်ဝင် သောဏ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၁၇) တေဒင်္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ကလျာဏဝါက္ကရဏာနံ ယဒိဒံ သောဏော ကုဋိကဏ္ဏော။

သာယာ နာပျော်ဘွယ် ရွတ်ဆိုတတ်သော ရဟန်းတို့တွင် တကုဋေထိုက်တန်ဘော နားတန်ဆာကို ဝတ်ဆင် ခဲ့ဘူးသော သောဏမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၁၈ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီနံ လာဘီနံ ယဒိဒံ သီဝလိ။

လာဘ်လာဘ ပေါများသော ရဟန်းတို့တွင် သီဝလိမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၁၉ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ ဝက္ကလိ။

သဒ္ဓါတရား အားကြီးသော ရဟန်းတို့တွင် ဝက္ကလိမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၂၀ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီနံ သိက္ခာကာမာနံ ယဒိဒံ ရာဟုလော။

သိက္ခာသုံးပါးကို ကျင့်ဆောင်လိုသော ရဟန်းတို့တွင် ရာဟုလာ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၂၁ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီနံ သဒ္ဓါ ပဗ္ဗဇိတာနံ ယဒိဒံ ရဋ္ဌပါလော။

သဒ္ဓါတရားဖြင့် ရဟန်းပြုသော ရဟန်းတို့တွင် ရဋ္ဌပါလ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၂၂ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီနံ ပဌမံ သလာကံ ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော။

ဘုရားသျှင်သည် မဟာသုဘဒ္ဒါ သေဌေးသမီး ပင့်လျှောက်ချက်အရ ဥဂ္ဂမြို့သို့ ကြွလိုသော် ပုထုဇဉ်ရဟန်းများ စာရေးတန်မဲ

မယူစေနှင့်၊ ရဟန္တာ ငါးရာတို့ သာ စာရေးတန်မဲ ယူစေ’ ဟု မိန့်တော်မူရာ ၎င်းကုသိုလ်ကြောင့်ဘာနမထေရ်သည် ဦးစွာ စာရေးတန်မဲကို ယူလေသည်၊ ထို့ကြောင့် ဦးစွာ စာရေးတန်မဲ ယူသော ရဟန်း တို့တွင် ဤကုသိုလ်ကြောင့်ဘာနမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၂၃) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနဝန္တာနံ ယဒိဒံ ဝင်္ဂီသော။

ဂါထာဗန္ဓ စီကုံး နှုန်းဖွဲ့ရာ၌ လျင်မြန်သော ထိုးထွင်းဉာဏ် ရှိသော ရဟန်းတို့တွင် ဝင်္ဂီသ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၂၄) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သမန္တပါသာဒိကာနံ ယဒိဒံ ဥပသေနော ဝင်္ဂန္တပုတ္တော။

အခြံအရံနှင့် တကွ ကြည်ညိုဘွယ်ဆောင်သော ရဟန်းတို့ တွင် ဝင်္ဂန္တပုဏ္ဏား၏ သား ဥပသေနမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၂၅) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သေနာ သန ပညာပကာနံ ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော။

အာဂန္တုက ရဟန်းတို့အား အထိုက်အလိုက် အိပ်ရာ နေရာ ခင်းပေးတတ်သော ရဟန်းတို့တွင် မလ္လမင်း၏ သား ဒဗ္ဗမထေရ် သည် အမြတ်ဆုံး ဖြစ်၏။

(၂၆) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဒေဝတာနံ ပိယမနာပါနံ ယဒိဒံ ပိလိန္ဒဝစ္ဆော။

နတ်တို့ ချစ်ခင် နှစ်သက်သော ရဟန်းတို့တွင် ပိလိန္ဒဝစ္ဆ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၂၇) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။

လျင်မြန်စွာ အရဟတ္တဖိုလ်ရသော ရဟန်းတို့တွင် သစ်သားပျဉ်ချပ်ကို ဝတ်ခဲ့ဘူးသော ဗာဟိယမထေရ်သည် အမြတ်ဆုံး ဖြစ်၏၊ ဤမထေရ်ကား ရဟန်းအဖြစ်သို့ မရောက်ရမီ သင်္ကန်းရှာဖွေနေစဉ် ရန်သူဘီလူးမက နွားမယောင်ဆောင်၍ ဝှေ့ခြင်းကြောင့် ပရိနိဗ္ဗာန် စံတော်မူရသည်။

(၂၈) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ စိတ္တကထိကာနံ ယဒိဒံ ကုမာရကဿပေါ။

ဆန်းဆန်းကြယ်ကြယ် ဟောပြော တတ်သော ရဟန်းတို့တွင် ကုမာရကဿပ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၂၉) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ပဋိသမ္ဘိဒါပတ္တာနံ ယဒိဒံ မဟာကောဋ္ဌိတော။

ပဋိသမ္ဘိဒါလေးပါးရ ရဟန္တာတို့တွင် မဟာကောဋ္ဌိတ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၃၀) (က) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။

ဗဟုဿုတ ရှိသော ရဟန်းတို့တွင် အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ခ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ သတိမန္တာနံ ယဒိဒံ အာနန္ဒော။

သတိမြဲသော ရဟန်းတို့တွင် အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ဂ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။

လျင်မြန်သော ပညာရှိသော ရဟန်းတို့တွင် အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(ဃ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဓိတိမန္တာနံ ယဒိဒံ အာနန္ဒော။

လုံ့လ ဝီရိယ ရှိသော ရဟန်းတို့တွင် အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(င) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။

အလုပ်အကျွေး ဖြစ်ဘူးသော ရဟန်းတို့တွင် အာနန္ဒာမထေရ်သည် အမြတ်ဆုံးဖြစ်၏။

(ဘွဲ့ထူး ၅-တန်ရ)

( ၃၁ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာ ပရိသာနံ ယဒိဒံ ဥရုဝေဠ ကဿပေါ။

အခြံအရံများသော ရဟန်းတို့တွင် ဥရုဝေဠကဿပ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၃၂ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ။

ဆွေမျိုးများကို ကြည်ညိုစေတတ်သော ရဟန်းတို့တွင် ကာဠုဒါယီမထေရ်သည် အမြတ်ဆုံး ဖြစ်၏။ ။( ဖွားဘက်တော် )

( ၃၃ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပာဗာဓာနံ ယဒိဒံ ဗာကုလော။

အနာရောဂါ နည်းပါးသော ရဟန်းတို့တွင် ဗာကုလမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၃၄ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ သောဘိတော။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရသော ရဟန်း တို့တွင် သောဘိတ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၃၅ ) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ။

ဝိနည်းကို ဆောင်သော ရဟန်းတို့တွင် ဥပါလိမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၁၆ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခု နောဝါဒကာနံ ယဒိဒံ နန္ဒကော။

ဘိက္ခုနီမတို့ကို ဆုံးမတတ်သော ရဟန်းတို့တွင် နန္ဒက မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၁၇ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ ယဒိဒံ နန္ဒော။

ဣန္ဒြေ ၆ - ပါး၌ စောင့်စည်းတတ်သော ရဟန်းတို့တွင် နန္ဒမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ဘုရားသျှင်၏ ညီတော် မင်းနန်တည်း။ )

( ၁၈ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခု ဩဝါဒကာနံ ယဒိဒံ မဟာကပ္ပိနော။

ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်သော ရဟန်းတို့တွင် မဟာကပ္ပိန မထေသည် အမြတ်ဆုံး ဖြစ်၏။

( ၁၉ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ တေဇောဓာတု ကုသလာနံ ယဒိဒံ သာဂတော။

တေဇောကသိုဏ်းကို ဝင်စားရာ၌ ကျွမ်းကျင် လိမ္မာသော ရဟန်းတို့တွင် သာဂတ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

( ၄၀ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနေယျကာနံ ယဒိဒံ ရာဓော။

ဘုရားသျှင် တရားဟောတော်မူသောအခါ အဆစ်အဖုတို့ကို

မေးမြန်းလျှောက်ထား၍ အသစ်အသစ် အဆင့်ဆင့် ဓမ္မဒေသနာကို ဖြစ်စေတတ်သော ရဟန်းတို့တွင် ရာဓမထေရ်သည် အမြတ်ဆုံး ဖြစ်၏။

(၄၁) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လူခစီဝရဓရာနံ ယဒိဒံ မောဃရာဇာ။

ယက်ကန်းသား, ချည်, ဆိုးရည် သုံးမျိုး ကြမ်းထမ်း ညစ်နွမ်းသော သင်္ကန်းကို ဆောင်တတ်သော ရဟန်းတို့သွင် မောဃရာဇ မထေရ်သည် အမြတ်ဆုံး ဖြစ်၏။

—

## ဘိက္ခုနီ (ရဟန်းမ) ၁၃-ပါး

(၁) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏၊ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန်သော။ ရတ္တညူနံ၊ ရှည်မြင့်စွာသော ညဥ့်အပိုင်းအခြားကို သိတတ်ကုန်သော။ ဘိက္ခုနီနံ၊ ဘိက္ခုနီတို့တွင် (ဝါ) ရဟန်းမတို့တွင်။ ယဒိဒံ- ယာအယံ မဟာပဇာပတိဂေါတမီ၊ အကြင် မိထွေးတော် မဟာပဇာပတိဂေါတမီသည်။ အတ္ထိ၊ ရှိ၏။ ဧတံ- သော၊ ထိုမဟာပဇာပတိဂေါတမီသည်။ အဂ္ဂံ- အဂ္ဂါ၊ အမြတ်ဆုံးပေတည်း။ (မိန်းမတို့တွင် သာသနာတော်တွင်းသို့ လက်ဦးဆုံး ဝင်ရောက်ရသူတည်း။)

(၂) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံ ခေမာ။

ကြီးကျယ်သော ပညာရှိသော ဘိက္ခုနီ (ရဟန်းမ) တို့တွင် ခေမာထေရီသည် အမြတ်ဆုံး ဖြစ်၏။ (ဗိမ္ဗိသာရ မင်းကြီး၏ တောင်နန်းစံ မိဖုယားကြီး ဖြစ်ခဲ့သူတည်း။)

(၃) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တာနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ။

တန်ခိုးကြီးသော ဘိက္ခုနီတို့တွင် ဥပ္ပလဝဏ္ဏာထေရီသည် အမြတ်ဆုံး ဖြစ်၏။

(၄) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ။

ဝိနည်းကို ဆောင်သော ဘိက္ခုနီတို့တွင် ပဋာစာရာထေရီသည် အမြတ်ဆုံး ဖြစ်၏။

(၅) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ။

ဓမ္မကထိက ဘိက္ခုနီတို့တွင် ဓမ္မဒိန္နာထေရီသည် အမြတ်ဆုံး ဖြစ်၏၊ (ဝိသာခ သေဋ္ဌေးကတော် ဟောင်းတည်း။)

(၆) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဈာယီနံ ယဒိဒံ နန္ဒာ။

ဈာန်ဝင်စားသော ဘိက္ခုနီတို့တွင် နန္ဒာထေရီသည် အမြတ်ဆုံး ဖြစ်၏၊ (မဟာပဇာပတိဂေါတမီ၏ သမီးတော်တည်း၊ ရူပ

နန္ဒာ ဟူ၍၎င်း ,ဇနပဒကလျာဏီ ဟူ၍၎င်း ခေါ်ကြသေး၏။ )
နန္ဒမင်းသား၏ နှမရင်း ဇနီးလောင်းပေတည်း။

( ၇ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ။

အားထုတ်အပ်သော ဝီရိယရှိသော ဘိက္ခုနီတို့တွင် သောဏာ ထေရီသည် အမြတ်ဆုံး ဖြစ်၏။

( ၈ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ ဗကုလာ။

ဒိဗ္ဗစက္ခုအဘိညာဉ် ရသော ဘိက္ခုနီတို့တွင် ဗကုလာထေရီ သည် အမြတ်ဆုံး ဖြစ်၏။

( ၉ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ခိပ္ပါဘိညာနံ ယဒိဒံ ဘဒ္ဒါ ကုဏ္ဍလကေသာ။

အရဟတ္တဖိုလ်ဉာဏ် ရလွယ်သော ဘိက္ခုနီတို့တွင် ဘဒ္ဒါ ထေရီသည် အမြတ်ဆုံး ဖြစ်၏။ ( ရှေးဦးစွာ နိဂဏ္ဌတို့ သာသနာ တွင် ဝင်ရောက်၍ ရဟန်းမ ပြုရာ ဆံပင်တို့ကို ထန်းစေ့မှုတ်ဖြင့် အနှုတ်ခံခဲ့ရသောကြောင့် နောက်ကာလ၌ ပေါက်သော ဆံပင် တို့မှာ အစုအစု နားဒွေးသွင်း သဖွယ် ခွေ၍ နေသောကြောင့် "ကုဏ္ဍလကေသာ" ဟူ၍ အပို ထည့်ခေါ်ကြခြင်း ဖြစ်၏။)

( ၁၀ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ပုဗ္ဗေနိဝါသံ အနုဿရန္တီနံ ယဒိဒံ ဘဒ္ဒါကာပိလာနီ။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ရသော ဘိက္ခုနီတို့တွင်

ဘဒ္ဒါကာပိလာနီ ထေရီသည် အမြတ်ဆုံး ဖြစ်၏။ (အသျှင်မဟာကဿပမထေရ်၏ လူဘဝက မယားဟောင်း ပေတည်း။)

(၁၁) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာဘိညာပတ္တာနံ ယဒိဒံ ဘဒ္ဒါကစ္စနာ။

အဘိညာဥ်ရသော ဘိက္ခုနီတို့တွင် ဘဒ္ဒါကစ္စနာထေရီသည် အမြတ်ဆုံး ဖြစ်၏။ (သားတော်ရာဟုလာ၏ မယ်တော်- ဘုရားလောင်း၏ ကြင်ယာတော်တည်း။)

(၁၂) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ လူခစီဝရဓရာနံ ယဒိဒံ ကိသာဂေါတမီ။

ယက်ကန်းသား, ချည်, ဆိုးရည် သုံးမျိုး ကြမ်းထမ်း ညစ်နွမ်းသော သင်္ကန်းကို ဆောင်သော ဘိက္ခုနီတို့တွင် ကိသာဂေါတမီထေရီသည် အမြတ်ဆုံး ဖြစ်၏။ (သားသေကို ဆေးကုခိုင်းခဲ့ဘူးသော အမျိုးသမီးတည်း။)

(၁၃) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ သိင်္ဂါလကမာတာ။

သဒ္ဓါတရား အားကြီးသော ဘိက္ခုနီတို့တွင် သိင်္ဂါလကမာတာထေရီသည် အမြတ်ဆုံး ဖြစ်၏။ (သိင်္ဂါလောဝါဒသုတ်ကို နာယူသော သိင်္ဂါလက သူဌေးသား၏ မယ်တော်တည်း။)

## ဥပါသကာ ၁၀-ယောက်

(၁) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သား ဖြစ်ကုန်သော။ ပဌမံ၊ ရှေးဦးစွာ။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ (ဝါ) သရဏဂုံသို့။ ဂစ္ဆန္တာနံ၊ ရောက်ကုန်သော။ ဥပါသကာနံ၊ ဥပါသကာယောကျ်ားတို့တွင်။ ဝါဏိဇာ၊ ကုန်သည်ဖြစ်ကုန်သော။ ယဒိဒံ-ယေ ဣမေ တပုဿဘလ္လိကာ၊ အကြင်တပုဿ ဘလ္လိက ညီနောင် နှစ်ယောက်တို့သည်။ အတ္ထိ-သန္တိ၊ ရှိကြကုန်၏။ တေ·ဧတေ တပုဿဘလ္လိကာ၊ ထိုတပုဿ ဘလ္လိက ညီနောင်နှစ်ယောက်တို့သည်။ အဂ္ဂ·အဂ္ဂါ၊ အမြတ်ဆုံး ဖြစ်ကြလေကုန်၏။ (မြန်မာပြည်သား ကုန်သည်ညီနောင် ဟူတည်း၊ တပုဿနောင်တော်ကား နောင်ကာလတွင် သောတာပန် ဥပါသကာ ဖြစ်သွား၏၊ ဘလ္လိက ညီတော်ကား နောင်ကာလတွင် ဆဠဘိညာ ရဟန္တာ ဖြစ်သွား၏)။ ဘုရား တရား ရတနာ နှစ်ပါးကို ရှေးဦးစွာ ဆည်းကပ်ကိုးကွယ်ကြသော (ဒွေဝါစိကသရဏဂုံ တည်ကြသူ) နောင်တော် ညီတော် နှစ်ယောက်တည်း။

(၂) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော။

ပေးလှူတတ်သော ဥပါသကာ(ယောကျ်ား)တို့တွင် ယော်မည်

သုဒတ္တ- ကြီးနာမည် အနာထပိဏ်သေဌေးသည် အမြတ်ဆုံး ဖြစ်၏။

( ၃ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဓမ္မကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ မစ္ဆိကာသဏ္ဍိကော။

ဓမ္မကထိက ဥပါသကာတို့တွင် မစ္ဆိကာသဏ္ဍမြို့သား စိတ္တသေဌေးသည် အမြတ်ဆုံး ဖြစ်၏။ (၎င်းသည် အနာဂါမ် ဖြစ်၏။ )

( ၄ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော။

ပရိသတ်ကို သင်္ဂဟတရား လေးပါးဖြင့် ချီးမြှောက်တတ်သော ဥပါသကာ တို့တွင် အာဠဝီမင်း၏ သား ဟတ္ထက အာဠဝက မင်းသားသည် အမြတ်ဆုံး ဖြစ်၏။

( ၎င်းသည် အနာဂါမ် ဖြစ်၏။)

( ၅ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဏီတဒါယကာနံ ယဒိဒံ မဟာနာမော သက္ကော။

မွန်မြတ်သော အရသာကို ပေးလှူတတ်သော ဥပါသကာတို့တွင် သာကီဝင်မင်း ဖြစ်သော မဟာနာမ်သည် အမြတ်ဆုံး ဖြစ်၏။

( ၎င်းသည် သကဒါဂါမ် ဖြစ်၏။ )

(၆) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ မနာပဒါယကာနံ ယဒိဒံ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော။

အလှူခံပုဂ္ဂိုလ်တို့ ကြိုက်နှစ်သက်သော ဘောဇဉ်ကို ပေးလှူတတ်သော ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အမြတ်ဆုံး ဖြစ်၏။ ။(၎င်းသည် အနာဂါမ် ဖြစ်၏။)

(၇) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ သံဃုပဋ္ဌာကာနံ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟပတိ။

သံဃာကို ပြုစုလုပ်ကျွေးတတ်သော ဥပါသကာတို့တွင် ဟတ္ထိရွာသား ဥဂ္ဂတ သူဌေးသည် အမြတ်ဆုံး ဖြစ်၏။
(၎င်းသည် အနာဂါမ် ဖြစ်၏။)

(၈) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သူရမ္ဗဋ္ဌော။

ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင် ယုံကြည်တတ်သော ဥပါသကာတို့တွင် သူရမ္ဗဋ္ဌသည် အမြတ်ဆုံး ဖြစ်၏။
(၎င်းသည် သောတာပန် ဖြစ်၏။)

(၉) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပုဂ္ဂလပ္ပသန္နာနံ ယဒိဒံ ဇီဝကော ကောမာရဘစ္စော။

ပုဂ္ဂိုလ်ကို ကြည်ညိုတတ်သော ဥပါသကာတို့တွင် အဘယ

မင်းသားသည် ကောက်ယူ မွေးမြူအပ်သော ဇီဝကဆေးဆရာသည် အမြတ်ဆုံး ဖြစ်၏။

( ၎င်းသည် သောတာပန် ဖြစ်၏။ )

( ၁၀ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဝိဿာသကာနံ ယဒိဒံ နကုလပိတာ ဂဟပတိ။

ဘုရားသျှင်နှင့် ချစ်ကျွမ်းဝင်သော ဥပါသကာတို့တွင် နကုလပိတာ သေဌေးသည် အမြတ်ဆုံး ဖြစ်၏။

( ၎င်းသည် သောတာပန် ဖြစ်၏။ )

---

## ဥပါသိကာမ ၁၀ - ယောက်

( ၁ ) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနိယဓီတာ။

ဘုရား တရား သံဃာ ရတနာ သုံးပါးကို ရှေးဦးစွာ ဆည်းကပ်ကိုးကွယ်သော ဥပါသိကာမတို့တွင် သေန နိဂုမ်းနေ သေနိယ သူကြွယ်၏ သမီး သုဇာတာသည် အမြတ်ဆုံး ဖြစ်၏။ (ဘုရားဖြစ်မည့်နေ့တွင် နို့ဃနာဆွမ်း ကပ်လှူသော သုဇာတာတည်း၊ ၎င်းသည် သောတာပန် ဖြစ်၏၊ တေဝါစိက သရဏဂုံကို ဦးစွာ ဆောက်တည်သောသူ ဟူလို။ )

(၂) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန်သော။ ဒါယိကာနံ၊ ပေးလှူတတ်ကုန်သော။ ဥပါသိကာနံ၊ ဥပါသိကာမတို့တွင်။ မိဂါရမာတာ၊ ယောက္ခမ ဖြစ်သော မိဂါရသေဋ္ဌေး၏ အမိသဖွယ် ဖြစ်သော။ ယဒိဒံ- ယာအယံ ဝိသာခါ၊ အကြင်ဝိသာခါကျောင်းအမကြီးသည်။ အတ္ထိ၊ ရှိ၏။ ဧတံ- ဧသာ ဝိသာခါ၊ ထိုကျောင်းအမကြီး ဝိသာခါသည်။ အဂ္ဂံ- အဂ္ဂါ၊ အမြတ်ဆုံးပေတည်း။ (ပေးလှူတတ်သော ဥပါသိကာမတို့တွင် ဝိသာခါ ကျောင်းအမကြီးသည် အမြတ်ဆုံး ဖြစ်၏ဟူလို၊ ၎င်းသည် သောတာပန် ဖြစ်၏။)

(၃) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။

ဗဟုဿုတ ရှိသော ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာ ကျွန်မသည် အမြတ်ဆုံး ဖြစ်၏။ (၎င်းသည် သောတာပန် ဖြစ်၏။)

(၄) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီ။

မေတ္တာစိတ်ဖြင့် နေလေ့ရှိသော ဥပါသိကာမ တို့တွင် ဥတေနမင်း၏ မိဖုယား သာမာဝတီ သည် အမြတ်ဆုံး ဖြစ်၏။ (၎င်းသည် သောတာပန် ဖြစ်၏။)

(၅) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဈာယီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ။

ဈာန်ဖြင့် မွေ့လျော်၍ နေတတ်သော ဥပါသိကာမတို့တွင် နန္ဒသတို့သား၏ မိခင် ဥတ္တရာ သေဌေးကတော်သည် အမြတ်ဆုံး ဖြစ်၏။ (သူဆင်းရဲဘဝမှ ချက်ခြင်း သေဌေး ဖြစ်လာသော ပုဏ္ဏသေဌေး၏ သမီးတည်း။ သောတာပန် ဖြစ်၏။)

(၆) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ပဏီတဒါယိကာနံ ယဒိဒံ သုပ္ပဝါသာ ကောလိယဓီတာ။

မွန်မြတ်သော အရသာကို ပေးလှူတတ်သော ဥပါသိကာမတို့တွင် ကောလိယမင်း၏ သမီးတော် သုပ္ပဝါသာသည် အမြတ်ဆုံး ဖြစ်၏။ (အသျှင်သီဝလိ မထေရ်၏ မယ်တော်တည်း၊ ၎င်းသည် သောတာပန် ဖြစ်၏။)

(၇) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဂိလာနုပဋ္ဌာကီနံ ယဒိဒံ သုပ္ပိယာ ဥပါသိကာ။

မကျန်းမာသော ဂိလာန ရဟန်းတို့ကို ပြုစုလုပ်ကျွေးတတ်သော ဥပါသိကာမတို့တွင် သုပ္ပိယာသည် အမြတ်ဆုံး ဖြစ်၏။ (၎င်းသည် သောတာပန် ဖြစ်၏။)

(၈) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ ကာတိယာနီ။

ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင် ယုံကြည်တတ်သော ဥပါသိကာမ တို့တွင် ကာတိယာနီသည် အမြတ်ဆုံး ဖြစ်၏။

(၎င်းသည် ကုဋိကဏ္ဏသောဏ မထေရ်၏ မယ်တော် ဖြစ်၏။ သောတာပန် အရိယာတည်း။)

(၉) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဝိဿာသိကာနံ ယဒိဒံ နကုလမာတာ ဂဟပတာနီ။

ဘုရားသျှင်နှင့် ချစ်ကျွမ်းဝင်သော ဥပါသိကာမတို့တွင် နကုလမာတာ သူဌေးကတော်သည် အမြတ်ဆုံး ဖြစ်၏ (နကုလပိတာ ဥပါသကာ၏ ဇနီးပေတည်း၊ လင်မယား နှစ်ဦးလုံး သောတာပန် ဖြစ်ကြ၏။)

(၁၀) ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုရရဃရိကာ။

တဆင့်ကြား စကားဖြင့် ရတနာသုံးပါးကို ကြည်ညိုတတ်သော ဥပါသိကာမတို့တွင် ကုရရဃရမြို့နေ ကာဠီ မည်သော ဥပါသိကာမသည် အမြတ်ဆုံး ဖြစ်၏။ (သာတာဂိရနတ် ဟေမဝတနတ်တို့ ကောင်းကင်ယံတွင် ဘုရားအကြောင်း ပြောဆိုသံကို ကြားရ၍ ဘုရားသျှင်ကို မဖူးမမြော်ရသေးဘဲလျက် သောတာပန် ဖြစ်သော အမျိုးသမီးတည်း။)

## သာဓက ၈ – ကျိဝ်ကို ရေတွက်ပြမှုံ

[ ထေရ ငွေ၃-အုပ် ၅၄၁ ]

နာလက မထေရ်မောနေယျ အကျင့်ကို ကျင့်သောပုဂ္ဂိုလ်

၁ - အသျှင်သာရိပုတ္တာရာ။ } အဂ္ဂ
၂ - ။ မဟာမောဂ္ဂလ္လာန်။ } သာဝက
၃ - ။ အညာသိကောဏ္ဍည။
၄ - ။ မဟာကဿပ။
၅ - ။ အနုရုဒ္ဓါ။
၆ - ။ ဘဒ္ဒိယ ( သာကီဝင်မင်း )
၇ - ။ လကုဏ္ဍက ဘဒ္ဒိယ။
၈ - ။ ပိဏ္ဍောလ ဘာရဒ္ဒါဇ။
၉ - ။ ပုဏ္ဏ ( မန္တာဏီ၏ သား )
၁၀ - ။ မဟာကစ္စာန။
၁၁ - ။ စူဠပန္ထက။
၁၂ - ။ မဟာပန္ထက။
၁၃ - ။ သုဘူတိ။
၁၄ - ။ ရေဝတ ( ရှားတောနေ )
၁၅ - ။ ကင်္ခါရေဝတ။
၁၆ - ။ သောဏ ( ကောဠိဝိသ အနွယ် )

၁၇ - ။ သောဏ (ကုဋိကဏ္ဏ)

၁၈ - ။ သီဝလိ။

၁၉ - ။ ဝက္ကလိ။

၂၀ - ။ ရာဟုလာ။

၂၁ - ။ ရဋ္ဌပါလ။

၂၂ - ။ ကုဏ္ဍဓာန်။

၂၃ - ။ ဝင်္ဂီသ။

၂၄ - ။ ဥပသေန်။

၂၅ - ။ ဒဗ္ဗ။

၂၆ - ။ ပိလိန္ဒဝစ္ဆ။

၂၇ - ။ ဗာဟိယဒါရုစိရိယ။

၂၈ - ။ ကုမာရကဿပ။

၂၉ - ။ မဟာကောဋ္ဌိတ။

၃၀ - ။ အာနန္ဒာ။

၃၁ - ။ ဥရုဝေဠကဿပ။

၃၂ - ။ ကာဠုဒါယီ။

၃၃ - ။ ဗာကုလ။

၃၄ - ။ သောဘိတ။

၃၅ - ။ ဥပါလိ။

၃၆ - ॥ နန္ဒက॥

၃၇ - ॥ နန္ဒ (ညီတော်)

၃၈ - ॥ မဟာကပ္ပိန॥

၃၉ - ॥ သာဂတ॥

၄၀ - ॥ ရာဓ॥

၄၁ - ॥ မောဃရာဇာ॥

ဤကား ဧတဒဂ် ဘွဲ့ထူးရ ၄၁ - ပါးတည်း॥

၁ - ॥ အသျှင် ဝပ္ပ॥

၂ - ॥ ဘဒ္ဒိယ॥

၃ - ॥ မဟာနာမ॥

၄ - ॥ အဿဇိ॥

၅ - ॥ ယသ॥

၆ - ॥ ဝိမလ॥

၇ - ॥ သုဗာဟု॥

၈ - ॥ ပုဏ္ဏဇိ॥

၉ - ॥ ဂဝမ္ပတိ॥

၁၀ - ॥ နဒီကဿပ॥

၁၁ - ॥ ဂယာကဿပ॥

၁၂ - ॥ မဟာစုန္ဒ॥

၁၃ - ။ ဘဂု။
၁၄ - ။ ကိမိလ။
၁၅ - ။ ပုဏ္ဏ။ ( မြန်မာ )
၁၆ - ။ အင်္ဂုလိမာလ။
၁၇ - ။ မဟာဥဒါယီ။
၁၈ - ။ သဘိယ။
၁၉ - ။ သေလ။
၂၀ - ။ ဥပဝါန။
၂၁ - ။ မေဃိယ။
၂၂ - ။ နာဂိတ။
၂၃ - ။ ယသောဇ။
၂၄ - ။ အဇိတ။
၂၅ - ။ တိဿမေတ္တေယျ။
၂၆ - ။ ပုဏ္ဏက။
၂၇ - ။ မေတ္တဂူ။
၂၈ - ။ ဓောတက။
၂၉ - ။ ဥပသီဝ။
၃၀ - ။ နန္ဒ။
၃၁ - ။ ဟေမက။

၃၂ - ။ တောဒေယျ။
၃၃ - ။ ကပ္ပ။
၃၄ - ။ ဇတုကဏ္ဏိ။
၃၅ - ။ ဘဒြာဝုဓ။
၃၆ - ။ ဥဒယ။
၃၇ - ။ ပေါသာလ။
၃၈ - ။ ပိင်္ဂိယ။

| | |
|---|---|
| နာလကမထေရ် (မောနေယျ) | ၁ - ပါး |
| တေဒင်္ဂဘွဲ့ထူးရ - ပုဂ္ဂိုလ် | ၄၁ - ပါး |
| တေဒင် မရသော - ပုဂ္ဂိုလ် | ၃၈ - ပါး |
| | ၈၀ - ပါး |

ပေါင်း အသီတိသာဝက ခေါ် သာဝကပေါင်း ၈ - ကျိပ် ဖြစ်သတည်း။

—

## ၎င်းမထေရ်တို့၏ ထူးခြားချက်များ

တေဒင်္ဂဘွဲ့ထူး မရသော သာဝကပေါင်းမှာ ၃၈ - ပါး ရှိလေရာ ထိုအသျှင်မြတ်တို့၌လည်း ထူးခြားချက်များ အသီးသီး ရှိကြသောကြောင့် သာ သာသနာတော်ဝင် ကျမ်းဂန်များ၌ သာဝက (၈)ကျိပ် ဟူ၍ ထင်ရှားစွာ ရေတွက်ပြဆိုထားခြင်း ဖြစ်သည်ဟု ယူဆရပေသည်၊ ထိုသို့ ယူဆထားသည်အား လျော်

စွာ ထိုအသျှင်မြတ်တို့၏ ထူးခြားချက်များကို မိမိ တွေ့ရှိရသမျှ ရေသား ဖော်ပြသွားပေမည်။

---

**ဝပ္ပမထေရ်**

[ထေရ-ဋ္ဌ-ပ အုပ် ၁၇၅]

ဝင်းမထေရ်မှာ ပဥ္စဝဂ္ဂီ ၅-ပါးတွင် တပါးအပါအဝင် ဖြစ်၏၊ ပဒုမုတ္တရဘုရားသျှင် လက်ထက်တော်တွင် "တဆူသော ဘုရားသျှင် အထံတော်၌ ရှေးဦးစွာ တရားတော်ကို နာယူနိုင်ရန် ဆုတောင်းခဲ့ကြောင်း" ဖွင့်ပြထားလေသည်၊ ထိုကြောင့် ၎င်း ဝပ္ပမထေရ်အလောင်းသည် ကမ္ဘာတသိန်းတိုင်တိုင် ပါရမီတရား တို့ကို ဖြည့်ကျင့် အားထုတ်ခဲ့ရကြောင်း ထင်ရှားလေသည်။

ကျန်သော ဘဒ္ဒိယမထေရ်, မဟာနာမ မထေရ်, အဿဇိ မထေရ် (၃) ပါးတို့ကိုလည်း နည်းတူပင် မှတ်ယူရပေမည်၊ ကျမ်းဂန်၌ကား ၎င်း(၃)ပါး၏ အကြောင်းအရာကို တိကျစွာ မတွေ့ရပေ။

မိဒဂါဝုန်တော၌ ဓမ္မစက္ကပဝတ္တနသုတ် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူစဉ် အခါ လူသားမှာ ဤပဥ္စဝဂ္ဂီ ၅-ပါးသာ ပါရှိ သေသည်၊ မည်သည့် လူသားမျှ ထိုတရားပွဲ၌ မပါရှိလေ၊ နတ် ဗြဟ္မာများ သာ ကြားနာရလေသည်။

## ယသမထေရ်

[အပဒါန်-ဋ္ဌ-၃ အုပ် ၂၇၀]

၎င်းယသမထေရ်မှာ ပဉ္စဝဂ္ဂီ ၅-ပါးနောက် ၆-ဦး မြောက် ရဟန္တာဖြစ်သော မထေရ်တည်း၊ ဗာရာဏသီသေဌေး ကြီး၏ တဦးတည်းသော သား ဖြစ်၍ လူဘဝ၌ ခံစားရသော စည်းစိမ်မှာလည်း အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ စည်းစိမ် ချမ်းသာ တမျှ ကြီးကျယ် လှကြောင်း မိန့်ဆိုထား၏။

—

## ဝိမလမထေရ်

[ထေရ-ဋ္ဌ-ပ-အုပ်-၁၅၃]

၎င်းမထေရ်အလောင်းမှာ အမိဝမ်း၌ နေရစဉ်၌၎င်း, မွေးဖွား စဉ်၌၎င်း, သလိပ် သည်းခြေ စသော အညစ်အကြေးများ လုံးဝ မကပ်မငြိရဘဲ ပဒုမ္မာကြာရွက်ပေါ်၌ ရေပေါက်ကဲ့သို့ ရှိကြောင်း ပစ္ဆိမဘဝိက ဘုရားအလောင်းများ ပဋိသန္ဓေ တည်နေရ သကဲ့သို့ မွေးဖွားရ သကဲ့သို့ ဖြစ်ကြောင်း၊ ထိုကြောင့် ဝိမလသတို့သား ဟူ၍ နာမည်မှည့်ထားကြောင်း ဖွင့်ပြထားလေသည်။

အဘယ်ကောင်းမှုကြောင့် အဘယ်ဆုတောင်းကြောင့် ဤသို့ ထူးခြားစွာ ပြစ်ရသနည်းဟူမူ- ကဿပဘုရားသျှင် လက်ထက် တော်၌ နောင်အခါတွင် သန့်ရှင်းစင်ကြယ်သော ကိုယ်ရှိရပါလို ၏ဟု တောင့်တ၍ ဗောဓိပင်ကို နံ့သာရည်တို့ဖြင့် လောင်းလှူခဲ့

ခြင်း၊ စေတီတော် ရင်ပြင်တော် ဗောဓိပင် ရင်ပြင်တော် ကျောင်း ဇရပ် စသည်တို့ကို ဆေးကြောသုတ်သင်ခဲ့ခြင်း၊ သံဃာတော်များ၏ ညစ်နွမ်းသော အသုံးအဆောင်များကို ဖွတ်လျှော်ပေးခဲ့ခြင်း၊ ဆေးကြောပေးခဲ့ခြင်း စသော ကောင်းမှုကုသိုလ်များကြောင့် ဤသို့ ထူးခြားစွာ ဖြစ်ရလေသည်။

အဇိတမထေရ်၊ တိဿမေတ္တေယျ မထေရ်၊ ပုဏ္ဏက မထေရ်၊ မေတ္တဂူမထေရ်၊ ဓောတကမထေရ်၊ ဥပသီဝမထေရ်၊ နန္ဒမထေရ်၊ ဟေမကမထေရ်၊ တောဒေယျမထေရ်၊ ကပ္ပမထေရ်၊ ဇတုကဏ္ဏိမထေရ်၊ ဘဒြာဝုဓမထေရ်၊ ဥဒယမထေရ်၊ ပေါသာလမထေရ်၊ (မောဃရာဇမထေရ်)၊ ပိင်္ဂိယမထေရ်- ဤမထေရ် ( ၁၆ ) ပါးမှာ ဘုရားသျှင်နှင့် မတွေ့မီ ရသေ့ပညာရှိ ဆရာကြီးများဖြစ်ကြပြီးလျှင် တပါးတပါးလျှင် အခြံအရံ ရသေ့ပရိသတ်ပေါင်း တထောင်စီ ရှိကြလေသည်။

ဘုရားသျှင်အား ခက်ခဲနက်နဲသော အမေးပုစ္ဆာများကို မေးမြန်း လျှောက်ထားကြရာ ဖြေကြားတော်မူပြီးနောက် ဒေသနာတော်အဆုံး၌ ရဟန္တာဖြစ်တော်မူကြပြီးလျှင် ဧဟိဘိက္ခု ရဟန်းပြုပေးတော်မူလေသည်။

ငှင်းရသေ့ ( ၁၆ )ဦးတို့ မေးမြန်းလျှောက်ထားချက်- ဘုရားသျှင် ဖြေကြားတော်မူချက်များမှာ စူဠနိဒ္ဒေသပါဠိ အဋ္ဌကထာ၊ သုတ္တနိပါတ ပါဠိ အဋ္ဌကထာ ဒုတိယအုပ်၌ ပြည့်စုံစွာ ရှိလေသည်။

ဝိမလ မထေရ် ( ပြခဲ့ပြီး ), သုဗာဟု မထေရ်, ပုဏ္ဏဇိမထေရ်, ဂဝမ္ပတိ မထေရ်- ဤမထေရ် လေးပါးမှာ လူဖြစ်စဉ်က ယသ သေဌေးသား၏ သူငယ်ချင်း သေဌေးသားချာ ဖြစ်ကြသည်၊ ယသသေဌေး သား ရဟန္တာဖြစ်ပြီးနောက် ဆက်လက်၍ ရဟန္တာ ဖြစ်ကြသော မထေရ်များ ဖြစ်ကြ၏၊ ထိုအမျိုးသားလေးယောက် နှင့် ပေါင်းသော် ရဟန္တာပေါင်း ၁၀-ပါး ရှိလေပြီ၊ ဤ ၁၀- ပါးနှင့် တကွ ထိုသေဌေးသား လေးယောက်၏ အဆွေခင်ပွန်း ( ၅၅ ) ယောက်တို့လည်း ရဟန္တာဖြစ်ကြလေရာ ရဟန္တာပေါင်း (၆၅)ပါး ( မိဂဒါဝုန်တော ပထမဝါ၌ ) ရှိလေပြီ။

---

## နဒီကဿပမထေရ်, ဂယာကဿပမထေရ်

၎င်းမထေရ် ၂-ပါးမှာ ရသေ့ဖြစ်စဉ် အခြံအရံ ၃၀၀- ၂၀၀- အသီးသီးရှိခဲ့ကြပြီးလျှင် အာဒိတ္တပရိယာယသုတ်ကို ကြား နာပြီးနောက် ရဟန္တာဖြစ်ကြပြီးလျှင် ဧဟိဘိက္ခု အဖြစ်ကို ခံယူ ကြရလေသည်။

၎င်းမထေရ် ၂-ပါး၏ နောင်တော် ဥရုဝေဠကဿပ မထေရ် မှာ ရသေ့ဖြစ်စဉ် အခြံအရံ ၅၀၀ ရှိလေသည်၊ ထို့ကြောင့် ရဟန္တာဖြစ်ပြီးသော အခါ အခြံအရံများသော အရာတွင် ဧတ ဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းကို ခံရလေသည်။

## မဟာစုန္ဒ မထေရ်

အသျှင်သာရိပုတ္တရာ၏ ညီတော် ဖြစ်၏၊ (၎င်းမထေရ်၏ ထူးခြားချက် တစုံတရာ မတွေ့ရှိရပေ) ဥပသေနမထေရ်, ခဒိရဝနိယ ရေဝတ မထေရ်- ဤတေဒင်္ဂါတ္တထူးရ မထေရ် (၂)ပါးသည်လည်း အသျှင်သာရိပုတ္တရာမထေရ်၏ ညီတော်များ ဖြစ်ကြ၏၊ စာလာ, ဥပစာလာ, သီသူပစာလာ, နှမတော် ထေရီ (၃)ပါး၊ မောင်တော် (၄)ယောက်၊ နှမတော် (၃)ယောက်၊ ပေါင်း (၇) ယောက်လုံး ရဟန္တာ ဖြစ်ကြ၏၊ ၎င်းမထေရ်မှာ သာမဏေဘဝ က ပင် ဘုရားသျှင်၏ အလုပ်အကျွေး ဖြစ်ခဲ့ဘူးလေသည်။

---

## ဘဂု မထေရ်

[ အေရ-၃-၁-အုပ်-၄ ]

၎င်းမထေရ်သည် သာကီဝင်မင်းသား တယောက် ဖြစ်ခဲ့၏၊ ၎င်းမထေရ်၏ ထူးခြားချက်ကို အောက်ပါ ဂါထာဖြင့် သိအပ်၏။

> အယံ ပဉ္စင်္ဂကော မယှံ၊ ဧရိမော ဝတ္တတေ ဘဝေါ။
> အဇ္ဇာပိ ပုပ္ဖင်ဿော မေ၊ အဘိဝဿတိ သဗ္ဗဒါ။

ယခုဘဝကား နောက်ဆုံး ဘဝပေတည်း၊ ငါ့အား ယနေ့၌ ၎င်း အခါခပ်သိမ်းသော ကာလ၌၎င်း ပန်းမိုးသည် အမြဲမပြတ် ရွာသွန်း၏၊ (၎င်းမထေရ် ကိုယ်ပေါ်သို့ ပန်းများ အမြဲမပြတ် မိုးရွာသလို ကောင်းကင်မှ ကျနေတတ်သည် ဟူလို။)

ပဒုမုတ္တရဘုရားသျှင်၏ ခြေတော်များကို ပန်းတို့ဖြင့် ပူဇော်ခဲ့သော ကောင်းမှု ကုသိုလ်ကြောင့်တည်း။

---

## ကိမိလ မထေရ်

[ ထေရ-ဌ-ပ-အုပ်-၂၉၈ ]

၎င်းမထေရ်သည်လည်း သာကီဝင်မင်းသား တယောက် ဖြစ်ခဲ့၏၊ ၎င်းမထေရ်၏ ထူးခြားချက်ကို အောက်ပါ ဂါထာဖြင့် သိအပ်၏။

ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ စင်္ကမန္တော ဌိတော စဟံ။
ဆန္နော သလလပုပ္ဖေဟိ၊ ပုညကမ္မဿိဒံ ဖလံ။

နေ့အခါ၌၎င်း, ညအခါ၌၎င်း, စင်္ကြံသွားသော် ရပ်နေသော် ထိုမထေရ်၏ ကိုယ်ပေါ်သို့ သမင်စာ ပန်းပွင့်တို့ဖြင့် ဖုံးလွှမ်းနေလေသည်၊ ဤသို့ ပန်းပွင့်တို့ဖြင့် ဖုံးလွှမ်းရခြင်းကား ကကုသန္ဓ ဘုရားသျှင်၏ ခြေတော်တို့ကို သမင်စာပန်းပွင့်တို့ဖြင့် မကျွာပ်သဖွယ် တန်ဆာဆင်၍ ပူဇော်ခဲ့သော ကောင်းမှု ကုသိုလ်၏ အကျိုးပေတည်း။

---

## ပုဏ္ဏာမထေရ် ( မြန်မာ )

သုနာပရန္တတိုင်း သုပ္ပါရကသဘော်ဆိပ်( လယ်ကိုင်းကျောင်းတော်ရာ )၌ သူကြွယ်မျိုးတွင် ဖြစ်သော နောင်တော် မဟာပုဏ္ဏသူကြွယ်တည်း၊ နောင် သာသနာတော်သို့ ဝင်ရောက်လာသော

ကာလ၌လည်း မဟာပုဏ္ဏမထေရ် ဟု ထင်ရှားလေသည်၊ သည်းခံနိုင်ခဲလှသော အရာများ၌ သည်းခံတော်မူနိုင်သည်ကို အစွဲပြု၍ ဘုရားသျှင်က သာဓု အနုမောဒနာ (၇) ကြိမ် အခေါ်ခံရသော မထေရ် မြတ်ပေတည်း၊ (အကျယ်သိလိုလျှင် '**ပိဋကလမ်းညွှန်-ဒုတိယတွဲ**' နံပါတ် ၅၁ အညွှန်းပါ ကျမ်းစာများတွင် ရှာဖွေ ကြည့်ရှုကြပါလေ။)

—

## အင်္ဂုလိမာလ မထေရ်

[ ထေရ-ဋ္ဌ-ဒု-အုပ် ၃၂၄ ]

၎င်းမထေရ်မှာ ဆင်ပြောင် ၇-စီးအားကို ဆောင်နိုင်ကြောင်း ဖွင့်ပြထား၏၊ အချမ်းဖြင့် နှိပ်စက်ခံရသော ပစ္စေကဗုဒ္ဓါအသျှင်အား မီးလှုံစေခဲ့သော ကောင်းမှု ကုသိုလ်ကြောင့် ဤမျှ ခွန်အား ဗလ ကြီးမားရလေသည်။

ပသေနဒီ ကောသလမင်းကြီး အသဒိသ အလှူတော်ကြီးကို ပေးလှူစဉ်အခါ ၎င်းမထေရ်၏ နောက်ပါးမှ ကြမ်းထမ်းလှစွာသော ဆင်ကြီးတကောင် ထီးဖြူ မိုးလျက် ခနေစေရာ ၎င်းဆင်ကြမ်းကြီးမှာ မထေရ်၏ တန်ခိုးအရှိန်အစော်ကြောင့် အသက်ပင် ရဲဝံ့စွာ မရှူဝံ့ကြောင်း ဖွင့်ပြထားလေသည်။

(ဒီဃာ-၂-ဋ္ဌ-၂၄၇)

## မဟာဥဒါယီ မထေရ်

[ ထေရ-ဋ္ဌ-ဒု-အုပ်-၂၅၈ ]

တနေ့သ၌ လူအပေါင်းတို့သည် ကိုယ်လုံးညှတ်မျှ တန်ဆာဆင်ထားသော ဆင်ဖြူတော်ကို ဝိုင်းဝန်း၍ ချီးမွမ်းနေကြသံကို ကြားရသော် ၎င်းမထေရ်က ကြံစည်သည်မှာ လူအပေါင်းတို့က တိရစ္ဆာန်ဆင်ကို ချီးမွမ်းကြသော် ငါကလည်း ဘုရားတည်းဟူသော ဆင်မင်းကို ချီးမွမ်းအံ့ဟု ကြံစည်ပြီး ဂါထာ ၁၆-ဂါထာ ဥပမာ ၁၄-မျိုးတို့ဖြင့် ချီးမွမ်းလေသည်၊ ၎င်းမထေရ်ကား ကပိလဝတ်ပြည် ဗြာဟ္မဏအမျိုးသားပေတည်း။

---

## သဘိယ မထေရ်

[ ထေရ-ဋ္ဌ-ဒု-အုပ် ၆ ]

၎င်းမထေရ်အလောင်းမှာ ကဿပဘုရားသျှင် သာသနာတော်ကွယ်ခါနီးတွင် အသက်စွန့်၍ တောင်ပေါ် တက်ကျင့်ကြသော ရဟန်း ( ၇ ) ပါးတွင် တပါး အပါအဝင် ဖြစ်ခဲ့၏၊ သဘိယပရိဗိုဇ် ဖြစ်စဉ် ခက်ခဲနက်နဲသော အမေးပုစ္ဆာများကို မေးမြန်းလျှောက်ထားသောကြောင့် ဘုရားသျှင်က ဖြေကြားတော်မူရာ ဒေသနာတော်အဆုံး၌ အရဟတ္တဖိုလ်ကို ရလေသည်၊ ၎င်းသဘိယသုတ်မှာ သုတ္တနိပါတ ပါဠိ အဋ္ဌကထာ၌ ရှိလေသည်။

## သေလ မထေရ်

[ ထေရ-ဋ္ဌ-ဒု-အုပ် ၃၀၄ ]

ဇင်းမထေရ်အလောင်းမှာ ပဒုမုတ္တရဘုရားသျှင် လက်ထက်တော်တွင် ဥပါသကာ သုံးရာတို့၏ အကြီးအမှူး ဖြစ်ပြီးလျှင် ဘုရားသျှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်း, ကျောင်းရေစက်ချပွဲ၌ ကြီးကျယ်စွာ အလှူကြီးကို ပေးလှူခဲ့ခြင်း စသော ကောင်းမှု ကုသိုလ်များကို အားထုတ်ခဲ့လေသည်။

ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် အင်္ဂုတ္တရာတိုင်း၌ ဗြာဟ္မဏအမျိုးတွင် လူဖြစ်လာပြီးသော် အရှယ်ရောက်သောအခါ တပည့်ပေါင်း သုံးရာတို့အား ဗေဒင် သုံးပုံကို ပို့ချ သင်ကြားကာ ဆရာကြီး ပြန်လုပ်၍ နေလေသည်၊ နောင်တွင် ဘုရားသျှင်အား ခက်ခဲ နက်နဲသော ပုစ္ဆာများကို မေးလျှောက်လေသည်၊ ပေါ်ဘိကျွ ရဟန်းဖြစ်ပြီးနောက် ( ၇ ) ရက် အကြာတွင် ပရိသတ် တပည့် သုံးရာနှင့် တကွ ရဟန္တာ ဖြစ်ကြလေသည်၊ ဇင်းသေလ သုတ်မှာ သုတ္တနိပါတ ပါဠိ၌ အဋ္ဌကထာ၌ ရှိလေသည်။

—

## ဥပဝါန မထေရ်

[ ထေရ ဋ္ဌ-ပ-အုပ် ၃၉၃၊ အပဒါန ဋ္ဌ-ဒု-အုပ် ၃၈၊ ၂၉၇ ]

ဇင်းမထေရ်မှာ ဘုရားသျှင်၏ အလုပ်အကျွေး ဖြစ်ခဲ့ဘူး၏၊ တနေ့သ၌ ဘုရားသျှင်အား လေနာရောဂါ နှိပ်စက်သော် ဥပဝါနမထေရ်၏ အလုပ်အကျွေး ပုဏ္ဏားကြီးထံ ရေနွေး နှင့်

လေနာပျောက်ဆေး အလှူခံပြီး ဘုရားသျှင်အား သုံးဆောင်စေရာ လေနာရောဂါပျောက်ကင်းတော် မူလေသည်၊ ဘုရားသျှင်က ရှင်းမထေရ်အား သာခု သုံးကြိမ် ခေါ်တော်မူလေသည်။

တန်ခိုးအရာ၌ ဧတဒဂ် ဘွဲ့ထူးကို မရရှိသော်လည်း တန်ခိုးကြီးသူကြောင်း နတ် ဗြဟ္မာတို့မှာ ရှင်းမထေရ်အနားသို့ ပင်မကပ်ဝံ့ကြကြောင်း (ဒီဃ ၂-၄၁-၁၇၀) ၌ ဖွင့်ပြထားလေသည်၊ ထိုကဲ့သို့ တန်ခိုးကြီးရခြင်း အကြောင်းမှာ ပဒုမုတ္တရ ဘုရားသျှင်၏ ဓာတ်တော် ဌာပနာသော စေတီတော်၌ အပေါ်ရုံကို တံခွန်လုံး လုပ်၍ လှူခဲ့ရခြင်း, ကဿပဘုရားသျှင်၏ စေတီတော်၌ အစောင့်အရှောက် နတ်သား ဖြစ်ခဲ့ရခြင်း, ဤကောင်းမှု အကြောင်းများကြောင့် တန်ခိုးကြီးသူကြောင်း ဖွင့်ပြထားလေသည်။

—

## မေဃိယ မထေရ်

[ ထေရ-၄၁-ပ-အုပ် ၁၀၇ ]

ရှင်းမထေရ်မှာ ဘုရားသျှင်၏ အလုပ်အကျွေး ဖြစ်ခဲ့ဘူး၏၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ပုဂ္ဂိုလ်တည်း၊ ရှင်းမထေရ်ကို အကြောင်းပြု၍ မေဃိယသုတ် ဟူ၍ ဟောထားတော်မူလေသည်၊ ရှင်းသုတ်မှာ ဥဒါန်၌ရှင်း အင်္ဂုတ္တရ၌ရှင်း ရှိလေသည်၊ ထိုမထေရ်၏ ထူးခြားချက်ကို မတွေ့ရှိရပေ။

—

## နာဂိတ မထေရ်

[ထေရ-ဋ္ဌ - ပ အုပ် ၂၃၁]

၎င်းမထေရ်သည်လည်း သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ပုဂ္ဂိုလ်တည်း၊ ဘုရားသျှင်၏ အလုပ်အကျွေးလည်း ဖြစ်ခဲ့ဘူး၏၊ ပဒုမုတ္တရဘုရားသျှင်အား ဂါထာသုံးဂါထာဖြင့် ချီးကျူးခဲ့သော နာရဒပုဏ္ဏားကြီးပေတည်း၊ ဆိုခဲ့ပြီး မေဃိယမထေရ်နှင့် ဤနာဂိတမထေရ် အလောင်းတို့မှာ ဘုရားသျှင်တို့၏ ဉာဏ်တော်ကို အာရုံပြု၍ ကြည်ညိုတတ်သော ပုဂ္ဂိုလ်များတည်း၊ ဉာဏ်တော်ကို အာရုံပြု၍ ကြည်ညိုနိုင်မှုကား အလွန် ခဲယဉ်းလှပေသည်။

—

## ယသောဇ မထေရ်

[ထေရ-ဋ္ဌ-ပ အုပ် ၄၅၇၊ ဥဒါန ပါ ၁၀၄၊ ဋ္ဌ-၁၆၁]

ဓုတင် ၁၃-ပါးလုံး အပြည့်အစုံ အားထုတ်သောကြောင့် ၎င်း, အာနေဉ္ဇသမာဓိဖြင့် အမြဲ သီတင်းသုံးခြင်းကြောင့်၎င်း သံဃာတော်များ အလယ်၌ ဘုရားသျှင်က ချီးမွမ်းတော်မူခြင်းကို ခံရသော မထေရ်ပေတည်း၊ (အကျယ် သိလိုလျှင် အထက်ပါ အညွှန်းတွင် ရှာဖွေ ကြည့်ရှုကြပါလေ။)

—

## ၄၅ - အလို တေဒဂ်ဘွဲ့ထူးရ တပါး

[ အပဒါန်-၄၅ - ၃ အုပ် ၆၆ ]

ဝိနည်းကို ဆောင်သောအရာ၌ တေဒဂ်ဘွဲ့ထူး ရသော ဥပါလိမထေရ်၏ တူတော်သူ တယောက်ကိုလည်း ဦးရီးနာမည်အတိုင်း ဥပါလိ ဟူ၍ ပင် နာမည် မှည့်ထားကြ၏၊ တူတော်သူ ၎င်းဥပါလိမထေရ်မှာ ဝိနည်းနှင့် စပ်သော အမေးပုစ္ဆာပြဿနာ၌ ထက်မြက်သော ပညာရှိသော ရဟန်းတို့တွင် အမြတ်ဆုံး ဖြစ်ကြောင်း အဋ္ဌကထာ၌ အောက်ပါ အတိုင်း တိတိကျကျ မိန့်ဆိုထားလေသည်၊ အင်္ဂုတ္တရနိကာယ ဧကနိပါတ ဧတဒဂ္ဂဝဂ်၌ကား ထိုပါဠိမတွေ့ရပေ၊ မပါရှိပေ၊ တေဒဂ်ဘွဲ့ထူးရ ( ၄၁ ) ပါးတွင်၎င်း, သာဝက ( ၈ ) ကျိပ် အရေအတွက်တွင်၎င်း, ၎င်းတူတော် ဥပါလိမထေရ်မှာ မပါဝင်ပေ၊ မတွေ့ရှိရပေ၊ အဋ္ဌကထာ အရသာ ရေးသား ဖော်ပြလိုက်သည်၊ ၎င်း၌—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယ
ပဉ္စေ တိခိဏပညာနံ ယဒိဒံ ဘာဂိနေယျုပါလိ။

ဟူသည်တည်း။

# ဝိပါက်တော် ၁၂-ပါး

ငါတို့ ဂေါတမဘုရားသျှင်၌ ကျရောက် ခံစားရသော ဝဋ်ဒုက္ခ ၁၂-မျိုးကို ဝိပါက်တော် ၁၂-ပါး ဟူ၍ ခေါ်ဝေါ်သုံးနှုန်းကြ၏၊ ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန၊ အပဒါနပါဠိ ပ-အုပ် ၃၄၆ ဂါထာများဖြစ်၏၊ အဋ္ဌကထာ ဒု အုပ် ၂၀၁၊ ပ အုပ် ၁၂၈ မှ ၁၄၁ အထိ။ ။ဥဒါနအဋ္ဌကထာ ၂၃၉။

## ဝဋ်မှာ အမြဲ-ငရဲမှာ အပ

'ဝဋ်မှာ အမြဲ-ငရဲမှာ အပ' ဟူ၍ ပြောဆိုရိုးစကား ရှိကြသည်၊ ဤစကားကို အမြွက်မျှ ရှင်းပြရသော်— ပုဂ္ဂိုလ်တဦးသည် သောတာပတ္တိမဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက် အပါယ်ပဋိသန္ဓေမျိုးစေ့တို့သည် အကြွင်းမဲ့ ကုန်ခမ်းလေတော့၏။ မည်သည့်နည်းနှင့်မျှ အပါယ်လေးဘုံသို့ မကျမရောက်တော့ပြီ၊ ငရဲမှ အပ ဖြစ်ရုံသာ မက အပါယ်လေးဘုံစလုံးမှလည်း အပ ဖြစ်တော့သည်၊ (ဝါ) အပါယ်လေးဘုံ၌ ဖြစ်ရခြင်းမှ ကင်းလွတ်တော့ပြီ ဟူလို။ ။ထိုသို့ အပါယ်လေးဘုံမှ အပ ဖြစ်သော်လည်း သောတာပတ္တိမဂ်ဉာဏ်ကို မရမီ ပြုလုပ် အားထုတ်ခဲ့ဘူးသော မကောင်းမှု ဒုစရိုက်ကံ တခုခုကြောင့် သုဂတိဘုံ၌ ပဝတ္တိအခါဝယ် အနာရောဂါများခြင်း, အသက်တိုခြင်း, အဆင်းမလှခြင်းစသော ဝိပါက်ကြွင်းများကိုမူကား ခံစားကြရလေသည်၊ ထိုသို့ ခံစားရခြင်းကို ပင် ဝဋ်လိုက်သည်ဟု ပြောဆိုကြ၏၊ ဤသို့ ဝဋ်

ဒုက္ခကို ခံစားရခြင်းမှာ (ဝါ) ဝဋ်လိုက်ခြင်းမှာကား ပရိနိဗ္ဗာန်စံသည့်အထိ မြဲသောကြောင့် 'ဝဋ်မှာ အမြဲ' ဟူ၍ ပြောစမှတ်ပြုကြ၏။ ။ထို့ကြောင့် ဤဝဋ်ဒုက္ခကို ကြောက်လန့်ကြသောသူတော်စဉ်အပေါင်းတို့သည် သူတပါးအပေါ်၌ မကောင်းကြံစည်ခြင်း, မကောင်းပြောဆိုခြင်း, မကောင်းပြုလုပ်ခြင်း စသောဒုစရိုက်အမှုများကို မပြုမလုပ်မိကြရန် သတိကြီးစွာ ထားသင့်ကြပေသတည်း။

ပြဆိုလတ္တံ့သော ဝဋ်ဒုက္ခ ၁၂-မျိုးမှာ ဘုရားဖြစ်ပြီးနောက် ခံစားတွေ့ကြုံရပုံတည်း၊ ထိုသို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ပြစ်မှားခဲ့ခြင်း, လူကို သတ်ခဲ့ခြင်း စသော မကောင်းမှုများကြောင့် အကျိုးရင်းအနေဖြင့် ဘုရားအလောင်းတော်သည် အပါယ်လေးဘုံ၌ ဆင်းရဲဒုက္ခများကို အကြိမ်ကြိမ် အဖန်ဖန်တွေ့ကြုံခံစားရပြီးမှ အကျိုးဆက် အကျိုးဖျား အနေဖြင့် လူဘဝများ၌လည်း အကြိမ်ကြိမ် အဖန်ဖန် တွေ့ကြုံ ခံစားရပြီးလျှင်နောက်ဆုံးပိတ်တွင် ဤဆိုလတ္တံ့သော ဝဋ်ဒုက္ခ ၁၂-မျိုးကိုဘုရားသျှင် ကိုယ်တော်တိုင် တွေ့ကြုံ ခံစားတော်မူရခြင်း ဖြစ်သည်၊ ဝဋ်ခံရသော ပုဂ္ဂိုလ်တိုင်း ဤနည်း အတူချည်း သာ မှတ်ရ၏။

> ကမ္မဝိပါကော စ နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ၊
> အယန္တု ကမ္မဝိပါကော န သက္ကာ မယာ ဝါ အညေန ဝါ ပဋိဗာဟိတုံ။

ကမ္မဝိပါကော စ နာမ၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးမည်သည်ကိုလည်း။ ကေနစိ၊ တစုံတယောက်သော လူ နတ်

ပြဟ္မာသည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းပေ။ အယံ ကမ္ဘင်္ဂါကော၊ ဤကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးကို။ မယာ ဝါ၊ ငါဘုရားသည်ရင်း။ အညေန ဝါ၊ တပါးသော လူ နတ် ပြဟ္မာသည်ရင်း။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှာ။ (ဝါ) အကျိုးမပေးစေခြင်းငှာ။ န သက္ကာ စ— န သက္ကာ ဧဝ၊ မတတ်ကောင်းသည်သာတည်း။

ကံ၏ အကျိုးကို မည်သူမျှ မတားဆီးနိုင်ကြောင်း အညွှန်းများကို **'ပိဋကလမ်းညွှန် ပဌမတွဲ'** နံပါတ် ၃၁၀- ၌ ပြည့်စုံစွာ ပြဆိုထား၏။ ။

—

**မဃဒေဝလင်္ကာသစ် ၁၇၅-၆— ၌**

အကောင်း အဆိုး၊ အကျင့်မျိုးကား၊ ပြစ်ကျိုး
ပေးနေ၊ ယုံမြဲပေတည့်၊ နသော ဥမင်၊ ပင်လယ်ပြင်၌၊
အောင်းဝင် ပုံတက်၊ ကံဝိပါက်မှ၊ လွတ်ကွက် လွတ်ရာ၊
မယ်စွာခဲ့၊ ကြမ္မာ ဝဋ်ဆိုး၊ မကောင်းကျိုးဖြင့်၊ ကြိုးက
မြွေဖြစ်၊ လည်ရစ် ဖွဲ့ထွေ၊ လိုလိုသေ၏၊ ပုဗ္ဗေ ရှေးက၊
ပြုခဲ့ကြသည့်၊ ပါပ အကျိုး၊ ထိုကံဆိုးကြောင့်၊ မိုယ်ကြိုး
ကျရာ၊ ခံမိစွာခဲ့၊ သံသရာ ရှည်မွန်၊ ဘယ်မစွန့်ဘူး၊
မြို့ဝန်နောက်မှာ၊ ပါးကွက်ပါသို့၊ ဖြစ်ရာ ဖြစ်ရာ၊
ဘဝမှာလျှင်၊ မကွာ တံတစ်၊ ဖက်ထစ် အမြဲ၊ မကွဲ တကွ၊
လိုက်တတ်စွရှင့်၊ ကမ္မနိယံ၊ ထုံးစံမှတ်ယူ၊ ထိုသို့ ဟူ၏၊
ဤလူ တစု၊ ကိုယ် ပင် ပြုသား၊ ကိုယ့်မှု ကိုယ့်ကံ၊

ကိုယ် လုပ်ကြံတိုင်း၊ ကိုယ် ခံရမြဲ၊ မလွဲ တို့ချေ၊ မောင် သိစေလော့၊ အမွေ ဆက်ဆံ၊ မြောင်းမြိုခံ၍၊ ကံ ကံ အကျိုး၊ ကောင်း အဆိုးကို၊ လူမျိုးတကာ၊ သတ္တဝါတို့၊ မှန်စွာ မသွေ၊ ရမြဲနေတည့်။ ။

နဘော+နဘာ=ကောင်းကင်။

---

## မဃဒေဝလင်္ကာသစ် - ၁၉၀

ဝိပါက် ဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ နောက်ပိုး လိုက်တက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ၊ ဤလူ့ရွာဝယ်၊ ခမ္ဘာ အရိုး၊ ပမာ နိူးမူ၊ ခါးမျိုး ချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုမျိုးအလား၊ မခြားတူပြီး၊ ခါး ချိုသီးသို့၊ သားကြီး မင်းပျို၊ မှတ်ပိုက် သိုလော့၊ သူ့ကို သရမ်း၊ မကြော့ကြမ်းနှင့်၊ လူနှမ်း ကိစ္စ၊ ကျိုး မလှဘူး၊ နိယာမမျိုး၊ ကောင်း အဆိုးတိ၊ ပြစ် ကျိုး နှစ်ပါး၊ ဖြစ်တတ်ငြား၏၊ **ဘုရားသေသ်မှ၊ မလွတ် ရဘူး**၊ စိတ်က ပြစ်မှား၊ မတရားဖြင့်၊ သူ့အား ကိုယ်ကြံ၊ ကိုယ့်အကြံတိုင်း၊ သူ ကြံကြမြဲ၊ မလွဲ မှန်လှ၊ ကေန္တ တည့်၊ ပါပ မနော၊ သဘော ဖရှည်၊ ကြမ်းကြုတ် မျက်ဆူ၊ အမူဆိုးဝါး၊ ဘောခြုံ ကြားက၊ ကျားသို့ ကျင့်သူ၊ ကျားတူ မချ၊ ပျက်စီး ရသည်... ဒိဋ္ဌမချုတ် ပက်ပါတည်း။

---

အပဒါန ပါဠိ၌ လာသော ဝဋ်ဒုက္ခ ၁၂ မျိုး အစဉ်

၁ - သုန္ဒရီ ပရိဗ္ဗိုဇ်မ နှင့် ဘုရားသျှင်တို့ ဂန္ဓကုဋီတိုက်၌ အတူတကွ အိပ်ကြလေဟန် အစွပ်စွဲခံရခြင်း။

၂ - စိဉ္စမာဏ မိန်းမက သူ့အား မေထုန်မှီဝဲလေဟန် စွပ်စွဲသည်ကို ခံရခြင်း။

၃ - သုန္ဒရီ ပရိဗ္ဗိုဇ်မကို ဘုရားရှင် နှင့် တပည့်များက သတ်ကြသည် ဟု အစွပ်စွဲခံရခြင်း။

၄ - ဒေဝဒတ် ရဟန်းက ကျောက်မောင်းဆင်၍ ဖြုတ်ချရာ၌ ခြေမတော်ကို ကျောက်လွှာ ကျောက်ချပ်ငယ်ဖြင့် ထိခိုက်သည်ကို ခံရခြင်း။

၅ - ၎င်းက တဖန် လေးသမားများကို စေလွှတ်၍ သတ်အံ့ပြုသည်ကို ခံရခြင်း။

၆ - နာဠာဂီရိဆင်ဖြင့် အတိုက်ခံရခြင်း။

၇ - ခြေမတော်ကို ဓားဖြင့် အခွဲခံရခြင်း။

၈ - ဦးခေါင်း ကိုက်ခဲသော ဝေဒနာကို ခံစားရခြင်း။

၉ - ဝေရဉ္စာပြည်၌ ဝါတွင်း သုံးလ ပတ်လုံး မုယောဆန်ကြမ်းကို ဘုန်းပေးတော်မူရခြင်း။

၁၀ - ကျောက်ကုန်း ကိုက်ခဲသော ဝေဒနာကို ခံစားရခြင်း။

၁၁ - ပရိနိဗ္ဗာန် စံခါနီး၌ သွေးဝမ်းသွန်သော ဝေဒနာကို ခံစားရခြင်း။

၁၂ - ၆ - နှစ် လုံးလုံး ဆင်းရဲပင်ပန်းစွာ ဒုက္ခရစရိယာကို ကျင့်ရခြင်း။

**အမှာ။** ။ဤ ၇ - လုံးဖွဲ့ ကဗျာများမှာ သယ်ဘီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ရေးသားခဲ့သော ကဗျာများ ဖြစ်သည်။

—

( ၁ )

( မေး ) တိတ္တိ စေခိုင်း၊ မိုက်ချိုင်း ဒုဿီ။
ထင်ယောင် ထင်မှား၊ ပြုပြား သုန္ဒရီ။
လူ ရှင် အပေါင်း၊ ယုံကြောင်း ပွေလီ။
ရှင်တော်ထွင့်၊ ဘယ်ဝင့် ရွေးကမ္မီ။ ။

( ဖြေ ) မုနာဥ္စ ဟု၊ မည်ရှိ လောင်းတော်။
မောက်ကြွား မှောက်မှား၊ သောက်စား အပျော်။
ရှင်ပစ္စေက၊ ဗုဒ္ဓ မြင်သော်။
ဒုဿီဘဲ၊ စွပ်စွဲ ဝင့်ကြွေးဖော်။ ။

( ၂ )

( မေး ) စိဉ္စမာဏ၊ မိန်းမ စေကျွန်။
ကိုယ်ဝန်ရှိသော၊ ဆိုပြော အလွန်။
လက်သယ်ထားလို့၊ ဘုရားကို ညွှန်။
စွပ်စွဲခဲ့၊ အဘယ့် ဝိပါက်ဝန်။ ။

( ဖြေ ) သောက်စား လွန်ကျူး၊ ယစ်မူး ပျော်ရွှင်။
သေသောက် သမား၊ ဖြစ်ငြား ယခင်။
ရဟန္တာမြတ်၊ ဆွမ်းရပ်သည် မြင်။
အကျင့်ယုတ်၊ ဖွင့်ထုတ် စွပ်စွဲအင်။ ။

( ၃ )

( မေး ) သုန္ဒရီမိုက်၊ သတ်လိုက် သေရာ။
တိတ္ထိအသင်း၊ သတင်း လွှင့်ကာ။
တပည့်များ နှင့်၊ ဘုရားကို သာ။
လူအများ၊ ယုံမှား ဘယ်တွက်တာ။ ။

( ဖြေ ) လောင်းတော် ရသေ့၊ ပျော်မွေ့ စံရာ။
ရသေ့တဦး၊ ဈာန်မြူး ကွန့်လာ။
ငြူစူ စိတ်ဇော၊ မနော ဣဿာ။
ကျင့်ယုတ်ကြီး၊ နှုတ်သီး ချွန်သည့်တာ။ ။

( ၄ )

( မေး ) ဝေဘာတောင်စောင်း၊ ကျောက်မောင်းဆင်ကာ။
ဒေဝဒတ်ယုတ်၊ ခလုတ်အာသာ။
သူ ဖြုတ်ချလို့၊ ဗုဒ္ဓ ခြေမှာ။
ကျောက်လွှာငြိ၊ ဒဏ်ထိ ဘယ်ဝင့်ပါ။ ။

( ဖြေ ) သူကြွယ် မျိုးဇာတ်၊ ဖြစ်လတ်တုံချေ။
ညီကိုလှည့်ဖြား၊ ခေါ်သွားသလေ။

ကျောက်လှာ ဖိညှပ်၊ ထု သတ်ကြိတ် ချေ။
ကျောက်ဝိပါက်၊ အဆက်ပါခဲ့ပေ။ ။

( ၅ )

( မေး ) ကျောက်လှာထိပါး၊ မြတ်ဖျား ခြေတင်။
တည်နေ ဝပ်ကိန်း၊ သေ့းစိမ်း အရှင်။
ခြေမတော်ထဲ၊ ကိုက်ခဲ နာကျင်။
ဝိပါက်ရင်း၊ အလင်းပြစေချင်။ ။

( ဖြေ ) သူငယ် ဖြစ်ခိုက်၊ လေးနိုက် ပျော်ရှင်။
ရှင်ပစ္စေကာ၊ ဝေးမှ အမြင်။
ခဲနှင့် ပစ်လိုက်၊ ထိခိုက် ခြေတွင်။
သေ့းယိုဆင်း၊ ချေးရင်း ဝိပါက် ပင်။ ။

( ၆ )

( မေး ) ဆွမ်းခံ ကြွမြန်း၊ ထိပ်ပန်း ဘုန်းကြွယ်။
မုံကျ ဆင်ကြီး၊ ခရီး အလယ်။
ဒေဝဒတ်မိုက်၊ လွှတ်လိုက်ပြန်တယ်။
ရှင်ဆိုင်တွေ့၊ ဆင်ခဝှ ဘယ်ဝင့်နွယ်။

( ဖြေ ) ဆင်ထိန်းဆင်ကျောင်း၊ အလောင်းဖြစ်တုံ။
ရှင်ပစ္စေကာ၊ လမ်းမအဆုံ။
ဒေါသ ထားလို့၊ ပြစ်မှား သုံမှု။
ဆင်နှင့်တိုက်၊ ဝင့်လိုက်စေသို့ ကြုံ။

( ၇ )

( မေး ) ကျောက်လှသခပ်လို့၊ သွေးခေတ် ဆူပူ။
ခြေမတော်ဦး၊ ထွင့်ရှုဖူး တဆူ။
သွေးညို ကိန်းလို့၊ ကျိန်းဝပ်တော်မူ။
ဇီဝကာ၊ ခွဲရ ဘယ်ဝင့်ဟူ။

( ဖြေ ) ပဒေသရာဇ်၊ မင်းဖြစ်စဉ်ဝယ်။
မူးယစ် သောက်စား၊ ဖောက်ပြား တသွယ်။
လူရှင် လတ်လတ်၊ ထိုးသတ်ပြန်တယ်။
ခေါဝိပါက်၊ အဆက် သူကန့်ယ်။ ။

( ၈ )

( မေး ) သုံးလူထွင့်ရှုဖူး၊ မြိုက်မူးသျှောင်ကော။
ရံခါသော်လဲ၊ ခေါင်းခဲပလော။
ဝေဒနာဝင့်၊ မလွတ်တုံချော။
ဘယ်ဝိပါက်၊ အဆက်ပါခဲ့ပေ။ ။

( ဖြေ ) ရှေးကကံဟောင်း၊ မကောင်း နှိုးဆော်။
တံငါမျိုးဇာတ်၊ ဖြစ်လတ်သရော်။
ငါးတို့ ဦးခေါင်း၊ ထုထောင်း မြင်သော်။
ဝမ်းမြောက်မိ၊ သိက်ဘိ ဝိပါက်တော်။ ။

( ၉ )

( မေး ) ဝါတော်ကပ်တော့၊ မာရ်နတ် နှိုးဆော်။
ဝေရဥ္စာတိုင်း၊ သမိုင်း အကျော်။

မုယောဆုမ်းမို့၊ ကြမ်းကြမ်း ထော်ထော်။
ဘုန်းပေးရ၊ ရှေးက ဘယ်ဝင့်တော်။ ။

( ဖြေ ) မထင် မရှား၊ မျိုးသားဖြစ်တုံ။
ရဟန်းတော်များ၊ ဆွမ်းစား ခိုက်ကြုံ။
ဆွမ်းကြမ်းစား ဟု၊ ပြစ်မှားဆိုပုံ။
ဝစီထွက်၊ ဝိပါက်တော် ကဲ့ကြုံ။ ။

( ၁၀ )

( မေး ) အထွဋ်ဆုံး ဟု၊ သုံးလူ့ မျက်မှန်။
ခါးတော် ကိုက်ခဲ၊ အသဲ အသန်။
ဝေဒနာများ၊ ခံစား ရံဘန်။
ဘယ်အကြောင်း၊ ကံဟောင်း ထုတ်လို့ပြန်။ ။

( ဖြေ ) လက်ဝှေ့သတ်ကောင်း၊ အလောင်း ဖြစ်သော်။
ပြိုင်ပွဲ ဆိုင်ပွဲ၊ နိုင်မြဲ အကျော်။
နိုင်လျှင် ခါးရိုး၊ ရိုက်ချိုး မြေပေါ်။
အသတ်ကောင်း၊ ဇာတ်ဟောင်း ဝိပါက်တော်။ ။

( ၁၁ )

( မေး ) ဆဒ္ဒန်ဆင်ကြီး၊ အားကြီး လျင်မြန်။
ဝမ်းတော်သွန်ငြား၊ ရှေ့အား မသန်။
ခွေယိုင်နွဲ့လို့၊ မြန်းခဲ့ နိဗ္ဗာန်။
ဖြစ်စေကြောင်း၊ ကံဟောင်း သိဘို့ရန်။ ။

(ဖြေ) ရောဂါ ကုစား၊ သမားဉာဏ်ကျယ်။
ရှင်သူဌေးသား၊ ဆေးဝါး ကုတယ်။
၁ - မပေးလို့၊ ဟိုရှေး ဘုန်းကြွယ်၊
ဝမ်းလားဆေး၊ တိုက်ကြွေး ဝဋ်ဟောင်းလယ်။ ။

(၁၂)

(မေး) ဥရုဝေလ၊ တောဝမြိုင်ခွင်။
ခြောက်နှစ် ပတ်လုံး၊ ကျင့်သုံး အရှင်။
အားကုန်ခမ်းလို့၊ ညှိုးနွမ်း ငြိုငြင်။
ပင်ပန်းရေး၊ ဝဋ်ကြွေး ဘယ့်ကြောင့်တင်။ ။

(ဖြေ) ကဿပဘုရား၊ ထင်ရှား ပွင့်သော်။
ဇောတိပါလ၊ နာမ အကျော်။
ပုဏ္ဏား မာန်တက်၊ နှုတ်မြွက် အာဘော်။
ဝစီပြင်း၊ ရှေးရင်း ဝိပါက်တော်။ ။

ဥယျောဇဉ်

(က) ဝိပါက်ရောက်ရေး၊ ကြောက်သွေး တုံ့ဘူယ်။
ဘုရားသော်လဲ၊ ရှောင်လွှဲ မဖယ်။
တွေ့ကြုံမြဲမို့၊ တဝဲလယ်လယ်။
မလွှတ်သေး၊ ဝဋ်ကြွေး နှိပ်စက်တယ်။ ။

(ခ) ကြင်နာ ထောက်ထား၊ သနား မျှော်ခေါ်။
ကုသိုလ် ပွားမှု၊ အားပြုကြနော်။

နှိပ်စက် ညှင်းပန်း၊ သရမ်း ပျက်ချော်။
ရှောင်ကြဉ်ရေး၊ ဝဋ်ကြွေး စင်ဘို့နော်။ ။

**အမှာ။** ။ဝဋ်ဒုက္ခခေါ် ဝိပါက်တော် ၁၂ - ပါးတွင် နံပါတ် ၄ - မှာ အဋ္ဌကထာ ဖွင့်ချက်နှင့် (အပဒါန - ဋ္ဌ - ပ - အုပ် ၁၃၆၊ ၇) ၎င်းအဋ္ဌကထာက ကိုးကား ဖော်ပြသော ပါဠိတော်မှာ ကွဲလွဲနေသည်၊ ကဗျာကား အဋ္ဌကထာ ဖွင့်ပြချက် အတိုင်း စီကုံးထားခြင်း ဖြစ်သည်၊ ပါဠိတော် အကိုးကား အောက်ပါ အတိုင်းပင်တည်း။

(ကြောင်း) ပုရေဟံ ဒါရကော ဟုတွာ၊ ကီဠမာနော မဟာပထေ။
ပစ္စေကဗုဒ္ဓံ ဒိသွာန၊ မဂ္ဂေ သကလိကံ ခိပိံ။

(ကျိုး) တေန ကမ္မဝိပါကေန၊ ဣဓ ပစ္ဆိမကေ ဘဝေ။
ဝဓေတုံ မံ ဒေဝဒတ္တော၊ အဘိမာရေ ပယောဇယိ။

ဤပါဠိတော် အရ ကဗျာစီကုံးသော် —

( ၅ ) ဘုရားသျှင်အား၊ သေဗြားစေရန်။
(ကျိုး) ဒေဝဒတ်မိုက်၊ လွှတ်လိုက် တဖန်။
လေးသည် အများ၊ ပြစ်အား ပြုဟန်။
ရှေးကံဟောင်း၊ အကြောင်း ပြန်ဘို့ရန်။

(၅) သူငယ် ဖြစ်ခိုက်၊ လမ်းနှိုက် ပျော်ရွှင်။
(ကြောင်း) ရှင်ပစ္စေကာ၊ ဝေးမှ အမြင်။
ခဲနှင့် ပစ်လိုက်၊ ထိခိုက် ခြေတွင်။
ရှေးကံရင်း၊ အလင်းရစေချင်။

အမှားပြင်ဆင်ချက်။ ။ 'ပိဋကလမ်းညွှန်ကျမ်း - ဒုတိယအုပ်' နံပါတ် ၄၇၂-၌ ပါသော ဝိပါက်တော် ၁၂-ပါး အစဉ်တွင် နံပါတ် ၁-မှာ မှားယွင်း ပါရှိသွားခြင်း ဖြစ်၏၊ အမှန် ပြင်ဆင်ကြရန်မှာ (၁) သုန္ဒရီပရိဗ္ဗိုဇ်မနှင့် ဘုရားသျှင်တို့ ဂန္ဓကုဋီတိုက်၌ အတူတကွ အိပ်ကြလေဟန် အစွပ်စွဲခံရခြင်း၊ ဤသို့ ပြင်ဆင် ထားကြပါလေ။ ။ နံပါတ် (၃) ၌လည်း '၏' ကို ဖျက်၍ 'နှင့်' ဟူ၍ ပြင်ဆင် ထားကြပါလေကုန်။ ။

တနည်း - အပဒါန အဋ္ဌကထာ ပ-အုပ် ၁၂၀မှ ၁၄၁ အထိ၌ လာသော အစဉ်အတိုင်း ဖော်ပြရသော်—

၁- ၆-နှစ် လုံးလုံး ဒုက္ကရစရိယာ အကျင့်ကို ဆင်းရဲပင်ပန်းစွာ ကျင့်ရခြင်း။

၂- စိဉ္စမာဏဝိကာမိန်းမက သူ့အား မေထုန်မှီဝဲလေဟန် စွပ်စွဲသည်ကို ခံရခြင်း။

၃- သုန္ဒရီပရိဗ္ဗိုဇ်မ နှင့် ဘုရားသျှင်တို့ ဂန္ဓကုဋီတိုက်၌ အတူတကွ အိပ်လေဟန် စွပ်စွဲသည်ကို ခံရခြင်း

၄ - သုန္ဒရီပရိဗ္ဗိုဇ်မကို ဘုရားသျှင်နှင့် တကွ တပည့်များက သတ်ကြလေဟန် အစွပ်စွဲခံရခြင်း။

၅ - ဒေဝဒတ်ရဟန်းက ကျောက်မောင်း ဆင်၍ ဖြုတ်ချရာ၌ ခြေဖမိုးတော်ကို ကျောက်လွှာ ကျောက်ချပ်ငယ်ဖြင့် ထိခိုက်သည်ကို ခံရခြင်း။

၆ - ဒေဝဒတ်က လေးသမားများကို စေလွှတ်၍ သတ်အံ့ပြုရသည်ကို ခံရခြင်း။ (ပါ - အလို) ကျောက်လွှာ ကျောက်ချပ်ငယ်ဖြင့် ထိခိုက်ခြင်းကြောင့် ခြေဖမိုးတော်၌ သွေးစိမ်း သွေးခြေ ဥသည်ကို ခံရခြင်း။ (ဋ္ဌ - အလို)

၇ - နာဠာဂိရိဆင်ဖြင့် အတိုက်ခံရခြင်း။

၈ - သွေးစိမ်းသွေးခြေဥသောနေရာ၌ ဓားဖြင့် အခွဲခံရခြင်း။

၉ - ဦးခေါင်း ကိုက်ခဲသော ဝေဒနာကို ခံစားရခြင်း။

၁၀ - ဝေရဉ္စာပြည်၌ ဝါတွင်း သုံးလ ပတ်လုံး မုယောဆန်ကြမ်းကို ဘုန်းပေးတော်မူရခြင်း။

၁၁ - ကျောက်ကုန်း ကိုက်ခဲသော ဝေဒနာကို ခံစားရခြင်း။

၁၂ - ပရိနိဗ္ဗာန်စံခါနီး၌ သွေးဝမ်းသွန်သော ဝေဒနာကို ခံစားရခြင်း။

ဝိပါက်တော် ၁၂ ပါး ပြီး၏။

# ဝင့်ခံရသော ပုဂ္ဂိုလ်များ

## အသျှင် မဟာမောဂ္ဂလ္လာန မထေရ်မြတ်

[ဓမ္မပဒ-ဋ္ဌ ဒု အုပ် ၄၁၊ အပဒါန ပါ-ပ-အုပ် ၃၅၊ ဋ္ဌ-ပ အုပ် ၂၇၀]

ငှင်းမထေရ်မြတ် အလောင်းသည် တခုသော ဘဝတွင် မယားမိုက်၏ စကားကို နားယောင်ပြီး မိဘကို သတ်ခဲ့ဘူးသော ကြောင့် နောက်ဆုံး ဘဝတွင် ခိုးသား ငါးရာတို့ ရိုက်နှက်သော ဒဏ်ရာဖြင့် ပရိနိဗ္ဗာန်စံတော်မူရလေသည်။

တနည်း - သရဘင်္ဂဇာတက ပါဠိ-အုပ် ၅၊ ဋ္ဌ - မ - အုပ် ၁၃၃ ၌ ကား မိဘကို သေအောင် မသတ်ဘဲ ညှင်းဆဲရုံ မျှသာ ဖွင့်ပြထားသည်။

**အမှာ။** ။သိသာရုံ မျှသာ ပြလိုက်သည်၊ အကျယ် သိလိုသော ပုဂ္ဂိုလ်တို့သည် ဆိုင်ရာ ဆိုင်ရာ ပါဠိ အဋ္ဌကထာတို့မှ၎င်း, မြန်မာစကားပြေဖြင့် ရေးသားထားသော ကျမ်းတို့မှ၎င်း ရှာဖွေ ကြည့်ရှုကြပါကုန်။

——

## ပုတိဂတ္တ မထေရ်

[ဓမ္မပဒ - ဋ္ဌ-ပ အုပ် ၂၀၂ ]

ငှင်းမထေရ် အလောင်းသည် တခုသော ဘဝတွင် ငှက်မုဆိုး အဖြစ်ဖြင့် အသက် မွေးခဲ့သောကြောင့် နောက်ဆုံး ဘဝတွင်

တကိုယ်လုံး ကွဲအက် ပေါက်ပြဲသော အနာများ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူရလေသည်။

---

## မဟာကာလ ဥပါသကာ

[ဓမ္မပဒ-ဋ္ဌ-ဒု အုပ်- ၉၅]

၎င်းဥပါသကာသည် သောတာပန် အရိယာပုဂ္ဂိုလ် ဖြစ်၏။ ၎င်းဥပါသကာ အလောင်းသည် တခုသော ဘ၀တွင် သူတပါး မယားကို ရလိုသောကြောင့် ၎င်းမယား၏ လင်ကို ခိုးသူ ဖြစ်အောင် ကြံဖန် လိမ်လည်၍ သတ်ခဲ့ဘူးလေသည်၊ ထိုပါဏာတိပါတ အကုသိုလ်ကံကြောင့် ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် ခိုးသူ ဟူ၍ စွပ်စွဲကြပြီးလျှင် သတ်ဖြတ်ခြင်းကို ခံရရှာလေသည်။

---

## မိမိတို့ ကိုယ်တိုင် သတ်ကြ၍၎င်း - သူတပါးအား အသတ်ခိုင်း၍၎င်း သေကြရသော ရဟန်းတော်များ

[ဝိနယ- ၁၊ ဋ္ဌ-ဒု အုပ်-၄]

တတိယ ပါရာဇိက သိက္ခာပုဒ်၌ လာသော ငါးရာသော ရဟန်းတော်တို့သည် တခုသော ဘ၀၌ စိတ်တူ ကိုယ်တူ တိုင်ပင်ကြ၍ သားမုဆိုး, ငှက်မုဆိုး ပြုလုပ်ကြပြီးလျှင် အသက် မွေးခဲ့ကြသောကြောင့် ငါတို့ ဘုရားလက်ထက်တော်တွင် အချို့ ရဟန်းတော်တို့မှာ ကိုယ့်ကိုယ်တိုင် သတ်၍၎င်း, အချို့ ရဟန်းတော်တို့

မှာ သူတပါးအား အခပေး သတ်စေ၍ရင်း သေကြေ ပျံလွန်တော်မူကြရလေသည်။

—

## ဥတ္တရ သာမဏေ

[ ထေရဂါထာ-ပါ-၂၄၇၊ ဋ္ဌ-ပ-အုပ် ၃၀၄ ]
[ အပဒါန-ပါ ဒု-အုပ် ၁၇၃၊ ဋ္ဌ-ဒု အုပ် ၂၉၁ ]

ၛင်းသာမဏေသည် ၇ - နှစ်သား အရွယ်တွင် ရဟန္တာ ဖြစ်၏၊ ၎င်းသာမဏေ အလောင်း သူငယ်သည် တခုသော ဘဝတွင် ယင်ကောင်ငယ်ကို တမာသား ငြောင့်ဖြင့် ထိုး၍ ကစားခဲ့ဘူးသောကြောင့် ငါတို့ဘုရား လက်ထက်တော်တွင် ဝဿကာရ ပုဏ္ဏားကြီးက သူ့သမီး မယူမှုဖြင့် ရန်ငြိုးဖွဲ့ကာ ခိုင်းစေမှုကြောင့် တံကျင်လျှို ခံရရှာသေးသည်။ ( မသေပါ )

—

## မဏ္ဍဗျရသေ့

[ စရိယာ-ပါ-၄၁၆၊ ဋ္ဌ ၂၃၄၊ ၅။
ဇာတက ဋ္ဌ - ၈ အုပ် ၂၉ ]

အသျှင် အာနန္ဒာ မထေရ်၏ အလောင်း မဏ္ဍဗျရသေ့ ဖြစ်စဉ် တံကျင်လျှိုခံရပုံ။ ။၎င်းရသေ့အလောင်း သူငယ်သည် တခုသော ဘဝတွင် ဘခင် သစ်ရွေနေစဉ် ပင်လယ်ကသစ်သား အချွန်ဖြင့် ယင်ကောင်ကို ထိုး၍ ကစားခဲ့ ဘူးသောကြောင့် ထိုသို့ တံကျင်လျှိုခံရခြင်း ဖြစ်ကြောင်း ဖွင့်ပြထား၏။

## ရန်သူဘီလူးမက နွားမယောင်ဆောင်ပြီး ဝှေ့၍ သေကြရသော အမျိုးသား ၄-ယောက်

[ ဥဒါန-ဋ္ဌ- ၂၆၂ ]

ပုက္ကုသာတိမင်း, ဗာဟိယဒါရုစီရိယရိဗ္ဗိုဇ်, သုပ္ပဗုဒ္ဓ
လူနူ, တမ္ဗဒါဌိက ခိုးသူသတ်ယောကျ်ား-ဤ၄-ဦး။

ဤအမျိုးသား လေးယောက်လောင်းတို့သည် တခုသော ဘဝတွင် သေဌေးသားများ ဖြစ်ကြ၍ ပြည့်တန်ဆာမ တယောက်ကို ငှားပြီးလျှင် တနေ့လုံး ပျော်ပါးကာ ညနေချမ်းကာလတွင် ၎င်းပြည့်တန်ဆာမကို သတ်ခဲ့ကြလေသည်၊ သတ်ခါနီးတွင် ပြည့်တန်ဆာမက သူတို့ကို ပြန်သတ်နိုင်ရန် ဆုတောင်း၍ ဘီလူးမ ဖြစ်ရလေသည်၊ ၎င်းဘီလူးမက အထက်ပါ အမျိုးသား လေးယောက်ကို ငါတို့ဘုရားသျှင် လက်ထက်တော်တွင် နွားမယောင်ဆောင်ပြီး ဝှေ့၍ ပြန်သတ်ခဲ့လေသည်။

---

## သာကီဝင်မင်းကို ပျက်စီးရခြင်းအကြောင်း

[ ဓမ္မပဒ- ဋ္ဌ-ပ- အုပ် ၂၂၆၊ ဂ ]

၎င်းမင်းမျိုးအလောင်းတို့သည် တခုသော ဘဝ၌ စိတ်တူကိုယ်တူ မြစ်၌ ငါးများ သေစေရန် ဆေးခပ် ခဲ့ဘူးကြလေသည်၊ ထိုပါဏာတိပါတ အကုသိုလ်ကံကြောင့် ငါတို့ဘုရားသျှင်ကိုယ်တိုင် ၂-ကြိမ် တိုင်တိုင် တားမြစ်၍ ရသော်လည်း ၃-ကြိမ်

မြောက်၌ကား ဝိဋ္ဋူဘ မင်းသားနှင့် တကွ ၎င်း၏ စစ်သည် များက သတ်ဖြတ်ကြခြင်းကို ခံကြရလေသည်၊ (အနည်းငယ် သာ လွတ်လေသည်)၊ ဝိဋ္ဋူဘ မင်းသားက သတ်ဖြတ်ပစ် သောကြောင့် သာကီဝင် မင်းမျိုးတို့မှာ အမျိုးပြုတ်ခမန်း ပျက် စီးကြရလေသည်၊ ၃ -ကြိမ်မြောက်၌ကား မတားမြစ်တော့ပေ၊ ( တားမြစ်၍လည်း ရမည် မဟုတ် )။

---

## ကျီးလည်ပင်း မီးကွင်းစွပ်၍ သေရပုံ

[ ဓမ္မပဒ-၃-၂၅၊ ၂၆။ ]

ငါတို့ ဂေါတမဘုရားသျှင် လက်ထက်တော်အခါ များစွာ သော ရဟန်းတို့သည် ဘုရားသျှင်အား ဖူးမြော် ခြင်းငှာ သာဝတ္ထိပြည်သို့ ရှေ့ရှုလာကြစဉ် ရွာတရွာ၌ ဆွမ်းခံ ဝင်ကြ ကုန်၏၊ ရွာ၌ နေသော လူတို့သည် ထိုအာဂန္တုက ရဟန်းတို့အား ဆွမ်းစားဇရပ်သို့ ပင့်၍ ယာဂု ခဲဘွယ်ကို ဆက်ကပ်ပြီး ဆွမ်း စားချိန်ကို စောင့်ဆိုင်းကာ တရားတော်ကို ကြားနာလျက် နေ ကြကုန်၏။

ထိုအခါ ဆွမ်းဟင်းချက် နေသော အိမ်တအိမ်မှ မီးထ လောင်၍ ခေါင်မိုးကို မီးစွဲလေတော့၏၊ မြက်ကျွဲ့ခွေ တခု သည် မီးစွဲလောင်၍ အိမ်ခေါင်မိုး အထက်သို့ မြင့်တက်သွားရာ ကျီးတကောင်၏ လည်ပင်းတွင် စွပ်မိပြီး ရွာလည်ခေါင်၌ ကျ ကာ ထိုကျီးသည် သေဆုံးလေတော့၏။

## ၎င်း၏ အတိတ်အကြောင်း

ထိုရဟန်းတို့သည် ဘုရားသျှင် အထံတော်သို့ ရောက်ကြသော အခါ ကျီး လည်ပင်း မီးကွင်းစွပ်၍ သေရပုံ အကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ ဘုရားသျှင်က ၎င်းကျီး၏ အတိတ်အကြောင်းကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ လယ်လုပ်သမား တယောက်သည် မိမိ နွားကို ဆုံးမခြင်းငှာ မတတ်နိုင်၊ အနည်းငယ်မျှ သွားပြီးလျှင် အိပ်လေ့ရှိ၏၊ ရိုက်နှက်၍ သွားစေသော်လည်း ခဏ မျှသာ သွား၍ အိပ်မြဲအိပ်ပြန်လေသည်၊ ဘယ်လိုလုပ်၍မျှ မရသောအခါ နွားရှင်သည် စိတ်ဆိုးလှသည် ဖြစ်၍ ကောက်ရိုးများကို ကြစ်ပြီးလျှင် နွားလည်ပင်း၌ ကရွတ်ခွေ သဏ္ဍာန် ပြုကာ ချည်နှောင်၍ မီးရှို့လေ၏၊ နွားသည် ထိုနေရာ၌ပင် သေလေသည်။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ဆင်းရဲဒုက္ခ အဖုံဖုံကို ခံခဲ့ရပြီးလျှင် အဖျားအနား ဝိပါက်ကြွင်း အနေဖြင့် ကျီးဘဝ ဖြစ်ကာ ၇-ကြိမ် တိုင်တိုင် လည်ပင်းတွင် မီးကွင်းစွပ်၍ သေဆုံးရလေသည်။

---

## ရေနှစ်သတ် ခံရသောမိန်းမ

[ ဓမ္မပဒ-၃-၂၅၊ ၂၆ ]

ဘုရားသျှင်အား ဖူးမြင်ခြင်းငှာ လှေ သင်္ဘောဖြင့် လာကြသော ရဟန်းတို့သည် သမုဒ္ဒရာ အလယ်သို့ ရောက်လတ်သော်

ထိုလှေသင်္ဘောသည် မရွေ့ရှားတော့ဘဲ ငြိမ်သက် ရပ်တည် နေသည်ကို တွေ့ကြရကုန်၏၊ ထိုအခါ သင်္ဘောသားတို့က “ငါတို့သင်္ဘောပေါ်၌ သူယုတ်မာ ပါနေချေပြီ ဖြစ်လတံ့၊ မဲချကုန်စို့” ဟု ပြောဆိုသောအခါ သင်္ဘောသူကြီးကလည်း သဘောတူ ထောက်ခံလေသည်။

ထိုသို့ သူယုတ်မာ မဲချသောအခါ သင်္ဘောသူကြီး ကတော်မဲကျလေသည်၊ ထိုသင်္ဘောသူကြီးကတော်သည် ပထမအရွယ် နုနုနယ်နယ် ရှိကာ ရုပ်ရေလည်း ချောမောလှပလေသည်၊ သင်္ဘောသူကြီးက “ထပ်၍ မဲချကြပါဦး” ဟု ပြောသောအခါ မဲချကြပြန်၏၊ ထိုမိန်းမ ပင် မဲကျ၏၊ သုံးကြိမ် မဲချရာ သုံးကြိမ်စလုံး မဲကျ၏၊ သင်္ဘောသားတို့က “အရှင် - မည်သို့ပြုရမည်နည်း” ဟု မေး၍ သင်္ဘောသူကြီး၏ မျက်နှာကို အကဲခပ် ကြည့်ရှုကြကုန်၏၊ သင်္ဘောသူကြီးက “မတတ်နိုင်တော့ပြီ၊ တယောက် အတွက်နှင့် အများ မပျက်စီးပါစေနှင့်၊ ထိုငါ၏ မယားကို ရေထဲသို့ ပစ်ချကြကုန်လော့” ဟု ပြောဆို၏။

ထိုမိန်းမကို ကိုင်၍ ရေ၌ ပစ်ချအံ့ပြုသော် သေဘေးမှ ကြောက်လန့်သောကြောင့် ကျယ်လောင်စွာ အော်ရာ၏၊ ထိုအသံကို သင်္ဘောသူကြီး ကြားလေသော် လှမ်းကြည့်ပြီး လက်ဝတ် တန်ဆာ စသည်တို့ကို မြင်၍ သတိရပြီး ချွတ်ယူခိုင်းထား၍ ပုဆိုးပိုင်း အစုတ်ကို ဝတ်စေကာ “ရေပြင်၌ ပေါ်လာသည်ကို ငါ မမြင်လို၊ အိုးတလုံးတွင် သဲထည့်၍ လည်ပင်း၌ ကြိုးဖြင့် ချည်နှောင်ပြီး ပစ်ချကြကုန်လော့” ဟု ခိုင်းစေ၏၊ ထိုသို့ စေ

ခိုင်းသည့်အတိုင်း ပြုလုပ်၍ ပစ်ချလိုက်ရာ ငါး လိပ် စသည်တို့က ဝိုင်းဝန်း လုယက် စားသောက်ပစ်ကြလေကုန်၏။

## ငင်း၏ အတိတ်အကြောင်း

ထိုအခြင်းအရာကို မြင်ခဲ့ကြသော ရဟန်းတို့သည် ဘုရားသျှင်ထံ ရောက်၍ ဖူးမြော်ပြီးလျှင် ထိုအကြောင်းအရာကို လျှောက်ထားကြသောအခါ ဘုရားသျှင်က ထိုမိန်းမ၏ အတိတ်က ပြုခဲ့သော အမှု(ကံ)ကို ပြန်လည် ဟောကြားတော်မူ၏။

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ မိန်းမတယောက်သည် ရေခပ် ဆန်ဖွတ် ထမင်းချက် စသော အလုံးစုံသော ကိစ္စများကို ပြုလုပ်စဉ် အိမ်၌ မွေးထားသော ခွေးသည် ထိုမိန်းမ၏ အနီး၌သာ နေလျက် ကြည့်ရှုနေလေ ရှိ၏၊ လင်ယောကျ်ားလယ်ထွန်ရာသို့ ထမင်းပို့သွားစဉ်၌ငင်း, ဟင်းရွက်ခူး ထင်းခွေ စသည် သွားရာ၌ငင်း ထိုခွေးသည် ငင်းမိန်းမ နောက်သို့ တကောက်ကောက် အမြဲတမ်း လိုက်ပါလေ ရှိ၏။

ထိုအခါ ကလေးသူငယ်တို့က ထိုမိန်းမကို "အိုခွေးမုဆိုး-ဘယ်သွားမည်နည်း၊ ယနေ့ မုဆိုးအပြန်တွင် ငါတို့ အသားဟင်း စားရတော့အံ့" ဟု ပြောင်လှောင်ကြကုန်၏၊ ထိုမိန်းမသည် ရှက်လွန်းသဖြင့် ခွေးကို ခဲ ဒုတ် စသည်တို့ဖြင့် မလိုက်အောင် ပုတ်ခတ်ပါသော်လည်း မရပေ၊ လိုက်မြဲ ပင် လိုက်နေ၏။

ထိုခွေးသည် ငင်းမိန်းမ၏ တတိယ ဘဝ၌ လင်ယောကျ်ား ဖြစ်ဘူးသည်တည်း၊ ထို့ကြောင့် ချစ်ခင်ခြင်း ကာမရာဂ သံယော

ဇဉ်ကို မဖြတ်နိုင်ရကား ဤသို့ တကောက်ကောက် လိုက်နေခြင်း ဖြစ်၏၊ အနမတဂ္ဂ သံသရာဝယ် လင်ဟူ၍ရင်း မယားဟူ၍ရင်း မဖြစ်ဘူးကြသောသူ မည်သည် မရှိ၊ သို့သော်လည်း နီးစပ်သော ဘဝ၌ လင် နှင့် မယား, သား နှင့် အမိ, သား နှင့် အဖ, မောင် နှမ, ညီ အစ်မ စသည် ရင်းရင်း နှီးနှီး ဖြစ်ခဲ့ဘူးကြသော သူတို့ကား လွန်ကဲသော ချစ်ခင်ခြင်း ရှိတတ်ကြသည်။

ထိုသို့ မိမိနောက်သို့ မလိုက်ရန် အမျိုးမျိုး ခြောက်လှန့် ရိုက်နှက်သော်လည်း မရခြင်းကြောင့် သည်းမခံနိုင်တော့ရကား နံက်စောစော လင်ယောကျ်ားထံ ယာဂု အပို့ သွားစဉ် ကြိုးတချောင်းကို ဝှက်ယူခဲ့၍ လင်ယောကျ်ား ယာဂု သောက်ပြီးသော အခါ အိုးလွတ်တလုံးကို ယူပြီး ရေဆိပ်သို့ သွား၏။ အိုးတွင် သဲများ အပြည့် ထည့်၍ ကြိုးဖြင့် ချည်နှောင်ပြီး မိမိ အနီး၌ ကြည့်နေသောခွေးကို ခေါ်၏၊ ခွေးသည် နေ့ရက်များစွာ မိမိကို ခြောက်လှန့် ရိုက်နှက်နေရာမှ ယခုကဲ့သို့ ကောင်းမွန်စွာ ခေါ်သောအခါ ရှင်လန်း ဝမ်းမြောက်လျက် အမြီးနှံ့ပြီး ထိုမိန်းမထံသို့ လာခဲ့၏၊ ခွေးလည်ပင်းကို ကြိုးဖြင့် မြဲစွာ ချည်နှောင်၍ အိုးနှင့် တကွ ရေထဲသို့ မျှောလိုက်လေ၏။ ခွေးသည် ရေ၌ ပင် သေလေ၏၊ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ ကြာမြင့်စွာ ဆင်းရဲဒုက္ခကို ခံရပြီးလျှင် ဝိပါက်ကြွင်း အနေဖြင့် ဘဝပေါင်း တရာသဲအိုးကို လည်ပင်း၌ ဆွဲ၍ ရေနစ်သတ်ခြင်းကို ခံရလေသတည်း။

## ဂူပေါက် အပိတ်ခံရသော ရဟန်း ( ၇ ) ပါး

[ ခမ္မပဒ-ဒု-၂၅၊ ၂၇ ]

ဘုရားသျှင်အား ဖူးမြော်ခြင်းငှာ လာကြသော ရဟန်း ( ၇ ) ပါးတို့သည် လမ်းခရီး တခုသော ကျောင်းတိုက်၌ ညနေချမ်း အခါ ဝင်၍ နားကြပြီးလျှင် အိပ်ရာ နေရာကို ခွင့်ပြုရန် လျှောက် ထားကြကုန်၏၊ ထိုကျောင်းတိုက်ဝယ် တခုသော လိုဏ်ဂူ၌ ညောင်စောင်း (၇)ခုတို့သည် အရံသင့်ရှိကြကုန်ကြ၍ ထိုလိုဏ်ဂူ၌ နေထိုင်ရန် ခွင့်ပြုကြကုန်၏၊ အာဂန္တုက ရဟန်းတို့သည် ထိုလိုဏ် ဂူသို့ ဝင်၍ ကျိန်းစက်တော်မူကြစဉ် ညအခါ၌ အိမ်တလုံးစာ မျှ ပမာဏ ရှိသော ကျောက်လုံး တလုံးသည် ထိုလိုဏ်ဂူပေါက်ကို ပိတ်လျက် တည်ရှိလေ၏။

ကျောင်းနေ အာဝါသိက ရဟန်း တို့သည် "အာဂန္တုက ရဟန်းတို့ကို ငါတို့ ဤလိုဏ်ဂူ၌ နေရာချထားမိကြကုန်၏၊ ဤ ကျောက်လုံးကြီးသည်လည်း လိုဏ်ဂူပေါက်ကို သာ၍ ပိတ်နေ၏၊ ငါတို့ ထိုကျောက်လုံးကို ဖယ်ရှားကြကုန်စို့" ဟု တိုင်ပင်ကြ ပြီးလျှင် အနီးအနား ( ၇ ) ရွာမှ ရှိသော လူတို့ကို ခေါ်ပြီးလျှင် ကြိုးစားအားထုတ်၍ ထိုကျောက်တုံးကို ဖယ်ရှားကြကုန်သော် လည်း လှုပ်ရုံမျှ ပင် မလှုပ်စေနိုင်၊ အတွင်းမှ အာဂန္တုက ရဟန်း တို့ကလည်း ကြိုးစား အားထုတ်၍ ဖယ်ရှားကြသည်သာတည်း၊ သို့သော် လှုပ်ရုံမျှ ပင် မတတ်နိုင်ကြကုန်။

( ၇ ) ရက် ကြာသောအခါ ကျောက်တုံး သည် အလို အ လျောက် လိမ့်၍ လိမ့်၍ ဖယ်ရှားသွားလေသည်၊ အာဂန္တုက

ရဟန်းတို့သည် အလွန် ဆာလောင်သော ဆင်းရဲဒုက္ခကို ခံစားကြရလေကုန်၏၊ ထိုကျောင်းတိုက်၌ နှစ်ရက် သုံးရက် နေထိုင်ကြပြီးလျှင် ဘုရားသျှင် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ ခရီးဆက်လက် ထွက်ခွာလာခဲ့ကြကုန်၏၊ ဘုရားသျှင်အား ဖူးမြော်ပြီးသော အခါ ထိုလိုဏ်ဂူပေါက် အပိတ်ခံရခြင်း အကြောင်းကို လျှောက်ထားကြလေသော် ၎င်းရဟန်းတို့၏ အတိတ်အကြောင်းကို ပြန်လည် ဟောကြားတော်မူ၏။

## ၎င်းတို့၏ အတိတ်အကြောင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နွားကျောင်းသားသူငယ်(၇)ယောက်တို့သည် တောအုပ် တခု၌(၇)ရက် တကြိမ်စီ တောအလှည့်ကျဖြင့် နွားကျောင်းနေကြကုန်၏၊ ထိုသို့ နွားကျောင်းနေကြစဉ် တနေ့သ၌ ဖွတ်ကြီး တကောင်ကို မြင်၍ ဝိုင်းဝန်း လိုက်ကြရာ ဖွတ်ကြီးသည် ပြေးသွား၍ တခုသော တောင်ပို့ထဲသို့ ဝင်သွားလေ၏၊ ထိုတောင်ပို့၌ ရှိသမျှအပေါက်တို့ကို ပိတ်ဆို့ကြပြီးလျှင် "ဒီကနေ့ ငါတို့အချိန်မရတော့၊ နက်ဖြန်မှလာ၍ ဖမ်းယူကြကုန်ကြကုန်အံ့" ဟု သဘောတူ တိုင်ပင်၍ နွားများကို ပြန်မောင်းကာ အိမ်သို့ ပြန်ကြလေကုန်၏။

ထိုနွားကျောင်းသား (၇)ယောက် တို့သည် မိမိတို့ ပိတ်ထားသော ဖွတ်ကို သတိမရကြတော့ဘဲ အလှည့်ကျရာ တော၌ နွားတို့ကို ထိန်းကျောင်းနေကြရာ (၇) ရက်စေ့မှ ထိုတောသို့ လာရောက် နွားကျောင်းကြကုန်၏၊ ထိုအခါမှ တောင်ပို့ကို မြင်၍

ဖွတ်ကို သတိရကြသောကြောင့် ငါတို့ လှောင်ပိတ်ထားခဲ့သော ဖွတ်သည် မည်သို့ ဖြစ်လေသနည်း ဟု ပြောဆိုကြပြီး အပေါက်တို့ကို ဖွင့်ကြလေကုန်၏၊ ဖွတ်သည်(၇)ရက် လုံးလုံး အစာမစားရသောကြောင့် အရိုး အရေမျှ ကျန်ရှိကာ တုန်တုန်လှုပ်လှုပ် ထွက်သာ၏။

ထိုအခြင်းအရာကို နွားကျောင်းသားတို့ မြင်ကြသောအခါ သနားကြင်နာစိတ် ဖြစ်လာကြပြီးလျှင် "ဤဖွတ်ကို မသတ်ကြပါနှင့်၊ (၇)ရက်အစာ ပြတ်၍ နေရရှာလေသည်"ဟု ပြောဆိုကြပြီးလျှင် ဖွတ်၏ ကျောကို လက်ဖြင့် ပွတ်သပ်ပေး၍ "ချမ်းချမ်းသာသာ သွားပေတော့"ဟု လွှတ်လိုက်ကြကုန်၏။

ထိုနွားကျောင်းသား (၇)ယောက်တို့သည် ထိုဖွတ်ကို မသတ်ကြခြင်းကြောင့် ဧရာ၌ ကျခံရခြင်း မရှိကြကုန်၊ ထို(၇)ယောက်တို့သည် တပေါင်းတည်း တပေါင်းတည်း အတူ ၁၄-ဘဝတိုင်တိုင် ၇-ရက်စီ အစာရေစာ ဝတ်ပြတ်၍ ဂူပေါက်ပိတ်ခြင်းကို ခံရကြကြောင်း ဟောကြားတော်မူလေသည်။

---

## သာမာဝတီမိဖုယားနှင့် တကွ မောင်မငါးရာတို့ မီးလောင် သေကြရခြင်း အကြောင်း

[ ဓမ္မပဒ-ဠ-ပ-အုပ်-၁၄၃ ]

သာမာဝတီမိဖုယားနှင့် တကွ မောင်းမငါးရာ အလောင်းတို့သည် တခုသောဘဝဝယ် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏

မိဖုယား နှင့် မောင်းမများ ဖြစ်ကြစဉ် မြစ်ထဲ၌ တနေ့လုံး ရေကစားပြီးနောက် ချမ်းအေးလှရကား မီးဖို၍ လှုံကြလေသည်၊ ထင်းများ အမြိုက်များ ကုန်သွားသောအခါမှ နီရေသေမာပတ်ဝင်စားနေတော်မူသော အသျှင်ပစ္စေကဗုဒ္ဓါကို မြင်ကြလေသော် သေလေပြီ ဟူသောအမှတ်ဖြင့် ရှင်ဘုရင်ကြီး မမြင်စေရန် (ဝါ) အပြစ်ဒဏ်မှ ကင်းလွတ်ကြစေရန် ဒုတိယအကြိမ် ထပ်မံ၍ မီးရှို့ကြပြန်လေသည်၊ (ပထမအကြိမ်၌ကား စေတနာ မပါ၍ အပြစ်မရှိပါလေ၊ ဒုတိယ အကြိမ်၌ကား မကောင်းသော စေတနာဖြင့် ထပ်မံ ရှို့ကြခြင်းကြောင့် အပြစ်ရှိလေသည်။)

ထိုမကောင်းမှုအကုသိုလ်ကြောင့်ငရဲ၌ နှစ်ပေါင်းများစွာ ခံကြရပြီးလျှင် ကံကြွင်း ကံကျန်အနေဖြင့် ဘဝပေါင်း တရာ တိတိ ဤသို့ မီးလောင်၍ သေကြေ ပျက်စီးကြရလေသည်။

---

## မိုးကြိုးပစ်ရာ ကျောက်ချပ်လှာ လည်ပင်းဖြတ်၍ သေရသော သိုးသတ္တဝါ

[ ဇာတက-ဋ္ဌ-ပ-အုပ်-၁၇၃၊ ၄ ]

ပုဏ္ဏားကြီး တယောက်သည် သေသူကို ရည်မှန်း၍ ကျွေးမွေးလိုသောကြောင့် သိုးတကောင် ယူဆောင်စေရာ ထိုသိုးက ပုဏ္ဏားကြီးအား သူလို ဒုက္ခများ မတွေ့ကြုံစေရန် ပြောပြလေသည်၊ ထိုအခါ ပုဏ္ဏားကြီးက ယုံကြည်၍ ထိုသိုးကို မသတ်ကြရန် တားမြစ်ပြီး အန္တရာယ်မတွေ့စေရန် အစောင့်များ ထည့်ပေး ထားလေ၊

သည်၊ ဟိုသို့ ပေးထားသော်လည်း သေနေ့စေ့ပြီ ဖြစ်သော ထိုသိုးသည် ကျောက်ဖျာတခု အောက်၌ အစာ စားနေစဉ် ကျောက်ဖျာကို မိုးကြိုးပစ်ချလေရာ ကျောက်ဖျာ ပဲ့ကျ၍ သိုးလည်ပင်းကို ဖြတ်ကာ အသက်ကုန်စေတော့သည်၊ ထိုသိုးသည် တခုသော ဘဝဝယ် အထက်ပါ ပုဏ္ဏားကြီးကဲ့သို့ ကျွေးမွေးလိုသောကြောင့် သိုးတကောင်ကို သတ်ခဲ့ဘူးလေသည်။

ထိုမကောင်းမှု ပါဏာတိပါတ အကုသိုလ်ကံကြောင့် ဘဝပေါင်း ငါးရာ တိုင်တိုင် လည်ပင်း ပြတ်၍ သေခဲ့ရလေသည်၊ ထိုဘဝကား နောက်ဆုံးဘဝတည်း။

**အမှာ။** ။အပုတ္တက သေဋ္ဌေး, အာဂန္တုက သေဋ္ဌေး တို့၌ သားသမီး မရခြင်း အကြောင်းကို စေတနာ သုံးတန် ချို့ယွင်းပြစ် အခဏ်း၌ ရေးခဲ့ပြီ။

---

## ဗောဓိမင်းသားတို့ ဇနီး မောင်နှံ သားသမီး မရခြင်း အကြောင်း

[ ဓမ္မပဒ-ဋ္ဌ-ဒု-အုပ်-၈၅၊ ၆ ]

လွန်လေပြီးသောအခါ များစွာသော လူတို့သည် စုပေါင်း၍ သင်္ဘောဖြင့် ကုန်ကူးသန်းရောင်းဝယ်ကြရန်အတွက် ပင်လယ်ခရီးဖြင့် ထွက်သွားကြကုန်၏၊ လေမုန်တိုင်း မိ၍ သင်္ဘောသည် ပျက်စီးလေ၏၊ လင်မယား နှစ်ယောက်တို့သည် ပျဉ်းပြားတချပ်ကို ရ၍ ကျွန်းငယ် တခုပေါ်သို့ ကူးခပ်တက်သွားနိုင်သဖြင့် အသက်ဘေး

မှ ချမ်းသာရာ ရကြကုန်၏၊ အခြား သတ္တဝါသားတို့ကား သေကြေ ပျက်စီးကုန်၍ ငါး လိပ် တို့၏ အစာ ဖြစ်ကြကုန်၏။

ထိုကျွန်းငယ်ပေါ်၌ များစွာသော ငှက်တို့သည် မျိုးတူရာတူရာ အစု အအုပ်ဖွဲ့၍ နေကြကုန်၏၊ ထိုလင်မယားတို့သည် အခြား စားသောက်ဘွယ်ကို မမြင်ကြကုန်၍ ဆာလောင်ခြင်းကို သည်းမခံနိုင်ကြရကား နှစ်ဦးသဘောတူ ငှက်ဥတို့ကို ဖုတ်၍ စားကြကုန်၏၊ ငှက်ငယ်တို့ကိုလည်း ဖမ်း၍ စားကြကုန်၏၊ အရှယ်သုံးပါးလုံး၌ ဤသို့ချည်းသာ စားသောက် နေထိုင်ခဲ့ကြကုန်၏၊ မိမိတို့ လက်ဖြင့် စိုက်ပျိုး လုပ်ကိုင် စားသောက်ရန် သတိမရကြ၊ မေ့လျော့၍ သာ နေခဲ့ကြကုန်၏။

အရွယ်သုံးပါးတွင် တပါးပါးသော အရွယ်၌ ထိုပါဏာတိပါတ အမှုမှ ရှောင်ကြဉ်၍ မိမိတို့ လက်ဖြင့် စိုက်ပျိုး လုပ်ကိုင် စားသောက်ခဲ့ကြပါလျှင် ထိုရှောင်ကြဉ်ခဲ့သော အရွယ်၌ သားသော်၎င်း သမီးသော်၎င်း ရနိုင်သေးရာ၏။

လင်မယား နှစ်ယောက်တို့တွင် တယောက်ယောက်က ထိုပါဏာတိပါတ အမှုကို ရှောင်ကြဉ်၍ ကောင်းမှုနှစ်စွာ အသက်မွေးခဲ့သော် ထိုသူကို အကြောင်းပြု၍ သားသော်၎င်း သမီးသော်၎င်း ရနိုင်သေး၏၊ ထိုလင်မယား နှစ်ယောက် တို့ကား ယခုအခါ အသင် မင်းသားတို့ ဇနီးမောင်နှံ ပေတည်း၊ အသင်တို့ ဇနီးမောင်နှံသည် အရွယ်သုံးပါးတွင် ဘယ်အရွယ်၌မျှ ပါဏာတိပါတ အမှုကို မရှောင်ခဲ့ကြ၊ ထို့ကြောင့် အဘယ်အရွယ်၌မျှ သားသမီး ရတော့မည် မဟုတ်၊ ဘဖန် လင်မယား

နှစ်ဦးတွင် တဦးဦးက ပါဏာတိပါတ အမှုကို ရှောင်ကြဉ်ခဲ့သော် ထိုသူကို အကြောင်းပြု၍ သားသမီး ရနိုင်သေးရာ၏၊ ယခု မူကား နှစ်ဦးလုံး သဘောတူ ပါဏာတိပါတ အမှုကို ပြုခဲ့ ကြသောကြောင့် မည်သူကိုမျှ အကြောင်းပြု၍ သားသမီး မရ နိုင်ရာ ဟု အကျယ်တဝင့် ဟောတော်မူလေသည်။

ထို့နောက် ဆက်လက်၍ တရားကို ဟောတော်မူရာ ဒေသနာ တော်၏ အဆုံး၌ ဇော်ဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

—

**ဃောသက သေဌေးအလောင်း ၇ - ကြိမ်တိုင်**
**စွန့်ပစ်ခံရခြင်း အကြောင်း**

[ ဓမ္မပဒ-ဋ္ဌ - ပ အုပ် ၁၀၈ ]

လွန်လေပြီးသောအခါ အလ္လကပ္ပတိုင်း၌ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်စဉ် (ဝါ) အဟိဝါတ ခေါ်သော ပုလိပ်ရောဂါ ကပ်ကြီး ဆိုက်ရောက်စဉ် ကောတုလဟိက မည်သော ယောကျ်ား တယောက်သည် ကာဠီ မည်သော မယားကို ခေါ်၍ ကာပိ မည်သော သားငယ်ကို ချီပိုးကာ ကောသမ္ဗီပြည်သို့ ထွက်ပြေး ကြလေ၏။

လမ်းခရီးတွင် စားနပ်ရိက္ခာကုန်၍ ဆာလောင်ခြင်း နှိပ်စက် သောအခါ သားငယ်ကို ချီပိုးရန် မတတ်နိုင်၊ ထိုအခါ လင်က မယားကို " ရှင်မ- ငါတို့ အသက် ရှင် နေသေး လျှင် သား သမီး

ကို ရလတံ့၊ ထို့ကြောင့် ဤသားငယ်ကို စွန့်ပစ်၍ သွားကြပါစို့ ” ဟုပြော၏၊ မယားက “မစွန့်ပစ်နိုင်ကြောင်း တယောက်တလှည့်စီ ယူဆောင်ကြမည် ဖြစ်ကြောင်း ” ပြော၍ တလှည့်စီ ယူဆောင်ခဲ့ကြပြန်၏။

ထိုသို့ သွားရင်း သွားရင်းနှင့် ရက် ကြာလေ ကြာလေ ဆာလောင်ခြင်း ပြင်းပြ၍ ဝေဒနာ ဖြစ်ပေါ်လာသော အခါ ဒုတိယ အကြိမ် စွန့်ပစ်ရန် ပြောပြန်၏၊ မယားက သဘောမတူ လင်အလှည့် ရောက်သောအခါ မယားကို ရှေ့မှ သွားစေ၍ လင်က နောက်က လိုက်ပြီးလျှင် အတန်ငယ် ဝေးသွားသော အခါ သားငယ်ကို လမ်းဘေး ခြုံထဲ၌ စွန့်ပစ်ထားခဲ့၏၊ မယားက နောက်သို့ ပြန်ကြည့်၍ သားငယ်ကို မမြင်သောအခါ မေး၏၊ ခြုံထဲ၌ စွန့်ပစ် ထားခဲ့ကြောင်း ပြောသော အခါ မယားက “ကျွန်မသားကို မဖျက်ဆီးပါလင့်၊ သားနှင့် ကင်း၍ ကျွန်မ အသက်မရှင်နိုင်ပါ၊ သားငယ်ကို ပြန်ယူပေးပါ ” ဟု ပြော၍ ရင်ဘတ်တီးကာ ငိုယိုတော့၏၊ ထိုအခါ လင်သည် သားငယ်ကို ပြန်ယူရန် ပြန်သွား၏၊ သားငယ်သည် ထိုခြုံပုတ်ထဲ၌ သေလေပြီ တကား။

ဤမကောင်းမှု အကုသိုလ်ကံကြောင့် (၇) ကြိမ် တိုင်တိုင် သေကြောင်းကြံခြင်းကို ခံရခြင်း ဖြစ်၏၊ (မကောင်းမှုမည်သည် အနည်းငယ်ကလေးမျှသာတည်းဟု မထီမဲ့မြင် မပြုအပ်ကြောင်း သတိပြုရှောင်ကြဉ်ရမည် ဟု မိန့်ဆိုထား၏။ )

ထိုလင်မယား နှစ်ယောက်တို့သည် ရွာ တရွာတွင် နွား ကျောင်းသား အိမ်သို့ ရောက်ကြ၏၊ ထိုနေ့၌ နွားကျောင်းသား သည် နို့ဃနာ ထမင်း ချက်၍ မင်္ဂလာပွဲ ( ထမင်းစားပွဲ ) ကျင်း ပသောနေ့နှင့် ကြုံကြိုက်၏၊ ထိုနွားကျောင်းသားအိမ်၌ နေ့စဉ် ပစ္စေကဗုဒ္ဓါ အသျှင်မြတ် တပါး ဆွမ်းဘုန်းပေး၏၊ ပစ္စေက ဗုဒ္ဓါ အသျှင်မြတ် နို့ဃနာဆွမ်း ဘုန်းပေးတော်မူပြီးနောက် ရောက်လာသော ဧည့်သည် လင်မယားတို့အား သနားကြင်နာ သော စိတ်ထားဖြင့် ထောပတ် များများ ထည့်၍ နို့ဃနာ ထမင်းကို ကျွေးမွေး၏၊ မယားက လင်ကို ငဲ့ညှာသော အနေဖြင့် အနည်းငယ် သာ စားသောက်၍ လင်ကို များများ စားစေ၏၊ ( ၇ ) ရက် ( ၈ ) ရက် ထမင်း မစားခဲ့ရသောကြောင့် ဆာ လောင်ခြင်း ပြင်းပြရကား အလွန်အကျွံ စားမိတော့၏။

ဧည့်သည် လင်မယားတို့ စားသောက်ပြီးမှ နွားကျောင်း သားသည် စားသောက်၏၊ ကောတုဟလိက မည်သော လင် ယောကျ်ားသည် အနီး၌ ထိုင်၍ ကြည့်နေစဉ် နွားကျောင်း သားသည် အောက်အင်ပျဉ်အခင်း၌ အိပ်နေသော ခွေးမအား နို့ဃနာထမင်းကို ကျွေးမွေး၏၊ ကောတုဟလိကသည် "ဤ ခွေးမသည် ဘုန်းကံ ကြီးမားပေစွ၊ အမြဲမပြတ် ဤသို့သော နို့ဃနာထမင်းကို စားရပေ၏" ဟု ကြံစည်နေမိ၏၊ ညအခါ ရောက်လာသော် အစာလွန်ပြီး ကြေကျက်ခြင်းငှာ မတတ်နိုင် ရကား ကောတုဟလိကလင်သည် သေလွန်ပြီး ထိုခွေးမ၏ ဝမ်း၌ ပဋိသန္ဓေ နေလေ၏။

မယား ကာဠီသည် လင်အလောင်းကို သင်္ဂြိုဟ်ပြီးလျှင် ထို နွားကျောင်းသား အိမ်၌ ပင် အခစား အဖြစ်ဖြင့် နေထိုင်၏၊ အခစား လုပ်၍ ရသော ဆန်ဖြင့် ကောင်းမှန်စွာ ချက်ပြုတ်၍ အသျှင်ပစ္စေကဗုဒ္ဓါအား ကပ်လှူပြီးလျှင် လင်အား အမျှ ပေးဝေ၏၊ ဤအိမ်၌ ဆက်လက် နေမှ သာ စွမ်းအားရှိသမျှ အသျှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းနိုင်မည်၊ မလှူနိုင်သည် တိုင်အောင် နေ့စဉ် ဖူးတွေ့ရခြင်း ဝေယျာဝစ္စကို ပြုရခြင်း စသည်ဖြင့် စိတ်ကြည်လင်ကာ ကောင်းမှုများ တိုးပွားပေတော့ မည်ဟု ကြံစည်၍ ထိုအိမ်၌ ပင် အခစား အဖြစ်ဖြင့် အသက် ထက်ဆုံး နေထိုင်သွား၏၊ ( ဤကောင်းမှုကြောင့် ငါတို့ ဘုရား လက်ထက်တော် အခါတွင် သူဌေးသမီး ဖြစ်လာသည်၊ နောင် အခါ ဃောသက သတို့သားနှင့် အိမ်ထောင်ကျ၍ သူဌေးကြီး ကတော် ဖြစ်ပြီးလျှင် ဃောသိတာရုံကျောင်းအမကြီးလည်း ဖြစ်လာ၍ လင်မယား ၂-ဦးလုံး သောတာပန် ဖြစ်သွားကြ လေသည်။ )

နွားကျောင်းသားသည် မွေးဖွားလာသော ခွေးငယ်ကလေးကို နွားနို့ရည် တိုက်ပေးရာ ကြာမီ ဝဝဖြိုးဖြိုး ဖြစ်လာ၏၊ ပစ္စေက ဗုဒ္ဓါ အသျှင်မြတ်ကလည်း ဆွမ်းစား ပြီးတိုင်း ငြီးတိုင်း ထိုခွေး ငယ်ကို ကျွေးမွေး၏၊ ထိုသို့ ကျွေးမွေးခြင်းကြောင့် ပစ္စေက ဗုဒ္ဓါ **အသျှင်မြတ်**၌လည်း ချစ်ခင် မြတ်နိုးလာ၏၊ နွားကျောင်း သားသည် အမြဲမပြတ် နေ့စဉ် တနေ့ နှင်ကြိမ် ဆည်းကပ် ခစားရန် ပစ္စေက ဗုဒ္ဓါအသျှင်မြတ်ထံသို့ သွားလေ့ ရှိ၏။

ထိုသို့ သွားသောအခါ ခွေးငယ်သည် နွားကျောင်းသားနှင့် အတူ လိုက်ပါတတ်၏၊ နွားကျောင်းသားသည် လမ်းခရီး အကြား၌ သစ် ကျား စသည်တို့ အောင်းနေတတ်သော ခြုံတို့ ၌၎င်း မြေ၌၎င်း ဒုတ်ဖြင့် ပုတ်ခတ်၍ ခြောက်လှန့်ပြီး ထိုသားရဲ တိရစ္ဆာန်တို့ကို ပြေးစေ၏၊ အသျှင်ပစ္စေက ဗုဒ္ဓါကိုလည်း ဤသို့ လျှောက်ထား၏၊ "အသျှင်မြတ်ဘုရား ရံဖန်ရံခါ အခွင့်မသာ မအားလပ်ပါလျှင် ဤခွေးကို ပင် စေလွှတ်ပါမည်၊ ဤခွေး လာသောအခါ ပင့်လျှောက်၏ ဟူသော အမှတ်ဖြင့် တပည့် တော်အိမ်သို့ ကြွတော်မူပါဘုရား" ဟု လျှောက်ထား၏။

နံနက်ခင်းအခါ၌ နွားကျောင်းသား မအားလပ်သော် ထို ခွေးကို ပင် "ချစ်သား - ငါတို့အသျှင်ကို သွားပင့်ပါချေ" ဟု စေခိုင်းလိုက်၏၊ ခွေးသည် တခွန်းတည်းသော စကားဖြင့် သာ လျှင် ပြေးသွား၍ သူ့သခင် ခြောက်လှန့်ဘူးသည့်အတိုင်း ခြုံ ပုတ် တောစပ် စသော နေရာများ၌ သုံးကြိမ် တိုင်တိုင် ဟောင်၍ သားရဲတိရစ္ဆာန်တို့ကို ပြေးစေပြီးလျှင် သစ်ရွက်မိုး ကျောင်း တံခါးဝ၌ ရပ်လျက် သုံးကြိမ် ဟောင်သံပေး၏၊ မိမိ ရောက် လာသည် အဖြစ်ကို ဟောင်သံပေ၍ သိစေပြီး အသျှင်ပစ္စေက ဗုဒ္ဓါ မကြွသေးသော် သင့်လျော်ရာ အရပ်၌ အိပ်စောင့်နေ၏။

အချိန်ကာလ သင့်၍ အသျှင်ပစ္စေက ဗုဒ္ဓါ ကြွသွားတော်မူ သောအခါ ဟောင်သံပေးလျက် ပေးလျက် ရှေ့မှ သွား၏၊ လမ်းခရီး အကြား အကြား၌ အသျှင်ပစ္စေက ဗုဒ္ဓါသည် ခွေးကို စုံစမ်းအံ့သော၄ှာ သွားနေကျ မဟုတ်သော လမ်းသို့ ကြွသွား၏၊

ထိုအခါ ခွေးသည် ရှေ့မှ ကန့်လန့်ဖြတ် ရပ်ပြီးလျှင် ဟောင်သံ ပေး၍ သွားနေကျလမ်းသို့ ရောက်အောင် ရှေ့ဆောင်၍ သွားပြ၏၊ တဖန် နောက်တနေ့၌လည်း နည်းတူ စုံစမ်းပြန်သော် အထက်ပါ အတိုင်း သွားနေကျလမ်းသို့ ရောက်အောင် ဟောင်သံ ပေး၍ ရှေ့မှ သွားပြသော်လည်း အသျှင်ပစ္စေက ဗုဒ္ဓါသည် မလိုက်၊ နောက်တဖန် ခွေး အနားကပ်လာသောအခါ ခြေထောက်ဖြင့် ကန်လိုက်၏၊ ခွေးသည် အခြားသို့ မသွားဘဲ အသျှင်ပစ္စေက ဗုဒ္ဓါ၏ သင်္ကန်းစကို ကိုက်ဆွဲ၍ သွားနေကျလမ်းသို့ ရောက်အောင် ရှေ့ဆောင် ခေါ်သွား၏၊ ဤမျှ အထိ ခွေးသည် အသျှင် ပစ္စေက ဗုဒ္ဓါအပေါ်၌ ချစ်ခင် တွယ်တာ၏။

အသျှင်ပစ္စေကဗုဒ္ဓါ သင်္ကန်း နွမ်းပါးသောကြောင့် နွားကျောင်းသားသည် သင်္ကန်းအသစ် ချုပ်ရန် ပိတ်စကို လှူဒါန်း၏၊ ထိုအခါ အသျှင် ပစ္စေကဗုဒ္ဓါက "ဒကာ - သင်္ကန်းချုပ်ရာ ဆိုးရာ၌ တပါးတည်း လုပ်ဘို့ရာ မလွယ်ကူ ချမ်းသာရာ အရပ်သို့ သွား၍ ပြုလုပ်ပါအံ့" ဟု ပြောဆို၏၊ "ဤအရပ်၌ပင် ပြုလုပ် ဆောင်ရွက်တော်မူပါဘုရား" ဟု နွားကျောင်းသားက ထပ်မံ လျှောက်ထားသောအခါ "မလွယ်ဘူး ဒကာ" ဟု အသျှင် ပစ္စေကဗုဒ္ဓါက အမိန့်ရှိ၏၊ သို့ဖြင့်လျှင် "ကြာကြာမနေပါနှင့်၊ ကိစ္စပြီးလျှင် အမြန် ပြန်ကြွတော်မူခဲ့ပါဘုရား" ဟု လျှောက် ထားလိုက်၏။

ဆွမ်းစားပြီး၍ အသျှင်ပစ္စေက ဗုဒ္ဓါ ကြွသွားတော်မူသော အခါ နွားကျောင်းသားသည် အတန်ငယ် လိုက်ပို့ရာ " နေရစ်

တော့ဒကာ” ဟု အမိန့်ရှိပြီး ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန တောင်သို့ ရှေးရှု သွားတော်မူ၏၊ ခွေးသည် ပစ္စေက ဗုဒ္ဓါ အသျှင်မြတ်နှင့် သူ့သခင် နွားကျောင်းသားတို့ အပြန်အလှန် ပြောဆိုကြသော စကားသံကို ကြားစက ပင် စိတ်မချမ်းမသာ ဖြစ်ခဲ့၏၊ အသျှင် ပစ္စေကဗုဒ္ဓါ ကောင်းကင်းသို့ ပျံတက်သွား သောအခါ ဟောင်၍ ဟောင်၍ အတန်ငယ် မြေပြင်မှ လိုက် သေး၏၊ မျက်စိဖြင့် မမြင်ရသော အခါ နှလုံးကွဲ၍ သေဆုံး လေတော့၏။

တိရစ္ဆာန်တို့မည်သည် ကိုယ် နှုတ် စိတ် အမူအရာတို့ ဖြောင့် စင်းကုန်၏၊ ကောက်ကျစ် စဉ်းလဲခြင်း မရှိကြကုန်၊ လူတို့ကား စိတ်တွင်းက တမျိုး ကိုယ်နှုတ် အမူအရာက တမျိုး ပြုလုပ်တတ် ကြ၍ မဖြောင့်စင်းကုန်၊ ကောက်ကျစ် စဉ်းလဲတတ်ကြကုန်၏။

ထိုခွေးသည် သေလွန်၍ တာဝတိံသာနတ်ပြည်၌ နတ်သမီး တထောင် ခြံရံလျက် ကြီးကျယ်သော စည်းစိမ်ကို ရပြီးလျှင် နတ်သား ဖြစ်လေ၏၊ နားရင်း၌ ကပ်၍ တိုးတိုးပြောသော စကား သံသည် ပင်လျှင် ၁၆ - ယူဇနာက ကြားနိုင်၏၊ ပကတိ အသံ ဖြင့် စကားပြောသော် ယူဇနာ တသောင်း ကျယ်သော တာဝတိံ သာနတ်ပြည် တပြည်လုံး ဖုံးလွှမ်းသွား၏၊ ထို့ကြောင့် ထိုနတ် သားကို ဃောသကနတ်သား ဟူ၍ ခေါ်ဝေါ်ကြ၏၊ အသျှင် ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်သော အားဖြင့် ဟောင်သံ ပေး၍ ပင့် ဘိတ်ခဲ့ခြင်း, လမ်းမှန်ရောက်အောင် ရှေ့ဆောင်ခေါ်သွားခြင်း

စသော ကောင်းမှုများကြောင့် ဤစည်းစိမ်ကို ရခြင်း, အသံ လွန်စွာ ကျယ်လောင်ခြင်း ကောင်းကျိုးများကို ရခြင်း ဖြစ်၏။

ထို့သော် တာဝတိံသာ နတ်ပြည်၌ သက်တန်းစေ့အောင် မနေရချေ၊ ကာမဂုဏ် ခံစားမှု လွန်ကဲ၍ အစာ စားချိန်၌ အစာမစားမိဘဲ မေ့လျော့ သောကြောင့် သေလွန်ခဲ့ရလေ သည်၊ နတ်တို့ သေလွန်ခြင်း ၄ -မျိုးရှိ၏။

၁ - အသက်တန်း စေ့သောကြောင့်ရင်း,

၂ - ကောင်းမှုကံ အရှိန် ကုန်သောကြောင့်ရင်း,

၃ း အစာ စားချိန်၌ မစားမိခဲ့သောကြောင့်ရင်း,

၄ - အမျက်ဒေါသ ကြောင့်ရင်း၊ သေလွန် တတ်ကြလေ သည်။

ဃောသကနတ်သားသည် တာဝတိံသာ နတ်ပြည်မှ သေ လွန်ခဲ့၍ ကောသမ္ဗီပြည်၌ နေသော ပြည့်တန်ဆာမ ဝမ်း၌ ပဋိ သန္ဓေ တည်လာ၏၊ မွေးဖွားလာသောအခါ ပြည့်တန်ဆာမတို့ ထုံးစံအတိုင်း သမီးကို သာ မွေးမြူ၏၊ သားကိုမူ စွန့်ပစ်တတ်ကြ လေသည်။

မိခင် ပြည့်တန်ဆာမက တကြိမ်- ကောသမ္ဗီ သူဌေးကြီးက ၆ -ကြိမ် ပေါင်း ၇ -ကြိမ် တိတိ သေကြောင်း ကြံစည် ပြုလုပ် ခဲ့ကြသော်လည်း ခွေးဘဝတွင် အသျှင် ပစ္စေက ဗုဒ္ဓါအား ဘေး ရန် မရှိစေရန် ခြုံပုတ် တောစပ် စသည်တို့၌ ဟောင်သံ ပေး၍ သားရဲတိရစ္ဆာန်တို့ကို ပြေးစေခဲ့ခြင်း, ဟောင်သံပေး၍ ဆွမ်းစား

ပင့်ခဲ့ခြင်း, အသျှင် ပစ္စေက ဗုဒ္ဓါ၌ ချစ်ခင် မြတ်နိုးခဲ့ခြင်း (ဝါ) ကြည်ညိုခဲ့ခြင်း ဤကောင်းမှုများကြောင့် တစုံတခုသော ဘေးရန်မျှ မတွေ့ရဘဲ ချမ်းသာစွာ ကြီးပြင်း၍ သူဌေးကြီး ရာထူးကို ရလေသည်။ ( သူတော်ကောင်းနှင့် တွေ့ဆုံရခြင်းကား ခွေးသည် ပင် ကောင်းကျိုး များလှချေသည်တကား။)

---

## ဗိမ္ဗိသာရမင်းကြီး ခြေထောက်ကို ခွဲခံရခြင်း အကြောင်း

[ ဒီဃ-၁-ဋ္ဌ-၁၂၆ ]

ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဉပါဟနော အဂမာသိ၊ နိသဇ္ဇနတ္ထာယ ပညတ္တကဋသာရကဉ္စ အဓောတေဟိ ပါဒေဟိ အက္ကမိ၊ တဿာယံ နိဿန္ဒောတိ ဝဒန္တိ။

ရာဇာ၊ ဗိမ္ဗိသာရမင်းကြီးသည်။ ပုဗ္ဗေ၊ ရှေးအခါက။ စေတိယင်္ဂဏေ၊ စေတီယင်ပြင်တော်၌။ သဉပါဟနော၊ ဘိနပ်စီးလျက်။ အဂမာသိ၊ သွားဘူးပြီ။ စ၊ တနည်းသော်ကား၊ နိသဇ္ဇနတ္ထာယ၊ သံဃာတော်များနေထိုင်ရန်အလို့ငှာ။ ပညတ္တကဋသာရကံ၊ ခင်းထားအပ်သော သပေါ့ဖျာကို။ (ဝါ) သင်ဖြူးဖျာကို။ အဓောတေဟိ ပါဒေဟိ၊ မဆေးသော ခြေတို့ဖြင့်။ (ဝါ) ခြေမဆေးဘဲ။ အက္ကမိ၊ နင်းဘူးပြီ။ အယံ၊ ဤခါးဖြင့် ခြေထောက်ကို အခွဲခံရခြင်းသည်။ တဿ၊ ထိုဆိုခဲ့ပြီးသော စေတီတော်ရင်ပြင်၌ ဘိနပ်စီးခဲ့ခြင်း, သံဃာတော်များ နေထိုင်ရန် ခင်းထားသော သင်ဖြူး

ဖျာပေါ်၌ ခြေမဆေးဘဲ နင်းခဲ့ခြင်း၏။ နိဿန္ဒေ၊ အကျိုးဆက်ပေတည်း။ ဣတိ၊ ဤသို့။ ( ပေါရာဏာ၊ ရှေးဆရာတို့သည်။ ) ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။

---

## စက္ခုပါလ မထေရ် မျက်စိကွယ်ရခြင်း အကြောင်း

[ ဓမ္မပဒ-ဋ္ဌ-ပ-အုပ်-၁၃၊ ၁၄ ]

ငင်းမထေရ်အလောင်းသည် တခုသော ဘဝတွင် ဆေးဆရာအဖြစ်ဖြင့် အသက်မွေးမြူရာ မျက်စိ ကွယ်နေသော အမျိုးသမီးတယောက်ကို ဆေးကု၏၊ မျက်စိ အလင်းပြန်ရသော်လည်း မူလဝန်ခံချက် အတိုင်း ကျွန်ပြု လုပ်၍ နေရမည်ကို ကြောက်လန့်သောကြောင့် မမြင်ရသေးကြောင်း လိမ်လည် ပြောဆိုသဖြင့် မျက်စိ ကွယ်အောင် တဖန် ပြန်၍ ပြုလုပ်ခဲ့ဘူးလေသည်၊ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် အပါယ်လေးပါး၌ ဆင်းရဲဒုက္ခများကို ကြိမ်ဖန် များစွာ ခံစားခဲ့ရပြီးလျှင် နောက်ဆုံးဘဝတွင် ဤသို့ မျက်စိကွယ်ရခြင်း ဖြစ်လေသည်။

---

## ဒုကူလ နှင့် ပါရိကာ ရသေ့ နှစ်ဦးတို့ မျက်စိကွယ်ရခြင်း အကြောင်း

[ ဇာတက-ဋ္ဌ-ဆ-အုပ်-၉၂ ]

အလောင်းတော် သုဝဏ္ဏသာမ သတို့သား၏ ဖခင် မိခင် နှစ်ပါးဖြစ်သော ဒုကူလ နှင့် ပါရိကာ ရသေ့ နှစ်ဦးတို့တွင် ဘခင်

ဖြစ်သော ဒုက္ကုသအလောင်းသည် တခုသော ဘဝတွင် ဆေးဆရာ အဖြစ်ဖြင့် အသက်မွေး၏၊ တနေ့သ၌ သေဌေး တဦး၏ မျက်စိရောဂါကို ပျောက်ကင်းအောင် ကုသပေး၏၊ ထိုသေဌေးသည် ဆေးဘိုးကို လုံးဝ မပေးဘဲ နေလေသော် ဆေးဆရာသည် စိတ်ဆိုး၍ မယားနှင့် တိုင်ပင်လေရာ နှစ်ဦးသဘောတူ ထိုသေဌေးအား တဖန် မျက်စိကန်းစေတတ်သော ဆေးကို ပေးခဲ့လေသည်၊ ထိုဆေးကို အသုံးပြုခြင်းကြောင့် သေဌေး၌ မျက်စိ ကွယ်ပြန်လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် နှစ်ဦးလုံး ဤသို့ မျက်စိကွယ်ရခြင်း ဒုက္ခကို ခံစားကြရလေသည်။

---

## မောသရာဇ မထေရ်အလောင်း လူစင်မမှီခြင်း, အနာကြီးရောဂါ စွဲကပ်ခြင်းအကြောင်း

[ အပဒါန-ပါ-ဒု-အုပ်-၁၃၉ ]

ငါတို့ဘုရားသျှင် လက်ထက်တော်တွင် ၎င်း မောဃရာဇ မထေရ်မှာ လူခစီဝရဓာရဏ အရာ၌ တေဒဂ်ရသော မဟာသာဝကတည်း၊ ( ခေါင်းပါးသော သင်္ကန်းကို ဝတ်ရုံရာ၌ အမြတ်ဆုံး ပုဂ္ဂိုလ် ) ၎င်းဘဝမတိုင်မီ ရှေးရှေးသော အတိတ်ဘဝများက လူစင်မမှီသော ဘဝပေါင်း ငါးရာ- အနာကြီး ရောဂါ စွဲကပ်သော ဘဝပေါင်း ငါးရာဘိတိစိ ခံစားခဲ့ရကြောင်း ကိုယ်ဘိုင် ပြန်ဟောထားတော်မူသည်။

ထိုသို့ ဖြစ်ရခြင်း အကြောင်းကား တခုသော ဘဝတွင် ခိုကပ်စရာ မရှိလောက်အောင် ဆင်းရဲလှသောကြောင့် သံဃိက ဆွမ်းစားကျောင်းတွင် မှီခိုနေရလေသည်၊ ထိုသို့ နေစဉ် ထိုဆွမ်းစားကျောင်း အတွင်း၌ မီးမွေးခဲ့ရာ ကျပ်ခိုးများ စွဲကပ် ညစ်ပေစေခဲ့လေသည်။

ထိုသို့ သံဃိက ဆွမ်းစားကျောင်းကို ညစ်ပေစေခဲ့သော မကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲ အဖုံဖုံကို ခံစားခဲ့ရပြီးလျှင် အထက်ပါအတိုင်း ဘဝပေါင်း တထောင်တိတိ ရောဂါဝေဒနာကို ခံစားရပြန်လေသည်။

**အမှာ။** ။သံဃိက ကျောင်း ဇရပ် စသည်တို့၌ နေထိုင်သော လူတို့ အလွန် သတိပြုဘွယ် မှတ်သားဘွယ် ရှောင်ကြဉ်ဘွယ်ကောင်းလှပေသည်၊ ဘုရားတန်ဆောင်း ဂူ ကျောင်း စသည်တို့၌ ညစ်ပေအောင် ပြုလုပ်တတ်သူတို့လည်း နည်းတူ ခံစားရတတ်ကြောင်း သတိပြု၍ ရှောင်ကြဉ်နိုင်ကြပါစေ။

---

## သုပ္ပဗုဒ္ဓ ( ဥပသကာ ) လူနူ
## အနာကြီးရောဂါ စွဲကပ်ရခြင်း အကြောင်း

[ ဓမ္မပဒ-ဋ္ဌ-ပ-အုပ်-၃၀၃ ]

ငင်းသုပ္ပဗုဒ္ဓ လူနူကြီးသည် သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်၏၊ နူရခြင်း အကြောင်းကား တခုသော ဘဝတွင် အမျိုးသား

ဘယောက်သည် တဂရသိခိ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါ အသျှင်မြတ် သက်န်းရုံ၍ ဆွမ်းခံ ကြွလာသည်ကို မြင်သော် လူမြင်မကောင်းသော အနာကြီးရောဂါ စွဲကပ်နေ၍ သာ ဤသို့ အဝတ်မဲကြီးကို တကိုယ်လုံး လွှမ်းခြုံလာသည် ဟု ပြောဆို ကဲ့ရဲ့ပြီးလျှင် စက်ဆုတ်ရွံရှာဘွယ် ကောင်းလေစွ ဟု မြည်တမ်းကာ တံတွေး ထွေးခဲ့ဘူးလေသည်၊ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲ ဒုက္ခကို အမျိုးမျိုး ခံစားရပြီးလျှင် ငါတို့ဘုရားသျှင် လက်ထက်တော်တွင် သူတောင်းစား လူနူ ဘဝ ရောက်ရလေသည်။

ဥဒါန-ပါ-၁၃၄၊ ဋ္ဌ-၂၅၃-၌လည်း ပါရှိ၏။

ရန်သူ ဘီလူးမသည် နွားမယောင် ဆောင်၍ ဝှေ့ခြင်းကြောင့် သေကြရသော အမျိုးသား ၄-ယောက်တွင် ဤသုပ္ပဗုဒ္ဓ လူနူလည်း တယောက် အပါအဝင် ဖြစ်လေသည်။

---

**သမိတိဂုတ္တမထေရ် (အနာကြီးရောဂါ စွဲကပ်ရခြင်း အကြောင်း)**

[ ထေရ-ဋ္ဌ-ပ-အုပ်-၂၂၁ ]

ၐင်းမထေရ် အလောင်းသည် တခုသော ဘဝ၌ ဆွမ်းခံကြွသာသော ပစ္စေကဗုဒ္ဓါ အသျှင်မြတ် တပါးကို "ဤဦးပြည်းရဟန်းသည် အနာကြီး ရောဂါ စွဲကပ်နေသောကြောင့် သာ တကိုယ်လုံး အဝတ်မဲကြီးကို လွှမ်းခြုံထားရဟန် တူသည်" ဟု ကဲ့ရဲ့ပြီးလျှင် စက်ဆုတ် ရွံရှာခြင်းဖြင့် တံတွေး ထွေးခဲ့ဘူးလေသည်။

တဖန် ကဿပ ဘုရားသျှင် သာသနာတော်၌ အကျင့်သီလနှင့် ပြည့်စုံသော ဥပသကာ တယောက်ကို "အနာကြီး ရောဂါ စွဲကပ်ပါစေ" ဟု ဆဲရေးခဲ့ဘူးသည်၊ တဖန် ရေချိုးဆိပ်၌ လူတို့ထားသော ရေချိုးဆပ်ပြာ အဝတ်လျှော် ဆပ်ပြာတို့ကိုလည်း ဖျက်ဆီးခဲ့ဘူး၏၊ ဤမကောင်းမှု အကုသိုလ်များကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ဆင်းရဲဒုက္ခ အဖုံဖုံကို တွေ့ကြုံ ခံစားခဲ့ရပြီးလျှင် ငါတို့ ဘုရားသျှင် လက်ထက် သာဝတ္ထိပြည်၌ ပုဏ္ဏား တယောက်၏ သား ဖြစ်လာသည်၊ သာသနာတော်၌ ဝင်ရောက် အမှုထမ်းကာ သီလဝန္တပုဂ္ဂိုလ် အဖြစ်နှင့် နေထိုင်စဉ် တနေ့သ၌ ပြုခဲ့သော ရှေးကံဟောင်းတို့ အကျိုးပေးချိန်တန်လာသောအခါ နူနာရောဂါ စွဲကပ်၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ပြတ်၍ ကွဲ၍ ကျလေတော့သည်။

သူနာထားရာ ဇရပ်၌ လည်း လျောင်းနေ ရ စဉ် လူနာမေးသော မထေရ်များ၏ဩဝါဒစကားကို နာယူ၍ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လေရာ ဆဋ္ဌာဘိညာ ရဟန္တာ ဖြစ်သွားလေသည်။

**သတိပြုရန်။** ။တစုံတခု ရောဂါဝေဒနာ ကပ်ရောက်လာခဲ့သော် အခြားသူများ အပေါ်၌ စိတ်မကျေနပ်ခြင်း, ရောဂါ ခံစားရသည်ကို စိတ်ဆင်းရဲခြင်း ( ဒေါမနဿ ) စသော အကုသိုလ်တရားများ နောက်တပ် မဖြစ်စေဘဲ ထိုခံစားနေရသော ဒုက္ခဝေဒနာကို အာရုံပြု၍ "ဒုက္ခ-ဒုက္ခ" ဟူ၍၎င်း, "ဆင်းရဲ၏-ဆင်းရဲ၏" ဟူ၍၎င်း, နှလုံးသွင်း

အားထုတ်နေပါလျှင် အရှုံးထဲမှ အမြတ် ပေါ်လာပေမည်၊ ထိုဒုက္ခဝေဒနာ ပျောက်ကင်း၍သော်လည်း သွားတတ်သည်၊ ထိုဝေဒနာဖြင့် သေလွန်ရသော်လည်း ဒုဂ္ဂတိဘုံဘဝသို့ မရောက်ရဘဲ ကောင်း သုဂတိဘဝသို့သော်၎င်း အဆုံးစွန် နိဗ္ဗာန်သို့သော်၎င်း ရောက်ရပေမည်။

[ သတိရှိကြပါစေ ]

—

## ရောဟိနီ မင်းသမီးဝတ္ထု

## နူနာရောဂါ စွဲကပ်ခြင်း အကြောင်း

[ ဓမ္မပဒ ဒု —၁၉၂ ]

ကပိလဝတ်ပြည် မဟာနာမ်မင်းကြီး၏ ညီတော် အနုရုဒ္ဓါ မထေရ်မြတ်သည် တခါတပါး၌ ရဟန်း ငါးရာ ခြံရံလျက် ကပိလဝတ်ပြည်သို့ ရောက်လေသော် ဆွေတော် မျိုးတော်တို့သည် လာရောက် ဖူးမြော်ကြကုန်၏၊ နှမတော်ရင်း ရောဟိနီ မင်းသမီးကား မထေရ်မြတ်ထံသို့ မလာရောက်လေ၊ မထေရ်မြတ်က ‘ရောဟိနီ ဘယ်မှာနည်း’ ဟု မေးသော အခါ ‘စံအိမ်တော်၌ ရှိပါကြောင်း, လျှောက်ထားကြလေသော် ‘အဘယ့်ကြောင့် မလာရောက်သနည်း’ ဟု ဆက်မေးရာ ‘အရေပြားရောဂါ ( နူနာရောဂါ ) စွဲကပ်နေ၍ ရှက်သောကြောင့် မလာရောက်ကြောင်း’ ဖြေကြားကြကုန်၏။

အသျှင်အနုရုဒ္ဓါ မထေရ်မြတ်သည် နှမတော် ရောဟိနီကို ခေါ်စေ၍ ရောက်လာသော အခါ 'နှမတော် တစုံတခုသော ကုသိုလ်ကောင်းမှုကို ပြုခြင်းငှာ မသင့်သလော' ဟု အမိန့်ရှိသော် 'အဘယ်ကောင်းမှုကို ပြုရပါအံ့နည်း' ဟု ပြန်လျှောက်ထား၏၊ 'သင်၏ လက်ဝတ်တန်ဆာ စသည်တို့ကို ရောင်းချ၍ ဆွမ်းစားဇရပ် ဆောက်ပါ' ဟု တိုက်တွန်းပြီးလျှင် အနီးအနား၌ ရှိနေကြသော ဆွေမျိုးတို့အား 'သင်တို့က ကြီးကြပ် လုပ်ကိုင်ပေးကြပါ၊ ငါကိုယ်တိုင်လည်း ဤနိဂြောဓာရုံကျောင်း၌ ပင် သီတင်းသုံးနေပါဦးမည်' ဟု မိန့်တော်မူ၏။

မထေရ်မြတ် တိုက်တွန်းချက် အတိုင်း လက်ဝတ်တန်ဆာ စသည်တို့ကို ရောင်းချပေး၍ သစ်များ စုဆောင်းကာ ဘုံနှစ်ဆင့် ရှိသော ဆွမ်းစားဇရပ်ကို ဆောက်လုပ်ပေးကြကုန်၏၊ အပေါ်မှ ပျဉ်ချပ်များ မိုးပြီးသည်မှ စ၍ အောက်၌ အမြဲတမ်း တမြက်လှည်းခိုင်း၏၊ နေရာခင်းခိုင်း၏၊ သုံးရေ သောက်ရေများကို အမြဲ တည်ထားစေ၏၊ ရောဟိနီ မင်းသမီးသည် မောင်တော် အသျှင်အနုရုဒ္ဓါ မထေရ်မြတ် ခိုင်းသမျှ ကိုယ်တိုင် လုပ်ကိုင်၏၊ ဆွမ်းစားကျောင်း၌ ကိုယ်တိုင် တမြက်လှည်းသည့်နေ့မှ စ၍ ရောဂါ သက်သာလာ၏။

ဆွမ်းစားဇရပ် ဆောက်၍ အားလုံး ပြီးစီးသော အခါ ဘာမျှ လိုသေးသည် ဟူ၍ မရှိရအောင် ပြုလုပ် လှူဒါန်းပြီးလျှင် ဘုရား အမှူးရှိသော သံဃာတော်များကို ပင့်ဘိတ်၍ ဆွမ်းစားဇရပ်ကို ပြည့်စေကာ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့

ကို ကပ်လှူ၏၊ ဆွမ်းဘုန်းပေးပြီးသော အခါ ဘုရားရှင်က 'ဤဆွမ်းစားဇရပ်သည် မည်သူ၏ ကောင်းမှုနည်း' ဟု မေးတော်မူရာ 'နှမတော် ရောဟိနီ၏ ကောင်းမှု ဖြစ်ကြောင်း' အနုရုဒ္ဓါ မထေရ်မြတ်က လျှောက်ထားလေသည်၊ 'ရောဟိနီ ဘယ်မှာနည်း' ဟု မေးပြန်သော အခါ 'စံအိမ်၌ ရှိကြောင်း' လျှောက်ထားလေသော် 'သွားခေါ်ချေ' ဟု စေခိုင်းတော်မူ၏၊ သွားခေါ်သူက 'ရှက်သောကြောင့် မလာဝံ့ကြောင်း' လျှောက်ထားပြန်သော် 'လာရမည် ဟု အမိန့်တော်ရှိကြောင်း ပြော၍ ခေါ်ခဲ့ချေ' ဟု ခိုင်းစေပြန်သော အခါ၌ကား မနေဝံ့တော့ဘဲ ဘုရားသခင်ရှိရာ သို့ လာရလေသည်။

ရောက်လာသော အခါတွင် 'ချစ်သမီး - အဘယ်ကို မှီ၍ သင့်အား ဤရောဂါ စွဲကပ်ကြောင်း သိပါသလော' ဟု မေးမြန်းတော်မူသော အခါ 'မသိကြောင်း' လျှောက်ထားလေသည်၊ 'သင်၏ အမျက်ဒေါသကို အမှီပြု၍ ဤရောဂါ စွဲကပ်ရကြောင်း' အမိန့်ရှိပြန်သော အခါ 'ပြုခဲ့ဘူးသော အမှုကို သိနိုင်ရန် အတိတ်အကြောင်းကို ပြန်လည် ဟောကြားတော်မူပါ ဘုရား' ဟု လျှောက်ထားလေသည်။

## ၎င်း၏ အတိတ်အကြောင်း

လွန်လေပြီးသော အခါ ဗာရာဏသီမင်း၏ အဂ္ဂမဟေသီ မိဖုယားကြီးသည် ကချေသည်မ တယောက်အပေါ်၌ မင်းကြီးက အရေးပေးလွန်းသည်ကို မကြေနပ်နိုင်ဘဲ ရန်ငြိုး ဖွဲ့ထားလေသည်၊ 'သင်း- ဒုက္ခတွေ့စေရမည်' ဟု ကြံစည်၍ ယားယံ

ခြင်းကို ဖြစ်စေတတ်သော (ခွေးလေးသီး) အသီးတို့ကို ရှာဖွေခိုင်း ပြီးလျှင် ထိုကချေသည်မကို မိမိထံသို့ ခေါ်စေ၏၊ ရောက်လာသော အခါ အလုပ်အကျွေး ကျွန်မတယောက်ကို ဦးစွာက ပင် သင်ကြားပေးထား၍ ထိုကချေသည်မ အိပ်ရာ၌ငင်း, အခင်း အခြုံ စသည်တို့၏ အတွင်း၌ငင်း နေရာ အနံ့အပြား၌ ယား စေတတ်သော အသီးမှ အမှုန့်တို့ကို ဖြူးထားစေ၏၊ မိမိကိုယ် တိုင်လည်း ထိုကချေသည်မနှင့် ကြည်စယ်ဟန် ကစားဟန် ဆောင်၍ ကချေသည်မ၏ ကိုယ်ပေါ်သို့ ထိုအမှုန့်တို့ကို ဖြူး ပေးလေ၏။

ကချေသည်မသည် အလွန် ယားယံသည် ဖြစ်၍ ကုတ်ခြင်း, ခြစ်ခြင်း ပြုလေသော် တကိုယ်လုံး ကွက်၍ ကွက်၍ အဖုအဖု ထလာလေသည်၊ အလွန် ယားယံလှသောကြောင့် အိပ်ရာ၌ သွား၍ အိပ်လေရာ ဦးစွာက ပင် ထိုယားစေတတ်သော အမှုန့်တို့ကို ဖြူးထားနှင့်သောကြောင့် ပို၍ ယားယံကာ မခံမရပ်နိုင်အောင် အလွန် ပြင်းထန်သော ဝေဒနာကို ခံစားရရှာလေသည်၊ ထို အဂ္ဂမဟေသီ မိဖုယားကြီးကား ချစ်သမီး ရောဟိနီ အလောင်း ပေတည်း ဟု မိန့်တော်မူပြီးလျှင် 'ချစ်သမီး - ဤသို့ မကောင်း သော အမှုကို ပြုလုပ်ခဲ့ဘူးပြီ၊ ယခုအခါ၌ကား မမေ့မလျော့ သော သတိတရားဖြင့် အမျက်ဒေါသ, မနာလိုမှု ဣဿာတရားတို့ ကို ပယ်ရှားလေလော့' ဟု တိုက်တွန်းတော်မူ၏၊ ဆက်လက်ပြီး တရားဟောတော်မူရာ ဒေသနာတော်၏ အဆုံး၌ ရောဟိနီ မင်း သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုသို့ သောတာ

ပန် ဖြစ်သည်နှင့် တပြိုင်နက် စွဲကပ်နေသော နူနာရောဂါသည် အရှင်း ပျောက်ကင်း၍ ရွှေရောင်ကဲ့သို့ ဝါဝင်းသော အဆင်း ရှိလေသည်၊ အခြားသော တရားနာ ပရိသတ်တို့သည်လည်း ပါရမီအား လျော်စွာ မဂ်ဖိုလ်ကို ရကြလေကုန်၏။

ရောဟိနီ မင်းသမီးသည် သေလွန်သော အခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ မိဖုယား ဖြစ်လေသည်။ ( လိုရင်းကို သာ ဖော်ပြလိုက်သည်။ )

**မှတ်ချက်။** ။ကိုယ်ရေပြားရောဂါ စွဲကပ်သူတို့မှာ ဤဝတ္ထု၌ လာသော တမြက်လှည်းခြင်း, သန့်ရှင်းရေး လုပ်ခြင်း, သောက်ရေ သုံးရေ တည်ထားခြင်း စသည်ကို ပြုလုပ်လျှင် ရောဂါ သက်သာတတ်ကြောင်း- သို့မဟုတ်ပျောက်ကင်းတတ်ကြောင်း ပါရှိရကား ရတနာသုံးပါးနှင့် စပ်၍ ဖြစ်စေ အများလူထုနှင့် စပ်၍ ဖြစ်စေ ထိုသို့သော အမှုလုပ်ငန်းများကို ပြုလုပ်သင့်ကြောင်း သတိပြုကြစေလိုသည်။

---

## အသျှင်သီဝလိ မထေရ်မြတ်

[ ဇာတက-ဠ-ပ အုပ်၊ ၄၃၃ ]

ဋင်းမထေရ်အလောင်းသည် ရှေးအခါက ဗာရာဏသီမင်း၏ သား ဖြစ်စဉ် မယ်တော်၏ အကြံပေးချက်ဖြင့် မြို့ကို ၇ - ရက် တိုင်တိုင် ပိတ်ဆို့ထားခဲ့ဘူးသော မကောင်းမှုကံကြောင့် နောက်

ဆုံး ဘ၀၀ယ် ၇ - နှစ်တိုင်တိုင် အမိ၀မ်း၌ အောင်းရ၍ ၇ - ရက်တိုင်တိုင် ဆင်းရဲဒုက္ခ ကြီးစွာ မွေးဖွားရလေသည်၊ သားရော မိခင်ပါ နှစ်ဦးစလုံး ဤသို့သော ဆင်းရဲဒုက္ခများကို ခံစားကြရလေသည်။

—

## ဇင်္ဂိုလသူဌေးလောင်း ရေမျှောခံရခြင်း အကြောင်း

[ ဓမ္မပဒ-ဒု-၄၄၀၊ ၄၄၄ ]

ငါတို့ ဂေါတမဘုရား လက်ထက်တော်အခါ ဗာရာဏသီပြည်တွင် သူဌေးသမီး တယောက်သည် လွန်စွာ အဆင်းလှ၏၊ ၁၅ - နှစ် ၁၆ - နှစ် အရွယ် ရောက်သောအခါ ဘုံ ၇ - ဆင့် ရှိသော ပြသာဒ်၌ ကျွန်မတယောက်ကို အဖော်ပြုကာ နေစေ၏၊ တနေ့သ၌ လေသာပြတင်းပေါက်ကို ဖွင့်ကာ အပြင်သို့ ကြည့်ရှုနေစဉ် ကောင်းကင်ခရီးဖြင့် လာသော ၀ိဇ္ဇာခိုရ် လုလင်သည် ထိုသူဌေးသမီးကို မြင်လေသော် ချစ်ခင် စုံမက်သဖြင့် လေသာပြတင်းပေါက်မှ ၀င်ကာ အဆွေခင်ပွန်း ဖွဲ့ပြီး ကာလ အတန်ကြာသောအခါ ထိုသူဌေးသမီး၌ ကိုယ်၀န်ရှိလာလေသည်၊ ထိုအကြောင်းကို မည်သူ့ကိုမျှ မပြောရန် ကျွန်မအား နှုတ်ပိတ်ထား၏၊ မွေးဖွားသောအခါ ထိုသူငယ်ကို အိုးသစ်တလုံးတွင် ထည့်ပြီး အပေါ်မှ ကျနသေချာစွာ ပိတ်၍ ပန်းကုံး တို့ဖြင့် ဖုံးအုပ်ကာ ရေဆိပ်သို့ ယူသွားလျက် ရေ၌ မျှောစေ၏။

ဂင်္ဂါမြစ် အောက်ဆိပ်ကမ်း၌ မိန်းမ နှစ်ယောက်တို့ ရေချိုးနေကြစဉ် ထိုအိုးကို မြင်ကြလေသော် တယောက်က 'ဟိုဟာ

ငါ့အိုးဟေ့ ’ ဟု ပြောဆို၏၊ တယောက်က ‘ အိုးအတွင်းက ပါတာ ငါ့ပစ္စည်း ဟေ့ ’ ဟု ပြောဆို၏၊ အိုးကို ဆယ်ယူ၍ ဖွင့်ကြည့်ကြသောအခါ အတွင်း၌ ကလေးငယ်ကို မြင်ကြသော် သူ-ရထိုက်သည်- ငါရထိုက်သည် ဟု ငြင်းခုံ ကြလေ၏၊ မဆုံး ဖြတ်နိုင်ကြ၍ တရားရုံးရောက်ကြသော် ‘ မူလ သူတို့ ဆိုခဲ့သော စကားအတိုင်း ယူကြစေ ’ ဟု မင်းက ဆုံးဖြတ် ပေးလိုက်လေ သည်။

ထိုသူငယ်ရသော အမျိုးသမီးသည် အသျှင် မဟာကစ္စည်း မထေရ်မြတ်၏ အလုပ်အကျွေး ဖြစ်၏၊ ထိုသူငယ်မှာ မွေးဖွား စဉ်က ကိုယ်ဝန်အညစ်အကြေးတို့ကို မဆေးမကြောခြင်းကြောင့် ဆံပင်တို့သည် ရှုတ်ထွေးနေကြကုန်၏၊ ထို့ကြောင့် ‘ ဇဋိလ ’ ဟူ၍ နာမည်ပေးကြကုန်၏၊ ရှင်ပြုလောက်သော အရွယ်ရောက် လာသောအခါ ရှင်ပြုပေးရန် မထေရ်အား အပ်နှင်း လိုက်ကြ ကုန်၏၊ မထေရ်မြတ်သည် ‘ ဤသူငယ်သည် လူ့စည်းစိမ်ကို ခံ စားထိုက်သော ကောင်းမှု ရှိသေးသလော ’ ဟု ဆင်ခြင်တော် မူသည်ရှိသော် ‘ ဤသူငယ်သည် ဘုန်းကံကြီးမားလှသော သူ တည်း၊ ကြီးကျယ်သော စည်းစိမ်ကို ခံစားရဦးလတံ့ ’ ဟု မြင်တော်မူ၏၊ ‘ ယခုလည်း ငယ်ပါသေးသည်၊ ဉာဏ်လည်း မရင့်ကျက်သေး ’ ဟု အောက်မေ့တော်မူပြီးလျှင် တက္ကသိုလ်ပြည် သို့ ခေါ်သွားကာ အလုပ်အကျွေး သူကြွယ်ဒကာအိမ်၌ အပ်နှံ ၍ ပညာသင်ကြားစေလေသည်။

သူကြွယ်သည် မထေရ်မြတ် အပ်နှံထားသော သူငယ်ကို သားရင်းသဖွယ် ကျွေးမွေးစောင့်ရှောက်၏၊ ပညာလည်း သင်

စေ၏၊ ထိုသူကြွယ်အိမ်၌ ၁၂-နှစ်ကြာ ကာလက စုပုံထား သော ရောင်းကုန် ပစ္စည်းတို့သည် များပြားစွာ ရှိကုန်၏၊ တနေ့ သ၌ ထိုသူကြွယ်သည် အခြားရွာသို့ သွားရန် ကိစ္စ ရှိသော ကြောင့် ထိုသူငယ်အား စျေးရောင်းရန် ဆိုင်၌ ထားခဲ့၏၊ 'ဤ ပစ္စည်းကို မည်မျှနှင့် ရောင်း'စသည်ဖြင့် ရောင်းစျေးနှုန်းကို ခွဲ ခြား၍ ခွဲခြား၍ ပြောထားခဲ့၏။

ထိုနေ့၌ မြို့စောင့်နတ်တို့သည် ယုတ်စွအဆုံး ငရုပ်သီး, ဇီယာ မှစ၍ စျေးဝယ်လို သူတို့ကို ထိုသူငယ်ရောင်းသော ဆိုင်သို့ သာ ပို့ဆောင်ကြကုန်၏၊ ၁၂-နှစ်ကြာ စုဆောင်းထားသော ရောင်းကုန်ပစ္စည်းတို့သည် တနေ့တည်းဖြင့် ပင် ရောင်း၍ ကုန် လေ၏၊ သူကြွယ် ပြန်လာသောအခါ ဆိုင်၌ ဘာအရောင်း ကုန် မျှ မမြင်ရတော့၍ 'ချစ်သား အလုံးစုံ ကုန်ပစ္စည်းတို့ကို ဖျက် ဆီးပစ်သလော' ဟု မေးရာ 'ဘခင်-ကျွန်ုပ် မဖျက်ဆီးပါ၊ ဘခင် မှာကြားခဲ့သည့် စျေးနှုန်းဖြင့် ယနေ့ အကုန် ရောင်းလိုက် ရပါသည်- ဤမှာ ရောင်းရငွေကို လက်ခံပါ' ဟု ပြန်ပြောလေ ၏၊ သူကြွယ်သည် အလွန်ရွှင်လန်း ဝမ်းမြောက်လျက် အဘိုးတန် သော ယောကျ်ားမြတ်ပါ တကား ဟု အောက်မေ့ ပြီးလျှင် အရွယ်ရောက်လာသော မိမိ သမီးနှင့် ထိမ်းမြား လက်ထပ် ပေး လိုက်လေသည်။

သူကြွယ်သည် သမီး နှင့် သမက်တို့ နေထိုင်ရန် အိမ်တလုံး သီးသန့် ဆောက်လုပ်စေပြီးလျှင် အိမ်ပြီးသောအခါ ထိုအိမ်၌ နေထိုင်စေ၏၊ ဇနီးမောင်နှံတို့ အိမ်သစ်သို့ ပြောင်းရွှေ့သော

အခါ လှေကားခုံကို နင်းကာမျှအချိန်၌ အိမ်၏ နောက်ကျော မှာ အတောင် ၈၀ · မြင့်သော ရွှေသားတောင်သည် မြေမှ ပေါ် ထွက်၍ လာလေသည်၊ ဘုရင်မင်းမြတ် ကြားသိတော် မူသော အခါ ထီးဖြူ အပ်နှင်း၍ သူဌေးကြီး ရာထူးကို ချီးမြှင့်ပေး အပ်တော်မူလေသည်။

ထိုဇဋိလသူဌေးကြီး၌ သားယောကျ်ား သုံးယောက် ရှိရာ ထိုသားတို့ အသီးသီး အိမ်ထောင် ကျပြီးသောအခါ ရဟန်းပြု အံ့ ဟု ကြံစည်လျက် ရှိ၏၊ မိမိနှင့် တူမျှသော သူဌေးများ ရှိ မရှိ ဇမ္ဗူဒိပ်ကျွန်းအလုံး အနှံ့ အပြား ရှာဖွေ စုံစမ်းစေ သော် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီးကိုရင်း, ရာဇဂြိုဟ် မြို့၌ ဇောတိကသူဌေးကြီးကိုရင်း ရှိကြောင်း ကြားသိရလျှင် ဝမ်း မြောက်သောစိတ် ဖြစ်လျက် ယခုအခါ ‘ငါ ရဟန်း ပြုတော့ အံ့’ ဟု ဆုံးဖြတ်၍ တက္ကသိုလ်မင်းထံ ခွင့်တောင်းရာ အခွင့် ရ လျှင် သားသုံးယောက်ကို ခေါ်၍ အကြီးဆုံးသား လက်၌ ပေါက်ချွန်းကို ပေးအပ်ပြီးလျှင် အိမ်နောက်ရှိ ရွှေတောင်ကို ပေါက်စေ၏၊ အရာမထင် ကျောက်ဖျာကို ပေါက်ရ သကဲ့သို့ ဖြစ်လေ၏၊ တဖန် သားအလတ်ကိုလည်း ပေါက်စေပြန်ရာ နည်း တူပင် အရာမထင်လေ၊ သားအငယ်ကို ပေါက်စေသော အခါ၌ ကား မြေစိုင်ခဲကို ပေါက်ခွဲရသကဲ့သို့ အလွှားအလွှား ကွာကျ လေသည်။

ထိုအခါ ဇဋိလ သူဌေးကြီးသည် သားကြီး နှစ်ယောက်တို့ အား ‘ အမောင်တို့· အိမ်နောက်ဖေးရှိ ဤရွှေတောင်သည် သင်

တို့ အတွက် ဖြစ်သည် မဟုတ်ကြောင်း ထင်ရှားပြီ မဟုတ်လော၊ ငါ့အတွက် နှင့် သားငယ် အတွက် သာ ဖြစ်ပေ၏ လော ခြင်းတည်း၊ သားသမီးတိုင်း မိဘ၏ အမွေကို ညီတူ ညီမျှ မခံစားထိုက်ကြောင်း သင်တို့ လက်တွေ့ မဟုတ်လော၊ ငါဘခင် ဘာမျှ အထူး ပြောစရာမရှိ၊ သို့အတွက် သင်သားကြီး နှစ်ယောက်တို့သည် သားငယ်ကို မှီခို၍ အသက်မွေးကြလော့' ဟု မှာထားပြီးလျှင် ရဟန်းပြုလေ၏၊ နှစ်ရက် သုံးရက် ကြာသော အခါ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်လေတော့၏။

တခုသော တရားသဘင်၌ ရဟန်းတို့သည် ဤသို့ ပြောဆို၍ နေကြကုန်၏၊ 'ငါ့ရှင်တို့-ဇင်္ဃလသူဌေးလောင်း သူငယ် မေးဖွားပြီးသော် အဘယ့်ကြောင့် ရေမြှော ခံရသနည်း၊ သားသုံးယောက် ရှိရာတွင် သားကြီး နှစ်ယောက်မှာ အမွေမခံထိုက်ဘဲ သား အငယ်ဆုံး တယောက် သာ အဘယ့်ကြောင့် အမွေခံထိုက် ပါသနည်း' ဟု ပြောဆိုနေကြစဉ် ဘုရားသျှင်က ရဟန်း တို့အား ၎င်းတို့၏ အတိတ်အကြောင်းကို ဟောတော်မူလေသည်။

## ၎င်းတို့၏ အတိတ် အကြောင်း

ကဿပဘုရားသျှင် ပရိနိဗ္ဗာန်စံတော် မူပြီးသောအခါ တလုံး တခဲတည်း ကျန်ရစ်သော ဓာတ်တော်ကို ရွှေအုတ်တို့ဖြင့် ပြီးသော ရွှေစေတီကြီး တည်၍ ဌပနာ ကြကုန်၏၊ (အသက်တန်း တိုသော ဘုရားသျှင်တို့ သာ ဓာတ်တော်များ အစိပ်စိပ် အမွှာမွှာ ကျန်ရစ်ခဲ့ခြင်း ဖြစ်၏၊ အသက်တမ်း ရှည်သော ဘုရားရှင် တို့၏ ဓာတ်တော်မှာမူ တလုံးတခဲတည်း သာ ကျန်ရစ်ခဲ့လေသည်၊) ရွှေ

စေတီတော်ကို ကြီးကြပ် လုပ်ဆောင်သော ရဟန္တာ အသျှင်မြတ် တပါးသည် စေတီတည်ရာသို့ လာ၍ ကြည့်ရှုလေသော် မြောက် အရပ်၌ မုခ်တခု မပြီးသေးဘဲ ကျန်နေသည်ကို မြင်၍ "အမောင် တို့ အဘယ်ကြောင့် မြောက်ဘက် မုခ်ကို မပြုလုပ် ကြသေးသ နည်း" ဟု မေးတော်မူရာ ပန်းရံသမားများက " ရွှေမ လောက် သေးကြောင်း " လျှောက်ထားကြကုန်၏။

ထိုအခါ မထေရ်မြတ်က "ငါ မြို့တွင်းသို့ သွား၍ ကိုက်တွန်း ပါဦးမည်၊ ကောင်းမွန်စွာ လုပ်ကိုင်ကြပါ" ဟု မှာထား၍ မြို့တွင်း သို့ သွားကာ လူများအား တိုက်တွန်း နှိုးဆော်၏၊ ရွှေပန်းတိမ် သည် အိမ်သို့ ကြသွားပြန်လေသည်၊ ထိုအခိုက် ရွှေပန်းတိမ်သည် သည် မယား နှင့် ရန် ဖြစ် ပြီး စ အချိန် ဖြစ်၏၊ မထေရ်မြတ်က "ဒကာ-အသင် တာဝန်ယူ လုပ်ကိုင်ပေးသော စေတီတော် မြောက်ဘက်မုခ် အတွက် ရွှေမလောက်သေးပါ၊ ထိုရွှေကို သိ ပါယော" ဟု ပြောကြားတော်မူလေသော် မယားအပေါ်၌ ဖြစ်ခဲ့သော ဒေါသသည် အရှိန်မပြေသေးရကား "သင့်ဆရာကို ရေထဲ ပစ်ချလိုက်ပါလား သွားပါလေ" ဟု ပြောဆိုမိ၏၊

ထိုအခါ မယားဖြစ်သူက လင်ယောကျ်ားအား "အသင်သည် အလွန် ဝန်လေးသော စကားကို ပြောဆိုဘိ၏၊ အကျွန်ုပ် အ ပေါ်၌ အမျက်ထွက်သော် ဆဲလိုက ဆဲပါ၊ ရိုက်လိုက ရိုက်ပါ၊ ယခုမူ အဘယ့်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး၌ သိတော်မူတတ်သော ဘုရားသျှင်၌ ရန်ငြိုးဖွဲ့ရသနည်း" ဟု ပြောဆိုသောအခါ ထိတ်လန့် တုန်လှုပ်ခြင်း ပြင်းစွာ ဖြစ်၍

“ အသျှင်ဘုရားတို့ သည်းခံတော်မူကြပါဘုရား” ဟု လျှောက်ထား၍ မထေရ်၏ ခြေရင်း၌ ဝပ်စင်း၍ တောင်းပန်လေ၏။

မထေရ်မြတ်က “ဒကာ-သင် နှင့် ငါ ဘာမျှ မပြောဆိုကြ၊ ဘုရားသျှင်ကို သာ ကန်တော့ပါ” ဟု အမိန့်တော် ရှိသောအခါ “ ဘယ်သို့ ကန်တော့ရပါမည်နည်း ” ဟု မေးလျှောက်၏၊ ရွှေပန်း ခိုင် သုံး ခိုင် ပြုလုပ်ပြီးလျှင် အတွင်း ဓာတ်တော်ထားရာ အရပ်၌ ထားပြီးသော် စိုသော ဆံပင်, စိုသော အဝတ်တို့ကို ဝတ်ကာ ကန်တော့ပါလော့ ” ဟု မိန့်တော်မူ၏၊ ရွှေပန်းတိမ် သည် ယောကျ်ားသည် “ ကောင်းပါပြီ ဘုရား ” ဟု ဝန်ခံပြီးသော် ရွှေပန်း ခိုင် လုပ်ရန် သား သုံး ယောက် ကို ခေါ်၍ အကြောင်းစုံ ပြောပြပြီး ကူညီလုပ်ကိုင်ပေးကြရန် ပြောလေသော် သားအကြီး နှစ်ယောက်က “ ကျွန်တော်တို့ ဘုရားသျှင်အား ရန်စကားကို မပြောဆို၊ သင် ဘခင် သာ ပြောဆိုသည်၊ သို့အတွက် ဘခင် သာ ပြုလုပ်ပါလေ၊ ကျွန်တော်တို့ ကူညီမလုပ်နိုင်ပါ ” ဟု ပြန်ပြောကြလေသည်။

သား အငယ်ကမူ “ ဘခင်၌ ပြုဘွယ်ကိစ္စကား သားတို့၏ တာဝန်သာတည်း ” ဟု နှလုံးပိုက်၍ “ ကျွန်တော် လုပ်ကိုင် ကူညီပါမည် ” ဟု ပြောဆို၍ ကူညီ လုပ်ကိုင် ပေးလေသည်၊ တထွာ အမြင့် ရှိသော ရွှေပန်းခိုင် သုံးခိုင် လုပ်ကိုင် ပြီးသော အခါ ရွှေပန်းအိုး သုံးလုံး၌ တခိုင်စီ စိုက်၍ မထေရ်မြတ် အမိန့်ရှိခဲ့သည့် အတိုင်း ဘုရားသျှင်အား ပူဇော်ပြီး တောင်းပန် ကန်တော့လေ၏။

ဤသို့ ဘုရားသျှင်အား 'ရေ၌ ပစ်ချလိုက်ပါလား' ဟူသော ဝစီကံ အပြစ်ကြောင့် (၇) ကြိမ် တိုင်တိုင် ရေမြှော ခံရလေသည်၊ ယခု အဝကား နောက်ဆုံး ဘဝတည်း၊ ထိုသို့ ရေထဲ အမြှော ခံရသော်လည်း ပူဇော်ပြီး တောင်းပန် ကန်တော့ခဲ့သော ကောင်းမှုကြောင့် အသက်မသေဘဲ ရွှေတောင်ပေါက်၍ သူဌေးကြီး အရာကို ရလေသည်။

ပူဇော် ကန်တော့ရန် ရွှေပန်းခိုင် လုပ်ရာ၌ မကူညီခဲ့သောကြောင့် သားကြီး နှစ်ယောက်မှာ ဘခင် အမွေ ရွှေတောင်ကြီးကို ဖဲ့ယူ၍ မရခြင်း ဖြစ်လေသည်၊ သားအငယ်က သာ ဘခင်အား ကူညီ လုပ်ကိုင်ပေးခဲ့သောကြောင့် ဘခင်အမွေ ရွှေတောင်ကြီးကို ဖဲ့ယူ၍ ရခြင်းဖြစ်လေသည်။

ဇင္ဃိလရဟန်းသည် ရဟန္တာ ဖြစ်ပြီးနောက် ဘုရားသျှင်သည် သံဃာတော် ငါးရာနှင့် တကွ ဆွမ်းခံကြွတော်မူလေသော် ထိုသားသုံးယောက် အိမ်တံခါးဝ အရောက်တွင် ပင့်ဘိတ်၍ (၁၅) ရက် ပတ်လုံး ဆွမ်းအလှူကြီးကို ပေးလှူကြကုန်၏။

---

### ကောသလ္လဓာနုမထေရ်

### ရင်းမထေရ်နောက်သို့ မိန်းမတယောက်အမြဲတမ်းကပ်လိုက်နေသည်ဟု အထင်ခံနေရခြင်း အကြောင်း

[ဓမ္မပဒ-ဋ္ဌ-ဒု-အုပ်-၃၃၊၃၇]

ရင်းမထေရ်ကား ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် စာရေးတန်မဲကို အဦးဆုံး ယူရာ၌ တေဒဂ်ရသော မဟာသာဝက

တည်း၊ ရဟန္တာ မဖြစ်မီ ကာလအတွင်း ၎င်းမထေရ်အနားတွင် အမြဲတမ်း မိန်းမတယောက် ကပ်လိုက်နေပုံကို အခြားသော ရှင်လူ, ရဟန်း တို့က မြင်နေကြရလေသည်၊ အကယ် စင်စစ် လူသားမိန်းမ မဟုတ်၊ ဝဋ်ခံရသောအားဖြင့် သာ ထိုသို့ အမြင်ခံရခြင်း ဖြစ်၏၊ ၎င်းမထေရ် ကိုယ်တိုင်ကား ထိုမိန်းမကို မမြင်ရလေ၊ ရဟန္တာဖြစ်သော အခါတွင်မှ ထိုမိန်းမပုံ ကွယ်ပျောက်လေတော့သည်။

ကဿပဘုရားသျှင် လက်ထက်တော်တွင် ၎င်းမထေရ်အလောင်းသည် ရုက္ခဇိုဝ်းနတ် ဖြစ်၏၊ တောရကျောင်းနေ သူငယ်ချင်း ရဟန်းတော် နှစ်ပါးသည် လွန်စွာ ခင်မင်ကြ၏၊ ထိုသို့ လွန်စွာ ခင်မင်သည်ကို မိတ်ပျက် မပျက် စုံစမ်းကြည့်ရန် ထိုရုက္ခဇိုဝ်းနတ်က အကြံရပြီး ရဟန်းငယ် တပါး ကိစ္စရှိ၍ ခြုံတွင်း ဝင်သွားပြီး ပြန်ထွက်လာစဉ် ခြုံတွင်း၌ မိန်းမပျို တယောက် နှင့် မေထုန်မှီဝဲပြီး ထွက်ခဲ့လေဟန် ဖန်ဆင်းပြလေသည်၊ ထိုအခြင်းအရာကို မြင်သောအခါ အခြား သူငယ်ချင်း ရဟန်းတပါးက အထင်လွဲပြီး ချစ်ခင်မှု ပျက်ပြယ်ကာ တခြားစီ ခွဲ၍ နေထိုင်ကြတော့သည်။

ဤသို့ ပြုလုပ်ခဲ့သော မကောင်းမှုကံကြောင့် ထိုရုက္ခဇိုဝ်းနတ်သည် ထိုဘဝမှ သေလွန်သော် အဝီစိငရဲ၌ ဘုရားတဆူ အကြားကာလပတ်လုံး ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားရပြီးလျှင် ငါတို့ဘုရားရှင် လက်ထက်တော် အခါတွင် ကောဏ္ဍဓာန မထေရ်ဖြစ်

လာ၍ အထက်က ဆိုခဲ့သည့်အတိုင်း ရှင်, လူ, ရဟန်းတို့ အထင်လွဲခြင်းကို ခံရရှာလေသည်။

**အမှာ။** ။ကြံကြံ ဖန်ဖန် ပြုလုပ်တတ်သော ရက္ခဇိုဝ်းနတ်ပေတည်း၊ ပြောင်တတ် လှောင်တတ်သော သူတို့ သတိပြုစရာ အလွန် ကောင်းလှပေသည်။

---

## ရဟန်းတို့ လူထွက်တတ်ခြင်း အကြောင်းတပါး

### စိတ္တဟတ္ထိသာရိပုတ္တမထေရ်

[ ဒီဃ-၁၊ ဋ္ဌ-၃၁၂ ]

### ဟတ္ထိသာရိပုတ္တမထေရ်

[ အံ-၆၊ ဋ္ဌ-၁၃၂ ]

ဒ်င်းမထေရ် အလောင်းတို့သည် ကဿပသုရားသျှင် သာသနာခတော်၌ အသီးသီး ရဟန်းပြုကြပြီးလျှင် သူငယ်ချင်း တပါးစီနှင့်တောရကျောင်းတွင် နေထိုင်ကြ၏၊ အတူနေ ရဟန်းတော်တပါးသည် သာသနာတော်၌ မပျော်ပိုက်တော့၍ လူဝတ်လဲရန် အခြားသော အထက်ပါ မထေရ်အလောင်း နှစ်ပါးအား အသီးအသီးတိုင်ပင်လေရာ အစပဌမ၌ လူဘဝ ဆင်းရဲလှကြောင်း, သာသနာတော်၌ နေထိုင်က ကုသိုလ်ရခွင့်များလှကြောင်း ပြော၍ တားမြစ်သေးသည်၊ ဒုတိယအကြိမ် တိုင်ပင်သောအခါ၌လည်း တားမြစ်သေးသည်၊ တတိယအကြိမ်၌ လူထွက်မည့် ရဟန်းတော်က တပည့်တော် လူထွက်သွားလျှင် တပည့်တော်၏ သပိတ်

သက်နီး စသော ရဟန်း အသုံးအဆောင်များကို အသျှင်ဘုရား အား လှူခဲ့မည်ဖြစ်ပါသည် ” ဟု ပြောလေသော် ၎င်းအသုံး အဆောင်များကို ရလိုသော လောဘဇော တိုက်တွန်းရကား မတားမြစ်တော့သည့် အပြင် လူဝတ်နှင့် နေရသည်က အပြစ် နည်းကြောင်း- ရဟန်းဘဝနှင့် နေရသည်က အပြစ် များလှ ကြောင်း-လူဘဝကို ချီးမွမ်း ပြောဆိုခဲ့လေသည်။

ထိုရဟန်းတော်သည် ထိုစကားကို ကြားရသော် လျင်မြန်စွာ လူထွက်လေတော့၏၊ ထိုသို့ လူထွက်ရန် တိုက်တွန်းခဲ့သောကြောင့် ငါတို့ ဘုရားသျှင် လက်ထက်ဘော်တွင် ၎င်းရဟန်းတော် နှစ် ပါးသည် (၆) ကြိမ်တိုင် လူထွက်လိုက် ရဟန်း ပြုလိုက်နှင့် ကပြောင်းကပြန် ဖြစ်ရရှာလေသည်၊ (၇)ကြိမ်မြောက် ရဟန်း ပြန်ဝတ်သောအခါ၌ကား ရဟန္တာပုဂ္ဂိုလ်များ ဖြစ်သွားကြခြင်း ကြောင့် လူပြန်မထွက်တော့ပြီ။

ရဟန်းတို့ လူထွက်တတ်သော အခြား အကြောင်း များကို သိလိုသော် ‘ ပိဋကလမ်းညွှန်ကျမ်း - ဒုတိယတွဲ ’ (၇)ခဏ်း၌ ကြည့်ရှုကြပါလေ။

---

## ဥဂ္ဂသေန သေဋ္ဌေးသား
## ကျွမ်းသမား ကချေသည်ဖြစ်ရခြင်း အကြောင်း

[ ဓမ္မပဒ ဋ္ဌ-ဒု-အုပ် ၃၄၁၊ ၄ ]

ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် ရာဇဂြိုဟ်ပြည်၌ ဥဂ္ဂ သေန သေဋ္ဌေးသားသည် ကချေသည်မ တယောက်နှင့် အိမ်

ထောင်ပြု၍ တနေ့သ၌ ထိုရာဇဂြိုဟ်ပြည်၌ ပင်ကပွဲသဘင် ကျင်းပနေခိုက် အတောင်(၆၀)ရှိ ဝါးလုံးထိပ်ဖျားတွင် ကပြနေစဉ် ဘုရားသျှင်၏ တရားတော်ကို ကြားနာရ၍ ရဟန္တာ ဖြစ်သွားလေသည်၊ ထို့နောက် ဟေဝိက္ခု ရဟန်း ပြုပေးတော်မူသည်၊ တခုသော တရားသဘင်၌ ရဟန်းတော်တို့က "ငါ့ရှင်တို့-ဥဂ္ဂသေန သေဋ္ဌေးသားသည် အမျိုးတူ သေဋ္ဌေးသမီးကို မယူဘဲ အဘယ့်ကြောင့် ယုတ်ညံ့သော အရှက်မရှိသော ကချေသည်မကို ယူ၍ သူကိုယ်တိုင် ကချေသည် ဖြစ်ရသနည်း" ဟု ပြောဆိုနေကြစဉ် ဘုရားသျှင် ရောက်လာတော်မူ၍ ထိုအကြောင်းကို လျှောက်ထားသောအခါ ထိုဥဂ္ဂသေန သေဋ္ဌေးသား၏ အတိတ် အကြောင်းကို ဤသို့ ဟောပြတော်မူ၏။

## ငှက်တို့၏ အတိတ်ဇာတ်ကြောင်း

ကဿပဘုရားသျှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် လူများတို့သည် စုဝေး တိုင်ပင်ပြီး၍ ဓာတ်တော်ကို ဌာပနာရန် ရွှေအုတ်တို့ဖြင့် ပြီးသော ရွှေစေတီကြီးကို တည်လုပ်နေကြစဉ် ဗာရာဏသီ မြို့သူမြို့သား နယ်သူနယ်သားတို့သည် စားသောက်ဘွယ်တို့ကို လှည်းပေါ်၌ တင်၍ စေတီတည်ရာ၌ လုပ်အားပေးကြရန် သွားကြကုန်၏။

ထိုအခါ ရဟန္တာ အသျှင်မြတ် တပါးသည် မြို့တွင်းသို့ ဆွမ်းခံဝင်လာသော် လင်မယား နှစ်ယောက်တို့သည် ကြည်ညိုသော သဒ္ဓါတရားဖြင့် လှည်းပေါ်၌ ပါလာသော ဆွမ်းခဲဘွယ် တို့ကို

လောင်းလှူလို၍ သပိတ်ကို တောင်းယူပြီးလျှင် သပိတ်ပြည့်အောင် ထည့်၍ ရှိသေစွာ ရှိခိုးကြပြီးသော် "အသျှင်မြတ်တို့ သိအပ်သော တရားထူးကို သိရပါလိုကုန်၏" ဟု ဆုတောင်းကြကုန်၏၊ ရဟန္တာ အသျှင်မြတ်သည် အနာဂတံသဉာဏ်ဖြင့် ကြည့်၍ ဆုတောင်း ပြည့်လတံ့သည်ကို မြင်တော်မူသော် ပြုံးတော်မူ၏။

ထိုအခါ မယားဖြစ်သူက လင်ကို ပြောဆိုသည်မှာ "ငါတို့ ဆုတောင်းသောအခါ အသျှင်မြတ်သည် ပြုံးတော်မူ၏၊ လူ့ဘဝ က ကချေသည် ဖြစ်ခဲ့ဟန်တူသည်" ဟု ပြောလေသော် လင် ယောကျ်ားကလည်း "ဟုတ်လိမ့်မယ် ရှင်မ" ဟု ထောက်ခံလိုက် လေသည်။

ထိုသို့ ပြက်ရယ် ပြောင်လှောင်ခဲ့သောကြောင့် ငါဘုရား လက်ထက် မယားဖြစ်သူသည် နတ်ပြည်မှ စုတေခဲ့၍ ကချေသည် အဖွဲ့ခေါင်းဆောင်၏ သမီး ဖြစ်လာသည်၊ လင်ယောကျ်ားမူကား ဉာဏ်ရာဇဂြိုဟ်၌ သေဌေးအိမ်တွင် လူဖြစ်လာပြီး ဥဂ္ဂသေန သေ ဌေးသား ဟူသော အမည်ဖြင့် ထင်ရှားလေသည် ဟု မိန့်တော် မူလေ၏။

ကချေသည်မသည်လည်း ဘိက္ခုနီထံတွင် ရဟန်းပြု၍ အရ ဟတ္တဖိုလ်၌ တည်လေတော့၏။

## ခုဇ္ဇုတ္တရာ ကျွန်မ အကြောင်း

[ ဓမ္မပဒ-ပ-အုပ်-၁၄၄ ]

(၁) ခုဇ္ဇုတ္တရာ ကျွန်မသည် အဘယ့်ကြောင့် ကုန်းကွ နေပါသနည်း။

(၂) အဘယ် ကောင်းမှုကြောင့် ပိဋကတ်သုံးပုံကို ဆောင်နိုင်ပါသနည်း။

(၃) အဘယ် ကောင်းမှုကြောင့် သောတာပတ္တိဖိုလ်ကို ရပါသနည်း။

(၄) အဘယ်မကောင်းမှုကြောင့် သူတပါး၏ ကျွန် ဖြစ် နေရပါသနည်း။

ဤသို့ ရဟန်းတို့က ဘုရားသျှင်အား မေးလျှောက်ကြကုန်၏၊ ထိုအခါ ဘုရားသျှင်က ၎င်းခုဇ္ဇုတ္တရာကျွန်မ၏ အတိတ်အကြောင်း ကို အောက်ပါအတိုင်း ဟောကြားတော်မူ၏။

## ၎င်း၏ အတိတ်အကြောင်း

(၁) သာမာဝတီမိဖုရားအလောင်းသည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဖြစ်စဉ် ခုဇ္ဇုတ္တရာကျွန်မ အလောင်း သည်လည်း ထိုမိဖုရားကြီးအထံတွင် မောင်းမငယ်အဖြစ် နေထိုင် ရ၏၊ ပစ္စေကဗုဒ္ဓါ (၈) ပါးတွင် တပါးသည် ကုန်းကွသော ခန္ဓာကိုယ်ရှိ၏၊ မောင်းမငယ်သည် ကမ္ဗလာနီကို ရုံ၍ ရွှေခွက်ကို ပိုက်ကာ ကုန်းကွ ကုန်းကွနှင့် ထိုပစ္စေကဗုဒ္ဓါ သွမ်းခံပုံကို အချား

သော မောင်းမငယ်များ ရှေ့တွင် ပြောင်လှောင်သောသဘော ဖြင့် ပြုလုပ်ပြ၏၊ သွားပြ၏၊ ဆွမ်းခံပုံဟန် ပြုလုပ်ပြ၏၊ ထိုသို့ ပြက်ရယ် ပြောင်လှောင်ခဲ့သော အပြစ်ကြောင့် ခုဇ္ဇုတ္တရာကျွန်မမှာ ကုန်းကွသော ခန္ဓာကိုယ် ရှိရခြင်းဖြစ်လေသည်။

(၂) ထိုပစ္စေကဗုဒ္ဓါ အသျှင်မြတ် (၈) ပါးတို့ကို နန်း တော်သို့ ပင့်၍ ပဌမဦးဆုံး ဆွမ်းလုပ်ကျွေးသောနေ့၌ ရှေးဦးစွာ ပူလှစွာသော နို့ဂဏ္ဍာဆွမ်းကို လောင်းလှူ၏၊ ထိုသို့ ပူလှခြင်း ကြောင့် နှစ်ဘက်သော လက်ဖြင့် တလှည့်စီ ပြောင်းလဲ ပြောင်းကာ သပိတ်ကို ယူတော်မူကြရကုန်၏၊ ထိုအခြင်းအရာ ကို ခုဇ္ဇုတ္တရာ အလောင်း မောင်းမငယ်က မြင်လေသော် မိမိပိုင် လက်ကောက် (၈) ကွင်းကို ချွတ်၍ 'ဤလက်ကောက် ပေါ်၌ တင်၍ သပိတ်ကို ယူဆောင်တော်မူကြပါဘုရား' ဟု လျှောက်ထား၏၊ ပစ္စေကဗုဒ္ဓါ အသျှင်မြတ် (၈) ပါးက အဓိပ္ပာယ် ကွဲပြားစွာ သိတော်မူရန် ထိုမောင်းမငယ်ကို ကြည့်တော်မူကြ၏၊ ထိုအသျှင်တို့၏ အလိုကို မောင်းမငယ်က သိ၍ 'ဤလက်ကောက် တို့ကို တပည့်တော်မ အလိုမရှိတော့ပါ၊ အသျှင်မြတ်တို့အား အပြီးအပိုင် လှူဒါန်းပါ၏၊ သပိတ်ခြေ ပြု၍ ယူဆောင်သွား တော်မူကြပါဘုရား' ဟု လျှောက်ထား၍ လှူဒါန်းလိုက်လေ သည်။

ထိုလက်ကောက် (၈) ကွင်းတို့သည် ဟိမဝန္တာတောင် နန္ဒမူ လိုဏ်ဂူ၌ ယနေ့တိုင်အောင် မပျက်မစီး ပကတိ အတိုင်း တည်ရှိ နေသေးကြောင်း ဖွင့်ပြထား၏၊ ထိုကောင်းမှုကြောင့် ပိဋကတ်

သုံးပုံကို ဆောင်နိုင်၏၊ ကြီးကျယ်သော ပညာ ရှိ၏၊ 'ဧကာဒဂုံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ' ဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်း ခံရ၏၊ ဗဟုဿုတရှိသော တရားစကားကို ဟောပြောတတ်သော (ဓမ္မကထိက) ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာကျွန်မသည် အမြတ်ဆုံး ဖြစ်၏ ဟူလို။

(၃) ထိုပစ္စေကဗုဒ္ဓါ အသျှင်တို့အား စေကာနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ရိုရိုသေသေ လေးလေးမြတ်မြတ် ပူဇော်လုပ်ကျွေးခဲ့သော ကောင်းမှု ကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်ကို ရလေသည်။

(၄) ကဿပဘုရားရှင် လက်ထက်တော် အခါ၌ ဗာရာဏသီ သူဌေးကြီး၏ သမီးသည် တနေ့သ၌ ရေချိုးပြီး အဝတ်အစားလဲ တန်ဆာ ဆင်နေစဉ် သူငယ်ချင်းမ ရဟန္တာထေရီ တပါးသည် သူ့ထံသို့ အလည်လာ၏၊ (မိန်းမတို့သဘောသည် ရဟန္တာထေရီ ပင် ဖြစ်စေကာမူ ညနေချမ်း အခါ၌ အလုပ်အကျွေးတို့ အိမ်သို့ အလည်သွားလိုသော သဘောထား ရှိကြကြောင်း မိန့်ဆိုထား၏။)

ထိုအခိုက်တွင် သူဌေးသမီး အနား၌ အခိုင်းအစေများ တယောက်မျှ မရှိခိုက်ကြုံနေ၏၊ သူဌေးသမီးသည် သူငယ်ချင်းမ ရဟန္တာထေရီကို 'အရှင်မအား ရှိခိုးပါ၏၊ အကျွန်ုပ်အား တန်ဆာများ ထည့်သော ထိုကြုပ်ငယ်ကို ယူပေးတော်မူပါ' ဟု ခိုင်းစေ၏၊ ရဟန္တာထေရီမသည် ဤသို့ ကြံစည်၏၊ အကယ်၍

ငါ ယူမပေးသည်ရှိသော် ငါ့အပေါ်၌ ရန်ငြိုးဖွဲ့၍ ငရဲ၌ ဆင်းရဲဒုက္ခ ကြီးစွာ ခံစားရပေတော့မည်၊ ငါ ယူပေးသည် ရှိသော် သူတပါး အခိုင်းအစေ ကျွန်သာ ဖြစ်လတံ့၊ ငရဲ၌ဆင်းရဲ ဒုက္ခကြီးစွာ ခံစားရသည်ထက် သူတပါး ကျွန် ဖြစ်ရမည်က သက်သာဦးမည် ဟု ကြံစည်ပြီး သူဌေးသမီး အယူခိုင်းသော လက်ဝတ်လက်စား စသည် ထည့်ထားသော ကြုပ်ငယ်ကို ယူပေးလိုက်၏။

ဤမကောင်းမှုကံကြောင့် သူတပါးတို့၏ အခိုင်း အစေခံကျွန်မ ဖြစ်ရလေသည်၊ ဤသို့ အတိတ်အကြောင်းကို ဘုရားသျှင်က ပြည့်စုံစွာ ရဟန်းတို့အား ပြန်လည် ဟောကြား တော်မူ၏။

သာမာဝတီမိဖုယားတို့ မီးလောင် သေဆုံးကြရာတွင် ၎င်းခုဇ္ဇုတ္တရာ ကျွန်မ မပါဝင်ကြောင်း မိန့်ဆိုထားကြ၏။

—

## စူဠပန္ထက မထေရ်
## ဉာဏ် အလွန် လေးရခြင်း အကြောင်း

[ဓမ္မပဒ- ဌ-ပ-အုပ် ၁၅၅]

၎င်းမထေရ်အလောင်းသည် ကဿပဘုရားသျှင် လက်ထက်တော်တွင် အလွန် ဉာဏ်ပညာ ထက်မြက်သော ရဟန်းတော် တပါး ဖြစ်ခဲ့၍ ဉာဏ် အလွန် လေးလှသော အခြား ရဟန်းတော်တပါး ပညာသင်ရာ၌ ပြက်ရယ် ပြောင်လှောင်ခြင်း ပြုခဲ့ဘူး၏၊

ထိုမကောင်းမှုကံကြောင့် ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် ဂါထာတပုဒ်ကို လေးလတိုင်တိုင် သင်၍မျှ မရနိုင်အောင် အလွန်ဉာဏ်လေးရခြင်း ဖြစ်လေသည်၊ နောင်တွင်ကား ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်၍ ဧတဒဂ် ရသော မဟာသာဝက ဖြစ်ရလသည်၊ ပြောင်တတ် လှောင်တတ်သူတို့ အလွန် သတိပြုရှောင်ကြဉ်အပ်လှပေသည်။

---

## လကုဏ္ဍကဘဒ္ဒိယမထေရ်

### အချို့ ရှင် ရဟန်းတို့က မရိုမသေ ပြုသည်ကို ခံရခြင်း၊ အလွန်အမင်း အရပ်ပုကွခြင်း (ကြက်တမော့မျှ သာ အရပ် ရှိကြောင်း )

[ နိဒါန-သံ-ဋ္ဌ ၂၁၇၊ ဇာတက ဋ္ဌ-ဒု-အုပ် ၁၂၉ ]

ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် ၎င်းမထေရ်သည် အရပ် အလွန် ပုကွလှသည်၊ ကြက်တမော့မျှ သာ အရပ် ရှိသည်၊ ထို့ကြောင့် အချို့သော ရှင် ရဟန်းတို့က (အထူးသဖြင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့က ) နားရွက်ဆွဲလိုက် နှာခေါင်းဆွဲလိုက် ခေါင်းပုတ်လိုက် စသည်ဖြင့် ကစားခြင်း အမျိုးမျိုးကို ခံရရှာလေသည်၊ မရိုမသေပြုခြင်းကို ခံရရှာလေသည်။

၎င်းလကုဏ္ဍကဘဒ္ဒိယ မထေရ်ကား အသံ သာယာသော အရာ၌ ဧတဒဂ် ရသော မဟာသာဝကပေတည်း၊ နောင် ကာလကြာသော် ဘုရားသျှင် ကိုယ်တိုင်က ၎င်းမထေရ်၏ ဂုဏ်ပုဒ်

များကို ဟောကြား၍ ထိုသို့ မရှိမသေ မပြုကြရန် သတိပေး ဟောကြားတော်မူပြီးမှ သာ တိုဒုက္ခမှ ကင်းလွတ်ခဲ့ရလေသည်။

ငင်းမထေရ် အလောင်းမှာ တခုသော ဘဝတွင် မင်းဖြစ်စဉ် လူအိုများကို အလိုလိုမုန်းတီး၍ ညှင်းဆဲခဲ့ခြင်း အမျိုးမျိုး ပြက် ရယ်ပြောင်လှောင်ခြင်း ပြုခဲ့ဘူး၏၊ ထိုမကောင်းမှု အကုသိုလ် ကံကြောင့် ဘဝပေါင်း များစွာ သူတပါးတို့က မရှိမသေ အ မျိုးမျိုး ပြောင်လှောင် ကစားခြင်းကို ခံခဲ့ရရှာလေသည်။

ကဿပဘုရားသျှင်၏ တခဲနက် တလုံးတည်းသော ဓာတ် တော်ကို ဌာပနာ သွင်း၍ စေတီ တည်မည် ပြုကြရာတွင် ငင်း မထေရ် အလောင်းသည် ထိုအခါက ပန်းရံဆရာကြီး ဖြစ်ခဲ့ လေ သည်၊ လူအပေါင်းတို့က ၇-ယူဇနာ မြင့်အောင် စေတီ တည်ရန် တိုင်ပင်ကြရာ နောင်အခါတွင် ပြုပြင်ရ ခက်မည် ဟူသော အ ကြောင်းပြချက်ဖြင့် ငင်းပန်းရံဆရာကြီးက ၁-ယူဇနာ သာ အ မြင့် တည်ရန် အမျိုးမျိုး နားသွင်းလေရာ နောင်သော် လူအ ပေါင်းတို့ကလည်း သဘောတူကြလေသည်၊ လူ အပေါင်းတို့က ကြီးကြီးကျယ်ကျယ် တည်ဆောက်လိုသည်ကို ငင်းမထေရ် အ လောင်း ပန်းရံဆရာကြီးက ငယ်အောင် တိုက်တွန်း ခဲ့သော ကြောင့် ဖြစ်ရာဖြစ်ရာ ဘဝတိုင်း၌ အရပ် အလွန် ပုကွရခြင်း ဖြစ်ကြောင်း ပြဆိုထားလေသည်။ ( သူတပါးတို့ ကောင်းမှု ကုသိုလ်ပြုရာ၌ ဝင်ရှုပ်တတ်သူတို့ အလွန် သတိပြုစရာကောင်း လှပေသည်။)

—

## ဇမ္ဗုကမထေရ် ဝင့်ခံရပုံ ၄-မျိုး

[ ဓမ္မပဒ ပ- ၃၁၄]

ငါတို့ ဂေါတမဘုရားသျှင် လက်ထက်တော် အခါ ရာဇဂြိုဟ်ပြည်၌ အလယ် အလတ်မျှ ချမ်းသာသော အမျိုးအိမ်ဝယ် သားတယောက် ဖွားမြင်၏၊ ထိုသားငယ် ခြေဖြင့် သွားနိုင်သော အရွယ်မှ စ၍—

၁ - အိပ်ရာ၌ မအိပ်၊ မြေကြီးပေါ်၌ သာအိပ်၏။

၂ - လူတို့ စားသော အစာကို မစား၊ မစင်ကို သာ စား၏။

၃ - အဝတ် ဝတ်ပေး၍ မရ၊ အမြဲတမ်း ကိုယ်တုံးလုံး သာနေ၏။

၄ - ဆံပင် ရိပ်ပေး၍ မရ၊ အာဇီဝကတို့ထံ ရောက်သော အခါမှ မြေကြီးထဲတွင် လည်ပင်းမြုတ်အောင် မြုတ်ထားပြီး ပခုံး နှစ်ဘက်ပေါ်မှ ပျဉ်ပြားဖြင့် ဖိထား၍ မလှုပ်မရှား နိုင်အောင် ထားကာ ထိုဆံပင်ရှည်များကို ထန်းသီးစေ့ အခြမ်းဖြင့် ဆွဲညှပ် နှုတ်သည်ကို ခံရ၏။

သူငယ်၏မိဘတို့သည် ဤသားငယ်ကို ငါတို့မမွေး မကျွေးလို၊ ရှက်စရာ အလွန် ကောင်းလှ၏၊ အရှက်မရှိသော (ဝါ) အဝတ် မဝတ်သော အာဇီဝကတို့ထံ ပို့ကြပါစို့ ဟု ကိုင်ပင်ပြီး အာဇီဝကတို့ထံသို့ ပို့လိုက်ကြ၏၊ ထို သူငယ်ကို အာဇီဝကရဟန်းပြု ပေးလိုက်ကြကုန်၏၊ ထိုအခါ အထက်ဆိုခဲ့ပြီး နံပါတ်

(၄) အတိုင်း ဆံပင်နှုတ်ခြင်းကို ခံရလေသည်၊ ဇမ္ဗုက ဟု နာမည်ပေးထားကြ၏။

အာဇီဝကရဟန်း ပြုပြီးနောက် မိဘတို့က 'နက်ဖြန် နံနက်ဆွမ်းစား ကြွတော်မူကြပါဘုရား' ဟု ပင့်လျှောက်၍ အိမ်သို့ပြန်ကြ၏၊ နံနက် ရောက်လတ်သောအခါ အခြားအာဇီဝကတို့က ဆွမ်းစား သွားရန် အတန်တန် ခေါ်သော်လည်း မလိုက်ဘဲ ကျောင်း၌ နေရစ်ပြီး မည်သူမျှ မရှိသော အခါတွင် ကျင်ကြီး အိမ်တွင်းသို့ ဝင်၍ ဖုံးထားသော ပျဉ်ချပ်ကို လှပ်ကာ မစင်များကို အားရပါးရ စားလေတော့၏၊ နေ့တိုင်း နေ့တိုင်းဆွမ်းခံသွားရန် ခေါ်သော်လည်း မလိုက်ဘဲ ကျောင်း၌ နေရစ်ကာ မစင်ကို သာ အမြဲ စားနေ၏၊ အခြားသော အာဇီဝကတို့က အကြောင်းသိရန် ချောင်းမြောင်း ကြည့်ရှုကြရာ သူ့ဇာတိပေါ်သွားလေပြီ၊ ထိုအခါ အကြီးအကဲ အာဇီဝက က 'ငါတို့ အာဇီဝကတို့သည် မစင်ကို စားကြသည် ဟု လူတို့ ကဲ့ရဲ့မည် စိုးရိမ်ရသည်၊ ထို့ကြောင့် ဤဇမ္ဗုကကို နှင်ထုတ်ကြ' ဟု ခိုင်းစေသောကြောင့် အာဇီဝကအာရာမ်မှ နှင်ထုတ်လိုက်ကြကုန်၏။

ထိုသို့ နှင်ထုတ်လိုက်သောအခါ လူအများတို့ ကျင်ကြီးစွန့်ရာအရပ်အနီး၌ ရှိသော ကျောက်ဖျာကို မှီ၍ နေထိုင်၏၊ ကျောက်ဖြာပေါ်မှ နေ၍ လူအများတို့ စွန့်ထားသော မစင်တို့သည် ကျောက်ဖြာ ပတ်ဝန်းကျင်၌ လွန်စွာ များလှ၏၊ ဇမ္ဗုကသည် ညအခါတွင် မစင်ကို စား၍ နေ့အခါတွင် လက်တဘက်ဖြင့် ကျောက်ဖြာကို ထောက်ပြီး ခြေတဘက်ကို ဒူးပေါ်တင်၍ ခြေ

ထောက် တဘက်ဖြင့်သာ ရပ်လျက် ပါးစပ်ကို ဟင်းလင်းဖွင့်ကာ နေ၏။

လူအပေါင်းတို့က ဇမ္ဗုက ထိုသို့ နေသည်ကို မြင်သောအခါ ရှိခိုး၍ 'အဘယ့်ကြောင့် အရှင်ဘုရားသည် ပါးစပ်ကို ဟင်းလင်း ဖွင့်ကာနေပါသနည်း' ဟု မေးကြသောအခါ ဇမ္ဗုကက 'ငါသည် လေကို စား၏၊ တပါးသော အစာကို မစား' ဟု ဖြေဆို၏၊ 'အဘယ့်ကြောင့် ခြေတဘက်ကို ဒူးပေါ် တင်၍ ခြေတဘက် ဖြင့်သာ ရပ်နေပါသနည်း' ဟု မေးကြပြန်သောအခါ 'ငါသည် ပြင်းထန်သော အကျင့် ရှိ၏၊ ခြေထောက် နှစ်ဘက်စလုံး မြေ၌ နင်းချေသော် မြေကြီး တုန်လှုပ်လေရာ၏၊ ထို့ကြောင့် ခြေ ထောက် တဘက်ဖြင့် သာ ရပ်နေ၏၊ နေ့ညပတ်လုံး ဤသို့ သာ ရပ်နေ၏၊ ထိုင်ခြင်း-အိပ်ခြင်း အလျှင်းမရှိ' ဟု ပြောဆို၏။

လူတို့မည်သည်ကား များသောအားဖြင့် ပြောစကားမျှဖြင့် သာ ယုံကြည်လွယ်တတ်ကုန်၏၊ ဟုတ်တန်သည် မဟုတ်တန်သည် ဟု စီစစ် ဝေဘန် ပိုင်းခြား၍ သိတတ်သူကား ရှားပါးလှလေ သည်၊ ဇမ္ဗုက၏ စကားကို ကြားလျှင် 'သြော်-အံ့ဘွယ် ရှိပေစွ၊ ဤသို့ အကျင့် ပြင်းထန်သော ပုဂ္ဂိုလ်မျိုးကို ငါတို့ ရှေးက မတွေ့ ဘူး မကြုံဘူး' ဟု ချီးမွမ်းကြပြီးလျှင် အင်္ဂတိုင်း မဂဓတိုင်း၌ နေသော လူအများတို့သည်လည်း များစွာ ချီးမွမ်း အံ့သြကြ လျက် လတိုင်း လတိုင်း ကြီးစွာသော ပူဇော်ခြင်း အမှုကို ပြုကြ လေကုန်၏။

ထိုသို့ စားသောက်ဘွယ် မျိုးစုံတို့ဖြင့် ပူဇော် ကန်တော့လာကြသောအခါ ‘ငါသည် လေကိုသာ စား၏၊ တပါးသော အစာကို မစား၊ တပါးသော အစာကို စားချေသော် ငါ့အကျင့် ပျက်စီးတော့မည်’ ဟု ပြောဆိုပြီးလျှင် အကုန်ပယ်တော့၏၊ ထိုအခါ လူတို့က ‘အရှင်ဘုရား - တပည့်တော်တို့ကို မဖျက်ဆီးပါလင့်၊ အရှင်ဘုရားကဲ့သို့ အကျင့် ပြင်းထန်သော ပုဂ္ဂိုလ်သည် သုံးဆောင်ခြင်းကို ပြုအပ်သည် ရှိသော် တပည့်တော်တို့အား စီးပွားချမ်းသာ ဖြစ်ပါလတ္တံ့’ ဟု အကြိမ်ကြိမ် တောင်းပန်ကြကုန်၏၊ ထိုအခါ ဇမ္ဗုကသည် လူတို့ အကြိမ်ကြိမ် တောင်းပန်ခြင်းကြောင့် လူတို့ ယူဆောင်လာသော ထောပတ် တင်လဲ စသည်တို့ကို သမန်းမြက်ဖျားဖြင့် တို့၍ တို့၍ လျှာပေါ်၌ တင်၏၊ ‘တော်သောက်ပြီ၊ ဤမျှလောက် စားသောက်လျှင် သင်တို့အား စီးပွားချမ်းသာ ဖြစ်လတ္တံ့’ ဟု ပြောဆို လွှတ်လိုက်၏။

ဇမ္ဗုကသည် ဤသို့ဖြင့် (၅၅) နှစ် ကာလပတ်လုံး မစင်ကိုသာ စား၏၊ အဝတ် လုံးဝ မဝတ်၊ မြေ၌သာ အိပ်၏၊ ဆံပင်တို့ကို ထန်းစေ့မှုက်ဖြင့်သာ ညှပ်၍ ညှပ်၍ နုတ်ခြင်းကို ခံရ၏။

**မှတ်ချက်။** ။ထိုစဉ်အခါက ငါတို့ဘုရားသျှင်လည်း ထင်ရှားရှိတော်မူဆဲ အသျှင်သာရိပုတ္တရာ စသော အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက စသည်တို့လည်း ထင်ရှား ရှိတော်မူကြဆဲ တရားတော်များလည်း အသီးအသီး ဟောပြောတော်မူကြလျက် မြေလျှိုး မိုးပျံ စသော တန်ခိုးဣဒ္ဓိပါဒ်တို့ကိုလည်း မြင်ရကြားရဆဲ ဖြစ်ပါလျက်

အဝတ် မဝတ်သော ဇမ္ဗုကကဲ့သို့သော လဲ့မှားသော အကျင့်ကို ကျင့်ကြသူတို့အား အထင်ကြီးကာ ကိုးကွယ် ဆည်းကပ်လျက် နေကြသည်ကို သာ အံ့ဩဘွယ်ကောင်း လှ၏၊ ယခုကာလ ပေါ်တော်မူသည့် ရောင်ခြည်တော် လွှတ်သည် စသည်ဖြင့် ဘုရားနှင့် ပတ်သက်၍ လိမ်ညာ သမျှကို ယုံကြည်လွယ်သူများ, ရဟန္တာ ပေါ်သည် အနာဂါမ် ပေါ်သည် စသည်ဖြင့် တကယ်မဟုတ်ဘဲ လျက် ဇောကျော်မှုကို ငဲ့၍ ဝါဒဖြန့်မှုကို ယုံကြည်လွယ် သူများမှာ ဘာမျှ အံ့ဩဘွယ်ရာ မရှိပေ။

တနေ့သ၌ ဘုရားသျှင်၏ ရှေ့ဉာဏ်တော်ကွန်ရက်တွင် ဇမ္ဗုက အာဇီဝကသည် ထင်မြင်လာ၏၊ ၎င်းအား တရားဟောတော်မူရ သည်ရှိသော် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာ ဖြစ်လတံ့၊ ၈၄၀၀၀-သော ဝေနေယျပုဂ္ဂိုလ်တို့သည်လည်း မဂ်ဖိုလ် ရကြ ကုန်လတံ့ ဟု မြင်တော်မူ၏၊ ထိုအခါ အာနန္ဒာမထေရ်အား 'ချစ်သား အာနန္ဒာ-ဇမ္ဗုကအထံသို့ ငါဘုရား ကြွတော်မူမည်' ဟု မိန့်တော်မူ၏၊ 'တပါးတည်း ကြွတော်မူမည်လော' ဟု မေး လျှောက်သောအခါ တပါးတည်း သာ ကြွတော်မူမည် ဖြစ် ကြောင်း မိန့်တော်မူ၏။

ဘုရားသျှင် ကြွတော်မူမည် ဟု ကြားသိရသောအခါ နတ်တို့ သည် ဇမ္ဗုက ပတ်ဝန်းကျင်၌ အားလုံး သန့်ရှင်း စင်ကြယ် သွား အောင် မိုးသည်းသန်စွာ ရွာသွန်းစေ၏၊ မိုးရေဖြင့် ကျောက်

ဖျာအပြင်၌ သန့်ရှင်းစင်ကြယ်စေပြီးလျှင်( ၅ )မျိုးသောအဆင်း ရှိသော ပန်းမိုးတို့ကိုလည်း ရွာသွန်းစေ၏။

ထိုသို့ နတ်များက သန့်ရှင်းစေပြီး ကျောက်ဖျာပေါ်၌ ပန်းတို့ဖြင့် ဖြန့်ခင်းထား၏၊ ဘုရားသျှင်သည် ညနေချမ်း အခါ၌ တပါးတည်း ဇမ္ဗုကထံသို့ကြွတော်မူ၍ တရားဟောတော်မူသော အခါ ပဋိသမ္ဘိဒါလေးပါးနှင့် အကွ ရဟန္တာဖြစ်သွား၏၊ ထိုအခါမှ စ၍ ဝင့်ခံရသော လေးမျိုးသော ဒုက္ခမှလည်း လုံးဝ ကင်းလွတ်သွားပေပြီ၊ ဟေိဘိက္ခု ရဟန်း အဖြစ်ဖြင့် ရဟန်းပြု ပေးတော်မူ၏၊ ဇမ္ဗုကအထံသို့ ပူဇော်လာနေကျ လူပရိသတ်တို့ အားလည်း တရားဟောတော်မူရာ မဂ်ဖိုလ်ကို ရကြလေကုန်၏။ ( အကျဉ်းချုံး၍ ရေးလိုက်သည် )။

## ငှင်း၏ အတိတ်အကြောင်း

ကဿပဘုရားသျှင် ပေါ်ထက်တော် အခါ ရဟန်းတော်တပါးသည် ရွာကျောင်း တကျောင်း၌ နေထိုင်၏၊ သူကြွယ် တယောက်သည် ထိုရဟန်းကို ပစ္စည်းလေးပါးတို့ဖြင့် ကောင်းမွန်စွာ ပြုစုလုပ်ကျွေး၏၊ ထိုသူကြွယ်အိမ်၌ အမြဲ ဆွမ်းဘုဉ်းပေး၏၊ တနေ့သ၌ ရဟန္တာတပါးသည် ထိုရွာတွင် ဆွမ်းခံကြွလေသော် သူကြွယ်အိမ်ရှေ့သို့ ရောက်လျှင် သူကြွယ်သည် ထိုရဟန္တာ အရှင်မြတ်၏ ဣရိယာပုထ်၌ ကြည်ညိုသဖြင့် အိမ်ပေါ်သို့ ပင့်၍ ရိုသေစွာ မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်၏၊ သင်္ကန်းဆွေး မြေ့နေသည်ကို မြင်၍ သင်္ကန်းတစုံ ချုပ်ရန် ပုဆိုး ( ပိတ်ဖြူ )

ကိုလည်း လှူ၏၊ ဆံပင်ရှည်သည်ကို မြင်၍ ဆေတ္တာသည်ကို ခေါ်ပြီး ခေါင်းရိပ်စေတော်မူ၏၊ ညနေချမ်း အခါ အသျှင်မြတ် ကျိန်းစက်ရန် ဩောင်စောင်းကို ယူ၍ တပည့်တော် ယူခဲ့ပါ မည် ဟူ၍လည်း လျှောက်ထား၏။

သူကြွယ်၏ မူလဆရာရင်း အာဝါသိက ရဟန်းသည် တို အာဂန္တုက ရဟန္တာ အသျှင်မြတ် အပေါ်၌ သူကြွယ် ပြုမူသည် ကို မကျေနပ် စိတ်မချမ်းမသာ ဖြစ်ခဲ့၏၊ အမြဲတန်း နေထိုင် သော ငါ့အပေါ်၌မူ ဤသို့ မပြုဘူး၊ ယခုမှ တွေ့မြင်ရသော ပုဂ္ဂိုလ်၌မူကား ရှိရှိသေသေ လိုလေသေးမရှိအောင် ပြုစုဘိ၏- သို့ စိတ်ထဲတွင် မကျေနပ် မချမ်းမြေ့၊ သို့သော် ထုတ်ဖော်၍ ကား မပြော၊ ဆွမ်းဘုန်းပေးပြီးကြသောအခါ သူကြွယ်၏ ပင့် လျှောက်ချက် အရ အာဂန္တုက ရဟန္တာ အသျှင်မြတ်သည် အာဝါသိကရဟန်းနှင့် အတူ ကျောင်းသို့ကြွတော်မူကြ၏၊ ည နေချမ်း အခါတွင် သူကြွယ်သည် ဩောင်စောင်းကို ကျောင်းသို့ လာပို့၍ အာဂန္တုက အသျှင်အား 'ဤဩောင်စောင်း၌ ကျိန်း စက်တော်မူပါ၊ နက်ဖြန် နံနက်တွင် အသျှင်မြတ်တို့ နှစ်ပါးလုံး တပည့်တော်အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူကြပါ'ဟု လျှောက် ထား၍ အိမ်သို့ ပြန်လေ၏။

မူလနေထိုင်ရင်းဖြစ်သော အာဝါသိကရဟန်းသည် အာဂန္တု က ရဟန္တာအသျှင်မြတ်၏ ကျိန်းစက်ရာသို့ သွား၍ အောက်ပါ အတိုင်း ဆဲရေးခြင်း လေးမျိုးဖြင့် ဆဲရေးတော့၏။

(၁) ငါ့ရှင် အာဂန္တုကရဟန်း သင်သည် သူကြွယ်အိမ်၌ ဆွမ်းစားရသည်ထက် မစင်ကို စားရခြင်းက မြတ်သေး၏။

(၂) သူကြွယ် ခေါ်လာသော ဆေတ္တာသည်ဖြင့် သင်၏ ဆံပင်ကို ရိပ်ရသည်ထက် ထန်းစေ့ဖြင့် ညှပ်၍ နှုတ်ပစ်ရသည်က မြတ်သေး၏။

(၃) သူကြွယ် လှူသော သင်္ကန်းကို ဝတ်ရသည်ထက် အဝတ် မဝတ်ဘဲ နေရသည်က မြတ်သေး၏။

(၄) သူကြွယ်လာပို့သော ညောင်စောင်းဖြင့် အိပ်ရသည်ထက် မြေကြီး၌ အိပ်ရသည်က မြတ်သေး၏။

ဤသို့ ဆဲရေးသောအခါ အာဂန္တုက ရဟန္တာအသျှင်မြတ်သည် 'ဤသူမိုက်သည် ငါ့ကို အကြောင်းပြု၍ ပျက်စီးလေပြီ တကား' ဟု အောက်မေ့၍ သူကြွယ် ပင့်ထားသည်ကို မသွားတော့ဘဲ နံနက်စောစောစီးစီးကပင် ထ၍ ချမ်းသာရာ အရပ်သို့ ကြွသွားတော်မူ၏။

အာဝါသိကရဟန်းသည် နံနက်စောစောထ၍ ကျောင်း၌ ပြုဘွယ်ကိစ္စများကို ပြုပြီးလျှင် ဆွမ်းစားသွားချိန်၌ 'ယခု အချိန်တိုင်အောင်ပင် အာဂန္တုကရဟန်းသည် အိပ်တုံး ရှိသေး၏၊ ခေါင်းလောင်းထိုးသံဖြင့် နိုးစေအံ့' ဟု ကြံစည်၍ လက်သဲခွန်ဖြင့် ခေါင်းလောင်းကို ထိုးပြီးလျှင် ရွာသို့ ကြွသွား၏၊ သူကြွယ်သည် ခရီးလမ်းကို မျှော်ကြည့်လျက်နေစဉ် အာဝါသိကရဟန်း

ရောက်လာသော အခါ 'အာဂန္တုကရဟန်း အဘယ်မှာနည်း ဘုရား' ဟု မေးမြန်းလျှောက်ထား၏၊ အာဝါသိက ရဟန်းသည် 'အို သူကြွယ် ဘာမျှ မမေးလင့်၊ သင့်ရဟန်းသည် စောစောအိပ်ပြီး ယခုအချိန်ထိ မထသေး၊ ငါ၏ တမြက်စည်း လှည်းသံ, သောက်ရေခတ်သံ, ရေအိုးဆေးကြောသံ, ခေါင်းလောင်းထိုးသံ ကိုမျှ မကြားနိုင် အအိပ်ကြူးနေသည်' ဟု ပြောကြား၏။

ထိုစကားကို ကြားသော အခါ သူကြွယ်သည် 'ဤအချိန်တိုင်အောင် မည်သည့်နည်းနှင့်မျှ အိပ်စက်မည် မဟုတ်၊ ငါ၏ ပူဇော်သက္ကာရကို သည်းမခံနိုင်၍ ဤအာဝါသိက ရဟန်းသည် တစုံ တခုသော မနှစ်သက်ဘွယ်စကားကို ပြောဆိုလတံ့' ဟု တွေးတောမိ၏၊ ထိုဆရာရင်း အာဝါသိကရဟန်းကို ကောင်းမွန်စွာ ဆွမ်းလုပ်ကျွေးပြီးလျှင် သပိတ်ကို စင်ကြယ်စွာ ဆေးကြော၍ အာဂန္တုက ရဟန်းအား 'တဆင့် ကပ်လှူပါဘုရား' ဟု လျှောက်ထား၍ ဆွမ်းခဲဘွယ် ဘောဇဉ်ကို ထည့်ပေးလိုက်၏။

အာဝါသိကရဟန်းသည် 'ဤမျှ ကောင်းမွန်သော ဆွမ်းခဲဘွယ်ကို အာဂန္တုကရဟန်း စားရသည် ရှိသော် ဤကျောင်းက ခွာတော့မည် မဟုတ်' ဟု တွေးတောကြံစည်၍ ယူလာသော ဆွမ်းခဲဘွယ်များကို လမ်းဘေးခြုံထဲ၌ စွန့်ပြစ်ထားခဲ့၏၊ ကျောင်းပြန်ရောက်သော အခါ အာဂန္တုကရဟန်းကို မတွေ့ရတော့ချေ၊ ထိုသို့ မတွေ့သော အခါမှ နောင်တကြီးစွာ ရ၍ တရားကို ပင် နှလုံးမသွင်းနိုင်အောင် စိတ်တုန်လှုပ် ခြောက်ခြားနေတော့၏။

အနှစ် နှစ်သောင်း ကာလပတ်လုံး တရားကို အားထုတ်သော်လည်း ရဟန္တာကို ပြစ်မှားသော အရိယူပဝါဒန္တရာယ်ကြောင့် မဂ်ဖိုလ်ကို မရတော့ချေ၊ သေလွန်သော အခါ အဝီစိငရဲ၌ ကျ၍ ဘုရားတဆူ အကြား ကာလပတ်လုံး ခံရလေတော့၏။

ထိုသို့ ရဟန္တာအသျှင်အား ဆဲရေးခြင်း ( ၄ ) မျိုးဖြင့် ဆဲရေးခဲ့သောကြောင့် အစနား၌ ရေးခဲ့သော ဝဋ္ဋဒုက္ခ ( ၄ ) မျိုးကို ခံရခြင်း ဖြစ်၏၊ အနှစ် နှစ်သောင်း တိုင်တိုင် တရားကို အားထုတ်ခဲ့သောကြောင့် အလှယ်တကူနှင့် ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အဖြစ်သို့ ရောက်ရခြင်း ဖြစ်၏။

---

## လောသကတိဿမထေရ်

### ဘုရားတဆူ အကြား ကာလပတ်လုံး အစာဝအောင် မစားရခြင်း အကြောင်း

[ ဇာတက-ဋ္ဌ-ပ-အုပ်-၂၅၁-၆ ]

လောသကတိဿမထေရ်မှာ ငါတို့ ဘုရားသျှင် သက်ထက်တော်တွင် နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူမည့် နေ့တွင်မှ သာသပိတ်ကို ဆရာ ဖြစ်သူ အသျှင် သာရိပုတ္တာရာမြတ် ကိုင်ပေး၍ ဆွမ်းကို ဝအောင် ဘုဉ်းပေးရရှာကြောင်း လူ ရှင် ရဟန်း အတော်များများ သိပြီး ဖြစ်ကြ၍ အကျယ်ချဲ့ မရေးတော့ပြီ။

ပြုခဲ့ဘူးသော မကောင်းမှုမှာ ဆိုခဲ့ပြီးသော ဇမ္ဗုကမထေရ် ဖြစ်စဉ်နှင့် တူလေသည်၊ အာဂန္တုက ရဟန္တာအသျှင်မြတ် ဆွမ်း

ဘုဉ်းပေးရန် သူကြွယ် ထည့်ပေးလိုက်သော ဆွမ်းဟင်းများကို မီးလောင်ပြင်၌ စွန့်ပစ်ခဲ့ဘူးလေသည်၊ ဤတမျိုး သာ တုလေသည်၊ ကြွင်းသော ဝတ္ထုဒုက္ခများကား ငင်းလေသကတိဿ မထေရ်၌ မခံစားရပါလေ။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခ အဖုံဖုံကို ခံစားရပြီးလျှင် ကဿပဘုရားသျှင် သာသနာတော်မှ ငါတို့ ဘုရားသျှင် လက်ထက်တော်အထိ ဘုရားတဆူ အကြား ကာလပတ်လုံး ဖြစ်လေရာရာ ဘဝတိုင်း၌ မည်သည့် အခါမျှ ဝမ်းဝအောင် မစားမသောက်ရပေ။

ဤသော မဇ္ဈေရ တရားတို့ နှိပ်စက်ခံရမှုဒဏ်ကို သိကြပြီးသော ဓမ္မမိတ်ဆွေ အပေါင်းတို့သည် မိမိသန္တာန်၌ ဆိုးဝါးလှသော ထို ဤသော မဇ္ဈေရ တရားများ မဖြစ်အောင် များစွာ စောင့်စည်းသင့်ကြပေသည်။

ငင်းလေသကတိဿ မထေရ်၌ ဆိုခဲ့ပြီးသော ဇမ္ဗုကမထေရ် ရောဟိနီမင်းသမီး စသည်တို့သည် ဤသော မဇ္ဈေရတို့ ဒဏ်ချက်ကို မရှုမလှ ခံကြရသော ပုဂ္ဂိုလ်တို့တည်း၊ အခြား အခြားသော ငရဲ တိရစ္ဆာန် ပြိတ္တာဘုံ၌ ဖြစ်ကြရသော ဝတ္ထုများလည်း များစွာရှိသေးသည်၊ (ငင်းလေသကတိဿမထေရ် ဝတ္ထုကို အကျယ် သိလိုလျှင် အထက်ပါ ဇာတက အဋ္ဌကထာတွင် ကြည့်ရှုကြပါလေ။)

## အသျှင်ဒဗ္ဗမထေရ်

### ပဌမပါရာဇိက သိက္ခာပုဒ်ဖြင့် အစွပ်စွဲခံရခြင်း အကြောင်း

[ ထေရ-ဋ္ဌ-၁-အဋ္ဌ-၅၂၊ ၅၄ ]

၎င်းဒဗ္ဗမထေရ်မြတ်ကား မလ္လာမင်း၏ သား ဖြစ်၍ (၇) နှစ် သားအရွယ်တွင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တည်း၊ သေနာသန ပညာပက အရာ၌ ဧတဒဂ်ရသော မဟာသာဝကလည်း ဖြစ်၏၊ တနေ့သ၌ မေတ္တိယဘူမာဇကာ ရဟန်းတို့သည် ထိုဒဗ္ဗမထေရ်မြတ် အပေါ်၌ ရန်ငြိုးဖွဲ့၍ မေတ္တိယာ အမည်ရှိသော ဘိက္ခုနီ( ရဟန်း မ ) နှင့် မေထုန်မှီဝဲကြောင်း အစွပ်စွဲ ခံကြရလေသည်၊ ထိုစွပ်စွဲ ချက်မှာ မဟုတ်မမှန်ကြောင်း ဖြေရှင်းပြီးနောက် ဆိတ်ဖို နှင့် ဆိတ်မတို့ မေထုန်မှီဝဲသည်ကို သျှင်ဒဗ္ဗကို ဆိတ်ဖို-မေတ္တိယာဘိက္ခုနီကို ဆိတ်မ အရာထား၍ ဒုတိယအကြိမ် အစွပ်စွဲ ခံရပြန်၍ မဟုတ်မမှန်ကြောင်း ဖြေရှင်းရပြန်လေသည်။

ထိုသို့ မဟုတ်မမှန်ပါဘဲလျက် နှစ်ကြိမ် တိုင်တိုင် အစွပ်စွဲ ခံရခြင်း အကြောင်းကား ၎င်းဒဗ္ဗမထေရ်မြတ် အလောင်း သည် ဝိပဿီဘုရားသျှင်၏တပည့် ရဟန္တာအသျှင်မြတ်တပါးကို ဒုဿီလ (သီလမရှိသူ) ပုဂ္ဂိုလ် ဟူ၍ကဲ့ရဲ့ ခဲ့ စွပ်စွဲခဲ့ဘူးသောကြောင့် ဤသို့ အစွပ်စွဲခံရခြင်း ဖြစ်ကြောင်း အပဒါန်ပါဠိ၌ ကိုယ်တိုင် ပြန်၍ ဟောထားတော်မူလေသည်။

ထိုသို့ ကဲ့ရဲ့ ခဲ့ စွပ်စွဲခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်း များစွာ ဆင်းရဲဒုက္ခ အဖုံဖုံကို ခံစားခဲ့ရပြီးလျှင်

ယခု နောက်ဆုံးဘဝ၌လည်း နှစ်ကြိမ်တိုင်တိုင် ဤသို့ အစွပ်စွဲခံရခြင်း ဖြစ်လေသည်။ ။ပါးစပ်သရမ်းမှုကား ဤမျှထိ ကြောက်လန့်ဘွယ် ကောင်းလှပေသည်။

---

## အစုကာသိ-ထေရီ

## ပြည့်တန်ဆာမဖြစ်ရခြင်းအကြောင်း

[ အပဒါန-ပါ-ဒု-အုပ်-၂၉၂။ ။ထေရီ-ဋ္ဌ-၃၁ ]

ဂင်းထေရီအလောင်း အမျိုးသမီးလေးသည် ကဿပဘုရားသျှင်သာသနာတော်၌ သဒ္ဓါတရား စစ်စစ်ဖြင့် ဘိက္ခုနီ ပြုလုပ်နေစဉ်တနေ့သည်၌ ပဋိသမ္ဘိဒါပတ္တရဟန္တာ ထေရီတပါးကို စိတ်ဆိုးဆိုးဖြင့် "ပြည့်တန်ဆာမဟဲ့" ဟူ၍ ဆဲရေးခဲ့ဘူး၏၊ ထိုသို့ ဆဲရေးခဲ့သော ဖရုဿဝါစာ ဝစီကံ အပြစ်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲအမျိုးမျိုးကို ခံစားခဲ့ရပြီးလျှင် ငါတို့ ဘုရားသျှင်လက်ထက် အဆုံးဘဝတိုင်အောင် ဘဝဟိုင်းဘဝတိုင်း ပြည့်တန်ဆာမ ဖြစ်ခဲ့ရရှာလေသည်။ ။ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီဖြစ်၍ ပရိနိဗ္ဗာန်စံသွားလေပြီ။

---

## အမ္ဗပါလီ-ထေရီ

## ပြည့်တန်ဆာမ ဖြစ်ရခြင်း အကြောင်း

[ အပဒါန-ပါ-ဒု-အုပ်-၂၉၅။ ။ထေရီ-ဋ္ဌ-၂၁၄ ]

ဆိုခဲ့ပြီးသော အစုကာသိထေရီ ဆိုခဲ့ပုံနှင့် အတူပင်တည်း၊

ထူးခြားသည်ကား ၎င်းအမွပါလီပြည့်တန်ဆာမသည် သရက်ပင်ခြကြားတွင် ကိုယ်ထင်ရှား ဖြစ်လာသော သြပပါတိက သတ္တဝါတည်း၊ ၎င်းထေရီသည်း ငါတို့ဘုရားသျှင် လက်ထက်တော်တွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီ ဖြစ်၍ ပရိနိဗ္ဗာန်စံသွားလေပြီ။

ပါးစပ်သရမ်းသူ နှုတ်ကြမ်းသူတို့ အလွန် သိထားဘွယ်ကောင်းလှသော သက်သေ သာဓကများပေတည်း။

**မှတ်ချက်။** ။ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြသော ယောကျ်ား မိန်းမ တို့သည်လည်း ပြည့်တန်ဆာမ ဖြစ်တတ်ကြောင်း သတိပြုကြရမည်။

—

## ပုဏ္ဏာ·ထေရီ
## ကျွန်မ ဖြစ်ရခြင်း အကြောင်း

[ အပဒါန-ပါ-ဒု-အုပ်-၂၉၃။ ။ထေရီ-ဋ္ဌ-၂၀၇ ]

အပဒါန၌ 'ပုဏ္ဏိကာ' ဟူ၍ ရှိ၏။ ။ (၆) ဆူသော ဘုရားသျှင်တို့ သာသနာတော်၌ ဘိက္ခုနီ ပြုလုပ်ကာ သီလလည်း စင်ကြယ်၏၊ ဗဟုဿုတလည်း ကြွယ်ဝ၏၊ ဓမ္မကထိက ပုဂ္ဂိုလ်လည်းဖြစ်၏၊ သို့သော် အလွန် မာနကြီးခဲ့သောကြောင့် ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် အနာထပိဏ် သေဌေးကြီး၏ အိမ်တွင် ကျွန်မဝမ်း၌ ပဋိသန္ဓေ နေလာရ၍ မွေးဖွားလာသော အခါ ကျွန်မ ဖြစ်ရရှာလေသည်။

တနေ့သ၌ ဝါကျွတ်ပြီးအခါ ဘုရားသျှင် ဒေသစာရီ လှည့်လည်ရန် ပြင်ဆင်နေစဉ် ၎င်းကျွန်မက ခရီးမထွက်နိုင်အောင် လျှောက်ထား တောင်းပန်နိုင်သောကြောင့် သေဌေးကြီးက ကျွန်မအဖြစ်မှ လွတ်စေ၍ သမီးအဖြစ်ဖြင့် မွေးစားခံရလေသည်၊ နောင်တွင် သာသနာတော်၌ ဝင်လာ၍ ပဋိသမ္ဘိဒါပတ္တရဟန္တာ ထေရီ ဖြစ်၍ ပရိနိဗ္ဗာန်စံသွားလေပြီ။

---

## ဥပါလိမထေရ်

## ကျွန်ဖြစ်ရခြင်း အကြောင်း

[ အပဒါန-ပါ-ပ-အုပ်-၄၊ ဋ္ဌ-ပ-အုပ်-၃၀၈ ]

ပါ-၌ ဂါထာ နံပါတ်-၅၇၇

၎င်းဥပါလိ မထေရ်မှာ ဝိနယဓရ အရာ၌ ဧတဒဂ် ရသော မဟာသာဝကပေတည်း၊ လူဖြစ်စဉ်ကမူ သာကီဝင် မင်းသားများ၏ ကျွန်ဖြစ်ခဲ့လေသည်၊ ထိုသို့ ကျွန်ဖြစ်ရခြင်း အကြောင်းကို ၎င်းမထေရ်ကိုယ်တိုင် (အပဒါန-၌) ပြန်ဟောထားရာ ဂါထာနံပါတ် ၅၅၁ မှ စ၍ ၅၇၇ အထိ ဖြစ်လေသည်၊ အလွန် မာနကြီးခဲ့သောကြောင့် ကျွန် ဖြစ်ရကြောင်း ဟောထားတော်မူလေသည်။

ကံ ကံ၏ အကျိုး အဖွင့်ခဏ်း၌—

'မာန် မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ် ညံ့မည်ဆို'

ဟူ၍ ဆိုခဲ့ခြင်းဖြစ်လေသည်။ ။(တနည်း ) ခုဇ္ဇုတ္တရာ ကျွန်မ

ဝတ္ထု၌ ရဟန်း သာမဏေ စသည်တို့ ရှိသေထိုက်သော ပုဂ္ဂိုလ်တို့ကို ခိုင်းစေ တတ်သော လူ တို့ သည် လည်း ကျွန် ဖြစ် တတ်ကြောင်း ပြဆိုထားလေသည်၊ လူပုဂ္ဂိုလ်တို့သည် ရဟန်း သာမဏေ စသည် တို့ကို မခိုင်းမိ မစေမိကြရန် အထူး သတိပြု ရှောင်ကြဉ်သင့်ကြပေသည်။

—

## အင်္ဂုလိမာလ မထေရ် ဝင္ဂုံခံရပုံ

[ ထေရ-ဋ္ဌ-ဒု အုပ်-၃၃၀ ]

အင်္ဂုလိမာလ မထေရ်အသောင်းမှာ လူပေါင်း မြောက်များစွာကို သတ်ပြီး လက်ညှိုးများကို ဖြတ်၍ ဖြတ်၍ ကြိုးဖြင့် သီကုံးကာ လည်ပင်း၌ ဆွဲထားသည်မှ အစပြု၍ ခေါ်ကြသော နာမည် ဖြစ်ကြောင်း အများသိပြီး ပင် ဖြစ်ပေသည်၊ ငယ်နာမည်ကား အဟိံသက ဟူသည်တည်း၊ ရဟန္တာ ဖြစ်ပြီးနောက် ပြုခဲ့သော ပါဏာတိပါတ အကုသိုလ်ကံတို့မှာ နောက်နောက်ဘဝများ၌ အကျိုးပေးခွင့် မရှိတော့သောကြောင့် ယခုဘဝမှာပင် အကျိုးပေးလေတော့သည်။

မကောင်းကျိုးပေးပုံကား—ရှင်းမထေရ် ဆွမ်းခံကြွလေသော်ကလေး သူငယ် စသည်တို့ ကစားသော အားဖြင့်ရှင်း၊ ငှက်စသည်ကို ပစ်သော အားဖြင့်ရှင်း ပစ်လေသမျှ ခဲ ဒုတ် စသည်တို့သည် အင်္ဂုလိမာလ မထေရ် ကိုယ်ပေါ်၌ သာ ထိမှန်ကျလေသည်၊ ဦးခေါင်း ပေါက်ပြဲခြင်း၊ သပိတ်ကွဲခြင်း၊ ကိုယ်၌ အနာ

တရဖြစ်စေခြင်း စသည်ဖြင့် ဆင်းရဲမျိုးစုံကို ခံစားရလေသည်၊ ထိုအကြောင်းကို ဘုရားသျှင် သိတော်မူသောအခါ မထေရ်အား သည်းခံရန် အမြဲ ဆုံးမတော်မူလေသည်။

## ဘုရားသျှင်၏ မဟာကရုဏာတော်

ထိုမထေရ်ကို မြင်မြင်သမျှ လူအပေါင်းတို့မှာ 'ဤရဟန်းကား ငါတို့၏ အဘကို သတ်ခဲ့သူတည်း-အမိကို သတ်ခဲ့သူတည်း' စသည်ဖြင့် စက်ဆုတ် ရွံရှာမုန်းတီးကြသဖြင့် ပစ္စည်းလေးပါး လှူဒါန်းဘို့ မဆိုထားဘိ ကြည့်ရုံမျှ မကြည့်လိုကြပေ၊ ထို့ကြောင့် ၎င်းမထေရ်မှာ လွန်စွာ ဆင်းရဲ ပင်ပန်းပေသည်၊ မထေရ်အပေါ်၌ လူအပေါင်းတို့ မေတ္တာစိတ် ဝင်လာစေရန် သားမဖွားနိုင်သော မိခင်လောင်းတို့ အလွယ်တကူ သားဖွားစေတတ်သော သစ္စာပြုမန္တာန် အင်္ဂုလိမာလ ပရိတ်တော်ကို သင်ကြားပေးတော်မူလေသည်။

သစ္စာပြုမန္တာန် ပရိတ်ရေကို တိုက်ပေးလေသော် သွယ်ကူစွာ မီးဖွားကြလေသည်၊ ထိုအခါမှ စ၍ မထေရ်အပေါ်၌ လူတို့ မေတ္တာသက်ဝင်လာလေတော့သည်။

ဘုန်းကံ နည်းပါး၍ ပစ္စည်းလေးပါးတို့ကြောင့် ပင်ပန်း ဆင်းရဲလှသော သာဏမထေရ်အားလည်း သံဃာတော်များ အတွက် သောက်ရေ သုံးရေ ခပ်စေတော်မူသည်၊ ထိုဝတ်နိဗဒ်ကို မြင်သဖြင့် လူတို့ ကြည်ညိုလာကာမှ ပစ္စည်းလေးပါးကြောင့် မပင်ပန်းတော့ဘဲ ချမ်းသာကို ရလေသည်။

## သုဘဒ္ဒပရိဗ္ဗာဇ်
## ဘုရားသျှင်အား နောက်ဆုံးမိတ်မှ ဖူးမျှော်ရခြင်း အကြောင်း

[ အပဒါနပါ-ပ အုပ် ၁၁၁၊ ဋ္ဌ-ဒု-အုပ်၊ ၇၃။
ပါဠိ ဂါထာ နံပါတ် ၁၂၁ ]

ငါတို့ ဘုရားသျှင် လက်ထက် ဥပကတက္ကတွန်း ရဟန်း လူ ထွက် နှင့် ဆာဝေါ ဟူ၍ ယခုလူတို့ ခေါ်နေကြသော စာပေါ် အမျိုးသမီးတို့မှ မွေးဖွားသော သုဘဒ္ဒ မည်သော သတို့သား သည် ကြီးပြင်းသောအခါ ပရိဗ္ဗာဇ် ရဟန်းပြု၍ နေလေသည်။ ဘုရားသျှင် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင်မှ ရောက်လာ၍ ဖူးမျှော် ရပြီး ရဟန်းအဖြစ်ကို ရလေသည်။

ဤသို့ အလွန် နောက်ကျစွာ ဖူးမျှော်ရခြင်း အကြောင်းကို ကိုယ်တိုင် ပြန်ဟောထားသည်မှာ ကဿပဘုရားသျှင် သာသနာ တော်တွင် ၎င်းပရိဗ္ဗာဇ်၏ သားသည် ဝင်ရောက်၍ ရဟန်းပြုပြီး တိဿ အမည်တော်ဖြင့် အဂ္ဂသာဝက မထေရ်မြတ် ဖြစ်လေ သည်၊ ထိုအခါ ပရိဗ္ဗာဇ်အလောင်း ဘခင်က စိတ်ဖြင့် ပစ်မှား ကာ ' သာသနာတော်တွင်းသို့ နောက်မှ ဝင်ရောက် ရသလား၊ ထိုသို့ ဝင်ရောက်ရသူသည် ယုတ်ညံ့သူသာတည်း '' ဟု ပြောဆို ကဲ့ ရဲ့ ခဲ့လေသည်။

ထိုသို့ ပြောဆို ကဲ့ရဲ့ခဲ့သော ဝစီကံ အပြစ်ကြောင့် ငါတို့ ဘုရားသျှင် ပရိနိဗ္ဗာန် စံတော်မူခါနီး ဆဲဆဲတွင်မှ ဖူးမျှော်ရ ခြင်း ဖြစ်ရလေသည်။

**သတိပြုရန်။** ။ယခု ပစ္စုပ္ပန်ဘဝ၌လည်း ဒုစရိုက် အမှုများကို ကျူးလွန်ခြင်း စသော တစုံတခုသော အပြစ်ကြောင့် ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားကြရကြောင်း၊ လူတိုင်း အသိ ပင် ဖြစ်တော့သည်၊ ထို့ကြောင့် အဆိုး ဟူသမျှကို တွေ့ရခြင်းမှာ ရှေးအတိတ်ကံကြောင့် သာ ဟု တဖတ်သတ် စွဲမှား မယူမိကြရန် အထူး သတိပြုအပ်ပေသည်။

---

## စုန္ဒသူကရိက ဝက်သတ်သမားဝတ္ထု
## သေခါနီး ဝက်အော်သလို အော်၍ သေရပုံ

[ ဓမ္မပဒ-ပ-၁၀၊ ၈၂ ]

ငါတို့ ဂေါတမဘုရားသျှင် လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်၌ စုန္ဒသူကရိက မည်သော ဝက်သတ်သမားသည် ၅၅-နှစ် ကာလပတ်လုံး ဝက်တို့ကို သတ်၍ အသက်မွေး၏၊ ထိုထို ရွာနိဂုံးတို့သို့ လှည့်လည်၍ ဝက်ငယ်များကို ဝယ်ယူပြီးလျှင် အိမ်၌ ခြံလုပ်၍ မွေးမြူထား၏။

သတ်လိုသော ဝက်ကို တိုင်၌ မြဲမြံစွာ ချည်နှောင်၍ အသားတိုးပွားစေခြင်းငှာ လေးထောင့်ရှိသော ဆောက်ပုတ် (လက်ရိုက်) ဖြင့် တကိုယ်လုံး အနှံ့ အပြား ရိုက်နှက်၏၊ အသားများ ဖူးဖူးရောင် လာသောအခါ ပါးစပ်တွင် ဒုတ်ချောင်း ထောက်၍ အလွန် ပူပြင်းလှသော ရေနွေးကို ဝမ်းထဲသို့ လောင်းထည့်၏၊ ဝမ်းထဲမှ ကျင်ကြီးတို့သည် ထိုရေနွေးပူနှင့် အတူ

အပြင်သို့ ထွက်ကျလာကုန်၏၊ ရေကြည် ဆင်းလာသည် တိုင်အောင် ထပ်ကာ ထပ်ကာ လောင်းပေး၍ ရေကြည် ကျဆင်းလာမှ ရေနွေးပူလောင်းခြင်းကို ရပ်ဆိုင်းလိုက်၏၊ တကိုယ်လုံး ရေနွေး ပူလောင်ပြန်၍ အမွေးနက်တို့ကို နုတ်ပစ်၏၊ အပေါ်မှ အရေနက်ကို ခွာပြီးလျှင် မြက်မီးရှူးဖြင့် ကျန်သော အမွေးတို့ကို မီးရှို့ပြန်၏၊ အားလုံးပြီးစီးမှ ဓားဖြင့်ဦးခေါင်းကို ဖြတ်လေတော့၏၊ ကျလာသော သွေးတို့ကို ခံယူ၍ အသားဖြင့်နယ်ကာ ချက်ပြုတ်၍ သားမယားနှင့် တကွ ပျိုးရွှင်စွာ စားသောက်လေ၏၊ ကျန်သော အသား စသည်တို့ကို ရောင်း၏၊ ဤသို့ဖြင့် ၅၅-နှစ် ကာလပတ်လုံး ဝက်ကို သတ်၍ အသက်မွေးလေသတည်း။

ဝေဠုဝန်ကျောင်းတော်၌ ဘုရားကိုယ်တော်မြတ် သီတင်းသုံးနေတော်မူရာ ပန်းတပွင့် ဆွမ်းတယောင်းမျှ လှူဒါန်းခြင်း မပြုခဲ့၊ အခြား မည်သည့် ကောင်းမှု ကုသိုလ်ကိုမျှ မပြုလုပ်ခဲ့၊ တနေ့သ၌ စုန္ဒသူကရိက ဝက်သတ်သမားကိုယ်တွင် ရောဂါ စွဲကပ်လေတော့၏၊ အသက်ရှင်နေစဉ် ပင် အဝီစိမှ ငရဲမီးသည် သူ့အား ပူလောင်စေလေပြီ၊ အိမ်အလည်တွင် လေးဘက်ထောက် သွားလျက် ဝက်အော်သလို အော်မြည်ကာ မရပ်မနား ပြေးသွားနေ၏၊ သူ၏ သားမယားတို့က မရုန်းနိုင်အောင် ချုပ်ကိုင်၍ ပါးစပ်ကို အတင်း ပိတ်ကြကုန်၏၊ ပြုခဲ့သော အမှု(ကံ)၏ အကျိုးကို မည်သူ တားဆီးနိုင်အံ့နည်း၊ မည်သူမျှ မတားဆီးနိုင်ပေ၊ ထို့ကြောင့် စုန္ဒသူကရိက ဝက်သတ်သမားသည် ဝက်အော်သလို အော်ကာ ပြေးမြဲ ပြေးနေလေသည်။

**အရပ်လေးမျက်နှာ** (၇)အိမ်ရှိ လူတို့သည် မည်သူမျှ အိပ်၍ မရကြပေ၊ သူ၏ အိမ်တံခါးကို မြဲမြံစွာ ပိတ်ဆို့၍ သူ၏ သား သမီး မယားတို့သည် အိမ်အပြင်မှ နေ၍ စောင့်နေကြရကုန်၏၊ (၇)ရက်ပတ်လုံး အိမ်ပေါ်တွင် တယောက်ထည်း ဟိုပြေး သည် ပြေး **အော်မြည်ကာ** အလွန် ပူလောင်သော ဆင်းရဲဒုက္ခကို ခံစား ရပြီးလျှင် (၈)ရက်မြောက်သောနေ့၌ သေလွန်၍ မဟာအဝီစိ ငရဲ၌ **ဖြစ်လေ၏**။

---

## နန္ဒ-နွားသတ်သမား

### လျှာပြတ်ကျပြီး နွားလိုအော်၍ သေ၍

[ ပဏ္ဍ-၃၊ ဠ-၅ ]

ငါတို့ ဘုရားသျှင် လက်ထက်တော်တွင် နန္ဒ မည်သော နွား **သတ်သမား**သည် နှစ်ပေါင်း ၅၀-တိုင်တိုင် နွားကို သတ်၍ **အသက်မွေး**လေသည်၊ တနေ့သ၌ ထမင်းပွဲတွင် အသားဟင်း မပါသောကြောင့် အရှင်လတ်လတ် နွားကောင်မှ လျှာကို ဖြတ် ပေး၍ မယားကို ချက်စေပြီး ထမင်းစားရာ ထမင်းခွက်ထဲသို့ **သူ၏ လျှာ** ပြတ်ကျလေတော့သည်၊ ထိုဒဏ်ချက်ဖြင့် ပင် နွား **အော်သလို** အော်မြည်ကာ သေဆုံးပြီး ငရဲ၌ ကျရောက်ခံရလေ **တော့သည်**။

**အမှာ။** ။အင်္ဂုလိမာလမထေရ်နှင့် တကွ ဤ၂-ဝတ္ထုကား အ **တိတ်ကံ**အကြောင်းနှင့် မသက်ဆိုင်၊ ယခုဘဝပြုခဲ့သော မကောင်းမှုကံနှင့် သာ သက်ဆိုင်လေသည်။

## ဒဏ် ၁၀-ပါး

## မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့ကို ပြစ်မှားမိလျှင် တွေ့ကြုံရတတ်သော အပြစ် (၁၀) မျိုးဟူလို

[ ဓမ္မပဒ-ဋ္ဌ-ဒု-အုပ်-၄၄၊ ၄၅ ]

(၁) ယော ဒဏ္ဍေန အဒဏ္ဍေသု၊
အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊
ခိပ္ပမေဝ နိဂစ္ဆတိ။ ။

(၂) ဝေဒနံ ဖရုသံ ဇာနိံ၊
သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊
စိတ္တက္ခေပံ ဝ ပါပုဏေ။ ။

(၃) ရာဇတော ဝါ ဥပသဂ္ဂံ၊
အဗ္ဘက္ခာနံ ဝ ဒါရုဏံ၊
ပရိက္ခယံ ဝ ဉာတီနံ၊
ဘောဂါနံ ဝ ပဘင်္ဂုရံ။ ။

(၄) အထဝါဿ အဂါရာနိ၊
အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊
နိရယံ သောပပဇ္ဇတိ။ ။

## အနက်

ဒုပ္ပညော၊ ပညာမဲ့သော။ ဝါ၊ အမှား အမှန်ကို မသိတတ်သော။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ အဒဏ္ဍေသု၊ အပြစ်ကင်းကုန်သော ဘုရား တရား သံဃာ သီလရှိသော ပုဂ္ဂိုလ် မိဘ ဆရာသမား စသော ကျေးဇူးရှင် ပုဂ္ဂိုလ်တို့၌၎င်း။ အပ္ပဒုဋ္ဌေသု၊ မိမိ သူတပါး နှစ်ဦးသား အပေါ်၌ အပြစ်မရှိကုန်သော အခြားသော ပုဂ္ဂိုလ်တို့၌၎င်း။ ဒဏ္ဍေန၊ လက်, ခြေ, ခဲ, ဒုတ် စသော လက်နက်ဖြင့်။ ဒုဿတိ၊ ပြစ်မှားမိ၏။ သော၊ ထိုပညာမရှိသော ပြစ်မှားမိသော ပုဂ္ဂိုလ်သည်။ ဒသန္နံ၊ ဆိုလတံ့သော ၁၀-ပါးသော အပြစ်တို့တွင်။ အညတရံ၊ တပါးသော။ ဌာနံ၊ အပြစ်သို့။ ခိပ္ပမေဝ၊ လျင်မြန်စွာ သာလျှင်။ နိဂစ္ဆတိ၊ ရောက်ရတတ်၏။

(၁) ဖရုသံ၊ ကြမ်းတမ်းသော။ ဝေဒနံ ဝါ၊ ဦးခေါင်းကိုက်ခြင်း, နားကိုက် ခြင်း, စသော ဒုက္ခ ဝေဒနာသို့၎င်း။ (၂) ဇာနိံ ဝါ၊ ပင်ပင် ပန်းပန်း ရှာဖွေထားသော ပစ္စည်း ဥစ္စာတို့ ဆုံးရှုံးပျက်စီးခြင်းသို့၎င်း။ (၃) သရီရဿ၊ လက်, ခြေ, နားခေါင်း စသော ကိုယ်အင်္ဂါ အစိတ်အပိုင်း၏။ ဘေဒနံ ဝါ၊ ပြတ်ခြင်း, ကွဲခြင်း, ချွတ်ယွင်းခြင်း စသော ပျက်စီးခြင်းသို့၎င်း။ (၄) ဂရုကံ ဝါပိ၊ ပြင်းပြင်း ထန်ထန် အခံရခက်သည်လည်း ဖြစ်သော။ အာဗာဓံ၊ ကိုယ်တခြမ်း သေခြင်း, မျက်စိကန်းခြင်း, နားပင်းခြင်း, ဆွံ့အခြင်း, ကောက်ခြင်း, ကွေးခြင်း, နူနာရောဂါ စွဲခြင်း စသော ဒုက္ခဝေဒနာသို့၎င်း။ (၅) စိတ္တက္ခေပံ ဝါ၊ ရူးသွပ်ခြင်းသို့၎င်း။ ပါပုဏေ၊ ရောက်တတ်၏။

( ၆ ) ရာဇတော ဝါ၊ မင်းအစိုးရတို့ကြောင့်လည်း။ ဥပသဂ္ဂါ၊ အခြံအရံ ပျက်စီးခြင်း, ရာထူးမှ လျှောကျခြင်း, အပြစ်ဒဏ်ခံရခြင်း စသည်သို့ရင်း။ ဒါရုဏ၊ ပြင်းပြင်းထန်ထန်။ ( ၇ ) အဗ္ဘက္ခာနံ ဝါ၊ မိမိ အမှန်တကယ် မပြုလုပ်ပါဘဲလျက် ခိုးသူ, ဓားပြ, ပုန်ကန်သူ, မုဒိန်းကောင်, လိမ်ညာတတ်သူ စသည်ဖြင့် အစွပ်စွဲခံရခြင်းသို့ရင်း။ ( ၈ ) ဉာတီနံ၊ မိမိ မိခို အားထားနေရသော ဆွေမျိုး ဉာတိ မိတ်သင်္ဂဟ စသည်တို့၏။ ပရိက္ခယံ ဝါ၊ ပျက်စီးခြင်းသို့ရင်း။ (၉) ဘောဂါနံ၊ ဆန် ရေ စပါး ကျွဲ နွားစသော စည်းစိမ် ဥစ္စာတို့၏။ ပဘင်္ဂုရံ ဝါ၊ ပျက်စီးခြင်း, ဆုံးပါးခြင်း, ချွတ်ယွင်းခြင်းသို့ရင်း။ ပါပုဏော၊ ရောက်တတ်၏။

(၁၀) အထ၊ ထိုမှတပါး။ အဿ၊ ထိုမပြစ်မှားထိုက်သည်ကို ပြစ်မှားမိသော ပုဂ္ဂိုလ်၏။ အဂါရာနိ၊ အိမ် စသော အဆောက်အဦ တို့ကို။ အဂ္ဂိ၊ မိုးကြိုး လောင်မီး စသော မီးသည်။ ဍဟတိ၊ လောင်ကျွမ်း ပျက်စီးစေတတ်၏။ ပါဝကော၊ လူတို့ သုံးစွဲနေသော ပကတိ မီးသည်လည်း။ ဍဟတိ၊ လောင်ကျွမ်း ပျက်စီးစေတတ်၏။ ကာယဿ၊ ယခု လက်ရှိ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှ (ဝါ) သေလွန်သည်မှ။ (ပရံ၊ နောက်၌) နိရိယံ၊ ချမ်းသာကင်းသော ငရဲဘုံသို့။ သောပပဇ္ဇတိ၊ မချွတ်ကေန် အမှန်ရောက်ရတတ်၏။ ( ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣမာဂါထာ၊ ဤဂါထာ တို့ကို။ အဘာသိ၊ ဟောတော်မူလေပြီ။)

မဃဒေဝလင်္ကာသစ် ၁၉၉။

(က) အပြစ် ကင်းစွာ၊ နိပ္ပရာဓ၊ ဒေါသမဲ့ငြား၊ သူမြတ်
များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊ စိတ်ကငြူ
စူ၊ ပစ်သောမြှူသည်၊ ပစ်သူ့သို့ သာ၊ ကျဖရောက်လာ
သို့၊ မှန်စွာ အပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီး မျို
ရှောင်း၊ မိကျောင်း, သစ်, ကျား၊ ဖမ်းစား ဘီလူး၊
ရေကူး လှေမှောက်၊ စိတ်နောက် သွေးအန်၊ စက်ပျံ
မိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုး ပြင်းစွာ၊ ဝေဒနာ
ကြီးမား၊ လျှော့ပါး စည်းစိမ်၊ နေအိမ် မီးလောင်၊
ကုန်အောင် ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာ စိတ်
ဖောက်၊ ကျရောက် မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲ မျိုး
ဆွေ၊ ရွှေ, ငွေ, ကျွဲ, နွား၊ ယွင်းဖောက်ပြားသား၊
ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီး ရောက်၍၊ နောက်၌
အမြဲ၊ သေဖောက် လဲသော်၊ ငရဲကြီးစွာ၊ လားတို့
ရာ၏။

(ခ) အရိယာစစ်၊ ဖြစ်သားတမူ၊ မြတ်သောသူကို၊ ယုတ်
မာ စကား၊ ဒေါသအားဖြင့်၊ ပြစ်မှား ချွတ်လွဲ၊ စွပ်
စွဲ ဖရယ်၊ ဆဲဆို ခုတ်သား၊ ကြမ်းကြုတ် ဝစန၊ နှုတ်
ဓားမလည်း၊ သူများကိုယ်မှာ၊ အရာမယို၊ မိမိ ကိုယ်
သာ၊ ဖြတ်တတ် စွာ၏၊ အရိယာ ပြစ်မှား၊ ဆိုးဝါး
မိုက်ညစ်၊ ထိုကံပြစ်ကား၊ စင်စစ်ကြီးမား၊ ဟူတုံငြား၏၊
ပြစ်မှား သူ့ထံ၊ ကျိုးနွံ ခယ၊ တောင်းပန်က လည်း၊

ပျောက်ပစမြဲ၊ မလွဲကေန်၊ မတောင်းပန်က၊ ခသလွန်
ထုတ်ချောက်၊ ငရဲရောက်၏၊ မီးလောက်ထင်ငြား၊
သူမြတ်များကို၊ မမှားအပ်စွာ၊ ရှင်းတို့ရာ၏။

(ဂ) အရိယာစစ်၊ မဟုတ်ဖြစ်စေ၊ အပြစ်မဲ့ဘိ၊ တိရစ္ဆာန်၊
အဟိတ်မျှလည်း၊ ဒေါသအမူ၊ ပြစ်မှားပြုက၊ ယခု
ဘဝ၊ ဤဒိဋ္ဌ ပင်၊ ဒုက္ခ ပြစ်ဆိုး၊ မကောင်းကျိုးဖြင့်၊
မိုးကြိုး လောင်မီး၊ ကျပျက်စီးရှင့်၊ အတီးရှေးခေါ်၊
တောဟောမာဝယ်၊ ပညာဇာတိ၊ မွေးကျိုးသိ၍၊
မွေးမိ-မွေးကြ၊ နန္ဒိယ ဟု၊ ရှယ်လှ ဆင်းရောင်၊
မျောက် ညီနောင်ကို၊ နှစ်ကောင်လုံး ပင်၊ ပစ်သတ်
ကျင်၍၊ အိမ်တွင် အသီး၊ လောင်မီးကျငြား၊ သမီး
သားနှင့်၊ မယားရင်း၊ ကိုယ်ပါ ပေါင်း၍၊ အလောင်း
လေးခု၊ တခုတည်း သာ၊ ဖုဟ်ရစွာ၏၊ လူ့ရွာ လူဇာစ်၊
လူ ဟုဖြစ်လည်း၊ အနှစ်မင့်၊ အနံ့ မပါ၊ ပွင့်ရုံသာ
မျှ၊ ပန်းရာ မသွင်း၊ ဂုဏ်မဲ့ကင်းလျက်၊ မသင်းမကြူ၊
ကလူလူဖြင့်၊ ဝါးကျူ ပမာ၊ မဖြစ်ရာဘူး။

(ဃ) မိစ္ဆာဝါဒ၊ ကျင့်ပါပနှင့်၊ ဉာဏကင်းဘိ၊ လူဒိဋ္ဌိတို့၊
ပြုမိ ပြုရာ၊ ပြုတတ်စွာ၏၊ သမ္မာ မချစ်၊ ထိုလူညစ်
ကား၊ လူဖြစ် တုံမြောက်၊ လူ့ ရွာ ရောက် လည်း၊
တခေါက် တဖန်၊ နောက် မပြန်ဘဲ၊ လေးတန်ပါယ်ရွာ၊
အိမ့်ပမာလျှင်၊ နေရာ မလွဲ၊ တည်အမြဲဖြင့်၊ ဆင်းရဲ
ဖက်ထစ်၊ ဒုက္ခနစ်သည်... လူဖြစ်တကြိမ် တခါတည်း။

**အမှာ။** ။မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့ကို ပြစ်မှားမိလျှင် ယခုဘဝ၌ ပင် ဆိုခဲ့ပြီးသော အပြစ်ဒဏ် ( ၁၀ )မျိုးတွင် တမျိုးမျိုးသော်၎င်း နှစ်မျိုး သုံးမျိုး စသည်သော်၎င်း ဖြစ်တတ်ကြောင်း အများ အသိပင် ဖြစ်တော့သည်၊ ဤကား ယခုဘဝ၌ ပြုလုပ်မိသော မကောင်းမှု အကုသိုလ်ကံကြောင့် တွေ့ကြုံရတတ်သော အပြစ်များတည်း။

ရောဂါ ဝေဒနာ တခုခု ကပ်ရောက် နှိပ်စက်ခံရခြင်းမှာ—ရှေးရှေးသော အတိတ်ဘဝများက ပြုခဲ့ဘူးသော မကောင်းမှု (ကံ)ကြောင့် ၎င်း၊ ယခု ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်မိသော မကောင်းမှု (ကံ့)ကြောင့်၎င်း၊ ဤအကြောင်း နှစ်ပါးကြောင့် သာ ကပ်ရောက် နှိပ်စက်ခံရသည် မဟုတ်သေး၊ ကျန်သော စိတ်-ဥတု-အာဟာရ-အကြောင်း သုံးပါးတို့တွင် တပါးပါးကြောင့်၎င်း ဓာတ်လေးပါးတို့ မညီညွတ်ခြင်း စသော အကြောင်းများကြောင့်၎င်း ကပ်ရောက် နှိပ်စက် ခံရတတ်သည်ကိုလည်း သတိပြုကြရပေမည်။

ကမ္မဿကတာဉာဏ် အလင်းပြကျမ်း
ပြီး၏။

# အမှားအမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၇ | ၉ | ကမ္မဒါယာဒေါ | ကမ္မဒါယဒါ |
| ၃၆ | ၅ | အကုသိုကံ | အကုသိုလ်ကံ |
| ၃၆ | ၈ | ဝစီကံဝိမှု | ဝစီကံမှု (ဝိ-ဖျက်) |
| ၄၁ | ၁၉ | ၂-ပါးကိုပြဆိုခြင် | ၂-ပါးကိုပြဆိုခြင်း |
| ၄၄ | ၄ | အင်္ဂုတ္တရနိကာယ | အင်္ဂုတ္တရနိကာယ |
| ၆၃ | ၁၉ | အစေဍက | အစေဠက |
| ၆၉ | ၁၄ | တောတောင်သမားတို့၌ | တောတောင်သမားတို့၌ |
| ၈၀ | ၁၆ | မိန်းတို့ | မိန်းမတို့ |
| ၁၀၄ | ၇ | ဤတို့ | ဤသို့ |
| ၁၀၈ | ၃ | ခိုင်းခြင်းမည်၏ | ခိုးခြင်းမည်၏ |
| ၁၀၉ | ၄ | ။ | ။ |
| ၁၂၀ | ၂ | ကိုယ်ရည် | ကိုယ်ရေ |
| ၁၃၂ | ၁ | စုဆောင်းလျှာ | စုဆောင်းလျှင် |

No 30. မင်္ဂလာ

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃၉ | ၁၄ | မထင်ရှား(စာလုံး) | သတ္တဝါများ |
| ၁၄၁ | ၂၁ | ခဲရည် | ခဲ-ရည် (နံ့သာခဲ-နံ့သာရည် ဟု ဆိုလိုသည်) |
| ၁၄၄ | ၁၃ | ပုညကရိယာ | ပုညကိရိယာ |
| ၁၄၅ | ၁ | ။ | ။ |
| ၁၄၆ | ၁၈ | တံခိုး | တန်ခိုး |
| ၁၄၇ | ၆ | စာလုံးမထင်ရှား | သမ္ဘတ် |
| ၁၅၀ | ၄ | ပုညကရိယာ | ပုညကိရိယာ |
| ၁၅၂ | ၃ | မြဝ်ချောင်း | မြစ်ချောင်း |
| ၁၆၂ | ၁၁ | နတ်မြို့အငဝ်ဝ၌ | နတ်မြို့အဝင်ဝ၌ |
| ၁၇၄ | ၆ | ဖြည့်ဖြည့် | ပြည့်ပြည့် |
| ၁၈၀ | ၁၂ | ရည်တည်ခဲ့သော | ရပ်တည်ခဲ့သော |
| ။ | ၂၁ | ခမွးညင်းပင်မျာ | မွေးညင်းပင်များ |
| ၁၈၂ | ၈ | ပြည့်ပြည့်ဝ | ပြည့်ပြည့်ဝဝ |
| ၁၈၄ | ၉ | နှာခေါင်းတွင် | နှာခေါင်းတွင်း |
| ၁၈၆ | ၇ | ခြသေ့်မင်၏ | ခြသေ့်မင်း၏ |
| ၁၈၉ | ၃ | ဝဇီဒုစရိုက် | ဝစီဒုစရိုက် |
| ။ | ၁၆ | စာလုံးမထင်ရှား | ပိမ့် |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉၅ | ၁၇ | စန်းသော | ဝန်းသော |
| ၁၉၈ | ၁၀ | ကရဝိတ် | ကာရဝိက် |
| ။ | ၁၂ | စာလုံးမထင်ရှား | ပြန့်လှိုင် |
| ၂၀၃ | ၉ | ချမ်းသာ၊ မချွတ် | ချမ်းသာမချွတ် |
| ၂၀၅ | ၁၆ | ပရပေ | ပရမေ |
| ၂၀၇ | ၆ | သမာဒိဋ္ဌိ | သမ္မာဒိဋ္ဌိ |
| ၂၀၉ | ၇ | မပြုလိုရဲ၏၊ | ပြုလိုရဲ၏၊ |
| ၂၁၁ | ၁၉ | စာလုံးမထင်ရှား | သူဟောင်းရှေးက၊ |
| ၂၁၄ | ၂ | အငွ်ကြွားမြက်ပေါက် | အငွှေကြွားမြက်ပေါက်၊ |
| ၂၁၄ | ၃ | မသင်းသောလား၊ | မသွင်းသောလား၊ |
| ၂၁၅ | ၂၃ | အရင်ပြုပြီး | အရင်းပြုပြီး |
| ၂၁၆ | ၃ | သဒ္ဒါပွားလော့၊ | သဒ္ဓါပွားလော့၊ |
| ။ | ၁၂ | ဖိလာအမြဲ၊ | ဖီလာအမြဲ၊ |
| ၂၂၃ | ၁၈ | စာလုံးမထင်ရှား | လှူဒါန်းလေ့ရှိ၏။ |
| ။ | ၁၉ | ။ | ရာဖွေရာတွင် |
| ။ | ၂၀ | ။ | ပိုပိုလျှံလျှံ |
| ။ | ၂၁ | ။ | ဘနေ့တခြားတိုး |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂၇ | ၁၄ | ပုညကိရိယဝတ္ထု | ပုညကိရိယာဝတ္ထု |
| ၂၂၈ | ၁၇ | အပါယ်လေးဘုံတွဝ် | အပါယ်လေးဘုံတွင် |
| ၂၃၃ | ၁၈ | စာလုံးမထင်ရှား | အဋ္ဌကထာ |
| ၂၃၇ | ၁၀ | နာသိခသုတ် | နခသိခသုတ် |
| ။ | ၁၇ | မနုဿတိဂတိ | မနုဿဂတိ |
| ၂၃၉ | ၂ | စာလုံးမထင်ရှား | လဆုတ်ပက္ခ၌ |
| ၂၄၇ | ၈ | သပ္ဖပ္ပလပါ | သပ္ဖပ္ပလာပါ |
| ၂၄၉ | ၇ | သတ္တရဥသျှစ် | သတ္တဥသျှင် |
| ၂၅၄ | ၁ | စာလုံးမထင်ရှား | အမှုလုပ် |
| ၂၆၄ | ၁၈ | ပစ္စေကဗုဒ္ဓေါအား | ပစ္စေကဗုဒ္ဓါအား |
| ၂၆၇ | ၂ | တပ်မတ်ဘွယ် | တပ်မက်ဘွယ် |
| ။ | ၃ | ကောင်းလွှန်ခြင်းကြောင့်ပင် | ကောင်းလွန်းခြင်းကြောင့်ပင် |
| ၂၆၈ | ၈ | အကြံအစည်း | အကြံအစည် |
| ၂၆၉ | ၁၀ | မှိခိုကင်ရပ် | မှီခိုကပ်ရပ် |
| ။ | ၁၄ | ကောင်းကျီးပြန်၍ | ကောင်းကျိုးပြန်၍ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၇၁ | ၇ | သာရေလွှာခြင်း | သားရေလွှာခြင်း |
| " | ၁၉ | အောက်ပါအကိုင်း | အောက်ပါအတိုင်း |
| ၂၇၄ | ၆ | မဟာယောရုဝ | မဟာရောရုဝ |
| " | ၁၁ | အမြဲသုံးနေပါလျက် | အမြဲသီတင်းသုံးနေပါလျက် |
| ၂၀၂ | ၇ | သဒ္ဒါကိုလို၍၊ | သဒ္ဓါကိုလို၍၊ |
| ၂၀၅ | ၁၂ | မေထုံသံဝါသ | မေထုန်သံဝါသ |
| ၂၀၇ | ၇ | ကုသိုတ်ကံ | ကုသိုလ်ကံ |
| ၂၀၈ | ၁၀ | မြွေဟောတ် | မြွေဟောက် |
| " | ၁၃ | ခြမသံ့ယောနိ၊ | ခြသေ့ယောနိ၊ |
| ၂၉၁ | ၉ | စာလုံးမထင်ရှား | ပြိတ္တာပြိတ္တိ၊ |
| ၂၉၇ | ၁၂ | သဒ္ဒဇီမထေရ် | ဘဒ္ဒဇီမထေရ် |
| ၂၉၉ | ၁၇ | ဥဏ္ဏာမဂုံလာဒိ | ဥက္ကာမဂုံလာဒိ |
| ၃၀၀ | ၂ | " | " |
| ၃၀၂ | ၁၁ | စာလုံးမထင်ရှား | ဝဋ္ဋဒုက္ခမှ |
| ၃၀၃ | ၁၇ | သင်္ခါရူပပတ္တိသုတ် | သင်္ခါရုပပတ္တိသုတ် |
| ၃၀၈ | ၁၆ | ဝဋ္ဋဆဉ်းရဲမှ | ဝဋ္ဋဆင်းရဲမှ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၁၃ | ၅ | ကျောင်း၌၊ နေထိုင်သည်၊ | ကျောင်း၌ နေထိုင်သည်၊ |
| ၃၁၈ | ၁၄ | ကျော်ဇော | ကျော်စော |
| ၃၂၁ | ၈ | ဗုဒ္ဒဿ | ဗုဒ္ဓဿ |
| ၃၂၇ | ၂၀ | ဂတပစ္ဆာဂတ | ဂတပစ္စာဂတ |
| ၃၂၈ | ၁၂ | ဣရိယာပုထိ | ဣရိယာပုထ် |
| ။ | ၁၃ | ဣရိယာပုတ် | ဣရိယာပုထ် |
| ၃၄၃ | ၈ | ခုပ္ပလဝဏ္ဏာ | ဥပ္ပလဝဏ္ဏာ |
| ။ | ၁၄ | ဘိက္ခုမဝ | ဘိက္ခုဝေ |
| ၃၄၆ | ၁၆ | ရှေဦးစွာ | ရှေးဦးစွာ |
| ၃၄၈ | ၈ | သံဃပဋ္ဌကာနံ | သံဃုပဋ္ဌကာနံ |
| ၃၅၁ | ၂၀ | ရတနာသုံးပါ၌ | ရတနာသုံးပါး၌ |
| ၃၆၄ | ၁၁ | ကုသိုလ်ကြေမင့် | ကုသိုလ်ကြောင့် |
| ၃၆၆ | ၁၂ | ပြန်လုပ်၍ | ပြုလုပ်၍ |
| ၃၇၉ | ၄။၅ | စာလုံးမထင်ရှား | ဆွမ်း |
| ၃၉၂ | ၁၅ | အမြိုးနှံ့ပြီး | အမြီးနှံ့ပြီး |
| ၃၉၅ | ၁၆ | မောင်မငါးရာ | မောင်းမငါးရာ |
| ၃၉၉ | ၁၄ | ကောဘုလဟိက | ကောတုဟလိက |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၀၂ | ၁၂ | အိမ်ယောင်ကျ၍ | အိမ်ထောင်ကျ၍ |
| ״ | ၁၃ | ကျောင်းအမကြီးလည် | ကျောင်းအမကြီးလည်း |
| ၄၀၃ | ၈ | လသောအခါ | လာသောအခါ |
| ״ | ၁၇ | ဟောင်သံပေ၍ | ဟောင်သံပေး၍ |
| ၄၁၀ | ၁၆ | ( ဥပသကာ ) | ( ဥပါသကာ ) |
| ၄၁၄ | ၁၁ | ရောင်းချပေ၍ | ရောင်းချပေး၍ |
| ၄၁၈ | ၁၉ | ရေ၌ မြောစေ၏။ | ရေ၌မြောစေ၏။ |
| ၄၂၃ | ၁၀ | ကြသွားပြန်လေသည်။ | ကြွသွားပြန်လေသည်။ |
| ၄၃၀ | ၁၄ | ဤရာဇဂြိုဟ်၌ | ဤရာဇဂြိုဟ်ပြည်၌ |
| ״ | ၁၇ | ဘိက္ခုနီထံတွင် | ဘိက္ခုနီတို့ထံတွင် |
| ၄၃၁ | ၁၆ | အလောင်သည်လည်း | အလောင်းသည်လည်း |
| ၄၃၂ | ၆ | စာလုံးမထင်ရှား | ဆွမ်းလုပ်ကျွေးသော |
| ၄၄၁ | ၈ | ဇောကျော်မှုကို | ကျော်စောမှုကို |
| ၄၄၃ | ၁၀ | သို့စိတ်ထဲတွင် | ဤသို့စိတ်ထဲတွင် |
| ၄၄၆ | ၈ | စာလုံးမထင်ရှား | အလွယ်တကူနှင့်ပင် |
| ״ | ၁၂ | ״ | အကြောင်း။ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၄၆ | ၁၆ | သာရိပုတ္တာရာမြတ် | သာရိပုတ္တရာမထေရ်မြတ် |
| ၄၄၇ | ၁၄ | မထေရ်ဦ | ဦ-ဖျက်။ |
| ၄၄၈ | ၉ | အစွပ်စွဲခံကြရလေသည်။ | စွပ်စွဲကြလေသည်။ |
| ၄၄၉ | ၁၁ | ဖရုဿဝါစာ | ဖရုသဝါစာ |
| ၄၅၀ | ၁ | ၎င်းအဗ္ဗပါလိ | ၎င်းအမ္ဗပါလိ |
| ၄၅၂ | ၁ | စသည်တို့ | တို့-ဖျက် |
| ၄၅၃ | ၁၈ | ယုက်ညံ့သူသာတည်း" | ယုတ်ညံ့သူသာတည်း" |
| ၄၅၆ | ၄ | ရေနွေး ပူလောင်ပြန်၍ | ရေနွေးပူ လောင်းပြန်၍ |
| ၄၅၈ | ၉ | တပါးသော | တပါးပါးသော |
| ၄၅၉ | ၁၁ | ကြမ်းတမ်းသော | ကြမ်းထမ်းသော |
| ၄၆၁ | ၁၃ | သေဖောက်လဲသော် | သေဖောက်လွဲသော် |
| " | ၂၁ | စာလုံးမထင်ရှား | ပြစ်မှားသူ့ထံ၊ |

# အလှူရှင်များစာရင်း

ပိဋကလမ်းညွှန်ကျမ်း (ပ-ဒု) ကို အလှူခံတော်မူကြသော ပုဂ္ဂိုလ်များက ဤ "**ကမ္မဿကတာဉာဏ်အလင်းပြကျမ်းငယ်**" ပုံနှိပ် ထုတ်ဝေ လှူဒါန်းနိုင်ရန် ဝိုင်းဝန်း ကူညီ လှူဒါန်းကြသည်မှာ အောက်ပါ စာရင်း အတိုင်း ဖြစ်ပေသည်။

| ဦးရေ | နေရပ် နှင့် အမည် | အလှူငွေ |
|---|---|---|
| | **မန္တလေးမြို့မှ အလှူရှင်များ** | |
| ၁ | တောင်ပြင် ထီးလင်းတိုက် သဲကုန်းကျောင်း ဦးဇောတိက, ဦးဝါယမ | ၃၀ |
| ၂ | " " စေတီကျောင်း ဦးကုန္ဒ၊ တဆင့် ဦးကောဝိဒ | ၂၅ |
| ၃ | " " ပဉ္စရူပကျောင်း ဦးသာမိန | ၁၁ |
| ၄ | အနောက်ပြင် " " ဦးနန္ဒိယ | ၃၀ |
| ၅ | တောင်ပြင် ဓမ္မိကာရာမတိုက် မှန်ကျောင်း ဦးဥက္ကဗလ | ၁၅ |
| ၆ | " " ဇေတဝန်ကျောင်း ဦးကောဝိဒ | ၃၀ |
| ၇ | " " " ဦး[illegible] (တိုက်အုပ်) | ၃၀ |

| | | | |
|---|---|---|---|
| ၈ | တောင်ပြင် | သာသနပါလကျောင်း ဦးဂန္ဓမာ | ၃၀ |
| ၉ | ။ | နန္ဒိသေနူးရာမတိုက် ပဌမအုပ်ကျောင်း ဦးဥာဏိန္ဒ | ၁၅ |
| ၁၀ | ။ | ။ စာချဆရာတော် ဦးတိလောက | ၃၀ |
| ၁၁ | ။ | ဘုရားကြီးတိုက် အမရပူရကျောင်း ဦးဇဝန | ၁၅ |
| ၁၂ | ။ | ။ ဟံသာဝတီကျောင်း ဦးဇဝန | ၃၀ |
| ၁၃ | ။ | ဇီးပင်နီတိုက် မိုးကုတ်ကျောင်း ဦးနာဂဝံသ ( စာချ ) | ၅၀ |
| ၁၄ | ။ | ဗောဓိကုန်း ဗောဓိပင်ကျောင်း ဦးပဏ္ဍိတ | ၁၅ |
| ၁၅ | ။ | ။ ။ ဦးပဏ္ဍိတ ( ဦးဘတင်) | ၁၅ |
| ၁၆ | တောင်ပြင် | မြဲဝန်တိုက် အလည်တိုက် ဟင်္သာတဆောင် ဦးပညာသာမိ | ၃၀ |
| ၁၇ | ။ | ရွှေဈေးဆောင်တိုက် သူဌေးကျောင်း ဦးစိန္တိတ | ၃၀ |
| ၁၈ | ။ | ပေါက်မြိုင်တိုက် ဦးအဂ္ဂဝံသ | ၃၀ |
| ၁၉ | ။ | ချမ်းမြသာစည် အလယ်ပိုင်း တောင်ရွာသစ် မသောင်း | ၂၄ |
| ၂၀ | ။ | ဇီးပန်းတိုက် သိပ္ပံကျောင်း (အမည်မပါ) | ၁၅ |

၂၁ အရှေ့ပြင် နန်းဦးတိုက် မော်လမြိုင်ကျောင်း
ဘုန်းတော်ကြီး ၁၅

၂၂ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သင်
ဆိုင်းတန်းကျောင်း ဦးပညာသိရီ ၁၅

၂၃ ။ ။ သံတော်ဆင့်ကျောင်း
ဦးတိလောက ၁၅

၂၄ ။ မိုးကောင်းတိုက် ဓမ္မိကကျောင်း
ဦးဥက္ကာနန္ဒ ၆၀

၂၅ ။ ။ သုံးတပ်ကျောင်း ဦးစန္ဒဇောတိ ၂၀

၂၆ ။ ။ ရေနံချောင်းကျောင်း
ဦးဓမ္မိက ၁၅

၂၇ ။ ခင်မကန်တိုက် ဝေဠုဝန်ကျောင်း
ဥစိန္တိတ တဆင့် ဦးဇဝန ၁၅

၂၈ ။ မစိုးရိမ်တိုက် ( ပင်းယမြို့နယ် မြေတော်ရွာ )
ဦးစိန္တိတ ၂၀

၂၉ ။ စိန်ပန်း ဝိသုဒ္ဓါရုံ မယ်ဇယ်ကျောင်းတိုက်
ဦးဝိဝေက ၂၅

၃၀ ။ မြတောင်တိုက် ရွှေဝါဝင်းကျောင်း
ဦးအာစိဏ္ဏ ၃၀

၃၁ ။ ငွေတောင်တိုက် ရွှေဇီးကွက်ကျောင်း
ဦးဣန္ဒောဘာသ ( ပခုက္ကူ ) ၃၀

၃၂ အနောက်ပြင် ဝေယံဘုံသာတိုက် သိမ်ကျောင်း
ဦးဝရဏ ၃၀

၃၃ မန္တလေး စက်မှုလယ်ယာစခန်း ( စာရေး )
ကိုမြထွန်း ၃၀

၃၄ မန္တလေးမြို့ ဗိုလ်ဗထူးလမ်း စာအုပ် နှင့် ပရိက္ခရာ ဆိုင်ရှင် ကိုဘသိန်း ဆောင်ရွက်ပေး၍
ရငွေပေါင်း ( ပဌမအကြိမ် ) ၄၇၆

၃၅ တောင်ပြင် အောင်မြေရွှေဘုံတိုက် သာသနဗိမာန်
ကျောင်း ကိုလှထွေး ဆောင်ရွက်ပေး၍ ရငွေ ၆၀

၃၆ မန်းတက္ကသိုလ် ပါဠိစာပေဌာန ဦးမြင့်ဆွေ
( M.A. ) ၁၀၀

၃၇ အမရပူရမြို့ ကျော်အောင်စံထားတိုက် ပြဿာဒ်
ကျောင်း ( အရှေ့ပန်းထိန် ) ဦးဝါယမ ၂၅

၃၈ အနောက်ပြင် တောင်ခွင်တိုက် ပတ္တမြားကျောင်း
ဦးဥက္ကံသ ( ပျော်ဘွယ် ) ၁၀

၃၉ ။ ပုဂံအတွင်းဝန်တိုက် အလယ်ကျောင်းကြီး
ဦးဇဋိလ ( ညောင်အိုင် ) ၂၅

၄၀ ။ ။ ။ ဦးဣန္ဒ ( ဗန်းမော် ) ၁၅

## ရမည်းသင်းခရိုင်မှ အလှူရှင်များ

### ရမည်းသင်းမြို့နယ် ထိးလှိုင်ရွာမှ အလှူရှင်များ


၄၁ ညီ - မောင်ဝင်း - ဇနီး မခင်ကြည် ၁၀
၄၂ ဦးပုလေးနှင့် သမီး မဆယ်မိ ၁၀
၄၃ မောင်ပေါစံ - မလှဝိုင်း ၁၀
၄၄ ကိုသန်းမောင် - မအေးခင် ၃၀
၄၅ ဒေါ်မွန်း ၃၀
၄၆ ဦးဘိုးကံ - ဒေါ်ငွေတင် ၅
၄၇ မောင်ကျော်ဆန်း - မခင်မြင့် ၃
၄၈ ဦးဘိုးရင် - ဒေါ်စောမြိုင် ၃
၄၉ ကိုကြီး - မပြုံးချို ၃
၅၀ ကိုကျော်မြ - မအေးမြိုင် ၃
၅၁ စည်းကုန်ရွာ မောင်သိန်းမောင် - မကြွယ်အေး ၁၀
၅၂ ထီးလှိုင်ကျောင်း( ဦးဘိုးနု ခေါ် ) ဦးတေဇိန္ဒ ၁၀
၅၃ ရမည်းသင်းမြို့ ဈေးတောင်ဘက် ကိုပေါ်လှိုင်-
မမြရွှေ ၂၀
၅၄ " ဈေးအနောက်ဘက် ဦးမြဦး
ဒေါ်ဖွားတင် ၁၅
၅၅ တပ်ကုန်းမြို့နယ် ရွှေးစုရွာ ပန်းထိမ်ဆရာ
မောင်ကျော် ၁၀

၅၆ ။ ဖောင်တော်ဦးကျောင်းဆရာတော်
ဦးအရိယဝံသ ၁၀
၅၇ လောမြို့နယ် ရိုးပင်ကျောင်း ဆရာတော် ဦးဥက္ကာ ၁၀
၅၈ သာသနာ့တွဲစာတိုက် သရက်ကုန်း အရှေ့ကျောင်း
ဆရာတော် ဦးသုတ ၁၃
၅၉ ပျော်ဘွယ်မြို့ ရေလည်ပါဠိတက္ကသိုလ်ကျောင်း
တိုက် ဦးကောဝိဒ ၂၀

မှတ်ချက်။ ။နံပါတ် ၃၈-မှ စ၍ ၅၇ အထိ ပုဂ္ဂိုလ်မှာ ပိဋကလမ်းညွှန်ကျမ်းကို အလှူမခံကြဘဲ သက်သက် လှူဒါန်းကြခြင်း ဖြစ်သည်။

—

## မြောက်ပိုင်းရှမ်းပြည်မှ အလှူရှင်များ

### နောင်ချိုမြို့နယ် ဇန်ပွေးဒိုင်အတွင်း အနောက် ရေဦးရွာမှ လှူဒါန်းကြသူများ

၆၀ မောင်တင်ဝင်း မခင်သောင်း သားသမီးတစု ၁၀၀
၆၁ ဦးမောင်ကြီး-ဒေါ်ငွေသန်း သား ကိုချစ်မောင်
သမီး မခင်သန်း ၅၀
၆၂ ဦးသာဘ-ဒေါ်လှဦး-သားသမီးတစု ၂၀
၆၃ ဦးဘဘွယ်-ဒေါ်နွယ်- သား မောင်ထွန်းတင်
သမီး-မကွန့် ၁၅

| | | |
|---|---|---|
| ၆၄ | ကိုဘထွန်း-မလှသိန်း သမီးမချော-မကြည် မနု-မဌေး | ၁၅ |
| ၆၅ | မောင်သန်းအောင်-မကြင်ကြင် | ၁၁ |
| ၆၆ | ကိုဘဌေး-မသိန်း သားသမီးတစု | ၁၀ |
| ၆၇ | ကိုဘစိန် နှင့် သားသမီးများ | ၁၁ |
| ၆၈ | ကိုလှအောင်-မစောညွန့် သားသမီးတစု | ၁၁ |
| ၆၉ | မောင်စိုးတေ-မထွေးကြည် | ၁၇ |
| ၇၀ | ဦးခန်းလိပ်-ဒေါ်သန်းတင် သားသမီးတစု | ၁၁ |
| ၇၁ | မောင်ဘိုးညို-မသင်း | ၁၀ |
| ၇၂ | မောင်သန်းရွှေ-မသိန်းကြွယ် | ၁၀ |
| ၇၃ | ဒေါ်သီ သား-ကိုသန်းမောင် သမီး မလှမြိုင် | ၁၀ |
| ၇၄ | မောင်တင်လှိုင်-မထွေးရီ | ၁၁ |
| ၇၅ | မောင်ထွန်းကြည် - မတင်အေး | ၁၁ |
| ၇၆ | ကိုချစ်တင် - မသန်းခင် သားသမီးတစု | ၁၀ |
| ၇၇ | ကိုချစ်ဖေ - မငြိမ်း သမီး - မခင်စန်း | ၁၁ |
| ၇၈ | ကိုသန်းမောင် - မညွန့်ရီ | ၁၁ |
| ၇၉ | ကိုလှရှိန် - မအေးရင် | ၁၁ |
| ၈၀ | မောင်ဘိုးရှမ်း - မတင်အေး | ၁၁ |
| ၈၁ | ဦးကြီးမောင် နှင့် ကိုဘငြိမ်း - မသွန်းကြည် | ၁၁ |

၇၂ ကိုအုန်းဖေ-မတင်ရွှေ သား မောင်သာအေး ၅
၇၃ အနောက်ကြာအင်းရွာ ဦးငွေ-ဒေါ်စောတင် ၁၀

---

## မော်မြိုနယ်မှ အလှူရှင်များ

၇၄ မော်မြို ရန်မျိုးအောင်ကျောင်း ဦးဉဂ္ဂိသ
(တားဝယ်) ၁၅
၇၅ ။ ။ ကိုရင်ကြီး ရှင်ဝိဇယ
(ပိန္နဲကုန်းရွာ) ၅
၇၆ ။ ရေချမ်းအိုးရွာ သီလရှင် ဒေါ်ဥတ္တမ ၂၀
၇၇ ။ မစိုးရိမ်ကျောင်းတိုက် သီလရှင် မသုမာလာ
မဝဏ္ဏစာရီ ၄
၇၈ မော်မြိုနယ် အမည်မဖော်ကြသော အလှူရှင်
သုံးဦး ၁ဝိ-စီ ၃၀

---

## ရန်ကုန်မြို့မှ အလှူရှင်များ

၇၉ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံတိုက်သင်
ဆရာတော် ဦးဝါသဝါဘိဝံသ ၅၀
၈၀ ။ ။ ။ စာချ-ဦးစန္ဒာသိရီ ၅
၈၁ ရေကျော်ရပ် မစိုးရိမ်ကျောင်းတိုက် ဦးသံဝရ ၂၀

၉၂ ကြည့်မြင်တိုင်-ဦးဗိုလ်ကြီး ၁၅
၉၃ ကမာရွတ်စာတိုက်၊ ၃၂-ဒီ ပြည်လမ်း၊ ရှေးဟောင်းသုတေသနဌာန ဦးဗိုလ်ကေ ၂၀
၉၄ ၃၉-၄၁ မပိုလမ်း၊ ဦးခင်မောင်ဝင်း-ဒေါ်ကြည်ကြည် သားသမီးတစု ၁၀၀
၉၅ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ပခုက္ကူတန်ဆောင်း ဦးနာဂဝံသ ၅
၉၆ ၉၈-လမ်း၊ မင်္ဂလာပုံနှိပ်တိုက် နှင့် မြန်မာပြည်စာအုပ်တိုက်ရှင် ဦးကြီးခင် နှင့် ညီဖြစ်သူ ဦးမြင့်ဆွေ-ဒေါ်ဒေါ်ညွန့်၊ သား မောင်စိုးတင့်, မောင်သိန်းထိုက်ဆွေ, မောင်မျိုးညွန့်ဆွေ, မောင်အောင်ဝင်းဆွေ, မောင်မျိုးသန်းဆွေ, မောင်ကျော်ဝင်းဆွေ ၅၀
၉၇ ကျောက်မြောင်း အင်းဝလမ်း အမှတ် - ၇၃၊ ကိုညို-မမြရီ၊ သား-မောင်မြင့်သန်း, မောင်ဝင်းမောင်, မောင်မြင့်သိန်း, သမီး - အေးအေးမူ, နွယ်နွယ်ဝင်း, ရီရီမြင့် ၅
၉၈ ပုဇွန်တောင်၊ အိုးဘိုရပ်၊ မောင်းတန်းလမ်း အမှတ် ၄၊ ကိုအောင်ကြည်-မသန်းမြင့် သားသမီး တစု ၅
၉၉ ဗဟိုစည်ရပ်ကွက် ဈေးလမ်း၊ အမှတ် ၁၁ ကိုမျိုးလွင် ၅

---

## ရမည်းသင်းမြို့နယ် ထီးလှိုင်ရွာမှ အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးကျောက်ဖား၊ ဒေါ်ပုတို | ၃၀ |
| ၂ | ဦးမွေး၊ သား မောင်တင်အောင်၊ မောင်ခင်မောင်၊ သမီး-မခင်ရွှေ | ၁၂ |
| ၃ | ဦးမြ၊ ဒေါ်စောတင် သားသမီးတစု | ၁၀ |
| ၄ | ဒေါ်ငယ်၊ သား မောင်ကျော်မြင့်၊ မောင်သိန်းဝင်း | ၁၀ |
| ၅ | မောင်ချစ်မှန်၊ မတင်နု သားသမီးတစု | ၂၀ |
| ၆ | ကိုသိန်း၊ မဖွားရီ သားသမီးတစု | ၁၀ |
| ၇ | ဦးထွား၊ ဒေါ်လှ သားသမီးတစု | ၁၀ |
| ၈ | ဒေါ်ထား၊ သား မောင်သိန်းမောင် သမီး-မသန်းမြင့် | ၁၀ |
| ၉ | မောင်မြသိန်း၊ မခင်နု သားသမီးတစု | ၁၀ |
| ၁၀ | ဦးကယ်၊ ဒေါ်အေးပို | ၁၀ |
| ၁၁ | ဦးဘိုးဒေါင်း၊ ဒေါ်လှညွန့် | ၁၀ |
| ၁၂ | မောင်ထွန်းငြိမ်း၊ မခင်သန်း သားသမီးတစု | ၁၀ |
| ၁၃ | ကိုအောင်ကြိုင်၊ မဖွား | ၁၀ |
| ၁၄ | မောင်တင်လှိုင်၊ မခင်သန်း ။ | ၉ |
| ၁၅ | မောင်ချစ်လှိုင်၊ မအေးတင် ။ | ၆ |
| ၁၆ | ဦးဘိုးညွန့် နှင့် သားသမီးများ | ၆ |
| ၁၇ | ဦးအောင်ဘော်၊ ဒေါ်မိ၊ သား မောင်ပိန်၊ မောင်သိန်းမြင့် | ၆ |
| ၁၈ | ဒေါ်ရွှေသန်း၊ သား မောင်ပွား၊ သမီး-မကြိုင်၊ | ၆ |
| ၁၉ | မောင်ထွန်းအောင်၊ မကုလားမ သားသမီးတစု | ၆ |

၂၀ မောင်တင်မောင်၊ မမြထွေး သားသမီးတစု ၆
၂၁ မောင်ထွန်းသိန်း၊ မလှပြုံး ။ ၆
၂၂ မောင်သန်းမောင်၊ မကြည် ။ ၆
၂၃ ကျောင်းဒကာကြီး ဦးညို၊ ကျောင်းအမကြီး
ဒေါ်ချစ်ထယ် ၅
၂၄ ဒေါ်စိန်ဥ၊ သား မောင်အောင်ရွှေ ၅
၂၅ ကိုအောင်ငြိမ်း၊ မပု သားသမီးတစု ၅
၂၆ မောင်ချစ်မောင်၊ မတင်ရွှေ ။ ၅
၂၇ မောင်တုတ်ချော၊ မတော် ။ ၅
၂၈ ဦးဘိုးကင်း၊ ဒေါ်ရေပေါ် ။ ၅
၂၉ ကိုသာပို၊ မသေးသေး ။ ၅
၃၀ မောင်အေးမောင်၊ မအုန်းကြိုင် ။ ၅
၃၁ မောင်ထေး၊ မစောကြည် ။ ၅
၃၂ ဦးထွန်းလင်း၊ ဒေါ်သန်းရှင် ။ ၅
၃၃ ကျောင်းအမ ဘုန်းကြီးမေ-ဒေါ်ရွှေမိ ၃
၃၄ ကိုအေး၊ မစောရင် သား မောင်တင် ၃
၃၅ မောင်လှကြိုင် ၃
၃၆ မောင်ဘိုးရီ၊ မစောလှိုင် သားသမီးတစု ၃
၃၇ ဦးဘိုးလှ၊ ဒေါ်သေးတာ သမီး -မသန်းညွန့် ၃
၃၈ သရက်ညီနောင်ကျောင်း ကိုရင်ညွန့်ဆောင် ၃
၃၉ ဦးစံဘ၊ ဒေါ်ဝဲ သမီး -မခင်သန်း ၃
၄၀ မောင်ခင်မောင်၊ မမြတင် သားသမီးတစု ၃
၄၁ ကိုချစ်စိန်၊ မတင်ကြည် ။ ၃

| | | |
|---|---|---|
| ၄၂ | ဦးဘိုးသစ်၊ ဒေါ်အေးကြွယ် သမီး-မဝိုင်းပု | ၃၀ |
| ၄၃ | မအေးကြင် သမီး-မခွေးမ | ၃ |
| ၄၄ | ဦးဘိုးရုံ၊ ဒေါ်မိ | ၃ |
| ၄၅ | ဦးဆော့၊ ဒေါ်ရွှေနု သားသမီးတစု | ၃ |
| ၄၆ | မောင်သိန်းမောင်၊ မကြင်မေ ။ | ၃ |
| ၄၇ | မောင်ထွန်း၊ မခင်ရီ ။ | ၃ |
| ၄၈ | မောင်သန်းမောင်၊ မခွေးမ ။ | ၃ |
| ၄၉ | ဘုန်းကြီးမေ ဒေါ်ပျို | ၃ |
| ၅၀ | မပု သား အောင်ရွှေ၊ ညွန့်မင်၊ ညွန့်တင်၊ ညွန့်လွင် | ၂ |
| ၅၁ | မောင်သိန်းအောင်၊ မလှပို သားသမီးတစု | ၂-၅၀ |
| ၅၂ | ကိုစိုးဖေ၊ မခွေး ။ | ၂ |
| ၅၃ | မောင်ဟန်ကြီး၊ မမြရွှေ ။ | ၁ |
| ၅၄ | ကိုသံတိုင်၊ မမုန်းတင် ။ | ၁ |
| ၅၅ | ဘုန်းကြီးမေ ဒေါ်ရွှေဆင် | ၁-၅၀ |
| ၅၆ | ဒေါ်ပွဲ၊ သမီး-မယဉ်သန်း | ၃ |

---

## ထပ်၍ လှူဒါန်းကြသူများ

| | |
|---|---|
| သရက်ညီနောင်ကျောင်းဘုန်းကြီး ဦးမုလေး (ဦးပဏ္ဍိစ္စ) | ၁၀ |
| မောင်ဝင်း၊ မခင်ကြည် သားသမီးတစု | ၁၀ |
| ကိုကြီး၊ မပြုံးချို | ၇ |

မောင်ကျော်ဆန်း၊ မခင်မြင့် သားသမီးတစု ၃၀
ဦးဘိုးရင်၊ ဒေါ်စောမြိုင် ၂
၁ ညောင်အိုင်ရွာ ဦးသိန်း၊ ဒေါ်ဖွားရင် မိသားစု ၆
၂ 〃 ဒေါ်သန်းတင် ၃
၃ မှန်စီရွာ ကိုလှတင်၊ မလှပို မိသားစု ၅

---

## မလှိုင်မြို့နယ် အရှေ့လက် အုန္နဲစုရွာမှ အလှူရှင်များ

၁ ရှင်းကျောင်းဆရာတော် ဦးဥတ္တမ ၃၀
၂ 〃 ဦးဝိမလ (ကန်ရွာ) ၁၀
၃ 〃 ဦးပညာသိရိ (နတ်စင်) ၆
၄ 〃 ဦးမာဃ ၆
၅ ဦးစံထွား၊ ဒေါ်ပု သားသမီးတစု ၃
၆ ဦးလှမောင် ၃
၇ ဦးစံလှ၊ ဒေါ်မြကြည် သားသမီးတစု ၃
၈ ဦးချစ်တင်၊ ဒေါ်အေးရှင် 〃 ၃
၉ ဦးဘဟန်၊ ဒေါ်ထွားစိန် 〃 ၃
၁၀ ဦးမောင်လေး (ကောင်စီ) ၃
၁၁ ဦးညီသင်၊ ဒေါ်စိန်တင် 〃 ၃
၁၂ ဦးညီမောင်၊ ဒေါ်အေးမိ 〃 ၃
၁၃ ဦးစောမောင်၊ ဒေါ်ခင်စိန် 〃 ၃

၁၄ ဦးတင်ဖေ၊ ဒေါ်စိန်ပု ။ ၃
၁၅ ဦးထွန်းလှိုင်၊ ဒေါ်ပု ။ ၃

---

## မြို့နယ်စုံမှ အလှူရှင်များ

* ပြည်ခရိုင် ထုံးဖိုစာတိုက် ကိုးဆောင်ကျောင်း
တိုက် ဆရာတော် ဦးဝဏ္ဏ ၁၀
* တောင်သာမြို့နယ် ထန်းတောကျောင်း ဦးဝိစိတ္တ ၂၅
* သက်သက်လှူဒါန်းကြသော ပုဂ္ဂိုလ်များ
ဟင်္သာတမြို့ ပိုးစာတောတိုက် ယွန်းသွယ်ကျောင်း
ဘုန်းကြီး ဦးရေဝတ ၁၅
ဆကာကြီးမြို့ မိတ္ထီလာကျောင်း ဆရာတော်
ဦးအာစိဏ္ဏ ၄၅
ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သမ္မရိုးရွာ
မဟာသုဒဿနာခရုံကျောင်း အသျှင်စက္ကိန္ဒာစရိယ ၁၅
ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်း ဦးနယန ၁၅
အောင်လံမြို့ ရန်ကုန်ကျောင်းသစ်ကျောင်း
ဆရာတော် ဦးသာဂရ ၃၀
မအူပင်ခရိုင် ပန်းတနော်မြို့ တံတားဦးကျောင်း
ဦးဂန္ဓ ၃၀
သုံးခွမြို့ အနောက်ဖက်ကမ်း ခမတ်ကျောင်း
ဦးသောဘိတ ၃၀

မုံရွာခရိုင် မုံရွေးကြေးမုံ ဇေတဝန်ကျောင်း
ဆရာတော် ဦးဥတ္တမဗုဒ္ဓိ ၅၀
မိတ္ထီလာခရိုင် သဲတောမြို့တောင်ကျောင်း
ဦးပဏ္ဍိတ ၂၀
မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ် ရိပ်သာ
ကျောင်း ဦးပညာစက္က ၃၀
တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံအနောက်ဘက်
မေ့သုခကျောင်း ဦးဝါသဝ ၃၁
ဘားအံမြို့ ထုံးအိုက်စာတိုက် ထုံးအိုင်အောက်ရွာ
ကျောင်းသစ်ကျောင်း ဦးဇာဂရ ၂၀
သံတွဲမြို့ မိုးလေဝသဌာန စခမ်းမှူး ဦးတင်ဖေ
တဆင့်-အသျှင်နာယက ၁၅
ထီးလင်းမြို့၊ ကမ္မမြို့၊ ဟသ်ာတမြို့ စသည်များမှ
အမည်မဖော်ကြသော အလှူရှင်များလှူငွေ ၂၅၅
ပြည်ခရိုင် ပေါင်းတလည်မြို့နယ် တဲကုန်းရွာ
ကျောင်း ဦးသုမန ၃၀
စစ်ကိုင်းတောင်ရိုး မောက္ခသိဝံချောင် ဘုန်းကြီးမေ
သီလရှင် ဒေါ်ဓမ္မဝတီ၊ သမီး မသုမာလာ ၅၀

အားလုံးပေါင်းရငွေ ၃၆၆၇

# အသုံး ရှင်းတန်း

ဤသို့ အရပ်ရပ် အနယ်နယ်မှ ထည့်ဝင် လှူဒါန်းကြသော အလှူငွေများထည်းမှ ရန်ကုန်မြို့ ဟံသာဝတီ ပိဋကပုံနှိပ်တိုက်သို့ ပိဋကလမ်းညွှန်ကျမ်း ဒုတိယတွဲ ထွက်ပြီးနောက် လိုနေသေးသော ငွေ-၃၀၀ ( သုံးရာ ) ကျပ်တိတိကို ဓမ္မဒါနအဖွဲ့ အကျိုးဆောင် ၂-ပါးက ထပ်မံပေးအပ်ရသေးသည်။

တဖန် ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်လှူငွေ ၅၀-ကျပ်, ဦးစန္ဒာသိရိလှူငွေ ၅-ကျပ်, ဆကာကြီးမြို့ မိတ္တိလာကျောင်း ဆရာတော် ဦးအာစိဏ္ဏ လှူငွေ ၄၅-ကျပ်- ပေါင်းငွေ ၁၀၀ ( တရာကျပ် ) တိတိမှာ အကျိုးဆောင် ၂-ပါးလက်သို့ မရောက်ဘဲ ဦးစန္ဒာသိရိက ဟံသာဝတီ ပုံနှိပ်တိုက်သို့ ပေးအပ်လိုက်ရပြန်သည်၊ ထို့ကြောင့် ၂-ကြိမ် ပေါင်းပေးရငွေ ၄၀၀ ( လေးရာကျပ် )တိတိ ဖြစ်သည်။

ပိဋကလမ်းညွှန်ကျမ်း ဒုတိယတွဲ ထွက်ပြီးနောက် သယ်ယူခ, အနယ်နယ်သို့ ပို့ဆောင်ပေးရခ, စာအိပ်, တံဆိပ်ခေါင်း, စက္ကူ စသည် ဝယ်ယူခ နှင့် ဤ 'ကမ္မဿကတာဉာဏ် အလင်းပြကျမ်း' အတွက် ကြိုတင်ကုန်ကျရသော ငွေပေါင်း ၄၂၀-ကျပ် ၁၅-ပြား

စုစုပေါင်း ကုန်ကျငွေ— ၈၂၀-ကျပ် ၁၅-ပြား

| | | |
|---|---|---|
| အားလုံးပေါင်း ရငွေ | ၃၆၆၇-ကျပ် | ရင်းကျန်ငွေ ( ၂၈၄၇ ) ကျပ်ဖြင့် ဤ ကမ္မဿကတာဉာဏ်အလင်းပြကျမ်း ကို ပုံနှိပ်ထုတ်ဝေ လှူဒါန်းခြင်း ဖြစ်သည်။ |
| သုံးစွဲပြီး ကုန်ငွေ | ၈၂၀-ကျပ် | |
| ကျန်ငွေ | ၂၈၄၇-ကျပ် | |

| | |
|---|---|
| စာအုပ်ရေ ( ၃၀၀၀ ) ပုံနှိပ်ခ ပေးရငွေ | ၅၄၁၄ |
| ကောင်းမှုရှင်များ အလှူငွေပေါင်း | ၂၈၄၇ |
| နောက်ထပ် လိုနေသေးသော ငွေပေါင်း | ၂၅၆၇ |

# ဗုဒ္ဓဗေဒင်

အို—လူသား....

အသင်၏ လက်ရှိ အခြေအနေ အရပ်ရပ်သည်-အတယ်အကြောင်းများကြောင့် ဤသို့ ဖြစ်နေရသနည်း ဟု သိလိုပါသလား။

နောင် အနာဂတ် ဘဝများ၌လည်း အဘယ်သို့သော အခြေအနေမျိုး၌ ဖြစ်ရလိမ့်မည်နည်း ဟု သိလိုပါသလား။

ဤ ၂ - ချက်ကို သိလိုပါလျှင် '**ဗုဒ္ဓဗေဒင်**' ဟု ခေါ်ဆိုနိုင်သော ဤ '**ကမ္မဿကတာဉာဏ် အလင်းပြကျမ်း**' ကို ကြည့်ရှုပါလေ။

ဦး သီဟဗလ ( ပါဠိပါရဂူ )
'ဝိဋကလမ်းညွှန်' ကျမ်းပြုအသျှင်
ဓမ္မဒါနအဖွဲ့ တာဝန်ခံ အကျိုးဆောင်
ထီးလှိုင်ကျောင်း၊ ရမည်းသင်းမြို့နယ်

ဇ - ကြိမ်မြောက် ဓမ္မဒါန

ကင်းလွတ်ခွင့် အမှတ် ( ၁၆၄၅ )
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှ )
( ၅၃၀၂ - နှင့် ၄၅၆၁ - က )

ပုလောရောင်စုံပုံနှိပ်တိုက်တွင် အဖုံးရိုက်သည်။